www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 178, MAY, 2010



PE THIT TI

# ၂၀၁၀ ရွေးကောက်ပွဲ နှင့်
# မြန်မာ့ နိုင်ငံရေး အသွင်သစ်

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# ပြည်သူ့လူထုကြီး၏ တာဝန်

***"အနုလောလောဆယ် လုပ်ရမည့်အလုပ်ကို မလုပ်လိုသူများသည် အနာဂတ်တွင် စီမံကိန်းကြီးကြီး ထားကြလေ့ရှိသည်"*** ဟု နာမည်ကျော် ဆရာတော်ကြီးတစ်ဦးဖြစ်သူ ဦးဇောတိကက ၎င်း၏စာအုပ်တစ်အုပ်တွင် ရေးသားခဲ့ဖူးပါသည်။ ဆရာတော်ကြီးက ဝိပဿနာတရားအားထုတ်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သော်လည်း ဤသဘောတရားကို ယနေ့မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ရွေးကောက်ပွဲများအပေါ် နိုင်ငံသားအားလုံးက ထားရှိရမည့်သဘောထားနှင့် ပတ်သက်၍ စဉ်းစားစရာများပါနေသည်ကို တွေ့နိုင်ပါသည်။

မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီရေးကိုလိုလားသော နိုင်ငံသားများတတ်နိုင်သည့်နည်းလမ်းဖြင့် ယနေ့ယခု၊ တရားဝင်၊ လက်ငင်း ပါဝင်ဆောင်ရွက်ခွင့်ရှိသော အခွင့်အရေးတစ်ရပ် ဖြစ်ပေသည်။ ရွေးကောက်ပွဲအပြီး အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ မည်သို့မျှ ခန့်မှန်းသိရှိနိုင်ခြင်းမရှိသည့်တိုင် ယနေ့ယခု၊ လက်ငင်း၊ လက်တွေ့လုပ်နိုင်သောအလုပ်ကို ရိုးသားဖြောင့်မတ်စွာ အားသွန်ခွန်စိုက်လုပ်ကိုင်လိုက်ခြင်းသည် နိုင်ငံသားများက ကိုယ့်အပိုင်းကိုယ် တာဝန်ကျေပွန်ကြခြင်းလည်းဖြစ်ပါသည်။ နိုင်ငံသားအသီးသီး တာဝန်ကျေခဲ့ကြလျှင် ရလဒ်များသည် ပြည်ပရောက်မြန်မာအချို့ ယူဆလှုံ့ဆော်နေသကဲ့သို့ ဆိုးရွားလိမ့်မည်မဟုတ်ပါ။

ယနေ့အချိန်တွင် အဓိကကျသောအချက်များမှာ

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၉၈ နေရာအတွက် ယှဉ်ပြိုင်သူများပေါ်ပေါက်ရေး

၂။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များရှိ ကိုယ်စားလှယ်နေရာ ၆၆၀+အတွက် ယှဉ်ပြိုင်သူများ ပေါ်ပေါက်ရေး၊

၃။ ရွေးကောက်ပွဲဆိုင်ရာဥပဒေများအရ ပြဋ္ဌာန်းထားသော မဲပေးသည့်စနစ်များကို စနစ်တကျလေ့လာ၍ မလိုအပ်သောအကြောက်တရားများမဖြစ်ပေါ်စေရေး၊ မှန်ကန်သောဆုံးဖြတ်ချက်များချနိုင်ရေး စသည်များ ဖြစ်ပါသည်။

ပြည်သူလူထုကြီးတာဝန်ကျေခဲ့လျှင် ၂၀၁၁ မြန်မာနိုင်ငံသည် လမ်းကြောင်းအမှန်တစ်ခုပေါ်သို့ အသေအချာရောက်ရှိသွားလိမ့်မည် ဖြစ်ပေသည်။

**အယ်ဒီတာ**

**၆-၄-၂၀၁၀**

www.foreverspace.com.mm

# LIVING COLOR

LIVING COLOR. No.178, MAY. 2010.


1 အယ်ဒီတာ့အာဘော်

5 ယခုလစိတ်ကြိုက်ကုန်ပစ္စည်း

6 ယခုလသတင်းအညွှန်း

6(2) မြန်မာ့စီးပွားရေးသတင်း

6(22) မျက်နှာဖုံးဆောင်းပါး

၂၀၁၀ ရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးအသွင်သစ်

ကျော်ဆန်းမင်း ၊ အောင်စိုး

6(24) စာရေးဆရာ မောင်စူးစမ်းနှင့်တွေ့ဆုံခြင်း

ကျော်ဆန်းမင်း ၊ အောင်စိုး

6(30) Myanmar Egress သင်တန်းကျောင်းမှ Program Director ဒေါက်တာနေဝင်းမောင်နှင့် တွေ့ဆုံခြင်း

ကျော်ဆန်းမင်း ၊ အောင်စိုး

14 အထူးဆောင်းပါး

နာဂစ် ၂ နှစ်လွန်သော်

ကျော်မျိုးထွန်း ၊ ကျော်ဇေယျာထွန်း

26 မြန်မာ့စီးပွားရေးမြင်ကွင်း

တရားဝင်မှု ထီးရိပ်အောက်ရောက်ရှိလာမည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ

နိုင်မင်းဝေ

32 ရွှေလိုအလုပ်

ဆွေငြိမ်းအေး

38 ငွေဆောင် ၁၀ နှစ်ကြာပြီးနောက်

တင်အောင်ကျော်

44 လှည်းတန်းမှာ . . . စုဆုံသည်

အေးကျော့ခိုင်

50 စိန်ခေါ်မှုများနှင့် ရေလုပ်ငန်းဈေးကွက်

မိုးခိုင်

58 သူတို့မျှော်လင့်ချက်

ခွန်းသု

64 ရုပ်ရှင်ရုံများ၏အနာဂတ်

ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း

70 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

77 တွေ့ဆုံဆွေးနွေးမှုများ

78 ရက်စွဲမှတ်တမ်း








www.foreverspace.com.mm

LIVING COLOR. No.178, MAY. 2010.


82 နိုင်ငံရေး

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း

မြတ်နီ

88 မြန်မာ့စီးပွားရေးအမြင်

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမှသည်
ပိုမိုထိရောက်သော ဈေးကွက်ဆီသို့

မှူးခန့်စံ

94 ထင်ရှားကျော်ကြားမြန်မာ့စီးပွား

96 ဈေးဝယ်လမ်းညွှန်

98 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

114 ဘယ်ပစ္စည်းဘာ့ကြောင့်

118 မြန်မာပြည်တွင်လုပ်သည်

120 ကုန်ဈေးနှုန်း

125 တစ်ဦးတည်းကိုယ်စားလှယ်

126 အတွေးအမြင်

လင်းလေပြီလား ဥတ္တရကြယ် ဂျီအောင်ဘန်း

130 အားလုံးကိုသိစေချင်သည်

မောင်မောင်တင်

134 တော်ရုံနဲ့မပြီး၊ ကောင်းရန်လည်းလိုသည်

မြသန်းသန်းနု

138 ဆူဟာတိုပြောသည့်သူ့သမိုင်း (၁၀)

တင်ညွှန့်

146 UNGA ၊ G 20 အရှေ့သွားအနောက်ရောက် (၇)

ရဲမင်းဦး

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၂)

ဦးလှဝင်း (လေသူရဲတစ်ဦး)




www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊
နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ စိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း
ခင်ငွေးကြွယ်၊ အိမွန်ကျော်၊ ကျော်မျိုးထွန်း၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – မင်းမျိုး၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လှဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၃၉၄၀၄၁၀
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နှင်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm




## PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အစိုးရက မတ်လအတွင်း ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သော ဥပဒေ၊ နည်းဥပဒေစာအုပ်များကို ရွေးချယ်လိုက်ပါသည်။ ရွေးကောက်ပွဲကာလအလွန် နီးကပ်နေချိန်တွင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲပေးကြမည့်သူများ လေ့လာသိရှိထားသင့်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေတို့ကို မတ်လ ၈ ရက်နေ့မှစတင်၍ နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး သယ်ယူကိုးကားရလွယ်ကူစေရန် ဈေးနှုန်းချိုသာစွာ စာအုပ်အသွင် ပုံနှိပ်ထုတ်ဝေလိုက်သောကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

# NEWSMAKER OF THE MONTH

## ယခုလ သတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

**နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် တပ်မတော်နှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွဲတာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့စစ် (ဌာနေ) အဖွဲ့အစည်းများအား နိုင်ငံတော်၏ နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းမှုအစီအစဉ်ပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တို့၌ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းအခမ်းအနားများကို မတ် ၃၀ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ဧပြီလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသော [ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တို့၌ နယ်ခြားစောင့်တပ်ဖွင့်လှစ်] သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

‘ယခုလသတင်းအညွှန်း’ ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**




ယခုလသတင်းအညွှန်းအဖြစ် ၂၀၁၀ ဧပြီလဆန်းပိုင်းက အပတ်စဉ်ထုတ်သတင်းဂျာနယ်များတွင် ဖော်ပြပါရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအဖြစ် ထပ်မံမှတ်ပုံမတင်ရန် ဆုံးဖြတ်သည့်သတင်းကို ရွေးချယ်ဖော်ပြလိုက်ပါသည်။

မတ်လ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ NLD ဗဟိုဌာနချုပ်တွင်ပြုလုပ်သော ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်များအရ နိုင်ငံရေးပါတီအဖြစ် ထပ်မံ၍မှတ်ပုံတင်မည်မဟုတ်ဟု ကန့်ကွက်သူမရှိ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm


# မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၇၈ ၂၀၁၀ ပြည့်နှစ်၊ မေလ


## ရန်ကုန်လျှပ်စစ်ပေးဝေရေးလုပ်ငန်း ပုဂ္ဂလိကလွှဲပြောင်းရန်နှင့် မီတာခတိုးမြှင့်ကောက်ခံရန် မရှိသေးဟုဆို

**ရန်ကုန်၊ မတ် ၆**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ဆယ်စုနှစ်ပေါင်းများစွာကြာအောင် အစိုးရက စီမံခန့်ခွဲခဲ့ရာမှ ၂၀၀၉ ခုနှစ်နှောင်းပိုင်းမှစတင်၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များလက်သို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးလျက်ရှိသော်လည်း ရန်ကုန်မြို့တော်၏ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးရန် စီစဉ်ထားခြင်းမရှိသေးကြောင်း အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက မတ်လ ၆ ရက်နေ့တွင် ပြောကြားသည်။



ရန်ကုန်မြို့တော်ကို လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းတွင် ထူးကုမ္ပဏီက ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးခြင်းလုပ်ငန်းကိုပါ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်နေသဖြင့် Living Color က အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနထံ တရားဝင်တွေ့ဆုံမေးမြန်းခဲ့ရာတွင် အဆိုပါ အကြီးတန်းအရာရှိကြီးက အထက်ပါအတိုင်း အတည်ပြုပြောကြားသည်။

"ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ စီမံကိန်းကို ထူးကုမ္ပဏီ ပါဝင်ဆောင်ရွက်တာကို သတင်းစာထဲမှာ တရားဝင်ဖော်ပြပေးလိုက်တာကို ချဲ့ကားပြီးပြောတာပါ" ဟု အဆိုပါပုဂ္ဂိုလ်က ပုဂ္ဂလိကလွှဲပြောင်းရေးနှင့်ပတ်သက်၍ ထွက်ပေါ်နေသောသတင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသတင်းနှင့်ဆက်စပ်၍ လျှပ်စစ်မီတာခနှုန်းများပါ တိုးမြှင့်ကောက်ခံမည့်အခြေအနေ ရှိ၊ မရှိ အတည်ပြုမေးမြန်းရာတွင် မီတာခနှုန်းထားများကို လတ်တလော တိုးမြှင့်ကောက်ခံရန် အရိပ်အယောင်မျှမရှိကြောင်း ၎င်းက ပြောကြားသည်။

www.foreverspace.com.mm



# စစ်တွေ - ရန်ကုန် - အမ်း တောင်ကြားလမ်းရှိ လမ်းနှင့် တံတားများ ပြုပြင်

**စစ်တွေ၊ မတ် ၂၉**

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုးမ အရှေ့ဒေသသို့ အဓိက ထွက်ပေါက်လမ်း တစ်ခုဖြစ်သော အမ်းတောင်ကြားလမ်းနှင့် လမ်းပေါ်ရှိ သစ်သားတံတား၊ ဘေလီ တံတားများကို ကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်နေကြောင်း စစ်တွေ-ရန်ကုန်ကားလမ်းတွင် ပြေးဆွဲနေသည့် ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

"ရိုးမတောင်ကျော်ပြီး မကွေး၊ ပဲခူး ဘက်ကလမ်းတွေတော့ တော်တော်ကောင်း ပါတယ်။ တံတားတွေကိုသာပြုပြင်နေတာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာ တော့ ကားလမ်းကို ကတ္တရာထပ်ပိုးလွှာခင်း တာတွေ၊ သစ်သားတံတားတွေကို ကွန်က ရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်နေ တာတွေ တွေ့ရပါတယ်"ဟု ရိုးမခရီးသည် တစ်ဦးက ဆိုသည်။

စစ်တွေ-ရန်ကုန်ကားလမ်းရှိ အမ်း တောင်ကြားလမ်းမှာ ရခိုင်ပြည်နယ်၏ အဓိက ကုန်းလမ်းသုံးသွယ်အနက် ခရီးသွားများ အများဆုံးသွားလာနေသည့်လမ်းကြောင်း တစ်ခုဖြစ်ပြီး တစ်ရက်လျှင် ခရီးသည် ၄၀၀ ခန့် အသွား၊ အပြန် သွားလာနေကြောင်း သိရသည်။

"တချို့သစ်သားတံတားတွေနဲ့ ဘေလီတံတားတွေပေါ်မှာ တော်တော်ကို သတိ ထားမောင်းနှင်နေရတယ်။ တံတားတွေက နှစ်ကာလကြာတာနဲ့အမျှ ခံနိုင်ဝန်အား လည်း လျော့ကျလာပြီ" ဟု အထက်ပါ ယာဉ်မောင်းက ဆက်လက်ပြောကြား သည်။

**အောင်စေသော်**



# ကုန်ပို့ဆိပ်ကမ်းအကောက်ခွန် စည်းမျဉ်းသစ်ပြဋ္ဌာန်း

**ရန်ကုန်၊ မတ် ၅**

မြန်မာနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့်တင်သွင်းလာကြသည့် နိုင်ငံ တကာမှ ကုန်စည်များစတင်ထွက်ခွာရာ ကုန်ပို့ဆိပ်ကမ်းနှင့်ပတ်သက်၍ အကောက် ခွန်ဦးစီးဌာနက စည်းမျဉ်းအသစ်တစ်ခုကို ဖေဖော်ဝါရီလ တတိယပတ်တွင် ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ဆိပ်ကမ်းအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် လိုင်စင်ရအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုပြင်ဆင်သတ်မှတ်လိုက်သည့်စည်းမျဉ်းသစ်မှာ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ကုန်ပို့ဆိပ်ကမ်းကို ထိုင်းနိုင်ငံဟုဖော်ပြပါက ဖော်ပြသောနိုင်ငံ ၏ဆိပ်ကမ်းမှသာ အတိအကျ ထွက်ခွာလာရမည်ဖြစ်ပြီး အခြားသောဆိပ်ကမ်းနှင့် အခြားနိုင်ငံများမှတင်ပို့မှုကို ယခင်ကကဲ့သို့ ခွင့်မပြုတော့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဥပမာ-ထိုင်းကနေ ပို့မှာလို့ သွင်းကုန်လိုင်စင်လျှောက်ရင် ငွေလွှဲရင်လည်း ထိုင်းကပဲ လွှဲရမယ်။ စင်ကာပူက လွှဲလို့မရဘူး" ဟု စည်းမျဉ်းသစ်နှင့်ပတ်သက်၍ ၎င်းက ရှင်းလင်းပြောကြားသည်။

ယင်းကဲ့သို့ သတ်မှတ်ချက်များနှင့်သွေဖည်၍လွဲမှားတင်သွင်းလာသော သွင်း ကုန်လိုင်စင်များကို ဒဏ်ကြေးရိုက်၍ အရေးယူလျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးအထိ စိစစ်၍ ဒဏ်တပ်အရေးယူနေကြောင်း ဆိပ်ကမ်းအကောက် ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။

"ဒဏ်ကြေးက ဆိပ်ကမ်းရောက် သတ်မှတ်တန်ဖိုးရဲ့ ၃၆၀ ပုံတစ်ပုံကို ဒဏ် ကြေးကောက်တယ်။ ဥပမာ-သွင်းလာတဲ့ပစ္စည်း သိန်း ၃၆၀ ကျရင် ကျပ်တစ်သိန်း ကောက်တယ်"ဟု ဆိပ်ကမ်းအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ဆိပ်ကမ်းနယ်မြေအချို့ကို ပုဂ္ဂလိက လွှဲပြောင်းလုပ်ကိုင်ရန်ခွင့်ပြုလိုက်သည်ဆိုသော်လည်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်း နှင့်ပတ်သက်၍လည်းကောင်း၊ အကောက်ခွန်လုပ်ငန်းများနှင့်ပတ်သက်၍လည်း ကောင်း ယခင်အတိုင်းသာ ဆက်လက်ကျင့်သုံးရန်ရှိသည်ဟု ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**Associated News**

www.foreverspace.com.mm



# ကမ္ဘောဇဘဏ် ၂၀၁၀ ပြည့်နှစ်အတွင်း ဘဏ်ခွဲ ၅၀ အထိတိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန်၊ ဧပြီ ၁**




မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ်လုပ်ငန်းများကို အကန့်အသတ်ဖြင့်လုပ်ကိုင်ခွင့်ပြုထားသည့်ကာလတွင် ဘဏ်ခွဲအရေအတွက် ဒုတိယအများဆုံးဖွင့်လှစ်ထားသော ကမ္ဘောဇဘဏ်သည် ယခုနှစ် ၂၀၁၀ ပြည့်နှစ်အတွင်း ဘဏ်ခွဲအရေအတွက် ၅၀ အထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းဘဏ်မှ စုံစမ်းသိရှိရသည်။

အစိုးရက ပုဂ္ဂလိကဘဏ်လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ပြုပြီးနောက်ပိုင်း ၁၉၉၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တောင်ကြီးမြို့၌ ပထမဆုံးစတင်ဖွင့်လှစ်ခဲ့သည့် ကမ္ဘောဇဘဏ်သည် ယခုအခါ ရန်ကုန်ဘဏ်ရုံးချုပ်၊ မန္တလေးဘဏ်ရုံးချုပ်နှင့် နေပြည်တော်ဘဏ်ရုံးချုပ်သစ်တို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ဘဏ်ခွဲစုစုပေါင်း ၃၄ ခု ဖွင့်လှစ်ထားပြီး ဗဟိုဘဏ်၏ခွင့်ပြုချက်ရရှိပါက ၂၀၁၀ ပြည့်နှစ်အတွင်း ဘဏ်ခွဲအရေအတွက်စုစုပေါင်း ၅၀ အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း ယင်းဘဏ်မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကမ္ဘောဇဘဏ်သည် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ငွေစုဘဏ်အပ်ငွေလက်ခံခြင်း၊ Online စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်း၊ စက်မှု၊ လက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းအမျိုးမျိုးအတွက်ငွေချေးခြင်း၊ လုံခြုံမှုအာမခံသေတ္တာ (Safe Locker) များထားရှိပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မကြာမီ Debit Card ၊ Credit Card (အကြွေးဝယ်ကတ်) ၊ အလိုအလျောက်ငွေထုတ်နိုင်သည့် Automatic Teller Machine (ATM) စနစ်၊ မိုဘိုင်းလ်ဖုန်းအသုံးပြု၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးနိုင်သော Electronic Banking စနစ်စသည်တို့ကို ဗဟိုဘဏ်မှ ခွင့်ပြုချက်ရယူပြီး အဆင့်ဆင့်တိုးချဲ့ ဝန်ဆောင်မှုပေးသွားနိုင်ရန် စီစဉ်ထားကြောင်း စုံစမ်းသိရှိရသည်။

ယင်းဘဏ်၏ နေပြည်တော်ရုံးချုပ်နှင့် ၃၄ ခုမြောက်ဘဏ်ခွဲတို့ကို နေပြည်တော် ဥတ္တရသီရိမြို့ ရာဇဌာနီလမ်း၌ ၂၀၁၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ၌ ဘဏ်ခွဲအရေအတွက် အများဆုံးဖွင့်လှစ်ထားသည့် ပုဂ္ဂလိကဘဏ်မှာ ဘဏ်ခွဲ ၄၂ ခုဖွင့်လှစ်ထားသော ရိုးမဘဏ်ဖြစ်ပြီး ငွေလွှဲပို့ခြင်းလုပ်ငန်းကိုသာ အားထားဆောင်ရွက်နေရသည်။

မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ကို အစိုးရက ၂၀၀၁ ခုနှစ်တွင် ပိတ်ပင်ကန့်သတ်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ပြည်တွင်းပုဂ္ဂလိကဘဏ်အကျပ်အတည်းနောက်ပိုင်း ပုဂ္ဂလိကဘဏ်အချို့ကိုပိတ်သိမ်းအရေးယူခဲ့ရာမှ ယခုအခါ ကမ္ဘောဇဘဏ်၊ ပထမပုဂ္ဂလိကဘဏ်တို့ အပါအဝင် ပုဂ္ဂလိကဘဏ်အချို့ကို ဘဏ်ခွဲတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၁၄ ခုခန့် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

# မြန်မာနိုင်ငံ၌ မသန်စွမ်းသူအများဆုံးဒေသမှာ နာဂစ်မုန်တိုင်းဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၊ စိတ်ဓာတ်မြှင့်တင်ရေး အရေးပေးဆောင်ရွက်ရန်လို

**သတင်းဆောင်းပါး/ ဓာတ်ပုံ – ကျော်နိုင် (၆ . ၄ .၂၀၁၀)**

**မြန်မာနိုင်ငံရှိ မွေးရာပါ သို့မဟုတ် မတော်တဆထိခိုက်မှုနှင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်စွမ်းချို့တဲ့ကြသူများအနက် ရာခိုင်နှုန်းအများစုကို ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် တွေ့ရှိရပြီး ယင်းတို့အနက် အများစုမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများတွင် နေထိုင်ကြကြောင်း အဆိုပါ ကိုယ်အင်္ဂါမသန်စွမ်းသူများကို ပံ့ပိုးကူညီလျက်ရှိသည့် အဖွဲ့အစည်းများထံမှ သိရှိရသည်။**

www.foreverspace.com.mm

## ဘင်္ဂလားဒေ့ရှ် တစ်ပတ်ပီဇာ စီးပွားရေး ဆောင်ရွက်ရန်အတွက်သာဟုဆို

**မောင်တော၊ မတ် ၂၉**

မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ် မောင်တောမြို့မှ တက္ကနမ်သို့ တစ်ပတ်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာသူများကို စီးပွားရေးကိစ္စများဆောင်ရွက်ရန်အတွက်သာ သွားလာခွင့်ပြုထားခြင်းဖြစ်ကြောင်း နယ်စပ်ဖြတ်ကျော်သွားလာသူကုန်သည်တစ်ဦးက ပြောကြားသည်။

မောင်တောနယ်စပ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ပတ်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာမှုမှာ မိုးတွင်းကာလထက် ပွင့်လင်းရာသီတွင် ပိုမိုများပြားတတ်ကြောင်း ၊ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ တစ်ပတ်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာသူများကို တစ်ရက်လျှင် ဦးရေ ၅၀ သတ်မှတ်ထားပြီး ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်မှုကို သတ်မှတ်ထားခြင်းမရှိကြောင်း ဆိုသည်။

မောင်တောနယ်စပ်နှင့်ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်ဖြတ်ကျော်သွားလာသူအများစုမှာ မောင်တောနှင့်ဘူးသီးတောင်ဒေသခံများဖြစ်ပြီး အခြားမြို့နယ်များမှ သွားရောက်သူ နည်းပါးကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်သွားလာမှုဖြင့် နှစ်နိုင်ငံကုန်သည် ပိုမိုရင်းနှီးကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို အထောက်အကူပြုစေကြောင်း ဒေသခံများထံမှ သိရသည်။

**အောင်စေသော်**

မြန်မာနိုင်ငံ၌ မသန်စွမ်းသူအများဆုံး တွေ့ရှိရသည့် ဒေသမှာ ဧရာဝတီတိုင်းဖြစ်ပြီး တိုင်းလူဦးရေ စုစုပေါင်း၏ ၃ ဒသမ ၂၄ ရာခိုင်နှုန်းတွေ့ရှိရကြောင်းနှင့် မသန်စွမ်းသူ အများဆုံးမြို့နယ်မှာ လပွတ္တာနှင့် ဒေးဒရဲမြို့နယ်တို့ ဖြစ်ကြကာ လူဦးရေ စုစုပေါင်း၏ ၄ ဒသမ ၄၃ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၄၁ ရာခိုင်နှုန်းစီ တွေ့ရှိရကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၀၉ ခုနှစ်အတွင်း ထုတ်ပြန်သော စစ်တမ်းများအရ သိရသည်။

"အခုလို မသန်စွမ်းတဲ့လူဦးရေများပြားနေရတာက လူဦးရေ ထူထပ်တဲ့ဒေသဖြစ်တာရယ်၊ ကလေးမွေးဖွားတဲ့အချိန်မှာ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်း၊ သားဖွားဆရာမတွေနဲ့ သေသေချာချာ စနစ်တကျမမွေးဘဲ အရပ်လက်သယ်တွေနဲ့ အဆင်ပြေသလို မွေးကြတာတွေရယ်ကြောင့်ပဲ။ တချို့ကလေးတွေကျတော့ မွေးတုန်းကအကောင်းပဲ။ မွေးပြီး ပိုလီယိုကာကွယ်ဆေးနဲ့ တခြားကာကွယ်ဆေးတွေ မထိုးဖြစ်တော့ အရွယ်မရောက်ခင်မှာ မသန်စွမ်းဖြစ်ကုန်ရော။ မိခင်တွေကိုယ်၌က ကျန်းမာရေးဗဟုသုတ နည်းပါးကြတာလည်းပါတယ်" ဟု မသန်စွမ်းဦးရေများပြားရခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံကြီးမှ အငြိမ်းစား သူနာပြုအုပ်ကြီး ဒေါ်ခင်သီက ရှင်းပြသည်။

"တချို့မသန်စွမ်းတွေက စနစ်တကျလေ့ကျင့်ခန်းလုပ်နိုင်မယ်ဆိုရင် ကိုယ်လက်အင်္ဂါတွေ ပြန်လည်သန်စွမ်းလာနိုင်တယ်။ ဒီအတိုင်းပစ်ထားရင်တော့ တစ်သက်လုံးမသန်စွမ်းဖြစ်သွားနိုင်တယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

**ကျန်းမာရေးအသိပညာ ချို့တဲ့မှုများကြောင့်ဖြစ်သည်**



မြန်မာနိုင်ငံ၌ မသန်စွမ်းသူများကို ထောက်ပံ့ကူညီလျက်ရှိသော ပြည်တွင်း NGO တစ်ခုဖြစ်သည့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ အတွင်းရေးမှူး ဦးအေးကိုကိုကလည်း ၎င်းတို့အသင်းတွင် အသင်းဝင်မသန်စွမ်းပုဂ္ဂိုလ်စုစုပေါင်း ၂၀၀၀ နီးပါးရှိသည့်အနက် လေးပုံတစ်ပုံဖြစ်သော ၅၀၀ ဦးကျော်ခန့်မှာ ဧရာဝတီမြစ်ဝကျွန်းပေါ် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများမှဖြစ်ကြကြောင်း၊ ဧရာဝတီတိုင်းအတွင်း ပုသိမ်၊ ဘိုကလေး၊ ဒေးဒရဲနှင့် ဟင်္သာတမြို့နယ်တို့တွင် အသင်းရုံးခွဲများ ဖွင့်လှစ်ထားပြီး အသင်းဝင်ဦးရေစုစုပေါင်း ၆၀၀ ဦးကျော်ရှိကြောင်း ရှင်းပြသည်။


"ဒါက သူတို့ဟာသူတို့ အသင်းကို


www.foreverspace.com.mm

လာ ဆက်သွယ်ကြတာပဲရှိသေးတယ်။ သေချာကွင်းဆင်းပြီး စစ်တမ်းကောက်ယူနိုင်မယ်ဆိုရင် ဒီထက်မက အရေအတွက်များလာနိုင်တယ်။ အများဆုံးတွေ့ရတာက ပိုလီယိုနဲ့ သူငယ်နာအကြောတင်း (C.P) ဝေဒနာရှင်တွေပဲ”ဟု အသင်းအမှုဆောင်တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ကိုယ်လက်အင်္ဂါမသန်စွမ်းသူ အမှုဆောင်များဖြင့် ၂၀၀၄ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ရန်ကုန်မြို့ရုံးချုပ်အပြင် မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ တောင်ငူ၊ ဟင်္သာတ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်တို့တွင် အသင်းရုံးခွဲများဖွင့်လှစ်ကာ အသင်းဝင် မသန်စွမ်းသူများကို ပညာသင်စရိတ်နှင့် မသန်စွမ်းအထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် သင်တန်းပို့ချခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မသန်စွမ်းအထောက်အကူပြု ခြေတုလက်

**ပြည်နယ်နှင့်တိုင်းအလိုက် မသန်စွမ်းသူဦးရေရာခိုင်နှုန်းပြဇယား**




တုထုတ်လုပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် နာဂစ်မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျေးရွာများ၌ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဒေးဒရဲမြို့နယ် သံဒိတ်မြစ်ဝရှိ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ သံဒိတ်ကျေးရွာနှင့် ဒေးဒရဲ-ဖျာပုံလမ်းအနီးရှိ သဲကုန်းကျေးရွာတို့တွင် အခြေပြုပြီး ဒေသခံမသန်စွမ်းသူများကို ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကိုယ်ကာယ လေ့ကျင့်ရေးကိရိယာ၊ ဘီးတပ်ကုလားထိုင်၊ ချိုင်းထောက်၊ လက်ထောက်တုတ်၊ ခြေတု၊ ဖိနပ်တု စသည့် မသန်စွမ်းအထောက်အကူပြုပစ္စည်းကိရိယာများ ပံ့ပိုးခြင်း၊ အခြေခံပညာနှင့် တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ အသင်းများ၏ ဒေသတွင်း လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်စေခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အသင်းနှစ်သင်း ပူးပေါင်းကောက်ခံရရှိသော စစ်တမ်းများအရ စုစုပေါင်း လူဦးရေ ၃၀၀၀ တွင် မသန်စွမ်းသူ အသင်းဝင် ၁၀၀ ဦးခန့် တွေ့ရှိခဲ့ရကြောင်း တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“နာဂစ်မုန်တိုင်း မတိုက်ခင်တုန်းက သူတို့မိသားစုဝင်တွေရဲ့ ဖေးမစောင့်ရှောက်မှုတွေ ရကောင်းရကြမယ်။ မုန်တိုင်းလည်း တိုက်ပြီးရော မိသားစုဝင်တိုင်းလိုလို စားဝတ်နေရေးအတွက် ရုန်းကန်လာကြရတော့ သူတို့အပေါ် ဂရုစိုက်မှုတွေ လျော့နည်းသွားတယ်။ လူပိုတွေလိုဖြစ်လာကြတော့ စိတ်အားငယ်လာကြတယ်။ သူတို့ကို လက်တွဲခေါ်ဖို့ မိသားစုဝင်တွေအားနဲ့ မရတော့ဘူး။ လူမှုရေးအဖွဲ့အစည်းတွေမှာပါ တာဝန်ရှိလာပြီ။ အဓိက စိတ်ဓာတ်မြှင့်တင်မှုအပိုင်းပဲ”ဟု ၎င်းက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ၌ မသန်စွမ်းသူများအတွက် အဓိကပံ့ပိုးဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများမှာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ ဒေါ်မသန်စွမ်းရိပ်မြုံ၊ AAR (Japan) စသည်တို့ဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပံ့ပိုးဆောင်ရွက်ကြသော ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်း ၂၀၀ နီးပါးရှိကြသည့်အနက် မသန်စွမ်းသူများအတွက် အဓိကပံ့ပိုးဆောင်ရွက်နေသည့် အဖွဲ့အစည်းအရေအတွက်မှာ လက်ငါးချောင်းခန့်ပင် မပြည့်သည်ကို တွေ့ရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ၌ လူဦးရေ အထူထပ်ဆုံးဒေသဖြစ်ပြီး ကလေးမွေးဖွားမှုနှုန်းသည်လည်း များပြားကြောင်း၊ ကျေးလက်ဒေသရှိ မိခင်အများစုမှာ ဆင်းရဲနွမ်းပါးခြင်း၊ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတနည်းပါးကြသဖြင့် အသက်မပြည့်မီ ငယ်ရွယ်စဉ်၌ပင် အိမ်ထောင်ပြု ကလေးရယူခြင်း၊ ကိုယ်ဝန်ဆောင်နေစဉ် လိုအပ်သည့် အာဟာရမပြည့်ဝခြင်း၊ အသက်အရွယ်ကြီးသည်အထိ ကလေးဆက်လက်ရယူနေခြင်း၊ မွေးဖွားစဉ် စနစ်တကျနားလည် တတ်ကျွမ်းသူနှင့် မမွေးဖွားခြင်း၊ မွေးဖွားပြီး ကလေးငယ်များကိုလည်း စနစ်တကျ ဂရုမစိုက်နိုင်ခြင်းနှင့် လိုအပ်သည့် ကာကွယ်ဆေးများကို မထိုးနှံဖြစ်ခြင်း စသည်တို့ကြောင့် မွေးရာပါ မသန်စွမ်းသူဦးရေ အများဆုံးတွေ့ရခြင်းဖြစ်ကြောင်း မုန်တိုင်းသင့်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို စေတနာ့ဝန်ထမ်း ဆောင်ရွက်လျက်ရှိသော ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာအိမွန်ဝင်းက သုံးသပ်ပြောကြားသည်။

“ဒီလိုအဖြစ်မျိုးတွေ နောက်ပိုင်းလျော့ပါးသွားအောင် အဓိကဆောင်ရွက်သင့်တာက သူတို့ကို ထိထိရောက်ရောက် Health Education (ကျန်းမာရေးအသိပညာပေး) လုပ်ပေးဖို့ပဲ။ ဒေသမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ သားဖွားဆရာမတွေ၊ NGO တွေရဲ့အင်အားတွေနဲ့ မလုံလောက်တော့ ဒေသခံ လူငယ်အဖွဲ့အစည်းတွေ၊ C.B.O တွေဖွဲ့ပြီး ဆင့်ပွားသင်တန်း ပို့ချပေးဖို့လိုတယ်။ အားလုံး ပူးပေါင်းပါဝင်ဖို့လိုနေပြီ” ဟု ၎င်းက အကြံပြုပြောကြားသည်။

**စိတ်ဓာတ်မြှင့်တင်ရေးကိုပါ အရေးပေးဆောင်ရွက်ရန် လိုအပ်နေသည်**





# အနော်မာတိုးတက်ရေးမဂ္ဂဇင်း ရသစုံမဂ္ဂဇင်း ပုံစံပြောင်းထုတ်မည်

**မန္တလေး၊ ဧပြီ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) က ထုတ်ဝေသော အနော်မာတိုးတက်ရေးမဂ္ဂဇင်းကို ၂၀၁၀ ပြည့်နှစ် ဧပြီလထုတ်မှစတင်၍ ရသစုံမဂ္ဂဇင်းအဖြစ်ပြောင်းလဲထုတ်ဝေမည်ဖြစ်ကြောင်း MCDC ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနဌာနမှူး ဦးလတ်မြင့်သိန်းက ပြောကြားသည်။

အနော်မာတိုးတက်ရေးမဂ္ဂဇင်းကို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ၈၄ အုပ်ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ အတွေးအခေါ်၊ ဘာသာရေး၊ အတွေးအမြင်စာပေ၊ ယဉ်ကျေးမှု၊ လူငယ်စိတ်ဓာတ်၊ ပညာရေး၊ နိုင်ငံတကာရေးရာနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ ပါဝင်ဖော်ပြခဲ့ကြောင်း ယင်းဌာနထံမှ သိရှိရသည်။

**Mdy News**



www.foreverspace.com.mm

www.foreverspace.com.mm




# ဘုရင့်နောင်တံတား နာရေးယာဉ်တန်း ဖြတ်သန်းခွင့်မပြု

**ရန်ကုန်၊ မတ် ၁၂**

ရန်ကုန်မြို့နှင့် လှိုင်သာယာမြို့နယ်သို့ ဆက်သွယ်ပေးထားသော ဘုရင့်နောင်တံတားပေါ်တွင် မတ်လအစပိုင်းမှစ၍ နာရေးယာဉ်တန်း ဖြတ်သန်းခွင့်မပြုတော့သည်ကို တွေ့ရကြောင်း ဘုရင့်နောင်ပွဲရုံအတွင်းရှိ ကုန်တင်ယာဉ်မောင်းသူတစ်ဦးက ပြောကြားသည်။

နာရေးယာဉ်တန်းအပါအဝင် သုံးတန်အထက်ကုန်တင်ယာဉ်များကို ဘုရင့်နောင်တံတားပေါ်မှ (လုံးဝ)ဖြတ်သန်းခွင့်မပြုဆိုသော သတိပေးကြေညာချက်ဆိုင်းဘုတ်ကို မတ်လဆန်းပိုင်းမှစတင်၍ တံတားအနီးတွင် စိုက်ထူထားသည်ကို တွေ့ရကြောင်း ၎င်းကဆိုသည်။ တားမြစ်ခံထားရသောယာဉ်များသည် အောင်ဇေယျတံတားပေါ်မှသာ ဖြတ်သန်းသွားရမည်ဖြစ်ကြောင်း၊ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှစတင်၍ သုံးတန်နှင့် သုံးတန်အထက် ကုန်တင်ယာဉ်များကို တံတားပေါ်မှ ဖြတ်သန်းမသွားရန်လည်း တားမြစ်ခဲ့ဖူးကြောင်း၊ ယခုကဲ့သို့ တားမြစ်ချက်ထုတ်ပြန်ရခြင်းမှာလည်း ဘုရင့်နောင်တံတား၏ ခံနိုင်ဝန်နှင့် ဘုရင့်နောင်ပွဲရုံအနီး ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်တတ်ခြင်းများကြောင့် ဖြစ်နိုင်ကြောင်း၊ အဆိုပါ ကြေညာချက်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

“မြို့ထဲကလာတဲ့ ကားတွေကျတော့ ဘုရင့်နောင်တံတားပေါ်က သွားချင်တာပေ့ါ။ အောင်ဇေယျတံတားအထိ မသွားချင်တော့ဘူး။ နောက်ပြီး ဘုရင့်နောင်တံတားက ငါးတန်ယာဉ်တစ်စီး ၁၅၀ ကျပ်ဆိုရင် အောင်ဇေယျတံတားက ၁၀ တန်အောက်ယာဉ်တစ်စီးကို ၇၀၀ ကျပ်ရှိတယ်” ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

# မန္တလေးတွင် ရေသန့်လုပ်ငန်း ၂၀ ထုတ်လုပ်ခွင့်လိုင်စင်ချထား

**မန္တလေး၊ ဧပြီ ၁**

ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာန (FDA)က မတ်လကုန်ထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) ပိုင် နယ်နိမိတ်အတွင်းရှိ ရေသန့်လုပ်ငန်း ၂၀ ခုကို အစားအသောက်ထုတ်လုပ်ခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနထံမှ သိရှိရသည်။

“၂၀၁၀ မတ်လကုန်အထိ ခွင့်ပြုအရေအတွက်ပါ။ တချို့လျှောက်ထားဆဲပါ” ဟု ယင်းဌာနမှ တာဝန်ရှိသူက မတ်လ ၃၁ ရက်နေ့တွင် ပြောကြားသည်။

MCDC နယ်နိမိတ်အတွင်း FDA ထောက်ခံချက်ရရှိထားသော ရေသန့်လုပ်ငန်းများမှာ SaFari၊ မန်းသီရိ၊ စွဲနေပြီ၊ မန္တလေး၊ နယူတန်သောက်ရေသန့်နှင့် ရေသန့်ရေခဲ၊ နီလာ၊ ရတနာပုံ၊ ရွှေလီဦး၊ အကယ်ဒမီ၊ ရေခဲတောင်ရေသန့်ရေခဲ၊ Golden၊ Royal၊ Golden Lion၊ Pacific၊ Lucky Family၊ IceLand ၊ Grand ၊ Dream Pioneer ၊ Royal Oasis တို့ဖြစ်ကြောင်း ယင်းဌာနထံမှသိရှိရသည်။

PK သောက်ရေသန့်၊ Wave သောက်ရေသန့်၊ Ever Better သောက်ရေသန့်တို့မှာ လျှောက်ထားဆဲဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူကဆိုသည်။

**Mdy-News**

LIVING COLOR
ဖုန်း –၂၄၂၄၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# လူကုန်ကူးခံရသူများ ပြန်လည်လက်ခံ

**ရန်ကုန်၊ မေ ၂**

လူကုန်ကူးသူများ၏ မက်လုံးပေးမှုကြောင့် ထိုင်းနိုင်ငံတွင် တရားမဝင်အလုပ်လုပ်ကိုင်ခဲ့ပြီး ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းခံထားရသူ မြန်မာနိုင်ငံသား ၂၂ ဦးကို မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာ မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မြဝတီမြို့ သောင်းရင်းခန်းမ၌ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် သွားရောက်လက်ခံခဲ့ပြီး မော်လမြိုင်မြို့သို့ ခေါ်ဆောင်ခဲ့သည်။

ယခုပြန်လည်လက်ခံခေါ်ယူခဲ့သော လူကုန်ကူးခံခဲ့ရသူ ၂၂ ဦးတွင် မွန်ပြည်နယ်မှ အမျိုးသမီးရှစ်ဦး၊ ပဲခူးတိုင်းမှ အမျိုးသားလေးဦးနှင့် အမျိုးသမီးငါးဦး၊ ဧရာဝတီတိုင်းမှ အမျိုးသားတစ်ဦးနှင့် ကရင်ပြည်နယ်မှ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါလူကုန်ကူးခံခဲ့ရသူ ၂၂ ဦးကို မော်လမြိုင်မြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ အိမ်တွင်းသက်မွေးပညာသင်ကျောင်းတွင်နှစ်ပတ်ကြာ စခန်းသွင်းထားရှိကာ အသိပညာဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ မုန့်လုပ်ငန်းများ၊ စက်ချုပ်လုပ်ငန်းများ စသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးခြင်းတို့ ပြုလုပ်ပေးခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ၎င်းတို့ကို အိမ်တိုင်ရာရောက်ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း၊ ယခုပြန်လည်လက်ခံခဲ့သူများတွင် အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း ၂၁ ဦးပါဝင်ပြီး အသက် ၃၅ နှစ်ရှိသူတစ်ဦးသာပါဝင်ကြောင်း ယင်းဌာနထံမှ စုံစမ်းသိရှိရသည်။

**ရွှေမြိုင်သားစိုး**

**အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း အများဆုံးပါဝင်သည်**



# ဟိုတယ်လုပ်ငန်းရှင်များအသင်း မော်လမြိုင်တွင် ဟိုတယ်အခြေခံသင်တန်းဖွင့်

**ရန်ကုန်၊ မေ ၂**

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ပါဝင်သော မော်လမြိုင်ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ် ၂၅ လုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဟိုတယ်ဝန်ထမ်းများ၏ အရည်အသွေးများ၊ စွမ်းဆောင်မှု၊ ဝန်ဆောင်မှုများ တိုးတက်မြင့်မားလာစေရန်အတွက် ဟိုတယ်အခြေခံသင်တန်းတစ်ရပ်ကို မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်တွင် ဇန်နဝါရီလ ၁၈ ရက်မှ ၃၀ ရက်နေ့အထိ ပို့ချပေးခဲ့ရာ မော်လမြိုင်ဇုန်အတွင်းရှိ ဟိုတယ်ဝန်ထမ်း ၈၇ ဦး တက်ရောက်ခဲ့ကြသည်။

ယခုဖွင့်လှစ်ခဲ့သော ဟိုတယ်အခြေခံသင်တန်းတွင် ဧည့်ကြိုကျွမ်းကျင်မှုသင်တန်း၊ စီမံခန့်ခွဲမှုသင်တန်း၊ အိမ်ခန်းဆောင် ထိန်းသိမ်းမှုကျွမ်းကျင်မှုသင်တန်း၊ ဟိုတယ်စားဖိုမှူးကျွမ်းကျင်မှုသင်တန်း၊ စားပွဲထိုးကျွမ်းကျင်မှုသင်တန်း စသည့် အခြေခံ လိုအပ်ချက်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို သင်တန်းဆရာ၊ ဆရာမခြောက်ဦးက လာရောက်ပို့ချခဲ့ကြောင်း၊ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မောင်လမြိုင်ဇုန်) နှစ်ပတ်လည်အမှုဆောင်ရွေးပွဲနှင့် ဟိုတယ်အခြေခံသင်တန်းဆင်းပွဲတွင် ဆုများ ချီးမြှင့်ခဲ့ကြောင်း ယင်းဟိုတယ်ဇုန် သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ရွှေမြိုင်သားစိုး**

www.foreverspace.com.mm

# ဗီတာမင်အားဆေးများ ကျွမ်းကျင်သူလမ်းညွှန်ချက်ဖြင့်သာသောက်သင့်

**ရန်ကုန်၊ မတ် ၂၀**



ဆေးဆိုင်ကြီးများနှင့် ရပ်ကွက်အတွင်းတွင် ဖွင့်လှစ်ရောင်းချသော တစ်နိုင်တစ်ပိုင်ဆေးဆိုင်ငယ်များတွင် ဗီတာမင်နှင့် သတ္တုဓာတ်အစုံပါရှိသည်ဟု ရည်ညွှန်းသော ဗီတာမင်မျိုးစုံ Multivitamin အားဆေးများ အလွယ်ဝယ်ယူသုံးစွဲမှုများကို ဆင်ခြင်သင့်သည်ဟု ကျန်းမာရေးအတိုင်ပင်ခံ ဆရာဝန်ကြီးများက အကြံပြုပြောဆိုသည်။

Multivitamin အားဆေးများမှာ အစာစားဝင်ခြင်း၊ အိပ်၍ကောင်းခြင်းစသည့်ကောင်းကျိုးများကြောင့် လုပ်ငန်းခွင်မှ လူရွယ်လူလတ်ပိုင်းများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက အများဆုံး ဝယ်ယူသောက်သုံးကြသည်ဟုထင်မြင်ကြောင်း၊ သို့ရာတွင် ယင်းဆေးဝါးများတွင် ဘေးထွက်အာနိသင်အနေဖြင့် ကျောက်ကပ်ထိခိုက်ခြင်း၊ ဝမ်းချုပ်ရာမှ အူမကြီးရောင်ရမ်းခြင်း၊ သွေးချိုရောဂါဖြစ်ပွားခြင်းနှင့် အခြားအာရုံကြောနှင့် သက်ဆိုင်သော ရောဂါများဖြစ်ပွားနိုင်ကြောင်း အထွေထွေရောဂါကုဆရာဝန်ဒေါက်တာအောင်စိုးဝင်းက ရှင်းလင်းပြောဆိုသည်။

"တချို့အားဆေးတွေဆို သောက်ပြီးနာရီဝက်အတွင်း ဝမ်းဗိုက်ထဲမှာ အာနိသင်ချက်ချင်းပြတဲ့အနေနဲ့ အစာတောင်းတယ်။ ကိုယ်ကအစာမစားဖြစ်ခဲ့ရင် အဲဒီဆေးထဲက အက်ဆစ်ဓာတ်နဲ့သွေးနဲ့တွေ့ပြီး သာမန်ဗိုက်ဆာချိန်မှာ အစာမစားဖြစ်တာထက်ပိုတဲ့ အစာအိမ်ထိခိုက်မှုကိုရတတ်တယ်။ အဆိုးဆုံးက အစာအိမ်အဆိပ်သင့်တာအထိဖြစ်နိုင်တာပဲ" ဟု ၎င်းကပြောကြားသည်။

ယင်းဖြည့်စွက်အားဆေးများကို သောက်သုံးရာတွင် ကျွမ်းကျင်သောပညာရှင်ဆရာဝန်များ၏ လမ်းညွှန်ချက်ဖြင့်သာ သောက်သုံးသင့်ပြီး အစားကောင်းကောင်းမစားနိုင်သူများ၊ ဆေးလိပ်သောက်သူများ၊ နာတာရှည်ရောဂါကြောင့် အားအင်ချည့်နဲ့နေသူများနှင့် ပြင်းထန်သောကူးစက်ရောဂါရှိသူများအတွက်သာဖြည့်စွက်အာဟာရအဖြစ် သုံးစွဲသင့်ကြောင်း စဉ်ဆက်မပြတ်ဆေးပညာသင်တန်း(CME)တွင် အချိန်ပိုင်းသင်ပြပေးသူတစ်ဦးဖြစ်သော ကျန်းမာရေးအတိုင်ပင်ခံ ဆရာဝန် ဒေါက်တာသန့်ဇင်က ပြောကြားသည်။

သာမန်လူများအတွက်နေ့စဉ်အာဟာရပြည့်ဝလုံလောက်စွာစားသုံးမည်ဆိုပါက ဖြည့်စွက်အာဟာရဆေးဝါးများ သောက်သုံးရန်မလိုအပ်ကြောင်း၊ သတ္တုဓာတ်ပမာဏ လိုသည်ထက်ပို၍သုံးစွဲပါက ခန္ဓာကိုယ်အတွင်းပိုင်းရှိ အင်္ဂါများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာနသို့ တင်ပို့လာသော လူနာများထဲမှ ၃၅ ရာခိုင်နှုန်းမှာ Multivitamin အလွန်အကျွံသုံးစွဲမှုအပါအဝင် ဆေးဝါးဓာတ်မတည့်မှုများကြောင့်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူသမားတော်ကြီးတစ်ဦးကလည်း ရှင်းလင်းပြောကြားသည်။

ယခုအခါ ပြည်တွင်းရှိ မီဒီယာမျိုးစုံမှတစ်ဆင့် အားဆေးအမျိုးမျိုးသည် ဆွဲဆောင်မှုကောင်းကောင်းဖြင့် ကြော်ငြာကာ ဈေးကွက်ချဲ့ထွင်လာခြင်းကြောင့် အားဆေးမှီဝဲသူများ တစ်နေ့တခြားတိုးပွားလာသည့်အပြင် မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲမှုများလာပြီး နောက်ဆက်တွဲအကျိုးဆက်များ ခံစားရသူများပြားလာကြောင်း ဆေးကုသမှုနယ်ပယ်အတွင်းစုံစမ်းသိရှိရသည်။

လောလောဆယ်မြန်မာဆေးဈေးကွက်အတွင်း Multivitamin အားဆေးပေါင်း ၂၅ မျိုးခန့် ကြော်ငြာရောင်းချလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**အေးကျော့ခိုင်**

■

www.foreverspace.com.mm



# နေပြည်တော်သပြေကုန်း မြို့မဈေးအနီး ပွဲရုံတိုက်ခန်းများ ကျောက်မျက်လုပ်ငန်းရှင်များ စိတ်ဝင်စား

**ရန်ကုန်၊ ဧပြီ ၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သပြေကုန်းမြို့မဈေးကြီး အရှေ့ဘက်ခြမ်းတွင်ဆောက်လုပ်နေသည့် ပွဲရုံတိုက်ခန်းများကို ကျောက်မျက်ရတနာပြခန်းများတွင် ရင်းနှီးမြှုပ်နှံကြမည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များက စိတ်ဝင်စားနေကြကြောင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီထံမှ စုံစမ်းသိရှိရသည်။

အဆိုပါပွဲရုံတိုက်ခန်းများအနက် ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၄၀ × ပေ ၂၀ အကျယ် လေးခန်းတွဲ နှစ်ထပ်တိုက်ခန်း ၂၄ လုံးကို တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ပထမအဆင့်အနေဖြင့် တည်ဆောက်ပြီး လေးခန်းတွဲ နှစ်ထပ်တိုက်ခန်း ၁၂ လုံးကို ဆိုင်ခန်းဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါသပြေကုန်းမြို့မဈေး ပွဲရုံတိုက်ခန်းများတွင် လူသုံးကုန်ပစ္စည်းမျိုးစုံကိုရောင်းချခွင့်ပြုထားပြီး ပေ ၄၀× ပေ ၂၀ အကျယ် နှစ်ထပ်တိုက်ခန်းတစ်ခန်းကို ကျပ်သိန်း ၃၈၀ နှင့် ရောင်းချပေးလျက်ရှိကြောင်း၊ ယင်းလက်ကားပွဲရုံများနှင့်ကပ်လျက် နောက်ထပ်ပုံစံတူ ပေ ၄၀× ပေ ၂၀ အကျယ် နှစ်ထပ်လေးခန်းတွဲတိုက်ခန်း ၂၄ လုံးကို ထပ်မံတည်ဆောက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သပြေကုန်းမြို့မဈေး အနောက်ဘက်ခြမ်း နေပြည်တော် ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာပြခန်း (ဆောက်လုပ်ဆဲ) နှင့်ကပ်လျက်နေရာတွင်လည်း ပေ ၄၀× ပေ ၂၀ အကျယ် နှစ်ထပ်လေးခန်းတွဲတိုက်ခန်း ၁၂ လုံးကို ၂၀၁၀ ပြည့်နှစ် မတ်လဆန်းမှစ၍ အဝေမ်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း၊ ယင်းတိုက်ခန်းများတွင် လေးခန်းတွဲတိုက်ခန်းများ ပါဝင်သလို ငါးခန်းတွဲတိုက်ခန်းများလည်းပါဝင်ကြောင်း စုံစမ်းသိရှိရသည်။

**မင်းသုနိုင်**

# ကြာကွင်းကျေးရွာအုပ်စုရှိ ကျောက်တောင် တစ်လ လမ်းခင်းကျောက် ကျင်း ၇၀၀ ကျော်ရ

**ငပုတော၊ မတ် ၂၁**

ဧရာဝတီတိုင်း ငပုတောမြို့နယ် ကြာကွင်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်တောင်မှ တစ်လလျှင် လမ်းခင်းကျောက် ကျင်းပေါင်း ၇၀၀ ကျော်အထိရရှိကြောင်း အဆိုပါကျောက်တောင်အတွင်း ကျောက်ထုတ်လုပ်နေသည့် ကျောက်ထုတ်စခန်းထံမှသိရသည်။

ယင်းမှရရှိသော ကျောက်များကို ယခင်က အေးရှားဝေါလ်ကုမ္ပဏီက အလုဆင်ကျောက်ထုတ်လုပ်ရေးအတွက် လာရောက်လုပ်ကိုင်ခဲ့ပြီး အရည်အသွေးမပြည့်မီသောကြောင့် ဆက်မလုပ်တော့ကြောင်း၊ ထို့နောက် ပုသိမ်မြို့လုပ်ငန်းရှင်တစ်ဦးက ကျောက်ထုတ်လုပ်ခွင့်ကို ၂၀၀၅ ခုနှစ်တွင် ရရှိပြီး ယခုအချိန်အထိ ထုတ်လုပ်ဆဲဖြစ်ကြောင်း၊ ရရှိလာသောကျောက်များကို သင်္ဘောဖြင့် သယ်ဆောင်ကာ ပုသိမ်၊ ဧရာဝတီတိုင်း၊ တွံတေး၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်း စသည့်မြို့နယ်များသို့ ပို့ဆောင်ပေးရကြောင်း ယင်းကျောက်ထုတ်လုပ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကျောက်ထုတ်လုပ်ရေးစခန်းတွင် ဒေသခံလယ်သမားများလုပ်ကိုင်လျက်ရှိပြီး လုပ်အားခအနေဖြင့် ၁၀ ပေ ပတ်လည်အကျယ်၊ အမြင့်တစ်ပေရှိ ကျင်းတစ်ကျင်းလျှင် ကျပ် ၂၀၀၀ နှင့် ဆန်တစ်ပြည်ရရှိကြောင်း၊ ကျောက်ကောက်သောကလေးတစ်ဦးလျှင် နှစ်ပေ၊ လေးပေတစ်ကျင်းကို ကျပ် ၁၈၀၀ နှင့် ဆန်တစ်ပြည်ရရှိကြောင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်အရ ကျောက်မိုင်းခွဲခြင်း၊ ကျောက်ထုခြင်း၊ မော်တော်ယာဉ်ပေါ် အတင်အချပြုလုပ်ရခြင်း၊ သင်္ဘောပေါ် အတင်အချပြုရခြင်း စသည်တို့ကိုပြုလုပ်ရကာ ဒေသခံလုပ်သား ၁၃၀ ကျော်ကို အလုပ်ပေးထားနိုင်ကြောင်း ၎င်းကရှင်းပြသည်။

ယခင်က လယ်စိုက်ခြင်း၊ ဓနိထိုးခြင်းမှ ယခုကျောက်စခန်းတွင် အလုပ်လုပ်နိုင်ပြီး မိမိလုပ်နိုင်သလောက် တစ်ရက်လျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ အထိရရှိကြောင်း၊ ကျန်းမာရေးမကောင်းပါက ဆေးကုသစရိတ်ကို ကြိုတင်ငွေအဖြစ်ရရှိပြီး နောက်ပိုင်းလုပ်အားခထဲမှ ပြန်လည်ပေးဆပ်ရကြောင်း အဆိုပါကျောက်စခန်းတွင် ကျောက်ထုရသူလုပ်သားတစ်ဦးက ဆိုသည်။

အဆိုပါကျောက်တောင်၏အရှေ့ဘက်တွင် ကန်သုံးဆယ်ကျေးရွာ၊ ကြာကွင်းကျေးရွာ၊ အိတ်စပုံကျေးရွာ၊ အနောက်ဘက်တွင် ရေတွင်းကုန်းကျေးရွာ၊ ကံရွာ၊ တောင်ဘက်တွင် သော်ကကွင်း၊ ကုန်းမြင့်သာယာကျေးရွာ၊ မြောက်ဘက်တွင် လယ်စိုက်ခင်းများနှင့် ဓနိခင်းများရှိကြောင်း ဒေသခံများထံမှ သိရသည်။

■

www.foreverspace.com.mm

# ရွှေတိဂုံကုသိုလ်ဖြစ်ဆေးခန်း ဆရာဝန်များဖိတ်ခေါ်

**ရန်ကုန်၊ ဧပြီ ၂**

မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားပုထိုးများအနက် ဘုရားဖူးအများဆုံးလာရောက်ရာ ရွှေတိဂုံဘုရားရှိ ကျန်းမာရေးနှင့်ကုသိုလ်ဖြစ်ဆေးခန်းတွင် ဆရာဝန်အင်အားလိုအပ်နေ၍ ကုသိုလ်ဖြစ် လုပ်ကိုင်ပေးလိုသည့် ဆရာဝန်များကို ရွှေတိဂုံစေတီဂေါပကအဖွဲ့က ဖိတ်ခေါ်ထားကြောင်း အဆိုပါဆေးခန်းမှ ဆေးမှူး ဦးခင်မောင်လှက ပြောကြားသည်။

အဆိုပါကုသိုလ်ဖြစ်ဆေးခန်းသို့ ဘုရားဖူးရင်း ထိခိုက်ဒဏ်ရာရသူများနှင့် ဖျားနာမှုများအတွက် လာရောက်ကုသမှုခံယူလေ့ရှိကြောင်း၊ အများအားဖြင့် ရှေးဦးပြုစုကုသမှုကို ပြုလုပ်ပေးလေ့ရှိကြောင်း အဆိုပါဆေးခန်းမှ သူနာပြု ဦးသန်းညွန့်က ရှင်းပြသည်။

“တိုင်းရင်းဆေးနဲ့ အနောက်တိုင်းဆေးမှာ တိုင်းရင်းဆေးကို လာပြတာများတယ်။ တိုင်းရင်းဆေးက ဆေးရဖို့ လွယ်လည်းလွယ်တယ်။ အများဆုံးဖြစ်တဲ့ ဘုရားဖူးလာရင်း မူးမော်တာတို့၊ ခေါင်းကိုက်တာတို့၊ ဒူးမျက်တာတို့ဆိုရင် လာပြကြတယ်”ဟု ယခုလ ၁ ရက်နေ့တွင် ကုသိုလ်ဖြစ် တာဝန်ကျ တိုင်းရင်းဆေးဆရာ ဦးညွန့်တင်က ဆိုသည်။

**စေတနာ့ဝန်ထမ်းဆရာဝန်များ လိုအပ်လျက်ရှိသည်**



အရေးပေါ်ကျန်းမာရေးဆေးခန်းကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် တိုင်းရင်းဆေးဖြင့်ကုသမှုကိုလည်း စတင်ခဲ့ကြောင်း၊ ယင်းနောက် ၂၀၀၉ ခုနှစ်တွင် ကျန်းမာရေးနှင့် ကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်လှစ်ခဲ့ကြောင်း ဦးခင်မောင်လှနှင့် ဦးညွန့်တင်က ပြောကြားသည်။

အဆိုပါဆေးခန်းကို နံနက် ၇ နာရီမှ ည ၇ နာရီအထိ နေ့စဉ်ဖွင့်လှစ်ထားရှိပြီး ကုသိုလ်ဖြစ် တိုင်းရင်းဆေးဆရာ ၂၁ ဦးက သုံးဦးလျှင် တစ်ရက် အလှည့်ကျ နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကုသပေးလျက်ရှိကြောင်း၊ အနောက်တိုင်းဆေးဝါးများဖြင့်လည်း နေ့စဉ်ကုသပေးလျက်ရှိကြောင်း ၎င်းတို့နှစ်ဦးက ဆက်လက်ပြောကြားသည်။

“အခု နိုင်ငံခြားဆေးဝါးကုသမှုကို အထူးသဖြင့် အရေးပေါ်ကုသပေးမှုကို ဆေးလက်ထောက်တစ်ဦး၊ ခွဲစိတ်လက်ထောက်တစ်ဦးနဲ့ ဆေးခန်းအကူနှစ်ဦး ထားရှိကုသပေးနေပါတယ်။ ဆရာဝန် ပါရှိလာရင် ပိုကောင်းတာပေါ့”ဟု ဦးသန်းညွန့်က ပြောဆိုသည်။

တိုင်းရင်းဆေးလာရောက်ပြသသူဦးရေသည် တစ်ရက်လျှင် ၁၀ ဦးမှ ၁၅ ဦးအထိ ရှိတတ်ကြောင်း၊ အခါကြီး ရက်ကြီးများတွင် လာရောက်ကုသမှုခံယူသူ ၂၀ ဦးအထိရှိကြောင်း၊ ကျန်းမာရေးနှင့် ကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ကုသမှုခံယူသူ ၂၀၀၇ ခုနှစ်က ၃၇၈ ဦး၊ ၂၀၀၈ ခုနှစ်က ၈၇၅၀ ဦးနှင့် ၂၀၀၉ ခုနှစ်က ၁၀၃၉၆ ဦး ရှိခဲ့ကြောင်း၊ ယင်းအထဲတွင် မိုးတွင်းကာလ ရင်ပြင်တွင် ခြေချော်လဲကျရာမှ ထိခိုက်ဒဏ်ရာရသူ နိုင်ငံခြားသားအနေဖြင့် ၂၀၀၉ ခုနှစ်က တစ်ဦး၊ ၂၀၀၈ ခုနှစ်က လေးဦးရှိခဲ့ကြောင်း အဆိုပါဆေးခန်းစာရင်းများအရ သိရသည်။

■

www.foreverspace.com.mm



# ဘူးသီးတောင်-ကျော့ဘဇား ကားလမ်း ရာသီမရွေးသွားလာနိုင်ရန်ပြုပြင်

**ဘူးသီးတောင်၊ မတ် ၂၉**

ဘူးသီးတောင်မြို့နယ်မှ ကျော့ဘဇားကျေးရွာသို့ ကုန်းလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ရန် အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြန်လည်ပြုပြင်နေပြီဖြစ်ကြောင်း ယင်းမြို့ခံများထံမှ သိရသည်။

အဆိုပါကားလမ်းမှာ အရှည် ၁၂ မိုင်၊ အကျယ်ပေ ၁၂၀ ရှိပြီး ကားလမ်းတစ်လျှောက် ကျေးရွာပေါင်း ၂၇ ရွာကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ဘူးသီးတောင်–ကျော့ဘဇားကားလမ်းမှာ ယခင်ကပင် ဖောက်လုပ်ပြီးသားလမ်းပိုင်းတစ်ခုဖြစ်သော်လည်း လမ်းပေါ်ရှိတံတားများပျက်စီးလာခြင်းကြောင့် မော်တော်ယာဉ်များ သွားလာမှုနည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါကားလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်ခြင်း၊ လမ်းငယ်ရှိတံတားများကို အသစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့်အတွက် ကားလမ်းပြီးစီးပါက ကျော့ဘဇားဒေသထွက် ဝါးများကို မော်တော်ကားများဖြင့်သယ်ယူနိုင်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

**အောင်စေသော်**

# ဆက်သွယ်ရေးဖွံ့ဖြိုး၍ ဟိုင်းကြီးကျွန်း ငါးဒိုင်အချို့ အမြတ်အစွန်းနည်းပါးလာဟုဆို

**ရန်ကုန်၊ မတ် ၂၉**

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်း ဧရာဝတီတိုင်းတွင် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် တိုးချဲ့လုပ်ဆောင်ခဲ့ရာမှ သတင်းစီးဆင်းမှု မြန်ဆန်လာသဖြင့် ရန်ကုန်ဈေးကွက်နှင့် ငါးဖမ်းစက်လှေများအကြား ကြားခံကုန်သွယ်နေသည့် ဒေသခံငါးဒိုင်များ အမြတ်အစွန်း နည်းပါးလာကြောင်း ဟိုင်းကြီးကျွန်းဒေသရှိ ငါးဒိုင်အချို့ထံမှ သိရသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်လာမှုကြောင့် မြန်မာ့ပင်လယ်ပြင်သို့ထွက်၍ငါးဖမ်းသည့် ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများ၌ ကမ်းရိုးတန်း CDMA ဖုန်းများ ယူဆောင်သွားကြောင်း၊ ယင်းကြောင့် ပင်လယ်တွင်း၌ ငါးဖမ်းဆီးနေစဉ်မှာပင် ရန်ကုန်ဈေးကွက်ရှိ ယင်းငါးပေါက်ဈေးကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်သဖြင့် ဈေးအနိမ့်ပေးသည့်ငါးဒိုင်များသို့ ရောင်းချမှုနည်းပါးသွားကြောင်း၊ ဖမ်းဆီးရမိသည့်ငါးများကို ဒေသခံငါးဒိုင်များထံရောင်းချခြင်း သိသိသာသာနည်းပါးသွားပြီး ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ရောင်းချလာကြကြောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကပ္ပလီကျေးရွာမှ ငါးဖမ်းစက်လှေလုပ်ငန်းရှင် ဦးအံ့ကြီးက ပြောကြားသည်။

“အရင်တုန်းကလို အကျိုးအမြတ်က များများစားစားမရတော့ပေမယ့် ရှုံးတယ်ဆိုတာလည်း သိပ်မရှိတော့ဘူး။ အကျိုးအမြတ်က မျှတသွားတဲ့သဘောပေါ့”ဟု ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အမှတ် (၁) ရပ်ကွက်မှ ငါးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခင်က ပုသိမ်နှင့်ရန်ကုန် ငါးဈေးကွက်၏ နေ့စဉ်ငါးပေါက်ဈေးများကို ဟိုင်းကြီးကျွန်းသို့ ဆိုက်ကပ်သည့် ကုန်တင်စက်လှေများနှင့် ခရီးသည်တင်သင်္ဘောများထံမှသာ စုံစမ်းရသဖြင့် အချိန်များစွာနောက်ကျပြီးမှ ပေါက်ဈေးကို သိရှိရကြောင်း၊ ရန်ကုန်ငါးဈေးကွက်တွင် ငါးဈေးကောင်းရနေချိန်၌ ဒေသခံဒိုင်များက ငါးများကိုဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူထားနိုင်သဖြင့် ပြန်လည်တင်ပို့ရောင်းချရာတွင် အမြတ်အစွန်း များစွာရရှိခဲ့ကြောင်း၊ ရန်ကုန်ဈေးကွက်တွင် ဈေးကျနေချိန်၌လည်း ငါးများဈေးကောင်းပေး၍ ဝယ်ယူထားသဖြင့် ပြန်လည်တင်ပို့ရောင်းချရာတွင် အရင်းပြန်မရသည်အထိ ရှုံးခြင်းများလည်း တစ်ခါတစ်ရံရှိတတ်ကြောင်း၊ ယခုအခါ ကမ်းရိုးတန်း CDMA 450 MHz နှင့် ငါးသိန်းတန်ဖုန်းများထွက်ပေါ်လာမှုကြောင့် ငါးလုပ်ငန်းရှင်များ၊ ငါးဖမ်းစက်လှေများ၊ ငါးဒိုင်များက နေ့စဉ် ရန်ကုန်ပေါက်ဈေးကို ဖုန်းဖြင့်ဆက်သွယ်၍ သိရှိနိုင်ပြီဖြစ်သဖြင့် ယခင်ကဲ့သို့ အကျိုးအမြတ် မများပြားတော့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ဧရာဝတီတိုင်းတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ၂ နှစ်ကာလအတွင်း ကမ်းရိုးတန်း CDMA 450 MHz ဖုန်း အလုံးရေ ၁၈,၀၀၀ နီးပါး ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ရာ ယင်းပမာဏသည် နာဂစ်မုန်တိုင်းမတိုင်မီ ငှားရမ်းအသုံးပြုခွင့်ပေးထားသည့် ဖုန်းအလုံးရေထက် ငါးဆခန့်ပိုမိုများပြားကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌သာ အသုံးပြုနိုင်သည့် Prepaid Local Mobile(ကျပ် ငါးသိန်းတန်) ဖုန်း ၁၀၁၇ လုံးကို ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ညောင်တုန်း၊ ကြံခင်း၊ မော်လမြိုင်ကျွန်းနှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲတို့တွင် ငှားရမ်းအသုံးပြုခွင့်ပေးကြောင်း၊ လူဦးရေ ၇ ဒသမ ၆ သန်းရှိသည့် ဧရာဝတီတိုင်းတွင် နာဂစ်မတိုင်မီက လူတစ်ရာလျှင် ဖုန်းသုံးစွဲနိုင်သူ ၀ ဒသမ ၄၇ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ယခုအခါ လူဦးရေ ၁၀၀ တွင် ဖုန်းသုံးစွဲနိုင်သူ ၀ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ဧရာဝတီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm



# နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ ၅၀ ကျော်ပါဝင်မည့် အင်္ဂလိပ်စာသင်ကြားမှုညီလာခံ မြန်မာနိုင်ငံ၌ကျင်းပမည်

**ရန်ကုန်၊ ဧပြီ ၃**

နိုင်ငံတကာမှ ဟောပြောမည့်သူ ပညာရှင်များ၏ အလုပ်ရုံဆွေးနွေးပွဲပေါင်း ၅၀ ကျော်ပါဝင်မည့် (၁၁) ကြိမ်မြောက် နိုင်ငံတကာအင်္ဂလိပ်စာသင်ကြားမှုဆိုင်ရာ ညီလာခံကို ဗြိတိသျှကောင်စီနှင့် ELTeCS မြန်မာတို့ပူးပေါင်းစီစဉ်မှုဖြင့် လာမည့် မေလ ၂၂ ရက်နှင့် ၂၃ ရက်နေ့တို့တွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပမည် ဖြစ်ကြောင်း ဗြိတိသျှကောင်စီက သတင်း ထုတ်ပြန်သည်။

အဆိုပါညီလာခံတွင် အမေရိကန်စင်တာ၊ မြန်မာ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိုမန်၊ အိန္ဒိယ၊ နီပေါ၊ မလေးရှား၊ ရူမေးနီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ စင်ကာပူ၊ တရုတ် (တိုင်ပေ) နှင့် ဗြိတိန်နိုင်ငံတို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ဗြိတိသျှကောင်စီရုံးများ၊ မြန်မာနိုင်ငံအတွင်းရှိ သင်တန်းကျောင်းများမှ ဟောပြောမည့်သူများ၏ အလုပ်ရုံဆွေးနွေးပွဲပေါင်း ၅၀ ကျော် ပါဝင်မည်ဖြစ်ပြီး စာသင်ခန်းအတွင်း အရည်အသွေးပြည့်မီရေး၊ အကောင်းဆုံး သင်ကြားပို့ချပေးရေး၊ ဆရာ၊ ဆရာမများ အကောင်းဆုံး သင်ကြားနိုင်အောင်ကူညီပံ့ပိုးပေးမည့် ချဉ်းကပ်သင်ကြားပေးနည်းများနှင့် စာသင်ခန်းအတွင်း ကျောင်းသားကျောင်းသူများ တက်ကြွစွာ ပါဝင်လေ့ကျင့်နိုင်မည့်လေ့ကျင့်ခန်းများကို မီးမောင်းထိုးဦးစားပေးဆွေးနွေးကြမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ယခုနှစ်ကျင်းပမည့် ယင်းညီလာခံတွင် Bedfordshire တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာစကားအကဲဖြတ်ခြင်းနှင့် နည်းပညာကျွမ်းကျင်သူ Dr.Stephen Bax က အရှေ့အာရှနိုင်ငံများတွင် ၎င်းသုတေသနပြုလုပ်ခဲ့သော အတွေ့အကြုံများကိုလည်းကောင်း၊ ဗြိတိသျှကောင်စီလေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ မန်နေဂျာ Liam Brown က ဆရာတစ်ဦးဖွံ့ဖြိုးမှုအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာအသိပညာများနှင့် အရည်အသွေးတို့ မည်သို့မည်ပုံအထောက်အကူပြုသည်ကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗြိတိသျှကောင်စီမှ ဒါရိုက်တာ Alan Smart က ELTe CS (English Language Teaching Contacts Scheme) နှင့်စပ်လျဉ်း၍လည်းကောင်း ဟောပြောရှင်းလင်းသွားကြမည် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ ELTeCS အသင်းဝင် ၁၀၀၀ ဦးကျော်ရှိပြီး အများစုမှာ အစိုးရနှင့် ပုဂ္ဂလိကတက္ကသိုလ်များ ကျောင်းများမှ အင်္ဂလိပ်စာဆရာ၊ ဆရာမများဖြစ်ကြကာ မန္တလေးမြို့တော်မှပင်ပါဝင်ကြောင်း၊ အဆိုပါ အင်္ဂလိပ်စာသင်ကြားမှုဆိုင်ရာညီလာခံနှင့် ELTeCS တို့နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီ ဖုန်းနံပါတ် ၂၅၄၆၅၈၊ ၂၅၆၂၉၀၊ ၂၅၆၂၉၁၊ လိုင်းခွဲ ၃၃၁၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ဗြိတိသျှကောင်စီထံမှ စုံစမ်းသိရှိရသည်။

# နာဂစ်ဒေသ နည်းပညာအထက်တန်းကျောင်းသုံးကျောင်းဖွင့်

**ရန်ကုန်၊ မတ်လ ၂၉**

နာဂစ်မုန်တိုင်းဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသများဖြစ်သော ပြင်စလူ၊ ချောင်းဝနှင့် အမာဒေသတို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းသုံးကျောင်း ဖွင့်လှစ်ထားကြောင်း ပုသိမ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ထိုက်သူက ပြောကြားသည်။

"ရှစ်တန်းအောင်လို့ ဒီကျောင်းမှာ စတက်ကတည်းက စနစ်တကျကြိုးစားသွားမယ်ဆိုရင် ပေါင်းကူးတွေ တစ်ဆင့်ပြီးတစ်ဆင့် ဆက်တက်ပြီး နောက်ဆုံး Ph.D ဘွဲ့အထိ ရရှိနိုင်ပါတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ အစိုးရနည်းပညာအထက်တန်းကျောင်းများကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း ၃၀ နီးပါးရှိကြောင်း၊ ယင်းကျောင်းများတွင် Building၊ Electrical၊ Electronic၊ Auto Mechanic နှင့် Mechanical ဟူသည့် ဘာသာရပ်ငါးခုသင်ကြားပေးလျက်ရှိပြီး ပညာသင်နှစ် ၂ နှစ်သတ်မှတ်ထားကြောင်း၊ ဒုတိယနှစ်ဖြေဆိုအောင်မြင်ပါက အောင်လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး အရည်အချင်းပြည့်မီပါက AGTI တွင် ၂ နှစ်၊ B.Tech တွင် ၂ နှစ်နှင့် B.E တွင် တစ်နှစ် ဆက်လက်တက်ရောက်ကာ B.E ဘွဲ့အထိရရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစိုးရနည်းပညာအထက်တန်းကျောင်းတွင် ကျောင်းဝင်ကြေး ၁၈၀၀ ကျပ်သာပေးသွင်းရပြီး စာအုပ်စာတမ်း၊ ယူနီဖောင်းနှင့် သင်ထောက်ကူပစ္စည်းအနည်းငယ် ထပ်မံ

www.foreverspace.com.mm





ဝယ်ယူရကြောင်း၊ နေ့စဉ်စာသင်ချိန် လေးချိန်နှင့် လက်တွေ့အချိန် သုံးချိန်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ချောင်းဝအစိုးရနည်းပညာအထက်တန်းကျောင်းမှ Auto Mechanic ဘာသာရပ်ဖြင့် ပထမနှစ် တက်ရောက်သင်ကြားနေသူ မောင်ခွန်သန်းအောင်က ဆိုသည်။

လက်တွေ့အားပြုကျောင်းဖြစ်သည့်အတွက် GTHS အောင်လက်မှတ်ရပြီး ပြင်ပလုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်ပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်လုပ်သားအဖြစ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ပုသိမ်အစိုးရနည်းပညာအထက်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများဖြင့်သာ အဓိက စီးပွားရေးလုပ်ငန်းများအဖြစ်ရပ်တည်နေသည့် ဧရာဝတီတိုင်းတွင် အစိုးရနည်းပညာအထက်တန်းကျောင်းများထွက်ပေါ်လာခြင်းဖြင့် ကျောင်းသားကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် စက်မှုလက်မှုလုပ်ငန်းအသစ်များထွက်ပေါ်လာရန် များစွာအထောက်အကူပြုနိုင်ကြောင်း ပုသိမ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# တက္ကသိုလ်များတောင်တက်အသင်း မုန်တိုင်းသင့်ကျေးရွာများ၌ တံတားတည်ဆောက်မည်

**ရန်ကုန်၊ ဧပြီ ၅**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရွာလုံးကျွတ်နီးပါးပျက်စီးဆုံးရှုံးခဲ့ရသော ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စု သံဒိတ်မြစ်ဝရှိ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် ကျေးရွာသုံး ချောင်းကူးတံတားတစ်စင်းနှင့် ဆိပ်ခံတံတားတစ်စင်းတို့ကို တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါအသင်းအနေဖြင့် ဥတိုတိုးချဲ့ကျေးရွာ၌ မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ပျက်စီးယိုယွင်းလျက်ရှိသော ကျေးရွာချောင်းကူးတံတားနှင့် ရေတွင်းကုန်းနှင့် သံဒိတ်ကျေးရွာတို့တွင် လှေနှင့်ရေယာဉ်များ ဆိုက်ကပ်နိုင်ရန် ဆိပ်ခံတံတားတစ်ခုတို့ကို အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းတံတားနှစ်စင်းအတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၃၅ သိန်းခန့်မှန်းထားကြောင်း ၎င်းက ဆိုသည်။



www.foreverspace.com.mm

အလားတူ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ကွမ်းခြံကုန်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ မုန်တိုင်းဒဏ်ကြောင့် လုံးဝပြိုကျပျက်စီးသွားသော သာသနာ့နန္ဒဒီပဘုန်းတော်ကြီးကျောင်းကိုလည်း တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း၏ မတည်မှုဖြင့် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းမှ စတင်၍ပြန်လည်တည်ဆောက်လျက်ရှိရာ စုစုပေါင်းကျပ်သိန်း ၄၅၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ယာယီစံကျောင်းဆောင်ဖြင့် သီတင်းသုံးနေရသော အဆိုပါကျောင်းတိုက် ကျောင်းတိုင်ဆရာတော် ဦးနန္ဒိယက Living Color သို့ မိန့်ကြားသည်။

တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အထက်ပါ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့တွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးလုပ်ငန်းများကို စေတနာရှင်များနှင့် အသင်းဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ယနေ့ထက်တိုင် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ် မတ်လကုန်အထိ စုစုပေါင်းကျပ်သိန်း ၃၇၀၀ ကျော်အကုန်ကျခံပြီး ပံ့ပိုးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါအသင်းထံမှ စုံစမ်းသိရှိရသည်။

**အခြေခံအဆောက်အဦများ ပြန်လည်တည်ဆောက်ရန် လိုအပ်နေသေးသည်**



"အခုရွာထဲမှာ တောင်တက်အသင်းရဲ့ စီစဉ်မှုနဲ့ နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာ ပညာဒါနသင်တန်းဖွင့်ထားတယ်။ ဒီရွာသုံးရွာကရော၊ ပတ်ဝန်းကျင်ကျေးရွာတွေကရော သင်တန်းသား ၁၀၀ လောက်တက်နေကြတယ်။ သင်တန်းကာလက နှစ်လပါ။ ကျွန်တော်တို့ရွာအခြေအနေနဲ့ ဒီလိုသင်တန်းမျိုးကို ရန်ကုန်မှာ ငွေကုန်ကြေးကျခံပြီး သွားမတက်နိုင်ကြပါဘူး။ ရွာကကလေးတွေအတွက် အခွင့်အရေးတစ်ရပ်ပါပဲ" ဟု ရေလုပ်ငန်းဖြင့် အသက်မွေးကြသော ရေတွင်းကုန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမြဝင်းက ရှင်းပြသည်။

အဆိုပါ မုန်တိုင်းဒဏ်သင့်ကျေးရွာချောင်းကူးတံတား၊ ဆိပ်ခံတံတားနှင့် ဘုန်းတော်ကြီးကျောင်းတည်ဆောက်ရေးတို့တွင် ထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် တွဲဖက်ပါမောက္ခ ဦးမျိုးသန့် (ဥက္ကဋ္ဌ၊ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း) ဖုန်း-၀၉-၅၀၁၀၇၅၄၊ ၅၃၅၇၉၈၊ ဒေါ်နီနီအေး (ဥက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း) ဖုန်း ၀၉-၅၀၀၆၇၈၇၊ ၃၈၈၂၆၂၊ ဦးကျော်နိုင် (အမှုဆောင်၊ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း) ဖုန်း-၆၄၃၉၂၅၊ ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ဦးဇော်မျိုးဝင်း (ဥက္ကဋ္ဌ၊ ဘန့်ဘွေးကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၉-၈၆၄၁၃၂၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

# ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ ထောက်လှမ်းရေးကင်မရာတိုးချဲ့တပ်ဆင်မည်ဟုဆို

**မန္တလေး၊ မတ်လ ၂၉**

မြန်မာနိုင်ငံရှိ မျိုးတုံးပျောက်ကွယ်လုလုကျားမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ထားသော ဟူးကောင်းတောင်ကြားဘေးမဲ့တော၏ ကျားထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ယမန်နှစ်က ကင်မရာထောင်ချောက် ၂၅ စုံဖြင့်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ယင်းကင်မရာများ တိုးချဲ့တပ်ဆင်ရန်ရှိကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးဦးမြင့်မောင်က ပြောကြားသည်။

၂၀၀၉-၂၀၁၀ ပွင့်လင်းရာသီ၌ ယင်းကင်မရာ ၂၅ စုံကို တစ်နေရာလျှင် ငါးစုံစီတပ်ဆင်ထားပြီး ကျားခြေရာ၊ ကျားမစင်များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ မှတ်တမ်းများအရ ကျားကျက်စားရာနေရာ ခုနစ်နေရာတွေ့ရှိပြီး တစ်နေရာတွင် မိသားစုဝင် လေးကောင်မှ ခြောက်ကောင်အထိ တွေ့ရကာ အနည်းဆုံး ၂၈ ကောင်မှ ၄၀ ကောင်အထိရှိကြောင်း ၎င်းကဆိုသည်။

ယင်းဘေးမဲ့တောတွင် ကျားထိန်းသိမ်းရေးကင်းစခန်းလေးခုရှိရာ ရှင်ဗွေယန်

www.foreverspace.com.mm



ကင်းစခန်း၊ တရုံကင်းစခန်း၊ ကဝမ်ကင်းစခန်း၊ ဂျမ်းဂူကင်းစခန်းတို့ ဖြစ်သည်။

ထို့အပြင် WCS က အထောက်အကူပြုသင်တန်းပို့ချထားသည့် ဒေသခံကင်းသားများ၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ကင်းစခန်းဖွံ့ဖြိုးရေး၊ သားငှက်လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု ဦးမြင့်မောင်က ဆိုသည်။

ယင်းလုပ်ငန်းများအထောက်အကူပြုစေရန် အမေရိကန်အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) က နည်းပညာ၊ ရိက္ခာ၊ ထောက်ပံ့ငွေ၊ လုပ်ငန်းသုံးပစ္စည်းများ ကူညီလျက်ရှိကြောင်း WCS မြန်မာမှ Northern Forest Complex Coordinator ဦးစောထွန်းက ဖြည့်စွက်ပြောကြားသည်။

ဟူးကောင်းဘေးမဲ့တောသို့ ပြည်ပမှ ပညာရှင်များလာရောက်သည်ကို တွေ့ရပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက WCS မှ ကျွမ်းကျင်ပညာရှင် Dr.Emma Stokes လာရောက်ကာ ကချင်ပြည်နယ် တနိုင်း၊ ရှင်ဗွေယန်၊ နန်းယွန်းမြို့နယ်တို့တွင် ဟူးကောင်းဘေးမဲ့တော သုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

WCS က ကျားထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်အတွက် ၂၀၁၀ ပြည့်နှစ်အတွင်း အဆင့်မြင့်ကင်မရာ ၁၀ လုံးမှ ၂၀ လုံးအထိ ထောက်ပံ့မှုများပြုလုပ်ရန်ရှိကြောင်း ဦးစောထွန်းက ဆိုသည်။



တစ်စတစ်စ မျိုးတုံးပျောက်ကွယ်တော့မည်ဖြစ်သည်

သားငှက်မျိုးစိတ်များအပါအဝင် သစ်တောထိန်းသိမ်းရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန် သတ်မှတ်ဧရိယာ ၂၄၆၀ စတုရန်းမိုင် အပြင်ဆက်စပ်ဧရိယာ ၅၉၅၈ စတုရန်းမိုင်ကို အတည်ပြုပေးရန် အဆိုပြုထားပြီး အတည်ပြုပြီးပါက ဟူးကောင်းဘေးမဲ့တောသည် ဧရိယာစတုရန်းမိုင် ၈၄၁၈ ကျယ်ဝန်းမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်ရှစ်မျိုးရှိသည့်အနက် ငါးမျိုးသာအသက်ရှင်ကျန်လျက်ရှိရာ ၎င်းတို့မှာ ကောင်ရေလျော့နည်းလာပြီး ၂၀ ရာစုအတွင်း ကောင်ရေတစ်သိန်းမှ ကောင်ရေ ငါးထောင်အထိ လျော့နည်းလာသည်ဟု WCS မှထုတ်ဝေသော မှတ်တမ်းများတွင် ဖော်ပြသည်။

မြန်မာနိုင်ငံတွင် ဘင်္ဂလားကျား (Bengal Tiger) နှင့် အင်ဒိုချိုင်းနားကျား (Indochina Tiger) နှစ်မျိုး ကျက်စားနေထိုင်ကြောင်း မှတ်တမ်းများအရ သိရှိသည်။

**ရဲဝင်းနောင်**

# နေပြည်တော်တွင် ကုန်စည်ပို့ဆောင်ရေးဂိတ်လုပ်ငန်းလုပ်ကိုင်လိုသူ လျှောက်ထားနိုင်

**နေပြည်တော်၊ ဧပြီ ၁**

နေပြည်တော်နှင့် နေပြည်တော်ဒေသ (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း) မြို့နယ်တို့တွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဂိတ်များလုပ်ကိုင်လိုသူများသည် နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) သို့ လျှောက်လွှာတင်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက တရားဝင်မြို့တွင်းကုန်စည်ဂိတ်အဖြစ် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) လက်ထောက်ဌာနမှူး ဦးစိုးကြီးက ပြောကြားသည်။

နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ်များအတွင်း နေ့စဉ်သွင်းကုန်၊ ထွက်ကုန်များကို ကုန်စည်ဂိတ်များဖွင့်လှစ်၍ မြို့တွင်းကုန်စည်ပို့ဆောင်ရေး ကုန်တင်၊ ကုန်ချလုပ်ငန်းများကို ယခင်က ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းဆောင်ရွက်မှုရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ဆန်းပိုင်းမှစတင်ပြီး နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ်တွင်း မြို့တွင်းကုန်စည်ဂိတ်များကို နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) သို့ တရားဝင်လျှောက်လွှာမတင်ဘဲ လုပ်ကိုင်ပါက ကုန်စည်ဂိတ်ကို ပိတ်သိမ်းအရေးယူ

www.foreverspace.com.mm

မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

နေပြည်တော်နှင့်နေပြည်တော်ဒေသ မြို့နယ်များတွင် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်းများ အဓိကဆောင်ရွက်ရာနေရာမှာ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်ပြီး သွင်းကုန်ပစ္စည်းများအဖြစ် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးပစ္စည်း၊ ဘိလပ်မြေ၊ စိုက်ပျိုးရေးဆေးပစ္စည်းနှင့် ဒေသထွက်ကုန်ပစ္စည်းအဖြစ် ပဲမျိုးစုံ၊ ကုန်စိမ်းသီးနှံပစ္စည်းများဖြစ်ကြောင်း ဦးစိုးကြီးက ပြောကြားသည်။

နေပြည်တော်နှင့်နေပြည်တော်ပျဉ်းမနားမြို့အတွင်းသို့ ခြောက်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီး မော်တော်ယာဉ်ကြီးများဖြင့် နေ့စဉ်ဝင်ထွက်နေသည့်ကုန်ပစ္စည်းများကို ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းမှတစ်ဆင့် မြို့တွင်းသို့ ကုန်စည်ပို့ဆောင်ရေးယာဉ်ငယ်များ (သုံးတန်ယာဉ်) များဖြင့် ပြန်လည်သယ်ယူဖြန့်ဖြူးလျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၌ မြို့တွင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို ကုန်စည်ဂိတ်များဖြစ်သည့် စုပေါင်းဂိတ်နှင့် ဒေါ်ခင်မာရီဂိတ်နှစ်ခုတို့မှ ကုန်တင်/ကုန်ချဆောင်ရွက်နေကြပြီး သွင်းကုန်ပစ္စည်းများမှာ ရန်ကုန်၊ မန္တလေးမြို့တို့မှ အဝင်များကာ ၎င်းတို့အနက် ဘိလပ်မြေမှာ ကုန်ဝင်အများဆုံးဖြစ်ကြောင်း၊ ထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ဒေသထွက်ကုန်ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံများကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ၊ သီရိမင်္ဂလာဈေးနှင့် မန္တလေးသို့ အများဆုံးတင်ပို့ကြောင်း ယင်းဂိတ်များထံမှ စုံစမ်းသိရှိရသည်။

ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ဝင်ရောက်လာသည့် သွင်းကုန်ပစ္စည်း ကုန်တင်မော်တော်ယာဉ်ကြီး တစ်ရက်လျှင် ၁၅ စီးခန့်ရှိပြီး ထွက်ကုန်ပစ္စည်းတစ်ရက်လျှင် မော်တော်ယာဉ်ကြီး ၁၁ စီးခန့်ရှိကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ထံမှ စုံစမ်းသိရှိရသည်။

**မင်းသုနိုင်**

# နေပြည်တော် National Landmark ဥယျာဉ် ခရီးသည်တင်ယာဉ်များ ဝင်ရောက်ပြေးဆွဲခွင့်ပြုမည်

**နေပြည်တော်၊ မတ် ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmark Garden) ဖွင့်လှစ်ပြီးနောက်ပိုင်း နေပြည်တော်ဒေသတွင်း မြို့နယ်နှင့် အခြားမြို့နယ်များမှ လာရောက်အပန်းဖြေလေ့လာလိုသူများအတွက် ဥယျာဉ်အတွင်းသို့ ခရီးသည်တင်ယာဉ်များဝင်ရောက်ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါ နေပြည်တော် National Landmark Garden အတွင်းသို့ မြို့တွင်းပြေးခရီးသည်တင်ယာဉ်များ ဝင်ရောက်ပြေးဆွဲမည်ဖြစ်ရာ ဘတ်စ်ကားမှတ်တိုင်နေရာများစနစ်တကျသတ်မှတ်နိုင်ရေးနှင့် Bus Stand ဆောက်လုပ်ရန် လိုအပ်သည့်နေရာများကို နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မ.ထ.သမြို့တွင်း) နှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါဥယျာဉ်ကို နေပြည်တော် ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီး မြေဧက ၄၀၀ ပေါ်တွင် မြန်မာနိုင်ငံမြေပုံအတိုင်း ပုံစံတူအကွက်ချပြီး ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အထင်ကရစေတီပုထိုးများ၊ လိုဏ်ဂူများ၊ မြစ်ကူးတံတားကြီး

www.foreverspace.com.mm



များ၊ တောင်များ၊ ရေကန်နှင့် အင်းအိုင်များ၊ ဆည်ကြီးများ၊ ရေတံခွန်များ၊ ကမ်းခြေနှင့် ကျွန်းများ စသည်တို့ဖြင့် ပုံစံဖော်၍ ဆောက်လုပ်ရေးလုပ်ငန်းရှင်အဖွဲ့ကိုးဖွဲ့က ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အလားတူ ရန်ကုန်မြို့၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ်ကလည်းကောင်း၊ ပြင်ဦးလွင်မြို့၌ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ၂၀၀၆ ခုနှစ်ကလည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

**မင်းသုခိုင်**



# မန္တလေးကထိန်တော်အသင်း AFTA အတွက်ပြင်ဆင်


**မန္တလေး၊ ဧပြီ ၁**

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် လာမည့် ၂၀၁၅ ခုနှစ်တွင် ASEAN Free Trade Area (AFTA) အတွင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ရာ အထက်မြန်မာနိုင်ငံ၌ ကောက်ပဲသီးနှံများဖလှယ်ရောင်းဝယ်ရာ အဓိကကုန်စည်ဒိုင်ကြီးဖြစ်သော မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းသည်လည်း AFTA အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် AFTA နှင့်ပတ်သက်၍ အသင်းသားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းအချက်အလက်များဖော်ပြခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအသင်းထံမှ စုံစမ်းသိရှိရသည်။

လက်ရှိအသင်းတွင် LCD TV ဖြင့် နေ့စဉ်နိုင်ငံတကာကုန်စည်ပေါက်ဈေးများကို ဖော်ပြပေးခြင်း၊ ကုန်ဈေးနှုန်းသတင်းများကို ရိုက်နှိပ်ထုတ်ပြန်ခြင်း၊ Alpha Co., Ltd. ၏ နည်းပညာပံ့ပိုးမှုဖြင့် Software အသုံးပြု၍ ကွန်ပျူတာစနစ်ဖြင့် စာရင်းများထားရှိခြင်း၊ ဈေးနှုန်းသတင်းများထုတ်ပြန်ခြင်း၊ မိုဘိုင်းလ်ဖုန်းများ၊ ကွန်ပျူတာများ၊ ဖက်စ်များဖြင့် ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အပြင် မကြာမီ အင်တာနက်ချိတ်ဆက်ပြီး ကွန်ပျူတာ Network စနစ်ဖြင့် Information Network သတင်းအချက်အလက်ကွန်ရက်ထူထောင်ရန် စီစဉ်လျက်ရှိသည်။

၁၉၃၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော အဆိုပါအသင်းကြီးတွင် ယခုအခါ ပွဲစား၊ ကုန်သည်၊ စက်ပိုင် အသင်းသား ၂၀၃၄ ဦးနှင့် ကိုယ်စားလှယ် ၂၇၃၃ ဦးရှိပြီး နေ့စဉ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအမျိုးအမယ် ၁၀၀ ခန့်ကို ဈေးနှုန်းသတ်မှတ် ရောင်းဝယ်ဖောက်ကားလျက်ရှိ သည်။

**အထက်မြန်မာပြည်၏ အကြီးဆုံးကုန်စည်ဒိုင်ဖြစ်သည်**



www.foreverspace.com.mm



# နေပြည်တော်ရေပန်းဥယျာဉ် ပေ ၄၀ မြင့် မျှော်စင်တည်ဆောက်

**နေပြည်တော်၊ မတ် ၉**

နေပြည်တော်တွင် ဧရိယာအကျယ် ၇၅ ဧကရှိ ရေပန်းဥယျာဉ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း Phase (3) ကို ဆောင်ရွက်လျက်ရှိရာ အဆင့်သုံးဆင့်ရှိ ပေ ၄၀ အမြင့် မျှော်စင်တစ်ခုအပါအဝင် ၃ ဒသမ ၈၁ ဧကရှိ ရေကန်တစ်ခု၊ အပန်းဖြေနားနေရန် ဘန်ဂလို လေးလုံး၊ ရေပန်းဥယျာဉ်တောတန်းအတွင်း လူလျှောက်လမ်းများ၊ တောသံ၊ ကျေးငှက်သံစုံများကို နေရာအနှံ့မှ ကြားနိုင်ရန် အသံစနစ်ဖန်တီးခြင်း စသည်တို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော်ရေပန်းဥယျာဉ်စီမံကိန်း အဆင့် (၃) (Phase-3) ဧရိယာအတွင်း သစ်ပင်၊ သစ်တောများ စိမ်းလန်းသာယာရေးအတွက် နှစ်ရှည်တန်ဖိုးရှိအပင်ကြီးများဖြစ်သည့် ကျွန်း၊ ပိတောက်၊ အင်ကြင်းပင်များကို စိုက်ပျိုးထားရှိမည်ဖြစ်ကြောင်း၊ ရေပန်းဥယျာဉ် Phase 3 တည်ဆောက်ရေးလုပ်ငန်းများကို နောင်တုံ၊ IGE ဆောက်လုပ်ရေးကုမ္ပဏီတို့နှင့်အတူ ရေစုပ်စက်၊ ရေပန့်များနှင့်ပတ်သက်ပြီး ဟန်စိန်သန့်ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နေပြည်တော် ရေပန်းဥယျာဉ်ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်းဧရိယာ ၁၆၅ ဧကတွင် Phase 1 မှာ ၆၅ ဧက၊ Phase 2 မှာ ၂၅ ဧကနှင့် Phase 3 မှာ ၇၅ ဧက အသီးသီးရှိသည်။ နေပြည်တော် ရေပန်းဥယျာဉ်အပန်းဖြေသူများအတွက် ဝင်ကြေး လူကြီး ၂၀၀ ကျပ်၊ ကလေး ၁၀၀ ကျပ် သတ်မှတ်ထားသည်။

**မင်းသုခိုင်**

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite) ၊ အမှတ် ( ၅ ) ၊

အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



www.foreverspace.com.mm



# ၂၀၁၀ ရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးအသွင်သစ်

ကျော်ဆန်းမင်း၊ အောင်စိုး



**ကမ္ဘာ့**နိုင်ငံများ၏သမိုင်းကြောင်းကိုလေ့လာကြည့်လျှင် သူ့နည်းသူ့ဟန်နှင့် မတူကွဲပြားသည့် သမိုင်းကြောင်းများရှိသကဲ့သို့ မြန်မာနိုင်ငံသမိုင်းကြောင်းကို လေ့လာကြည့်လျှင်လည်း အခြားကမ္ဘာ့နိုင်ငံများနှင့် မတူသည့် အကြောင်းအချက်များစွာကို ရှာတွေ့နိုင်မည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံသမိုင်းတွင် အမြင်ကွဲ၊ အယူအဆကွဲ၊ အုပ်စုကွဲများနှင့်အတူ အကွဲအပြဲ ဇာတ်လမ်းများ၊ ပြည်တွင်းစစ်ပါ။ ပညတ်ကွဲအနက်တူ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးအောက်မှ ဖြတ်သန်းခဲ့ရမှုများ စသဖြင့် စိတ်ဝင်စားဖွယ် ကိစ္စရပ်များအပြင် ကျင်းပမည်ဟု ကြေညာထားသော ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူအမျိုးမျိုး၊ ပါတီအထွေထွေတို့၏ သဘောထားများမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ၂၀၁၀ ရွေးကောက်ပွဲကျင်းပရန် ရွေးကောက်ပွဲ ဥပဒေများ ထုတ်ပြန်ထားသကဲ့သို့ ရွေးကောက်ပွဲဝင်ရန် ပါတီတည်ထောင်ခွင့်လျှောက်ထားနေသူများရှိသလို အနှစ်နှစ်ဆယ်ကြာ ရပ်တည်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲမဝင်ရန်ဆုံးဖြတ်ခြင်း စသဖြင့် မျက်မှောက်မြန်မာနိုင်ငံရေးမှာ စိတ်ဝင်စားဖွယ်ကောင်းလာပြီဖြစ်သည်။ ထို့အတွက် အတိတ်သမိုင်းဖြစ်ရပ်များအပေါ် အခြေခံ၍ မျက်မှောက်မြန်မာ့နိုင်ငံရေးကောက်ကြောင်းနှင့် အသွင်သစ်မြန်မာ့နိုင်ငံရေးကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်လာပြီဖြစ်သည်။

## သမိုင်းကောက်ကြောင်း

မြန်မာနိုင်ငံကို ဗြိတိသျှတို့ ၁၈၂၄ ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင်တစ်ကြိမ် ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲသိမ်းပိုက်ခဲ့ရာမှ ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ပြီး ဘုရင်စနစ်ချုပ်ငြိမ်းခဲ့သည်။

မင်းနေပြည်တော် ဗြိတိသျှလက်အောက်ကျရောက်ပြီးချိန်မှစ၍ ၁၈၉၇ ခုနှစ်အထိ ကချင်အမျိုးသားများသည် မြန်မာ၊ ရှမ်းအမျိုးသားများနှင့်လည်းကောင်း၊ ကယားအမျိုးသားများသည် ရှမ်း၊ မြန်မာအမျိုးသားများနှင့်လည်းကောင်း၊ ကရင်အမျိုးသားများသည် မြန်မာ၊ မွန်အမျိုးသားများနှင့်လည်းကောင်း၊ ချင်းအမျိုးသားများသည် မြန်မာအမျိုးသားများနှင့်လည်းကောင်း၊ ရှမ်းအမျိုးသားများသည် ကချင်၊ ကယား၊ မြန်မာ၊ ဝအမျိုးသားများနှင့်လည်းကောင်း ပူးပေါင်း၍ လွတ်လပ်ရေးတိုက်ပွဲများဆင်နွှဲခဲ့ကြရာ ဗြိတိသျှတို့

www.foreverspace.com.mm





အနေဖြင့် တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို အမြစ်ပြတ်အောင် မနှိမ်နင်းနိုင်ဘဲ ဖြစ်နေရသည်။

၁၈၉၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သော မော်လမြိုင်တွင် သာသနာ့ဓာရအသင်း၊ မြင်းခြံတွင် ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးတွင် ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်း၊ ပခုက္ကူတွင် အလားတူဘာသာရေးအသင်းအဖွဲ့များ စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ယင်းအသင်းကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ) ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ယင်းဘာသာရေးအသင်းအဖွဲ့များမှာ နယ်ချဲ့တော်လှန်ရေးအတွက် အဓိကကျသော နိုင်ငံရေးအဖွဲ့အစည်းများ၏ ရှေ့ပြေးအသင်းအဖွဲ့များဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေကို ဂျီစီဘီအေအသင်းချုပ်ကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ

---

## " ၁၉၉၀ ရွေးကောက်ပွဲမှာ တပ်မတော်က ကြားနေသက်သက်ပဲ "

### မောင်စူးစမ်းနှင့်တွေ့ဆုံခြင်း

**ကျော်ဆန်းမင်း၊ အောင်စိုး**

**၂၀၁၀ ပြည့်နှစ်တွင်ကျင်းပမည်ဟုကြေညာထားသော ရွေးကောက်ပွဲနှင့်ပတ်သက်၍ သဘောထားအမျိုးမျိုး ထွက်ပေါ်လျက်ရှိရာ ယင်းအပေါ် မည်သို့သုံးသပ်မိသည်ကို သိရှိနိုင်စေရန် နိုင်ငံရေးစာပေများအား ရေးသားနေသူ မောင်စူးစမ်းနှင့် တွေ့ဆုံ၍ မေးမြန်းထားသည်များကို ပြန်လည်ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**L.C ။ ။ ၂၀၁၀ ရွေးကောက်ပွဲအပေါ် ဘယ်လိုမြင်ပါသလဲ။ သဘောတူခြင်း မတူခြင်းအပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။**

**MSS** ။ ။ ၁၉၉၀ ရွေးကောက်ပွဲက ၁၉၈၈ ရဲ့ Respond ပဲ။ ၈၈ အရေးအခင်းမှာ အာဏာသိမ်းတော့ ဗိုလ်ချုပ်စောမောင်က ထိန်းသိမ်းရေး မိန့်ခွန်းပြောတယ်။ ရွေးကောက်ပွဲလုပ်ပေးမယ်။ နောက် ပါတီဖွဲ့ခွင့်ပေးမယ်ပေါ့။ အဲဒီအချိန်က တပ်မတော်က ကြားနေသက်သက်ပဲ။ တကယ်လည်း သန့်ရှင်းပါတယ်။ ကိုယ်တို့ဆို ရွာတွေစည်းရုံးရေးဆင်းတယ်။ ရွာတွေမှာ ဘယ်အဖွဲ့ အစည်းမှမရှိသေးဘူး။ တို့လည်းကူးဘက်ရောက်တယ်။ ရောက်တော့ ရွေးကောက်ပွဲလုပ်ပေးမယ့် Sponsor က ဘာမှဝင်မစွက်ဘူး။ ကြည့်ပဲကြည့်

www.foreverspace.com.mm



၅ ရက်နေ့တွင် စတင်ခဲ့သော ကျောင်းသားသပိတ်အပါအဝင် တိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်း၍ တော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့သည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သာယာဝတီနယ် ရေတိုက်ရွာမှ အစပြုခဲ့သော ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၉၃၀ ပြည့်နှစ်တွင် စတင်ပေါ်ပေါက်လာသော တို့ဗမာအစည်းအရုံး၏ လွတ်လပ်ရေးတိုက်ပွဲများ၊ ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပေါ်ပေါက်လာသော ဒုတိယ ကျောင်းသားသပိတ်၊ ၁၉၃၉–၄၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ၁၃၀၀ ပြည့်အရေးတော်ပုံ စသဖြင့် မျိုးချစ်တိုင်းရင်းသားများက ဗြိတိသျှတို့ကို စဉ်ဆက်မပြတ်တိုက်ခိုက်နေစဉ် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် ဗြိတိသျှတို့ ဂျာမနီကို စစ်ကြေညာရာမှ ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြောင့် ကမ္ဘာ့အခြေအနေများ မတည်မငြိမ်



နေတာ။ တို့နဲ့ တ.စ.ည အပြိုင်ပေါ့။ တ.စ.ညက မ.ဆ.လ တစ်ဖြစ်လဲဆိုတော့ ပြိုလဲပြီးကာစ ထထောင်တာဆိုတော့ Dis-advantages ရှိတယ်။ တို့က Newly Born Force နဲ့ သွက်သွက်လက်လက် လုပ်နိုင်တော့ တို့သာသွားတယ်။ အဲဒီအချိန်မှာ ရွာတွေမှာက ဘယ်အဖွဲ့အစည်းမှ မရှိသလို တပ်ကလည်း စည်းကမ်းနည်းနည်း သတ်မှတ်တာကလွဲလို့ တားလား၊ ဆီးလား မလုပ်ဘူး။ ဟောပြောရင် လူ ၅၀ ထက် မပိုရဘူးဆိုတာမျိုးလောက်ပဲရှိတာ။ အဲဒီတော့ ၁၉၉၀ တုန်းက ရွေးကောက်ပွဲက တပ်ကကြားနေသက်သက်ပဲ။ သန့်သန့်ရှင်းရှင်း လုပ်ပေးခဲ့တယ်။ နောက်ပိုင်းရလဒ်ကတော့ တစ်ပိုင်းပေါ့။ အခုဟာက ၁၉၉၀ ခုနှစ်ကနဲ့မတူဘူး။ အခုဟာက အခြေခံဥပဒေ ပေါ်လာပြီးနောက်ပိုင်းမှဖြစ်လာတာ။ ခွင်သစ်၊ Player အသစ်။ ဘာဖြစ်မလဲဆိုတာမသိသေးဘူး။ ၁၉၉၀ နဲ့မတူတဲ့အတွက် နှိုင်းယှဉ်ကြည့်ရင်မှားမှာပဲ။

www.foreverspace.com.mm



၂၀၁၀ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းထားသော ဦးသန်းစိုးနှင့် အဖွဲ့ဝင် ၁၆ဦးပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်

ဖြစ်နေချိန်တွင် 'အင်္ဂလိပ်အခက်ဗမာအချက်'ဟူသောမူဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများမှာ မတူညီသော နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြင့်လာခဲ့သည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် တို့ဗမာအစည်းအရုံး၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်ဝံသာနုအဖွဲ့နှင့် အခြားမျိုးချစ်ပုဂ္ဂိုလ်များ စုပေါင်း၍ 'ဗမာ့ထွက်ရပ်ဂိုဏ်း' ကိုလည်းကောင်း၊ နိုဝင်ဘာလတွင် လျှို့ဝှက်အဖွဲ့အစည်းဖြစ်သော 'ပြည်သူ့အရေးတော်ပုံပါတီ'ကို လည်းကောင်း စတင်ဖွဲ့စည်းခဲ့သည်။ ယင်းမှတစ်ဆင့် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အမွိုင်သို့ထွက်ခွာ၍ ကွန်မြူနစ်တို့နှင့်ဆက်သွယ်ရာ အဆင်မပြေဘဲ ဆူဇူကီးနှင့် အဆက်အသွယ်ရရှိပြီး ဂျပန်သို့ရောက်သွားသည်။ ယင်းသို့ဖြင့် ဂျပန်သို့ မျိုးချစ်သခင်များ အသုတ်လိုက်လျှို့ဝှက်စွာ ရောက်ရှိကာ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားကြပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီ၊ အိုင်၊ အေ) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဘီအိုင်အေနှင့် ဂျပန်တပ်များ မြန်မာနိုင်ငံသို့ စစ်ချီ၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ပြီး မတ်လ ၈ ရက်နေ့တွင် ဘီအိုင်အေအလံကို လွှင့်ထူ၍ ရန်ကုန်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၂ ဇူလိုင်လတွင် ဘီအိုင်အေကို ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

၁၉၄၃ ခုနှစ်တွင် သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့ မဟာ

---

ကျွန်တော်ရေးနေတဲ့ဆောင်းပါးတွေမှာ အမြဲတမ်းပြောနေ တာဒါပဲ။ အစကပြန်စမယ်ဆိုတာ စိတ်ကူးယဉ်တာ။ နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရဘူး။ လက်ရှိ Political Equation မှာ ဘယ်သူက Dictate လုပ်နေတာလဲ။ ဒါသိဖို့လိုတယ်။ နိုင်ငံရေး သူငယ်နာမစင်တဲ့ ကကြိုးခွေးသမားတွေ တွေးသလိုတွေးလို့မရဘူးဆိုတာ အကောင်အထည်ကနေစရတာ။ ကိုယ်လုပ်ချင်တာ လုပ်လို့မရဘူး။ တစ်ခါလာရင် ပြန် Review လုပ်ပါလို့၊ UN က ကြားဝင် ပေးပါတို့ ဒါတွေပဲ။ နိုင်ငံရေးဆိုတာ Question of Force နော်။ အင်အားကိုကြည့်ရတာ။ Force တောင်မှ Institutional Force။ ကိုယ့် Capacity ကို ကိုယ်တွက်ရတာ။ ကိုယ်ဘယ်လောက်လုပ်နိုင်လဲ၊ ဘယ်လောက်စည်းရုံးနိုင်မလဲ၊ ဒါကိုတွက်ရတာ။ Rhetoric လေကြီး၊ မိုးကြီးပြောတာလောက်တော့ လူတိုင်းလုပ်လို့ရတာပဲ။ နိုင်ငံရေးဆိုတာ လက်တွေ့ကိုယ်ဘယ်လောက်စွမ်းလဲဆိုတာ ကြည့်တာ။ တပ်မတော်က Sponsor လုပ်တဲ့ Constitution။ သူတို့ လုပ်ပေးတဲ့ရွေးကောက်ပွဲ။ ဒါက အရှိတရားပဲ။ ဒါကိုလက်ခံပြီး ဝင်ကြလုပ်ကြရမှာပဲ။ ကိုယ့်ပုံစံနဲ့ ကိုယ့်ဟာနဲ့လုပ်ရမှာ။ ဒီခေတ်မှာ စိတ်ကူးယဉ်လို့မရဘူး။ ကိုယ့်အတွက် အခွင့်အလမ်းက ဒီတစ်လမ်းပဲရှိတာ။ အဲဒီတော့ နိုင်ငံရေးဆိုတာ သိပ်ပြီး စိတ်ကူးယဉ်လို့ ရတာမဟုတ်ဘူး။ Value Politic လုပ်လို့မရဘူး။ တရားတယ်၊ မတရားဘူး။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ စံမီတယ်၊ စံမမီဘူး ဒါတွေ စဉ်းစားလို့မရဘူး။ Reality နဲ့သွားရမှာ။ ပကတိအခြေအနေကို လေးလေးနက်နက်သုံးသပ်၊ ဘာဖြစ်မယ်ဆိုတဲ့ အနာဂတ်ကို အမှန်နဲ့အနီးစပ်ဆုံးဖြစ်အောင် ကြိုတင်ခန့်မှန်းနိုင်ရမယ်။ ပြောရရင် ပညာပိုင်းသိပ်ဆန်လာပြီ။ အရင်ကလို လွယ်လွယ်နဲ့ ဟိုမဲထည့်ပါ၊ ဒီမဲထည့်ပါ စသဖြင့် ဒါမျိုးလောက်နဲ့ မရဘူး။ အခုဟာက ခွင်သစ်။ တခြားနိုင်ငံတွေရဲ့ နိုင်ငံရေးအတွေ့အကြုံတွေနဲ့ Compare လုပ်လို့မရသလို နိုင်ငံရေးသိပ္ပံပညာရှင်တွေရဲ့ အဆိုအမိန့်

www.foreverspace.com.mm



မိုဘာတို့နှင့် ဆက်သွယ်ရန် အိန္ဒိယသို့သွားရောက်ချိန်တွင် ပြည်တွင်း၌လည်း သခင်စိုးက ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများဆောင်ရွက်ခဲ့သည်။ ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖ.တ.ပ.လ (ဖက်ဆစ်တော်လှန်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့)ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းသို့ လှုပ်ရှားဆောင်ရွက်မှုများကြောင့် ၁၉၄၅ ခုနှစ် မတ်လတွင် ဖက်ဆစ်ဂျပန်များ မြန်မာ့မြေမှဆုတ်ခွာခဲ့ရသည်။

ဖက်ဆစ်စနစ်မှ လွတ်မြောက်ပြီဖြစ်သော မြန်မာနိုင်ငံမှာ လုံး၀လွတ်လပ်ရေးရရှိရန် မဟာမိတ်အနေဖြင့် ပြန်ဝင်လာသော ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးတောင်းဆိုမှုများ ဆက်လက်ပြုလုပ်ရာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိသျှတို့၏ စစ်အုပ်ချုပ်ရေး ရပ်စဲခဲ့ပြီး မြို့ပြအုပ်ချုပ်ရေးအောက်သို့ လုံး၀ကျရောက်ခဲ့သည်။ ၁၉၄၆ ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ လူထုအစည်းအဝေးပွဲ



တစ်စုံလျှင် ၃၉၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်သည့် ရွေးကောက်ပွဲဥပဒေစာအုပ်များ

ကျင်းပပြီး ဖ.တ.ပ.လကို ဖ.ဆ.ပ.လ(ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ဟု အမည်ပြောင်းခြင်း၊ ဇွန်လတွင် သိမ်ဖြူကွင်း၌ စက္ကူဖြူစာတမ်းကန့်ကွက်ပွဲနှင့် ပြည်လုံးကျွတ်အထွေထွေသပိတ်ကျင်းပခြင်းတို့ကြောင့် စက်တင်ဘာလတွင် စက္ကူဖြူအုပ်ချုပ်ရေး ရပ်တန့်ခဲ့ရသည်။

၁၉၄၆ ခုနှစ်တွင် ဖ.ဆ.ပ.လမှာ ဆာဟူးဘတ်ရန့်၏ အစိုးရအဖွဲ့တွင် ပါဝင်လာပြီး လွတ်လပ်ရေးတောင်းဆိုမှုများ ဆက်လက်ပြုလုပ်ရာ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အောင်ဆန်း–အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းမှ ၁၉၄၇ ခုနှစ် ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး မေလတွင် ဖ.ဆ.ပ.လ ပဏာမညီလာခံကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို ၁၉၄၇ ခုနှစ် ဇွန်လတွင် စတင်ကျင်းပပြီး စက်တင်ဘာလ ၂၄ ရက်နေ့တွင် အခြေခံဥပဒေကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ လုပ်ကြံခံရမှုကြောင့် ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် နု–အက်တလီစာချုပ်ကို ဦးနုနှင့် အက်တလီတို့ လက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချုပ်အရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံမှာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ရောက်ရှိခဲ့သည်။

လွတ်လပ်ရေးရခဲ့ပြီဖြစ်သော မြန်မာနိုင်ငံကို ဖ.ဆ.ပ.လ အစိုးရကအုပ်ချုပ်ခဲ့ပြီး အခြေခံဥပဒေအရ လေးနှစ်တစ်ကြိမ်ပြုလုပ်ခဲ့သော ၁၉၅၂ ခုနှစ်နှင့် ၁၉၅၆ ခုနှစ်ရွေးကောက်ပွဲများတွင် ဖ.ဆ.ပ.လ အဖွဲ့ကသာ အမတ်နေရာအများဆုံးရ၍ ဖ.ဆ.ပ.လကအစိုးရဖွဲ့ကာ ဆက်လက်အုပ်ချုပ်နိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ် စက်တင်ဘာ

တွေနဲ့ကိုက်ရင်လည်း အံကိုက်မှာမဟုတ်ဘူး။ သူ့အရပ်နဲ့သူ့ဇာတ်ပဲ။ Local Narrative ပေါ့။ ဒီနေရာမှာ Grand Narrative တွေနဲ့ပြောလို့၊ တွက်လို့မရဘူး။

**L.C** ။ ။ **လက်ရှိအနေအထားအရ ၂၀၁၀ ရွေးကောက်ပွဲက အကောင်းဖြစ်သွားနိုင်မလား၊ အဆိုးဘက် ဦးတည်သွားနိုင်မလား။**

**MSS** ။ ။ ငါကတော့ ဒုံးဒုံးချပဲ။ အတိတ်ကိုမကြည့်ဘူး။ မြန်မာပြည် နိုင်ငံရေးသမိုင်းရဲ့အတိတ်ဖြစ်စဉ်တွေက အသုံးဝင်တဲ့ လမ်းညွှန်မှု မဟုတ်နိုင်ဘူး။ အနာဂတ်ကိုကြည့်နိုင်တာ Analytical Power ပဲ။ ရှေ့ဘာဖြစ်နိုင်မလဲဆိုတာ တွက်နိုင်တာ ဒါပဲ။ အတိတ်ကိုမျှော် ပြန်ကြည့်ပြီး အတိတ်ကဖြစ်ရပ်တွေ ဖြစ်စဉ်တွေနဲ့ နိုင်ငံရေးကို ဆက်သွားမလား။ အခု Given (ပေးချက်)၊ အခြေခံဥပဒေရှိထားတယ်။ ရွေးကောက်ပွဲကို စစ်တပ်က Sponsor လုပ်တယ်။ ဒါ အရှိတရားပဲ။ ဘယ်လိုအင်အားစုတွေက ဘယ်လိုဖြစ်ပြီးတော့ ဘယ်သူက ဘယ်အတန်းကနေ Shape လုပ်မလဲ။ ဒီနေရာမှာ Shape လုပ်နိုင်တာ သုံးခုရှိတယ်။ အရင်တုန်းက Ideology ခေါ်တာပေါ့။ သဘောတရားတွေပေါ့။ အရင်တုန်းက လက်ဝဲသဘောတရား စသဖြင့် ရွေးကောက်ပွဲမှာ လွှမ်းမိုးခဲ့တယ်။ အခု လာမယ့်ရွေးကောက်ပွဲမှာတော့ ဒါ မဆီလျော်တော့ဘူး။ ဒါ Shape မလုပ်ဘူး။ Ideology ရှာဖို့ မလိုဘူး။ အတိတ်ပြန်ကြည့်နေဖို့မလိုဘူး။ နှစ်ခုပဲရှိတယ်။ လက်ရှိ အခြေအနေကို သေသေချာချာသုံးသပ်ပြီး အနာဂတ်အလားအလာကို အမှန်နဲ့အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းနိုင်ရမယ်။ Deeper Analysis of Reality and Better Prediction of Future ဖြစ်သွားပြီ။ ဖြစ်လာတဲ့အဖြစ်အပျက်တွေနောက်ကို မျှောလိုက်တာ၊ အဖြစ်အပျက်တွေနောက် နောက်မြီးဆွဲလိုက်သွားတာပေါ့။ လက်ငုပ်နဲ့မရတော့ဘူး။ လက်ငုပ်ဆိုတာ အရင်သိပြီးသားဟာတွေ၊ ကျောင်းတုန်းကဟာတွေပေါ့။ မရတော့ဘူး။ ဒါတွေ

www.foreverspace.com.mm

၂၆ ရက်တွင် နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ဗိုလ်ချုပ်နေဝင်းအား လွှဲအပ်ကြောင်း ဝန်ကြီးချုပ်ဦးနုက ကြေညာခဲ့သဖြင့် ၁၉၅၈ မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရက အုပ်ချုပ်ခဲ့သည်။

၁၉၆၀ ရွေးကောက်ပွဲတွင် ဦးနု၏ သန့်ရှင်းဖ.ဆ.ပ.လက အနိုင်ရခဲ့သဖြင့် သန့်ရှင်းဖ.ဆ.ပ.လကဖွဲ့စည်းသောပ.ထ.စ (ပြည်ထောင်စုအစိုးရ) ထံ ၁၉၆၀ ဧပြီလတွင် အိမ်စောင့်အစိုးရက အုပ်ချုပ်ရေးအာဏာများ လွှဲပြောင်းပေးခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တိုင်းပြည်၏ အခြေအနေအရပ်ရပ်ဆိုးရွာလာမှုကြောင့် နိုင်ငံတော်အာဏာကို တပ်မတော်က သိမ်းယူခဲ့ပြီး ၁၉၆၂ မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီက အုပ်ချုပ်ခဲ့ကာ ၁၉၇၄ မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

## ၁၉၉၀ ပြည့်နှစ်ကောက်ကြောင်း

၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် အင်းစိန် ကြို့ကုန်းရွာသားအချို့နှင့် စက်မှုတက္ကသိုလ်ကျောင်းသားအချို့ ရန်ဖြစ်ရာ စက်မှုကျောင်းသား မောင်ဖုန်းမော် သေဆုံးရခြင်းမှစ၍ ပေါ်ပေါက်ခဲ့သောပြဿနာ မီးပွားမှသည် ကျောင်းသားထုမှ လူထုဆီသို့ကူးစက်ပြီး ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ပြည်လုံးကျွတ်အုံကြွဆန္ဒပြမှုပေါ်ပေါက်ခဲ့သည်။ ယင်းကြောင့် ဇူလိုင်လ ၂၃ ရက်တွင် သမ္မတဦးစန်းယုနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌဦးနေဝင်းတို့ နုတ်ထွက်ကြပြီး ဇူလိုင်လ ၂၇ ရက်နေ့တွင် ဦးစိန်လွင်က ပါတီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့သော်လည်း ဩဂုတ်လ ၁၂ ရက်နေ့တွင် နုတ်ထွက်ခဲ့ရပြီး ဩဂုတ်လ ၁၉ ရက်နေ့တွင် ဒေါက်တာ မောင်မောင်က ပါတီဥက္ကဋ္ဌနှင့် သမ္မတရာထူးကိုရယူခဲ့သည်။


၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတင်သွင်းခဲ့သူ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အစည်း

အောက်သွားမှာပဲ။

ဒုတိယက တိုင်းသူပြည်သားတွေရဲ့ နေ့စဉ်ဘဝ Micro Politic ပေါ့။ ဒါက အရေးပါလာတယ်။ အဲဒီတော့ Grand Narrative တွေ၊ Grand Value တွေက အောက်သွားပြီ။ ဒီလာမယ့် ရွေးကောက်ပွဲမှာ Policy တွေ၊ Strategy တွေ စသဖြင့် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတွေဖြစ်ဖို့မလိုဘူး။ လက်တွေ့ဘဝနဲ့ ဟပ်တဲ့ဟာတွေ ဖြစ်ဖို့လိုတယ်။ ဒါက တစ်ချက်။ ဒုတိယတစ်ချက်က အစိုးရလုပ်တာ အသိအမှတ်ပြုရမယ်။ Infrastructure Base Policy Program ပါမှ ဆီလျော်မှာ။ အိပ်မက်မက်ပြီး Ideal တွေနဲ့ လျှောက်ပြောလို့မရဘူး။ လက်တွေ့ဘဝနဲ့ အရှိတရားပေါ်မှာ မူတည်ပြောရမှာ။ အရင်က Validity တွေ၊ Logic တွေပေါ်မှာ စဉ်းစားတာ။ Idea တစ်ခုပေါ်ရင် ခိုင်လုံလား မခိုင်လုံလား၊ လက်တွေ့ဆီလျော်လား၊ ဒီအပေါ်မှာ စဉ်းစားတာ။ အခု Validity ကို မကြည့်ဘူး။ အခြေအနေနဲ့ဆက်စပ်လား၊ ဆီလျော်လား၊ မဆီလျော်လားကို ကြည့်တာ။

နောက်လူထုကို ပညာပေးဖို့ ဘာဖို့ညာဖို့ဆိုတာတွေက Theory Type တွေပဲ။ လက်တွေ့မှာ လူထုက ပုံသွင်းခံရတာ။ လူထုကို ဘယ်လောက် Manipulate လုပ်တယ်ဆိုတဲ့ စကားလုံးပဲ။ နိုင်ငံရေးပါတီတွေကပဲ Manipulate Power ရှိမလား။ အနိုင်ရပါတီကပဲ Manipulation Power ရှိမလား။ ဒါ အားပြိုင်တာပဲ။ အခုဟာက ခွင်သစ်ပဲ။ ဒီတော့ New Paradigm, New Language ပဲ။ ဒီတော့ အတိတ်က မဆီလျော်တော့ဘူးထင်တယ်။ ဒီတော့ အနာဂတ်ကို ပုံဖော်နိုင်ဖို့ပဲ အရေးကြီးတယ်။

အခုဟာက Military နဲ့ Deal လုပ်ရမှာ။ မနူးမနပ်တွေ ၈၈ တုန်းက တော်တော်ထိန်းခဲ့ရတယ်။ ရွေးကောက်ပွဲနိုင်ရင်ပဲ ချက်ချင်း အာဏာရတော့မယ်ထင်ပြီး Antimilitary လို့ အော်ကြပြုကြနဲ့ ဒါတွေမှားတာပဲ။ သူ့ရဲ့ Role ကို အသိအမှတ်ပြုရမယ်။ သူနဲ့ Deal လုပ်ရမယ်ဆိုတာ အစကတည်းက ငါပြောနေတာ။

www.foreverspace.com.mm



အဝေးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဖွဲ့ရန်ဆုံးဖြတ်ခဲ့ပြီး နေ့လယ် ၁ နာရီတွင် ကော်မရှင်လူကြီးငါးဦး၏ အမည်စာရင်းကို မြန်မာ့အသံက ကြေညာခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် မ.ဆ.လ ကို တ.စ.ည (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) ဟု အမည်ပြောင်းလိုက်ရာမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အခန်းကဏ္ဍပြီးဆုံးသွားကာ ဗိုလ်ချုပ်ကြီးစောမောင်ဦးဆောင်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာအရပ်ရပ်ကို လွှဲပြောင်းရယူခဲ့သည်။

ကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၁၉၉၀ ပြည့်နှစ် မေလတွင် ကျင်းပမည်ဟု ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး မတ်လ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်အထိ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကြမ်းကို ပါတီများနှင့် ပြည်သူများအကြံပြုနိုင်ရန် ရေဒီယို၊ ရုပ်မြင်



ဗိုလ်ချုပ်သည် သတင်းစာဆရာများကိုလည်း ဤသို့မျက်နှာချင်းဆိုင်တွေ့ဆုံရှင်းပြပေးသည်



မြန်မာ့လွတ်လပ်ရေးအတွက် အရေးကြီးသော အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုရန် ဗိုလ်ချုပ်နှင့်အဖွဲ့လန်ဒန်သို့သွားရောက်စဉ်

သံကြားနှင့် သတင်းစာများမှ ထုတ်ပြန်ခဲ့သည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၁၉၉၀ မေလ ၂၇ ရက် တနင်္ဂနွေနေ့အဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့်ရက်နှင့် နောက်ဆုံးရက်ကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်အထိလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်တင်သွင်းလွှာ စိစစ်ရက်ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်မှ ၉ ရက်အထိလည်းကောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း ရုပ်သိမ်းလိုက ရုပ်သိမ်းရန် နောက်ဆုံးရက်ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်အထိလည်းကောင်း ထုတ်ပြန်ပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ် သတင်းစာရှင်းလင်းပွဲမှတ်တမ်းများအရ မဲဆန္ဒ ရှင် ၅,၀၀၀ လျှင် မဲရုံတစ်ရုံနှုန်းဖြင့် ရန်ကုန်မြို့တွင်

---

အခုပဲ အသိတစ်ယောက်ကပေးလို့ ရထားတာ။ စင်မြူရယ် ဟန်တင်တန်ရဲ့ Soldier and State ဆိုတဲ့စာအုပ်ထွက်နေပြီ။ အရပ်ဘက်နဲ့ စစ်ဘက် ဆက်ဆံရေးက နိုင်ငံတိုင်းမှာရှိတယ်။ အခုမှ သူတို့က သီအိုရီထုတ်တာ။ ဒါကို ငါတို့က လက်တွေ့ကြုံခဲ့ရတယ်။ သီအိုရီမထုတ်လို့သာပဲ။ ဒီတော့ Total Negative သွားလို့မရဘူး။

အခုက စစ်တပ်က Guardian Role ယူထားတာ။ ၂၅ ရာခိုင်နှုန်းလည်းယူတယ်။ Guardian of The State, Guardian of The Democracy ရယ်။ Double Guardian ယူထားတာ။ ပါတီတွေများလည်း ရွေးကောက်ပွဲက စစ်ထုတ်သွားမှာပဲ။ ၁၉၉၀ တုန်းက ဘယ်သူမှ Manipulated မရှိဘူး။ Raw ပဲ။ အခုက Manipulate လုပ်လာနိုင်တယ်။ လူထုရဲ့သဘောထားကို Mold လုပ်လာနိုင်တယ်။ ဒီနေရာမှာ တချို့က Potential ကြည့်တယ်။ တချို့က Limitation ကိုကြည့်တယ်။ ကျွန်တော့်အယူအဆက Potential ထက် အကန့်အသတ်ကိုကြည့်ရမယ်။ Live ကို ရှာဖွေနိုင်မှ Clever Policy ဆန်မှာ။ ရှေးဟောင်းနိုင်ငံရေးအယူအဆတွေနဲ့ ကြည့်လို့မရဘူး။ အခုဖြစ်နေတာနဲ့ ခေတ်ဟောင်းနိုင်ငံရေးနဲ့က Relevant မဖြစ်ဘူး။

အခုဟာက Player တွေပေါ် မူတည်တယ်။ သူတို့က Flexible ဖြစ်ဖို့လိုတယ်။ Bargain and Deal ပဲ။ ရွေးကောက်ပွဲပြီးပေါ်လာမယ့်လွှတ်တော်က Engagement Forum ပဲ။ ဒီ Forum က အပေးအယူလုပ်ဖို့၊ စေ့စပ်ဖို့ပေါ့။ ဒီ Forum တစ်ခုပဲ ရှိသင့်တယ်။ ကျန်တဲ့ Political Action တွေ ရပ်သင့်တယ် ထင်တယ်။ ရွေးကောက် ပွဲလွှတ်တော်ပေါ်လာရင် ပါလီမန် Politic တစ်မျိုးပဲဖြစ်သင့်တယ်။ ကျန်တာတွေ ပျောက်သင့်တယ်။ ယှဉ်တွဲနေရင်တော့ တိုင်းပြည်ရဲ့ ကံကြမ္မာက ဆိုးသွားနိုင်တယ်။ ဒီတော့ နိုင်ငံရေးပုံစံသစ်က ကောင်းမလား၊ ဆိုးမလားဆိုတာ ကျန်တဲ့ Political Action တွေတွဲနေ ဦးမလား၊ မတွဲနေဘူးလား ဆိုတဲ့အပေါ် မူတည်တယ်။ ■

www.foreverspace.com.mm



မဲရုံပေါင်း ၁၅၀၄ ရုံ ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ်ပေါင်း ၄၉၂ ခုရှိ သည့်အနက် ဆိုင်းငံ့မဲဆန္ဒနယ်ခုနစ်ခုနုတ်လျှင် ၄၈၅ ခုရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ ကိုယ်စားလှယ်လောင်းအရေအတွက်မှာ ၂၂၉၆ ဦးရှိပြီး တစ်သီးပုဂ္ဂလ ၈၇ ဦးပါဝင်ကြောင်း၊ ရန်ကုန်မြို့ရှိ မဲဆန္ဒရှင်အရေအတွက်မှာ ၂,၆၄၉,၂၂၇ ဦးရှိပြီး တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင် အရေအတွက်မှာ ၂၀,၆၁၉,၅၈၀ ရှိကြောင်း၊ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ.စ.ည) တို့ဖြစ်ပြီး မဲဆန္ဒနယ် ၄၀၀ ကျော်စီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ်က မဲဆန္ဒနယ် ၃၀၀ကျော်၊ ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီက မဲဆန္ဒနယ် ၂၄၀ကျော်ရှိကာ အနည်းဆုံး မဲဆန္ဒနယ် သုံးနယ်နှင့် လေးနယ်စီတွင် ၄၆ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများကို လွတ်လပ်ရေးမရခင် ၁၉၂၂ ခုနှစ်ကစ၍ စတင်ကျင်းပပြုလုပ်ခဲ့ရာ ယင်းကာလတွင် ဒိုင်အာခီအုပ်ချုပ်ရေးကာလရွေးကောက်ပွဲများကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသော ပြည်သူလူထု မဲပေးတင်မြှောက်ခွင့်ရသည့် ရွေးကောက်ပွဲဖြစ်ခဲ့သည်။ ယင်းမှ ၁၉၃၆ ခုနှစ် မှ ၁၉၄၂ ခုနှစ်အထိ ၉၁ ဌာနရွေးကောက်ပွဲများကို ဆက်တိုက်ကျင်းပခဲ့ကြသည်။ ၁၉၄၈ လွတ်လပ်ရေးရပြီးမှသာ ပါတီစုံရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ်၌ တိုင်းပြုပြည်ပြုလွှတ်တော်အတွက်ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံအတွက် ပထမဆုံးသော လွတ်လပ်သည့် အထွေထွေရွေးကောက်ပွဲဖြစ်ခဲ့သည်။ ယင်းမှ ၁၉၅၂၊ ၁၉၅၆ ခုနှစ်နှင့် ၁၉၆၀ များတွင် ပါတီစုံရွေးကောက်ပွဲများကျင်းပနိုင်ခဲ့သော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ရပ်နားသွားခဲ့ပြီး တစ်ပါတီစနစ်ဖြင့်သာ အုပ်ချုပ်ခဲ့သည်။ ယင်းနောက် ၁၉၉၀ ရောက်မှသာ ပါတီစုံရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆုံးခန်းတိုင်အောင်ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိပေ။ ယင်းနောက် ယခု ၂၀၁၀ ပြည့်နှစ်ရောက်မှသာ ပါတီစုံရွေးကောက်ပွဲများ တစ်ကျော့ပြန်ကျင်းပရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပထမအကြိမ်ဒိုင်အာခီရွေးကောက်ပွဲကျင်းပခဲ့ရာ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံသား ၁၂ သန်းကျော်ရှိသည့်အနက် ၂ သန်းသာမဲပေးခွင့်ရှိကြောင်း သတ်မှတ်ခဲ့သည်။

သို့သော် ယင်းစနစ်ကိုမကြိုက်၍ အမှန်တကယ် မဲပေးရာ


၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

# “ ကိုယ်ပေးချင်တဲ့သူကိုပေးဖို့အတွက် မလိုအပ်တဲ့ အကြောက်တရားတွေ မရှိဖို့လိုတယ် ”

## Myanmar Egress သင်တန်းကျောင်းမှ Program Director ဒေါက်တာနေဝင်းမောင်နှင့်တွေ့ဆုံခြင်း

**ကျော်ဆန်းမင်း။ အောင်စိုး**

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရတစ်ရပ် ဖွဲ့စည်းထူထောင်ရန် ၂၀၁၀ ပြည့်နှစ်အတွင်း အထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဟု တပ်မတော်အစိုးရက ကြေညာထားပြီးဖြစ်သလို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများအနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်နေပြီဖြစ်ရာ ၂၀၁၀ ပြည့်နှစ်အလွန် မြန်မာ့နိုင်ငံရေး အသွင်သစ်အပေါ် မည်သို့ရှုမြင်သုံးသပ်သည်ကို သိရှိနိုင်ရန် Myanmar Egress သင်တန်းကျောင်းမှ Program Director ဒေါက်တာ နေဝင်းမောင်နှင့် တွေ့ဆုံမေးမြန်းဖော်ပြအပ်ပါသည်။**

**L.C ။ ။ NLDပါခြင်း၊ မပါခြင်းက လက်ရှိနိုင်ငံရေးကို ဘယ်လိုအကျိုးသက်ရောက်စေမလဲဆရာ။**

**Dr.NWM** ။ ။ ဒါက ကောင်းတဲ့အချက်ရှိသလို မကောင်းတဲ့အချက်လည်းရှိတယ်။ ကောင်းတာကတော့ NLDပါတီမှတ်ပုံတင်ရင် ပြည်သူတွေက တံဆိပ်ကိုကြည့်ပြီး မဲပေးကြမယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ သူနဲ့တခြားအရပ်သားပါတီတွေ ယှဉ်ပြိုင်မှုဟာ မျှတမှုမရှိဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့ကို တံဆိပ်ကြည့်ပြီး မဲပေးမှာဖြစ်နေတယ်။ သူဝင်မပြိုင်တဲ့အတွက် အဲဒီမမျှတမှု မရှိတော့ဘူးဖြစ်သွားမယ်။ တခြားနိုင်ငံရေးပါတီတွေဟာ တန်းတူရည်တူ ယှဉ်ပြိုင်ခွင့်ရသွားနိုင်မယ့်အခြေအနေ

www.foreverspace.com.mm



တွင် လူဦးရေတစ်သိန်းကျော်သာမဲပေးခဲ့သည်။ ယင်းနောက် ဒိုင်အာခီရွေးကောက်ပွဲများ ဆက်တိုက်ကျင်းပခဲ့သည်။

၁၉၃၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ၉၁ ဌာနအုပ်ချုပ်ရေးအတွက် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲကို မြန်မာတစ်နိုင်ငံလုံးတွင်ကျင်းပခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေးခေတ် ငါးနှစ်တာကာလအတွင်း ညွန့်ပေါင်းအစိုးရများသာဖွဲ့စည်းနိုင်ခဲ့ပြီး ထိုညွန့်ပေါင်းအစိုးရများမှာလည်းမကြာခဏဖြုတ်ချခံခဲ့ရသဖြင့် ငါးနှစ်အတွင်း အစိုးရ လေးကြိမ်ပြောင်းခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေးလွှတ်တော် ရွေးကောက်ပွဲများတွင် တို့ဗမာအစည်းအရုံး၊ ဦးဘဘေ၏ ငါးပွင့်ဆိုင်အဖွဲ့၊ ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့၊ ဦးချစ်လှိုင်၏ ဝံသာနုအဖွဲ့နှင့် ဂဠုန်ဦးစောခေါင်းဆောင်သည့် မျိုးချစ်ပါတီ စသည်တို့ ယှဉ်ပြိုင်အရွေးခံခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ်အရ တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲကိုကျင်းပခဲ့ရာ မြန်မာနိုင်ငံအတွက် လွတ်လပ်သည့် ပထမဆုံး အထွေထွေရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။

ယင်းရွေးကောက်ပွဲတွင် ပြည်မ အမတ်နေရာ ၁၈၂ နေရာအနက် ဖ.ဆ.ပ.လ က ၁၇၁ နေရာရရှိခဲ့ပြီး ကွန်မြူနစ်များက ခုနစ်နေရာနှင့် ကျန်နေရာများကို တစ်သီးပုဂ္ဂလများကရရှိခဲ့သည်။

၁၉၅၂ ခုနှစ်တွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲမှာ တိုင်းပြည်တည်ငြိမ်မှုအားနည်းနေချိန်ဖြစ်၍ ၁၉၅၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှ ၁၉၅၂ ဇန်နဝါရီလ ၃ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး တွင် သုံးရစ်ခွဲ၍ ကျင်းပခဲ့ရသည်။ ရွေးကောက်ပွဲကို



၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် နု-အက်တလီစာချုပ်ကို ဦးနုနှင့် အက်တလီတို့ လက်မှတ်ရေးထိုးခဲ့သည်

အရစ်ကျကျင်းပခြင်းဖြစ်၍ တစ်နေရာတွင်မဲရှုံးသော်လည်း နောက်တစ်ကြိမ်တွင် အခြားတစ်နေရာမှ ထပ်မံယှဉ်ပြိုင်သည်မျိုးပြုလုပ်ခဲ့ကြသည်။

ယင်းရွေးကောက်ပွဲတွင် ဖ.ဆ.ပ.လ ပါတီက မဲပေးသူအားလုံး၏ ၆၀ ရာခိုင်နှုန်းကို ရရှိခဲ့ပြီး လွှတ်တော်အမတ် ၂၃၃ နေရာတွင် အမတ်နေရာပေါင်း ၁၈၀ ရရှိခဲ့ကာ အတိုက်အခံအဖွဲ့အစည်းများက ၅၃ နေရာရရှိခဲ့သည်။ မတရားသဖြင့်မဲရရန်လုပ်ဆောင်သည်



ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရေးအနာဂတ်မှာကောင်းတဲ့အချက်ဖြစ်သွားမယ်။ ဒါပေမဲ့ တခြားအရပ်ဘက်နိုင်ငံရေးပါတီများက အကြောင်းကြောင်းကြောင့် အချိန်မရှိဘူး၊ ငွေမရှိဘူး၊ လူအင်အားမရှိဘူးဖြစ်နေတယ်။ ဒီတော့ NLD ဝင်မပြိုင်တဲ့အတွက် ကွက်လပ်ကြီးဖြစ်သွားမယ်။ နိုင်ငံသားတစ်ဦးချင်းက မျက်စိဖွင့်၊ နားစွင့်ထားပြီး မိမိတို့ မဲဆန္ဒနယ်အတွက် လိုအပ်တာများကို ကိုယ်လုပ်နိုင်တဲ့အခန်းကဏ္ဍကနေ ကွက်လပ်ဖြည့်ဖို့ ဝင်လုပ်မှသာ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ သာယာမယ်။

ဒီမိုကရေစီဆိုတာ အနိမ့်ဆုံး Check and Balance ရှိဖို့လိုတယ်။ တစ်ယောက်တည်းပြေးပြီး ပထမရတယ်ဆိုတာ Check and Balance မရှိတာကို ပြောတာ။ ဒီအချိန်မှာ အဲဒါဖြစ်ခဲ့ရင် အစိုးရကို အပြစ်တင်လို့မရဘူး။ တာဝန်မကျေတဲ့ပြည်သူကိုပဲ ပြောရမယ်။ ဖြစ်သွားနိုင်ခြေရှိတဲ့ ကွက်လပ်ကြီးကို သက်ဆိုင်ရာ

www.foreverspace.com.mm

ဟူသော ပြဿနာများလည်းပေါ်ပေါက်ခဲ့သည်။

၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၁၉၅၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အမတ်နေရာရွေးကောက်ပွဲ ကျင်းပခဲ့ပြီး မေလ ၂၂ ရက်နေ့တွင် လူမျိုးစုလွှတ်တော် အမတ်နေရာရွေးကောက်ပွဲဟူ၍ ကျင်းပခဲ့ရာ ဖ.ဆ.ပ.လကို ယှဉ်ပြိုင်နိုင်ရန် ပြည်သူ့ဒီမိုကရေစီပါတီ၊ ပြည်သူ့ညီညွတ်ရေးပါတီ၊ ဗမာပြည် အလုပ်သမား၊ လယ်သမားပါတီ စသဖြင့် လူထုလူတန်းစားအဖွဲ့ အစည်းများ၊ လူမျိုးစုအဖွဲ့အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ.မ.ည.တ) မှာ အင်အားကောင်းသဖြင့် ဖ.ဆ.ပ.လ က ၁,၇၄၃,၈၁၆ မဲနှင့် အမတ်နေရာ ၁၄၄ နေရာ၊ ပ.မ.ည.တ က ၁,၁၃၉,၂၈၆ မဲနှင့် အမတ်နေရာ ၄၆ နေရာရခဲ့ရာ ပ.မ.ည.တ ၏ ထောက်ခံမဲအရေအတွက်မှာ ဖ.ဆ.ပ.လ နှင့် မကွာလှပေ။

၁၉၅၆ ရွေးကောက်ပွဲကျင်းပပြီးနောက် ဖ.ဆ.ပ.လအတွင်း သဘောထားကွဲပြားမှုများပေါ်ပေါက်ကာ ဖ.ဆ.ပ.လနှစ်ခြမ်းကွဲသွားရာမှ ပဋိပက္ခ ပိုမိုပြင်းထန်လာသဖြင့် ၁၉၅၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ဝန်ကြီးချုပ်ဦးနုထံမှ ဗိုလ်ချုပ်ကြီးနေဝင်းက လွှဲပြောင်းရယူခဲ့သည်။

ထိုကာလမှ ၁၉၆၀ ပြည့်နှစ်အထိ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင် သော အိမ်စောင့်အစိုးရက အုပ်ချုပ်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်ရောက်မှသာ ရွေးကောက်ပွဲ ပြန်လည် ပြုလုပ်နိုင်ခဲ့ သည်။

၁၉၆၀ ရွေးကောက်ပွဲတွင် နု–တင်ခေါင်းဆောင်သော သန့်ရှင်း ဖ.ဆ.ပ.လနှင့် ဆွေ–ငြိမ်းခေါင်းဆောင်သော တည်မြဲ ဖ.ဆ.ပ.လ တို့ အဓိကအားပြိုင်ခဲ့ကြသည်။



၁၉၄၄ ဩဂုတ်လတွင် ဗိုလ်ချုပ်ဦးဆောင်၍ 'ဖတပလ'ကို ဖွဲ့စည်းခဲ့ သည်

၁၉၆၀ ဖေဖော်ဝါရီလ ၆ ရက်နေ့ကကျင်းပသော ပါလီမန် ပြည်သူ့လွှတ်တော်အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၂၅၀ ရှိသည့်အနက် သန့်ရှင်းဖ.ဆ.ပ.လ က ၂၀၃ နေရာရရှိပြီး တည်မြဲ ဖ.ဆ.ပ.လက ၃၉ နေရာ၊ ပ.မ.ည.တ က ရေးမြို့တစ်နေရာ၌သာ

မြို့မိမြို့ဖတွေက နိုင်ငံသားတစ်ဦးဦးက ဝင်ဖြည့်ရမယ်။ မဲဆန္ဒနယ်ယှဉ်ပြိုင်တဲ့သူ တစ်ယောက်တည်းရှိတယ်ဆိုရင် နောက်တစ်ယောက်ရှိလာဖို့ ဆောင်ရွက်ရမယ်။

**L.C ။ ။ ပြည်သူလူထုအနေနဲ့ မဲပေးချိန်မှာ လွှတ်တော်သုံးရပ်စလုံးအတွက် ဘယ်လိုမဲပေးကြရမလဲ ဆိုတာလေး နည်းနည်းရှင်းပြပေးပါဦး။**

**Dr.NWM** ။ ။ အဲဒီဟာကတော့ သက်ဆိုင်ရာမဲဆန္ဒနယ်မှာ ယှဉ်ပြိုင်ကြမယ့် အမတ်လောင်းအသီးသီးနဲ့ ကိုယ်စားလှယ်တွေက ထည့်ရမယ့် မဲပုံးသုံးပုံးရှိမယ်ဆိုတာကို ရှင်းပြရမယ်။ မဲပုံးသုံးပုံးရှိမယ်ဆိုတာကို ရှင်းပြထားခြင်းအားဖြင့် မဲရုံထဲရောက်သွားရင် မကြောင်တော့ဘူး။ မဲရုံမှာ အမှန်ခြစ်ဝင်ခြစ်ဖို့ အခန်းတွေနဲ့ မဲပုံးသုံးပုံးရှိနေမယ်။

မြန်မာပြည်မှာလုပ်ထားတဲ့စနစ်ဟာ အတော်လေးရိုးရိုးစင်းစင်းဖြစ်အောင် လုပ်ထားပါတယ်။ လွှတ်တော်သုံးရပ်ရှိတယ်ဆိုတာ နားလည်ထားရင် ပိုကောင်းတယ်။ အထက်လွှတ်တော်လို့ခေါ်တဲ့ အမျိုးသားလွှတ်တော်၊ အောက်လွှတ်တော်လို့ခေါ်တဲ့ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုပြီး လွှတ်တော်သုံးရပ်၊ မဲပုံးသုံးပုံးအတွက် လူသုံးယောက် ရွေးပေးဖို့ရှိတာသိရင် ပိုကောင်းမယ်။ မဲပေးတဲ့အခါမှာ စာရွက်သုံးရွက် သုံးကြိမ်သုံးခါထုတ်ပြီး သုံးကြိမ်သုံးခါ အမှန်ခြစ်ပြီး ပုံးသုံးပုံးကို သုံးကြိမ်သုံးခါ သွားမဲပေးရုံပါပဲ။

ဘယ်လိုပေးရမှာလဲဆိုတော့ ဒီစာရွက်တွေပေါ်မှာရှိမယ့် ကိုယ်စားလှယ်လောင်းတွေဟာ နှစ်ယောက်ဖြစ်ချင်ဖြစ်မယ်၊ သုံးယောက်ဖြစ်ချင်ဖြစ်မယ်၊ လေးယောက်ဖြစ်ချင်ဖြစ်မယ်။ ရသင့်ရထိုက်တဲ့သူကို ရွေးပြီးမဲပေးကြဖို့ကိစ္စ ရွေးကောက်ပွဲဥပဒေအရ လုံခြုံအောင်လုပ်ပေးထားတယ်။

မဲပေးရာမှာ စာရွက်သုံးရွက် သုံးကြိမ်ခွဲပြီးထုတ်ရမယ်။ မဲပေးရမယ့်စာရွက်မှာ ကိုယ်ပေးချင်တဲ့သူကို ပေးဖို့အတွက်

www.foreverspace.com.mm

အသီးသီးရရှိခဲ့သဖြင့် ဖ.ဆ.ပ.လ က အမတ်နေရာ အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

တိုင်းပြည်၏ ပြဿနာအရပ်ရပ်ကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်ကအာဏာသိမ်းခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရကိုဖွဲ့စည်းခဲ့သည်။

ယင်းမှ အခြေခံဥပဒေသစ်ကိုပြန်လည်ရေးဆွဲရာ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကြောင်း တော်လှန်ရေးကောင်စီအစိုးရက ကြေညာခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီ ရွေးကောက်ပွဲများကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် တစ်ပါတီစနစ်



ယခုနှစ်ဆန်းမှစ၍ ပြည်တွင်းထုတ်သတင်းဂျာနယ်များတွင် နိုင်ငံရေးသတင်းများ ဖော်ပြလျက်ရှိသည်

ကိုယ်စားလှယ်လောင်း ရွေးချယ်ပုံမှာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို မဲဆန္ဒအလိုက်ရှိနေကြသော ပါတီကလာပ်စည်းဝင်များ၊ ပါတီစိတ်များ၊ ပါတီ၏လူထုလူတန်းစားအဖွဲ့အစည်းများအားဖိတ်ကြား၍ ကိုယ်စားလှယ်လောင်း ညှိနှိုင်းအစည်းအဝေးပွဲများကျင်းပပြီး ပါတီမှပင် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အတည်ပြုသည့်စနစ်ဖြင့် ရွေးချယ်ကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ်မှာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၈ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁/၈၈ ကိုထုတ်ပြန်၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို လွှဲပြောင်းရယူလိုက်သည့်တွင် အဆုံးသတ်ခဲ့သည်။

ယင်းမှ ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အာဏာလွှဲပြောင်းသည်အထိ ပြီးဆုံးအောင်ကျင်းပနိုင်ခြင်းမရှိပေ။

ယင်းရွေးကောက်ပွဲတွင် ပါတီပေါင်း ၁၈၀ ကျော် အမည်စာရင်းတင်သွင်းခဲ့သော်လည်း အမှန်တကယ်ရွေးကောက်ပွဲဝင်မည့်ပါတီမှာ ပါတီ ၁၃၀ သာရှိခဲ့ပြီး ယင်းပါတီများမှ ၃၇ ပါတီဖျက်သိမ်းလိုက်၍ ၉၃ ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် 'အမျိုးသားညီလာခံ' ကိုစတင်ဖွင့်လှစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ရာ ၁၅နှစ်အကြာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အခြေခံဥပဒေမူကြမ်းရေးဆွဲမှုအပြီးသတ်ခဲ့ပြီး မေလတွင် ဆန္ဒခံယူပွဲကိုကျင်းပခဲ့သည်။ ယင်း၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ ဖြစ်ပေါ်လာမည့် အစိုးရပုံသဏ္ဌာန်သစ်အတွက် ရွေးကောက်ပွဲများကို ယခုနှစ် ၂၀၁၀ တွင်

---

မလိုအပ်တဲ့ အကြောက်တရားတွေ မရှိဖို့လိုတယ်။ အခန်းထဲမှာ လျှို့ဝှက်မဲပေးလို့ရအောင်၊ အမှန်ခြစ်လို့ရအောင် လုပ်ပေးထား တဲ့အတွက် ဘာမှ ကြောက်စရာမလိုဘူး။

**L.C ။ ။ ပြည်နယ်၊ တိုင်းလွှတ်တော်တွေရဲ့ လုပ်ဆောင်ကြရမယ့်တာဝန်တွေကရောဆရာ။**

**Dr.NWM** ။ ။ ပြည်နယ်နှင့်တိုင်းလွှတ်တော်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ် စာမျက်နှာ ၁၈၈ မှာ လွှဲပြောင်းပေးထားတဲ့ ဥပဒေတွေကို ဥပဒေပြုရမယ့်လွှတ်တော်ဖြစ်ပါတယ်။ တစ်ခုထူးခြားတာက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအစိုးရ အဲဒီလွှတ်တော်ထဲက ရွေးမှာဖြစ်တဲ့အတွက် အဲဒီအမတ်တွေဟာ ဥပဒေပြုသူတွေဖြစ်သလို တချို့ဟာလည်း ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့မှာ လူကြီးများလည်းဖြစ်ကြမှာပါ။ ကရင်ပြည်နယ်လို မြို့နယ်ခုနစ်မြို့နယ်တည်းရှိတဲ့ မြို့နယ်မှာ အမတ် ၁၄ ယောက်ပဲရှိမှာ။ တစ်ယောက်က ပြည်နယ်ဝန်ကြီးချုပ်လုပ်ပြီး ကျန် ၁၃ ယောက်လုံးက ပြည်နယ်အစိုးရဝန်ကြီးတွေ ဖြစ်ကြမှာပါ။ အခုရှိနေတဲ့ တ.ယ.က၊ ပ.ယ.က တာဝန်တွေကို အစားထိုးဖို့ ဒီလွှတ်တော်က ရွေးချယ်တာဝန်ပေးရမှာပါ။

**L.C ။ ။ နိုင်ငံတကာဝေဖန်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေကို အကြမ်းဖျင်းပြောပြပေးပါဦး။**

**Dr.NWM** ။ ။ နိုင်ငံတကာဆိုသူများ ဒီနေ့ပြောနေတာက မြန်မာ့ပြည်တွင်းမှာဖြစ်နေတဲ့ အခြေအနေမှန်မဟုတ်ဘူး။ ပြင်ပအသံလွှင့်ဌာနတွေနဲ့ လူလေး၊ ငါး၊ ခြောက်ယောက်ရဲ့အသံအတိုင်း အမှန်ကောက်ယူသွားတာက အင်မတန်ဝမ်းနည်းဖို့ကောင်းတယ်။

ရွေးကောက်ပွဲဥပဒေနဲ့ နည်းဥပဒေတွေမှာ တော်တော်များများ ကောင်းတာတွေ ဘယ်သူမှမတွေ့ဘူး။ အထူးသဖြင့် မဲရေတွက်ပုံစနစ်။ ရွေးကောက်ပွဲမှာ မဲရုံတွေမှာ မဲရေတဲ့စနစ်။

www.foreverspace.com.mm

ပြုလုပ်မည်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပထမဆုံး ကျင်းပသောရွေးကောက်ပွဲ ဖြစ်လာမည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ကျင်းပရန်နီးကပ်လာပြီဖြစ်သည်။

ယခုအခါတွင် ရွေးကောက်ပွဲကျင်းပရန် ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲကော်မရှင်ကို ရွေးချယ်ဖွဲ့စည်းထားပြီဖြစ်ရာ နှစ်၂၀ ကာလ၏ ပထမဆုံးရွေးကောက်ပွဲကို မကြာမီတွေ့ မြင်ရဖွယ်ရှိလာပြီဖြစ်သည်။

## ၂၀၁၀ ကောက်ကြောင်း

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်း အနှစ် ၂၀ ကာလတွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ကျင်းပပြုလုပ်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတ်လ ၈ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ဟူသည့်ရွေးကောက်ပွဲဥပဒေငါးရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းနောက် မတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် ၁/၂၀၁၀ ဖြင့် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင် ၁၆ ဦးပါဝင်သော ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တရားဝင် ထုတ်ပြန်ကြေငြာခဲ့သည်။

အဆိုပါရွေးကောက်ပွဲကော်မရှင်က မတ်လ ၁၇ ရက်နေ့တွင်



တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။

---

မဲပုံးတွေကို ဘယ်မှသယ်မသွားဘဲ နေရာမှာတင် ရေတွက်ရ မယ်။ မဲရုံကိုယ်စားလှယ်တွေရှေ့မှာ ရေတွက်ရမယ်။ ဒါပေမဲ့ ဥပဒေ နည်းဥပဒေမှာပါ တစ်ရာနှုန်းကိုထောက်ပြပြီး ပြောဆို နေကြတာ။ ကျန်တဲ့ ၉၉ ရာခိုင်နှုန်းကို သူတို့လုံးဝမသိဘူး။ မီဒီယာဆိုတာ မြင်စေချင်တာကိုပဲ ကွက်ပြီးပြလို့ရတယ်။ နိုင်ငံ တကာက မီဒီယာပေါ်က တစ်ရာခိုင်နှုန်းကို ၁၀၀ ရာခိုင်နှုန်းလို့ ထင်သွားတာ။ မှုမှုတတမမြင်ဘူး။

**L.C ။ ။ ပြည်တွင်းမှာ မီဒီယာလွတ်လပ်ခွင့်မရှိလို့ ဒီလိုပြောတာတွေပဲ ကြားနေရတယ်လို့ဆိုနိုင်မလား။**

**Dr.NWM** ။ ။ ပြည်ပက လေလှိုင်းတက်စီးထားတာကိုး။ သူတို့ကို အငြင်းမပွားရဲတဲ့သူ များသွားတဲ့အခါ ပြည်တွင်းက ပြောရတာ သိပ်ခက်သွားတယ်။ အငြင်းပွားရဲတဲ့လူတွေကျတော့လည်း အမှန် တစ်ရာခိုင်နှုန်း၊ အမှား ၉၉ ရာခိုင်နှုန်းလောက်ပါ နေတယ်။ ကျွန်တော်ပြောနေတာ အားလုံးကောင်းပါတယ်ခင်ဗျား လို့ပြောနေတာမဟုတ်ဘူး။ ရှိနေတာ ဖြစ်နေတာအားလုံးကို မြင်နိုင်တဲ့အခြေအနေမရှိဘူးလို့ပြောတာ။ မြန်မာနိုင်ငံအတွင်းကို သတင်းထောက်တွေ များများလာနိုင်တဲ့အခြေအနေ ဖန်တီးပေးမှ ဖြစ်လိမ့်မယ်။

**L.C ။ ။ ပါတီကြီးတစ်ခုကို မဲပေးဖို့ထက် တစ်သီးပုဂ္ဂလ မဲပေးကြဖို့ပိုများတော့ တစ်သီးပုဂ္ဂလတွေအတွက် ပိုအခွင့်အရေး ရနိုင်တယ်လို့ မြင်တဲ့အပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။**

**Dr.NWM** ။ ။ အခြေအနေအရပ်ရပ်ကို သုံးသပ်ရရင် တစ်သီးပုဂ္ဂလအနေနဲ့ ဝင်ပြိုင်ရင် ပိုကောင်းမယ်ဆိုတာဟုတ်ပါတယ်။ တစ်သီးပုဂ္ဂလအနေနဲ့ ယှဉ်ပြိုင်တာ အားသာချက်တွေရှိတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် တစ်သီးပုဂ္ဂလဆိုတာ ရေဒါအောက်မှာ ပျောက်နေတယ်။

နိုင်ငံရေးရဲ့ သဘောသဘာဝက ပြိုင်သူတစ်ယောက်

www.foreverspace.com.mm



ယင်းရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီးနောက် မတ်လအတွင်း နိုင်ငံရေးပါတီသစ်သုံးခု ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခဲ့သည်။ မှတ်ပုံတင်ခဲ့သောပါတီများမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်၊ စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) နှင့် ဒီမိုကရက်တစ်ပါတီမြန်မာတို့ဖြစ်သည်။

ယင်းသို့ပင် အခြားပါတီသစ်များဖြစ်သော ပြည်ထောင်စုဒီမိုကရေစီပါတီ၊ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၊ အမျိုးသားနိုင်ငံရေးအင်အားစုရရှိ၊ ဝံသာနု NLD မန္တလေး၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊ ကချင်ပြည်နယ်တိုးတက်ရေးပါတီ၊ လူထုဒီမိုကရေစီပါတီ၊ ဒီမို NLD(စစ်ကိုင်း) နှင့် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုအဖွဲ့က တည်ထောင်ဖွဲ့စည်းမှတ်ပုံတင်မည့် ခေတ်သစ်ပြည်သူ့ပါတီ စသည်တို့ကလည်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ရွေးကောက်



တောင်တန်းဒေသ ချစ်ကြည်စည်းလုံးမှုကို ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ခဲ့သည်

ရှိနေရမယ်။ မရှိရင် ရှာရတာ။ တစ်သီးပုဂ္ဂလတွေအနေနဲ့ ဘယ်သူက ပြိုင်သူဖြစ်လာမလဲ။ ပါတီလို့ဖြစ်သွားရင် လက်ညှိုးထိုးခံရမယ်။ ရေဒါအောက်ရောက်သွားမယ်။ ဝမ်းနည်းစရာကောင်းတာက အတိုက်အခံပါတီကြီးတစ်ခုဆိုတာ ရှိကောင်းပါတယ်။ ဒီအချိန်မှာတော့ အတိုက်အခံပါတီဆိုတာထက် တစ်သီးပုဂ္ဂလလမ်းကြောင်းက ပိုများနေမယ်ထင်တယ်။

**L.C ။ ။ လွှတ်တော်တွေရဲ့တာဝန်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**Dr.NWM** ။ ။ လွှတ်တော်တွေက တာဝန်သုံးရပ်ရာထမ်းရမယ်။ (၁) ဥပဒေပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ (၂) ပညာရေးကော်မတီ၊ ထောက်လှမ်းရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ စတဲ့ကော်မတီတွေက သက်ဆိုင်ရာအစိုးရကို Check and Balance ဖြစ်စေဖို့ Shadow Government ကော်မတီကို ဖွဲ့စည်းရမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို စောင့်ကြည့်ပြီး Check and Balance လုပ်ရမယ်။ (၃) ဘဏ္ဍာရေးအသုံးစရိတ်ကို လွှတ်တော်က ပြဋ္ဌာန်းပေးရမယ်။ အဲဒီတာဝန်ကြီးသုံးရပ်ကို ထမ်းဆောင်နိုင်အောင်ဆိုရင် လွှတ်တော်အစည်းအဝေးတွေကို တစ်နှစ်ပတ်လုံးခေါ်နေရမယ်။ လွှတ်တော်တစ်ရပ်ချင်းစီကို လွှတ်တော်ဥက္ကဋ္ဌတွေက ခေါ်ရမယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌက ခေါ်လို့ရသလို လွှတ်တော်အမတ် ၂၅ ရာခိုင်နှုန်းက လက်မှတ်ထိုးရင်လည်း ခေါ်လို့ရတယ်။ ဒါကြောင့် ပြည်ထောင်စု လွှတ်တော်မှာ ၁၆၆ ယောက်သောအမတ်များရဲ့ လက်မှတ် ၁၆၆ ခုရှိရင် ပြည်ထောင်စုလွှတ်တော်ကို တစ်နှစ်ပတ်လုံး ခေါ်လို့ရမှာဖြစ်ပြီး လွှတ်တော်တာဝန်တွေကို ထမ်းဆောင်နိုင်မှာ ဖြစ်တယ်။ ■

www.foreverspace.com.mm



ပွဲကော်မရှင်ထံ မှတ်ပုံတင်ရန်ပြင်ဆင်လျက်ရှိသည်။

ရွေးကောက်ပွဲတရားဝင်နိုင်ငံရေးပါတီအဖြစ် ၂၁ နှစ်ကြာရပ်တည်လျက်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် နိုင်ငံရေးပါတီအဖြစ် ထပ်မံမှတ်ပုံတင်မည်မဟုတ်ဟု မတ်လ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ရှိ NLD ဗဟိုဌာနချုပ်တွင် ပြုလုပ်သော ဗဟိုဦးစီးအဖွဲ့ဝင်များ ဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်ချခဲ့သည်။

မတ်လ ၈ ရက်နေ့က ထုတ်ပြန်ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် တရားဝင်နိုင်ငံရေးပါတီများ အနေဖြင့် ဆက်လက်ရပ်တည်လိုပါက ဥပဒေထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်လျှောက်ထားရမည်ဟု ပါရှိပြီး ပြန်လည်လျှောက်ထားခြင်းမရှိပါက အလိုအလျောက်ပျက်ပြယ်မည်ဟု ပါရှိထားရာ NLDပါတီ၏ ယခုဆုံးဖြတ်ချက်အရ ဥပဒေထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ ပြည့်သည့်နေ့တွင် အလိုအလျောက်ပျက်ပြယ်မည့်အနေအထားဖြစ်နေသည်။

NLDပါတီကရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်လိုက်သော်လည်း NLDပါတီကဲ့သို့ပင် ၂၁ နှစ်ကြာ တရားဝင်ပါတီအဖြစ်ရပ်တည်ခွင့်ရထားသော မ.ဆ.လ (မြန်မာနိုင်ငံဆိုရှယ်လစ်လမ်းစဉ်ပါတီ) ကမူ မတ်လ ၂၀ ရက်နေ့တွင် မှတ်ပုံတင်ပြန်လည်လျှောက်ထားခဲ့သည်။


၂၀၁၀ ရွေးကောက်ပွဲမှာ NLDပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်၍ ယင်းရွေးကောက်ပွဲမှာ တရားမျှတသောရွေးကောက်ပွဲမဟုတ်ဟု ကမ္ဘာကပြောဆိုနေမှုများရှိနေသော်လည်း ၂၀၁၀ ရွေးကောက်ပွဲမှာ အနာဂတ် မြန်မာနိုင်ငံအတွက် သေးငယ်သောတံခါးပေါက်ဟုယူဆနိုင်သဖြင့် ရွေးကောက်ပွဲဝင်ပြိုင်မည်ဟု ဆုံးဖြတ်ထားသူများလည်းရှိသည် ကိုတွေ့ရသည်။

## သူတို့အမြင်

၂၀၁၀ ရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံရေးပါတီအချို့စတင်မှတ်ပုံတင်နေပြီဖြစ်သော်လည်း ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှစ၍ ယနေ့အထိ တရားဝင်ပါတီအဖြစ် ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီ ၁၀ ပါတီတွင် တ.စ.ည ပါတီက ပါတီမှတ်ပုံတင်ပြန်တင်ပြီး NLDပါတီက ပြန်လည်မှတ်ပုံတင်ရန်ငြင်းဆိုထားကာ ကျန်ပါတီများမှာ တစ်စုံတစ်ရာဆုံးဖြတ်နိုင်သေးခြင်းမရှိသည်ကို တွေ့ရသည်။ သို့ကြောင့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် နိုင်ငံရေးပါတီများ မည်သို့သဘောထားကြသည်ကိုလေ့လာရန် လိုအပ်လာသည်။

ယင်းကြောင့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်ပါတီ၏ သဘောထားကိုမေးမြန်းရာ ယင်းပါတီ၏ အတွင်းရေးမှူးဖြစ်သူ ဒေါ်နေရည်ဗဆွေက "အခုလိုရွေးကောက်ပွဲဝင်ပြိုင်တဲ့အပေါ် ကျွန်မတို့ပါတီကို ဝေဖန်တာတွေ အများကြီးကြုံရပါတယ်။ နိုင်ငံရေးသမားဆိုတာ ဝေဖန်တာခံနိုင်ရမှာပေါ့။ ကျွန်မတို့ အခုလုပ်နေတာ ကျွန်မတို့အတွက်မဟုတ်ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက်လုပ်နေတာ။ အစိုးရက စစ်အစိုးရ။ သူတို့လုပ်ပေးတဲ့ရွေးကောက်ပွဲဆိုတော့ သူတို့ဥပဒေပေါ့။ စစ်အစိုးရက အပြည့်အဝအုပ်ချုပ်နေရာက နိုင်ငံရေးသမားတွေကို တံခါးဖွင့်ပေးတာ" ဟု ၎င်းက ရှင်းပြသည်။

ယင်းပါတီဥက္ကဋ္ဌဦးသုဝေကလည်း "ပြင်ပကနေ ပြောချင်တာ



ရောက်သည့်နေရာတွင် ဖြစ်သလိုကြုံသလို ဟောပြောစည်းရုံးခဲ့သူဖြစ်သည်

www.foreverspace.com.mm





၂၀၁၀ရွေးကောက်ပွဲနောက်ပိုင်း အသက်ဝင်လာမည့် နေပြည်တော်ရှိ ဥပဒေပြုလွှတ်တော်အဆောက်အအုံများ

ပြောလို့ရတယ်။ ပြည်တွင်းမှာက အဲဒီလိုမဟုတ်ဘူး။ လက်ရှိအခြေအနေအရ အကောင်းဆုံးဖြစ်အောင်လုပ်ရတာ။ ရွေးကောက်ပွဲ ဝင်မပါကြရင် တစ်ပါတီစနစ်ပုံစံမျိုးပြန်ဖြစ်သွားမယ်"ဟုဆိုသည်။

လူထုဒီမိုကရေစီပါတီကိုထူထောင်ရန် ပြင်ဆင်နေသော ၈၈ ကျောင်းသားဟောင်း ဦးသိန်းတင်အောင်က "ဖြစ်နိုင်တာက Road Map ခုနစ်ချက်ပဲ။ ဘာအပေးအယူလုပ်ရမလဲဆိုတော့ ဖွဲ့စည်းပုံကို လက်ခံရမယ်။ ရွေးကောက်ပွဲကို လက်ခံရမယ်။ ဘာပြန်ရမလဲဆိုတော့ အရပ်သားအစိုးရအုပ်ချုပ်ခွင့်ရမယ်။ တစ်ဦးနဲ့တစ်ဦး သံသယကင်းကင်းနဲ့ နိုင်ငံရေးလုပ်မယ်။ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်မယ်။ ပြည်သူတွေအမြင်မှာ ရွေးကောက်ပွဲဝင်မယ့်သူတွေကို ဒီမိုကရေစီအင်အားစုတွေလို့မြင်လာအောင် သက်သေပြရမယ်။ တစ်ဖက်ကလည်း အနာဂတ်နိုင်ငံတော်မှာ စစ်တပ်ရဲ့ အခန်းကဏ္ဍကို ပါဝင်ခွင့်ပေးကြောင်း ပြရမယ်။ ဒါမှ နိုင်ငံရေးအကျပ်အတည်းမတွေ့ဘဲ တိုင်းပြည်ဖွံ့ဖြိုးအောင်လုပ်နိုင်မှာ" ဟုသုံးသပ်ပြသည်။

ယင်းပါတီမှ ဦးဖြိုးမင်းသိန်းကလည်း "အခုရွေးကောက်ပွဲက ဘယ်လိုအခြေအနေလဲဆိုတာ ပြည်တွင်းမှာနေတဲ့သူတွေ အားလုံးသိပြီးသားပါ။ ဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင်လုပ်ရမှာ၊ အများကြီးမျှော်လင့်လို့မရဘူး။ ရွေးကောက်ပွဲက မှတ်တိုင်တစ်ခုပါ။ မဖြစ်မနေဖြတ်ရမှာ။ အခုရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲဖြစ်စေချင်တယ်။ မီဒီယာလွတ်လပ်ခွင့်ပေးစေချင်တယ်" ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

နိုင်ငံရေးသမားဟောင်းတစ်ဦးဖြစ်သူ ဦးဘတင့်ဆွေက "လက်နက်ကိုင်ထားတဲ့ စစ်သားအယောက် ၁၀၀ အုပ်ချုပ်နေရာကနေ ၇၅ ယောက်ဆင်းပေးမယ်။ ၂၅ ယောက်ပဲနေခဲ့မယ်ဆိုတာ ဘာလက်မခံနိုင်စရာရှိလဲ၊ အများကြီး အခြေအနေကောင်းပါတယ်။ ဖြည်းဖြည်းချင်းပြုပြင်သွားဖို့လိုတာ။ လက်နက်ကိုင်ထားတဲ့အစိုးရကို ငါအာဏာရလာရင် ဘာလုပ်မယ်ဆိုတာမျိုးနဲ့ ဘယ်တော့မှအာဏာမရဘူး။ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ဒါမျိုး မပြောသင့်ဘူး။ နိုင်ငံရေးမှာ ပါးနပ်ဖို့လိုတယ်"ဟု သုံးသပ်ပြသည်။

"စနစ်တစ်ခုကနေတစ်ခုကို ပြောင်းသွားတာ အမြတ်ပဲ။ အုပ်ချုပ်ရေးမှာ အရပ်သားပါဝင်ခွင့်မပြုတာကနေ အရပ်သားပါဝင်ခွင့်ရတာ အမြတ်ပဲ။ တစ်ယောက်ပဲပါခွင့်ရရင်တောင် အမြတ်ပဲ။ အခုအချိန်မှာ တရားတယ်၊ မတရားဘူး ငြင်းနေရမှာမဟုတ်ဘူး။ လွှတ်တော်ထဲရောက်မှ တိုင်းပြည်အတွက် အကျိုးရှိမယ့်ဥပဒေတွေဖြစ်ပေါ်လာဖို့ ဆွေးနွေးငြင်းခုံရမှာ"ဟု နိုင်ငံရေးသမားဟောင်းတစ်ဦးဖြစ်သူ ဦးရန်ကျော်က ၎င်း၏အမြင်ကိုချပြသည်။

## အသွင်သစ်နိုင်ငံရေး

မည်သို့ပင်ဆိုစေ ၂၀၁၀ ရွေးကောက်ပွဲကို မဖြစ်မနေဖြတ်သန်းရတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲလွန်ကာလတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာမည့် မြန်မာ့နိုင်ငံရေးအသွင်သစ်မှာ မည်သို့မည်ပုံဆိုသည်ကို သိရန်လိုအပ်လာပြီဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံတော်မှာ ပြည်နယ် ၇ ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုရှိသည့် လွှတ်တော်နှစ်ရပ်ပါသော ဥပဒေပြုလွှတ်တော် (ပြည်ထောင်စုလွှတ်တော် = ပြည်သူ့လွှတ်တော် + အမျိုးသားလွှတ်တော်) နှင့် သမ္မတအုပ်ချုပ်မှုပုံစံဖြစ်သည်။

မြန်မာနိုင်ငံ၏မြို့တော်မှာ နေပြည်တော်ဖြစ်ပြီး ယင်းကို သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည်။

www.foreverspace.com.mm

ဆန္ဒမဲပေးရာတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ဆန္ဒမဲသုံးခု တစ်ပြိုင်တည်းပေးရမည်။

လွှတ်တော်အားလုံး၏ ကိုယ်စားလှယ်နေရာ လေးပုံတစ်ပုံကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည့် တပ်မတော်သား ကိုယ်စားလှယ်များက ရရှိမည်ဖြစ်သည်။


ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတဦးဆောင်သည့် အဖွဲ့ဝင် ၁၁ ဦးပါ(ကာကွယ်ရေးဦးစီးချုပ်နှင့် ၎င်းခန့်အပ်သူ ၆ ဦး အပါအဝင်) အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ရွေးချယ်ခန့်အပ်မည်ဖြစ်သည်။

တိုင်းဒေသကြီးတစ်ခုစီနှင့် ပြည်နယ်တစ်ခုစီ၏ အစိုးရများကို ထိုတိုင်းဒေသကြီး သို့မဟုတ် ထိုပြည်နယ်၏ လွှတ်တော်ကိုယ်စားလှယ်များထဲမှ သမ္မတကရွေးချယ်ခန့်အပ်သည့် ဝန်ကြီးချုပ်တစ်ဦးစီက ဦးဆောင်မည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ခြောက်ခုတွင် တစ်ခုစီအတွက် ဦးစီးအဖွဲ့များရှိမည်ဖြစ်ပြီး ၎င်းတို့၏ဒေသများတွင် ဖွဲ့စည်းပုံတွင်ဖော်ပြထားသော ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

နိုင်ငံတော်သမ္မတကို ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပြုခံရသူ သုံးဦးထဲမှ လျှို့ဝှက်မဲဖြင့် ရွေးချယ်တင်မြှောက်မည်။ သမ္မတလောင်းနှစ်ဦးကို ပြည်သူ့လွှတ်တော်အရွေးကောက်ခံကိုယ်စားလှယ်များက တစ်ဦးရွေးချယ်ရမည်ဖြစ်ပြီး အမျိုးသားလွှတ်တော် အရွေးကောက်ခံကိုယ်စားလှယ်များက တစ်ဦးရွေးချယ်ရမည်ဖြစ်ကာ ကျန်တစ်ဦးကို လွှတ်တော်နှစ်ရပ်လုံး၏ တပ်မတော်သားကိုယ်စားလှယ်များက ရွေးချယ်ရမည်ဖြစ်သည်။ မအောင်မြင်သည့် အဆိုပြုခံရသူနှစ်ဦးမှာ ဒုတိယသမ္မတများဖြစ်လာမည်ဖြစ်သည်။

သမ္မတသည် နိုင်ငံတော်နှင့် အစိုးရအဖွဲ့ နှစ်ခုစလုံး၏ အကြီးအကဲဖြစ်သည်။ သို့သော် တပ်မတော်၏အကြီးအကဲ မဟုတ်ပေ။

အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့မှာ တရားလွှတ်တော်ချုပ်ဖြစ်ပြီး တရားလွှတ်တော်ချုပ်သည် ကာကွယ်ရေးဦးစီးချုပ်က အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် စစ်ဘက်ဆိုင်ရာတရားရုံးများက ကိုင်တွယ်မည့် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးအပေါ် တရားစီရင်ပိုင်ခွင့်မရှိပေ။ ဖွဲ့စည်းပုံဆိုင်ရာအရေးကိစ္စများကို နိုင်ငံတော်သမ္မတနှင့်



ရွေးကောက်ပွဲဥပဒေ ငါးရပ်နှင့် နည်းဥပဒေ လေးရပ်အတွက် ထုတ်ဝေထားသည့် စာအုပ်များ

လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ ရွေးချယ်ထားသည့် အဖွဲ့ဝင်များပါသော သီးခြားဖွဲ့စည်းပုံဆိုင်ရာတရားရုံးကသာ ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်။ ယင်းတရားရုံးသည် လွှတ်တော်သက်တမ်းအတိုင်း ၅ နှစ်သာဖြစ်သည်။

ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ လေးပုံသုံးပုံ ထောက်ခံမှုလိုအပ်သည်။ ဖွဲ့စည်းပုံဥပဒေ၏ ပိုမိုအရေးကြီးသောအစိတ်အပိုင်းများကို ပြင်ဆင်ရန်အတွက်မူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၅၀ ရာခိုင်နှုန်းက ထောက်ခံမဲပေးမှသာ ပြင်ဆင်နိုင်မည်ဖြစ်သည်။

## စောင့်ကြည့်ရဦးမည့်အနာဂတ်

မည်သို့ပင်ဆိုကြစေကာမူ ၂၀၁၀ ရွေးကောက်ပွဲမှာ ကျင်းပရန် နီးကပ်လာလျက်ရှိပြီး အရပ်သားအစိုးရပါဝင်ခွင့်ရသည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ယင်းပေါ်ထွန်းလာမည့် အုပ်ချုပ်ရေးစနစ်သစ်မှာ မည်သို့ဖြစ်မည်၊ မည်မျှကောင်းကျိုးဆောင်နိုင်မည် မဆောင်နိုင်မည် ဆိုသည်မှာ လတ်တလောအနေအထားတွင် မလွဲမသွေ မှန်အောင်ကြိုတင်ခန့်မှန်းနိုင်ဦးမည်မဟုတ်ပေ။

အနာဂတ်မြန်မာ့နိုင်ငံရေးအသွင်သစ်မှာ မည်သို့မည်ပုံ ရှိမည်ဆိုသည်မှာ လွှတ်တော်အတွင်းရောက်ရှိသွားမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်နိုင်မှု၊ အရပ်ဘက်နှင့် စစ်ဘက်ဆက်ဆံရေးအခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ တိုင်းပြုပြည်ပြုစိတ်ဓာတ် အားကောင်းမှုရှိ မရှိ၊ အရပ်ဘက်နှင့် စစ်ဘက် အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိ၊ မရှိ စသဖြင့် လုပ်ဆောင်နိုင်မှု စွမ်းရည်ပေါ်တွင် အခြေခံပေရာ ကြိုတင်မှန်းဆ မရနိုင်သည့် အနာဂတ်မြန်မာ့နိုင်ငံရေးအသွင်သစ်ကို စောင့်ကြည့်ရဦးမည်သာဖြစ်သည်။

**မှီငြမ်း**

- **နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲမှတ်တမ်း (၆)၊ (၇)**
- **၅၈–၆၂ မြန်မာ့နိုင်ငံရေး (ပ၊ ဒ)**
- **မြန်မာ့သမိုင်းအကျဉ်းချုပ်နှင့်တပ်မတော်ကဏ္ဍ၊ ဒုတိယတွဲ**
- **ပြောင်းလဲလာသော မြန်မာနိုင်ငံအုပ်ချုပ်ပုံစနစ်များ–မြင့်သိန်း၊ ရန်ကုန်တက္ကသိုလ်**
- **ဗိုလ်ချုပ်စောမောင်မိန့်ခွန်းများ**
- **ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာနိုင်ငံရေးခရီးစဉ်–ဒေါက်တာမောင်မောင်**
- **တရားမျှတသောပါတီစုံရွေးကောက်ပွဲကြီးသို့– ဆရာချယ်**
- **မြန်မာနိုင်ငံရေးသမိုင်း–ဦးလေးမောင်**

**ကျော်ဆန်းမင်း၊ အောင်စိုး**

www.foreverspace.com.mm





# နာဂစ် ၂ နှစ်လွန်သော်

ကျော်မျိုးထွန်း ၊ ကျော်ဇေယျာထွန်း

**မြန်မာနိုင်ငံ၏ ဆန်အိုးကြီးအဖြစ် တင်စားခံရသည့် ဆန်စပါးအဓိကထွက်ရှိရာအပြင် ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများဖွံ့ဖြိုးရာ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသသို့ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးဝင်ရောက်တိုက်ခတ်ခဲ့သည်မှာ ယခုဆိုလျှင် ၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ လူဦးရေ တစ်သိန်းလေးသောင်းကျော်သေဆုံးပြီး ၂ ဒသမ ၄ သန်းကျော် အိုးအိမ်များဆုံးရှုံးခဲ့ရကာ ဒေသ၏အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့မှာလည်း များစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ အစိုးရအပါအဝင် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်များက အိုးမဲ့အိမ်မဲ့ကာဒုက္ခရောက်ခဲ့သူများကို ထောက်ပံ့ကူညီခဲ့ကြသည်။ ဆုံးရှုံးသွားသော စီးပွားရေးလုပ်ငန်းကဏ္ဍအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ပြန်လည်ထူထောင်ပေးခဲ့ကြသည်။ ၂ နှစ်ဆိုသောအချိန်ကာလ တစ်ခုဖြတ်သန်းပြီးသောအခါ ဒေသခံပြည်သူများနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုစသည့် အခြေအနေများက မည်သို့ရှိမည်နည်း။ ယင်းအခြေအနေများကိုသိရှိနိုင်ရန်အတွက် နာဂစ် ၂ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် Living Color မဂ္ဂဇင်းက ရေးသားဖော်ပြလိုက်ရပါသည်။**

## စီးပွားရေးလုပ်ငန်းများ

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသသည် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒေသရှိစီးပွားရေးလုပ်ငန်းအားလုံးနီးပါး ပျက်စီးဆုံးရှုံးသွားခဲ့သည်ဟုဆိုရမည်။ သို့သော် အစိုးရနှင့် ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ပေးမှုကြောင့် ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ရာနှုန်းပြည့်မဟုတ်သည့်တိုင် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခဲ့သည်က

www.foreverspace.com.mm



အမှန်ပင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ယင်းဒေသ၏ အဓိကကျသော အဆိုပါလုပ်ငန်းများ၏အခြေအနေသည် နာဂစ်မုန်တိုင်းမတိုင်ခင်အချိန်ကာလလောက်မကောင်းသော်လည်း မဆိုးဟုဆိုရမည်။ ယခုနှစ်တွင် မတူညီသောလုပ်ငန်းများ၌ မတူညီသည့်အခက်အခဲများ ရင်ဆိုင်နေရသည်ကိုတွေ့ရသည်။

## ရေလုပ်ငန်း

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ငါးဖမ်းကိရိယာများ ပျက်စီးခဲ့ရ၍ မြစ်ချောင်းနှင့် ပင်လယ်အတွင်း ငါးဖမ်းမည့်သူမရှိတော့ဘဲ ကာလအတန်ကြာမှ ငါးပြန်ဖမ်းကြရာတွင် ငါးဖမ်းဆီးရရှိမှုများခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်လည်း အမြတ်များစွာမရသည့်တိုင် အကြွေးမတင်ဘဲ စားဝတ်နေရေးပြေလည်သည်အထိ ငါးဖမ်းဆီး ရရှိခဲ့သည်။ ယခုနှစ်တွင်မူ ငါးဖမ်းရာသီ စတင်သည့် တော်သလင်းလမှစတင်၍ ငါးဖမ်းဆီးရရှိမှု ကျဆင်းလျက်ရှိသည်။

"တစ်ရက်ကို သုံးကြိမ်ငါးဖမ်းထွက်တယ်။ အရင်က တစ်ရက်ကို ငါးသလောက် ၁၀ ကောင်ရရင် အခုတစ်ကောင်ရဖို့တောင် မလွယ်ဘူးဖြစ်လာတယ်" ဟု လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အမှတ် (၃) ရပ်ကွက် ကပ္ပလီကျေးရွာမှ ရေလုပ်သားတစ်ဦးက ပြောကြားသည်။

ကပ္ပလီကျေးရွာတွင် အိမ်ထောင်စု ၆၀ ခန့်ရှိပြီး တစ်အိမ်ထောင်တွင် အနည်းဆုံးလူဦးရေ ခြောက်ဦးခန့်ရှိသည်။ ၎င်းတို့သည် ရေလုပ်ငန်းလုပ်ကိုင်ရန်အတွက် ငပုတောမြို့နယ်မှလာရောက်ပြီး ဟိုင်းကြီးကျွန်းပေါ်တွင် ယာယီလာရောက်နေထိုင်ကြခြင်းဖြစ်သည်။ ငါးဖမ်းဆီးနိုင်ရန်အတွက် လှေနှင့် ငါးဖမ်းပိုက်ကို ငါးဒိုင်မှထုတ်ယူထားရပြီး ယင်းပစ္စည်းများအတွက်ကျသင့်သည့်တန်ဖိုးငွေကို အရစ်ကျပြန်လည်ပေးသွင်းသည့်စနစ်ဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ယခုနှစ်ကဲ့သို့ ငါးအရအမိနည်းသည့်အချိန်များတွင် ငါးဖမ်းပစ္စည်းများအတွက် ကျသင့်



သည့်ငွေကို မပေးသွင်းနိုင်သည့်အပြင် တစ်ရက်တာ မိသားစုစားစရိတ်အတွက်ပင် အကြွေးများ တင်တတ်သည်။

"ငါးမရတဲ့အခါကျတော့ ငါးဒိုင်ကို လှေဖိုး၊ ပိုက်ဖိုးမပေးနိုင်တဲ့အပြင် ငါးဖမ်းဖို့အတွက် ဒီဇယ်ဖိုးနဲ့ မိသားစုစားစရိတ်အကြွေးပါ နေ့စဉ်ထပ်တက်လာတယ်။ ဒီဇယ်ဖိုးနဲ့ မိသားစုစားစရိတ်က တစ်လကို သုံးသိန်းအထက်မှာရှိတယ်။ ငါးမရတဲ့အခါကျတော့ ဒီအကြွေးက တစ်လတစ်လ အရမ်းတက်လာတယ်" ဟု ကပ္ပလီကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်သူဦးသန်းထွေးက ငါးမရပါက အကြွေးတင်သည့်အကြောင်းကို ပြောပြသည်။

ငါးရောင်းဝယ်ရေးဒိုင်မှ ငါးဖမ်းကိရိယာများယူထားသည့် အကြွေးမကျေသည့်အပြင် နေ့စဉ်မိသားစုအသုံးစရိတ်အကြွေးပါတင်နေသော ရေလုပ်သားများအတွက် ဧပြီလနှင့် မေလနှစ်လသာ ငါးဖမ်းဖို့ အချိန်ကျန်တော့သည်။ လက်ထဲ၌ ပိုက်ဆံမရနိုင်သေး။ မိုးတွင်းကာလလုပ်ငန်းများနားသည့်အချိန်၌ မည်သည့်အလုပ်ကို လုပ်၍ မည်သို့စားသောက်ရမည်ဆိုသည်မှာ ၎င်းတို့အတွက် စဉ်းစားစရာဖြစ်၍နေသည်။

ယင်းကဲ့သို့ရေလုပ်သားများ ငါး



www.foreverspace.com.mm

အရနည်း၍ လုပ်ငန်းမကောင်းပါက ငါးဒိုင်ဖွင့်ထားသူများအတွက်လည်း ယင်းအကျိုးဆက်ကို တိုက်ရိုက်ခံစားရမည်ဖြစ်သည်။ ရေလုပ်သားများထံမှ ငါးမရသဖြင့် မြို့သို့ ကုန်ပစ္စည်းမပို့နိုင်။ ထို့ပြင် မိမိထုတ်ချေးထားသော ငါးဖမ်းပစ္စည်းများအတွက်လည်း ချေးငွေပြန်မရ။ ငါးဒိုင်များသည်လည်း ငါးမရပါက လာမည့်နှစ် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် အခက်အခဲဖြစ်၍နေသည်။

"ဒီရွာမှာ မိသားစု ၅၀ လောက်ကို လှေ၊ စက်၊ ပိုက်၊ ဒီဇယ်နဲ့ စားစရာ၊ ဆန်တွေကိုပါ ပေးထားရတယ်။ သူတို့ ငါးမရရင် ကျွန်တော်လည်း အလုပ်မဖြစ်ဘူး။ ငွေမပေါ်ဘူး။ ဧပြီလနဲ့မေလကို ကြည့်ရမယ်။ အဲဒီနှစ်လမှာလည်း ငါးမရဘူးဆိုရင်တော့ ဒီနှစ်ရှုံးပြီ" ဟု ကပ္ပလီကျေးရွာတွင် ယာယီလာရောက်နေထိုင်သူ ငါးရောင်းဝယ်ရေးဒိုင်မှ ကိုအံ့ကြီးက ယခုနှစ်ငါးအရနည်းလာပုံကို ပြောပြသည်။

ငါးဒိုင်များနှင့် ရေလုပ်သားများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခိုနေကြခြင်းဖြစ်ရာ ငါးဒိုင်များမရှိတော့ပါက ရေလုပ်သားများအတွက် လိုအပ်သောအရင်းအနှီးရရှိရန် အခက်အခဲဖြစ်၍နေသည်။

"ကျွန်တော်တို့ရွာက ငါးဒိုင်ဆိုရင် ထုတ်ချေးထားတဲ့ငွေတွေအားလုံး နာဂစ်မှာဆုံးကုန်တယ်။ လုပ်ငန်းပြန်လုပ်ပေမယ့် လုပ်ငန်းမကောင်းတဲ့အခါကျတော့ အခုဒိုင်ကိုပါပိတ်ထားလိုက်ရတယ်" ဟု ဒေးဒရဲမြို့နယ် ကျုံဒါတ်ရွာအုပ်စု ဥတိုကျေးရွာမှ ငါးပိ၊ ငါးခြောက်အရောင်းအဝယ်လုပ်ကိုင်သူ ဦးကိုဝင်းက ပြောကြားသည်။

ယခုနှစ်တွင် ကမ်းနီး၊ ကမ်းဝေး ပင်လယ်ငါးဖမ်းစက်လှေများသည် ငါးရှားပါးမှုကြောင့် နေရာသစ်များသို့ပြောင်းရွှေ့ဖမ်းဆီးမှုများ ပြုလုပ်လာကြသည်။ ယခင်က ဟိုင်းကြီးအနီးရှိ သမီးလှကျွန်းတစ်ဝိုက် ငါးဖမ်းဆီးနေသောစက်လှေများသည် ယခုအခါ ဖျာပုံဒေသတစ်ဝိုက်နှင့် သံလျင်၊ ကျောက်တန်းအနီးတစ်ဝိုက်အထိ ဖမ်းဆီးမှုများပြုလုပ်လာကြသည်။ ဖမ်းဆီးရမိသည့်ငါးများကို ဟိုင်းကြီးကျွန်းသို့ ပြန်လည်ယူဆောင်လာခြင်းမပြုတော့ဘဲ ဖျာပုံနှင့် ရန်ကုန်မြို့တို့သို့ တိုက်ရိုက်တင်ပို့ခြင်းများကြောင့် ဟိုင်းကြီးကျွန်း၌ ငါးဒိုင်များတွင် ငါးရှားပါးကာ လုပ်ငန်းမကောင်းတော့သည့်အခြေအနေ ရောက်လာသည်။

"ဒီကိုပြန်လာရင် အချိန်ကုန်တယ်။ ဒီဇယ်က နှစ်ပီပါလောက်ကုန်မယ်။ အဲတော့ နီးနီးနားနား ဖျာပုံနဲ့ ရန်ကုန်မှာပဲ ရောင်းလိုက်တယ်။ ဒါပေမဲ့ ဟိုင်းကြီးကျွန်းမှာရှိတဲ့ ငါးဒိုင်တွေကျတော့ ဒုက္ခရောက်တာပေါ့" ဟု ဟိုင်းကြီးကျွန်းရှိ ငါးဒိုင်အခြေအနေနှင့် ငါးဖမ်းဆီးရသည့်အခြေအနေတို့ကို ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းပိုင်ရှင် ဦးစိုးနိုင်က ပြောပြသည်။

ငါးဖမ်းဆီးရရှိသည့်အခြေအနေမှာ ယခင်က ၁၅ ရက် (တစ်ရေ) လျှင် ၁၅ ပိဿာဝင်ခြင်း ၂၀ ခန့်ရရှိသော်လည်း ယခုအခါ ၁၅ ပိဿာတစ်ခြင်းရရန်အတွက်ပင် အခက်အခဲတွေ့၍နေသည်။ ငါးဖမ်းဆီးရသည့်အချိန်ကာလမှာလည်း ငါးရရှိမှုနည်းသောကြောင့် လနှင့်ချီကာ ဖမ်းဆီးရခြင်းမျိုးရှိလာပြီး ကုန်ကျစရိတ်လည်း ပို၍မြင့်မားလာသည်။ ငါးရှားပါးခြင်းကြောင့် ဟိုင်းကြီးကျွန်းတွင် လာရောက်ရပ်နားသည့် ထိုင်းငါးဖမ်းစက်လှေများသည်လည်း ယခင် အစင်း ၅၀ ခန့်ရှိနေရာမှ ယခုနှစ်တွင် ခြောက်စင်းခန့်သာ ရှိတော့သည်။

"ငါးရှားရတဲ့အကြောင်းအရင်းက ရာသီဥတုကြောင့်ပဲလို့ ပြောရမှာပဲ။ ပင်လယ်ရေစီးကြောင်းတွေပြောင်းလို့ ငါးရှားလာတယ်လို့လည်း ပြောလို့ရတယ်။ အရင်က ရာသီဥတုကိုမှန်းပြီး ငါးဖမ်းလို့ရတယ်။ အခုရာသီဥတုကို မှန်းလို့မရတော့ဘူး။ လေကလည်း အရပ်လေးမျက်နှာကတိုက်နေတာ။ နေကလည်း အရင်နှစ်တွေကထက် အရမ်းပူတယ်" ဟု ဟိုင်းကြီးကျွန်းရှိ ပင်လယ်ကမ်းနီး၊ ကမ်းဝေးရေလုပ်ငန်းလုပ်ကိုင်သူ ဦးသက်လွင်က ငါးရှားပါးသည့်အခြေအနေကို ရှင်းပြသည်။

ပူပြင်းသည့်ရာသီဥတုကြောင့် မြန်မာနိုင်ငံ၏ ကဏန်းအများဆုံးထွက်သောလပွတ္တာမြို့၌လည်း ကဏန်းကုန်အဝင်ကျဆင်း၍နေသည်။ ယခင်ကဏန်းဒိုင်တစ်ခု



www.foreverspace.com.mm



ယခင် မိုးတွင်းရေထရက်၌ တစ်ရက်လျှင် ကဏန်းကုန်ချိန် ငါးတန်ဝင်နေရာမှ ယခု အခါ ရေထရက်၌ တစ်ရက်လျှင် ကုန်ချိန် နှစ်တန်ခန့်သာ ဝင်တော့သည်။

"နေက အရမ်းပူတော့ ကဏန်းတွေ က ရေနက်ပိုင်းကို ဆင်းကုန်တော့ ဖမ်းဖို့ ခက်တာပေါ့။ နောက်ပြီး နေပူတာကြောင့် လပွတ္တာမြို့မှာဆိုရင် ကဏန်းမွေးတဲ့သူ အရင် ၁၅ ယောက်လောက်ရှိတယ်။ အခု ငါးယောက်လောက်ပဲရှိတော့တယ်" ဟု လပွတ္တာမြို့ရှိ စိန်ရွှေလျှံကဏန်းရောင်းဝယ် ရေးဒိုင်လုပ်ငန်းရှင်ဦးဇော်တင်မိုးက ရာသီ ဥတုကြောင့် ကဏန်းလုပ်ငန်းများ အခက် အခဲတွေ့လာပုံကို ပြောကြားသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ် စေ၊ အဆင့်မြင့်နည်းပညာဖြင့် ငါးဖမ်းဆီး မှုများလာခြင်းကြောင့်ဖြစ်စေ သဘာဝ ငါးသယံဇာတရှားပါးလာသည်မှာ အမှန် ပင်ဖြစ်သည်။ သဘာဝငါးသယံဇာတရှား ပါးလာမည်ဆိုပါက ယင်းအပေါ်တွင်မှီခိုနေ ရသော ဧရာဝတီတိုင်းရှိ ရေလုပ်ငန်းရှင် များနှင့် ရေလုပ်သားများသည် အလုပ်အ ကိုင်ရှားပါး၍ လူသားတစ်ယောက်၏ စား ဝတ်နေရေးဆိုသည့် အခြေခံလိုအပ်ချက် များ မပြည့်မစုံဖြစ်ကာ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားလာမည် ဖြစ်သည်။ ထိုကဲ့သို့ အခြေ အနေမှလွတ်မြောက်ရန်အတွက် နည်းလမ်း များရှာရတော့မည် ဖြစ်သည်။

"ငါးသယံဇာတထိန်းသိမ်းဖို့အတွက် ငါးရစ်ငါးသန်းချိန်မှာငါးမဖမ်းဖို့၊ ငါးမျိုး တုံးစေမယ့်ငါးဖမ်းနည်းတွေနဲ့ ငါးမဖမ်းဖို့ အတွက် ပညာပေးလုပ်ငန်းတွေကို ကျေးရွာ တွေမှာ ပုံမှန်လုပ်ပေးပါတယ်။ အခုဆိုရင် သယံဇာတထိန်းသိမ်းရေးအဖွဲ့တွေကို ဖွဲ့ ပေးဖို့ စီစဉ်နေပါတယ်" ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးအောင် က ငါးသယံဇာတထိန်းသိမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းပြသည်။



ငါးလုပ်ငန်းဦးစီးဌာနက သယံဇာတ ထိန်းသိမ်းရေးအဖွဲ့များကို ယခုနှစ်တွင် စတင်ဖွဲ့စည်းသွားမည်ဖြစ်ရာ ယခုအခါ၌ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက် လျက်ရှိသည်။ ဤကဲ့သို့ သယံဇာတထိန်း သိမ်းရေးအဖွဲ့များဖြင့် စနစ်တကျ ကာ ကွယ်စောင့်ရှောက်သွားမည်ဆိုပါက သဘာဝငါးသယံဇာတလျော့နည်းမှုတို့ကို ကာကွယ်နိုင်မည် ဖြစ်သည်။

"လုပ်ငန်းရှင်တွေနဲ့ ဒေသခံရေလုပ် သားတွေကိုယ်တိုင်ကလည်း အဓိကပါဝင် ဖို့လိုအပ်တယ်။ ငါးမဖမ်းရဆိုတဲ့လတွေမှာ လုပ်ငန်းရှင်က ရေလုပ်သားတွေကို လစာ ပေးထားတာမျိုး၊ ရေလုပ်သားတွေကလည်း ငါးမဖမ်းရတဲ့လတွေမှာသုံးဖို့ ပိုက်ဆံစု ဆောင်းထားတာမျိုးလုပ်ရမယ်။ နောက်ပြီး ငါးမဖမ်းရတဲ့လတွေမှာ စနစ်တကျ တင်း ကျပ်သွားဖို့အတွက်ကိုလည်း ဝန်ထမ်းအင် အား လုံလုံလောက်လောက်ရှိဖို့ လိုအပ် တယ်"ဟု ဦးမျိုးအောင်က သယံဇာတထိန်း သိမ်းရေးကို ထိထိရောက်ရောက် ဆောင် ရွက်နိုင်ရန် လိုအပ်သည်များကို သုံးသပ် သည်။

www.foreverspace.com.mm

ငါးမရပါက ဝမ်းဝရန်မလွယ်လှသော ရေလုပ်သားများအတွက် ငါးသယံဇာတထိန်းသိမ်းရေးမှာအထူးလိုအပ်သလို ရရှိလာသော ရေထွက်ပစ္စည်းများကို ထိုက်တန်သော တန်ကြေးပေးနိုင်သည့် ဈေးကွက်ရရှိရန်အတွက်မှာလည်း အရေးကြီးသည်။ ထို့ပြင် ကုန်ပစ္စည်းကို အဆင့်ဆင့်သယ်ဆောင်ရသဖြင့် Transaction Cost ပိုမိုကုန်ကျရသည့်အခြေအနေမှ လွတ်မြောက်ရန်အတွက်လည်း လုပ်ဆောင်ရမည် ဖြစ်သည်။

"တကယ်တမ်း ငါးဝယ်တဲ့ကုန်သည်ဆိုတာ ရန်ကုန်မှာ တရုတ်ဝယ်လက်ငါးယောက်လောက်ပဲရှိတာ။ ကုန်အရမ်းတက်လို့ ကုန်သည်ကမဝယ်ဘူးဆိုရင် ငါးဈေးကပြုတ်ကျတာပဲ။ ငါးဆိုတာကလည်း လှောင်လို့မရတဲ့အခါကျတော့ ရတဲ့ဈေးနဲ့ရောင်းရတာပေါ့။ ထိုင်းစက်လှေတွေဆိုရင် ပင်လယ်တစ်ခါထွက်ရင် အရင်းကျေတယ်လို့ ပြောကြတယ်။ သူတို့ဆီက ဈေးကွက်က နိုင်ငံတကာနဲ့ ချိတ်ထားတော့ ငါးကဈေးကောင်းရတယ်။ ကျွန်တော်တို့ဆီမှာလည်းနိုင်ငံတကာပေါက်ဈေးနဲ့ချိတ်ထားတဲ့ဈေးကွက်ရှိရင် ပိုကောင်းတာပေါ့။ အဲဒါဆိုရင် လုပ်သားတွေလုပ်ရင် လုပ်သလောက် အကျိုးခံစားရမှာပေါ့" ဟု ဟိုင်းကြီးကျွန်းရှိ ပင်လယ်ကမ်းနီး၊ ကမ်းဝေငါးဖမ်းလုပ်ငန်းပိုင်ရှင် ဦးသက်လွင်က ဆိုသည်။

## လယ်ယာလုပ်ငန်း

မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု အမည်ကျော်ကြားသော ဧရာဝတီတိုင်းသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ် ခုနစ်မြို့နယ်အတွင်းရှိ လယ်ယာမြေများ၊ စပါးခင်းများနှင့်စပါးတင်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့သည်။ ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဖော်ပြထားသောစာရင်းများတွင် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော နွေစပါးပျက်စီးဧကမှာ စုစုပေါင်း ၃၀,၅၁၈ ဧကရှိခဲ့ပြီး ပျက်စီးသွားခဲ့သော စပါးတင်းစုစုပေါင်းမှာ ၃၀,၉၄၀,၇၅၂ တင်းရှိကြောင်း ဖော်ပြပါရှိသည်။

သို့သော် နာဂစ်မုန်တိုင်းနောက်ပိုင်း အစိုးရအပါအဝင် ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ၏ ကူညီပံ့ပိုးမှုများကြောင့် လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခဲ့ရာ မြို့နယ်ခုနစ်မြို့နယ်၏ မိုးစပါးစိုက်ပျိုးဧကမှာ ၂၀၀၈ ခုနှစ်တွင် ၁,၅၇၅,၁၀၃ ဧကရှိပြီး ၂၀၀၉ ခုနှစ်တွင် ၁,၆၀၇,၇၉၉ ဧကအထိ တိုးတက်လာသောကြောင့် မုန်တိုင်းမတိုက်မီ စိုက်ပျိုးဧက ၁,၅၉၁,၆၂၈ ဧကထက်ပင် ကျော်လွန်သွားခဲ့ကြောင်း ဧရာဝတီတိုင်း



www.foreverspace.com.mm





မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထုတ်ပြန်ထားသောစာရင်းများအရ သိရှိရသည်။

"နာဂစ်မုန်တိုင်းမဖြစ်ခင်ကတော့ ဧကေ၃၀လောက်စိုက်တယ်။ နာဂစ်ဖြစ်ပြီးတော့ ခုနစ်ဧကလောက်ပဲ ပြန်စိုက်နိုင်တယ်။ အရင်က တစ်ဧကကို တင်း ၅၀ လောက်ထွက်တယ်။ ဒီနှစ်စပါးဖြစ်ပေမယ့် ကြွက်ဖျက်လို့ ခုနစ်ဧကမှာ စပါးတင်း ၅၀ ပဲရတယ်" ဟု ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အုတ်တွင်းကျေးရွာအုပ်စု ဘုန်းတော်ပြည့်ရွာမှ တောင်သူဦးခင်ဟန်က လက်ရှိ ၎င်း၏ စပါးစိုက်ပျိုးမှုအခြေအနေကို ရှင်းပြသည်။

ဦးခင်ဟန်သည် နာဂစ်မုန်တိုင်းကြောင့် ဇနီး၊ သမီး နှစ်ဦးအပါအဝင် ကျွဲ ၁၆ ကောင်နှင့် ပိုင်ဆိုင်သည့်ပစ္စည်းများအားလုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ နာဂစ်မုန်တိုင်းမတိုက်ခတ်မီက စပါး၊ ဖရဲ၊ သခွား၊ ငရုတ်၊ ကွမ်းနှင့် ပဲမျိုးစုံကို စိုက်ပျိုးခဲ့သည်။ နာဂစ်ပြီးသည့်နောက်ပိုင်းတွင် ကျွဲသုံးကောင်ရရှိပြီး လယ်ယာလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးနိုင်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် ကြွက်ကျသဖြင့် စပါးခင်းများ ပျက်စီးကာ စပါးအထွက်နည်းခဲ့သည်။ ဖရဲသီးနှင့် ပဲစိုက်ပျိုးရာတွင်လည်း ကြွက်များ၏ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။

"ကြွက်က ဒီနှစ်အရမ်းပေါတာ။ တချို့လယ်တွေဆိုရင် စပါးတောင်မရိတ်လိုက်ရတဲ့လယ်တွေ ရှိတယ်။ ဒီဘက်မှာတော့ ကြွက်ကို ကိုယ့်ဘာသာကိုယ် နှိမ်နင်းနေရတာပဲ။ ဒီရွာမှာ တစ်ရက်ကို အကောင်တစ်ထောင်လောက်ရတယ်" ဟု ဦးခင်ဟန်က ကြွက်များကို နှိမ်နင်းနေရသည့်အခြေအနေကို ပြောပြသည်။

ဘုန်းတော်ပြည့်ကျေးရွာရှိ လယ်သမားများ အခက်တွေ့နေရသည်မှာ ကားလမ်းဖောက်လုပ်လိုက်သောကြောင့် ရေလွှဲပေါက်များပိတ်ဆို့သွားခြင်း ဖြစ်သည်။ လပွတ္တာ–သုံးခွ–အုတ်တွင်း–ထိပ်စွန်းကားလမ်းက ၎င်းတို့လယ်မြေများ၏ ရေလွှဲပေါက်များကို ပိတ်ဆို့သွားခြင်းဖြစ်သည်။ ထို့ကြောင့် ဘုန်းတော်ပြည့်ကျေးရွာတစ်ဝိုက်တွင် စပါးစိုက်ပျိုးဧက ၃၀၀ ရှိရာ ဧက ၁၀၀ ခန့်မှာ ရေလွှဲပေါက်မရှိသဖြင့် စပါးစိုက်ပျိုး၍မရသည့်အခြေအနေဖြစ်၍နေသည်။

"ကားလမ်းက လယ်မြေကိုဖြတ်ဖောက်ထားတော့ လယ်တချို့က ရေမရတော့ဘူး။ ရေလွှဲပေါက်တစ်ခုဖောက်ပေးရင်တော့ အဆင်ပြေပါတယ်။ လောလောဆယ် ဒီနှစ်တော့ လယ်သမားတွေပေါင်းပြီး သက်ဆိုင်ရာကို အကြောင်းကြားဖို့ စဉ်းစားထားပါတယ်" ဟု ဘုန်းတော်ပြည့်ကျေးရွာရှိ လယ်သမားများက ပြောဆိုသည်။

"ကျွန်တော်တို့ဘက်မှာတော့ လယ်ကြွက်က ဒီလောက်မပေါဘူး။ ဖောင်စီးကဏန်းတွေ ဖျက်တာတော့ရှိတယ်။ စပါးက ကောင်းပါတယ်။ အဖျင်းတော့နည်းနည်းပါတယ်" ဟု သက္ကာယ်သောင်ကျေးရွာမှ တောင်သူဦးညီညီက ပြောကြားသည်။

သက္ကာယ်သောင်ကျေးရွာရှိ လယ်သမားများသည် အစိုးရကထုတ်ချေးသော



www.foreverspace.com.mm

တစ်ဧက ၈၀၀၀ ကျပ်ဖြင့် ၁၀ ဧကအတွက် ချေးယူပြီး အခြားလိုအပ်သော အရင်းအနှီးအတွက် ခြောက်ကျပ်တိုးနှုန်းဖြင့် လုပ်ငန်းရှင်များက ချေးယူ၍နေရသည်။

"ဒီဘက်မှာ အထူးပြုကုမ္ပဏီတွေက ပေးတယ်ဆိုတာတော့ မကြားမိဘူး။ အတိုးသက်သက်သာသာနဲ့ရမယ်ဆိုရင်တော့ လိုချင်တာပေါ့။ နှစ်ကျပ်တိုးဆိုတော့ အပြင်မှာ တစ်လချေးတာက အထူးပြုကုမ္ပဏီမှာ သုံးလချေးတာနဲ့ညီနေတယ်" ဟု သက္ကာယ်သောင်ကျေးရွာနေ ဦးဆန်းခက ချေးငွေအတိုးသက်သက်သာသာဖြင့် ချေးယူလိုကြောင်း ပြောဆိုသည်။

နာဂစ်ဒေသရှိ လယ်သမားများသည် အချို့မှာ ကြွက်များ၏ ဖျက်ဆီးမှုခံနေရသော်လည်း အချို့မှာ ကြွက်အန္တရာယ်ကကင်းပြီး အတိုးသက်သက်သာသာရရှိရေးနှင့် ဓာတ်မြေဩဇာကို ဈေးနှုန်းချိုသာစွာနှင့် လုံလုံလောက်လောက်ရရှိရန် မျှော်လင့်လျက်ရှိသည်။ အချို့ဒေသများတွင်မူ ရေငန်ဝင်ရောက်မှုကိုကာကွယ်ရန် တာတမံများ လိုအပ်လျက်ရှိသည်။

"ကျွန်တော်တို့ရွာမှာက ကြွက်တော့မရှိဘူး။ အခု ရေငန်ဝင်တာကို တမံပိတ်လိုက်တော့ ဒီနှစ်စပါးအထွက်ကောင်းတယ်။ တမံပိတ်လိုက်တော့ လယ်မြေတွေ




တောင် တစ်ဧကေ နှစ်သိန်းကနေ ခြောက်သိန်း၊ ခုနစ်သိန်းအထိ ဈေးမြင့်သွားတယ်" ဟု ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာရှိ လယ်သမားတစ်ဦးက ပြောပြသည်။

## ဆားလုပ်ငန်း

ဧရာဝတီတိုင်း နာဂစ်မုန်တိုင်းခံဒေသ၏ အခြားသော အဓိကစီးပွားရေးလုပ်ငန်းမှာ ဆားလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဆားထွက်ရှိမှု ၆၅ ရာခိုင်နှုန်းမှာ ဧရာဝတီဒေသမှဖြစ်ပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များထက် ဆားပိုမိုထုတ်လုပ်လျက်ရှိသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ဆားများပျက်စီးသကဲ့သို့ ဆားကွင်းများနှင့် ဆားလုပ်သားများလည်း သေဆုံးပျက်စီးခဲ့သည်။ အစိုးရက ဆားတစ်ဧကေ ကျပ်သုံးသိန်းဖြင့် ချေးငွေများ ထုတ်ချေးပေးခဲ့ခြင်းကြောင့် နာဂစ်ပြီးသည့်နောက်ပိုင်း လုပ်ငန်းစတင်ချိန်တွင် ဆားလုပ်ငန်းများကို အချိန်မီ ပြန်လည်လည်ပတ်နိုင်ခဲ့သည်။



ထို့ကြောင့်လည်း ၂၀၀၉ ခုနှစ် ဧရာဝတီတိုင်း ဆားထွက်မှုသည် တန်ချိန် ၁၇၀,၀၀၀ ထွက်ရှိခဲ့ပြီး ဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ၂၅၀ ကျပ်နှုန်းဖြင့် ဈေးကောင်းရရှိခဲ့သည်။

"ဆားချေးငွေက မဆပ်တဲ့သူမရှိသလောက်ပဲ။ တချို့ အကုန်ပြန်ဆပ်တာရှိတယ်။ တချို့ကျတော့ ပထမနှစ်မှာ တစ်ဝက်ဆပ်တယ်။ တချို့ကျတော့လည်း နည်းနည်းပဲဆပ်ပြီး ဒုတိယနှစ်မှာ အားလုံးပြန်ဆပ်မယ်ဆိုတာမျိုးလည်းရှိတယ်" ဟု ပုသိမ်မြို့ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးထွန်းသိန်းက ဆားကြွေးများ ပြန်လည်ပေးဆပ်နေသည့်

www.foreverspace.com.mm

အခြေအနေကို ရှင်းပြသည်။

ဆားဈေးငွေအတိုးသည် တစ်နှစ်ပတ်လုံးအတွက် ၁၀၀ လျှင် ၁၅ ကျပ်တိုးဖြင့် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်း ထုတ်ချေးထားခြင်းဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ် နှစ်ကြိမ် ခွဲဆပ်ရခြင်းဖြစ်ပြီး ယခုနှစ်ဧပြီလနှင့် မေလတွင် ဆားဈေးငွေအပေါ်အဝင် အတိုးနှင့် ဒီဇယ်ဖိုး ၅၀ ရာခိုင်နှုန်း၊ သစ်ဖိုးနှင့်ထွန်စက်ဖိုးကို ၄၀ ရာခိုင်နှုန်း ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

“ဆားအထွက်ကတော့ တစ်ဧကပိဿာချိန် ၆၀၀၀ကျော်လောက်ထွက်တယ်။ စုစုပေါင်း ဆားပိဿာချိန် ဘယ်လောက်ထွက်မယ်ဆိုတာတော့ ပြောလို့မရသေးဘူး။ ဒါပေမဲ့ ဧပြီလမှာ မိုးရွာရင်တော့ ရှုံးပြီး မေလမှာ မိုးရွာမယ်ဆိုရင်တောင် ဆား တစ်ပိဿာ ၁၂၀ ကျပ်လောက်မှ အမြတ်ကျန်မှာ”ဟု လပွတ္တာခရိုင် သင်္ကြာယ်သောင်တိုက်နယ် သံပုရာချောင်းကျေးရွာရှိ ဆားလုပ်ငန်းပိုင်ရှင်ဦးစိုးနိုင်က ပြောကြားသည်။

ယခင်နှစ်ဆားဈေးနှုန်းသည် တစ်ပိဿာ ၂၅၀ ကျပ်အထိ ဈေးကောင်းရရှိခဲ့ပြီး ယခုနှစ် မတ်လတွင် ဆားတစ်ပိဿာ ၆၀ ကျပ်ခန့်သာ ဈေးနှုန်းရှိတော့သည်။ ယခုနှစ် လဆန်းပိုင်းတွင် အစိုးရက ဆားတန်ချိန် ၈၀,၀၀၀ ဝယ်ယူမည်ဟူသော သတင်းကြောင့် ဆားဈေးမြင့်ကာ ထုတ်လုပ်မှုပမာဏလည်း မြင့်တက်၍လာသည်။ ဆားဈေးမှာ တစ်ပိဿာ ၆၀ ကျပ်အထိ ဈေးကျသွားခဲ့သည်။

“ဒီနှစ်မေလမှာ ဆားဈေးငွေ အတိုး၊ ဒီဇယ်ဖိုး၊ သစ်ဖိုး၊ ထွန်စက်ဖိုးတွေအားလုံး အပြီးပြန်ဆပ်ရမှာ။ ဆားဝယ်မယ်လို့ ပြောလိုက်တော့ ဆားဈေးတက်လာပြီး ဒီနှစ်ချေးငွေတွေကို ဆပ်နိုင်ပြီလို့မှန်းထားတာ။ အခုလို ဆားဈေးကျသွားတော့ ချေးငွေဆပ်ဖို့ အခက်အခဲဖြစ်သွားတာပေါ့။ ဒါပေမဲ့ ဆားလုပ်ငန်းရှင်ကတော့ ဈေးကျနေလည်း ရတဲ့ဈေးနဲ့ မဖြစ်မနေ ရောင်းရတော့မှာပဲ။ ကုန်သည်တွေအတွက်တော့ အရမ်းကောင်းတာပေါ့”ဟု သင်္ကြာယ်သောင်ကျေးရွာအုပ်စုရှိ ဆားလုပ်ငန်းရှင်တစ်ဦးက ဆားချေးငွေဆပ်ရန်အတွက် ဆားဈေးကျနေသော်လည်း မဖြစ်မနေ ဆားရောင်းရတော့မည့်အခြေအနေကို ရှင်းပြသည်။

လက်ရှိဆားလုပ်ငန်းများသည် ရာသီဥတုတိုတောင်းလာခြင်းကြောင့် ဆားအထွက်နည်းကာ ရင်းနှီးမှုစရိတ်ပို၍များလာသည်။ ဆားလုပ်ငန်းရှင်အများစုသည် ဆားလှောင်ကန်များဖြင့် ဆားထုတ်လုပ်သည့်စနစ်ကိုပင် ပြောင်းလဲလုပ်ကိုင်လာကြသည်။ လက်ရှိတွင် ဆားတစ်ပိဿာ ထုတ်လုပ်မှုစရိတ်မှာ ၁၀၀ ကျပ်ခန့်ရှိသောကြောင့် ဆားတစ်ပိဿာလျှင် ၁၂၀ ကျပ်ဈေးရရှိမှသာ လုပ်ငန်းရှင်အတွက် အမြတ်ကျန်မည်ဖြစ်ပြီး လက်ရှိ ဆားတစ်ပိဿာပေါက်ဈေး ၆၀ ကျပ်ဈေးနှုန်းဖြင့် ဆိုပါက ထုတ်လုပ်မှုစရိတ်အောက်ရောက်ကာ ဆားထုတ်လုပ်သည့်လုပ်ငန်းများအတွက် အရှုံးပြ၍နေသည်။



## နာဂစ်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု

နာဂစ်မုန်တိုင်းတိုက်ခတ်ခံလိုက်ရသောဒေသများသည် မုန်တိုင်းကြောင့်ပျက်စီးဆုံးရှုံးမှုများ များစွာရှိခဲ့သည်မှန်သော်လည်း မုန်တိုင်းကြောင့်ပင် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ၏အခြေအနေများကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဖြစ်ခဲ့သည်။ အဖက်ဖက်မှ နိမ့်ကျနေမှုများကို နာဂစ်မုန်တိုင်းက အသိပေးပြီး ဖွံ့ဖြိုးဖို့အတွက် အသက်ပေါင်းများစွာရင်းနှီးလိုက်ရသည်။ သို့သော် ရင်းနှီးမှု၏ရလဒ်များက တဖြည်းဖြည်းသာ ပုံဖော်နေရဆဲ ဖြစ်သည်။

## ဆက်သွယ်ရေး

မြစ်၊ ချောင်းများပေါများလှသော ဧရာဝတီတိုင်း နာဂစ်ဒေသ၌ ကြိုးဖုန်းများဖြင့် ဆက်သွယ်ရန်ခက်ခဲနေသည့် အခြေအနေတွင် ကြိုးမဲ့ CDMA တယ်လီဖုန်းများ တပ်ဆင်ပေးလိုက်သောကြောင့် နာဂစ်ဒေသ၏ တယ်လီဖုန်းဆက်သွယ်ရေးသည် နာဂစ် မတိုင်ခင်အခြေအနေနှင့် နာဂစ်လွန် ၂ နှစ်ကာလအခြေအနေတို့ များစွာကွာခြားသွားပြီ ဖြစ်သည်။ ယခုအခါ CDMA-450 MHz ရေဒီယိုစခန်းများကို နာဂစ်ဒေသရှိ ဟိုင်းကြီးကျွန်း၊ မအူပင်၊ ဖျာပုံ၊ မြောင်းမြ၊ လပွတ္တာ၊ ဘိုကလေး၊ အမာ၊ ငပုတော၊ ကျုံမငေး၊ ဝါးခယ်မ၊ သိပ္ပံကုန်းကြီး၊ ဒေါ်ညိမ်း၊ မော်လမြိုင်ကျွန်း၊ ဒေးဒရဲ၊ ကျိုက်လတ် စသည့်နေရာများတွင် တပ်ဆင်ထားပြီဖြစ်ပြီး လိုင်းအားစုစုပေါင်းမှာ

www.foreverspace.com.mm

၁၈,၀၀၀ ရှိပြီ ဖြစ်သည်။

“တယ်လီဖုန်းလိုင်းတွေရှိလာတော့ ဆက်သွယ်ရေးကလွယ်ကူသွားတယ်။ သတင်းအချက်အလက်တွေက ချက်ချင်းစုံစမ်းလို့ ရလာတယ်။ စီးပွားရေးအတွက်ဆိုရင်လည်း ဈေးနှုန်းတွေက ချက်ချင်းစုံစမ်းလို့ရတော့ ဈေးနှုန်းက အရမ်းမာပြီးမနေတော့ဘူး” ဟု ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက် ကပ္ပလီကျေးရွာရှိ ငါးရောင်းဝယ်ရေးဒိုင်မှ ကိုအုံကြီးက ဆက်သွယ်ရေးကောင်းလာသည့်အခြေအနေကို ပြောပြသည်။

ဧရာဝတီတိုင်းတွင် အော်တိုတယ်လီဖုန်းအလုံးရေ ၃၈,၀၀၀ ခန့်ရှိပြီး နာဂစ်မုန်တိုင်းမတိုက်ခတ်မီက ဆက်သွယ်ရေးစခန်း ၂၂ ခုရှိခဲ့ရာမှ ယခုအခါ ၃၃ ခုအထိ တိုးတက်လာကြောင်း၊ အလားတူ နာဂစ်မတိုက်ခတ်မီ ၂၀၀၈ ခုနှစ် မေလ ၁ ရက်နေ့အထိ ကမ်းရိုးတန်း CDMA ဖုန်း ၃၄၇၈ လုံးသာ ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ရာမှ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး ၂ နှစ်တာကာလအတွင်း CDMA ဖုန်း ၁၇၉၄၀ လုံး ထပ်မံငှားရမ်းအသုံးပြုခွင့်ပေးနိုင်ခဲ့ကြောင်း ယခုနှစ်အတွင်း ဧရာဝတီတိုင်းအတွင်း၌သာ အသုံးပြုနိုင်မည့် (Prepaid Local Mobile) ကျပ်ငါးသိန်း





တန်ဖုန်း ၁၀၁၇ လုံးကို ညောင်တုန်း၊ ကြံခင်း၊ မော်လမြိုင်ကျွန်းနှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲတို့တွင် ငှားရမ်းအသုံးပြုခွင့် ပေးထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဧရာဝတီတိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် ဧရာဝတီတိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နာဂစ်ဒေသတွင် သတင်းအချက်အလက်များ အလွယ်တကူရရှိစေရန်အတွက် ရွှေး၊ လွှဇာ၊ ဘီတွတ်၊ လှိုင်းဘုန်း၊ စက်ဆန်း၊ မြို့ကုန်း၊ ဆိပ်မနှင့် ဘုန်းကြီးသောင်စသည့်နေရာများတွင် အင်တာနက်ပါ အသုံးပြုနိုင်သည့် Communication Centre များတည်ဆောက်လျက်ရှိသည်။

အဆိုပါစင်တာများတွင် CDMA 450MHz တယ်လီဖုန်း၊ MPT Satellite၊ အင်တာနက်နှင့် ဖက်စ် စသည်တို့အသုံးပြုနိုင်မည် ဖြစ်သည်။ အဆောက်အအုံ၏ အကျယ်အဝန်းမှာ အလျား ၃၀ ပေ၊ အနံ ၂၀ ပေနှင့် အမြင့် ၂၀ ပေရှိပြီး မုန်တိုင်းကျရောက်လာပါက လူပေါင်း ၁၅၀ ခန့် ခိုလှုံနိုင်သောစင်တာဖြစ်သည်။

## ကားလမ်း

ဧရာဝတီတိုင်းရှိ နာဂစ်မုန်တိုင်းခံဒေသများ၏ အဓိကပို့ဆောင်ဆက်သွယ်ရေးမှာ ရေကြောင်းပို့ဆောင်ရေးသာဖြစ်ပြီး နာဂစ်လွန်ကာလများတွင် ကုန်းလမ်းကိုပါ အသုံးပြုလာနိုင်တော့မည့်အခြေအနေများ ဖြစ်၍လာသည်။ ရန်ကုန်မြို့တော်မှ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံမြို့များသို့ မော်တော်ကားဖြင့်သွားနိုင်ခြင်းဖြစ်ရာ ယင်းမြို့များကို အခြေပြု၍ အစိုးရက နာဂစ်ဒေသတွင် ကားလမ်းပိုင်း ၁၀ ခုကို ကွန်ရက်သဖွယ် ဖောက်လုပ်လျက်ရှိသည်။

“အုတ်တွင်း-ထိပ်စွန်းလမ်းက ရှစ်မိုင် ရှိပါတယ်။ အခုကတ္တရာခင်းတဲ့အဆင့် ထိပြီးသွားပါပြီ။ အုတ်တွင်းကနေတစ်ဆင့် လပွတ္တာအထိကို ၃၁ မိုင်ရှိပါတယ်။ အခု မြေသား တမံဖို့တဲ့အဆင့်ပြီးသွားပါပြီ” ဟု လမ်းစီမံကိန်းအထူးအဖွဲ့ (၂) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းသည် ၃၉ မိုင်ကွာဝေးပြီး လပွတ္တာမြို့မှ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ပြင်ခရိုင်၊ ချောင်းဝအထိ ဆက်လက်သွားနိုင်သော မော်တော်ကားလမ်းဖြစ်သည်။ အဆိုပါလမ်းတစ်လျှောက်တွင်တံတား ၁၄ စင်း ရှိပြီး အချို့တံတားများမှာ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလမ်းပိုင်း

www.foreverspace.com.mm



ဖောက်လုပ်ပြီးစီးပါက ရန်ကုန်–လပွတ္တာ–ပြင်ခရိုင်–ချောင်းဝအထိ မော်တော်ကားဖြင့်သွားနိုင်တော့မည်ဖြစ်သည်။

"လပွတ္တာ–ထိပ်စွန်းလမ်းပိုင်းမှာရှိတဲ့ မိုးညိုကုန်းနဲ့ သဃ်န်းကုန်းကြားက ငွေးချောင်းတံတားပျက်တာ နှစ်ခါရှိပြီ။ တစ်ဖက်ကမြေသားဖို့လိုက်တဲ့အချိန်မှာ တံတားကကွေးသွားတာ။ လမ်းကတော့ မြေသားတမံလမ်းအဆင့် ပြီးသွားပါပြီ" ဟု သင်္ကာယ်သောင်ကျေးရွာအုပ်စုရှိ လယ်ယာလုပ်ငန်းရှင်တစ်ဦးက မော်တော်ကားလမ်းတည်ဆောက်မှုအခြေအနေများကို ရှင်းပြသည်။

နာဂစ်မုန်တိုင်းပြီးသည့်နောက်ပိုင်း နာဂစ်ဒေသများတွင် မော်တော်ကားလမ်းပိုင်း ၁၀ ခုကို ဖောက်လုပ်လျက်ရှိရာ အချို့လမ်းပိုင်းများတွင် မော်တော်ကားများပြေးဆွဲနေပြီဖြစ်သည်။ ယခင်က မော်လမြိုင်ကျွန်းမြို့သည် ရေလမ်းခရီးကိုသာအားထားခဲ့ရာမှ ယခုအခါ ရာဇူဒိုင်တံတားတစ်စင်းဖွင့်လှစ်လိုက်ပြီဖြစ်သောကြောင့် ရန်ကုန်မြို့မှ အဝေးပြေးခရီးသည်ယာဥ်လိုင်းများ ပြေးဆွဲနေပြီ ဖြစ်သည်။

တည်ဆောက်ဆဲ ရာဇူဒိုင်အမှတ် (၂) တံတားထပ်မံဖွင့်လှစ်ပြီးပါက မော်လမြိုင်ကျွန်းမြို့တွင်းသို့ တိုက်ရိုက်မောင်းနှင်ရောက်ရှိနိုင်တော့မည် ဖြစ်သည်။

လပွတ္တာ–သဃ်န်းကြီး–ပြင်စလူလမ်းပိုင်းတွင်လည်း ဆားကျင်းချောင်းတံတား တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် လပွတ္တာမြို့မှ သဃ်န်းကြီးအထိ လိုင်းကားများပြေးဆွဲနေပြီဖြစ်သည်။ ထို့ပြင် အုတ်တွင်း–ထိပ်စွန်းလမ်းပိုင်းကို ကတ္တရာခင်းထားပြီဖြစ်သောကြောင့် အုတ်တွင်းမှ ပြင်စလူအထိ လိုင်းကားများပြေးဆွဲနေပြီ ဖြစ်သည်။



အဆိုပါ နာဂစ်ဒေသရှိမော်တော်ကားလမ်းပိုင်းများအားလုံးတည်ဆောက်ပြီးစီးရန်အတွက်မှာ အချိန်ကြာမြင့်ဦးမည်ဖြစ်သည်။ မြေသားလမ်းများတည်ဆောက်ရန်အတွက်မှာ လွယ်ကူမြန်ဆန်နိုင်သော်လည်း မြစ်၊ ချောင်းများပေါများသောကြောင့် တံတားများတည်ဆောက်ရန်မှာ မလွယ်ကူလှသောအလုပ်ဖြစ်၍နေသည်။ သို့သော် အဆိုပါကားလမ်းများသည် ပြီးစီးသွားပါက နာဂစ်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအထောက်အကူဖြစ်၍လာမည် ဖြစ်သည်။

"ဒီလမ်းတွေပြီးသွားရင် ရလာမယ့်အကျိုးကျေးဇူးကတော့ အများကြီးပေါ့။ ဒေသဖွံ့ဖြိုးလာမှာဖြစ်သလို၊ အလုပ်အကိုင်သစ်တွေလည်းရလာမှာပါ။ ဒါပေမဲ့ လက်ရှိ ဖောက်ပြီးသား ရန်ကုန်–လပွတ္တာလမ်းလို မကြမ်းဖို့တော့လိုတယ်။ ဖောက်ပြီးသားလမ်းအများစုက လမ်းကြမ်းတယ်။ မိုး



www.foreverspace.com.mm



တွင်းဆို ကားသွားဖို့အရမ်းခက်တယ်။ ဒီလိုမျိုးတွေမဖြစ်အောင်တော့ လက်ရှိတည်ဆောက်ဆဲလမ်းတွေကို စတည်ဆောက်ကတည်းက ခိုင်ခိုင်ခံ့ခံ့တည်ဆောက်ဖို့တော့ လိုတာပေါ့”ဟု လပွတ္တာအခြေစိုက် NGO အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## နာဂစ်ဒေသ၏ အခြားသောပြောင်းလဲမှုများ

နာဂစ်ဒေသ၏အခြားသောပြောင်းလဲမှုများမှာ ဒေသတွင်းခိုင်ခံ့သော အဆောက်အအုံများတည်ဆောက်လာခြင်းဖြစ်သည်။ ဆိုင်ကလုန်းဒဏ်ခံအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျောင်း စသည့်အဆောက်အအုံများကို အခိုင်အခံ့တည်ဆောက်လာကြသည်။

“အရင်က ဆားလုပ်သားတွေနေတဲ့အဆောက်အအုံဆိုတာ ဓနိမိုး၊ ထရံကာပဲ။ နာဂစ်မုန်တိုင်းမှာ ဆားလုပ်သားတွေသေသွားတာကြောင့် အခုဆိုဆားလုပ်သားတွေနေတဲ့အိမ်ကို သစ်သားတွေနဲ့ အခိုင်အမာဆောက်ထားကြတယ်။ အချို့ဆိုရင် ဆားလုပ်သားတွေနေဖို့ နှစ်ထပ်၊ သုံးထပ်၊ အဆောက်အအုံတွေတောင် ဆောက်လာကြတယ်”ဟု ဒီဒူးကုန်းကျေးရွာအုပ်စု သံပုရာချောင်းကျေးရွာမှ ဆားကွင်းလုပ်ငန်းရှင် ဦးစိုးနိုင်က ပြောင်းလဲလာသည့် နာဂစ်ဒေသ၏အခြေအနေကို ရှင်းပြသည်။

ထို့ပြင် အခြားသော အရေးကြီးသည့် ပြောင်းလဲတိုးတက်လာမှုမှာ နာဂစ်ဒေသတွင် အစိုးရစက်မှုနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ အဆိုပါကျောင်းများကို မအူပင်၊ ချောင်းဝ၊ ပြင်စလူနှင့် အမာ စသည့်နေရာများတွင်ဖွင့်လှစ်ထားပြီး ပထမစာသင်နှစ်တစ်နှစ်ပင်ပြီးဆုံးခဲ့ပြီဖြစ်သည်။ အစိုးရစက်မှုနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို စိတ်ဝင်စားသော ဒေသခံ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ရွေးချယ်စရာအခွင့်အလမ်းများ တိုး၍လာသည်။

“ဘာသာရပ်တွေက သင်ကြားရတာခက်ပေမယ့် စိတ်ဝင်စားဖို့လည်းကောင်းတယ်။ ပျော်လည်းပျော်တယ်။ နည်းပညာတက္ကသိုလ်တက်နိုင်ဖို့အထိမျှော်မှန်းထားပါတယ်”ဟု အစိုးရစက်မှုနည်းပညာအထက်တန်းကျောင်းတွင် ပထမနှစ်တက်ရောက်ပြီးသူ ချောင်းဝဒေသခံ ကျောင်းသားတစ်ဦးက ဆိုသည်။

အစိုးရစက်မှုနည်းပညာအထက်တန်းကျောင်းများကို ဒေသရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ယာယီတွဲဖက်ဖွင့်လှစ်ထားပြီး သီးခြားကျောင်းဖွင့်လှစ်နိုင်ရန်အတွက်လည်း အဆောက်အအုံများတည်ဆောက်လျက်ရှိသည်။ အချို့သော အစိုးရစက်မှုနည်းပညာအထက်တန်းကျောင်းအဆောက်အအုံများသည်လည်း ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။

လပွတ္တာ ၃ မိုင်မြို့သစ်တည်ဆောက်





နေခြင်းသည်လည်း နာဂစ်နောက်ပိုင်းဒေသ၏ တိုးတက်ပြောင်းလဲမှုတစ်ခုပင်ဆိုရမည်ဖြစ်သည်။ လပွတ္တာ ၃ မိုင်မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်းများသည် နာဂစ်လွန် ၂ နှစ်တာကာလအတွင်း ဌာနဆိုင်ရာရုံးအချို့တည်ဆောက်ပြီးစီးခဲ့ပြီး လျှပ်စစ်ဓာတ်အားများလည်း ရရှိနေပြီဖြစ်သည်။ ထို့ပြင် ၃ မိုင်မြို့သစ်တွင် အော်တိုကြိုးဖုန်းအလုံး ၅၀၀ တပ်ဆင်ပေးရန်လျာထားပြီး ပထမအဆင့်အနေဖြင့် ဌာနဆိုင်ရာများအတွက် ကြိုးဖုန်းအလုံး ၃၀၀ ချထားပြီးဖြစ်သည်။ အဆိုပါမြို့သစ်တွင် သင်္ဘောဆိပ်၊ အအေးခန်း၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဂေါက်ကွင်း၊ ဆေးရုံ စသည်တို့ကိုလည်း တည်ဆောက်လျက်ရှိပြီး လုပ်ငန်းအားလုံးပြီးစီးရန်အတွက်မှာ အချိန်ကာလကြာမြင့်ဦးမည်ဖြစ်သည်။

## လိုအပ်နေဆဲ

နာဂစ်သည် ၂ နှစ်ဆိုသောအချိန်ကာလတွင် ကျန်ခဲ့ပြီဖြစ်သည်။ နာဂစ်ဒဏ်ခံခဲ့ရသည့်ဒေသ၏အသံများ တိတ်ဆိတ်နေခြင်းကြောင့် အလုံးစုံပြေလည်ပြီးစီးသွားသယောင်ရှိသော်လည်း လုပ်ငန်းတိုင်း၊ နေရာတိုင်းတွင် မပြေမလည် မကျေလည်နိုင်သေးသည့်အကြောင်းများ ရှိ၍နေသည်။ ရေလုပ်ငန်းတွင် သဘာဝငါးသယံဇာတရှားပါးလာခြင်းကြောင့် ငါးအရအမိနည်းလာသဖြင့် ရေလုပ်သားများအတွက် စားဝတ်နေရေး ကျပ်တည်းကာ အကြွေးဝန်ထုပ်က ပိ၍လာသည်။ ယင်းအခြေအနေအတိုင်းဆက်သွားမည်ဆိုပါက အကြွေးသံသရာတွင်လည်နေတော့မည် ဖြစ်သည်။

သဘာဝသားငါးပျက်စီးနေမှုကို ထိန်းသိမ်းရေး၊ ကာကွယ်ရေး လယ်ယာလုပ်ငန်းတွင်လည်း လိုအပ်နေသေးသလို လယ်သမားများ စပါးစိုက်ပျိုးရန်အတွက် သွင်းအားစုများ ဈေးသက်သက်သာသာဖြင့်ရရှိရန်နှင့် အတိုးနှုန်းသက်သာသည့် ချေးငွေရရှိရန်မှာလည်း လိုအပ်နေဆဲဖြစ်သည်။ ထို့ပြင်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့်တည်ဆောက်ရေးလုပ်ငန်းများသည်လည်း ဆက်လက်တည်ဆောက်ရန်ကျန်ရှိနေသေးသည်။



"အခု ၂ နှစ်ကြာပြီး နာဂစ်ဒေသရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအခြေအနေတွေက ရာခိုင်နှုန်းအားဖြင့် ၄၀ ရာခိုင်နှုန်းလောက်ပဲရှိသေးတယ်။ အစိုးရနဲ့ NGO အဖွဲ့တွေက စနစ်တကျလုပ်မယ်ဆိုရင်တောင် ငါးနှစ်လောက်ဆက်ပြီးလုပ်ဖို့ လိုအပ်နေသေးတယ်" ဟု လပွတ္တာမြို့အခြေစိုက် NGO အဖွဲ့များက ၎င်းတို့၏လက်တွေ့လုပ်ကိုင်နေရသော အတွေ့အကြုံများဖြင့် ချိန်ထိုး၍ နာဂစ်ဒေသတွင် ဆက်လက်လုပ်ဆောင်သွားရမည့် အခြေအနေကို သုံးသပ်ပြောကြားသည်။

ပြည်သူများလည်းအလုပ်အကိုင်ရ၊ နိုင်ငံ၏ GDP လည်းတိုးစေပြီး နိုင်ငံဖွံ့ဖြိုးရေး ပန်းတိုင်လည်းရောက်စေမည့် နာဂစ်မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ယခုထက် ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည့် ယခုကာလ၌ နာဂစ်ဒေသသည် အာရုံစိုက်သင့်သောဒေသကြီးတစ်ခုအဖြစ် အသွင်ပြောင်းလဲလာမည်ဟုဆိုရမည် ဖြစ်သည်။

**ကျော်မျိုးထွန်း ၊ ကျော်ဇေယျာထွန်း**


■

ဤကဏ္ဍတွင် .....
၂၆ တရားဝင်မှု ထီးရိပ်အောက်ရောက်ရှိလာမည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ
၃၂ ရွှေလိုအလုပ်
၃၈ ငွေဆောင် ၁၀ နှစ်ကြာပြီးနောက်
၄၄ လှည်းတန်းမှာ . . . စုဆုံသည်
၅၀ စိန်ခေါ်မှုများနှင့် ရေလုပ်ငန်းဈေးကွက်
၅၈ သူတို့မျှော်လင့်ချက်
၆၄ ရုပ်ရှင်ရုံများ၏ အနာဂတ်
၇၀ ရန်ကုန် ကုန်စည်ဈေးကွက်

**ထိုင်း** နိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်ခဲ့ပြီးနောက် လုပ်ငန်းခွင်အန္တရာယ်အသွယ်သွယ်နှင့်အတူ တရားမဝင်ဖြစ်နေသော အခြေအနေ၊ အချိန်မရွေး ပြည်နှင်ဒဏ်ခံရနိုင်သောအနေအထားများကြုံတွေ့နေရသော မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် မြန်မာနှင့် ထိုင်းအစိုးရတို့၏ အလုပ်သမားများခန့်ထားခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုး၍ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ တရားဝင်ဗီဇာနှင့် တရားဝင်အလုပ်လုပ်ခွင့်ပါမစ်များရအောင် စီစဉ်လုပ်ဆောင်နေခြင်းများကြောင့် တရားဝင်မှုထီးရိပ်အောက်သို့ ရောက်ရှိလာတော့မည် ဖြစ်သည်။

# တရားဝင်မှု ထီးရိပ်အောက်ရောက်ရှိလာမည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ

နိုင်မင်းဝေ




## ယာယီ နိုင်ငံကူးလက်မှတ်

ထိုင်းနိုင်ငံအတွင်းသို့ရောက်ရှိနေသော မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံ၏ မြို့နယ်အလုပ်သမားများရုံးသို့ သွားရောက်၍ မြန်မာနိုင်ငံသားဖြစ်ကြောင်း ပုံစံဖြည့်စွက်၍ တင်ထားရကြောင်း၊ အဆိုပါရုံးက ယင်းဖြည့်စွက်ထားသည်များကို မြန်မာနိုင်ငံသက်ဆိုင်ရာရုံးထံ ပေးပို့ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံက ယင်းတို့ကို စိစစ်အတည်ပြုပြီးနောက် ထိုင်းအလုပ်သမားရုံးသို့ ပြန်လည်ပေးပို့မည်ဖြစ်ပြီး ထိုင်းအလုပ်သမားရုံးက ဖြည့်စွက်လျှောက်ထားသူကို ပြန်လည်အကြောင်းကြားပေးကြောင်း၊ စောင့်ဆိုင်းချိန် ၁၅ ရက်ခန့်ကြာမြင့်ပြီး မြန်မာနိုင်ငံသားမှတ်ပုံတင်ရှိသူများ

www.foreverspace.com.mm

ပို့မိုးအဆင်ပြေကြောင်း၊ မှတ်ပုံတင်မရှိလျှင် နေရပ်လိပ်စာအတိအကျဖော်ပြပေးရန် လိုအပ်ကြောင်း၊ ထိုင်းအလုပ်သမားရုံးတွင် ဓာတ်ပုံရိုက်ခ ၁၅၀ ဘတ်၊ Serial ကတ်နှင့် စာရွက်စာတမ်းကြေးအတွက် ဘတ် ၁၀၀ စုစုပေါင်း ဘတ် ၂၅၀ ကုန်ကျကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်အုန်းနွဲ့မှ ကိုယ်တိုင် ယာယီနိုင်ငံကူးလက်မှတ်လျှောက်ထားခဲ့သူ ဦးတင့်လွင်က ဆိုသည်။

ယင်းဖြည့်စွက်ရန်ပုံစံများရယူ၍ သတ်မှတ်ထားသော မြန်မာနယ်စပ်ဂိတ်များဖြစ်သည့် ကော့သောင်း၊ မြဝတီနှင့် တာချီလိတ်မြို့တို့သို့ ကိုယ်တိုင်သွားရောက်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကိုမဖြတ်ကျော်မီ နယ်စပ်ရှိ ထိုင်းတောမော (လ.ဝ.က) ရုံးတွင် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်တောင်းယူရကြောင်း၊ မြန်မာနိုင်ငံနယ်စပ်ဘက်ခြမ်းတွင် မှူခင်း၌ာနရဲ၊ အလုပ်သမားညွှန်ကြားမှုဦးစီး၌ာနနှင့် လ.ဝ.ကရဲတို့ပါဝင်သော နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးကြောင်း၊ အဆိုပါရုံးတွင် စာရွက်စာတမ်းဖိုး မြန်မာငွေကျပ် ၃,၀၀၀ ပေးဆောင်ရကြောင်း၊ ယင်းနောက် မြန်မာ လ.ဝ.က တွင် အထွက်တံဆိပ်တုံးထု၍ ထိုင်းနိုင်ငံသို့ ဝင်ပြီး ထိုင်း လ.ဝ.က တွင် အဝင်တံဆိပ်တုံးထုရကြောင်း၊ ယင်းတံဆိပ်တုံးတွင် ၂ နှစ်သက်တမ်းနေထိုင်ခွင့် တစ်ပါတည်းပါရှိကြောင်း၊ ထိုင်း လ.ဝ.က တွင် ဘတ်ငွေ ၂၀၀ ပေးရပြီး ထိုင်းနိုင်ငံ၌ တရားဝင်နေထိုင်ခွင့်ရရှိကြောင်း ၎င်းက ရှင်းပြသည်။

## အရေးကြီးသည့် ဘတ်

ယာယီနိုင်ငံကူးလက်မှတ်ရရှိသူများအနေဖြင့် ယခင်အလုပ်သမားဘတ် (အလုပ်လုပ်ခွင့်လက်မှတ်) သက်တမ်းရှိနေသေးလျှင် ယင်းဘတ်ဖြင့် တရားဝင်အလုပ်လုပ်ခွင့်ရရှိနိုင်ကြောင်း၊ ဘတ်သက်တမ်းကုန်နေလျှင် မြို့နယ်အလုပ်သမားရုံးတွင် အလုပ်လုပ်ခွင့်ပါမစ်တင်ရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကျော် အလုပ်လုပ်ကိုင်ခဲ့သူ ဦးတင့်လွင်က ပြောကြားသည်။

"အရေးကြီးတာကတော့ ဘတ်ပဲ။ ဘတ်ရှိမှပဲ အလုပ်လုပ်လို့ရတာ" ဟု ဦးတင့်လွင်ကဆိုသည်။

## ပွဲစားနှင့် အေးဂျင့်ကုမ္ပဏီ

ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမည့်အစီအစဉ် ပေါ်ထွက်လာပြီးနောက်ပိုင်း အေးဂျင့်ကုမ္ပဏီများနှင့် ပွဲစားများလည်း ပေါ်ပေါက်လာကြောင်း၊ အချို့သော အလုပ်ရှင်သူဌေးများကိုယ်တိုင် တစ်ဦးလျှင် ၇,၅၀၀ ဘတ်မှ ဘတ် ၁၀,၀၀၀ ခန့်ရယူ၍ အေးဂျင့်အဖြစ် လုပ်ကိုင်ပေးမှုများရှိကြောင်း၊ အချို့သူဌေးများက ကုန်ကျစရိတ်ကို စိုက်ထုတ်ပေးထားပြီး လုပ်အားခထဲမှ အရစ်ကျ ဖြတ်ယူသူများလည်း ရှိကြောင်း၊ အေးဂျင့်များနှင့်ပြုလုပ်လျှင် အမှန်တကယ်ကုန်ကျငွေ ၄,၈၀၀ ဘတ်ထက်



www.foreverspace.com.mm



ပိုပေးရသော်လည်း အချိန်ကုန်လူပန်း သက်သာခြင်းနှင့် လမ်းခရီးအဆင်ပြေမှု များရှိကြောင်း၊ ဘန်ကောက် မဟာချိုင်တွင် အေးဂျင့်ကုမ္ပဏီ ၁၁ ခုခန့်ရှိကြောင်း အလုပ်သမားများဆိုင်ရာ နှံ့စပ်ကျွမ်းကျင်သူ ဦးကျော်သောင်းက ဆိုသည်။

"အဘိဆစ်က နိုင်ငံရေးသမားပဲ။ သူ့နိုင်ငံမှာ ရှာတဲ့ငွေ သူ့နိုင်ငံမှာ ပြန်သုံးကုန်အောင်လုပ်နေတာ။ မြန်မာနိုင်ငံကို ငွေပြန်မလွှဲစေချင်ဘူး" ဟု ထိုင်းနိုင်ငံ၏ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအစီအစဉ်နှင့်ပတ်သက်၍ ၎င်းက ဝေဖန်ပြောကြားသည်။

## ထိုင်းနိုင်ငံရေးပေါ်တွင် မူတည်

မြန်မာရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအားလုံး၏ အလုပ်လုပ်ခွင့်နှင့်ဝင်ငွေသည် ထိုင်းနိုင်ငံရေးအပြောင်းအလဲအပေါ်မူတည်နေကြောင်း၊ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်တစ်ဦးပြောင်းလျှင် တစ်ကြိမ် ကုန်စျေးနှုန်းမြင့်တက်ကြောင်း၊ ယခင်က ရွှေတစ်ဘတ်သား ဘတ် ၈,၀၀၀၊ ၁၀,၀၀၀ ခန့်ရှိသော်လည်း ယခု ရွှေတစ်ဘတ်သား ၁၇,၄၀၀ ကျော်ရောက်ရှိလာကြောင်း၊ ယခင်က နှစ်လတစ်ကြိမ် ရွှေဝယ်စုသူများ ရွှေဝယ်မစုနိုင်ကြောင်း၊ ယခင်က ဝက်သား တစ်ကီလို ဘတ် ၆၀ ခန့်ရှိရာမှ ယခု တစ်ကီလို ၁၂၀ ခန့်ရှိကြောင်း၊ တစ်ရက်လုပ်အားခ ၂၀၅ ဘတ် ထိုင်းနိုင်ငံသားများ နည်းတူရရှိမည်ဆိုသော်လည်း စက်ရုံတိုင်း၊ အလုပ်ရုံတိုင်းတွင် မရကြောင်း၊ အများဆုံး ဘတ် ၁၈၀ ခန့်ရကြောင်း၊ တစ်ဝိ (၁၃ ရက်

## အလုပ်လုပ်ခွင့်အတွက် ကုန်ကျစရိတ်

| စဉ် | အကြောင်းအရာ | သင့်ငွေ(ဘတ်) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံနယ်စပ်တွင် ယာယီနိုင်ငံကူးလက်မှတ်အတွက် ပေးရငွေ ၃၀၀၀ ကျပ် | ၁၀၀ |
| ၂။ | ထိုင်း လ.ဝ.ကတွင် ပေးရငွေ | ၂၀၀ |
| ၃။ | အလုပ်သမားရုံးတွင် အလုပ်လုပ်ခွင့်ပါမစ်အတွက်ပေးရငွေ | ၁၉၀၀ |
| ၄။ | သွေးစစ်ခ | ၆၀၀ |
| ၅။ | ထိုင်းအလုပ်သမားရုံးတွင် ဓာတ်ပုံအရွယ်အစားဖိုးပေးရငွေ | ၂၅၀ |
| | စုစုပေါင်း | ၄၈၅၀ |

www.foreverspace.com.mm



တစ်ပတ်) လုပ်အားခရှင်းလျှင် ၂,၆၀၀ ဘတ်ခန့်ရရှိကြောင်း၊ အိမ်ခန်းငှားခမှာ တစ်လ ၁,၅၀၀ အနိမ့်ဆုံးရှိကြောင်း၊ အချိန်ပိုလုပ်အားခ တစ်နာရီ ၃၈ ဘတ်ခန့်ရသည်ဆိုသော်လည်း စီးပွားရေးမကောင်းသဖြင့် လနှင့်ချီပြီး အချိန်ပိုမဆင်းရသည့်ကာလများရှိကြောင်း၊ အလုပ်မကောင်းသဖြင့် စက်ရုံတစ်ရုံမှတစ်ရုံပြောင်းနေပါက စားသောက်သုံးစွဲမှုများကြောင့် ငွေမပို့နိုင်သူများရှိကြောင်း ထိုင်းနိုင်ငံတွင် ၁၂ နှစ်ကျော်နေထိုင်လုပ်ကိုင်သူ ဒေါ်ဝါဝါက ပြောကြားသည်။

"စုဖို့မပြောနဲ့ အိမ်စရိတ်ကမြင့်လာတယ်။ တစ်ရုံကတစ်ရုံပြောင်းရင် ရှမ်းပြည်မှာ (ထိုင်း) လုပ်တဲ့ပိုက်ဆံ ရှမ်းပြည်မှာပဲကုန်တာပဲ" ဟု ၎င်းက ဆိုသည်။

## ယာယီနိုင်ငံကူးလက်မှတ် ခြောက်သိန်း

မြန်မာနိုင်ငံဘက်ခြမ်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်အတွင်း အလုပ်သမားခြောက်သိန်းကို ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးရန် စီစဉ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများမှတ်ပုံတင်စနစ်သစ်အရ မှတ်ပုံတင်ခဲ့သူအလုပ်သမားရှစ်သိန်းခွဲခန့် မှတ်ပုံတင်ခဲ့ကြောင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ အလုပ်သမားများကို မတ်လ ၂ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ရန် သတ်မှတ်ထားကြောင်း၊ မှတ်ပုံတင်ခွင့်ရှိ အလုပ်သမား ၁ ဒသမ ၃ သန်းတွင် ၈၀ ရာခိုင်နှုန်းခန့်မှာ မြန်မာအလုပ်သမားများဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာထားသည်။

မှတ်ပုံတင်ကြမည့် အလုပ်သမားများကို အလုပ်လုပ်ခွင့်ပါမစ် ၂ နှစ်ပေးမည်ဖြစ်ကြောင်း၊ ထိုင်းအစိုးရက ကြေညာထားသော်လည်း အလုပ်သမားအများစုမှာ ပြန်ပို့ခံရမည်ကို ကြောက်ရွံ့ခြင်းနှင့် မှတ်ပုံတင်ခပေးရန် အခက်အခဲရှိခြင်းတို့ကြောင့် မှတ်ပုံတင်ရန်ပျက်ကွက်သူများလည်းရှိကြောင်း စုံစမ်းသိရှိရသည်။

ယခုပြုလုပ်သည့် အလုပ်သမားမှတ်ပုံတင်ခြင်းစနစ်သစ်သည် နောင်လာမည့် နိုင်ငံသားစိစစ်ရေးပြုလုပ်ရန်အတွက် ပြင်ဆင်ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ပြီး နောက်ပိုင်းတွင် သက်တမ်းတိုးပေးမည့် အစီအစဉ်မပါရှိဘဲ ၎င်းတို့အားခန့်အပ်လိုသောအလုပ်ရှင်များသည် နိုင်ငံသားစိစစ်ပြီးသောအလုပ်သမားများကိုသာ ဥပဒေနှင့်အညီတရားဝင်ခေါ်ယူခန့်အပ်ရမည့် အစီအစဉ်ဖြစ်သည်။

## ကလေးများအတွက် အစီအစဉ်

ထိုင်းအလုပ်သမားဝန်ကြီးဌာနသည် ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများကို လူသားချင်းစာနာထောက်ထားမှုအရ ပထမဆုံးအကြိမ်အဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ရာ ကလေးများအနေနှင့် ပညာရေး၊ ကျန်းမာရေးကဲ့သို့ လူမှုဖူလုံရေးခံစားခွင့်ရလာနိုင်သည်ဟု အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူများက ဆိုသည်။

ထိုင်းအလုပ်သမားဝန်ကြီးဌာနသည် တရားဝင်ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများကို မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ကလေးများသည် ၎င်းတို့၏မိဘများကဲ့သို့ လူမှုဖူလုံရေးခံစားခွင့်များရလာမည်ဖြစ်ကြောင်း၊ အသက် ၁၅ နှစ်အောက်ကလေးများ ယခုအစီအစဉ်နှင့် အကျုံးဝင်မည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီး နိုင်ပိုင်ထုံကယောက်ထောင်က သတင်းထုတ်ပြန်ထားသည်။


မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် တရားမဝင်နေထိုင်သူများသာမက



www.foreverspace.com.mm

တရားဝင်နေထိုင်သူများပါ ကျန်းမာရေး၊ ပညာရေးအခက်အခဲများကြောင့် ထိုင်းနိုင်ငံတွင်မွေးသည့်သားသမီးများကို မိခင်နိုင်ငံသို့ ပြန်ပို့လေ့ရှိကြသည်။

"ကျောင်းစရိတ်အခက်အခဲရှိသလို ကလေးဗမာစာမတတ်မှာလည်း စိုးရိမ်တယ်။ ဒီရှမ်းကလေး (ထိုင်းကိုဆိုလိုသည်) ကလည်း ပျက်စီးတာများတယ်" ဟု ရန်ကုန်မြို့ရှိမိခင်ထံ ၎င်း၏ကလေး ပြန်ပို့ထားသူ ဒေါ်ဝါဝါက ၎င်း၏အယူအဆကို ပြောကြားသည်။




## မလေးထက် သာ

ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့်ရလျှင် မလေးရှားထက် အခွင့်အရေးပိုသာကြောင်း၊ လုပ်အားခချင်းယှဉ်လျှင် ထိုင်းကနည်းသည်ဟုထင်ရသော်လည်း ရေရှည်တွင် ထိုင်းက မလေးထက် မနိမ့်ကြောင်း၊ ကနဦးကုန်ကျငွေတွင်လည်း ထိုင်းကနည်းပြီး ထိုင်းတွင်လူမျိုးခွဲခြားမှု၊ ဆက်ဆံမှု များစွာမရှိကြောင်း၊ ထိုင်းလုပ်ငန်းရှင်များက မြန်မာအလုပ်သမားများကို သဘောကျကြောင်း၊ မလေးရှားသို့ နိုင်ငံကူးလက်မှတ်နှင့် တရားဝင်သွားလျှင်ပင် အလုပ်အကိုင်အဆင်မပြေ၍ အလုပ်ရုံပြောင်းလျှင် စာချုပ်အရ နိုင်ငံကူးလက်မှတ်ကို သူဌေး (အလုပ်ရှင်) က သိမ်းထားလေ့ရှိသဖြင့် အလိုအလျောက် တရားမဝင်နေထိုင်သူဖြစ်သွားကြောင်း၊ အထူးသဖြင့်



www.foreverspace.com.mm

မလေးရှားရှိ တရားမဝင်အလုပ်သမားများကို ဖမ်းဆီးရန်ဖွဲ့စည်းသည့် RELA ခေါ် အဖွဲ့များကို ကြောက်ရကြောင်း၊ ထိုင်းတွင် ယင်းအဖွဲ့မျိုးမရှိကြောင်း၊ ဖမ်းမိ၍ ပြန်သွန် (ပြည်နှင်ဒဏ်) ပေးလျှင်လည်း နောက်ပိုင်း ပြန်လာနိုင်ကြောင်း၊ မလေးရှားတွင် ၂ နှစ်ခန့်လုပ်ကိုင်ဖူးပြီး ထိုင်းတွင် ၁၀ နှစ် အလုပ်လုပ်ကိုင်နေသူ ဦးတင့်လွင်ကဆိုသည်။

## အရှိန်မြှင့်ရန် လို

ထိုင်းနိုင်ငံအလုပ်သမားများအဖို့ ထိုင်းနိုင်ငံအစိုးရက ဘတ်သက်တမ်းကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိသာ သတ်မှတ်ထားခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို သုံးနေရာသာထားရှိခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာလုပ်သားအချို့သည် ၎င်းတို့နေရပ်လိပ်စာကို အတိအကျပေးရန်ဆန္ဒမရှိခြင်း ဟူသော အခက်အခဲအချို့ရှိကြောင်း ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ခဲ့သူတစ်ဦးက ဆိုသည်။

ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို သုံးနေရာထားရှိခြင်းကြောင့် တစ်လလျှင် အရေအတွက်တစ်သောင်းခန့်သာ ပေးနိုင်ရာ ထိုင်းအစိုးရက သတ်မှတ်ထားသည့် လက်ရှိ မြန်မာအလုပ်သမားများကိုင်ဆောင်ထားသော ဘတ်သက်တမ်းကုန်ဆုံးရက်မှာ ၂၀၁၀ ဖေဖော်ဝါရီလအထိသာဖြစ်၍ မြန်မာအလုပ်သမားတစ်သန်းကျော်မှာ အလွယ်တကူ အချိန်မီဆောင်ရွက်ရန် အကန့်အသတ်အချို့ ရှိနေသည်။ ထိုင်းအစိုးရက ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်မထားသူများကို တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးကာ ပြည်နှင့်ဒဏ်ပေးမည်ဟု ကြေညာထားပြီး ရွှေ့ပြောင်းအလုပ်သမားဝင်ရောက်လာမှုကိုလည်း ပြင်းပြင်းထန်ထန် တားဆီးသွားသည်ဟုလည်း ကြေညာထားသည်။

## နန်းကလိန်

ထိုင်းနိုင်ငံ မဟာချိုင်ခရိုင်တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများစု



အလုပ်လုပ်ကိုင်လျက်ရှိပြီး မြန်မာမြို့တစ်မြို့ကဲ့သို့ပင် မြန်မာအမည်ဖြင့် ဆိုင်းဘုတ်တင်ရောင်းချသည့် စားသောက်ဆိုင်များ၊ ဈေးဆိုင်များလည်းရှိကြောင်း၊ မဟာချိုင်တွင် မြန်မာအလုပ်သမားတစ်သိန်းခွဲမှ နှစ်သိန်းနီးပါးခန့် ရောက်ရှိနေထိုင်လျက်ရှိကြောင်း ဦးကျော်သောင်းက ဆိုသည်။ မြန်မာအလုပ်သမားများအတွက် အန္တရာယ်တစ်ခုမှာ ထိုင်းဆယ်ကျော်သက် နန်းကလိန်ခေါ် လမ်းသရဲများ၏ ရန်ပြုတိုက်ခိုက်မှုပင်ဖြစ်ကြောင်း၊ ညဆိုင်းအလုပ်သမားများနှင့် အချိန်ပိုဆင်းသူများကို ထိုင်းလိုမေး၍ ထိုင်းစကားလိပ်ပတ်လည်အောင် မပြောဆိုနိုင်လျှင် ရန်ပြုတိုက်ခိုက်လေ့ရှိကြောင်း၊ အချို့အသက်အန္တရာယ်ဆုံးရှုံးရမှုများပင်ရှိကြောင်း၊ ရဲစခန်းတွင် နန်းကလိန်များကို အမှုဖွင့်ရန်ခက်ခဲသကဲ့သို့ အမှုဖွင့်ပြီးလျှင်လည်း ငွေပေး၍ အမှုပိတ်ပစ်လိုက်သူများရှိကြောင်း ဦးတင့်လွင်က ရှင်းလင်းပြောကြားသည်။

## ရေကြည်ရာ မြက်နုရာ

ကမ္ဘာ့ဦးအစ ကျောက်ခေတ်လူသားများသည် ရေကြည်ရာ မြက်နုရာဒေသများသို့ ရွှေ့ပြောင်းနေထိုင်ရှင်သန်ခဲ့ကြသည်။ ယနေ့ခေတ်လူသားများသည်လည်း ဘဝရှင်သန်ရေးအတွက် ကျေးလက်မှမြို့၊ မြို့မှမြို့တော်၊ မြို့တော်မှ အိမ်နီးချင်းနိုင်ငံများနှင့် ဝေးလံသော ပင်လယ်ရပ်ခြားနိုင်ငံများအထိ အိပ်မက်များ၊ မျှော်လင့်ခြင်းများစွာဖြင့် ရွှေ့ပြောင်းလုပ်ကိုင်နေကြရသည်။

ယခုနောက်ပိုင်း အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုပိုမိုများပြားလာပြီး တရားမဝင်ခိုးဝင်မှုများကြောင့် လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှု၊ လိင်ကျွန်ပြုမှု၊ ရာဇဝတ်မှု၊ လုပ်ငန်းခွင်အခြေအနေဆိုးဝါးမှုများလည်း ဖြစ်ပေါ်လာရသည်။ ယခု နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ် အမှန်တကယ်အောင်မြင်လာပါက နှစ်နိုင်ငံသဘောတူညီချက်များအရ ရောက်ရှိရာနိုင်ငံ၏ ပြည်တွင်းဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိနိုင်သကဲ့သို့ ဒေသခံအလုပ်သမားများနည်းတူ လုပ်အားခနှင့် အခြားခံစားခွင့်များကို တန်းတူညီတူ ခံစားခွင့်ရရှိလာနိုင်မည်။

အထူးသဖြင့် အလုပ်ခန့်ထားမှုနှင့် စပ်လျဉ်း၍ အလုပ်ရှင်နှင့် အလုပ်သမားကြား ဖြစ်ပေါ်လာမည့် အငြင်းပွားမှုများကို ယင်းနိုင်ငံ၏ တာဝန်ရှိဌာနများက ၎င်းတို့နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဖြေရှင်းပိုင်ခွင့်ရရှိလာမည် ဖြစ်သည်။

**နိုင်မင်းဝေ**

■

www.foreverspace.com.mm

# ရွှေလို အလုပ်

ဆွေငြိမ်းအေး

**မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် လူတို့ကို အရွယ်အားဖြင့်ပိုင်းခြားရာ၌ ပထမအရွယ် ပညာ၊ ဒုတိယအရွယ် ဥစ္စာ၊ တတိယအရွယ်တွင် ကုသိုလ်ရှာဟူ၍ ရှေးအစဉ်အလာဆိုရိုးရှိခဲ့သည်။ သို့သော် ၂၁ ရာစုယနေ့ခေတ်တွင်မူ ယင်းစကားရပ်သည် အချို့သူများအတွက် လုံးဝအသုံးမဝင်တော့ဟုပင် ဆိုရပေမည်။**


ယနေ့ခေတ်ကို ပညာပေါက်ကွဲမှုခေတ်ကြီးဟု တင်စားခေါ်ဝေါ်ကြပြီး ပညာရပ်များ၏တိုးတက်မှုမှာ အလွန်လျင်မြန်လျက်ရှိသည်။ မနေ့ကပညာ ဒီနေ့ခေတ်မမီသကဲ့သို့ ပညာသစ်များ အဆက်မပြတ်ပေါ်ထွက်လျက်ရှိရာ သိပြီးပညာများလည်း မြန်မြန်ဆန်ဆန်ပင် ဟောင်းနွမ်းသွားတတ်ပါသည်။ သို့ဖြစ်ရာ လူ့အဖွဲ့အစည်းတွင် အလုပ်လုပ်ခြင်းနှင့် ပညာရှာခြင်းသည် ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြားရနိုင်မည်မဟုတ်တော့ပေ။

## အလုပ်ရှားခြင်း

ယနေ့ကမ္ဘာပေါ်တွင် တစ်နှစ်ထက်တစ်နှစ်ကျယ်လောင်စွာကြားလာရသည်မှာ အလုပ်လက်မဲ့ပြဿနာပင် ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မဆိုထားနှင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်ပင် အသည်းအသန်ဖြေရှင်းနေရသော ပြဿနာပင်ဖြစ်သည်။ ခပ်ဝေးဝေး အနောက်နိုင်ငံများကို မကြည့်သေးဘဲ အာရှဒေသတွင်းရှိ နိုင်ငံအချို့ကိုကြည့်လျှင်ပင် ဤသို့တွေ့နိုင်ပေမည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အလုပ်အကိုင်မရရှိသေးသည့် ဘွဲ့ရပညာတတ်များ တောင်လိုပုံနေသည်။ အစိုးရ၏ အလုပ်မဖြစ်တော့သော စက်ရုံကြီးများသည် အလုပ်လက်မဲ့ပြဿနာကို ကျားကန်ထားရန် ဆက်လက်လည်ပတ်နေရသည်။

လူ့စွမ်းအားအရင်းအမြစ် လိုအပ်ပါသည်ဟု ကြွေးကြော်နေကျ စင်ကာပူနိုင်ငံ



www.foreverspace.com.mm





တွင် နိုင်ငံသားများအလုပ်အကိုင်နေရာများ လက်လွှတ်ဆုံးရှုံးမှုများပြားနေသဖြင့် အစိုးရကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနေရသည်။ စင်ကာပူကို ထူထောင်သူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုကိုယ်တိုင်ပင် ယင်းကိစ္စကို အလေးထားဖြေရှင်းရန် ၎င်း၏သားဖြစ်သူ လက်ရှိစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းကို တိုက်တွန်းနေရသည်။

ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံတွင်လည်း အလုပ်အကိုင်ရရှိမှုအခက်အခဲကို လူငယ်လူရွယ်များအကြား ဟိုတစ်စသည်တစ်စမှသည် ကျယ်ကျယ်လောင်လောင်ပင် ကြားနေရသည်။

တက္ကသိုလ်ပညာသင်နှစ်များပြီးဆုံးပြီး ဘွဲ့ရရှိပြီးချိန်မှစတင်၍ အလုပ်ရရှိရန် ကြိုးစားခဲ့သော်လည်း ယခုအချိန်အထိ အဆင်ပြေမှုမရှိသေးကြောင်း၊ အလုပ်ရရှိထားသည့် သူငယ်ချင်းအများစုမှာလည်း နီးစပ်ရာအဆက်အသွယ်မှတစ်ဆင့် အလုပ်အကိုင်ရရှိခြင်းဖြစ်ကြောင်း B.E(Chemical) ကို ၂၀၀၉ ခုနှစ်ကရရှိခဲ့သူ မလှနှိုင်းက ဆိုသည်။

“ပညာတွေသင်ပြီးမှ အရောင်းဝန်ထမ်းလိုမျိုးလည်း မလုပ်ချင်ဘူး” ဟု ၎င်းက ဆိုသည်။

ယင်းသို့လုပ်ငန်းခွင်ဝင်ရောက်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တုံ့ဆိုင်းနေသူများသည် စိတ်ဖိစီးမှုဒဏ်များ ခံစားရကြောင်း၊ မိမိနှင့်ရွယ်တူ အလုပ်လုပ်ကိုင်နေသူများကိုတွေ့သောအခါ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်လေ့ရှိကြောင်း၊ မိဘများထံမှ ငြူစူမှုမရှိသော်လည်း ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲတတ်ကြောင်းကိုလည်း မလှနှိုင်းကသူ၏အတွေ့အကြုံနှင့်ပတ်သက်၍ ရှင်းပြသည်။

မလှနှိုင်းကဲ့သို့ ပညာရေးတစ်ခုပြီးဆုံးသော်လည်း လုပ်ငန်းခွင်သို့ဝင်ရောက်ရန် ကြိုးပမ်းရာတွင် အခက်အခဲများစွာကြုံတွေ့နေရသူများ ယနေ့ခေတ်အခါတွင် များစွာရှိနေကြသည်။ ထိုသို့ အလုပ်ရှာရခက်ခြင်းကဲ့သို့သော အခြေအနေမျိုးသာမက အလုပ်တစ်ခုတွင် အဆင်မပြေ၍ ပြောင်းရွှေ့လုပ်ကိုင်ရန်ကြိုးစားကြရာတွင်လည်း အလုပ်သစ်ရှာရန် ခက်ခဲလေ့ရှိကြသည်။

မိမိပထမဆုံးလုပ်ကိုင်သောအလုပ်တွင် အဆင်မပြေသဖြင့် အလုပ်မှထွက်လိုက်ပြီးနောက်သုံးလခန့် အလုပ်မရှိသောကြောင့် ယောင်ချာချာဖြစ်ခဲ့ရခြင်းကို မဂ္ဂဇင်းတိုက်တစ်တိုက်တွင်လုပ်ကိုင်နေသူ မငုဝါစိုးက ပြောပြသည်။

“အဲဒါကြောင့် တော်ရုံတန်ရုံ ကိုယ့်သိက္ခာကို စော်ကားတာမျိုး၊ နှိမ်တာမျိုးမလုပ်ရင် သည်းခံပြီးနေတော့တယ်” ဟု အလုပ်တစ်ခုမှတစ်ခုသို့အပြောင်း တွေ့ကြုံရသော သူ၏ခံစားချက်ကို မငုဝါစိုးက ရှင်းပြသည်။

အချို့လူငယ်လူရွယ်များသည် မိမိကျင်လည်ရာနယ်ပယ်ငယ်ကလေးထဲမှ လုပ်ငန်းခွင်နယ်ပယ်သို့ စတင်ဝင်ရောက်ရာတွင် လူအများနှင့် ဆက်ဆံပြောဆိုရခြင်း၊ အမှားအယွင်းလုပ်မိခြင်း၊ အလုပ်၏ ဖိအားဒဏ်ခံစားရခြင်းတို့အပြင် အချင်းချင်းအတွန်းအတိုက်လုပ်သူများနှင့်ပါ တွေ့ကြုံတတ်ရာ ‘နှင်း’သူများနှင့်ပါ ကြုံတွေ့ရတတ်ခြင်းတို့ ရင်ဆိုင်ကြရကြောင်း၊ ထိုသို့



www.foreverspace.com.mm

ကြုံတွေ့ကြရာတွင် သည်းမခံနိုင်ဖြစ်ကာ အလုပ်မှ ရှောင်ဖယ်ထွက်ခွာတတ်ကြောင်း၊ ထိုအခါ အလုပ်လုပ်ရခြင်း၏ဖိအားအပြင် အလုပ်မရှိတော့ခြင်း၏ စိတ်ဖိစီးမှုပါဝင်တတ်ကြောင်း မငုဝါစိုးက ပြောပြသည်။

"အလုပ်တစ်ခုကနေ ထွက်မယ်ဆိုရင် သေချာစဉ်းစားသင့်တယ်။ ကျွန်မ ပထမ အလုပ်ကထွက်မယ်ဆိုတော့ အမေက တားတယ်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ထွက်လိုက်တာ နှစ်လလောက် အလုပ်လက်မဲ့ဖြစ်သွားတယ်" ဟု ကုမ္ပဏီတစ်ခုတွင် Deputy Manager လုပ်နေသူ မဝင်းလဲ့က ဆိုသည်။

## မရှာတတ်ရင် ရှားတယ်

အလုပ်တစ်ခုသို့ ဝင်ရောက်လုပ်ကိုင်ရာတွင် အရေးကြီးသောအချက် တစ်ချက်မှာ မိမိ၏ဝါသနာနှင့် မိမိအလုပ်ကိုက်ညီမှုရှိရေးပင်ဖြစ်သည်။ အချို့သောသူများမှာ မိမိ၏ဝါသနာနှင့်ကိုက်ညီသောအလုပ်များကို ကြိုးစားလုပ်ကိုင်ကာ အောင်မြင်မှုရသွားသူများရှိသကဲ့သို့ အချို့မှာ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရာမှနောက် စိတ်ဝင်တစားဖြစ်သွားသူများလည်း ရှိသည်။

"အလုပ်ရှားလားဆိုတော့ တကယ်အလုပ်က မရှားပါဘူး။ မပေါတာပဲရှိတယ်။ တကယ်ရှားနေတာက အရည်အချင်းပြည့်ဝတဲ့သူရှားနေတာ" ဟု MHR သင်တန်းကျောင်း၏အကြီးအကဲဖြစ်သူ ဦးအေးကျော်က ရှင်းပြသည်။

အလုပ်တစ်ခုလျှောက်မည်ဆိုလျှင် အနည်းဆုံး ဘာသာစကားသင်တန်းတစ်ခုခုလောက်တော့တက်ထားသင့်ကြောင်း၊ လူငယ်တွေအနေနှင့် တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရခြင်းသည် Educate (အတန်းပညာ) တစ်ခု ပြီးသွားခြင်းသာဖြစ်ပြီး Qualified (အရည်အချင်းပြည့်) မဖြစ်သေးဘဲ မိမိကိုယ်တိုင် အရည်အချင်းပြည့်အောင်ဖြည့်ရမည်ဖြစ်ကြောင်း၊ ဥပမာ– Sale Supervisor (အရောင်းကြီးကြပ်) ရာထူးအတွက် အလုပ်လျှောက်မည်ဆိုလျှင် အနည်းဆုံး Sale Management (အရောင်းစီမံမှု) သင်တန်းတော့ တက်ထားသင့်ကြောင်း၊ သို့မှသာ အလုပ်ရှင်များဘက်မှလည်း ရွေးချယ်ချင်မည်ဖြစ်ကြောင်း ဦးအေးကျော်က ထပ်လောင်းရှင်းပြသည်။

အလုပ်နှင့်ပတ်သက်၍ ရှုမြင်ပုံအရေးကြီးကြောင်း၊ တကယ်အလုပ်လုပ်လိုပြီး ဝံ့ရဲသူများအတွက် အလုပ်မရှားကြောင်း၊ အစိုးရအနေနှင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာရန် ဖန်တီးပေးပြီး ပုဂ္ဂလိကကဏ္ဍ ကြီးထွားအောင်လုပ်ပေးရမည်ဖြစ်ကြောင်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဟောင်း ဦးရဲမင်းဦးက ပြောဆိုသည်။

"ကိုယ်နဲ့အပ်စပ်တဲ့အလုပ်ကို သေချာသိရမယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရဲရမယ်။ အစိုးရရုံးမှာလုပ်မှာလား၊ ကုမ္ပဏီမှာလား သေချာရွေးချယ်ပြီး အလုပ်လုပ်ချင်တဲ့စိတ်တကယ်ရှိရင် အလုပ်လုံးဝမရှားဘူး။ နောက်ပြီး သူများဆီမှာပဲ အလုပ်လုပ်မလား၊ ဒါမှမဟုတ် ကိုယ်ပိုင်စီးပွားရေး



www.foreverspace.com.mm





လုပ်ငန်းတွေကို ကြိုးစားကြည့်စေချင်တယ်” ဟု ဦးရဲမင်းဦးက ဆက်လက်ပြောသည်။

လူငယ်များအလုပ်အကိုင်ရှာဖွေရာတွင် နှစ်ဦးနှစ်ဖက် လိုက်လျောညီထွေမှုအရေးကြီးကြောင်း၊ အလုပ်မရှားခြင်းကို ဂျာနယ်များ၏ အလုပ်ခေါ်ကြော်ငြာများကိုကြည့်၍ သိနိုင်ကြောင်း၊ အလုပ်လျှောက်သူများ၏ ကြိုတင်ပြင်ဆင်မှုနှင့် ဝါသနာအရေးကြီးကြောင်း၊ ရရာအလုပ်လျှောက်ခြင်းထက် Professional အဆင့်အထိ တစ်ခုခုကို တတ်မြောက်အောင် သေချာလုပ်ထားသင့်ကြောင်း MCC ကွန်ပျူတာ၏ CEO ဦးငြိမ်းဦးက ပြောကြားသည်။

“အဓိကဖြစ်နေတာက Professional အဆင့်အထိရောက်ဖို့ Capacity မရှိဘူး။ Capacity ရှိအောင်လုပ်ရမယ်” ဟု ၎င်းက ဆိုသည်။

လုပ်ငန်းနယ်ပယ်တစ်ခုကိုရွေးချယ်ပြီး စတင်ဝင်ရောက်မည်ဆိုပါက ထိုလုပ်ငန်းနှင့်ပတ်သက်သည်များကို အနည်းဆုံးသိထားသင့်ကြောင်း၊ ကွန်ပျူတာကျောင်းဆင်းတစ်ယောက် IT နယ်ပယ်ထဲ ဝင်ရောက်လုပ်ကိုင်မည်ဆိုလျှင် လုပ်ငန်းခွင်အထောက်အကူဖြစ်အောင် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ On job training ကဲ့သို့ အလုပ်အကိုင်အခြေအနေမျိုးတွင် အရင်လုပ်သင့်ကြောင်း ဦးငြိမ်းဦးက ဆက်လက်ပြောဆိုသည်။

အလုပ်အကိုင်ရှားပါးသည်ဟု ဆိုနေသူများစွာတို့နှင့်အတူ လုပ်ငန်းရှင်တို့ဘက်ကလည်း “လူလိုနေပါတယ်” ဟုပင် တူညီစွာ တုံ့ပြန်နေကြသည်။

မြန်မာနိုင်ငံ၏အကြီးဆုံးChain Business လုပ်ငန်းတစ်ခုဖြစ်သော City Mart Holding Co., Ltd.မှ ဒါရိုက်တာဦးစိုးမိုးသူက အောက်ပါအတိုင်း ပြောကြားသည်။

“အလုပ်အကိုင်လိုချင်တဲ့လူငယ်တွေအတွက် အရေးကြီးဆုံးကတော့ ကိုယ်အလုပ်လျှောက်ထားတဲ့ကုမ္ပဏီ၊ ဌာနတွေရဲ့ လုပ်ငန်းသဘောသဘာဝတွေကို စိတ်ဝင်စားမှုရှိရမယ်။ ပြီး ရလာတဲ့အလုပ်အပေါ်မှာ ကြိုးစားလုပ်ကိုင်လိုစိတ်ရှိရမှာက အလုပ်လိုချင်တဲ့လူငယ်တွေ အလုပ်သင့်ဆုံးလို့ ယုံကြည်ပါတယ်” ဟု ဦးစိုးမိုးသူက ဆိုသည်။

ထိုသို့သောလိုအပ်ချက်များအပြင် အင်တာဗျူးအခွင့်အလမ်းများရရှိရန် CV Form မှအစ စိတ်ဝင်စားဖွယ်ဖြစ်စေရန်ပြင်ဆင်ခြင်း၊ လူတွေ့မစစ်ဆေးမီ လျှောက်ထားသောကုမ္ပဏီလုပ်ငန်းအပေါ် စိတ်ဝင်တစားအသေးစိတ်လေ့လာထားခြင်း၊ အင်တာဗျူးဖြေဆိုစဉ်မှာလည်း နိုးကြားတက်ကြွမှုဖြင့် မေးခွန်းများကို ဂရုတစိုက်နားထောင်တတ်ခြင်းနှင့် အခြေခံလိုအပ်ချက်ဖြစ်သည့် Computer Skill နှင့် English Language Skillတို့ကို တတ်သိနားလည်ရန် ပြင်ဆင်ခြင်းတို့ လုပ်ဆောင်ထားသင့်ကြောင်း ဦးစိုးမိုးသူက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရှိ လူတန်းစားအလွှာအသီးသီးမှ ငယ်ရွယ်သောလူငယ်လူရွယ်များစွာတို့သည် စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသောယနေ့ခေတ်အခါသမယတွင် အစဉ်အမြဲလေ့လာရန်လိုအပ်ပြီး မျက်စိဖွင့်နားစွင့်ထားရန်လိုကြောင်း၊ ကိုယ်တိုင်အလုပ်လုပ်လိုစိတ်ရှိပြီး ကြိုးစားလိုစိတ်ရှိပါက



www.foreverspace.com.mm


အလုပ်မရှားကြောင်း၊ ဝင်ငွေနည်းအလုပ်မှ ကျပ်ငွေ သိန်းချီရသောအလုပ်အထိ အလုပ် အမျိုးမျိုး ပြောင်းလဲလုပ်ကိုင်ခဲ့ကာ ယခု အခါတွင် ပုံနှိပ်မီဒီယာတစ်ခု၏သတင်း ထောက်ချုပ် အဖြစ်တာဝန်ထမ်းဆောင်နေ သူတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

## အလုပ်ထဲက အတွေ့အကြုံရှာ

ပြောင်းလဲလာသော ခေတ်စနစ်အရ လူငယ်လူရွယ်များစွာတို့သည် ပညာရပ်မျိုး စုံကို အလွယ်တကူသင်ယူနိုင်သကဲ့သို့ မိမိ တို့နှင့်သင့်လျော်သောလုပ်ငန်းဆောင်တာ များကို ဆောင်ရွက်ကြရမည်မှာ အသေ အချာပင် ဖြစ်သည်။

လူတို့သည်အစဉ်အလာအရ လုပ် ငန်းခွင်သို့ စတင်ဝင်ရောက်သည်နှင့် ကျောင်း၊ ပညာရေးနှင့် အဆက်ပြတ်သွား လေ့ရှိသည်။ လူတို့၏အရွယ်သုံးပါးလုံး စဉ် ဆက်မပြတ်ပညာသင်ကြားနိုင်ခြင်းမှာ ယနေ့ခေတ်တွင် လွန်စွာမှ အရေးပါလှပေ သည်။ ကျောင်းပညာရေးသည် အသက် မွေးမှုပညာရပ်တစ်ရပ်ကို အစပျိုးပေးခြင်း ဖြစ်ပြီး စဉ်ဆက်မပြတ်ပညာရေးသည် ပြောင်းလဲလာသောခေတ်နှင့်အညီ မိမိ၏ အသက်မွေးမှုပညာရပ်ကို အဆင့်မြှင့်ပေး နိုင်သည်။

အစဉ်အမြဲပြောင်းလဲနေသော ခေတ် နှင့်အတူ ပညာအလုပ်သမားတိုင်း တစ် ကြိမ်မက တစ်ကြိမ်ကျောင်းပြန်တက်၍ အစဉ်အလာနှင့်မတူသော ပညာသင်ကြားရေး ပုံစံများတွင် လိုက်မီရန် ကြိုးစားကြရပေ မည်။ ပထမအရွယ်တွင် သင်ခဲ့၊ တတ်ခဲ့ သောပညာဖြင့်သာ တစ်သက်လုံး လုပ်ကိုင် စားသောက်၍မရတော့ဘဲ အဆင့်ဆင့် ဆည်းပူးရပေမည်ဟု Peter F.Drucker က Managing In the Next society စာအုပ် ဖြင့် ညွှန်ပြခဲ့သည်။



"ကျွန်မ အလုပ်စလုပ်တော့ အသက် ၂၀ မပြည့်သေးဘူး။ အလုပ်အတော်များ များကိုလိုက်လျှောက်တာ ကုမ္ပဏီတစ်ခုမှာ Marketing အလုပ်ရတော့ ဝင်လုပ်ရာက စခဲ့တာ။ အချိန်ကြာလာတာနဲ့ လခပါမြင့် လာတာပေါ့။ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ သေချာအာရုံစိုက်ပြီးလုပ်ဖို့ပဲလိုတယ်" ဟု အတွေ့အကြုံရရှိရန် အခြေခံမှစ၍လုပ်ကိုင် ခဲ့ပြီး ယခုအခါ Marketing Manager ရာ ထူးဖြင့် တာဝန်ထမ်းဆောင်နေသော မငြိမ်း အိက ပြောဆိုသည်။

လုပ်ငန်းနယ်ပယ်တစ်ခုတွင် ကျွမ်း ကျင်မှုရှိရန် အခြေခံမှစ၍ လုပ်ကိုင်ရာတွင် လစာအားဖြင့် နည်းပါးနိုင်သော်လည်း ရေ ရှည်တွင် အဆင်ပြေနိုင်ကြောင်း၊ ထိုသို့မ ဟုတ်ဘဲ လစာမြင့်အလုပ်များရရှိလိုပါက မိမိ၏ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ရန် လိုကြောင်းနှင့် ဘာသာစကားကျွမ်းကျင်မှု၊ ကွန်ပျူတာနှင့် ရင်းနှီးကျွမ်းကျင်မှုများ လည်းရှိရန်လိုအပ်ကြောင်း မငြိမ်းအိက ဆက်လက်ပြောကြားသည်။

ထိုသို့လုပ်ငန်းခွင်သို့ ဝင်ရောက်ရာ တွင် မငြိမ်းအိကဲ့သို့ အခြေခံမှစ၍ ကျွမ်း ကျင်အဆင့်ထိရောက်ရန် တက်လှမ်းနေသူ များရှိသကဲ့သို့ အဆင်သင့်ရာ မည်သည့်အ လုပ်မဆိုလုပ်ကိုင်ရာမှ ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ကာ ဘဝရပ်တည်ရေး ကြိုး ပမ်းနေသူများစွာလည်း ရှိကြသည်။

"ကျွန်တော် ၁၀ တန်းအောင်တော့ ရရာအလုပ်ဝင်လုပ်ဖြစ်တယ်။ ပြီးတော့ အဝေးသင်တက်ပြီး အလုပ်စုံလုပ်တယ်။ ဝပ်ရှော့ခ်ရော၊ အရောင်းဝန်ထမ်းရော၊ အဝယ်တော်ရော စုံနေတာပဲ။ တကယ် အလုပ်လိုချင်တယ်ဆိုရင် အလုပ်ကမရှားပါ ဘူး။ သည်းခံနိုင်ဖို့ပဲလိုတယ်" ဟု ယခု အခါ ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်ငယ် တစ် ဆိုင်ဖွင့်ကာ စီးပွားရှာနေသော အသက် ၃၆ နှစ်အရွယ်ရှိ ဦးရဲကောင်းမြတ်က ပြော ကြားသည်။

လုပ်ငန်းတိုင်းတွင် လုပ်သားများခေါ် ယူရာတွင် အတွေ့အကြုံဦးစားပေးတတ် ကြသော်လည်း အတွေ့အကြုံမရှိသော လူ ငယ်များအနေဖြင့် လက်တွေ့ကျဖို့လိုအပ်

www.foreverspace.com.mm



ပြီး ကြိုးစားလိုစိတ်ရှိသောလူငယ်များကို ကုမ္ပဏီများဘက်မှ သင်တန်းများပေးသော အလုပ်များရှိကြောင်း City Mart မှဒါရိုက်တာဦးစိုးမိုးသူက ပြောကြားသည်။

## အလုပ်ဟူသမျှ ဂုဏ်ရှိစွ

အလုပ်နှင့်ပတ်သက်၍ မြန်မာစကားပုံတစ်ခုရှိပါသည်။ 'အလုပ်ဟူသမျှဂုဏ်ရှိစွ' ဖြစ်ပေသည်။ ဆိုလိုရင်းမှာ သမ္မာအာဇီဝကျသော မည်သည့်အလုပ်ကိုမဆိုလုပ်ကိုင်ခြင်းသည် လူအများအလယ်တွင် တင့်တယ်ပေသည်ဟု ဖြစ်ပေသည်။

ပြောင်းပြန်အနက်ကောက်လျှင် အလုပ်မရှိလျှင် ဂုဏ်မရှိဟုပင် ဆိုရပေမည်။ ယနေ့မြန်မာနိုင်ငံတွင် ပညာရေအလုပ်ပါ အလုပ်အကိုင်ကောင်းရရှိရန်အတွက် အပတ်တကုတ်ကြိုးပမ်းရှာဖွေနေသူများစွာ တွေ့နေရသကဲ့သို့ ယနေ့ထိ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်များတွင် ကျက်စားနေသည့် ဝေလေလေများလည်း တွေ့ရပေသည်။ ထို့အတူ အလုပ်တစ်ခုကို လပိုင်း၊ ရက်ပိုင်းမျှ လက်ကြောတင်းအောင် မလုပ်ချင်ဘဲ အလုပ်ရှာမရဟု ညည်းတွားနေသူများလည်း ရှိနေသေးသည်။

## ရွှေလိုအလုပ်

တစ်ခါတစ်ရံတွင် လက်တွေ့အလုပ်နှင့် ပညာအရည်အချင်း အံဝင်ခွင်ကျမဖြစ်သည်များလည်းရှိသည်။ ထို့ပြင် တတ်ထားသောပညာနှင့် ထိုက်တန်သောလစာ၊ ခံစားခွင့်မရသည့်ပြဿနာရပ်များလည်း ရှိနေသည်။ အသိသာဆုံးဥပမာကိုပြရလျှင် အိုင်တီနယ်ပယ်၏ Brain Drain ကိုပင် ပြရပေမည်။

အိုင်တီနယ်ပယ်တွင် ဦးနှောက်ယိုစီးမှုပမာဏများနေခြင်းမှာ ပညာအရည်အချင်းနှင့် ရရှိသောလစာ၊ အခွင့်အရေး အဟကွာနေခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်တစ်ဦးက ဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည်လည်း အခြားသောနိုင်ငံများ




နည်းတူ အလုပ်အကိုင် ရှာဖွေရခက်ခဲသည့် ပြဿနာကြုံတွေ့ရနေသည်မှာ အမှန်ပင်ဖြစ်သည်။

နိုင်ငံသားတို့၏ အလုပ်လက်မဲ့ပြဿနာကို အချို့သောနိုင်ငံများတွင် ဆိုခဲ့ပါအတိုင်း စီမံကိန်းများ၊ မူဝါဒများနှင့် သက်ဆိုင်ရာနိုင်ငံအစိုးရက ဝင်ရောက်ကူညီဖြေရှင်းပေးသည်လည်း ရှိပေသည်။

အလုပ်အကိုင်ရှာဖွေရာတွင် အဓိက အရေးကြီးဆုံးအချက်နှစ်ခုမှာ မိမိကိုယ်ပိုင်အရည်အချင်းပြည့်စုံမှုနှင့် အဆက်အသွယ်အပေါင်းအသင်းကောင်းမွန်မှုတို့ပင် ဖြစ်သည်။ ကိုယ်ပိုင်အရည်အချင်းပြည့်စုံသော်လည်း အဆက်အသွယ်နည်းပါးသောကြောင့် အလုပ်ရရှိရေးအခက်အခဲရှိနေသူများလည်းရှိနေရာ အထက်ပါအချက်နှစ်ချက်ဖြင့် ပြည့်စုံပါက အလုပ်ထံသို့ မိမိက သွားရောက်ရန်ပင်မလိုဘဲ အလုပ်အကိုင်က မိမိထံသို့ တံခါးခေါက်ဝင်ရောက်လာပေလိမ့်မည်။

**ဆွေငြိမ်းအေး**



www.foreverspace.com.mm

**အချိန်ကား နံနက် ၉ နာရီခန့်ရှိပြီဖြစ်သည်။ ပူအိုက်သောနံနက်ခင်းချိန် ကမ်းခြေကွန်ကရစ်လမ်းမကြီးဘေးရှိ တစ်ခုသောဟိုတယ်ငယ်လေးအတွင်းရှိ ဧည့်ကြိုကောင်တာနှင့် မလှမ်းမကမ်း သစ်ပင်ရိပ်အောက်တွင် လူအချို့သည် အခန်းရရန် လဲလျောင်း၍ စောင့်ဆိုင်းနေကြသည်။**

သူတို့သည် ၁၄၅ မိုင်ခန့်ကွာဝေးသော ရန်ကုန်မှ ခရီးနှင်လာကြသူများဖြစ်ပြီး ၎င်းတို့ဟိုတယ်ခန်းတွင် နေထိုင်နိုင်ရန် လက်ရှိဧည့်သည်များ၏ထွက်ခွာချိန် နေ့လယ် ၁၂ နာရီကို စောင့်ဆိုင်းနေကြခြင်းလည်းဖြစ်သည်။ မလှမ်းမကမ်းတွင် ဖုန်မှုန့်များ ပေကျံနေသော ၎င်းတို့၏ကားများကို ရပ်နားထားကြသည်။ ထို့နေ့ကား မတ်လ ၂၇ ရက်နေ့၊ ဟိုတယ် ၁၅ လုံး၊ အခန်းပေါင်း ၆၀၀ ကျော်ရှိသော ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း ၁၀ နှစ်မြောက် အခမ်းအနားကို ကျင်းပနေသည့်အခါသမယလည်းဖြစ်သည်။

ကိုးမိုင်ခန့်ရှည်လျားသော ကမ်းခြေတစ်လျှောက် နေ့လယ်ခင်းအချိန်များ၌ပင် ရေချိုးသူများနှင့် စည်ကားနေပြီး ညနေခင်းအချိန် အချို့ဆိုလျှင် ဟိုတယ်အနီး ဘောကွင်းငှား၍မရအောင်ပင် ရေချိုးသူများပြားနေကြသည်။

"ဒီနှစ်ကတော့ ဆယ်နှစ်အတွင်းမှာ ဧည့်သည်အလာဆုံးပါပဲ" ဟု ငွေဆောင်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက ပြောကြားသည်။ သူသည် ငွေဆောင်ကမ်းခြေ Central Hotel ၌ အထွေထွေမန်နေဂျာအဖြစ် တာဝန်ယူလာသည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်သည်။ ငွေဆောင်ကမ်းခြေတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် ယုဇနဟိုတယ်သည် ကွန်ကရစ်လမ်းမကြီးဘေး၌ ဆေးရောင်များ အနည်းငယ်မှိန်ဖျော့လျက်ရှိသော်လည်း ယခုရက်ပိုင်း

# ငွေဆောင် ၁၀ နှစ်ကြာပြီးနောက်

**တင်အောင်ကျော်**



www.foreverspace.com.mm



တွင် ဧည့်သည်များဖြင့် ပြည့်နှက်လျက်ရှိသည်။

ယုဇနဟိုတယ်ရှေ့ စားသောက်ဆိုင်အချို့မှာ လာရောက်စားသောက်သူများဖြင့် ထမင်းစားချိန်များတွင် ပြည့်နှက်နေတတ်သည်။

"ဒီရက်ပိုင်း တစ်ရက်ကို ငါးသိန်းဖိုးလောက်ရောင်းရတယ်" ဟု ကမ္ဘာကျော် Lonely Planet Guide Book က ထောက်ခံသည်ဆိုသော ကိုကျော်စားသောက်ဆိုင်က ပြောကြားသည်။

ငွေဆောင်သို့ ယခုကဲ့သို့ လာရောက်လည်ပတ်သူများ သိသိသာသာ များပြားလာမှုသည် ဖေဖော်ဝါရီလမှ စတင်လာခြင်းဖြစ်ပြီး ဟိုတယ်အခန်း အတော်များများသည် ဖေဖော်ဝါရီလမှစတင်၍ ဧည့်သည်များ ပြည့်နေခဲ့သည်။

"သင်္ကြန်အတွက်ကတော့ အခုရက်ပိုင်း အခန်းရနိုင်သေးတယ်။ ဒါပေမဲ့ နောက်ရက် သိပ်မသေချာဘူး" ဟု ကမ်းခြေတွင် ဟိုတယ်အခန်းအများဆုံးဖွင့်လှစ်ထားသည့် Sunny Paradise ဟိုတယ် ဈေးကွက်ဌာနတာဝန်ရှိသူက ပြောကြားသည်။ သင်္ကြန်တွင်း ဟိုတယ်နှုန်းထားများသည် ပုံမှန်ရက်ထက် ၂၅ ရာခိုင်နှုန်း ပိုလေ့ရှိသည်။


ပြည်တွင်းခရီးသည်အများစုတည်းခိုကြသော ဟိုတယ်ငယ်များသည် ပင်ပင်လယ်ကမ်းခြေမြင်ကွင်း မြင်တွေ့နိုင်သည့် Sea View ကို ဘန်ဂလိုနှစ်ယောက်ခန်းကို တစ်ရက်လျှင် ခြောက်သောင်းနှုန်းခန့်တောင်းခံကြပြီး ဟိုတယ်ကြီးများသည် ဒေါ်လာ ၁၅၀ (ကျပ် တစ်သိန်းခွဲမှ နှစ်သိန်း) ခန့်အထိ ဈေးရှိကြသည်။

ဟိုတယ်များ အခန်းခနှုန်းထား မလျှော့နိုင်သည့် အဓိကအကြောင်းရင်းမှာ လျှပ်စစ်မီးအခက်အခဲကြောင့် ဖြစ်သည်။

ငွေဆောင်ဇုန်ဟိုတယ်လုပ်ငန်းရှိ ငွေဆောင်ဟိုတယ်များသည် ၁၀ နှစ်ကြာသည်အထိ လျှပ်စစ်မီးရရန် အခက်အခဲရှိနေဆဲဖြစ်သည်ဟု ဦးတင်ဝင်းက ဆိုသည်။

"ဒီဇယ်နဲ့ပဲ မောင်းနေရတာပဲ။ ဟိုတယ်တစ်လုံး တစ်ညတစ်ပီပါဆိုရင် အခု ၁၅ လုံးက ဂါလန် ၇၅၀ လောက်ကုန်တယ်။ ဒီစရိတ်ကြောင့် အခန်းခတွေက မလျှော့နိုင်သေးဘူး" ဟုလည်း ဆိုသည်။

ဟိုတယ်များတည်ရှိရာနှင့် လေးမိုင်ခွဲခန့်ကွာဝေးသော ဘူးကွဲရွာအနီးရှိ လေအားလျှပ်စစ်မှာ အောင်မြင်စွာ ထုတ်ယူနိုင်သော်လည်း ကြိုးမသွယ်တန်းနိုင်၍ ဂျာမနီ




www.foreverspace.com.mm



နိုင်ငံက လာရောက်လှူဒါန်းပြီး ခုနစ်နှစ်ခန့်ကြာသည်အထိ လျှပ်စစ်မရရှိသေးဘဲရှိသည်။

ယမန်နှစ်ကလည်း ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်များသည် သာပေါင်းမြို့နယ်မှ လျှပ်စစ်မီးသွယ်တန်းရန် ကြိုးပမ်းခဲ့ကြသေးသည်။ သို့သော် ဟိုတယ်များအနေဖြင့် ကျပ်သိန်း ၇၀၀ ထက်မနည်း ကုန်ကျရန်ရှိသည့်အတွက် အကောင်အထည်ဖော်ရန် တုံ့ဆိုင်းသွားခဲ့သည်။

“ပုသိမ်–ငွေဆောင် မိုင် ၃၀ ကျော်ကွန်ကရစ်လမ်းကို ဒီဟိုတယ်တွေ ခင်းထားကြတာပါ။ Asia World ကို ဟိုတယ်တွေက ပိုက်ဆံပေးဖို့တောင် ကျန်နေသေးတယ်” ဟု ငွေဆောင်ဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ငွေဆောင်မှလုပ်ငန်းရှင်များသည် ယခုနှစ်အတွင်း ကမ်းခြေမှ တစ်နာရီခန့် သင်္ဘောဖြင့်သွားရသော ငှက်ကျွန်းတွင် ဒီရေမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်း



လျက်ရှိကြသည်။

လက်ရှိဟိုတယ် ၁၅ လုံးဖြင့် လည်ပတ်နေသော ငွေဆောင်သည် ဒုတိယအဆင့် ဟိုတယ်များ ထပ်မံဖော်ထုတ်ရန်ရှိနေပြီး ၂၀၀၇ ခုနှစ်တွင် အပြီးသတ်မည်ဟုဆိုခဲ့သည့် ငွေဆောင်လေယာဉ်ကွင်းမှာ နေရာနှစ်နေရာရွှေ့ပြောင်းပြီးနောက် လေးမိုင်ခွဲခန့်အကွာ ဘူးကွဲရွာအနီးတွင် တိုင်းတာမှုများ စတင်လျက်ရှိသည်။

ဆယ်နှစ်ကြာပြီးနောက်တွင် ယခင်က ငဆော်ဟုခေါ်သည့် တံငါရွာသည် ငွေဆောင်မြို့နယ်ခွဲဖြစ်လာခဲ့ပြီး ဆေးရုံ၊ ရဲစခန်း၊ စာသင်ကျောင်း၊ ဆက်သွယ်ရေးဖုန်း၊ GSM ကွန်ရက် စသည်ဖြင့် အသီးသီးပေါ်ပေါက်လာခဲ့သည်။

လွန်ခဲ့သောဆယ်နှစ်က ဖုန်တထောင်းထောင်းထသော ငွေဆောင်ကမ်းခြေလမ်းမကြီးအစား ၂၀၀၅ ခုနှစ်မှစတင်၍ ကွန်ကရစ်လမ်းမကြီးက ပြောင်းလဲနေရာယူထားခဲ့သည်။ သို့သော် ငွေဆောင်အနီး ယခင်ကစိမ်းစိုနေသော တောင်ကုန်းများသည် တောင်ကတုံးဖြစ်လျက် ကျန်ရစ်ခဲ့သည်။

ဆယ်နှစ်ကြာပြီးနောက် ငွေဆောင်တွင် အစီးရေ ၈၉ စီးရှိသော ဆိုက်ကားများသည် လေးရက်တစ်ကြိမ် အလှည့်ကျဆွဲသည့်စနစ်ကို ကျင့်သုံးရလျက်ရှိသည်။ “ဈေးချင်းတူတော့ ဆိုင်ကယ်ပဲစီးကြတယ်။ ဆိုက်ကားမစီးသလောက်ပဲ” ဟု ဆိုက်ကားဆရာတစ်ဦးက ဆိုသည်။

ဘန်ကောက်မှ တုတ်တုတ်ကဲ့သို့ သုံးဘီးနောက်တွဲဆိုင်ကယ်သုံးစီးသည် ငွေဆောင်

www.foreverspace.com.mm





၁၀ နှစ်ပြည့်သည့်နေ့တွင် ရောက်လာခဲ့သည်။ စုစုပေါင်းအစီးရေ ၁၇ စီးအထိ ထပ်မံရောက်လာရန်ရှိသည့်အတွက် ငွေဆောင်ဒေသခံများ၏ ဆိုင်ကယ်တက္ကစီများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပေလိမ့်မည်။

ယခင်က ကမ်းခြေတွင် ဆိုင်ကယ်များ တစ်ပျော်တစ်ပါးစီးနင်းခြင်းကို ခွင့်ပြုခဲ့သော်လည်း ယခုအခါ တရားဝင်စာထုတ်၍ တားမြစ်ထားခဲ့သည့်အတွက် ဒေသခံဆိုင်ကယ်တက္ကစီတို့အတွက် အချိန်များများ မကျန်ဟုဆိုရမည် ဖြစ်သည်။

ဆယ်နှစ်ကြာပြီးနောက် ပြောင်းရွှေ့နေထိုင်လာကြ၍ လူနေမှုထူထပ်လာသော၊ ဧည့်သည်လာရောက်မှုများပြားလာသော၊ ဟိုတယ်များထပ်မံတည်ဆောက်ရန်ရှိသော ငွေဆောင်သည် လာမည့်နှစ်များတွင် ရေချိုအရင်းအမြစ်အတွက် ဂါလန်တစ်သောင်းခုနစ်ထောင်ဆံ့သောတစ်ဖက်ပိတ်ဆည်သည် ထည့်သွင်းစဉ်းစားသင့်သည့် အကြောင်းရာတစ်ခုလည်း ဖြစ်သည်။

ငွေဆောင်ဆည်ကို ဟိုတယ်အများစုက ရေချိုအရင်းမြစ်အဖြစ် အသုံးပြုနေကြပြီး အချို့ဟိုတယ်များက ဆည်မှ တိုက်ရိုက်ကားဖြင့်သယ်ယူနေကြရသည်။

ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်များသည် ဟိုတယ်စီးပွားရေးကို အဓိကလုပ်ကိုင်ကြသူများမဟုတ်ကြဘဲ အခြားစီးပွားရေးလုပ်ငန်းအများအပြား လုပ်ကိုင်ကြသူများဖြစ်ကြသည်။ ၎င်းတို့အနက် အချို့သောဟိုတယ်လုပ်ငန်းကို ဟိုတယ်နှင့်တူအောင် လုပ်ကိုင်ကြသည့်အတွက် ငွေဆောင်ကြီးထွားဖွံ့ဖြိုးမှုသည် အတန်ငယ်ကိုးရိုးကားရားရှိလှသည်။ ခမ်းနားသော ဟိုတယ်ကြီးများရှိသလို မုန်တိုင်းဒဏ်ကြောင့် ပျက်စီးနေသော ဟိုတယ်တို့ကိုလည်း မြင်တွေ့ရသည်။

၂၀၀၈ ခုနှစ်က ရန်ကုန်–ပုသိမ်လမ်းဆိုးလွန်း၍ ရှစ်နာရီကျော်ကားဖြင့်လာရသော ရန်ကုန်–ငွေဆောင်ခရီးစဉ်သည် လမ်းများ သိသိသာသာကောင်းမွန်လာသော်လည်း ယခုအခါ နိုင်ငံခြားသားကမ္ဘာလှည့်တို့အတွက် ရန်ကုန်မှ ငွေဆောင်အသွားအပြန် ဆလွန်းကားဖြင့် ဒေါ်လာ ၄၀၀ ခန့်ကုန်ကျသည့်အတွက် လေယာဉ်ဖြင့်သွားလာနိုင်သည့် ပုသိမ်ကို နိုင်ငံခြားသားကမ္ဘာလှည့်များက ပိုမိုရွေးချယ်ကြသည်။ သို့သော်လည်း ပုသိမ်သို့သွားရာ သံတွဲလေယာဉ်ကွင်းသည် ယခုအခါ ပြုပြင်ဆဲအခြေအနေကြောင့် တစ်ပတ် သုံးရက်သာ ဖွင့်လှစ်နိုင်ခြင်း၊ ချောင်းသာကမ်းခြေသို့ သွားရောက်သည့်ကားလမ်းမှာလည်း တံတားကျိုးနေခြင်းတို့ကြောင့် ယခုနှစ် ငွေဆောင်သည် ကံတရားက မျက်နှာသာပေးသောနှစ်ဟု ဆိုရမည်။

“ဒီနှစ် နိုင်ငံခြားသားကမ္ဘာလှည့် ပိုများတယ်” ဟု ယမုံနာဦးဟိုတယ်ဝန်ထမ်းတစ်ဦးက ဆိုသည်။ ငွေဆောင်ကို နိုင်ငံခြားသားများ ယခုထက်ပိုမို၍ ကြာကြာနေထိုင်နိုင်ရန် ဟိုတယ်လုပ်ငန်းရှင်များက စဉ်းစားလျက်ရှိကြသည်။ ချစ်သူများကျွန်းသို့ ကေ



www.foreverspace.com.mm




ဘယ် ရထားပြေးဆွဲရန်နှင့် ညဈေးဖွင့်လှစ်ရန်၊ အခြားအပန်းဖြေနေရာများ ပိုမိုဖန်တီးရန်အပြင် လေယာဉ်ကွင်းတည်ဆောက်ရန် စသည်ဖြင့် စဉ်းစားလျက်ရှိကြသည်။ သို့သော်လည်း နေ့စဉ်လာရောက်လည်ပတ်နေသောခရီးသည်တို့ကြောင့် ငွေဆောင်၏ ပတ်ဝန်းကျင်တို့ ယိုယွင်းခဲ့ရသည်။

ညပိုင်းတွင် ငွေဆောင်မြို့နှင့် ဟိုတယ်များသုံးရန် ဒေသခံများက ထင်းများကို ဆိုင်ကယ်ဖြင့်သယ်ယူကြသည်။ အလားတူ ၂၀၀၈ ခုနှစ်ဝန်းကျင်က ကြက်ဆူစီမံကိန်းနှင့် ရော်ဘာစီမံကိန်းကြောင့် ငွေဆောင်၏ စိမ်းလန်းလှပသော ရခိုင်ရိုးမတောင်ကုန်းများသည် တောင်ကတုံးများဖြစ်လာနေပြီး ကမ်းခြေအလှအပသည် ဆယ်နှစ်အကြာတွင် သဘာဝပတ်ဝန်းကျင် သိသာစွာယိုယွင်းလာခဲ့သည်။

ကမ်းခြေအနီး ပုစွန်ကန်များတည်ရှိခြင်းသည်လည်း ငွေဆောင်၏ ပင်လယ်ရေနှင့် ကမ်းခြေသဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့်အခြေအနေတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည့် အချက်တစ်ချက်ဖြစ်သည်။ ၁၀ နှစ်ကြာပြီးနောက် ဟိုတယ် ၁၅ လုံးဖြင့်လည်ပတ်နေသော ငွေဆောင်သည် ဟိုတယ်များမှ နေ့စဉ်စွန့်ပစ်သည့် ဂါလန်ပေါင်းများစွာသော ရေဆိုးများကို ယနေ့အထိ ဟိုတယ်များအားလုံး စနစ်တကျစွန့်ပစ်နိုင်ခြင်းမရှိသေးဘဲရှိသည်။

ငွေဆောင်ဟိုတယ်များသည် ရေဆိုးများကို ကမ်းခြေနှင့်စပ်ဆက်နေသော ချောင်းများမှတစ်ဆင့် စွန့်ပစ်ကြသည့်အတွက် ချောင်းသာနှင့်ကွဲပြား၍ ထူးခြားစွာလှပသည်ဆိုသည့် ငွေဆောင်ပင်လယ်ရေပြာအလှသည် အနေးနှင့်အမြန် ညစ်ညမ်းလာနိုင်ပါသည်။

ငွေဆောင်ကဲ့သို့ ပင်လယ်ကမ်းခြေ



www.foreverspace.com.mm





ကိုအခြေခံသော ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်၍ The International Eco-tourism Society က သဘာဝအခြေခံ သောဒေသများသို့သွားရောက်ခြင်းသည် ယင်းဒေသတွင်နေထိုင်သော ပြည်သူများ၏ လူနေမှုဘဝများနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို တာဝန်ယူရာ ရောက်သည်ဟုလည်း ဖွင့်ဆိုသည်။

ထိုအဆိုနှင့်ပတ်သက်၍ ငွေဆောင်ရှိ လက်တွေ့ဖြစ်ရပ်များနှင့်ချိန်ဆပါက မည်မျှကွဲလွဲမှုရှိသည်ဆိုသည်ကို ချိန်ဆသိမြင်နိုင်ပါသည်။ လူနည်းစုဖြစ်သော ဟိုတယ်လုပ်ငန်းရှင်များသာ ငွေများရရှိ၍ ကမ်းခြေ၏အလှအပများကို မထိန်းသိမ်းဘဲထားခြင်းသည် Ecotourism သဘာဝကို အခြေခံသော ပူးပေါင်းပါဝင်မှုဟုတ်၊ မဟုတ်ဆိုသည်မှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်။

ငဆော်ဟုခေါ်သော သာမန်ရွာကလေးသည် ၂၀၀၀ ပြည့်နှစ်မှ စတင်သုံးသပ်သော် ဆေးရုံ၊ ကျောင်း၊ လမ်း၊ ဖုန်းများ အပြင် စားသောက်ဆိုင်များဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်ရရှိနေပြီဖြစ်သော်လည်း ဒေသခံတို့၏ လူနေမှုဘဝများ မြင့်တင်နိုင်သည်ကိုမူ သိသာစွာမတွေ့ရသေးပေ။ ၂၀၀၈ ခုနှစ်တွင် ငွေဆောင်ရှိ စားသောက်ဆိုင်အချို့ ပိတ်သိမ်းခဲ့ကြပြီး လူအချို့ ငွေဆောင်မှ စွန့်ခွာခဲ့ကြသည်။

လွန်ခဲ့သော ၂၀၀၆ ခုနှစ် နေပြည်တော်တွင်ကျင်းပပြုလုပ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က “ပင်လယ်ကမ်းခြေခရီးသွားလုပ်ငန်းက မြန်မာနိုင်ငံရဲ့ အလားအလာအကောင်းဆုံး လုပ်ငန်းပါ” ဟု ပြောကြားခဲ့သည်။

ဆယ်နှစ်ကြာပြီးနောက် ငွေဆောင်သို့ ပြည်တွင်းခရီးသွားများသိသိသာသာ လာရောက်လည်ပတ်ကြသည်။ အလားတူ အချို့ကမ္ဘာလှည့်များသည် ၁၀ နှစ်အတွင်း သုံးခေါက်အထိ လာရောက်ခဲ့ပြီးပြီဟုဆိုသည်။

၁၀ နှစ်ကြာပြီးနောက် ငွေဆောင်မည်မျှဖွံ့ဖြိုးလာပြီဆိုသည်ထက် ပတ်ဝန်းကျင်ကို မည်မျှထိန်းသိမ်းထားနိုင်သည်ဆိုသည်က ပိုမိုအရေးပါသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသီများက ရှုမြင်ကြသည်။ သို့ရာတွင် ဖွံ့ဖြိုးမှုများ၏နောက်ကွယ်တွင် ပတ်ဝန်းကျင်ဆိုင်ရာများ ယိုယွင်းရခြင်းက သာဓကဖြစ်သည်။ “ချောင်းသာရေက ညစ်ပတ်ကုန်ပြီ။ ကမ်းခြေကလည်း မလှတော့ဘူး။ သဲတွေက ညိုညစ်ညစ်ဖြစ်တာကြောင့် ငွေဆောင်ပဲလာတာ” ဟု ယမုံနာဦးဟိုတယ်တွင်နေထိုင်သည့် ပြည်တွင်းခရီးသွားတစ်ဦးက ပြောကြားသည်။ သို့နှင့် ငွေဆောင်သည် ၁၀ နှစ်တိုင်ခဲ့လေပြီ။

**တင်အောင်ကျော်**

■

www.foreverspace.com.mm

**ကြည်ဖြူသည် မြန်မာပြည်အလယ်ပိုင်း နယ်မြို့လေးတစ်မြို့ဆီမှ ရန်ကုန်မြို့တော်သို့ သူမဝါသနာပါရာ သတင်းထောက် (Journalist) အလုပ်ကို လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ဖြင့် ရောက်ရှိလာခဲ့သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကြည်ဖြူလို နယ်မြို့အသီးသီးမှ လူငယ်လူရွယ်လူလတ်ပိုင်းအများစု ငှားရမ်းနေထိုင်လေ့ရှိသည့် ကမာရွတ်မြို့နယ် လှည်းတန်းရှိ ပုဂ္ဂလိကဘော်ဒါဆောင်များထဲမှ အဆောင်တစ်ခုဆီသို့ တက္ကစီတစ်စီးဖြင့်ရောက်ရှိလာချိန်တွင် မနက် ၅ နာရီပင် မထိုးချင်သေးပေ။**

ကမာရွတ်မြို့နယ် နယ်မြေ (၇)၊ မင်္ဂလာလမ်းရှိ 'ပွင့်သစ်စ' အဆောင်ရှင်က သူမနေရမည့်အခန်းကို လိုက်ပြသည်။ နှစ်ယောက်ခန်းဖြစ်သည်ဟုလည်း အဆောင်ရှင် အမျိုးသမီးကြီးက ရှင်းပြသည်။ နှစ်ယောက်ခန်းဟုသာဆိုသည်၊ အခန်းက ၁၀ ပေပတ်လည်ကျော်ရုံသာ။

ဤမျှကျဉ်းမြောင်းသော အခန်းငယ်တစ်ခုကို အခြားအခန်းဖော်တစ်ယောက်နှင့် အတူခွဲဝေ၍ နေထိုင်ရမည်ကို ကြိုတင်စဉ်းစားထားခြင်းမရှိသည့်အတွက် ကြည်ဖြူတစ်ယောက် စစချင်း ဆောက်နှင့်ထွင်းဆိုသလိုပင် စိတ်ဓာတ်ကျဆင်းသွားရသည်။

နယ်မှ အမေ့အိမ်က ကြည်ဖြူ့ကိုယ်ပိုင်အခန်း၏ သုံးပုံတစ်ပုံခန့်သာရှိသည်မို့ နှာခေါင်းရှုံ့လိုက်မိသည်။ ထို့နေ့မှစတင်၍ ကြည်ဖြူ၏ လှည်းတန်းရောက်အဆောင်သူဘဝ အသက်ဝင်လာခဲ့သည်။

## အဆောင်တွေအများဆုံးရှိတဲ့နေရာတွေ

ပုဂ္ဂလိကဘော်ဒါဆောင်အများစုတည်ရှိရာ ကမာရွတ်မြို့နယ် လှည်းတန်းတွင် ဦးထွန်းလင်းခြံလမ်း၊ မင်္ဂလာလမ်း၊ ဇေယျာသီရိလမ်းနှင့် လှည်းတန်း (၁) လမ်းမှ (၅) လမ်း အထိတို့တွင် ပုဂ္ဂလိကဘော်ဒါဆောင် အမြောက်အမြားတည်ရှိသည်။ ဘော်ဒါဆောင်အများစုမှာ ကန်ထရိုက်တိုက်ခန်းများဖြစ်ပြီး အထပ်မြင့်လေ ဈေးနှုန်းချိုသာ

# လှည်းတန်းမှာ . . . စုဆုံသည်

**အေးကျော့ခိုင်**



www.foreverspace.com.mm

ပေဖြစ်သည်ဟု လှည်းတန်း (၂) လမ်းရှိ 'အန်ကယ်ကြီး' အမျိုးသားဆောင်တွင် ငှားရမ်းနေထိုင်ပြီး ဦးစောနဂစ်တာနှင့် အဆိုသင်တန်းတက်နေသူ ကိုပြည့်ဖြိုးက ပြောကြားသည်။ ယခုသူနေထိုင်သော အခန်းမှာ မြေညီထပ်တွင်တည်ရှိပြီး နှစ်ယောက်တွဲအခန်းကို တစ်ယောက်တည်း ငှားရမ်းနေထိုင်ခြင်းဖြစ်ပြီး ကျပ် သုံးသောင်းနှစ်ထောင် ပေးရသည်ဟုဆိုသည်။ "မြေညီထပ်ကနေ သုံးလွှာအထိ ငှားရမ်းခဈေးနှုန်းတွေက ကျပ်နှစ်ထောင်နဲ့ သုံးထောင်ကြားပဲကွာတာ။ လေးလွှာကနေ အထက်ဆိုရင်တော့ ငါးထောင်ကျော်လောက် သက်သာသွားပြီ" ဟု အဆောင်နေသက်တမ်း အတော်ကြာနေသည့် ကိုပြည့်ဖြိုးက ရှင်းပြသည်။ အဆောင်ငှားလျှင် အရေးတကြီးစဉ်းစားရန်လိုသည့်အချက်မှာ အဆောင်၏နောက်ခံသမိုင်းကြောင်းဟူ၍လည်း ၎င်းက ပြောသေးသည်။

အဆောင်အချို့မှာ အဆောင်တွင်နေထိုင်သည့် သူများအားလုံးအတွက် တရားဝင် ဧည့်စာရင်းတိုင်ပေးခြင်းမရှိ။ ရှိနေသည့် စာရင်းထက်လျော့နည်းသည့် အနေအထားဖြင့်သာ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ဧည့်စာရင်းလိမ်လည်ပြသခြင်းများ ပြုလုပ်ကြသောကြောင့် ပြဿနာတက်ကြရသည်။ ညဘက်ရုတ်တရက်ရှောင်တခင် ဧည့်စာရင်းစစ်သောအခါ ဧည့်စာရင်းတိုင်ထားသည့်စာရင်းတွင် မပါဝင်ခဲ့သည့်အတွက် ရဲစခန်း၌ တစ်ညတာအိပ်စက်ခဲ့ရသည့်အဖြစ်ကို ကိုပြည့်ဖြိုးက ဒေါသအနည်းငယ်ထွက်နေသော်လည်း ပြုံးရွှင်သည့်မျက်နှာဖြင့် ပြန်ပြောင်းပြောပြသည်။ ထို့ကြောင့်မရိုးသားသော ထိုအဆောင်မှ ပြောင်းရွှေ့ပြီးယခု လက်ရှိနေထိုင်နေသည့် အဆောင်ကို ရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

စင်စစ် အမျိုးသားဆောင်များရော၊ အမျိုးသမီးဆောင်များပါသန့်ရှင်းသပ်ရပ်မှု၊ ပေးသင့်ပေးထိုက်သော ဝန်ဆောင်မှု၊ အဆောင်တွင်နေထိုင်သူများအားလုံးအတွက်




တာဝန်ယူမှုများရှိသင့်သည်ဟု လှည်းတန်း Hope Study Group မှ လူငယ်တစ်ဦးက ထင်မြင်ယူဆပြောဆိုသည်။ အဆောင်အချို့မှာ ငှားရမ်းခ ကျပ်နှစ်သောင်းကျော်ပေးရပြီး မကြာခဏရေပြတ်လပ်မှု၊ လျှပ်စစ်မီးသုံးစွဲခြင်းအတွက် ပြစ်တင်ပြောဆိုမှု၊ ကန့်သတ်မှုများပြုလုပ်သည်ဟုလည်း ကြားရပြန်သည်။ အချို့အမျိုးသမီးအဆောင်များတွင် ထမင်း၊ ဟင်းနှစ်မျိုးစလုံးချက်ခွင့်မရ။ ထမင်းဆိုလျှင် ထမင်းသာ ချက်ရသည်။ လျှပ်စစ်မီးနှင့်ဟင်းချက်လိုပါက မီးခဟု အဆောင်ရှင်က သတ်မှတ်ထားသော အပိုဆောင်းငွေကြေးကို ကျပ်သုံးထောင်အနိမ့်ဆုံးအဖြစ် ပေးရသည်။ တန်ရာတန်ကြေး အဆောင်ခကိုပေးသွင်းထားပြီးဖြစ်သည့်အတွက် အခြေခံဝန်ဆောင်မှုများပေးသင့်ပါသည်ဟု အဆောင်သူများကဖွင့်ဟသည်။ တစ်နေကုန်ကုမ္ပဏီတွင် အလုပ်လုပ်ပြီး ညအချိန်မှသာ အဆောင်တွင်အနားယူအိပ်စက်တတ်သည့် အဆောင်သူတစ်ဦးက သူမ၏ အဆောင်သည် ညဘက်တွင်ရေတင်လေ့ရှိပြီး အဆောင်ရှင်က ရေစက်ပိတ်ရန်မေ့လျော့သွားပါက ရေပြည့်လျှံမှုဖြစ်သောကြောင့် အခန်းများထဲသို့ ရေဝင်မှုများကြုံတွေ့ရပြီး



www.foreverspace.com.mm

အိပ်ပျက်ရသည်ဟု ဆိုသည်။ ထို့ကြောင့် ရေတင်ထားပါက မအိပ်နိုင်သေးဘဲ ရေစက်ပိတ်ပေးရန်အတွက် စောင့်ဆိုင်းပေးရခြင်းများရှိသည့်အတွက် အခြားသင့်တော်သည့် အဆောင်တစ်ခုသို့ပြောင်းရန် စီစဉ်နေသည်ဟု ဖွင့်ဟသည်။

လှည်းတန်းပြည်မြန်မာကုန်တိုက်ရှိ စတိုးဆိုင်တစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အမျိုးသမီးတစ်ဦးက သူမငှားရမ်းနေထိုင်သော အဆောင်မှာအတော်ကောင်းမွန်သည့် အဆောင်တစ်ခုဖြစ်ကြောင်း၊ ဒုတိယအထပ်တွင်တည်ရှိပြီး နှစ်ယောက်ခန်းတွင် အခြားအခန်းဖော်တစ်ယောက်နှင့်နေရကြောင်း၊ ထမင်းချက်ပြုတ်စားသောက်၍ရပြီး Gas မီးဖိုသုံးခွင့်ပြုထားကြောင်း၊ လုံခြုံမှု အပြည့်အဝရှိခြင်းကြောင့် ပစ္စည်းအပျောက်အရှလည်းမကြုံဖူးသေးကြောင်း ပြောဆိုသည်။

အဆောင်တွင်မတူညီသောပတ်ဝန်းကျင်မှလာသူများ နေထိုင်ကြသည့်အတွက် အချို့နေရာများတွင် အဆောင်သူ၊ အဆောင်သားအချင်းချင်းထိန်းသိမ်းသည်းခံကြရကြောင်းလည်းသိရသည်။ အချို့သော အဆောင်နေပုဂ္ဂိုလ်များမှာ မိမိတို့နေအိမ်တွင် ပြုလုပ်ခဲ့သော အပြုအမူများအတိုင်းကျင့်ကြံနေထိုင်ဆောင်ရွက်ကြသည်။ Woofer ဖြင့် သီချင်းသံ အကျယ်ကြီးဖွင့်နားထောင်ခြင်း၊ ကျယ်လောင်စွာစကားပြောဆိုခြင်း၊ ရေချိုးခန်းကို စိမ်ပြေနပြေသုံးစွဲခြင်းတို့ ပြုလုပ်တတ်ကြသောကြောင့် အဆောင်သူ၊ အဆောင်သားများကြားတွင် ကတောက်ကဆဖြစ်မှုများလည်း ရှိကြသည်။

ကောက်ယူထားသော စစ်တမ်းများအရ ကမာရွတ်မြို့နယ် လှည်းတန်း ဇေယျာသီရိလမ်းတစ်ခုတည်းပင်လျှင် ပုဂ္ဂလိက ဘော်ဒါဆောင်ငှားရမ်းဖွင့်လှစ်ထားသည့် အိမ်နှင့် အိမ်ခန်းအရေအတွက်မှာ ၃၆ ခုခန့် ရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးထံမှ စုံစမ်းသိရှိရသည်။

## ဘော်ဒါဆောင်ပိုင်ရှင်များ၏ အသံ

လှည်းတန်းဘော်ဒါဆောင် စီးပွားရေးလုပ်ငန်းကို ဆယ်နှစ်ကျော်ကြာလုပ်ကိုင်နေသည့် 'အနာဂတ်ကြယ်' အမျိုးသမီးအဆောင်မှ အငြိမ်းစားအထက်တန်းပြဆရာမ ဒေါ်သီတာ (နာမည်လွှဲပြောင်းထား) က "အဆောင်မှာလာနေထိုင်တဲ့ ကလေးတွေအားလုံးရဲ့လုံခြုံမှုကို အဓိကတာဝန်ယူထားပါတယ်။ စည်းကမ်းချက်တွေထုတ်ထားတယ်။ ည ၁၀ နာရီဆို အဆောင်ပိတ်တယ်။ အဆောင်မှာ အကျင့်စာရိတ္တနဲ့ပတ်သက်တဲ့ ကိစ္စမျိုးရှိတဲ့သူတွေကိုတော့ အဆောင်ပြောင်းခိုင်းတယ်" ဟု ပြောဆိုသည်။ အဆောင်ရှင်တစ်ဦးသည် အဆောင်တွင် လာရောက်ငှားရမ်းနေထိုင်သူများကို တာဝန်ယူမှုနှင့်အတူ လိုအပ်သည့် ဝန်ဆောင်မှုများပေးရန်မှာ အဓိကကျသည်ကို သဘောတူကြောင်း



www.foreverspace.com.mm



လည်း ၎င်းက ပြောကြားသည်။ စီးပွားရေးတစ်ခုလို လုပ်ကိုင်ခြင်းဖြစ်သည့်အတွက် အဆောင်တွင် နေထိုင်သူများသည် ၎င်း၏ Customer များဖြစ်ပြီး စိတ်ကျေနပ်မှုရှိစေရန် ဝန်ဆောင်မှု အပြည့်ပေးထားကြောင်း၊ သို့ရာတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ စာရိတ္တပျက်ယွင်းခြင်းနှင့် အဆောင်က အရေးတကြီး ချမှတ်ထားသော စည်းကမ်းများ မလိုက်နာခြင်းတို့အတွက် မည်သူ့ကိုမျှ အဆောင်တွင် ထားရှိမည်မဟုတ်ကြောင်းလည်း ၎င်းက ဆိုသည်။

လှည်းတန်း ဖေယျာသီရိလမ်းမှ အမျိုးသားအဆောင်ရှင်ဦးလှအောင်က “ကျွန်တော့် အဆောင်က ယောကျ်ားလေးအဆောင်ဆိုတော့ အတော်သတိထားရတယ်။ အထူးသဖြင့် စာရိတ္တအပိုင်းပေါ့။ အဆောင်မှာ အဲဒါနဲ့ပတ်သက်လို့တော့ အတော်လေးတင်းတင်းကျပ်ကျပ်လုပ်ထားတယ်။ ကျနော့် ဂစ်တာထွက်တီးပြီး အဆောင်ကို ညဥ့်နက် သန်းခေါင်တစ်ချက်၊ နှစ်ချက်တီးမှ ပြန်လာတာမျိုးကိုတော့ များသောအားဖြင့် မသိချင်ယောင်ဆောင်နေလိုက်တယ်။ ပြောမနေဘူး” ဟု အဆောင်၏အခြေအနေကို ရယ်မော၍ ပြောဆိုသည်။

အချို့သော ဘော်ဒါဆောင်ပိုင်ရှင်များမှာ မိမိတို့အဆောင်မှ အဆောင်သူ၊ အဆောင်သားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေဖြစ်ခဲ့ပါက စိတ်ရောကိုယ်ပါ ကူညီမှုများလည်း ပြုလုပ်ပေးပါကြောင်း လှည်းတန်းဈေးနှင့် မျက်နှာချင်းဆိုင်ရှိ ABC အထူးကုဆေးခန်းမှ အချိန်ပိုင်းဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာဇော်ဇော်အောင်က Living Color သို့ ပြောပြသည်။ “ကျွန်တော်ဆေးခန်းမှာ ည ၁၀ နာရီ ဂျူတီအတွက် ထိုင်ရတဲ့ ညနစ်ညစလုံး အဆောင်နေလူငယ်တွေရဲ့ Emergency Case တွေလာတယ်။ အဆောင်ရှင်တွေကိုယ်တိုင် ကားငှားပြီး လာပို့ပေးတာဗျ။ တာဝန်ယူမှုအပြည့်ရှိတယ်လို့ ဆိုနိုင်တာပေါ့။ ဒီလိုအဆောင်ရှင်တွေများများရှိသင့်တယ်” ဟု ဒေါက်တာဇော်ဇော်အောင်က ဆိုသည်။




“အဆောင်တွေမှာနေတဲ့သူအများစုက နယ်က လူငယ်လေးတွေလေ။ သူတို့တွေက ရန်ကုန်မှာ ကျောင်းချစရာနေရာတစ်နေရာအတွက် အဆောင်ကိုအားကိုးတာ။ အဆောင်ရှင်တွေဘက်က ယူထားတဲ့တန်ဖိုးအတိုင်း မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရင် အဆောင်နာမည်တက်ပြီး သိက္ခာရှိတာပေါ့” ဟု လှည်းတန်းရှိ ‘လှည်းကလေးနှင့်ဒိန်ချဉ်သည်’ ဆိုင်ဖွင့်လှစ်ထားသူက အဆောင်များနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်အတွင်း လှည်းတန်းတွင် ပုဂ္ဂလိကအဆောင်များ ယခင်ကထက် ပိုမိုများပြားလာပြီး အဆောင်များ၏ ဝန်ဆောင်မှုပေးနိုင်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ ဈေး၊ ဘတ်စ်ကားမှတ်တိုင်တို့နှင့် အနီးအဝေးပေါ်မူတည်ကာ တန်ဖိုးအနိမ့်အမြင့်ကွာခြားမှုရှိနေသည်။ ငှားရမ်းခအနိမ့်ဆုံး ကျပ် ၈၀၀၀ မှ အမြင့်ဆုံး ကျပ် ၂၂,၀၀၀ အထိ အသီးသီးရှိသည်။

အဆောင်များတွင် TV ၊ DVD၊ Laptop သုံးစွဲခြင်းပြုလုပ်ပါက မီးသုံးစွဲခအဖြစ် သတ်မှတ်ထားသော အဖိုးအခကို အပိုဆောင်းပေးရလေ့ရှိပြီး အဆောင်အများစုတွင် လျှပ်စစ်မီးပူ၊ ထမင်းပေါင်းအိုး၊ MP4 နှင့် LED မီးအိမ်များ အားသွင်းအသုံးပြုနိုင်ခြင်းတို့ကို ခွင့်ပြုပေးထားသည်ဟု သိရသည်။

လှည်းတန်းရှိ လမ်းသွယ်များတွင် ရှိသော လုံးချင်းအိမ်နေရာများတွင် ကန်ထရိုက်တိုက်ခန်းတွဲများကို ဆောက်လုပ်ရေးလုပ်ငန်းများက အပြိုင်အဆိုင်ဆောက်လုပ်လျက်ရှိပြီး ဘော်ဒါဆောင်ငှားရမ်းခြင်းစီးပွားရေးဈေးကွက်သို့ ဝင်ရန်တာစူလျက်ရှိနေသည်။

လှည်းတန်းမီးပွိုင့်ဘေးတစ်ဖက်ခြမ်းရှိလမ်းကြားတွင် အဆောင်ငှားရမ်းမှုလုပ်ငန်းလုပ်ကိုင်ရန် တိုက်ခန်းများဆောက်လုပ်နေသည့်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက “Private Boarder လုပ်ငန်းက လှည်းတန်းမှာ တကယ့်စီးပွားရေးပါပဲ။ ကိုယ်လုပ်နိုင်ရင် လုပ်နိုင်သလောက် ဥပမာ– လူအယောက် ၂၀ စာကို တစ်ယောက်တစ်သောင်းနှုန်းနဲ့ပဲ တစ်လကို နှစ်သိန်းရပြီ။ ဖုန်းလေးဘာလေးတပ်ထားနိုင်ရင် အပိုဝင်ငွေ ငါးသောင်းကနေ တစ်သိန်းကြား ရနိုင်သေးတယ်” ဟု တွက်ချက်ပြသည်။ ၎င်းက ဆက်လက်ပြီး စီးပွားရေးသဖွယ် လုပ်ကိုင်ခြင်းဖြစ်သော်လည်း စေတနာထားဖို့က အရေးအကြီးဆုံးဖြစ်ကြောင်း၊ မိမိအဆောင်တွင် ငှားရမ်းနေထိုင်မည့်သူများ၏ ယုံကြည်မှု၊ နှစ်ခြိုက်မှုရရှိအောင် အဆောင်ရှင်များဖြစ်သည့် မိမိတို့

www.foreverspace.com.mm

ဘက်မှ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆောင်၏ သိက္ခာကို ရိုးသားမှုဖြင့်သာ တည်ဆောက်သင့်ပြီး အောင်မြင်မှုကို စေတနာထားနိုင်မှုအနည်းအများကသာ ဆုံးဖြတ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

"လှည်းတန်းမှာ အဆောင်တွေပိုတိုးလာတာ တက္ကသိုလ်ကျောင်းသားတွေကို တက္ကသိုလ်တွေမှာ အဆောင်ပေးမနေတော့တဲ့ အချိန်ကစမယ် ထင်ပါတယ်" ဟု လှည်းတန်းမာလာမြိုင်ရိပ်သာလမ်းတွင် နေထိုင်သူ အငြိမ်းစားအရာရှိတစ်ဦးက ပြောဆိုသည်။

## တိုက်ခန်းတွေမှာလည်း နေကြတယ်

အဆောင်အရေအတွက်များလာသကဲ့သို့ အခန်းလိုက်ငှားရမ်းသော တိုက်ခန်းဈေးကွက်လည်း လှည်းတန်းတစ်ဝိုက်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာရာ ဆယ်စုနှစ်တစ်စုအတွင်းဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းနီးပါးရရှိထားသည်ဟု ရွှေမိသားစုအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း ဒေါ်မြင့်မြင့်ရွှေက Living Color သို့ ပြောကြားသည်။ တိုက်ခန်းတစ်ခန်းအတွက် ခြောက်လစာအနည်းဆုံးစပေါ်တင်ရပြီး၊ စာချုပ်ချုပ်ဆိုငှားရမ်းခြင်းဖြစ်ကြောင်း၊ စာချုပ်သက်တမ်းမပြည့်ခင် တိုက်ခန်းငှားရမ်းသူဘက်မှ တစ်စုံတစ်ရာ အပြောင်းအလဲလုပ်ကိုင်လိုပါက တစ်လကြိုတင် အကြောင်းကြားရ ကြောင်း ၎င်းက ဆိုသည်။

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အချို့သောလူငယ်လူရွယ်များမှာ မိမိတို့ရင်းနှီးသူအချင်းချင်းစု၍ တိုက်ခန်းတစ်ခန်းကို တစ်နှစ်စာ (သို့မဟုတ်) ခြောက်လစာ စပေါ်တင်ပြီး ငှားရမ်းနေထိုင်လေ့ရှိကြောင်းလည်း ၎င်းထံမှ သိရသည်။

"အခု ဒီတိုက်ခန်းကို ခြောက်လစပေါ်နဲ့ သူငယ်ချင်းတွေ ခြောက်ယောက်စုပြီး ငှားထားတာ။ ကျသင့်တဲ့ ရေဖိုး၊ မီးဖိုးကအစ ကုန်ကျစရိတ်တွေကို အားလုံးအညီအမျှ အကုန်အကျခံတယ်။ ကိုယ်ပိုင်အိမ်သဘောမျိုးဖြစ်လို့ လွတ်လွတ်လပ်လပ်နေလို့ရတာပေါ့" ဟု တိုက်ခန်းငှားရမ်းနေထိုင်သူ မကလျာက ပြောပြသည်။ သူမတို့သူငယ်ချင်းအုပ်စုအနေဖြင့် လွတ်လွတ်လပ်လပ်နေထိုင်နေကြပြီး ထမင်း၊ ဟင်းလည်း စုပေါင်းချက်စားနိုင်၍ ငွေကုန်ကြေးကျသက်သာကြောင်း၊ အခန်းသော့ တစ်ယောက်တစ်ချောင်းစီကိုင် ဆောင်ထားပြီး သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့လည်း ဧည့်စာရင်းတိုင်သွင်းထားကြောင်း ၎င်းက ရှင်းပြသည်။ ကိုယ်ပိုင်အိမ်ကဲ့သို့ လွတ်လပ်စွာနေထိုင်နိုင်သော်လည်း ကိုယ်စီယူရသည့်တာဝန်မှာ ကြီးမားကြောင်း၊ အဆောင်တွင်နေသည်ထက် ပိုမို၍ မိမိကိုယ်တိုင် ထိန်းသိမ်းရကြောင်းလည်း ၎င်းက ဆိုသည်။

"အဆောင်မှာတော့ တစ်လပြည့်ရင် အဆောင်လခပေးလိုက်ရုံပဲ။ ကိုယ့်ဟာကို အခန်းငှားနေတော့ လကုန်ရင် ရေခွန်၊ မီးခွန်ကို သူငယ်ချင်းတွေရုံးကို သူ့အလှည့်နဲ့သူ သွားဆောင်ရတာတို့၊ ဧည့်စာရင်းတိုင်ရတာတို့၊ သာရေးနာရေးလာဖိတ်ရင်သွားရတာမျိုးတို့ လုပ်လာရတယ်" ဟု မကလျာက တိုက်ခန်းငှားနေရသည့် အတွေ့အကြုံကို ပြောပြသည်။

ရန်ကုန်မြို့တော် လှည်းတန်းရှိ ဘော်ဒါဆောင်နှင့် တိုက်ခန်းဈေးကွက်မှာ နောက်ထပ်နှစ်ပေါင်းများစွာအထိ တောင်းဆိုမှု (Demand) များနေဦးမည်ဖြစ်ကြောင်း၊ အလားတူ မြေနီကုန်း၊ စမ်းချောင်းနှင့် ပန်းဆိုးတန်းလမ်းတို့တွင်လည်း ပုဂ္ဂလိကဘော်ဒါဆောင်များ၊ တိုက်ခန်းအငှားများရှိကြောင်း၊ သို့သော်လှည်းတန်းနေရာကဲ့သို့ ဈေးကွက်အနေအထားကျယ်ပြန့်မှုမများလှကြောင်း၊ ပြည်မြန်မာကုန်တိုက်ရှိ CDC အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းမှ တာဝန်ရှိသူဦးမျိုးလင်း (နာမည်လွှဲပြောင်းထား) က သူ၏အမြင်ကို ပြောကြားသည်။

ရန်ကုန်မြို့တော်သို့ အနယ်နယ်အရပ်ရပ်မှ လူငယ်လူရွယ်လူလတ်ပိုင်းအသီးသီးလာရောက်၍ လုပ်ငန်းခွင်အရပ်ရပ်တွင် နေထိုင်လုပ်ကိုင်မှုမှာ အစဉ်မပြတ်ရှိနေရာ ဘော်ဒါဆောင်အငှားလုပ်ငန်းနှင့်တိုက်ခန်းငှားရမ်းမှုမှာလည်း ဈေးကွက်လိုအပ်ချက်အရ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ အဆိုပါလိုအပ်ချက်အတွက် ဖြည့်ဆည်းနိုင်မှု အနေအထားက လုံလောက်မှုမရှိသေးဟု ယူဆကြောင်း ထိုင်းနိုင်ငံရှိ 'ချူလာလောင်ကွန်' တက္ကသိုလ်တွင်ပညာသင်ခဲ့သူ အမျိုးသမီးတစ်ဦးက သုံးသပ်သည်။ ဘန်ကောက်တွင်အခန်းတစ်ခန်း၌ ဧနီးမောင်နှံနှစ်ဦးစာ နေထိုင်နိုင်သည်အထိ ကျယ်ဝန်းပြီး ရေချိုးခန်း အိမ်သာ တွဲလျက်ပါရှိကြောင်း၊ ငှားရမ်းခမှာ တစ်လစာဝင်ငွေနှင့်လိုက်နိုင်



www.foreverspace.com.mm

သည့် အနေအထားတွင်ရှိသောကြောင့် ချို့သာသည်ဟုဆိုနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

## အဆောင်မှာ နေဖူးသည်

အနုပညာနယ်ပယ်၊ စီးပွားရေးနယ်ပယ်နှင့်နယ်ပယ်အသီးသီးတွင် အောင်မြင်မှုများရရှိနေကြသော နာမည်ကျော် (Celebrities) အချို့သည်လည်း လှည်းတန်းအပါအဝင် ရန်ကုန်မြို့တော်အတွင်းရှိ အဆောင်၊ တိုက်ခန်းအသီးသီးတွင်ငှားရမ်းနေထိုင်ခဲ့ဖူးကြောင်း စုံစမ်းသိရှိရသည်။

"ရန်ကုန်ရောက်စက လှည်းတန်း ဦးထွန်းလင်းခြံလမ်းဘက်မှာ သူငယ်ချင်းနှစ်ယောက်နဲ့အတူ အဆောင်မှာနေတယ်။ နည်းနည်းအဆင်ပြေလာတော့ တိုက်ခန်းငှားနေတယ်။ အဲဒီတုန်းက ချို့ချို့ငဲ့ငဲ့နေခဲ့ရပေမယ့် တော်တော်ပျော်စရာကောင်းခဲ့တာ အခုထိမှတ်မိနေတယ်" ဟု အမည်မဖော်လိုသူ နာမည်ကျော် ဒီဇိုင်နာတစ်ဦးက သူ၏ အဆောင်ခံစားချက်ကို ပြောပြသည်။

တောင်ကြီး၊ မန္တလေး၊ ရွှေဘို၊ ပျဉ်းမနား၊ ပုသိမ် စသောဒေသများမှလာရောက်ပြီး ရန်ကုန်မြို့တော်တွင် အောင်မြင်သော အနုပညာရှင်များအဖြစ်ရပ်တည်နေကြသော တေးရေးကေအေတီ၊ ရွှေဂျော်ဂျော၊ မောင်မောင်ဇော်လတ်၊ အဆိုတော်လေးဖြူ၊ အငဲ၊ ဝိုင်ဝိုင်း၊ အယ်နောင်း၊ ဇော်ပိုင်၊ ပူစူး (IMP)၊ စိုင်းစိုင်းခမ်းလှိုင် အစရှိသော (Clebrities ) များသည်လည်း ရန်ကုန်ရောက်စက တိုက်ခန်းနှင့်ဘော်ဒါဆောင်အသီးသီးတွင် ငှားရမ်းနေထိုင်ခဲ့ဖူးကြောင်း ၎င်းတို့အကြောင်းရေးသားထားသော အင်တာဗျူးများမှတစ်ဆင့် လေ့လာတွေ့ရှိရသည်။

"နယ်ကလာတဲ့သူတွေအများစုက ကြိုးစားကြတယ်။ သူတို့မျှော်မှန်းထားတဲ့ ရည်မှန်းချက်တစ်ခုအတွက် ရန်ကုန်မှာရတဲ့နေရာလေးတစ်ခုမှာခြစ်ကုပ်နေပြီး ကျကျနန ကြိုးစားတယ်။ ကျွန်တော့်ဆီက CEO က နယ်ကပဲ။ သိပ်ကြိုးစားလို့ ကျွန်တော်မျက်နှာလွှဲထားရလောက်တဲ့ လူယုံတစ်ယောက်အထိ ဖြစ်လာခဲ့တယ်" ဟု မြန်မာကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) ၏ အကြီးအကဲ ဦးတင်ဝင်းအောင်က ရမည်းသင်းမြို့တွင်ပြုလုပ်သော ရတနာပုံ တယ်လီပို့တ်ရှိ MCC ကျောင်း၏နိုင်ငံတကာအဆင့်မီ ကွန်ပျူတာသင်တန်းကျောင်းမိတ်ဆက်သည့် အခမ်းအနားတစ်ခုတွင် လူငယ်များကို ပြောပြခဲ့ဖူးသည်။



## လှည်းတန်းမှာ ရှိနေဦးမည်

လှည်းတန်းတွင် လှည်းတန်းဈေးနှင့် မျက်နှာချင်းဆိုင်၌ စိန်ဂေဟာ Shopping Centre ကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ထားသည်။ စိန်ဂေဟာဖွင့်လှစ်လိုက်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းအတွက် နေရာတစ်နေရာထပ်တိုးလာခြင်းဖြစ်သည်ဟု ယင်းတွင် လုပ်ကိုင်နေပြီး လှည်းတန်း၌ အဆောင်ငှားနေထိုင်သူများက တညီတညွတ်တည်းပြောဆိုသည်။

လှည်းတန်းတွင် ကြည်ဖြူကဲ့သို့ နယ်မှလာပြီး မီဒီယာတစ်ခုတွင် သတင်းထောက်လုပ်နေသူအပြင် Melody World ဝင်ပြိုင်ပြီး အဆိုတော်လုပ်ရန် ရည်ရွယ်ထားသူ၊ Guitarist ဖြစ်ရန် ကြိုးပမ်းနေသူ၊ နာမည်ကျော်စီးပွားရေးသမားဖြစ်ရန် အိပ်မက်မက်နေသူ စသည့် စသည့်လူငယ်လူရွယ်အသီးသီးရှိနေသည်။ သူတို့အားလုံးအတွက် ယာယီဗိမာန်များမှာ ပုဂ္ဂလိကဘော်ဒါဆောင်များပင်ဖြစ်သည်။ ဘော်ဒါဆောင်အနေအထားပေါ်မူတည်ပြီး ရွေးချယ်နေထိုင်ခွင့်ကိုမူ အပြည့်အဝရရှိထားကြလေသည်။

သေချာသည်က မည်မျှကောင်းမွန်လုံခြုံကျနသော အဆောင်ဖြစ်ပါစေ ၎င်းတို့၏အမေ့အိမ်များလောက်တော့ လူငယ်အားလုံး အဆင်ပြေချောမွေ့မည်မဟုတ်။ မျှော်မှန်းထားသော ပန်းတိုင်တစ်ခုအတွက်သာ အသိ၊ သတိတရားဖြင့် သည်းခံနေထိုင်နေရသည်ဟု ကြည်ဖြူက ယုံကြည်ထားသည်။

ကြည်ဖြူတို့လို ဘဝတူလူငယ်များအဖို့ ရည်မှန်းချက်ပန်းတိုင်ကိုယ်စီကို လျှောက်လှမ်းရင်း လှည်းတန်းမှာ စုဆုံနေကြရဦးမည်သာ ဖြစ်သည်။

သူမ၏ ယုံကြည်ချက်ကို မင်္ဂလာလမ်းအဆောင်ရှေ့ခပ်လှမ်းလှမ်းမှ လူငယ်ဂစ်တာဝိုင်းမှ ပျံ့လွင့်လာသော 'ရထားဥသြသံလေးများကြားရင် အိမ်ပြန်ချင်တဲ့စိတ်ကလေးတားမရဘူး . . .' ဟူသော တေးသွားတစ်စက အခိုင်အမာထောက်ခံလိုက်လေသည်။

**အေးကျော့ခိုင်**

www.foreverspace.com.mm

**ကမ္ဘာ့ငွေကြေးအကျပ်အတည်းသည် ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှုဈေးကွက်ချိတ်ဆက်ထားသော ကမ္ဘာ့နိုင်ငံများကိုသာမက ပို့ကုန်လုပ်ငန်းဖြင့် ရပ်တည်နေသောနိုင်ငံများ၏ ထွက်ကုန်အားလုံးလိုလိုကိုလည်း ဈေးနှုန်းကျဆင်းမှုနှင့်ကြုံတွေ့စေခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)တွင် စတုတ္ထနေရာ၌ရပ်တည်နေသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၏ ရေထွက်ကုန်ပစ္စည်းများမှာလည်း ဝယ်လိုအားရောဈေးနှုန်းပါ ကျဆင်းမှုများကို ရင်ဆိုင်ခဲ့ရပြီး ယင်းသို့သော အခြေအနေသည် ၂၀၀၉ – ၂၀၁၀ ဘဏ္ဍာရေးကာလရေလုပ်ငန်းကဏ္ဍ၏ ပြည်ပပို့ကုန်ဝင်ငွေလျာထားချက်ပြည့်မီရေးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။**

## ငွေကြေးဂယက်၏ စိန်ခေါ်မှု

ကမ္ဘာ့စီးပွားရေးကျဆင်းမှု ဂယက်၏ ရိုက်ခတ်မှုကြောင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလခန့်တွင် နိုင်ငံတကာဈေးကွက်၏ မြန်မာ့ရေထွက်ကုန်ပစ္စည်းပို့ကုန်ဝယ်ယူမှု လုံးဝရပ်ဆိုင်းလုနီးပါးအခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ငါး၊ ပုစွန် ဈေးကွက်ပေါက်ဈေးမှာလည်း မူလဈေးနှုန်းများအောက် ၂၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းဝန်းကျင်ခန့်အထိ ကျဆင်းသွားခဲ့သည်။

ယင်းကဲ့သို့ ပြည်ပဈေးကွက်ကုန်ပစ္စည်းအမှာကျဆင်းမှုသည် ၂၀၀၈ ခုနှစ်တွင် ရပ်တန့်ကျန်ရစ်ခဲ့ခြင်းမရှိဘဲ ၂၀၀၉ ခုနှစ် နှစ်ကူးပြီးနောက် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတိုင်အောင် လိုက်ပါ

# စိန်ခေါ်မှုများနှင့် ရေလုပ်ငန်းဈေးကွက်

မိုးခိုင်



www.foreverspace.com.mm





လာပြီး ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ပထမလေးလပတ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လများရောက်သည့်တိုင်အောင် မူလအခြေအနေသို့ ပြန်လည်မရောက်ရှိသည်ကို တွေ့ရသည်။

ပြည်ပသို့တင်ပို့ရောင်းချနေသည့် ငါးမျိုးစုံဈေးနှုန်းများမှာ မြန်မာနိုင်ငံသို့ ကမ္ဘာ့ငွေကြေးဂယက် သိသိသာသာ ရိုက်ခတ်ချိန် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ်ခန့်တွင် မူလဈေးနှုန်းများအောက် တစ်ပိဿာလျှင် ၁၅၀ ကျပ်ခန့်အထိ ကျဆင်းသွားခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ငွေကြေးလဲလှယ်မှုနှုန်းများကျဆင်းလာသည့်အတွက် ၂၀၀၈ ဒီဇင်ဘာလအတွင်း၌ ကျဆင်းခဲ့သည့် ဈေးနှုန်းများအောက် ငါးတစ်ပိဿာလျှင် ကျပ် ၄၅၀ မှ ၅၀၀ ကျပ်ဝန်းကျင်ခန့်အထိ ထပ်မံကျဆင်းခဲ့ကြောင်း၊ ပြည်ပဈေးကွက်ဝင် ငါးမြစ်ချင်း ၉–၁၁ ဆိုဒ် တစ်ပိဿာ ကျပ် ၁၃၅၀ ကျပ်၊ ၁၃–၁၈ ဆိုဒ်မှာ ၁၅၅၀ ကျပ်နှင့် ၁၈–၂၄ (2 Up) ဆိုဒ် တစ်ပိဿာဈေးနှုန်းမှာ ၁၈၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ရှိခဲ့ကြောင်း၊ အဆိုပါရရှိသည့်ဈေးနှုန်းများမှာ ငါးတစ်ပိဿာထုတ်လုပ်မှုစရိတ်၏ သုံးပုံနှစ်ပုံခန့်သာ ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း ငါးမွေးမြူသူအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါကာလအတွင်း ငါးမွေးမြူသူအများစုမှာ ငါးဆက်လက်မွေးမြူထားပါက အစာအတွက်ကုန်ကျစရိတ် ပိုမိုမြင့်တက်လာမည်စိုးရိမ်၍ အရွယ်မရောက်သေးသည့်ငါးများကိုပင် ကန်ဖော်ရောင်းချခဲ့မှုများရှိကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်အဝယ်ရှိလာသည့် မတ်လနောက်ပိုင်းတွင် ပြည်ပအဝယ်လိုက်သည့် ငါးမြစ်ချင်း 2Up, 3 Up ဆိုဒ်ကြီးများမှာ ပြည်တွင်းဈေးကွက်၌မရှိတော့၍ အဝယ်ရှိသော်လည်း ရောင်းကုန်မရှိသည့်အဖြစ်နှင့် ကြုံခဲ့ရကြောင်း၊ သို့ရာတွင် ယင်းကာလအတွင်း ပြည်ပအဝယ်ရှိသည်ဟုဆိုသော်လည်း ငါးဈေးနှုန်းမှာ မူလဈေးနှုန်းများသို့ ပြန်လည်ရရှိခြင်းမရှိခဲ့ကြောင်း၊ ယခု လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ငါးမြစ်ချင်းကုန်တက်လျော့နည်းလျက်ရှိကြောင်း၊ ငါးမြစ်ချင်းကို ပြည်ပမှ ဝယ်ယူမှုပုံမှန်အနေအထားရှိသော်လည်း ပြည်တွင်းစားသုံးမှုမြင့်လာသည့်အတွက် ပြည်တွင်းငါးဈေးကွက်အတွင်း၌ ပြည်ပတင်ပို့သူများနှင့် ပြည်တွင်းနယ်ဈေးကွက်သို့ တစ်ဆင့်ရောင်းချသူများအကြား ငါးမြစ်ချင်းကုန်တက်ကို အပြိုင်လုပြီးဝယ်ယူနေမှုများဖြစ်ပေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ငါးမြစ်ချင်းရောင်းဝယ်မှုဈေးကွက်နှင့်ပတ်သက်၍ ပြောကြားသည်။

ငွေကြေးအကျပ်အတည်းကာလအတွင်း နိုင်ငံတကာဈေးကွက်၏ ငွေကြေးသုံးစွဲနိုင်မှုနှင့်ပို့ကုန်ဈေးနှုန်းများအကြားအခက်အခဲရင်ဆိုင်နေရသည့်ပို့ကုန်လုပ်ငန်းရှင်များကို အဆိုပါကာလအတွင်းလုပ်သာကိုင်သာရှိစေရန်အတွက်အစိုးရပိုင်းကရေထွက်ပစ္စည်းပို့ကုန်အသီးသီး၏ ဈေးနှုန်းများကို Global Crisis စတင်ရိုက်ခတ်သည့်အချိန်၌ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချ ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ ၁၀



www.foreverspace.com.mm

ရာခိုင်နှုန်းခန့်ပြန်လည်တိုးမြှင့်သတ်မှတ်ခဲ့ကာ၂၀၀၉ ခုနှစ် ဒီဇင်ဘာလခန့်တွင်မှ မူလသတ်မှတ်ချက်ဈေးနှုန်းများအတိုင်းကောက်ခံမှု ပြုခဲ့ရသည်။

## မှန်းချက်နှင့် နှမ်းထွက်

ယင်းသို့ပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်ကို ပြန်လည်တိုးမြှင့်ရခြင်းမှာ ကုန်တင်ပို့မှုအပိုင်းတွင်သိသိသာသာကျဆင်းခြင်းမရှိဘဲ ပို့ကုန်ဝင်ငွေရရှိမှုပိုင်း၌သတ်မှတ်လျာထားချက်အောက်များစွာလျော့နည်းနေသောကြောင့်ဖြစ်ကြောင်း၊ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ရေထွက်ပစ္စည်းပို့ကုန်ဝင်ငွေလျာထားချက်ကို ကန်ဒေါ်လာသန်း ၇၀၀ လျာထားဆောင်ရွက်ရာ၌ ၂၀၀၉ ခုနှစ်နိုဝင်ဘာလခန့်အထိ ပို့ကုန်ဝင်ငွေလျာထားချက်မှာ ၄၀ ရာခိုင်နှုန်းကျော်ခန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သေးသဖြင့် ပို့ကုန်ဈေးနှုန်းကို ပြန်လည်တိုးမြှင့်သတ်မှတ်ရခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပို့ကုန်ဈေးနှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်သားငါးကဏ္ဍ၏ ပြည်ပတင်ပို့မှုတန်ဖိုးကို ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကန်ဒေါ်လာသန်း ၈၅၀ လျာထားဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာနှစ်ကုန်တွင် ကန်ဒေါ်လာ ၄၉၁ ဒသမ ၅၃၅ သန်းခန့်သာ ပြည်ပတင်ပို့နိုင်ခဲ့ရာ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ပို့ကုန်လျာထားချက်ကို ထုတ်လုပ်တင်ပို့နိုင်မှုနှင့် ပြည်ပဈေးကွက်အခြေအနေနှစ်ရပ်အပေါ်တွင် ချိန်ညှိ၍ ပြည်ပပို့ကုန်လျာထားချက်ကို ကန်ဒေါ်လာသန်း ၇၀၀ ခန့်အထိ လျှော့ချသတ်မှတ်ဆောင်ရွက်သည်ကို တွေ့ရှိရသည်။

သို့ရာတွင် သားငါးကဏ္ဍအနေဖြင့် ကြိုတင်တွက်ဆထားခြင်းမရှိခဲ့သည့် ကမ္ဘာ့ငွေကြေးဂယက်၏စိန်ခေါ်မှုများနှင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်လျာထားချက်ကို ယခင် ဘဏ္ဍာနှစ်ပို့ကုန်ဝင်ငွေလျာထားချက်အောက် ကန်ဒေါ်လာသန်း ၁၅၀ ခန့် လျှော့ချသတ်မှတ်ခဲ့သော်လည်း သတ်မှတ်ပို့ကုန်ဝင်ငွေလျာထားချက်ကို ပြည့်မီရန်အခွင့်အလမ်း လွန်စွာနည်းပါးလျက်ရှိသည်။

၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်၏ သားငါးကဏ္ဍပြည်ပပို့ကုန်ဝင်ငွေလျာထားချက်ကို ကန်ဒေါ်လာသန်း ၇၀၀ လျာထားဆောင်ရွက်ရာ၌ မတ်လ ၂၁ ရက်နေ့အထိ ကန်ဒေါ်လာ ၄၇၉ ဒသမ ၂၆၁ သန်းခန့်ဝင်ငွေရရှိခဲ့ပြီး ဘဏ္ဍာနှစ်ကုန်ချိန်တွင် ပြည်ပပို့ကုန်ဝင်ငွေ အနိမ့်ဆုံးကန်ဒေါ်လာ ၄၉၆ သန်းခန့်မှ အမြင့်ဆုံး ကန်ဒေါ်လာသန်း





၅၀၀ ဝန်းကျင်ခန့်အထိ ရှာဖွေပေးနိုင်မည့်အနေအထားရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောကြားသည်။

ယခုနှစ်၏ရေလုပ်ငန်းကဏ္ဍပြည်ပပို့ကုန်လျာထားချက်မှာမှန်းချက်နှင့်နှမ်းထွက်မကိုက်သည့်အနေအထားဖြစ်ခဲ့သည်ဟုဆိုသော်လည်း ပြီးခဲ့သည့်နှစ်ပို့ကုန်ဝင်ငွေရရှိမှုနှုန်းကိုမီနိုင်သည့် အခြေအနေရှိသည့်အတွက်ကမ္ဘာ့ငွေကြေးဂယက်၏စိန်ခေါ်မှုများနှင့် နှိုင်းယှဉ်လျှင် အရှုံးထဲက အမြတ်ထုတ်နိုင်ခဲ့သည်ဟုပင် ဆိုရမည်ဖြစ်သည်။

www.foreverspace.com.mm



**နှစ်အလိုက် ရေထွက်ပစ္စည်းတင်ပို့မှု လျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုဇယား**

**(အမေရိကန်ဒေါ်လာသန်းပေါင်း)**

| စဉ် | ဘဏ္ဍာရေးကာလ | ပို့ကုန်ဝင်ငွေလျာထားချက် | ပို့ကုန်ဝင်ငွေရရှိမှု |
|---|---|---|---|
| ၁။ | ၂၀၀၅–၂၀၀၆ | ၃၈၀ | ၃၆၀ |
| ၂။ | ၂၀၀၆–၂၀၀၇ | ၄၅၀ | ၄၇၂.၇၁၄ |
| ၃။ | ၂၀၀၇–၂၀၀၈ | ၇၅၀ | ၅၆၈.၇၈၁ |
| ၄။ | ၂၀၀၈–၂၀၀၉ | ၈၅၀ | ၄၉၁.၅၃၅ |
| ၅။ | ၂၀၀၉–၂၀၁၀ | ၇၀၀ | ၄၇၉.၂၆၁(မတ်လ ၂၁ ရက်ထိ) |

**Source: ငါးလုပ်ငန်းဦးစီးဌာန (FIRC)**

**၂၀၀၉–၂၀၁၀ ခု ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းတင်ပို့မှု US$(၇၀၀) သန်းလျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ**

| စဉ် | အမည် | ၂၀၀၉–၂၀၁၀ လျာထားချက် | ၁–၄–၀၉ မှ ၂၁–၃–၁၀ ထိ | | လိုအပ်သည့်ငွေ | တင်ပို့ပြီးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | လျာထားချက် | ရရှိငွေ | | |
| ၁။ | Normal Trade | ၄၄၀.၀၀၀ | ၄၃၁.၂၀၀ | ၂၉၅.၆၄၀ | ၁၄၄.၃၆၀ | ၆၇.၁၉ |
| ၂။ | မှုဆယ် | ၁၀၀.၀၀၀ | ၉၈.၀၀၀ | ၆၁.၇၈၅ | ၃၈.၂၁၅ | ၆၁.၇၉ |
| ၃။ | မြဝတီ | ၃၂.၀၀၀ | ၃၁.၃၆၀ | ၁၄.၅၉၁ | ၁၇.၄၀၉ | ၄၅.၆၀ |
| ၄။ | ကော့သောင်း | ၂၇.၀၀၀ | ၂၆.၄၆၀ | ၂၀.၀၃၆ | ၆.၉၆၄ | ၇၄.၂၁ |
| ၅။ | သံတွဲ | ၁.၀၀၀ | ၀.၉၈၀ | ၀.၀၂၈ | ၀.၉၇၂ | ၂.၈၀ |
| ၆။ | စစ်တွေ | ၂၀.၀၀၀ | ၁၉.၆၀၀ | ၇.၃၄၂ | ၁၂.၆၅၈ | ၃၆.၇၁ |
| ၇။ | မြိတ် | ၇၂.၃၅၀ | ၇၀.၉၀၃ | ၇၄.၈၁၆ | ၂.၄၆၆ | ၁၀၃.၄၁ |
| ၈။ | မောင်တော | ၇.၅၀၀ | ၇.၃၅၀ | ၄.၉၄၅ | ၂.၅၅၅ | ၆၅.၉၃ |
| ၉။ | တမူး | ၀.၁၅၀ | ၀.၁၄၇ | ၀.၀၇၈ | ၀.၀၇၂ | ၅၂.၀၀ |
| | စုစုပေါင်း | ၇၀၀.၀၀၀ | ၆၈၆.၀၀၀ | ၄၇၉.၂၆၁ | ၂၂၀.၇၃၉ | ၆၈.၄၇ |

## ဈေးကွက်စိန်ခေါ်မှုနှင့် ပုစွန်ကဏ္ဍ

သားငါးကဏ္ဍ၏လျာထားချက်ပြည့်မီရေးအတွက်အဓိကပို့ကုန်ဝင်ငွေရှာဖွေပေးနေသည့်ကဏ္ဍများတွင် ရေချိုငါးတင်ပို့မှုကဏ္ဍပြီးလျှင် ဒုတိယပို့ကုန်ဝင်ငွေအများဆုံးရှာဖွေနိုင်သည့်ကဏ္ဍတစ်ခုဖြစ်သည့်ပုစွန်ကဏ္ဍသည်၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကန်ဒေါ်လာသန်း ၆၀ လျာထားဆောင်ရွက်ခဲ့ပြီး နောက်ပိုင်း ဘဏ္ဍာရေးနှစ်များတွင် ပြည်ပဈေးကွက်ယှဉ်ပြိုင်မှု ပြင်းထန်လာခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်မှုအကြား လုပ်ငန်းရေရှည်ရပ်တည်လာရေး အခွင့်အလမ်းနည်းပါးလာခဲ့သည်။ ပုစွန်ကဏ္ဍသည် ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်မှစ၍ ပို့ကုန်ဝင်ငွေရှာဖွေရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းနည်းပါးခဲ့သည့်အတွက် အဆိုပါ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ် ရေထွက်ပို့ကုန်ဝင်ငွေလျာထားချက်စာရင်းတွင် ပါဝင်ခြင်းမရှိတော့သည်ကို ငါးလုပ်ငန်းဦးစီးဌာနက တရားဝင်ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

၂၀၀၇ ခုနှစ်မတိုင်မီ ဘဏ္ဍာရေးနှစ်များတွင် မြန်မာနိုင်ငံမှပြည်ပသို့တင်ပို့ခဲ့သော ရေချို၊ ရေငန် ပုစွန်နှစ်မျိုးစလုံးမှာ နိုင်ငံတကာဈေးကွက်တွင်ရရှိသည့် ဈေးနှုန်းမြင့်မားမှုကြောင့် ပြည်ပပို့ကုန်ရေထွက်ပစ္စည်းများထဲတွင် ပို့ကုန်တန်ဖိုးမြင့်မားသည့်ရေထွက်ကုန်ပစ္စည်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါရေချို၊ ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်းများမှာလည်း ကမ္ဘာ့ငွေကြေးကျဆင်းမှုကာလအတွင်း နိုင်ငံတကာဈေး

www.foreverspace.com.mm

ကျော်၌ဖြစ်ပေါ်နေသည့် ဝယ်လိုအား ကျဆင်းလာမှု၊ ဈေးနှုန်းများ အဆမတန်ကျဆင်းလာမှုနှင့် ပြည်တွင်းရှိ ကုန်ထုတ်စွမ်းအားစုစရိတ်ကြီးမြင့်မှုများကြောင့် ဈေးကွက်နေရာမပျောက်ရေးအတွက် နည်းမျိုးစုံဖြင့်ကြိုးစားရန်းကန်ခဲ့သော်လည်း လုပ်ငန်းများ အရှိန်တန့်သွားခဲ့ရသည်။

ရေချိုပုစွန်ဈေးနှုန်းများမှာ ငွေကြေးအကျပ်အတည်းကာလအတွင်း မူလဈေးနှုန်းများအောက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး ရေငန်ပုစွန်ဈေးနှုန်းများမှာလည်း ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းမှုရှိခဲ့သည်။

ယခင်က နှစ်စဉ်ပြည်ပပို့ကုန်ဝင်ငွေကန်ဒေါ်လာသန်း ၅၀ ကျော် ၆၀ ဝန်းကျင်ရှာဖွေပေးနိုင်ခဲ့သည့်ပုစွန်ကဏ္ဍမှာ ယခုအခါ ပြည်ပဈေးကွက်သို့ ရေချို၊ ရေငန် ပုစွန်တင်ပို့မှုမှာ လုံးဝရပ်ဆိုင်းလုနီးပါးအခြေအနေတွင်ရှိနေကြောင်း၊ ပြည်တွင်းပုစွန်မွေးမြူရေးလုပ်ငန်းများတွင်လည်း ရေချိုပုစွန်မွေးမြူသူလေးဦးခန့်နှင့် ရေငန်ပုစွန်မွေးမြူသူမှာ ငါးဦးခန့်သာကျန်ရှိတော့ကြောင်း၊ အဆိုပါပုစွန်မွေးမြူရေးလုပ်ငန်း ဆက်လက်လုပ်ကိုင်သူများမှာလည်း လုပ်ငန်းမပျက်ရေးကို အရှုံးခံလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ အချို့ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များမှာ ယခုလက်ရှိတွင် နိုင်ငံတကာ ရေထွက်ကုန်ဈေးကွက်၌ ဝယ်လိုအားကောင်း



ပြီး ဈေးနှုန်းမြင့်နေသည့် ကဏန်းပျော့လုပ်ငန်းဘက်သို့ ကူးပြောင်းလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းကဲ့သို့ သားငါးကဏ္ဍ၏ ဒုတိယပို့ကုန်ဝင်ငွေရှာဖွေပေးနိုင်ခဲ့သည့် ပုစွန်ကဏ္ဍသည် ရရှိထားသောပြည်ပဈေးကွက်နေရာကို စွန့်လွှတ်လိုက်ရခြင်းသည်လည်း ရေလုပ်ငန်းကဏ္ဍ ပို့ကုန်ဝင်ငွေလျာထားချက်ပြည့်မီရေးအတွက် ကြီးမားသည့်ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်သည်။

နိုင်ငံတကာဈေးကွက်အလယ်၌ မြန်မာ့ပုစွန်ဈေးကွက်နေရာပျောက်သွားရခြင်း၏အဓိကအကျဆုံးမှာ အခြားနိုင်ငံများ၏ ပုစွန်ထုတ်လုပ်မှုသွင်းအားစုစရိတ်ထက် မြန်မာနိုင်ငံ၏ ပုစွန်မွေးမြူထုတ်လုပ်မှုသွင်းအားစုစရိတ်က သိသိသာသာကြီးမြင့်နေခြင်းကြောင့်ဖြစ်သည်ဟု ပုစွန်မွေးမြူရေးလုပ်ငန်းရှင်အများစုက သုံးသပ်ကြသည်။



www.foreverspace.com.mm

## ၂၀၀၉-၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်အသင်းအဖွဲ့များမှ ရေထွက်ပစ္စည်းတင်ပို့မှု US$ ၇၀၀ သန်း လျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ

| စဉ် | အမည် | ၂၀၀၉–၂၀၁၀ လျာထားချက် | ၁–၄–၀၉ မှ ၂၁–၃–၁၀ ထိ | လို/ပိုသည့်ငွေ | တင်ပို့ပြီး ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ကဏန်းလုပ်ငန်းရှင်များအသင်း | ၃၅.၀၀၀ | ၂၉.၂၃၀ | –၅.၇၇၈ | ၈၃.၅၁ |
| ၂ | ငါးရှဉ့်လုပ်ငန်းရှင်များအသင်း | ၂၅.၀၀၀ | ၂၀.၃၆၇ | –၄.၆၃၃ | ၈၁.၄၇ |
| ၃ | အလှမွေးငါးအသင်း | ၀.၃၀၀ | ၀.၁၅၈ | –၀.၁၄၂ | ၅၂.၆၇ |
| ၄ | မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း(ရေချိုငါး) | ၁၂၀.၀၀၀ | ၉၉.၆၂၉ | –၂၀.၃၇၁ | ၈၃.၀၂ |

| | | | | | |
|---|---|---|---|---|---|
| ကဏန်း | US$(သန်း) | ငါးရှဉ့် | US$(သန်း) | ရေချိုငါး | US$(သန်း) |
| မူဆယ် | ၈.၀၅၃ | ကန်ပိုင်တီး | ၀.၀၆၇ | စစ်တွေ | ၇.၁၇၇ |
| မြဝတီ | ၂.၇၆၄ | မူဆယ် | ၂၀.၂၀၈ | မြဝတီ | – |
| Air Line | ၁၀.၁၀၇ | မြဝတီ | ၀.၀၉၂ | Normal | ၉၂.၄၅၂ |
| မြိတ် | ၀.၀၉၇ | Air Line | - | | ၉၉.၆၂၉ |
| ကော့သောင်း | ၀.၂၄၈ | | ၂၀.၃၆၇ | | |
| ချင်းရွှေဟော် | ၀.၁၆၁ | | | | |
| Soft Shell Crab | ၇.၈၀၀ | | | ကဏန်း | US$(သန်း) |
| | ၂၉.၂၃၀ | Soft Shell Crab | US$(သန်း) | Finned Ecl - | ၀.၃၅၈ |
| | | Normal | ၄.၂၄၁ | Sole Mud - | ၀.၁၂၂ |
| | | Myeik | ၃.၅၅၉ | Worm Ecl - | ၀.၆၄၄ |
| | | | ၇.၈၀၀ | | ၁.၁၂၄ |

(၁.၃.၁၀) မှ (၇.၃.၁၀) ထိ ပြည်ပတင်ပို့မှုမှာ US$ (၁၁.၈၃၇) သန်း
(၈.၃.၁၀) မှ (၁၄.၃.၁၀) ထိပြည်ပတင်ပို့မှုမှာ US$ (၉.၈၀၄) သန်း
(၁၅.၃.၁၀) မှ (၂၁.၃.၁၀) ထိပြည်ပတင်ပို့မှုမှာ US$ (၁၀.၀၃၈) သန်း

(၁.၄.၀၈) မှ (၃၁.၃.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၄၈၃.၂၃၀) သန်း
(၁.၄.၀၉) မှ (၂၁.၃.၁၀) ထိပြည်ပတင်ပို့မှုမှာ US$ (၄၇၉.၂၆၁) သန်း
၃/၀၉ လ တင်ပို့မှုမှာ US$ (၃၅.၂၃၅) သန်း
(၁.၃.၁၀) မှ (၂၁.၃.၁၀) ထိပြည်ပတင်ပို့မှုမှာ US$ (၃၂.၆၇၉) သန်း
တစ်ရက်ပျှမ်းမျှ US$ (၁.၅၅၆) သန်း

**Source - ငါးလုပ်ငန်းဦးစီးဌာန**

## ကဏန်းပျော့တန်ဖိုးမြင့်ထုတ်ကုန်နှင့် သယံဇာတ၏ စိန်ခေါ်မှု

စီးပွားရေးအကျပ်အတည်းကာလအတွင်း အခြားရေထွက်ပစ္စည်းများမှာ ဝယ်လိုအားကျဆင်းခြင်း၊ ဈေးနှုန်းကျဆင်းခြင်းများရှိခဲ့သော်လည်း ကဏန်းပျော့ထုတ်ကုန်မှာ ဈေးကွက်ကျဆင်းမှုမရှိခဲ့ကြောင်း ကဏန်းပျော့ထုတ်လုပ်သူများထံမှသိရသည်။

၂၀၀၈ ခုနှစ်မတိုင်ခင်က မြန်မာနိုင်ငံမှထွက်ရှိသည့် ကဏန်းများကို ပြည်ပဈေးကွက်သို့ ကုန်ကြမ်းအဖြစ် တင်ပို့နိုင်မှု ပိုများခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီလတွင် ရန်ကုန်တိုင်းအတွင်းရှိ ကျောက်တန်းပုစွန်မွေးမြူရေးဇုန်ကို ကဏန်းမွေးမြူရေးဇုန်အဖြစ် စတင်ပြောင်းလဲခဲ့သည်မှစ၍ ယခင်က ပြည်ပဈေးကွက်သို့ ကုန်ကြမ်းအဖြစ်တင်ပို့မှုများခဲ့သည့် ကဏန်းထုတ်လုပ်မှုကို တန်ဖိုးမြင့်ထုတ်ကုန်ကဏန်းပျော့အဖြစ် အများအပြားတင်ပို့လာနိုင်ခြင်းဖြစ်သည်။

မြန်မာ့ကဏန်းပျော့ဈေးကွက်မှာ သဘာဝအားသာချက်များနှင့် ဈေးကွက်ဝေစု ပိုင်ပိုင်နိုင်နိုင်ရရှိထားပြီးဖြစ်သည့်အတွက် ကဏန်းပျော့ထုတ်လုပ်မှုတွင် အခြားကဏန်းပျော့ထုတ်လုပ်သောနိုင်ငံများ၌ ထိပ်တန်းကုန်ထုတ်လုပ်မှုအဆင့်ရှိသည့်နိုင်ငံအဖြစ် တက်လှမ်းလာနေပြီဖြစ်သည်။ မကြာမီတွင် ကမ္ဘာ့ထိပ်တန်းကဏန်းပျော့ထုတ်လုပ်သည့်နိုင်ငံအဖြစ်ရပ်တည်ရန် အလားအလာကောင်းများစွာရှိနေသည်။

ယခုလက်ရှိတွင်လည်း ကမ္ဘာ့ကဏန်းပျော့မွေးမြူထုတ်လုပ်သည့်နိုင်ငံများထဲတွင် မြန်မာနိုင်ငံကဲ့သို့ မြေဧက ရာနှင့်

www.foreverspace.com.mm

ချို၍ မွေးမြူထုတ်လုပ်နေသောနိုင်ငံ မရှိသေးကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၌ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းတစ်ခုလျှင် မြေဧက ရာနှင့်ချီ လုပ်ကိုင်နေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကဏန်းပျော့ထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်မှာ ကဏန်းသားပေါက်ရရှိရေးပင်ဖြစ်သည်။ ကဏန်းသားပေါက်ကုန်ကြမ်းမှာ မည်သည့်ကမ္ဘာ့နိုင်ငံများတွင်မှ ဆေးထိုးသားဖောက်နည်းဖြင့် သားဖောက်ထုတ်လုပ်နိုင်ခြင်းမရှိသေးသည့်အတွက် သဘာဝ၏ ရရှိမှုအပေါ်တွင် ရာနှုန်းပြည့်မှီခိုလုပ်ကိုင်နေရလျက်ရှိသည်။ ယင်းအချက်မှာ မြန်မာနိုင်ငံအတွက် အခြားနိုင်ငံများထက်သာလွန်သည့် အဓိကအားသာချက်တစ်ရပ် ဖြစ်သည်။

ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့တွင် ကဏန်းပျော့မွေးမြူထုတ်လုပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံကဲ့သို့ မြေနေရာဧကေ ရာနှင့်ချီ၍ မွေးမြူထုတ်လုပ်နိုင်ခြင်းမရှိကြောင်း၊ ကဏန်းသားပေါက်ရရှိမှုတွင်လည်း အခက်အခဲကြုံနေရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ကဏန်းသားပေါက်ရရှိမှုအခက်အခဲကြောင့် ကဏန်းပျော့မွေးမြူထုတ်လုပ်မှု ကျဆင်းလျက်ရှိနေပြီး ထိုင်းနိုင်ငံမှာလည်း မြန်မာနိုင်ငံမှတင်ပို့သည့် ကုန်ကြမ်းများအပေါ်၌ မှီခိုလုပ်ကိုင်နေရကြောင်း ကဏန်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရေမြေသဘာဝအရကြည့်လျှင်လည်း မြန်မာနိုင်ငံတွင် ကဏန်းမွေးမြူနိုင်သည့် ရေချို၊ ရေငန်စပ်ဧရိယာမြောက်မြားစွာရှိပြီး လုပ်သားအင်အားနှင့် ကဏန်းပျော့မွေးမြူရာတွင် အဓိကအစာဖြစ်သည့် ငါးသေးလေးများမှာလည်း ဈေးသက်သက်သာသာနှင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သည့် အနေအထားမျိုးတွင်ရှိနေသည်။

မြန်မာနိုင်ငံတွင် ကဏန်းပျော့မွေးမြူရေးအတွက် ကဏန်းမွေးမြူရေးဇုန်များ ဖော်ထုတ်ထားရာ မြိတ်မြို့တွင် ဇုန်နှစ်ခု၊ ကျောက်တန်းတွင် ဇုန်တစ်ခု စုစုပေါင်းဇုန်သုံးခုဖော်ထုတ်လုပ်ကိုင်လျက်ရှိပြီး ဆက်လက်၍လည်း ကဏန်းမွေးမြူရေးမြေနေ



ရာများကို တိုးချဲ့လုပ်ကိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ လာမည့်နှစ်တွင် ကဏန်းပျော့မွေးမြူထုတ်လုပ်မှုကို လက်ရှိပမာဏထက် ၂၅ ရာခိုင်နှုန်း တိုးချဲ့ဆောင်ရွက်ရန်ရှိကြောင်း ကဏန်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူက ပြောကြားသည်။

နှစ်စဉ် ကဏန်းထုတ်လုပ်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာသန်း ၃၀ ဝန်းကျင်ရှာဖွေပေးလျက်ရှိပြီး ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ကဏန်းပို့ကုန်မှ ကန်ဒေါ်လာ ၃၅ သန်း လျာထားဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ပြည်ပဈေးကွက်သို့ ကဏန်းတင်ပို့နိုင်မှုအခြေအနေမှာ ယခင်နှစ်တင်ပို့မှုပမာဏနှင့် နှိုင်းယှဉ်လျှင် သဘာဝမှ ကဏန်းထွက်ရှိမှုနှုန်းကျဆင်းသွားသည်ကို တွေ့ရကြောင်း၊ လက်ရှိတွင် ကဏန်းမွေးမြူရေးလုပ်ငန်းမှာ တစ်လလျှင် ကဏန်းပျော့တန်ချိန် ၆၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါ ကဏန်းပျော့မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအတွက် တစ်လလျှင် ၁၀၀ ဂရမ်အောက် ကဏန်းသားပေါက်ကောင်ရေ ၃၁ သိန်းမှ ၃၂ သိန်းခန့်ထိ ကုန်ကြမ်းလိုအပ်မှုရှိနေကြောင်း၊ ရေရှည်တွင် ကဏန်းပျော့မွေးမြူထုတ်လုပ်သည့်လုပ်ငန်းမှာ တိုးတက်များပြားလာနိုင်သည့်အတွက် ကဏန်းပျော့လုပ်ငန်းများ၏ ကဏန်းသားပေါက်လိုအပ်ချက်မှာ သဘာဝထုတ်လုပ်နိုင်စွမ်းထက် ပိုလွန်လာမည့် အနေအထားများ ရှိနေကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကဏန်းပျော့လုပ်ငန်းကို ဈေးကွက်ကောင်း၍လိုက်လုပ်ခြင်းထက် ရေရှည်လုပ်ကိုင်မည်ဆိုလျှင် ဖမ်းဆီးထုတ်လုပ်နိုင်မှုအခြေအနေ၊ ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် မိမိတို့၏ ထုတ်လုပ်နိုင်မှုအခြေအနေများကို ထည့်သွင်းစဉ်းစား လုပ်ကိုင်ရန်လိုအပ်လာမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာဈေးကွက်၌ ကဏန်းပျော့တစ်ကီလိုဂရမ်၏ ပေါက်ဈေးမှာ



www.foreverspace.com.mm



ခြောက်ဒေါ်လာခန့်ရရှိပြီး ဥရောပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ပါက လက်ရှိပေါက်ဈေးထက် နှစ်ဆခန့်ပိုမိုရရှိမည့် အနေအထားရှိကြောင်း၊ သို့ရာတွင် နိုင်ငံတကာဈေးကွက်၌ ဈေးကောင်းရသည့် အချက်ကိုကြည့်ပြီး အခြားစီးပွားရေးလုပ်ငန်းရှင်များပါ ကဏန်းပျော့လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်မည်ဆိုလျှင် ရေရှည်တွင် ကဏန်းကုန်ကြမ်း အခက်အခဲကြုံလာနိုင်ကြောင်း၊ လက်ရှိမြိတ်ဒေသရှိ ကဏန်းပျော့လုပ်ငန်းများမှာ ယင်းဒေသ၌ ကဏန်းသားပေါက်ရရှိမှုခက်ခဲလာသည့်အတွက် ဧရာဝတီတိုင်းအထိဆင်း၍ ကုန်ကြမ်းဝယ်ယူသုံးစွဲနေရပြီဖြစ်ကြောင်း၊ ယင်းကြောင့် ကုန်ကျစရိတ်မြင့်တက်မှုများ၊ မလိုအပ်ဘဲ သယံဇာတလေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကဏန်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခုကဏန်းပျော့မွေးမြူထုတ်လုပ်မှုမှာ သဘာဝ၏ မျက်နှာသာပေးခြင်းခံရ၍ အခြားနိုင်ငံများကို အလွယ်တကူဖြတ်ကျော်နိုင်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိနေသည်ဟုဆိုသော်လည်း သယံဇာတ၏ ထုတ်လုပ်နိုင်စွမ်းကစိန်ခေါ်လာလျှင် ပုစွန်ကဏ္ဍကဲ့သို့ပင် ဈေးကွက်မရရှာမှုနှင့် တွေ့ကြုံလာရနိုင်သည်။ ယင်းကြောင့် ကဏန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် သဘာဝသယံဇာတ ထိန်းသိမ်းရေးကို အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်သည်။

## ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအပိုင်းကို ခြုံငုံကြည့်လျှင် ဈေးကွက်နေရာပျောက်ဆုံးသွားသည့်ကဏ္ဍများရှိသလို ဈေးကွက်နေရာကောင်းရထားသည့် ကဏ္ဍများရှိလာသည်ကိုလည်း တွေ့ရှိရသည်။ ပို့ကုန် (Export) ကျဆင်းမှုသည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ကို ထိခိုက်နစ်နာစေသည့်အချက်ထဲတွင် ပါဝင်နေရာ နိုင်ငံ၏စီးပွားရေးကိုတည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းရန်အလို့ငှာ ပို့ကုန်လုပ်ငန်းများ၏ ဈေးကွက်နေရာမပျောက်ရေး၊ ဈေးကွက်တည်မြဲရေးမှာလည်း အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် သက်ဆိုင်ရာအာဏာပိုင်များ၏အားပေးကူညီမှု၊ ကောင်းမွန်မှန်ကန်သည့်စီးပွားရေးမူဝါဒများနှင့် လုပ်ငန်းရှင်များဘက်မှလည်း တစ်ဦးကောင်းတစ်ယောက်ကောင်းထက် တစ်မျိုးသားလုံးအရေးရှေးရှုပြီး ကြိုးပမ်းလုပ်ဆောင်ကြမည်ဆိုလျှင် သားငါးကဏ္ဍ၏ ပို့ကုန်လျာထားချက် ပြည့်မီရေးသာမက အခြားသောကဏ္ဍများ၏ ပို့ကုန်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်ပင်ဖြစ်သည်။

**မိုးခိုင်**



www.foreverspace.com.mm

**ပြီးခဲ့သည့် လေးလခန့်က အင်းလေးကန်ကိုနောက်ဆုံးရောက်ခဲ့သော ဦးထွန်းအောင်အတွက် ကန်ရေပြင်အခြေအနေမှာ ထင်မှတ်ထားသည်ထက် ပိုမိုဆိုးရွားနေပြီဖြစ်သည်။ ညောင်ရွှေမြို့ လှေဆိပ်အရောက်တွင်ပင် ကန်ရေခန်းနေသဖြင့် သွားလာရေးခက်ခဲမှုသတင်းများကို ကြားနေရပြီဖြစ်သည်။**

စက်လှေသမားက ရေနည်းသဖြင့် ရွာအတွင်းနေရာအထိ မော်တော်မရောက်ကြောင်းဆိုသည်။ မော်တော်ရောက်သည့်နေရာမှ အတန်ကြာလမ်းလျှောက်ရမည်ဖြစ်သဖြင့် မော်တော်သမားတောင်းသောဈေးကို ဦးထွန်းအောင်မပေးလို။ နောက်ဆုံးညှိနှိုင်းဈေးဖြင့် ပြေလည်သွားသည်။

ဦးထွန်းအောင်သွားလိုသည်မှာ ၎င်းနှစ်ဆယ်ချီကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သော ကျွန်းကြီးတောင်ရွာနှင့်ဒေသတစ်ဝိုက်။ ခေတ်အဆက်ဆက်ရှိ နိုင်ငံရေး၊ စီးပွားရေး အခင်းအကျင်းများတွင် တိုက်ရိုက်ဝင်ရောက်လှုပ်ရှားမှုမရှိဘဲ ရိုးသားအေးဆေးစွာ မိရိုးဖလာ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းတို့ဖြင့် အသက်မွေးလေ့ရှိသော အင်းသားတို့၏ရွာ။ ဦးထွန်းအောင် ရွာရောက်ပြီး မကြာမီပင် သွပ်မိုးနှစ်ထပ် ပျဉ်ထောင်အိမ်ကြီးအတွင်းရှိ စကားဝိုင်းမှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

"ဘာတွေဖြစ်လာမလဲမသိဘူးနော်။ စိတ်ဝင်စားစရာပဲ" ဟု စကားဝိုင်းမှ အသက် ၆၀ ကျော်အရွယ်ရှိ အငြိမ်းစားကျောင်းဆရာ ဦးထွန်းအောင် (အမည်လွှဲပြောင်းထားပါသည်) က ဆိုလိုက်သည်။

# သူတို့ မျှော်လင့်ချက်

**ခွန်းသု**



www.foreverspace.com.mm



၎င်းတို့ မိတ်ဟောင်းဆွေဟောင်းများ ဆုံတွေ့ခိုက် ဆွေးနွေးနေသည့်အကြောင်းအရာမှာ နှစ်ပေါင်း ၂၀ ကြာအတွင်း ပထမဆုံးအကြိမ်ကျင်းပပေးမည်ဆိုသော ၂၀၁၀ ရွေးကောက်ပွဲအကြောင်း။

“သိပ်အများကြီးတော့ မျှော်လင့်လို့ မရဘူးဗျ” ဟု ၁၉၉၀ ရွေးကောက်ပွဲတွင် အင်းလေးကန်အတွင်းရှိ ရွာတစ်ရွာတွင် မဲရုံမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသော ဦးထွန်းအောင်က ဆိုလေသည်။

## ၁၉၉၀

၁၉၈၈ ခုနှစ် အရေးအခင်းအပြီး တပ်မတော်က အာဏာသိမ်းပြီးနောက် ကျင်းပပေးခဲ့သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကိုမူကား မျှော်လင့်ချက်အမျိုးမျိုးဖြင့် မဲပေးခဲ့ကြသည်။ အတိုက်အခံပါတီက အပြတ်အသတ် အနိုင်ရခဲ့သည်။

ယင်းကိစ္စသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ‘အနိုင်’ ဟုဆိုခြင်းထက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မျိုးဆက်များဖြင့် ဖွဲ့စည်းထားသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ.စ.ည) ၏ ‘အရှုံး’ ဟုဆိုခြင်းက ပိုမှန်ကြောင်း နိုင်ငံရေးလေ့လာသူပညာရှင်တစ်ဦးက သုံးသပ်သည်။

“၁၉၉၀ တုန်းကတော့ ဒီထက် (မဆလအစိုးရထက်) ဆိုးမယ်မထင်ဘူးဆိုပြီး ဆန့်ကျင်ဘက်ကို မဲပေးလိုက်တာပဲ” ဟု ၁၉၉၀ ရွေးကောက်ပွဲကို မဲပေးခဲ့ဖူးသော တက္ကစီအငှားယာဉ်မောင်းတစ်ဦးကဆိုသည်။

သို့ဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲတွင်ကော . . .။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများထုတ်ပြန်အပြီး Living Color မဂ္ဂဇင်းက အလွှာစုံမှ လူပေါင်း ၄၀ ခန့်ကို မတ်လအတွင်း မေးမြန်း၍ စစ်တမ်းငယ်တစ်ရပ်ပြုလုပ်ခဲ့ရာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်း (Space) အနည်းငယ်မျှရမည်ဟု ဖြေဆိုသော အုပ်စုသည် အများဆုံးဖြစ်ပြီး စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့် ရှိသည်ကိုတွေ့ရသည်။



နိုင်ငံရေးအပြောင်းအလဲကို များစွာမမျှော်မှန်းဘဲ စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်လာရန်မျှော်လင့်သည်ဟူသော အုပ်စုမှာ ဒုတိယအများဆုံးဖြစ်ပြီး ၃၅ ရာခိုင်နှုန်းခန့်ရှိသည်။ ထူးထူးခြားခြား အပြောင်းအလဲကို မမျှော်လင့်ကြောင်း ဖြေဆိုသူမှာ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။

“ပြောဖို့စောပါသေးတယ်” ဟု ဖြေဆိုသူမှာ ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်သည်။



## ၄၀ ရာခိုင်နှုန်း

နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိလာမည်ဟု မျှော်လင့်သည့် ၄၀ ရာခိုင်နှုန်းသောအုပ်စုတွင် လွှတ်တော်များပေါ်၌တွေ့ရမည့် အားပြိုင်မှုများ၊ ဥပဒေများပြဋ္ဌာန်း၊ ပယ်ဖျက်ခြင်းပြုနိုင်သော အခွင့်အလမ်း၊ နောက်တက်လာမည့်အစိုးရ၏ ပျော့ပျောင်းလာနိုင်သောမူဝါဒ၊ ပွင့်လင်းမြင်သာသည့် အစိုးရဘတ်ဂျက်ရှင်းတမ်း၊ လူမှုစီးပွားရေးအခွင့်အလမ်းများ အတန်အသင့်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဖြေဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲပြီးနောက် ပေါ်ထွန်းလာမည့် လွှတ်တော်များပေါ်တွင် ဖြစ်သင့်သော၊ ဖြစ်နိုင်သောအလားအလာများကို တွက်ချက်ရန် လွှတ်တော်အမတ်များတစ်ဖြစ်လဲ နိုင်ငံရေးသမားများအနေဖြင့် အဆိုပြုဆောင်ရွက်သင့်ကြောင်း ဖွံ့ဖြိုးရေးပညာရှင်တစ်ဦးက အကြံပြုသည်။

၎င်း၏ အကြံပြုချက်တွင်ပါဝင်သည့် ဖြစ်သင့်သောခေါင်းစဉ်အချို့မှာ ဆင်းရဲမှုတိုက်ဖျက်ရေးဥပဒေ၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ


www.foreverspace.com.mm

စသည်တို့ ဖြစ်သည်။

"Ideal တွေ၊ ဖြစ်ချင်တာတွေမဟုတ်ဘဲ ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို နောက်ပေါ်လာမယ့်အမတ်တွေအနေနဲ့ ဦးစားပေးစေချင်တယ်" ဟု ၎င်းက ဆိုသည်။

တဖြည်းဖြည်းပြောင်းလဲယူရမည် (Evolution) ဟူသော အယူအဆကို ယုံကြည်သူများသည် အထက်ပါဖြေဆိုသူအုပ်စုထဲတွင်ပါဝင်ပြီးနောက် အစိုးရသက်တမ်းငါးနှစ်အပြီးတွင် တဖြည်းဖြည်းပြောင်းလဲသွားမည်ဖြစ်ကြောင်း ပြောဆိုကြသည်။

"ပထမငါးနှစ်မှာတော့ လိုချင်တဲ့အတိုင်းအတာမရသေးဘူး။ အားပြိုင်မှုတွေရှိဦးမယ်။ ဒုတိယငါးနှစ်မှာတော့ တော်တော်ပြောင်းလာမယ်" ဟုဆိုသူမှာ ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ အင်္ဂလိပ်စာဘာသာစကားသင်တန်းကျောင်းမှ ဦးအောင်ဟိန်းကျော်ဖြစ်သည်။




အထက်ပါအုပ်စုမှ ဖြေဆိုသူတော်တော်များများသဘောတူသည့်အချက်မှာ ထိုသို့ပြောင်းလဲသွားရန်အတွက် ရွေးကောက်ခံ ၇၅ ရာခိုင်နှုန်းတွင်ပါဝင်မည့် လွှတ်တော်အမတ်များ၏ အရည်အချင်းအရေးကြီးပုံ ဖြစ်သည်။

"စစ်တပ်က ၂၅ ရာခိုင်နှုန်းက တကယ့် Solid ပဲ။ ဒီဘက်က ကိုယ်စားလှယ်ကောင်းတွေက တကယ့်ပါးပါးနပ်နပ် ညီညီညွတ်ညွတ်လုပ်ကြရင် ပိုကောင်းမယ်" ဟု The Waves မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးကျော်ဝင်းက ဆိုသည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာနိုင်ငံ) ၏ ဥက္ကဋ္ဌ ဦးသုဝေကမူ 'စစ်တပ်က စနစ်တကျတပ်ဆုတ်ခြင်း' ဟု အမည်တပ်သည်။ နိုင်ငံရေးသမားများစည်းလုံးလျှင် 'လိုချင်တာရနိုင်သည်' ဟုဆိုသည်။ ပြီးခဲ့သည့်နှစ်ပိုင်းအတွင်းက မင်္ဂလာဒုံမြို့နယ်မှ ၁၉၉၀ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးကဆိုလျှင် 'နိုင်ငံရေးသမားများညီညွတ်လျှင် သမ္မတပင်ဖြစ်နိုင်' ဟု ဆိုခဲ့သည်။

စာရေးဆရာကျော်ဝင်း၊ တင်ညွန့်၊ ဦးသုဝေတို့အပါအဝင် နိုင်ငံရေးအစဉ်တစိုက်လေ့လာသူတို့၏ လိုအင်မှာ ၇၅ ရာခိုင်နှုန်းပါဝင်မည်ဆိုသော နှစ်ပေါင်းများစွာအဆက်ပြတ်နေသော နိုင်ငံရေးသမားများ၏အရည်အချင်းနှင့် ညီညွတ်ရေးဖြစ်သည်။

"မြန်မာတွေကို စိန်ခေါ်ချက်ပဲဗျ။ ဘယ်လောက်ညီညွတ်နိုင်သလဲ၊ ဘယ်



www.foreverspace.com.mm



လောက်အရည်အချင်းတွေ ရှိကြသလဲ။ ဘယ်လောက် နိုင်ငံရေးအပေါ်စွမ်းဆောင်နိုင်ကြသလဲ။ ဘယ်လောက်နိုင်ငံအပေါ် ဦးဆောင်ဦးရွက်ပြုနိုင်မလဲ။ တကယ့်စိန်ခေါ်ချက်ကြီးပဲ" ဟု နိုင်ငံရေးဆောင်းပါးများ အစဉ်တစိုက်ရေးသားလျက်ရှိသော တင်ညွန့်၏ပြောဆိုချက်ကို ဧပြီ ၁ ရက်နေ့ရက်စွဲဖြင့်ထုတ်ဝေသော Venus သတင်းဂျာနယ်၏ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် မြန်မာ့နိုင်ငံရေးအလားအလာ (၂) ဆောင်းပါးတွင် ဖော်ပြထားသည်။

နိုင်ငံရေးကို အစဉ်တစိုက်လေ့လာနေသူများ၊ မီဒီယာများနှင့် အထိအတွေ့ ဖတ်ရှုမှုရှိသောသူများ များပြားသော 'နိုင်ငံရေး၊ စီးပွားရေး၊ အပြောင်းအလဲအနည်းငယ်ကို မျှော်မှန်းသည်' ဟု ဖြေဆိုသူ ၄၀ ရာခိုင်နှုန်းတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင်သာ အပြောင်းအလဲ တစ်စုံတစ်ရာတွေ့ရမည်ဟု ဖြေဆိုသူအချို့ ရှိသည်။

ပြည်နယ် ဒါမှမဟုတ် တိုင်းဒေသကြီးတွေဆီက "ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ တခြားလူမှုရေးဆိုင်ရာဥပဒေတွေ ပြောင်းလဲလာမယ်လို့ မျှော်လင့်တယ်" ဟု ဖြေဆိုသူမှာ အစိုးရမဟုတ်သောအဖွဲ့ အစည်းတစ်ရပ်မှ အရာရှိတစ်ဦး ဖြစ်သည်။

## ၃၅ ရာခိုင်နှုန်း

၃၅ ရာခိုင်နှုန်းပါဝင်သော၊ နိုင်ငံရေးအပြောင်းအလဲကို မမျှော်မှန်းဘဲ စီးပွားရေးအခွင့်အလမ်းများကောင်းမွန်စေရန် မျှော်မှန်းသည်ဟုဖြေဆိုသောအုပ်စုတွင် စီးပွားရေးပညာလေ့လာသူများ၊ စီးပွားရေးလုပ်ကိုင်သူများ၊ ပညာရှင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ နေ့စားဈေးသည်များ၊ တက္ကစီသမားများ၊ အနေးယာဉ်လုပ်သားများ ပါဝင်သည်ကို တွေ့ရသည်။

သို့သော် ထိုသို့သောအခွင့်အလမ်းများ ရရှိကြရန်အတွက်ရွေးကောက်ပွဲရလဒ်သည် အရေးကြီးကြောင်း ဖွံ့ဖြိုးရေးပညာရှင်တစ်ဦးက ထောက်ပြသည်။ 'မည်သူရွေးကောက်ခံရမည်' 'အစိုးရအဖွဲ့ မည်သို့ဖြစ်လာမည်' ဆိုသည့်အပေါ်မူတည်၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)၊ ပို့ကုန်အခွင့်အလမ်းတို့ရလာမည်ဖြစ်ရာ ထိုအချက်အပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ထွန်းလာမည်ဟု ၎င်းက သုံးသပ်သည်။

**ဒီမိုကရက်တစ်ပါတီ (မြန်မာနိုင်ငံ) ၏ဥက္ကဋ္ဌ ဦးသုဝေကမူ 'စစ်တပ်က စနစ်တကျ တပ်ဆုတ်ခြင်း'ဟု အမည်တပ်သည်။ နိုင်ငံရေးသမားများစည်းလုံးလျှင် 'လိုချင်တာရနိုင်သည်' ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်ပိုင်းအတွင်းက မင်္ဂလာဒုံမြို့နယ်မှ ၁၉၉၀ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးကဆိုလျှင် 'နိုင်ငံရေးသမားများညီညွတ်လျှင် သမ္မတပင်ဖြစ်နိုင်' ဟု ဆိုခဲ့သည်။**

"အခိုကက ဗိုက်ထဲမှာ အစာရှိဖို့ပဲ" ဟု တက္ကစီယာဉ်မောင်းတစ်ဦးကဆိုပြီး "လူတွေထမင်းဝတ်လာရင် ခိုးတာ၊ လုယက်တာတွေ ဖြစ်လာမှာပဲ" ဟု သီရိမင်္ဂလာဈေးအနီးဂိတ်ထိုးလေ့ရှိသော အနေးယာဉ်မောင်းတစ်ဦးက ဆိုသည်။

အစိုးရသစ်အနေဖြင့် စီးပွားရေးအခွင့်အလမ်းများရယူတတ်ရန်လိုပြီး လုပ်ချင်စိတ်သာလျှင် အဓိကကျကြောင်း၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ စီးပွားရေးများလေ့လာသူကျောင်းသူတစ်ဦးက ဆိုသည်။

"အာရှကလူတွေက မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံဖို့စောင့်နေကြတာ။ အရင်ကထက်အများကြီးပိုပွင့်မှာပါ" ဟု ၎င်းက ပြောကြားသည်။

အမည်မဖော်လိုသူစီးပွားရေးပညာရှင်တစ်ဦးကမူ အစိုးရ၏တာဝန်ဖြစ်သော အခြေခံအဆောက်အဦများတည်ဆောက်ပေးခြင်း၊ ရထားလိုင်းကဲ့သို့သော သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် တိုးတက်အောင်ပြုလုပ်ခြင်း၊ အင်တာနက်၊ ဖုန်း စသောဆက်သွယ်ရေးကဏ္ဍများတွင် လုပ်ဆောင်ခြင်းတို့ကို မျှော်လင့်ကြောင်း ဆိုသည်။

"ဒါက တကယ်တော့ အစိုးရရဲ့မွေးရာပါ တာဝန်ပဲ။ အဓိကကတော့ လျှပ်စစ်မီးပြဿနာ။ ဒါလုပ်လိုက်ရင်ကိုပဲ Development က ၃၀ ရာခိုင်နှုန်းတက်လာပြီ"



www.foreverspace.com.mm

ဟု သူက ဆိုသည်။

"ရေနဲ့မီးရရင်ပဲ တော်ပါပြီဗျာ" ဟု ပြည်တွင်းအပတ်စဉ်ထုတ်သတင်းဂျာနယ်တစ်ခုမှ ဓာတ်ပုံသတင်းထောက်တစ်ဦးက ဖြေသည်။

စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းကိုမျှော်လင့်ကြောင်းဖြေဆိုကြသည်။

"လုပ်ကာမှလုပ်ရော" ဟု သတင်းအယ်ဒီတာတစ်ဦးကဆိုပြီး "လူဆိုတာမျှော်လင့်ချက်တော့ရှိတာပေါ့လေ။ ဒါပေမဲ့ မျှော်လင့်တဲ့အတိုင်းဖြစ်မလာရင်တော့ စိတ်မကောင်းဖြစ်ရတယ်" ဟု ရေနံကုမ္ပဏီတစ်ခုတွင်လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းတစ်ဦးက ဖြေဆိုသည်။

"ကျွန်မကတော့ ကျွန်မတို့နယ်က လမ်းတွေကောင်းအောင်လုပ်ပေးစေချင်တယ်" ဟု ဆိုသူမှာ ကယားပြည်နယ် လွိုင်ကော်မြို့ခံတစ်ဦးဖြစ်သည်။

ဆင်းရဲသောတိုင်းပြည်များတွင် လူအများ၏ အခြေခံလိုအပ်ချက်ဖြစ်သောစားဝတ်နေရေး ပြည့်စုံကုံလုံရန် အဓိက ဆန္ဒပြုကြလေ့ရှိပြီး ထိုမှတစ်ဆင့် မိမိဘဝလုံခြုံမှု၊ ဂုဏ်သိက္ခာ၊ ဖိမ်ခံတတ်မှု၊ လွတ်လပ်မှုစသည်တို့ကို အဆင့်ဆင့်တက်လှမ်းလေ့ရှိကြောင်း စီးပွားရေးမဟာဘွဲ့ရ လူငယ်တစ်ဦးက သုံးသပ်သည်။

## အခြား

ထူးထူးခြားခြားမျှော်လင့်ချက်မရှိဟူသော ၂၅ ရာခိုင်နှုန်းသောအုပ်စုတွင် စီးပွားရေးပညာရှင်တစ်ဦး၊ မြစ်ကြီးနား၊ သံတောင်မြို့ခံအချို့ဈေးသည်များနှင့် သတင်းထောက်များပါဝင်သည်ကို တွေ့ရသည်။

၂၅ ရာခိုင်နှုန်းသော ထိုအုပ်စုတွင် စားဝတ်နေရေးကိုအဓိကဖြေရှင်းနေရသောသူများအများဆုံးပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာဥပဒေနည်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဖတ်ရှုနိုင်ရန်အလှမ်းဝေးနေလျက်ရှိကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပမည်ကိုသိရှိသော်လည်း အကြောင်းကြောင်းကြောင့် စိတ်ဝင်စားနိုင်ခြင်းမရှိပေ။

"ဒီဥပဒေတွေအကြောင်းပါလာတဲ့ဂျာနယ်တွေ မဖတ်ရဘူးဗျ။ ဒီရွာကို ဂျာနယ်ရောက်တဲ့အချိန်ကိုမေးရင် ပိဿာချိန်နဲ့စက္ကူဝယ်တဲ့အချိန်ပဲလို့ ဖြေရမှာပဲ" ဟု ဧရာဝတီတိုင်း ငွေဆောင်မြို့နယ်ခွဲ ဆင်မကျေးရွာမှ ငါးဖမ်းစက်လှေပိုင်ရှင်တစ်ဦးက ပြောဆိုသည်။

အခြေခံလူတန်းစားများ၏ မျှော်လင့်



www.foreverspace.com.mm



ချက်မှာ လတ်တလောဖြေရှင်းနေရသော စားဝတ်နေရေးကို အဆင်ပြေချောမောစွာ ရင်ဆိုင်နိုင်ရေးဖြစ်ပြီး ထို့ထက်ထူးထူးခြားခြားမျှော်လင့်သည် မတွေ့ရပါ။

"ပုံမှန်မဟုတ်တဲ့ အခွန်တွေကိုလျှော့ပေးစေချင်တယ်ဗျာ။ အဲဒီစရိတ်ကတော်တော် ထောင်းတယ်" ဟု ဆိုသူမှာ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကပွလီကျေးရွာမှ ငါးဒိုင်တစ်ဦး ဖြစ်သည်။

၎င်းတို့အနေဖြင့် နိုင်ငံရေးအကြောင်းကို ထဲထဲဝင်ဝင် ဖွင့်မပြောကြသော်လည်း အမှန်တကယ်ရွေးကောက်ပွဲကျင်းပရန် မဲပေးရာတွင်မူ အဖြေတစ်စုံတစ်ရာထွက်ပေါ်လာမည်ဟု နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်သည်။


"ဆန္ဒမဲပေးတဲ့အခါကျရင် ထွက်ပေါ်လာမှာပါ။ တချို့က နိုင်ငံရေးသာမပြောရဲတာ။ ဆန္ဒမဲတော့ ပေးရဲတယ်" ဟူသော ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့က ဦးရွှေအုန်း၏အဆိုကို Flower News ဂျာနယ်တွင် ဖော်ပြထားသည်။

သို့ဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံတကာ၏အမြင်သည် ကော . . .။

## နိုင်ငံတကာ

ပြည်တွင်းအင်အားစုအချို့က "ထွက်ပေါက်အတွက် ရွေးကောက်ပွဲပဲရှိတယ်" ဟု ဆိုနေချိန်တွင် နိုင်ငံတကာ၌လည်း အမြင်အမျိုးမျိုးရှိနေသည်။ "လမ်းဟောင်းကြီးပါပဲ" ဟု ဆိုသောမီဒီယာများရှိသလို "အကန့်အသတ်နဲ့ အပြောင်းအလဲများလာပြီ" ဟုလည်း Newyork Times သတင်းစာက ဆိုသည်။

ပြည်တွင်းနိုင်ငံရေးသမားများ၏ "ရသလောက်ယူမည်" ဟူသော အယူအဆကို The Nation သတင်းအင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပြီး 'မြန်မာနိုင်ငံ၏ လိပ်ခဲတည်းလည်း အခြေအနေကို ပြောင်းလဲရန် အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်နေကြသည်။



"ကျွန်မကတော့ တိုးတက်မှုတွေကို ရွေးကောက်ပွဲက ဆောင်ကြဉ်းပေးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု မြန်မာနိုင်ငံကို လာရောက်ဖူးသော အမေရိကန်စာရေးဆရာမတစ်ဦးက Living Color သို့ ဖြေကြားသည်။

မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းရန်အတွက် အချိန်ယူရဦးမည်ဖြစ်ပြီး တစ်ဆင့်ချင်းသွားရန် လိုအပ်ကြောင်း ဟောင်ကောင်စီးတီးတက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာကျော်ရင်လှိုင်က ပြည်တွင်းတွင် ကျင်းပသော ဟောပြောပွဲတစ်ရပ်၌ ပြောဆိုခဲ့ဖူးသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုနှင့် နှိုင်းယှဉ်ပြောဆိုလေ့ရှိသော အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးကမူ "မြန်မာနဲ့ အင်ဒိုနီးရှားက ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပုံစံတူပေမယ့် အခြေအနေချင်း မတူပါဘူး" ဟု ဧပြီလဆန်းပိုင်း မြန်မာနိုင်ငံခရီးစဉ်အတွင်း ပြောဆိုခဲ့ကြောင်း နိုင်ငံတကာသတင်းမီဒီယာတစ်ခုတွင် ဖော်ပြခဲ့သည်။

"ကျွန်တော်ကတော့ ဒါကိုရှင်းလင်းလွယ်ကူတဲ့ဖြေလျှော့မှုလို့ မမြင်ဘူး။ ဒါပေမဲ့ တစ်နည်းနည်းနဲ့ စီးပွားရေးအပြောင်းအလဲတော့ ဖြစ်လာဖွယ်ရှိတယ်။ သူတို့လုပ်နိုင်သလောက်တော့ လူတွေက လုပ်နေတာပဲ" ဟု သြစတြေးလျနိုင်ငံ မက်ကွိုင်းယားတက္ကသိုလ်မှ မြန်မာ့အရေးလေ့လာသူ ရှောင်ထားနဲလ်က ဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သဘောထားအမြင်အမျိုးမျိုးရှိကြသော်လည်း ၂၀၁၀ ပြည့်နှစ် ဧပြီ ၃ ရက်နေ့အထိ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာခြင်း မရှိသေးပါ။ နိုင်ငံရေးပါတီအများအပြားမှာ ရွေးကောက်ပွဲဝင်ရန် အသံလွှင့်နေကြပြီး အချို့တစ်ဝက်မှာ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ပြီး ဖြစ်သည်။ သက်တမ်း အနှစ် ၂၀ ကျော်ကြာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမူ ရွေးကောက်ပွဲဝင်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲဆိုင်ရာဥပဒေများ စတင်ထုတ်ပြန်ပြီး ရက်ပေါင်း ၂၀ ကျော်အကြာ မတ်လ ၂၉ ရက်နေ့တွင် တရားဝင်ကြေညာခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲဝင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကမူ ယင်းနေ့တွင်ပင် မှတ်ပုံတင်သည်။

သတင်းပလင်းအစုံကိုနားထောင်နိုင်ရန်အတွက် ရံဖန်ရံခါ တရုတ်နိုင်ငံထုတ်ရေဒီယိုကို နားထောင်တတ်သော ရှမ်းပြည်နယ် အင်းလေးကန်အတွင်းရှိ ကျွန်းကြီးရွာမှ ကိုပြုံးအတွက်မူ သူ၏ မျှော်လင့်ချက်ကို ထုတ်ဖော်ပြောဆိုရန် အဖြေမရှိဖြစ်နေသည်။ ယခုလတ်တလော သူစဉ်းစားရင်ဆိုင်နေရသည်မှာ အင်းလေးကန်ရေနည်းပါးလာခြင်းနှင့် ခရီးသွားလာရေးခက်ခဲလာခြင်း ဖြစ်သည်။ စံချိန်တင်အောင် ရေကျခြင်းနှင့်ကြုံတွေ့နေရသော အင်းလေးကန်၏ဖြစ်ရပ်သည် ရုတ်တရက်ကြည့်လျှင် လတ်တလောဖြေရှင်းရမည့် ပြဿနာမဟုတ်ဟု မြင်နိုင်သည်။ သို့သော် ယခုပင်ဖြေရှင်းရန်နည်းလမ်းမရှာခဲ့လျှင် ရိုးသားအေးဆေးစွာ နေထိုင်ရာဖွေစားသောက်နေကြသော အင်းသားတို့၏ဘဝကို တစ်စထက်တစ်စ တိုက်စားသွားပေလိမ့်မည်။

**ခွန်းသု**

**(Contributed by ကျော်မျိုးထွန်း၊ ဆက်နိုင်၊ ဒီမောင်)**

www.foreverspace.com.mm



# ရုပ်ရှင်ရုံများ၏ အနာဂတ်

ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း

**ပိတ်ကားပြင်တွင် 'တုန်ခြင်း၊ မှုန်ခြင်းသည်းခံပါ' ဟူသောစာတမ်းဖြင့် ၁၉၂၀ ပြည့်နှစ်မှစတင်ခဲ့သော မြန်မာ့ရုပ်ရှင်၏ သက်တမ်းမှာ ရာစုနှစ်တစ်ခုဆီသို့ပင် ဦးတည်နေပေပြီ။ ရုပ်ရှင်ပြသသည့်လုပ်ငန်း (ရုပ်ရှင်ရုံ) များမှာလည်း ထိုနည်းနှင်နှင်ပင်။ ကိုလိုနီခေတ်နှောင်းကို ဖြတ်သန်းခဲ့ရသကဲ့သို့ လွတ်လပ်ရေးခေတ်ဦးကိုလည်းကျော်ဖြတ်ခဲ့ပြီး ဆိုရှယ်လစ်ခေတ်ကိုလည်း မလွန်ဆန်နိုင်ခဲ့ပေ။ ပုဂ္ဂလိကပိုင်အဖြစ် စတင်ခဲ့ရသော်လည်း ပြည်သူပိုင်ဘဝကိုလည်း ကြုံတွေ့ခဲ့ဖူးသလို အစိုးရပိုင်အဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။**

ထိုထိုသောအခြေအနေအစုံစုံကို ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီးဖြစ်သော ရုပ်ရှင်ရုံလုပ်ငန်းများမှာ သံသရာတစ်ပတ်လည်၍ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲသရုပ်ဆောင်ရဦးတော့ပေမည်။

## ပုဂ္ဂလိကပိုင်သို့

ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံပိုင်ရုပ်ရှင်ရုံများဖြစ်သော စစ်ကိုင်းမြို့ရှိ ဇေယျာသီရိရုပ်ရှင်ရုံ၊ ရန်ကုန်မြို့ရှိ ရွှေမန်းရုပ်ရှင်ရုံ၊ ဘုရင့်နောင်ရုပ်ရှင်ရုံ၊ စံပြရုပ်ရှင်ရုံ၊ မြို့မရုပ်ရှင်ရုံ၊ ရွှေဂုန်ရုပ်ရှင်ရုံ၊ သန်လျင်မြို့ရှိ

www.foreverspace.com.mm

မြဲဟန်သာရုပ်ရှင်ရုံ၊ ပဲခူးမြို့ရှိ ရဲတံခွန်၊ စစ်တွေမြို့ရှိ မြို့မ၊ တောင်ကြီးမြို့ မြသုခ၊ အောင်ပန်းမြို့ရှိ ငွေဗိမာန်ရုပ်ရှင်ရုံ စုစုပေါင်း ရုံပေါင်း ၁၁ ရုံကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၂ ရက်နှင့် ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြထားသည်။

အဆိုပါရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် လက်ရှိနှစ်ရှည်ငှားရမ်းထားသူများကို ပထမဦးစားပေးအနေနှင့် ရောင်းချပေးမည်ဖြစ်ပြီး မူလပိုင်ရှင်ဟောင်းနှင့် ပြင်ပပုဂ္ဂိုလ်များကို ဒုတိယ ဦးစားပေးအဖြစ်သာ စဉ်းစားသွားမည်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံများ၏ အဆင့်မြှင့်မွမ်းမံပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံပိုင်ရုပ်ရှင်ရုံများကို ငှားရမ်းခဲ့ရာတွင် ပထမငါးနှစ်၊ ဒုတိယငါးနှစ်၊ တတိယငါးနှစ် စသည်ဖြင့် နှစ်ရှည်ငှားရမ်းသူတို့နှင့် သဘောတူစာချုပ်ချုပ်ဆိုရကြောင်း၊ ရန်ကုန်မြို့ရှိရုပ်ရှင်ရုံအများစုမှာ ၂၀၀၀ ပြည့်နှစ်မှစတင်ငှားရမ်းခဲ့ရာ ယခု ၂၀၁၀ ပြည့်နှစ်တွင် နှစ်ရှည်ငှားရမ်းမှုသက်တမ်း ၁၀ နှစ်သာရှိသေးပြီး နောက်ထပ် ငါးနှစ်ကို နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့် ရှိနေသေးကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းထံမှ သိရသည်။

ကျန်ရုပ်ရှင်ရုံများကိုလည်း အနေးနှင့်အမြန် ဝယ်သူပေါ်ပေါက်သည်နှင့် ရောင်းချသွားဖွယ်ရှိကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့်နီးစပ်သောအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

## ရုပ်ရှင်ရုံများက ကျွန်ုပ်တို့ကို ဘာရောင်းပါသနည်း

အကောင်အထည်မြင်ရသော မည်သည့်ပစ္စည်းကိုမှ မရောင်းပါ။



ဆိုလိုသည်မှာ ရုပ်ရှင်ရုံလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး စားသုံးသူကို စိတ်တိုင်းကျ ကျေနပ်နှစ်သိမ့်မှု အပြည့်အဝပေးရသောလုပ်ငန်းတစ်ခုဖြစ်သည်။

"လက်ရှိရုပ်ရှင်ရုံများ၏ ဝန်ဆောင်မှုမှာ ပရိသတ် (စားသုံးသူ) များအတွက် နှစ်ခြိုက်သဘောကျစရာ၊ လက်ခံနိုင်စရာ အခြေအနေရှိပါသလား" ဆိုသည်ကို စားသုံးသူအတော်များများသို့မေးမြန်းခဲ့ရာ "မရှိပါ" ဟု အများစုက ဖြေဆိုကြသည်။

အသံပိုင်းဆိုင်ရာအရည်အသွေးမှုသာမက ကြည့်ရှုရသည့် ပတ်ဝန်းကျင်လိုအပ်ချက်ကလည်း ကြီးမားစွာရှိနေသေးသည်။

## သူနိုင် ကိုယ်နိုင်

ရုပ်ရှင်ရုံများပြုပြင်ရာတွင် ငွေကျပ်သိန်းပေါင်းများစွာ အကုန်ကျခံထားရပြီး နှစ်ရှည်လများ ရင်းနှီးမြှုပ်နှံဆောင်ရွက်



www.foreverspace.com.mm

လျက်ရှိသောကြောင့် နှစ်ရှည်ငှားရမ်းသူတို့ လက်ဝယ်ရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းထံမှ သိရသည်။

မိမိလုပ်ကိုင်လျက်ရှိသောရုပ်ရှင်ရုံကို သံယောဇဉ်ရှိခြင်း၊ သိန်းပေါင်းများစွာရင်းနှီးခဲ့ရခြင်း၊ ကျွမ်းကျင်ရင်းနှီးပြီးသားလုပ်ငန်းတစ်ခုမှ အခြားလုပ်ငန်း ပြောင်းလဲလုပ်ကိုင်ရန်ဆန္ဒမရှိခြင်းတို့ကြောင့် လက်ဝယ်ရရှိရန်ကြိုးပမ်းနေကြောင်း၊ ကိုယ်ပိုင်ဖြစ်လာပါက အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် စိတ်တိုင်းကျတည်ဆောက်ရန် စိတ်ကူးထားသဖြင့် လုပ်ပိုင်ခွင့်များရလာပါက ရင်းနှီးမြှုပ်နှံရန် သတ္တိရှိကြောင်း လေလံတင်စာရင်းတွင် ပါဝင်သောရုပ်ရှင်ရုံတစ်ရုံကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသူ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"တိုက်ခန်းတွေလို ဆေးသုတ်ရုံနဲ့ပြီးတာမဟုတ်ဘူး။ သိန်းလေးထောင်လောက်ရင်းနှီးပြီး ပြင်ထားတာ။ နောက်လူလက်ထဲရောက်မယ်ဆိုရင် ဒီ ရင်းနှီးထားတာတွေ နစ်နာတာပေါ့" ဟု ၎င်းက ပြောကြားသည်။

**ရုပ်ရှင်ရုံများပြုပြင်ရာတွင် ငွေကျပ်သိန်းပေါင်းများစွာ အကုန်ကျခံထားရပြီး နှစ်ရှည်လများ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသောကြောင့် နှစ်ရှည်ငှားရမ်းသူတို့ လက်ဝယ်ရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းထံမှ သိရသည်။**

ယင်းကြောင့်ပင် နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသူများက ကျန်သက်တမ်းငါးနှစ်အတွက် ထည့်သွင်းတွက်ချက်ထားသော ၎င်းတို့၏ ရုံပြုပြင်စရိတ်များကို တွက်ကာ လေလံအောင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

## အသေးတွေနဲ့လည်း ပြိုင်

အသစ်ဖွင့်လှစ်မည့် ဈေးဝယ်စင်တာများတွင် အသေးစားရုပ်ရှင်ရုံများကို မဖြစ်မနေထည့်သွင်းလာကြရာ ၎င်းတို့ပြသမည့်ပုံစံမှာ လက်ရှိရုပ်ရှင်ရုံများကဲ့သို့ မဟုတ်ဘဲ ဇာတ်ကားပေါင်းများစွာကို ဆက်တိုက်တင်ဆက်သွားမည့် ပုံစံမျိုးဖြစ်ကြောင်း ဈေးဝယ်စင်တာကြီးတစ်ခု ဖွင့်လှစ်ရန်စီစဉ်နေသူတစ်ဦးက ဆိုသည်။



www.foreverspace.com.mm



သို့ဖြစ်ရာ ရုပ်ရှင်ရုံများအနေဖြင့် ပိုမိုအားထုတ်၍ ဝန်ဆောင်မှုများအဆင့်မြှင့်လာရမည့်အခြေအနေရှိကြောင်း ရုပ်ရှင်ရုံတစ်ရုံ၏ မန်နေဂျာတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ကတော့ ရုပ်ရှင်ရုံတွေကို မထိခိုက်စေဘူးလို့ ယုံပါတယ်။ Taste မတူဘူးလေ" ဟု တော်ဝင်စင်တာ၏ အကြီးအကဲ ဦးကိုကိုထွေးက ဆိုသည်။

၂၀၁၀ နှစ်ကုန်တွင်ဖွင့်လှစ်မည့် တော်ဝင်စင်တာတွင် Mini DVD Theate လေးရုံကို ထည့်သွင်းဖွင့်လှစ်မည်ဖြစ်ပြီး ဈေးဝယ်စင်တာသို့ လာရောက်မည့်သူများ စိတ်အပန်းဖြေကြည့်ရှုရန် ရည်ရွယ်ကြောင်း ၎င်းက ဆိုသည်။

ဈေးဝယ်စင်တာများတွင် ယင်းသို့ ရုပ်ရှင်ရုံအသေးစားများ ထည့်သွင်းလာလျှင် မိမိတို့က ဝန်ဆောင်မှုပိုမိုကောင်းမွန်အောင် အားထည့်ယှဉ်ပြိုင်ရန်သာရှိကြောင်း၊ လက်ရှိ ရန်ကုန်မြို့တော်ရှိ ဒုတိယအဆင့်ရုံများမှာ ၎င်းတို့၏ ဝန်ဆောင်မှုအရည်အသွေးကိုသာ ပြောင်းလဲခြင်းမရှိပါက ကျန်ခဲ့မည်သာဖြစ်ကြောင်း နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

## ပြောင်းလဲလာမှာလား

ယင်းသို့ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပြီးနောက်ပိုင်းတွင် ရုပ်ရှင်ရုံများ၏ ဝန်ဆောင်မှုများ ပိုမိုအားပြိုင်လာဖွယ်ရှိကြောင်း နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသူများနှင့် ရုပ်ရှင်အသိုင်းအဝိုင်းက သုံးသပ်လျက် ရှိသည်။

ယင်းကဲ့သို့ နိုင်ငံပိုင်ရုပ်ရှင်ရုံများ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချပြီး ပုဂ္ဂလိကပိုင်အဖြစ်ပြုလုပ်ခွင့်များ ရရှိပါက ရုပ်ရှင်လုပ်ငန်းဝန်ဆောင်မှုများ အားပြိုင်လာပြီး ရုပ်ရှင်လုပ်ငန်းများတိုးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပြောကြားသည်။


"အပြိုင်အဆိုင်ဖြစ်လာရင်တော့ ဝန်ဆောင်မှုတွေ ကောင်းလာနိုင်တာပေါ့။ အခု အခြေအနေက မျှောလိုက်နေကြတဲ့



သဘော။ အဆင့်မြှင့်ဖို့ဆိုတာ အသံ၊ အရုပ်တင်မကဘူး၊ ကြည့်တဲ့နေရာတွေပါ ကောင်းအောင်လုပ်ဖို့လိုတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရုပ်ရှင်ဇာတ်ကားများထုတ်လုပ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရုပ်ရှင်ရုံများကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်း ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းသုံး စက်ပစ္စည်းအသစ်များ ရောက်ရှိတပ်ဆင်ပြီးနောက်ပိုင်းတွင် ထုတ်လုပ်သော မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများ၏ အရုပ်၊ အသံ တိုးတက်ကောင်းမွန်လာကြောင်း၊ သို့သော် စတင်ပြသသည့်ရုံများတွင်သာ ကောင်းမွန်ပြီး ရန်ကုန်မြို့ပေါ်ရှိ ဒုတိယအဆင့်၊ တတိယအဆင့်ပြသသည့်ရုံများတွင်မူ ချို့ယွင်းအားနည်းနေသေးကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

ရုပ်ရှင်ရုံများကို ယခုငှားရမ်းလုပ်



www.foreverspace.com.mm

ကိုင်နေရသော်လည်း နောင်တစ်ချိန်တွင် မိမိရုံဖြစ်လာမည်ဖြစ်သဖြင့် မိမိပဲရမည်ဆိုသောစိတ်ဖြင့် ကောင်းမွန်အောင်ဆောင်ရွက်ပေးကြရန် ၂၀၀၇ ခုနှစ်ကုန်ပိုင်းကပင် ပြန်ကြားရေးဝန်ကြီးဌာနကညွှန်ကြားခဲ့ပြီး ယင်းအချိန်ကပင် ထိထိရောက်ရောက်ပြင်ဆင်ခဲ့ပါက ပရိသတ်မက်မောသည့်ရုံများလာမည်ဖြစ်ကြောင်း၊ အပြိုင်စနစ်ဖြင့်ပြသနိုင်မည်ဆိုပါက ဇာတ်ကားများတန်းစီပြီး မကြန့်ကြာဘဲ ယှဉ်ပြိုင်ပြသနိုင်သဖြင့် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးတိုးတက်စေရန်လည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။





ငှားရမ်းထားခြင်းသာဖြစ်သော ရုပ်ရှင်ရုံများကိုပြုပြင်ရာတွင် မိမိစိတ်တိုင်းကျ ပြုပြင်နိုင်သည်မဟုတ်ဘဲ ရရှိသည့်အခြေအနေပေါ်မူတည်၍ ကြည့်ကောင်းရုံပြင်ဆင်ရခြင်းဖြစ်ကြောင်း၊ အကယ်၍ မိမိကိုယ်ပိုင်အနေဖြင့်ရရှိလာပါက မိမိတို့စိတ်တိုင်းကျလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်ရှည်ငှားရမ်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

"အခုရှိတဲ့ရုံတွေကို ပြုပြင်ရမယ်ဆိုရင် အကုန်ဖျက်ရမယ်။ ဒီရုံတွေက လွတ်လပ်ရေးခေတ်က ဆောက်ထားတာတွေ၊ အိုနေပြီ" ဟု ၎င်းက ဆိုသည်။

ရုပ်ရှင်ရုံဟူသည် လူအများ အပန်းဖြေရာနေရာတစ်ခုဖြစ်သည့်အတွက် ယင်းနေရာသို့ လာချင်စိတ် အလိုအလျောက် ပေါ်ပေါက်လာစေရန် ဖန်တီးထားရမည့်အပြင် ရုံတွင်းသို့ရောက်ရှိလာပြီဆိုပါက လည်း စိတ်ကြည်နူးချမ်းမြေ့စေရန် ဖန်တီးပေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပန်းဖြေလာရောက်သူများ လိုအပ်သည်များကို တစ်နေရာတည်းတွင် ရရှိနိုင်စေရန် ဈေးဝယ်စင်တာ၊ ကော်ဖီဆိုင်၊ ဘီလီယက်ခန်းမ၊ ကာရာအိုကေခန်းမ စသည်တို့ ထားရှိသင့်ပြီး လူဦးရေ ၈၀၀၊ ၁၀၀၀ ဆံ့သည့် ရုံကြီးများအပြင် နိုင်ငံခြားဇာတ်ကား၊ ကာတွန်း၊ မြန်မာဇာတ်ကားများကို တစ်ပြိုင်တည်းပြသနိုင်သည့် ရုံငယ်များကိုပါ စီစဉ်ထားသင့်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပြောကြားသည်။

သို့သော် ရောင်းချပြီးဖြစ်သည့် ရုပ်ရှင်ရုံအချို့သည် တခြားသောစီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခြင်းများ ရှိနေကြောင်း၊ ယင်းသို့ အမှန်အကန်လုပ်ကိုင်လိုသူများ လက်ထဲသို့မရောက်ရှိပါက များစွာနစ်နာကြောင်း၊ ရုပ်ရှင်ရုံများရောင်းချသည့် စည်းကမ်းချက်များတွင်ပင် ယင်းအချက်ထည့်သွင်းထားကြောင်း၊ ထို့ပြင် အချို့ရုံများတွင်မှ ဘောလုံးပွဲနှင့် ဒီဗီဒီများကိုသာပြသနေခြင်းများရှိနေရာ ပရိသတ်အတွက်နစ်နာကြောင်း နှစ်ရှည်ငှားရမ်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ကတော့ သရီးဒီအဆင့်အထိကိုလုပ်ချင်တာ။ ဒါပဲလုပ်လာတာလည်းကြာပြီလေ။ လူတွေကလည်း သရီးဒီကို တော်တော်စိတ်ဝင်စားနေတာ" ဟု ၎င်းက ဆိုသည်။

လက်ရှိအခြေအနေအရ ရုပ်ရှင်ကားကြီးထုတ်လုပ်မှုလျော့နည်းခြင်းတွင် အပြိုင်ပြသနိုင်သည့်ရုံကောင်းနည်းနေခြင်းကလည်း တစ်စိတ်တစ်ပိုင်းပါကြောင်း ဒါရိုက်တာတစ်ဦးက ဆိုသည်။

"လက်ထဲရောက်ပြီးရင်သာ ကောင်းသောပြိုင်ဆိုင်မှုနဲ့ ပရိသတ်တွေကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ဖို့ပဲ မျှော်လင့်ပါတယ်။ သူတို့ကြောင့် ပရိသတ်တိုးလာရင် ကျွန်တော်တို့လည်း ရုပ်ရှင်ဇာတ်ကားကောင်းတွေ ပိုထုတ်လုပ်လာနိုင်မှာပဲလေ" ဟု ၎င်းက သုံးသပ်သည်။

**ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း**

■

www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင် ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏ ကုန်စည်များတင်ပို့ရာ အဓိကကုန်တင်ယာဉ်ရပ်နားစခန်းကြီးဖြစ်သည့် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင် သင်္ကြန်ပိတ်ရက်ရှည်ကာလမတိုင်ခင်က လက်ခံထားသည့်ကုန်စည်များ အပြီးတင်ပို့နိုင်ရေးအတွက် ညဥ့်နက်သည်အထိ ကုန်စည်ပို့ဆောင်ရေးဂိတ်များ ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့မြင်ရသည်။

ပြည်ပသို့ဆန်တင်ပို့ခွင့်များ ကျယ်ကျယ်ပြန့်ပြန့်ချပေးနေသည်ဟုဆိုသော်လည်း ဘုရင့်နောင်ဆန်ပွဲရုံများမှ ဆန်များအနုတ်အသိမ်းနည်းပါးနေပြီး ဈေးအေးလျက်ရှိကြောင်း၊ ပြည်ပပို့ကုန်ပဲမျိုးစုံမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် အဝယ်လိုက်ပြီး ဈေးနှုန်းအမြင့်၌ အတက်အကျဖြစ်နေကြောင်း အဆိုပါကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

စားဖိုဆောင်သီးနှံဈေးကွက်တွင် သင်္ကြန်ကာလနီးလာသဖြင့် အာလူးတစ်မျိုးသာ အဝယ်လိုက်ပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်များ ဈေးအေးကာ စားအုန်းဆီမှာလည်း ဈေးကျလာသည်ဟု ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

နှစ်စဉ်နှစ်တိုင်း တွေ့ရိုးတွေ့စဉ်လမ်းပိတ်ပြုပြင်မှုများတွေ့မြင်ရသကဲ့သို့ သစ်ပင်ရိပ်များတွင် အပူဒဏ်ကိုအန်တုလျက် ကျားထိုး၊ ကြွေအန်ပစ်နေသည့် ဂန်ဘား (ပွဲရုံ လက်ကိုင်မရှိ လုပ်သားများ)၏မြင်ကွင်းမှာ မရိုးနိုင်သည့်မြင်ကွင်း ဖြစ်၍လာသည်။

## ဆန်အနုတ်နည်းပြီး ဈေးအေး

ဆန်ပွဲရုံများမျှော်လင့်နေသည့် ပြည်ပသို့ ဆန်တင်ပို့ခွင့်ပါမစ်များချပေးလာသော်လည်း ဆန်တင်ပို့ခွင့်ရကုမ္ပဏီများအနေဖြင့် ၎င်းတို့ဝယ်ယူထားသောဆန်များကိုသာ ဦးစားပေးတင်ပို့နေပြီး ဘုရင့်နောင်ပွဲရုံများမှ ဆန်များဝယ်ယူတင်ပို့ခြင်းမရှိသဖြင့် ဆန်

www.foreverspace.com.mm



အနှုတ်အသိမ်းနည်းပါးကာ ဆန်ချောနှင့် ဆန်ကြမ်းနှစ်မျိုးစလုံး ဈေးအေးလျက်ရှိသည်ဟု ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဆိုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက သိသိသာသာဈေးမြင့်ခဲ့သော ဆန်ချောများသည် မုန်တိုင်းသတင်းကောလာဟလများကြောင့် နယ်စပါးဈေးကျဆင်းပြီး ဆန်ချောတစ်အိတ်ကျပ်တစ်ထောင်ခန့်ကျဆင်းလာကြောင်း၊ ဆန်ကြမ်းနွေဆန်များပေါ်လာသဖြင့် ဆန်ကြမ်းအသစ်များဈေးကျလာသော်လည်း နွေဆန်မှာ အိတ်သားတက်ပြီး အရည်အသွေးအပြောင်းအလဲမြန်သဖြင့် များများ မလှောင်ရဲကြောင်း၊ မိုးဆန်ကြမ်းအဟောင်းမှာ ဈေးကွက်သို့ပစ္စည်းအဝင်နည်းနေကြောင်းနှင့် ဆန်ကွဲဈေးနှုန်းများလည်း ကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်းရှိ ဆန်လက်ကားရောင်း ဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လက်ရှိဆန်ကွဲဈေးနှုန်းများ ကျဆင်းနေပြီး ရန်ကုန်မှ နယ်သို့ဆန်အထွက် စိစစ်မှုပေါ်မူတည်၍ စပါးဈေးနှုန်းများကျဆင်းနေကြောင်း၊ ပြည်ပသို့တင်ပို့သော ၂၅ မှတ် ဆန်ကြမ်းတစ်တန် အမေရိကန်ဒေါ်လာ ၃၀၀ ခန့်သာရသဖြင့် ဈေးနိမ့်နေကြောင်း ဘုရင့်နောင်ပွဲရုံအခြေစိုက် ပြည်ပသို့ ဆန်တင်ပို့နေသူတစ်ဦးက ဆိုသည်။

ရွှေဘိုပေါ်ဆန်း ၁၀၈ ပေါင်တစ်အိတ် ၂၈,၀၀၀ ကျပ်၊ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံပေါ်ဆန်း တစ်အိတ် ၂၇,၀၀၀ ကျပ်၊ လပွတ္တာ၊ ဒေးဒရဲပေါ်ဆန်း တစ်အိတ် ၂၆,၀၀၀ ကျပ်မှ ၂၆,၇၀၀ ကျပ်၊ တောင်ပျံတစ်အိတ် ၂၃,၅၀၀ ကျပ်မှ ၂၃,၈၀၀ ကျပ်၊ ပေါ်ကျွဲတစ်အိတ် ၂၀,၀၀၀ ကျပ်မှ ၂၀,၅၀၀ ကျပ်၊ ခွန်နီ တစ်အိတ် ၁၉,၀၀၀ ကျပ်မှ ၁၉,၅၀၀ ကျပ်၊ ဆန်ကြမ်း မနောသုခမိုး ၁၇,၅၀၀ ကျပ်၊ နှံကားမိုး ၁၇,၂၀၀ ကျပ်၊ နွေအကြမ်းတစ်အိတ် ၁၆,၂၀၀ ကျပ်မှ ၁၅,၇၀၀ ကျပ်ခန့်ဖြင့် မတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နယ်စပါးဈေးမှာ ပေါ်ဆန်းယဉ် တင်း ၁၀၀ ကို ကျပ်



ခုနစ်သိန်းအထိဖြစ်ခဲ့ပြီး ဧပြီလဆန်းတွင် ခြောက်သိန်းခွဲအထိ ပြန်ဆင်းလာကြောင်း၊ စပါးအကြမ်းမှာ ကျပ်လေးသိန်းနှစ်သောင်းမှ လေးသိန်းအထိ ပြန်ဆင်းလာပြီး ဆန်ဈေးနှင့် စပါးဈေးနှစ်မျိုးစလုံး သင်္ကြန်အပြီးအထိ ဆက်လက်အေးဖွယ်ရှိကြောင်း ဆန်ဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။

## အမြင့်လိုင်းစီးသည့် ပဲမျိုးစုံ

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် အိန္ဒိယပဲဈေးကွက်၏ ဝယ်လိုအားကြောင့် ပဲဈေးများမြင့်လာပြီး ယခင်နှစ် ယခုအချိန်တွင် ပဲတစ်အိတ် ကျပ်ငါးသောင်းကျော်ခန့်သာရှိသော်လည်း ယခုနှစ်တွင် ကျပ်တစ်သိန်းနားအထိ ရောက်နေကြောင်း၊ မတ်လတွင် အိန္ဒိယဝယ်လက်များ၏ ဝယ်ယူမှုအခြေအနေကိုလိုက်၍ ဈေးနှုန်းအတက်အကျအနည်းငယ်ဖြစ်ခဲ့သော်လည်း ဈေးကောင်းသည်ဟုပြောနိုင်ကြောင်း ကံ့ကော်လမ်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူ ကုန်သည်တစ်ဦးက ပြောကြားသည်။

ယခင်နှစ်က တရုတ်မှ အဝယ်ရပ်ခဲ့



www.foreverspace.com.mm

သော ပဲတီစိမ်းများ တရုတ်ကပြန်ဝယ်သဖြင့် ဈေးမြင့်လာပြီး ပိသာ ၆၀ ဝင် တစ်အိတ်လျှင် ၁၃၄,၀၀၀ ကျပ်အထိ ဖြစ်လာကြောင်း၊ နိုင်ငံတကာတွင် ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၀၀၀ ခန့်သာရှိသဖြင့် လက်ရှိပြည်တွင်းပဲဈေးသည် နိုင်ငံတကာထက်မြင့်နေပြီး ယခုနှစ်တွင် ပဲဈေးအရောင်းအဝယ်ကောင်းနိုင်ကြောင်း ပြည်ပသို့ ပဲတင်ပို့နေသူတစ်ဦးက ပြောကြားသည်။

မတ်လကုန်တွင် မတ်ပဲ Raw ပိသာ ၆၀ တစ်အိတ် ၉၅,၈၀၀ ကျပ်၊ မတ်ပဲ RC တစ်တန် ၉၆၅,၀၀၀ မှ ၉၇၀,၀၀၀ ကျပ်၊ SQRC တစ်တန် ၁,၀၂၅,၀၀၀ မှ ၁၀၃,၀၀၀ ကျပ်၊ ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ) တစ်အိတ် ၁၃၁,၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ၁,၀၄၅,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်စာရင်းများအရ သိရှိရသည်။

## မြစ်ဝငရုတ် အထွက်နည်း

မိုးကာလရှည်လျားပြီး ရာသီဥတုပုံမှန်မဟုတ်သဖြင့် ငရုတ်သီးပင်များ သီးလုံးဖောက်ပိုးကျခဲ့ကြောင်း၊ မြစ်ဝကျွန်းပေါ်ငရုတ်များ မျှော်မှန်းထားသလောက် မထွက်ဘဲ သုံးပုံတစ်ပုံခန့် အထွက်လျော့ခဲ့ကြောင်း၊ ငရုတ်အထွက်လျော့သော်လည်း ဝယ်လိုအားမရှိ၍ ဈေးမပြောင်းကြောင်း၊ သင်္ကြန်ပြီးလျှင်မူ ဈေးအပြောင်းအလဲရှိနိုင်ကြောင်း၊ ဆင်ဖြူကျွန်းငရုတ်သီးမှာလည်း ကုန်သည်များလက်ထဲတွင်သာရှိပြီး လက်ကျန်နည်းနေကြောင်း၊ ငရုတ်ရှည်တစ်ပိသာ ၂,၃၀၀ ကျပ်မှ ၂,၄၅၀ ကျပ်၊ ဆင်ဖြူကျွန်းငရုတ်ပု တစ်ပိသာ ၅,၅၀၀ ကျပ်မှ ၆,၀၀၀ ကျပ်၊ စိမ်းစားတစ်ပိသာ ၄,၀၀၀ ကျပ်၊ ယခင်လက တစ်ရက်လျှင် ငရုတ်အိတ် ၂,၀၀၀ မှ ၃,၀၀၀ ခန့်ဝင်ခဲ့သော်လည်း ယခု မတ်လတွင် တစ်ရက်လျှင် အိတ် ၁၀၀၀ ခန့်သာ ဝင်တော့ကြောင်း အောင်သပြေလမ်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ပြည်ပတင်ပို့ခွင့် မျှော်လင့်

ကြက်သွန်နီအသစ်ပေါ်စဉ်ကာလက တစ်ပိသာ ၁,၅၀၀ ကျပ်ကျော်အထိဖြစ်ခဲ့သော ကြက်သွန်နီဈေးနှုန်းသည် စိုက်ပျိုးသူများပြီး အထွက်ကောင်းသဖြင့် ဈေးဆက်တိုက်ကျဆင်းလာရာ တစ်ပိသာ ၃၅၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ တစ်ပိသာ ၅၀၀ ကျပ်အောက်ရောက်လျှင် ပြည်ပတင်ပို့ခွင့်ရမည်ဆိုသဖြင့် ပြည်ပတင်ပို့ခွင့်ကို မျှော်လင့်နေကြောင်း၊ ကြက်သွန်နီဈေးကောင်းသဖြင့် ကြက်သွန်အဓိကစိုက်ပျိုးရာ မြင်းခြံ၊ ပခုက္ကူ၊ တောင်သာ၊ မြစ်သား၊ ရေနံချောင်း၊ တောင်တွင်း၊ ဆိပ်ဖြူ၊ အောင်လံမြို့တို့တွင်သာမက ယခင် စိုက်လေ့စိုက်ထမရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်းတွင်ပါ ကြက်သွန်နီစိုက်ပျိုးလာကြောင်း၊ ဒေသတစ်ခုလျှင် ကြက်သွန်ကား တစ်ရက်နှစ်စီး



www.foreverspace.com.mm



ခန့် ပုံမှန်ဝင်ရောက်နေပြီး ဒေသ ၁၅ ခုခန့် ရှိသဖြင့် ကြက်သွန်ကားစီးရေ ၃၀ ခန့် ဝင်ရောက်နေကြောင်း၊ ကားတစ်စီးကို ပိဿာချိန် ၁၀,၀၀၀ ခန့်ပါကြောင်း ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ရောင်းမကုန်တဲ့ ကြက်သွန်ဖြူသစ်

ကြက်သွန်ဖြူအသစ်များပေါ်လာပြီးနောက် ဝယ်လိုအားကျဆင်းလျက်ရှိပြီး ရောင်းမကုန်ဖြစ်နေကြောင်း၊ ဝယ်အားမရှိသဖြင့် ဈေးချရောင်းရင်း ဈေးကျလာကြောင်း၊ ယခင် ကြက်သွန်ဖြူအဟောင်းတစ်ပိဿာလျှင် ၃,၀၀၀ ကျပ်ကျော်ခဲ့သော်လည်း ယခုတစ်ပိဿာလျှင် ၁,၈၀၀ ကျပ်သာ အမြင့်ဆုံးရှိတော့ကြောင်း၊ သင်္ကြန်ကာလသည် အရောင်းသွက်ရမည့်အချိန်ဖြစ်သော်လည်း ပုံမှန်ထက် ရောင်းအားကျနေကြောင်း၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၁,၂၀၀၊ ၁,၄၀၀၊ ၁,၆၀၀၊ ၁,၈၀၀ ကျပ်၊ ကြူကုတ်တစ်ပိဿာ ၂,၅၅၀၊ ၂,၆၀၀ ကျပ်ခန့်ရှိကြောင်း ယင်းပွဲရုံငုဝါလမ်းမှ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## အာလူး အဝင်မမှန်

ဆင်ဖြူကျွန်း အာလူးတုံးကာနီးချိန်ရောက်ရှိပြီး ဟဲဟိုးအာလူး မလှိုင်သေးသဖြင့် အာလူးအဝင်လျော့ကျကာ အဝင်မမှန်ကြောင်း၊ အာလူးတစ်ပိဿာကို တစ်ရက်လျှင် ၁၀ ကျပ်ခန့်ပြောင်းလဲရာမှ အမြင့်တစ်ပိဿာ ၆၇၀ ကျပ်ထိဖြစ်လာကြောင်း၊ သင်္ကြန်နားနီးသဖြင့် အာလူးအဝယ်လိုက်ကြောင်း၊ အနီမှံတစ်ပိဿာ ၃၅၀ ကျပ်မှ ၃၈၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ကြိုပွိုင့်နိမ့် စားအုန်းဆီ

နှစ်စဉ်နှစ်တိုင်း သင်္ကြန်နားနီးလျှင် အလှူအတန်းများကြောင့် စားအုန်းဆီဈေးမြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင်မှ ကြိုပွိုင့်ဈေးနိမ့်နေမှုကြောင့် စားအုန်းဆီတက်ရန်မရှိကြောင်း၊ ကြိုပွိုင့်တစ်ပိဿာ ၁,၇၇၅ ကျပ်သာရှိပြီး မတ်လလယ်က တစ်ပိဿာ ၁,၈၂၀ ကျပ်ဖြစ်ခဲ့သော စားအုန်းဆီလက်ကားဈေးသည် မတ်လကုန်တွင် ၁,၇၆၅ ကျပ်သာရှိတော့ကြောင်း၊ နိုင်ငံတကာစားအုန်းဆီဈေးမှာလည်း ၈၁၅ ဒေါ်လာဖြင့် မတ်လတစ်လလုံး ငြိမ်နေသော်လည်း ပို့ကုန်ရငွေ (Earning) ဈေးမှာ လဆန်းပိုင်းက ၁,၁၁၅ ကျပ်မှ ၁,၀၅၀ ကျပ်အထိကျဆင်းလာပြီး လကုန်ရက်တွင် ၁,၀၆၅ ကျပ်ဖြစ်လာသဖြင့် ပြည်တွင်းစားအုန်းဆီဈေးကျဆင်းလာခြင်းဖြစ်ကြောင်း ငုဝါလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



နယ်စပ်မှ ၁၀ ပိဿာပုံးဝါဆီ ဝင်ရောက်နေပြီး စားအုန်းဆီဈေးကို ကျဆင်းစေကြောင်း၊ ပဲဆီမှာ ပီပါဈေးတစ်ပိဿာ ၃,၄၀၀ ကျပ်ခန့်ရှိကြောင်း ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## တွက်ရခက်တဲ့ တန်ဆာ

ကုန်စည်ပို့ဆောင်ရေးဂိတ်များအနေဖြင့် လက်ခံထားသည့်ကုန်များ သင်္ကြန်ပိတ်ရက် ၁၀ ရက်မတိုင်ခင်အပြီးအစီးတင်ပို့ရမည်ဖြစ်ကြောင်း၊ ယာဉ်နှင့်ကုန် ချိန်ဆလုပ်ကိုင်နေပြီး ဖောက်သည်မပျက်ရေးအတွက် လက်ခံထားသည့်ကုန်များကို နယ်သို့အချိန်မီပို့နိုင်ရေး ကြိုးစားနေရကြောင်း၊ တန်ဆာကိုလည်း မှန်းဆရခက်နေကြောင်း ခရေလမ်းမှ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဓိက ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ရန်ကုန်–မန္တလေး ဆန်တစ်အိတ် ၁,၅၀၀ ကျပ်မှ ၁,၆၅၀ ကျပ်အထိဖြစ်လာပြီး လကုန်ရက်တွင် ၁,၄၀၀ ကျပ်အထိ ပြန်ဆင်းလာသည်ဟု ရန်ကုန်–မန္တလေးကုန်တင်ယာဉ်ဂိတ်မှူးတစ်ဦးက ပြောကြားသည်။

ရန်ကုန်မှ မန္တလေးသို့ တက်သောကုန်တင်ယာဉ်အချို့ သင်္ကြန်ပိတ်ရက်အတွင်း ယာဉ်ကြံ့ခိုင်မှုအတွက် ပြုပြင်ရန် ပြန်ဆင်းလာသည်များရှိကြောင်း၊ ကုန်တင်ယာဉ်ရှားလျှင်မူ တန်ဆာခတက်နိုင်ကြောင်း ၄င်းက ဆက်လက်ရှင်းပြသည်။

မည်သို့ပင်ဖြစ်စေ ဆယ့်နှစ်လရာသီပွဲတော်များ၊ အလှူအတန်းများ ပေါ်များသည့် မြန်မာနိုင်ငံတွင် ကုန်သည်ပွဲစားများ၏ ရောင်းရေးဝယ်တာသည် ဆက်စပ်တည်မှီနေပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ သင်္ကြန်၊ နှစ်သစ်ကူးပွဲတော်များတွင် အရောင်းအဝယ် ပုံမှန်ထက် ကောင်းလေ့ရှိ

www.foreverspace.com.mm

သည်ဟု ကုန်သည်များက ယူဆထားကြသည်။

ရိုးရာပွဲတော်များသည် မြန်မာ့ကျေးလက်နေ လူဦးရေ ၇၀ ရာခိုင်နှုန်း၏ ဝယ်လိုအား (သုံးနိုင်စွဲနိုင်အား) နှင့် ချိတ်ဆက်နေပြီး ကျေးလက်နေ လူအများစု၏ အဓိကစီးပွားရေးဖြစ်သော လယ်ယာသီးနှံမျိုးစုံအထွက်နှုန်းကောင်းခြင်း၊ ဈေးကောင်းရခြင်းတို့နှင့် တိုက်ရိုက်အချိုးကျနေသည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြလေ့ရှိသည်။

လူဦးရေအများစုဖြစ်သည့် ၇၅ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာလျှင် ကျန်လူဦးရေ ၂၅ ရာခိုင်နှုန်း၏ စီးပွားရေးသည်လည်း ရေမြင့်ကြာတင့်ဆိုသလို မြင့်တက်လာမည်ဖြစ်သည်။ လယ်ယာထွက်သီးနှံများမှာလည်း မက်လုံးရှိလျှင် ထုတ်လုပ်မှုတိုးလာမည်ဖြစ်ပြီး ဈေးနှုန်းကြီးမြင့်မှုကို အလိုအလျောက် လျှော့ချနိုင်မည်ဖြစ်သည်။ စီးပွားရေးပညာရှင် အဒမ်စမစ်၏ စီးပွားရေးသီအိုရီအရ မမြင်ရသောလက်၏ မောင်းနှင်အားဖြစ်ပြီး ယခုနှစ် ၂၀၁၀ နိုင်ငံရေးလမ်းစ ပေါ်ထွန်းမှုများနှင့်အတူ စီးပွားရေးအခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာမည်ဟု ပြည်သူအများစုက မြန်မာနှစ်သစ်တွင် မျှော်လင့်နေကြသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အချိန် နီးကပ်လာပြီဖြစ်၍ သင်္ကြန်ပစ္စည်းများ အရောင်းသွက်နေသည့် ညောင်ပင်လေးပလာဇာဈေးကွက်တွင်ယင်း ကုန်စည်တို့ တင်သွင်းရောင်းချသည့် ဆိုင်အချို့တို့၌ စားသောက်ချိန်နာရီပိုင်း အချိန်ခန့်သာ အနားရတော့ကြောင်း အဆိုပါပလာဇာပထမထပ်ရှိ စားသောက်ကုန်များရောင်းချသည့် ဆိုင်ရှင်တစ်ဦးက လတ်တလော ရောင်းအားအနေအထားကို ပြောပြသည်။

သို့သော်လည်း သင်္ကြန်နှင့် ဆက်စပ်သည့် စားကုန်အချို့သာ ရောင်းအားတက်နေပြီး ကျန်ကုန်စည်အချို့မှာမူ အရောင်းအေးဆဲအနေအထားကို ဆက်လက်ရရှိထားကြောင်း အခြေခံ လူသုံးကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်အချို့ထံမှ သိရသည်။

သင်္ကြန်ပွဲတော်နားနီး၍ သင်္ကြန်စာစားသောက်ကုန်များ ရောင်းအားကောင်းနေသော်လည်း ဈေးနှုန်းများမှာမူ အကျဘက်သို့ ရောက်နေကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရှိရသည်။

## သင်္ကြန်အချိုရည်

ပွင့်လင်းရာသီရောက်သော်လည်း ပုံမှန်ရောင်းအားသာ ရှိနေခဲ့သော အချိုရည်များမှာ သင်္ကြန်ပွဲတော်ရက်နီးကပ်လာ



www.foreverspace.com.mm






သည့်အတွက် ဧပြီလနှောင်းပိုင်းမှ စတင်၍ ထုံးစံအတိုင်း အရောင်းသွက်လာခဲ့ကြောင်း ညောင်ပင်လေးပလာဇာရှိ အချိုရည် လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်ကြီးများထံမှ သိရသည်။

ယင်းသို့ အချိုရည်ဈေးကွက်အရောင်းသွက်နေသော်လည်း ယင်းဈေးကွက်အတွင်းရှိ ပြည်တွင်း၊ ပြည်ပမှ တင်သွင်းရောင်းချသည့် အချိုရည်တို့၏ ဈေးနှုန်းများမှာမူ အတက်မရှိကြောင်း၊ ပြည်ပအချိုရည်ဈေးကွက်တွင် အချိုရည်အများစုမှာ ဈေးနှုန်းကျဆင်းနေကြောင်းနှင့် လက်ရှိပေါက်ဈေးများအနေဖြင့် ဆန်းကစ် (တစ်ပါကင်) ၁၀၈၀၀ ကျပ်၊ Pokka Orange (တစ်ပါကင်) ၁၅၂၀၀ ကျပ်၊ 100 Plus (တစ်ပါကင်) ၉၅၀၀ကျပ်နှင့် ဈေးကွက်အတွင်း ရောင်းအားကောင်းမွန်မှုရှိနေသည့် Coke အချိုရည်များမှာလည်း ဈေးနှုန်းအနည်းငယ်ကျဆင်းနေကြောင်း ပြည်ပထုတ်အချိုရည်များ တင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြည်တွင်းထုတ်အချိုရည်များမှာမူ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ရပ်တည်နေကြောင်း၊ လတ်တလောတွင် လျှပ်စစ်ဓာတ်အားချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ထုပ်ပိုးမှုပိုင်းဆိုင်ရာ ပစ္စည်းများ ပြတ်လပ်မှုရှိခဲ့သည့်အတွက် ဈေးကွက်တွင်းသို့ အချိုရည်များ အဝင်နည်းသွားခဲ့ကြောင်း ညောင် ပင်လေးပလာဇာပထမထပ်ရှိ အချိုရည်လက်ကားဈေးကွက်အတွင်းမှ သိရှိရသည်။

## ခပ်မြင့်မြင့် သကြား

ယခုနှစ်အတွင်း ကြံအထွက်နှုန်းလျော့ခြင်း၊ ရာသီဥတုကြောင့် အထွက်ဆုတ်ခြင်းတို့ဖြစ်ပေါ်ခဲ့ရာ ပွက်ရည်ဈေးနှင့် သကြားဈေးတို့ မြင့်တက်သွားခဲ့သည်။ ယခုနှစ်အတွင်း သကြားဈေးမှာ တစ်ပိဿာလျှင် ၁၂၀၀ ကျပ်ကျော်သည်အထိ မြင့် တက်သွားမှုရှိခဲ့ပြီး ကုန်ကြမ်းဖြစ်သည့် ပွက်ရည်ဈေးမှာ ၇၁၀ ကျပ်ကျော်သည်အထိ ရောက်ရှိခဲ့သည်။ ဘုရင့်နောင် သကြားဈေးကွက်အတွင်း ဧပြီလ ၃၀ ရက်နေ့တွင် သိရှိရသည့် ဈေးနှုန်းများအရ အဖြူစမှာ ကျပ် ၁၂၀၀ ကျော်တွင်ရှိနေပြီး ပွက်ရည်ဈေးနှုန်းများမှာလည်း ၇၁၀ ကျပ်တွင်ရှိနေသေးကြောင်း သိရသည်။

ပြည်ပသကြားပေါက်ဈေးများအနေဖြင့်မူ မေလ ၂၀ ရက်နောက်ပိုင်းမှ စတင်၍ ဆက်တိုက်ပြုတ်ကျလာခဲ့ရာ ယခင်က သကြားတစ်ပေါင် (1lb) လျှင် ၂၉ဆင့်ရှိခဲ့ရာမှ ယခု ဧပြီလ ၃၀ ရက်နေ့ သိရှိရသည့် နှုန်းထားများအရ တစ်ပေါင်လျှင် ၁၈ ဒသမ ၄ ဆင့်သို့ ကျဆင်းလာခဲ့ရာ ပြည်တွင်းဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ၇၀၀ ကျပ်ဝန်းကျင်ခန့်တွင်သာရှိတော့ကြောင်း ဘုရင့်နောင် ပွဲရုံဝင်းအတွင်းရှိ သကြားလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ယင်းသို့ပြည်ပဈေးနှုန်းများ ကျဆင်းလာခဲ့ခြင်းကြောင့် ပြည်ပ၌ ၇၀၀ ကျပ်ဝန်းကျင်ခန့်သာရှိတော့သော်လည်း ပြည်တွင်းတွင် ၁၂၀၀ ကျပ်ကျော် ရှိနေသည့် သကြားဈေးနှုန်းများလိုက်၍ ကျဆင်းလာဖွယ်ရာရှိကြောင်းနှင့် ယင်းသို့ကုန်ချောသကြားဈေးကျပါက ပွက်ရည်ဈေးမှာလည်း ရေရှည်တင်ခံနိုင်မည် မဟုတ်ဟု ထင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

လက်ရှိအချိန်မှာ သကြားရောင်းရသည့်အချိန်ဖြစ်သော်လည်း အရောင်းအဝယ်အေးနေကြောင်း၊ အချို့မှာလည်း သကြားဈေးတက်မည်ဟု ယူဆ၍ ကြိုတင်ဝယ်ယူထားခဲ့ကြောင်း၊ ပြည်ပတင်ပို့ရန် ဝယ်ယူထားသူများအနေဖြင့်လည်း ယခုကဲ့သို့ ပြည်ပသကြားဈေး ကျဆင်းနေမှုကြောင့် ယင်းတို့ကို ပြည်တွင်း၌သာ ရောင်းချရဖွယ်ရှိကြောင်း အဆိုပါပွဲရုံဝင်းအတွင်းရှိ သကြားလုပ်ငန်းရှင်အချို့ထံမှ စုံစမ်းသိရှိရသည်။

## နို့ဆီ

ယခုလဆန်းပိုင်းအတွင်း ဈေးလှုပ်ခဲ့သော နို့ဆီများသည် ယခုအခါ ငြိမ်သက်နေပြီး မတ်လ ၃၁ ရက်နေ့ ညောင်ပင်လေးပလာဇာအတွင်းမှ သိရှိရသည့် ဈေးနှုန်းများအရ Dawn နို့ဆီ အမြင့်ဆုံးပေါက်ဈေးမှာ ၆၉၀ ကျပ် ရှိနေသည်။

## ရောင်းအားမြင့် ကော်ဖီမစ်

ပြည်တွင်းထုတ်ကော်ဖီမစ်ဈေးကွက်တွင် ဈေးနှုန်းအပြောင်းအလဲများ သိသာစွာ ပြောင်းလဲခြင်းမျိုး မရှိသော်လည်း အရောင်းမြင့်တင်ခြင်းတို့မှာ ပုံစံကွဲပြားသည့်နည်းလမ်းများစွာနှင့် ဝင်ရောက်နေ

www.foreverspace.com.mm

သဖြင့် တစ်ဆင့်ခံပြန်လည်ရောင်းချသူများ အနေဖြင့် အခက်တွေ့နေကြောင်း၊ ရောင်းအားမြင့်ပရိမိုးရှင်းအစီအစဉ် ပထမအကြိမ်နှင့် ဒုတိယအကြိမ်အကြား ကုန်ပစ္စည်း လက်ကျန်မရှိစေရန် ချိန်ဆရပြီး အပတ်စဉ်သာခြား၍ ပြောင်းလဲသည့် ရောင်းအားမြှင့်အစီအစဉ်မျိုးမှာမူ များစွာရောင်းချရခက်ခဲကြောင်း ညောင်ပင်လေးပလာဇာအတွင်းရှိ ကော်ဖီမစ်ဈေးကွက်အတွင်းမှ သိရှိရသည်။

## ရောင်းချိန်စော ဆပ်ပြာ

ပုံမှန်အားဖြင့် ဆပ်ပြာရောင်းအားကောင်းလေ့ရှိသည့်အတွက် ဆပ်ပြာကုန်သည်တို့ မျှော်ကြလေ့ရှိသည့် မတ်လနှင့် သင်္ကြန်ကာလမတိုင်မီရက်များအထိ ဖြစ်သော ဆပ်ပြာရာသီကာလမှာ ယခုအခါ မတ်လအတွင်း၌သာ ရောင်းအားကောင်းခဲ့ပြီး မေလနှောင်းပိုင်းတွင် အနည်းငယ်ကျသွားခဲ့ကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းရှိ ဆပ်ပြာရောင်းချသူအချို့ထံမှ သိရှိရသည်။


ဆပ်ပြာတောင့်ဈေးကွက်တွင် ရွှေဝါဆပ်ပြာမှာ အတောင့် ၈၀ ပါ တစ်ဖာလျှင် ၁၆,၀၀၀ ကျပ် ရှိပြီး ပြီးခဲ့သည့်လအနည်းငယ်အတွင်းကစ၍ ရောင်းအားသိသာစွာတက်လာသည့် ဝါးမွှေးဆပ်ပြာမှာ ၈၀၀၀ ကျပ်၊ ဝါဝါဆပ်ပြာမှာ ၉၄၀၀ ကျပ်၊ ဆင်မင်းဆပ်ပြာမှာ ၁၃,၀၀၀ ကျပ်နှင့် ဈေးကွက်တွင် အချိန်တိုအတွင်း ဈေးကွက်ဝေစုများစွာ ရရှိခဲ့သော ဂေါ်ဇီလာဆပ်ပြာမှာ ၂၀,၀၀၀ ကျပ်တို့ ပေါက်ဈေးရှိနေကြောင်း အဆိုပါ ဈေးကွက်အတွင်းမှ သိရသည်။

အတန်ကြာငြိမ်သက်နေသည့် ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ ဆပ်ပြာမှုန့်အချို့ ဈေးတက်သွားမှုရှိခဲ့ကြောင်း မတ်လနောက်ဆုံးပတ်အတွင်း သိရှိရသည်တို့အနက် အီလန် (အကြီး) မှာ ၁၃,၇၀၀ ကျပ်၊ သက်သာဆပ်ပြာမှုန့် (အကြီး) ၁၁,၉၀၀ ကျပ်တို့ ရှိနေသည်။

## ရေရှည်ပြိုင်ပွဲ

၂၁ ရာစု၏ ဆယ်စုနှစ်ကာလတစ်ခုသို့ လုံးလုံးလျားလျားရောက်ရှိလာသော ယနေ့ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါးကို ကိုယ်စားပြုနေသော ရန်ကုန်ကုန်





စည်ဈေးကွက်ကို ကြည့်ရသည်မှာ ယခင့်ယခင်နှစ်များကဲ့သို့ပင် အနိမ့်အမြင့်၊ အလှုပ်အယမ်းများနှင့် ထုံးစံအတိုင်း လည်ပတ်နေသည်ဟု ထင်ရသည်။ သို့သော် မကြာမတင် နိုင်ငံရေးအသွင်ပြောင်းကာလတစ်ခုနှင့် ဒုတ်ဒုတ်ထိကြုံရတော့မည်ဖြစ်ရာ ချိတ်ဆက်နေသော စီးပွားရေးဈေးကွက်တို့သည်လည်း ထိုအပြောင်းအလဲကို မျှော်လင့်ရင်ခုန်လျက်ရှိကြသည်။

တစ်နေရာတည်းက လာတတ်သော လေနီကြမ်းကြောင့် မကြာခဏဆိုသလို လှိုင်းထခဲ့သော ဈေးကွက်သည် စင်စစ် ဒဏ်ရာဒဏ်ချက်တို့ဖြင့် အတိပြီးလျက်ရှိသည်။ မကြာခင်တွေ့ကြုံရတော့မည့် နိုင်ငံရေးစနစ်အပြောင်းအလဲသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြီးပွားတိုးတက်ခွင့်ရရှိစေမည့် လေပြည်လေညင်းတစ်ခုကဲ့သို့ လောလောဆယ် ယူဆရပေမည်။ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့် အမြော်အမြင်အပေါ်မူတည်ကာ တစ်ချိန်က ကမ္ဘာက လေးစားခဲ့ရသော စီးပွားအင်အားတောင့်တင်းသည့် နိုင်ငံတော်သစ်ပေါ်ထွန်းနိုင်ရေးအလို့ငှာ တစ်ပြေးညီလိုက်နာကျင့်သုံးရမည့် မျှတသော ဥပဒေစည်းကမ်းများ၊ ထိရောက်၍ လက်တွေ့ကျသော စီးပွားရေးမူဝါဒများ ရေးဆွဲအတည်ပြုချမှတ်ပေးနိုင်လိမ့်မည်ဟုလည်း ဈေးကွက်အတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်အားလုံးက ယုံကြည်မျှော်လင့်နေကြသည်။

ရေရှည်သဘောဆောင်သည့်အပြင် အရည်အချင်းနှင့် အသိဉာဏ်ပညာကို အခြေပြုရမည့် ဈေးကွက်ပြိုင်ပွဲတွင် ကိုယ်ပိုင်အရည်အချင်းမရှိပါဘဲ ဈေးကွက်ကို အပေါ်စီးရယူခဲ့သူများ ပြိုင်ပွဲမှ နုတ်ထွက်သွားရမည်သာဖြစ်ကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာသူတစ်ဦးက ခန့်မှန်းသုံးသပ်သည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၁-၃-၂၀၁၀

* အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် H.E. Ms. Nirupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်လည်းကောင်းအသီးသီးတွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Heyn သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၄-၃-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ အထွေထွေမန်နေဂျာ Mr.Song Zhe နှင့် အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၅-၃-၂၀၁၀

* ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr.Cao Duc Phat သည်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။
* ဂျာမနီနိုင်ငံအခြေစိုက် Aerodata AG Co., Ltd. မှ Director Mr. Peter Kriening သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်နှင့်တွေ့ဆုံဆွေးနွေး။

## ၉-၃-၂၀၁၀

* မြန်မာနိုင်ငံ၌ ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူကျန်းရှဲ့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အမှတ် (၃) တပ်မကြီးမှူး Lieutenant General NK Singh, AVSM, VSM နှင့်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၃-၂၀၁၀

* ဥရောပကော်မရှင်သံအမတ်ကြီး H.E. Mr.David Lipman သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၃-၂၀၁၀

* ကိုရီးယားသမ္မတနိုင်ငံ ဟွန်ဒိုင်းမော်တော်ယာဉ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr.Choi, Hang Young ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၃-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Sok Chol သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၃-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Ye Dabo နှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၃-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီး Ms. Michelle Su - Wen Chan သည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တွေ့ဆုံဆွေးနွေး။
* နယ်သာလန်နိုင်ငံ Ansaldo Thomassen ကုမ္ပဏီမှ မန်နေဂျာ Mr.Andries Van De Wal နှင့်အဖွဲ့သည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၃-၂၀၁၀

* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၄-၃-၂၀၁၀*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Cao Duc Phat ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

* ပျံလွန်တော်မူသွားပြီဖြစ်သော ယခင်ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသနေရာတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တောင်ပြင် ထီးလင်းပရိယတ္တိစာသင်တိုက် သဲကုန်းကျောင်းဆောင်၌ သီတင်းသုံးနေထိုင်လျက်ရှိသည့် ဘဒ္ဒန္တဥက္ကဋ္ဌ (ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ကို ရေတော်ဆရာတော်အဖြစ်ရွေးချယ်ခန့်အပ်လိုက်ပြီဖြစ်ရာ မဟာမုနိဘုရားကြီးအား မျက်နှာသစ်တော်ဆပ်ကပ်ခြင်းဆိုင်ရာ ဝေယျာဝစ္စလုပ်ငန်းများကို စတင်ဆောင်ရွက်။

**၈-၃-၂၀၁၀*** မြန်မာနိုင်ငံရှိ နာဂစ်မုန်တိုင်းသင့်ပြည်သူများထံသို့ ပေးအပ်လျက်ရှိသည့် အာဆီယံ၏အကူအညီများ လာမည့် ဇူလိုင်လတွင် အပြီးသတ်တော့မည်ဖြစ်ရာ နာဂစ်အလွန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မာအစိုးရထံသို့ လွှဲပြောင်းပေးရေးလုပ်ငန်းများနှင့် အထောက်အပံ့လုပ်ငန်းများကို အချိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပသည့် အာဆီယံလူသားချင်းစာနာထောက်ထားမှုလုပ်ငန်းအဖွဲ့ (ASEAN Humanitarian Task Force - AHTF) အစည်းအဝေးဆုံးဖြတ်ချက်တွင် ဖော်ပြ။

**၉-၃-၂၀၁၀*** အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lieutenant General NK Singh, AVSM, VSM နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။ မတ်လ ၁၂ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

* မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၃၂ မိနစ်၊ ၄၀ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၄ အဆင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၁၁-၃-၂၀၁၀*** အာဆီယံအတွင်းရေးမှူးချုပ်ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၏ဖိတ်ကြားချက်အရ မတ်လ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပမည့် မြန်မာနိုင်ငံမှ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ (AHTF) ၏ သတ္တမအကြိမ်မြောက်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် မတ်လ ၇ ရက်နေ့က မြန်မာနိုင်ငံမှထွက်ခွာသွားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mohammad Ali Fathollahi ၏ ဖိတ်ကြားချက်အရ မတ်လ ၈ ရက်မှ ၁၁ ရက်အထိ အီရန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၁၂-၃-၂၀၁၀*** အမေရိကန်သံရုံး၏ မေတ္တာရပ်ခံချက်အရ မွန်းလွဲ ၁၂နာရီ ၅၅ မိနစ်တွင် ပြည်မြို့အကျဉ်းထောင်ရှိ ထောင်တာဝန်ခံရုံးခန်း၌ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ကောင်စစ်ဝန် Mr. Colin P. Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့ကို အမေရိကန်နိုင်ငံသားခံယူထားသူ အကျဉ်းသား ညီညီအောင် (ခ) ကျော်ဇောလွင်နှင့် ကောင်စစ်ဆိုင်ရာတွေ့ဆုံခွင့်ပြု။

* ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီလမ်းတွင် Fuso ဆီတင်ယာဉ်တစ်စီး ဘရိတ်ပေါက်၍ ရှေ့မှ ယာဉ် ၁၁ စီးကို ဆင့်တိုက်မိသော ယာဉ်တိုက်မှုတစ်ရပ် ဖြစ်ပွား။

**၁၃-၃-၂၀၁၀*** မြန်မာစံတော်ချိန် နံနက် ၅ နာရီ၊ ၅၀ မိနစ်၊ ၅၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၂၀ ခန့်ကွာဝေးသော ကလေးမြို့၏အရှေ့တောင်ဘက် မိုင် ၄၀ ခန့်အကွာ တင်းဝါးချောင်းအနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၄ အဆင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၁၄-၃-၂၀၁၀*** ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း (လမ်း ၃၀ ထောင့်) ပေါ်တွင်တည်ရှိပြီး ဒုတိယကမ္ဘာစစ်မတိုင်မီကတည်ဆောက်ထားသည့် လေးထပ်တိုက်တစ်လုံး တစ်ခြမ်းပဲ့ ပြိုကျသွားခဲ့ခြင်းကြောင့် ယင်းအဆောက်အအုံတွင် နေထိုင်

www.foreverspace.com.mm



လျက်ရှိသူ အသက် ၁၅ နှစ်အရွယ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေဆဲ မနေဟာ (ခ) မမျိုးပပဖော် အမည်ရှိ အမျိုးသမီးငယ်တစ်ဦး သေဆုံး။

**၁၅-၃-၂၀၁၀*** ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်သို့ရောက်ရှိ။

**၁၆-၃-၂၀၁၀*** ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိမင်းသမီးသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရွှေတိဂုံဘုရားလမ်းထောင့်တွင်ရှိသော ရန်ကုန်အမျိုးသားသွေးဌာနအဆောက်အအုံကို ဖွင့်လှစ်။

* မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်တွင်တည်ရှိပြီး လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို တစ်စုတစ်ဝေးတည်း ရရှိနိုင်သည့် City Mart အပါအဝင် Happy World အားကစားကွင်းများတည်ရှိရာ 78th shopping Centre မီးလောင်မှုဖြစ်ပွား။

* ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်ကျွမ်းကျင်သူအဆင့်အစည်းအဝေးတက်ရောက်ရန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Real Admiral (Rtd.) Khurshed Alam ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ရောက်ရှိပြီး မတ်လ ၁၉ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

* ရန်ကုန်မြို့၌ ကျင်းပမည့် မြန်မာ-တရုတ် ကောင်စစ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ သတ္တမအကြိမ် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာစွန်းတလိခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိပြီး မတ်လ ၁၉ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

**၁၇-၃-၂၀၁၀*** ရေစကြိုမြို့နယ် ရွာထောင်ကျေးရွာ၌ ည ၁၁ နာရီ ၅၀ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံး။

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၈-၃-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၁/၂၀၁၀-နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကိုလည်းကောင်း၊ ကြေညာချက်အမှတ် ၂/၂၀၁၀ ဖြင့် နိုင်ငံရေးပါတီဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကိုလည်းကောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၉-၃-၂၀၁၀*** နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိကျေးရွာ အရှေ့ဘက် ရန်ကုန်-မန္တလေးကားလမ်းမှ ၉ မိုင်ခန့်အကွာ တောင်ဖီလာဒေသ အောင်နန်းချိုကျေးရွာအနီးတွင်တည်ရှိပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ပိုင် မက်(စ်) မြန်မာကုမ္ပဏီလီမိတက်၏ နေပြည်တော်ရှိ မက် (စ်) ဘိလပ်မြေစက်ရုံ ဖွင့်လှစ်။

* အမေရိကန်နိုင်ငံသားခံယူထားသူ မြန်မာနိုင်ငံဖွား ညီညီအောင် (ခ) ကျော်ဇောလွင်ကို ၂၀၀၉ ခုနှစ်စက်တင်ဘာလအတွင်းက ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့ရာမှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ ချမှတ်ထားသော ပြစ်ဒဏ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး ပြည်နှင်ဒဏ်အမိန့်ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မတ်လ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာသာပေါင်းစုံတွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှုဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဗီဂါပလပ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် ဥဿာ LED စက်ရုံ ဖွင့်လှစ်။

**၂၀-၃-၂၀၁၀*** မြန်မာစံတော်ချိန် နံနက်၂နာရီ၊ ၂၇ မိနစ်၊ ၂၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၀၀ ခန့်ကွာဝေးသော မိုင်းယန်းမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ ခန့်ကွာဝေးသည့် (တရုတ်-မြန်မာနယ်စပ်၊ ဝမ်တန်ကျေးရွာအနီးဒေသ) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေ

www.foreverspace.com.mm

ညာ။

**၂၁-၃-၂၀၁၀*** ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ ရုပ်ရှင်နှင့်ပြဇာတ်ဌာန စတူဒီယိုဖွင့်လှစ်။

* ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) ဖွင့်လှစ်။

* မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ၊ ၁၉ မိနစ်၊ ၄၂ စက္ကန့်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ မြောက်– အနောက်မြောက်ဘက် မိုင် ၂၀၀ ခန့်ကွာဝေးသော ဟုမ္မလင်းမြို့၏ အရှေ့ဘက် မိုင် ၃၀ ခန့်ကွာဝေးသည့် (နန်းမလင်းရွာအနီး) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၂၂-၃-၂၀၁၀*** စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀ ခန့်ကုန်ကျမည့် မကွေးစက်မှုဇုန်ရှိ အကြီးစားကုန်တင်ယာဉ် ထုတ်လုပ်မှုစီမံကိန်းကို အိန္ဒိယသမ္မတနိုင်ငံအခြေစိုက် TA TA Motors Limited နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်အတွက် Turn Key စာချုပ်ကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်တွင် လက်မှတ်ရေးထိုး။

* ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်တို့ နိုင်ငံရေးပါတီတည်ထောင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၂၃-၃-၂၀၁၀*** နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာ၌ မွန်းတည့် ၁၂ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံး။

**၂၄-၃-၂၀၁၀*** မန္တလေးတိုင်း မိုးကုတ်မြို့နယ် ပန်းမထိပ်ကျေးရွာအနီး တောင်စောင်းမှ တောမီးစတင်လောင်ကျွမ်းပြီး မီးကူးစက်မှုကြောင့် ညနေ ၃ နာရီခန့်တွင် ပန်းမထိပ်ကျေးရွာရှိ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံး။

* ကမ္ဘောဇဘဏ်လီမိတက် နေပြည်တော်ရုံးချုပ်နှင့် ဘဏ်ခွဲ ဖွင့်လှစ်။

* အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA) တို့၏ စက်မှုသင်တန်းကျောင်း (မကွေး) တည်ထောင်ရေးဆိုင်ရာ Record of Discussion လက်မှတ်ရေးထိုး။

**၂၅-၃-၂၀၁၀*** စစ်ကိုင်းတိုင်းမြင်းမူမြို့နယ် ပဒတ္တိုင်း ကျေးရွာတွင် နေအိမ် ၂၅လုံး၊ ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဇီးကျွန်းကျေးရွာတွင် နေအိမ် ၁၀ လုံးနှင့် ကလေးမြို့ ပင်လုံ (၆) ရပ်ကွက်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံး။

* မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ၊ ၃၉ မိနစ်၊ ၂၁ စက္ကန့်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်မြောက်ဘက် မိုင် ၃၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လဟယ်မြို့ အရှေ့–အရှေ့မြောက်ဘက် ၅၅ မိုင်ခန့်ကွာဝေးသော ဂျာဂွန်း ကျေးရွာအနီး) နေရာ ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၇ အဆင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၂၆-၃-၂၀၁၀*** တစ်နှစ်လျှင် တာယာအလုံးရေ လေးသိန်းထုတ်လုပ်နိုင်မည်ဟုဆိုသည့် အမှတ် (၁) တာယာနှင့်ရော်ဘာ ပစ္စည်းထုတ်လုပ်မှုစက်ရုံ (သထုံ) ၌ တပ်ဆင်ထားသည့်စက်များကို အကြီးစားမွမ်းမံပြင်ဆင်ခြင်းနှင့် စက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းတပ်ဆင်ခြင်းတို့ကို ခြောက်လအတွင်းပြီးစီးရန် တာဝန်ယူဆောင်ရွက်မည့် ကန်ထရိုက်စာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် China CAMC Engineering Co., Ltd. နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ နေပြည်တော်တွင် လက်မှတ်ရေးထိုး ချုပ်ဆို။

**၂၇-၃-၂၀၁၀*** နေပြည်တော်မှ တောင်ကြီးသို့ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်တစ်စီး နံနက် ၄ နာရီခွဲအချိန်ခန့်က ကလောမြို့ ဘဝသံသရာတံတားအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ၃၆ ဦးအနက် အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ဦးသေဆုံးခဲ့ပြီး ၃၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

**၂၈-၃-၂၀၁၀*** ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်အစည်းအဝေးခန်းမတွင် မတ်လ ၂၆ ရက်နေ့က ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းအတု တိုက်ဖျက်ရေးအဖွဲ့ (WHO, International Medical Products Anti-Counterfeiting Taskforce-IMPACT) ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

www.foreverspace.com.mm



**၂၉-၃-၂၀၁၀**✳ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါ ပျံလွန်တော်မူ။

✳ Russian Information Agency "Novosti" First Deputy Head of International News Division, Mr. Alexander P.TKachev ဦးဆောင်သော ရုရှားသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ လေ့လာရေးခရီးရောက်ရှိ။

**၃၀-၃-၂၀၁၀**✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Chen Deming ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ။

✳ ဒီမိုကရက်တစ်ပါတီ (မြန်မာ) နိုင်ငံရေးပါတီတည်ထောင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ တနင်္သာရီတိုင်း ထားဝယ်မြို့နယ်ရှိ ထားဝယ်တက္ကသိုလ် ပင်မလေးထပ်ဆောင် ဖွင့်လှစ်။

✳ နေပြည်တော်၊ မကွေးတိုင်း နှင့် ချင်းပြည်နယ်များရှိ နေရာဒေသအချို့တွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုများဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိ။

**၃၁-၃-၂၀၁၀**✳ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမာတီအမ်နာတာလီဂါဝါနှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

✳ ကရင်ပြည်သူ့ပါတီ နိုင်ငံရေးပါတီတည်ထောင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲထုတ်လွှင့်ထားသည်ဟုဆိုသည့် Myanmar International ရုပ်သံလိုင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စတင်ထုတ်လွှင့်။

✳ မဟာစည်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရမဟာထေရ် သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၉၀ ဝါ ပျံလွန်တော်မူ။

**၁-၄-၂၀၁၀**✳ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ စက်ဖြင့်ဖတ်ရှုနိုင်သော နိုင်ငံကူးလက်မှတ် (Machine Redable Passport) များကို ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ထုတ်ပေးရန်စီစဉ်လျက်ရှိရာ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများတွင် နိုင်ငံကူးလက်မှတ်များသက်တမ်းတိုးမြှင့်ခြင်းနှင့် အသစ်ထုတ်ပေးခြင်းကို ဧပြီလ ၁ရက်မှ ၁၀ ရက်နေ့အထိ ခေတ္တရပ်ဆိုင်း။

✳ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် ယုဇနကုမ္ပဏီလီမိတက်တို့ သကျက်ရေအားလျှပ်စစ်စီမံကိန်းကို B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

✳ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနတွင်ကျင်းပ။

**၂-၄-၂၀၁၀**✳ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နိုင်ငံရေးပါတီတည်ထောင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင်ဖော်ပြ။

**၃-၄-၂၀၁၀**✳ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၄-၄-၂၀၁၀**✳ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ စီးပွားရေးလုပ်ငန်းများသည် အစိုးရချင်းပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်များနှင့် အဓိကပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ၁၂ ရပ်ကိုဆောင်ရွက်ရန် သဘောတူလက်မှတ်များရေးထိုး။ မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကွန်ဖရင့်ကျင်းပခြင်း၊ မြန်မာနိုင်ငံတွင် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်း တည်ထောင်မှုခြင်း၊ ဟန်ွိုင်း–ရန်ကုန်တိုက်ရိုက်လေကြောင်းလိုင်းစတင်ပျံသန်းခြင်း၊ ဗီယက်နမ်ကုန်စည်ပြပွဲနှင့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ဖွင့်လှစ်ခြင်း စသည်တို့ဆောင်ရွက်။

■

www.foreverspace.com.mm

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း

မြတ်နီ

**တနယ်ဇင်းလောကမှ လူငယ်တစ်ဦးက ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက် ရက်စွဲနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို မိတ္တူကူးပြီး ယူလာပေးပါတယ်။ ဥပဒေဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ဆိုမှုနဲ့ပတ်သက်တဲ့အကြောင်းအရာကိုလည်း ဆွေးနွေးဖြစ်ကြပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ စပ်ဆိုင်တဲ့ ကိစ္စရပ်တွေကို ဒီလိုလူငယ်လေးတွေ စိတ်ဝင်တစားရှိတာကို တွေ့ရတဲ့အတွက် အံ့ဩမိသလို ဝမ်းသာရပါတယ်။**

ဥပဒေဆိုတာ ဥပဒေပညာတတ် ဥပဒေပညာရှင်တစ်စုနဲ့သာ စပ်ဆိုင်တဲ့ သားရေဖုံးတွေ၊ ရွှေစာလုံးတွေနဲ့ မှန်ဗီရိုကြီးတွေအတွင်းမှာ ဟိတ်ဟန်အပြည့်နဲ့ တန်ဆာဆင်ခင်းကျင်းပြသထားတဲ့ အသုံးချခံကိရိယာတစ်ခုအဖြစ် ထင်မြင်ယူဆခဲ့ကြသူတွေပင်ရှိခဲ့ကြပါတယ်။ ယခုတိုင်အောင် အဲဒီလိုထင်မြင် ယူဆထားကြသူတွေ ရှိကောင်းရှိနေနိုင်ဦးမယ်ထင်ပါတယ်။

ဥပဒေဟာ လူတစ်ဦး၊ လူတစ်စု၊ လူတန်းစားတစ်ရပ်အတွက်သာမဟုတ်ပါဘူး။ အချုပ်အခြာအာဏာဆင်းသက်လာရာဖြစ်တဲ့ ပြည်သူလူထုအများစုကြီးနဲ့သက်ဆိုင်တဲ့အရာဖြစ်ပါတယ်။ ဥပဒေဟာ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုကျယ်ပြန့်နက် ရှိုင်းလာလေလေ ပြည်သူလူထုအနေနဲ့ မိမိတို့ရဲ့ တန်ဖိုးနဲ့ ကံကြမ္မာကို သိလာနိုင်စွမ်း တိုးပွားလာလေလေဖြစ်မှာပါပဲ။

သမိုင်းပညာရှင်ကြီးဒေါက်တာသန်းထွန်းက သမိုင်းပညာကိုသင်ရတာဟာ "မအအောင်လို့ သင်ရတာ" လို့ ပြောခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာကြီးရဲ့အဆိုအမိန့်ကို နည်းခံပြီး ဥပဒေကိုသင်ရတာဟာ မညံ့ကြရအောင်လို့ဖြစ်တယ်ဆိုတဲ့ အကြောင်း ၂၀၀၉ ခုနှစ် ဇူလိုင်လထုတ် Living Color မဂ္ဂဇင်းမှာ စာရေးသူက ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။



www.foreverspace.com.mm



'ပြည်သူတွေနဲ့ ပြည်သူတွေရဲ့ ဆက်စပ်ပတ်သက်မှုဟာ အလွန်ကျယ်ပြန့်ပါတယ်။ စတင်မွေးဖွားသည်မှ သေဆုံးသည့်တိုင်အောင် ကြားကာလတစ်လျှောက်လုံးမှာ ပြည်သူတွေဟာ ဧည့်စာရင်းလိုကိစ္စမျိုးမှအစ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးရတဲ့လုပ်ငန်းမျိုးအထိ ဥပဒေနဲ့ ထဲထဲဝင်ဝင်ပတ်သက်နေရတာပါ။ အဲဒီတော့ ပြည်သူအများစုကြီးဟာ စပ်ဆိုင်ရာ ဥပဒေအားလုံးကို မသိရှိ၊ နားမလည်နိုင်သည့်တိုင်အောင် သိမှတ်အပ်တဲ့ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကိုတော့ သိရှိနားလည်ထားသင့်ပါတယ်' လို့ စာရေးသူရဲ့ ဆောင်းပါးမှာ ဖော်ပြခဲ့ပါတယ်။

စာရေးသူနဲ့ ဆွေးနွေးဖြစ်တဲ့ လူငယ်က သူနဲ့ဆွေးနွေးဖြစ်တဲ့အကြောင်းအရာကို ဆောင်းပါးအဖြစ်ရေးဖို့ အကြံပြုပါတယ်။ ရေးသင့်ရေးထိုက်တဲ့ကိစ္စလို့ စာရေးသူကလည်း ယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၄၇၊ ၁၉၇၄ နဲ့ ၂၀၀၈ များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအခြေခံဥပဒေများမှာပါတဲ့ အချက်အလက်တွေကို အကြောင်းခြင်းရာအလိုက်၊ ကဏ္ဍအလိုက် ပိုင်းခြားသတ်မှတ်ပြီး နှိုင်းယှဉ်ရေးသားခြင်းဖြင့် ဥပဒေပညာတတ်၊ ဥပဒေပညာရှင်များမဟုတ်တဲ့ သာမန်ပြည်သူတွေအတွက် အထိုက်အလျောက် အသိအမြင်တိုးပွားလာနိုင်တယ်လို့လည်း မျှော်မှန်းကြည့်မိပါတယ်။ ဒါကြောင့်လည်း စိတ်ပါဝင်စားသူလူငယ်နဲ့ ဆွေးနွေးဖြစ်တဲ့ ဥပဒေ၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းများနဲ့ပတ်သက်တဲ့အကြောင်းအရာကို လက်လှမ်းမီသလောက်ရေး ဖြစ်ပါတယ်။ ပြည့်စုံတိကျမှုမရှိတဲ့တိုင်အောင် အထိုက်အလျောက်တော့ အသိအမြင်ရမယ်ထင်ပါတယ်။

## ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇)

> **အခြေခံဥပဒေသည် သာမန်ဥပဒေများကဲ့သို့မဟုတ် ပိုမိုလေးနက်၍ ပြည်ထောင်စု၏အုတ်မြစ်ဖြစ်ပေသည်။ ထို့ကြောင့် အခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူရာတွင် လေးလေးနက်နက် အဓိပ္ပာယ်ကောက်ယူရသည်။ ကျဉ်းမြောင်းစွာ အဓိပ္ပာယ်မကောက်ရ။ ကျယ်ပြန့်စွာ ပြည်သူတို့၏အကျိုးအတွက် ရက်ရက်ရောရော အဓိပ္ပာယ်ကောက်ရသည်။**

'အခြေခံဥပဒေသည် သာမန်ဥပဒေများကဲ့သို့မဟုတ်၊ ပိုမိုလေးနက်၍ ပြည်ထောင်စု၏အုတ်မြစ်ဖြစ်ပေသည်။ ထို့ကြောင့် အခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူရာတွင် လေးလေးနက်နက် အဓိပ္ပာယ်ကောက်ယူရသည်။ ကျဉ်းမြောင်းစွာ အဓိပ္ပာယ်မကောက်ရ။ ကျယ်ပြန့်စွာ ပြည်သူတို့၏ အကျိုးအတွက် ရက်ရက်ရောရောအဓိပ္ပာယ်ကောက်ရသည်။ အခြေခံဥပဒေနှင့်ကင်းလွတ်နေခြင်းများမရှိရလေအောင် အားလုံးသောကိစ္စတို့ကို လွှမ်းခြုံမိအောင်လည်း အဓိပ္ပာယ်ကောက်ယူရသည်။ အခြေခံဥပဒေကို ၁၉၄၇ ခုနှစ်က ရေးဆွဲခဲ့ကြသည်မှန်သော်လည်း နောင်အနှစ် ၁၀၀–၁၀၀၀ တိုင်သော်လည်း ခေတ်နောက်ကျ၍မသွား၊ ခေတ်နှင့်ယှဉ်၍သာ တိုးတက်ကြီးထွားလျက်ရှိသည်ဟု ယူဆရမည်။ လူတစ်ဦး၊ လူတစ်စု၊ လူတန်းစားတစ်ခုအတွက်ရေးဆွဲထားသော အခြေခံဥပဒေမဟုတ်။ ပြည်သူအားလုံး၏အကျိုးကိုမျှော်၍ ရေးထားသော အခြေခံဥပဒေဖြစ်၍ အများအကျိုးသက်ရောက်စေအောင် အခြေခံဥပဒေကို ကျင့်သုံးရသည်။ ကိုယ်လိုရာဆွဲ၍ အခြေခံဥပဒေကို ကိုယ်ကျိုးသက်သက်အတွက်အသုံးချရန်မဟုတ်ပေ။ ပါတီနိုင်ငံရေးပြိုင်ဆိုင်မှုဒေါသတို့ဖြင့် လွှမ်းမိုးသော နိုင်ငံရေးသမားများပင်လည်း အခြေခံဥပဒေကို ကောက်ယူရာတွင်လည်းကောင်း၊ လက်တွေ့ကျင့်သုံးရာတွင်လည်းကောင်း သဘောထားကြီးစွာထား၍ ဒေါသကို နှိမ့်ချသင့်သည်။'

ဒါကတော့ ဒေါက်တာမောင်မောင်ပြုစုတဲ့ 'တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ'စာအုပ် စာ (၁၄၅) မှာ ဖော်ပြထားချက် ဖြစ်ပါတယ်။

ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဟာ ဥပဒေပြုအာဏာနှင့် စပ်ဆိုင်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပြည်သူတို့ကို ကိုယ်စားပြုတဲ့ ပါလီမန်လွှတ်တော်နှစ်ရပ်ကသာ ပြုလုပ်ရပါတယ်။ ဥပဒေအခန်း (၆) ပုဒ်မ–၆၅ တွင် 'ပြည်ထောင်စုနိုင်ငံ၏ ဥပဒေပြုမှုအာဏာသည် ပါလီမန်တွင် တည်ရှိရမည်။ ပါလီမန်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ပါဝင်ရမည်။ ဤအခြေခံဥပဒေတွင် ပါလီမန်ကို 'ပါလီမန်' သို့တည်းမဟုတ် 'ပြည်ထောင်စုပါလီမန်' ဟု ခေါ်ရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၉၀ မှာလည်း 'ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ ပြည်ထောင်စုနိုင်ငံတွင် ဥပဒေပြုနိုင်သော အာဏာသည် ပါလီမန်၌သာ တည်ရှိရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တရားလွှတ်တော်များကို ဖွဲ့စည်းထားပါတယ်။ တရားလွှတ်တော်နဲ့ တရားလွှတ်တော်ချုပ်တို့ဟာ နိုင်ငံတော်ရဲ့ ဥပဒေမဏ္ဍိုင်မှာ အထွတ်အထိပ်ဖြစ်ပါတယ်။ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရပါတယ်။ ပါလီမန်နဲ့ အစိုးရက ပြုလုပ်

www.foreverspace.com.mm

ပြဋ္ဌာန်းချက်များဟာ တရားဝင်ခြင်းရှိ၊ မရှိ စစ်ဆေးဆုံးဖြတ်ရပါတယ်။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုအတွက် အရေးကြီးတဲ့ ဥပဒေပြဿနာပေါ်ပေါက်လာတဲ့အတွက် အကြံဉာဏ်တောင်းခံလာလျှင်လည်း အကြံဉာဏ်ပေးရပါတယ်။ ပြည်သူတို့ရဲ့ အခြေခံအခွင့်အရေးနဲ့ လွတ်လပ်ခွင့်များကို ထိပါးလာလျှင်လည်း တရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်များထုတ်ဆင့်ပြီး ကာကွယ်ပေးရပါတယ်။ နက်နဲခက်ခဲတဲ့ဥပဒေပြဿနာရပ်များအတွက် တရားလွှတ်တော်ချုပ်သို့ အယူခံခြင်းစာချွန်တော်အမိန့်လျှောက်ထားခြင်းများနဲ့ပတ်သက်လို့လည်း အခြေခံဥပဒေနဲ့ ပြည်သူ့အခြေခံအခွင့်အရေးတို့ကို တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ချက်ချ အကာအကွယ်ပေးရပါတယ်။ ပါလီမန်ရဲ့ဥပဒေပြုအာဏာ၊ အစိုးရအုပ်ချုပ်မှုအာဏာတို့နဲ့ပတ်သက်တဲ့ နက်နဲသိမ်မွေ့တဲ့ပြဿနာများကိုလည်း တရားလွှတ်တော်ချုပ်က ဖြေရှင်းဆောင်ရွက်ပေးရပါတယ်။

အခန်း (၈) ပုဒ်မ–၁၃၅ (၁) မှာ 'အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်၌သာလျှင် စီရင်ပိုင်ခွင့်အာဏာများ ရှိရမည်။ (က) ပြည်ထောင်စုနိုင်ငံက ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းစာချုပ်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စများ၊ (ခ) ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စုအဖွဲ့ဝင် အငြင်းဖြစ်ပွားသောကိစ္စများ၊ (ဂ) တရားဥပဒေဖြင့် သတ်မှတ်ထားသော အခြားကိစ္စများရှိလျှင်လည်း ထိုကိစ္စများ' လို့ ပါရှိပါတယ်။

အခန်း (၈) ပုဒ်မ ၁၅၁ (၁) မှာ တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ယူရလောက်အောင် ပြည်သူများအတွက်အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ ပြဿနာတစ်ရပ်ပေါ်ပေါက်လာသည်ဟုသော်လည်းကောင်း၊ ပေါ်ပေါက်ရန်အကြောင်းရှိသည်ဟုလည်းကောင်း နိုင်ငံတော်သမ္မတသည် မည်သည့်အခါ၌မဆို ထင်မြင်ယူဆခဲ့သော ထိုပြဿနာကို စဉ်းစားစေရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်သည်။ တရားလွှတ်တော်ချုပ်ကလည်း ထိုပြဿနာနှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သည့်အတိုင်း ကြားနာစစ်ဆေးပြီးနောက် နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်' လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အခန်း (၁၃) အဓိပ္ပာယ်ပိုင်းခြားဖော်ပြချက် ပုဒ်မ ၂၂၂ (၃) မှာ ဆန့်ကျင်သောရည်ရွယ်ချက် မပေါ်ပေါက်လျှင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ်အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် ဤအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူခြင်း၊ ဤအခြေခံဥပဒေအာဏာ သက်ရောက်ခြင်းတို့နှင့်သက်ဆိုင်ရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။ အထက်မှာတင်ပြခဲ့တဲ့အချက်များကတော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ



www.foreverspace.com.mm



အခြေခံဥပဒေမှာပါရှိတဲ့ ဥပဒေပြုရေးဥပဒေများ အဓိပ္ပာယ်ဖွင့်ဆိုရေး၊ စီရင်ဆုံးဖြတ်ခြင်းများနဲ့စပ်လျဉ်းတဲ့ ယေဘုယျကောက်နုတ်တင်ပြချက်များ ဖြစ်ပါတယ်။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေအာဏာတည်ခြင်း၊ ဥပဒေပြုခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများနဲ့ပတ်သက်လို့ အပိုင်းကဏ္ဍအလိုက်ခွဲဝေပိုင်းခြားသတ်မှတ်ထားပါတယ်။ အခန်း (၄)၊ ပုဒ်မ ၄၄ မှာ 'နိုင်ငံတော်၏ ဥပဒေပြုအာဏာသည် ပြည်သူ့လွှတ်တော်၌သာတည်သည်' လို့ ပြဋ္ဌာန်းထားပြီး အခန်း (၂) ပုဒ်မ (၁၃) မှာ 'ပြည်သူ့လွှတ်တော်သည် ဥပဒေပြုအာဏာကို မိမိကိုယ်တိုင်သာသုံးစွဲလျက် စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ခွဲဝေအပ်နှင်း၍ သုံးစွဲခွင့်ပြုသည်' လို့ ပြဋ္ဌာန်းပါတယ်။

အခန်း (၂) မှာ အခြေခံမူများကို ပြဋ္ဌာန်းထားပြီး ပုဒ်မ (၂၇) မှာ 'ဤအခြေခံမူများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လမ်းညွှန်များဖြစ်သည်' လို့ ပြဋ္ဌာန်းပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ထပ်မံ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နိုင်ငံတော်ကောင်စီဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ခြင်းများနဲ့ပတ်သက်လို့ အခန်း–၁၆၊ ပုဒ်မ ၂၀၀– (က)မှာ 'ဤဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီက

> **"ပုဒ်မခွဲ (က) ပါ ဥပဒေက ပြဋ္ဌာန်းထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ရန်သော်လည်းကောင်း၊ စကားရပ်များကို ထပ်မံ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်သော်လည်းကောင်း လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ပြုလုပ်နိုင်သည်"**

ပြဋ္ဌာန်းထားခဲ့သောစကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်' ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ခ) မှာ 'ပုဒ်မခွဲ (က) ပါ ဥပဒေက ပြဋ္ဌာန်းထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ရန်သော်လည်းကောင်း၊ စကားရပ်များကို ထပ်မံ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်သော်လည်းကောင်း လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ပြုလုပ်နိုင်သည်' ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ဂ) မှာ 'နိုင်ငံတော်ကောင်စီ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ဆုံးဖြတ်ရမည်' ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

အခန်း (၅) ပုဒ်မ ၇၃ (ခ) မှာ 'ဤဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများအနက် အဓိပ္ပာယ်ကို တညီတညွတ်တည်းဖြစ်စေရန် ဖွင့်ဆိုခြင်း' ဆိုတဲ့ တာဝန်ကိုတော့ နိုင်ငံတော်ကောင်စီကို အပ်နှင်းထားပါတယ်။ အခန်း (၁၆) ပုဒ်မ ၂၀၂ (စ) မှာ 'ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုနိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏သဘောနှင့်ညီညွတ်စေရန် ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက အနက်အဓိပ္ပာယ်ဖွင့်ဆို၍ လုပ်ဆောင်ရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။

ရှိရင်းစွဲဥပဒေများ (Laws)၊ နည်းဥပဒေများ (Rules)၊ စည်းမျဉ်းဥပဒေများ (Regulations)၊ စည်းကမ်းဥပဒေများ (Bye Laws)၊ အမိန့်ကြော်ငြာစာများ (Notifications)၊ အမိန့်များ (Orders)၊ ညွှန်ကြားချက်များ (Directives)၊ လုပ်ထုံးလုပ်နည်းများ (Procedures) များ၊ ပယ်ဖျက်ခြင်း (Repeated)၊ ပြင်ဆင်ခြင်း (Amended) တို့နဲ့ပတ်သက်လို့ အခန်း (၁၂) ပုဒ်မ ၂၀၂ (ဃ) မှာ (ရှိရင်းစွဲဥပဒေများ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပြုလုပ်ရမည်' လို့ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၀၂ (င) မှာတော့ 'ရှိရင်းစွဲ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို နိုင်ငံတော်ကောင်စီက ပြုလုပ်ရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

ဥပဒေအာဏာပြုရေးနဲ့ပတ်သက်လို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) 'နိုင်ငံတော်အခြေခံမူများ' ပုဒ်မ ၁၂ (က) မှာ 'နိုင်ငံတော်၏ ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေကသတ်မှတ်သော ဥပဒေပြုအာဏာကို ခွဲဝေအပ်နှင်းသည်' လို့ ပြဋ္ဌာန်းပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနဲ့ပတ်သက်လို့ အခန်း (၁) ပုဒ်မ (၄၆) မှာ 'ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်

www.foreverspace.com.mm

များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသအချင်းချင်း၊ ပြည်နယ်အချင်းချင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ကို ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးဖွဲ့စည်းရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားတဲ့ အခန်း (၆) တရားစီရင်ရေး ပုဒ်မ ၃၂၂ မှာ 'နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ (ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ (ဂ) ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ (ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ (င) တိုင်းဒေသကြီး ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ (စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊ (ဆ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများကပေးအပ်သည့် လုပ်ငန်းတာဝန်များ' လို့ သတ်မှတ်ပြဋ္ဌာန်းပါတယ်။




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုအဖြစ် ပုဒ်မ ၃၂၃ မှာ 'တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်း တစ်စုံတစ်ရာဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၂၄ မှာလည်း 'နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်' လို့ ပြဋ္ဌာန်းထားပြီး အခန်း (၁၅) 'အထွေထွေပြဋ္ဌာန်းချက်များ ပုဒ်မ ၄၅၃ မှာတော့ 'ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်' လို့ ပြဋ္ဌာန်းထားပါတယ်။

၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ပြဋ္ဌာန်းတဲ့ ဥပဒေပြုခြင်း၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းများနဲ့ စပ်ဆိုင်တဲ့ ပြဋ္ဌာန်းချက်အချို့ကို ကောက်နုတ်ကိုးကားတင်ပြလိုက်ရတာ ဖြစ်ပါတယ်။

**မြတ်နီ**

www.foreverspace.com.mm



'ဈေး ကွက်စီးပွားရေး' ဟူသော ဘောဂဗေဒဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် 'ပုဂ္ဂလိကပိုင်ပြုလုပ်ရေး' သည် အချက်တစ်ချက်အနေဖြင့် ပါဝင်လေ့ရှိသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဟူသော အဆိုပါအသုံးအနှုန်းမှာ ဘာလင်တံတိုင်းပြိုကျအပြီး နိုင်ငံအများစုဈေးကွက်စီးပွားရေးကို ကျင့်သုံးလာချိန်တွင် တွင်ကျယ်စွာ တွေ့မြင်လာရသော အသုံးအနှုန်း ဖြစ်ပြီး ယနေ့မြန်မာနိုင်ငံတွင် ခေတ်အစားဆုံး၊ လူစိတ်ဝင်စားမှုအရှိဆုံး ပညာရပ်ဆိုင်ရာစကားလုံးဟူ၍လည်း ဆိုနိုင်ပါလိမ့် မည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များသည် ခွဲခြား၍မရနိုင်စကောင်းသောလုပ်ငန်းစဉ်များလည်းဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်သော လုပ်ငန်းအဆင့်ဆင့်ကို အခါအားလျော်စွာ တွေ့မြင်နေရပါသည်။

# ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမှသည် ပိုမိုထိရောက်သော ဈေးကွက်ဆီသို့

မျိုးခန့်စံ



စီးပွားရေးစနစ်များကို လေ့လာသောအခါ Command Economy ခေါ် ဗဟိုမှချုပ်ကိုင်သည့် စီးပွားရေးစနစ်၊ Market Economy ခေါ် ဈေးကွက်စီးပွားရေးစနစ်နှင့် Mixed Economy ခေါ် ရောနှောစီးပွားရေးစနစ်ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ၂၀ ရာစုကုန်ခါနီးတွင် ဈေးကွက်စီးပွားရေးစနစ်ချိန်ခွင်လျှာ သိသိသာသာလှည့်ပြောင်းလာခဲ့သည်ကိုလည်း တွေ့ရပါသည်။

အတိတ်သမိုင်းကြောင်းကို အနည်းငယ် ငဲ့စောင်းပြန်ပြောင်းကြည့်လျှင် စက်မှုတော်လှန်ရေးကာလမတိုင်မီကတည်းကပင် ကမ္ဘာ့နိုင်ငံများစွာရှိ အစိုးရတို့သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်၊ တရားမျှတမှု၊ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအပေါ် ထိန်းချုပ်တည့်မတ်နိုင်ရန် စည်းမျဉ်းများ (Regulation) ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ထိုစဉ်က သဘာဝလက်ဝါးကြီးအုပ် (Monopoly) နှင့် တစ်ဦးတည်းလက်ဝါးကြီးအုပ်မှုတို့ကို ကာကွယ်

www.foreverspace.com.mm



ရန် အများပိုင်ပုံစံသို့ ပြောင်းလဲခဲ့သည်။ ဈေးနှုန်းထိန်းချုပ်ရေး (Price Regulation) နှင့် ပြန်ရချက်ထိန်းချုပ်ရေး (Rate of Retrun Regulation) တို့သည် အရေးကြီးသော အစိုးရ၏ စက်မှုလုပ်ငန်းများဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။ ဆူညံခြင်း၊ ညစ်ညမ်းခြင်း စသော ပြင်ပသက်ရောက်မှုများ (Externalities) အတွက် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးထိန်းချုပ်မှုများ ပြုလုပ်ရပါသည်။ အစိုးရစည်းမျဉ်းများကြောင့် အရင်းအနှီးများ ထွက်ပြေးမသွားရန်ကိုလည်း သတိပြုရပါသည်။ ထို့ကြောင့် စည်းမျဉ်းများအစား ငွေလဲလှယ်နှုန်းထိန်းချုပ်မှုကို သုံးစွဲရသည်လည်း ရှိပါသည်။ ဘောဂဗေဒပညာရှင်များသည် အခြားသောစည်းမျဉ်းများကိုလည်း လေ့လာကြံဆမှုပြုခဲ့ရာ အလုပ်သမားများ အခွင့်အရေး၊ အလုပ်သမားသမဂ္ဂများထိန်းချုပ်ရေး၊ စာချုပ်ရှယ်ယာရောင်းဝယ်မှု စည်းမျဉ်းထိန်းချုပ်ရေး၊ မြို့ရွာစီမံကိန်း၊ လမ်းဘေးဈေးရောင်းခွင့်၊ အငှားယာဉ်များ စသည်ဖြင့် အလွန်ကျယ်ပြန့်လာပါသည်။ ဥပဒေပြုရေး၊ ဥပဒေအကောင်အထည်ဖော်ရေး၊ အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းရေး၊ အကျိုးအမြတ်မယူသော NGO များ၊ အရပ်ဘက်လူ့ဘောင်အဖွဲ့များပါဝင်ရေး၊ လုပ်ပိုင်ခွင့်သတ်မှတ်ရေး စသည်တို့ လုပ်ကိုင်ရပါသည်။

စည်းမျဉ်းလိုက်နာရသည့်စရိတ် (Compliance Costs) သည် လူမှုအကျိုး (Social Benefits) ထက်ပိုခြင်း၊ ဈေးကွက်စွမ်းဆောင်ရည်ပျက်ကွက်ခြင်း (Market Failure) စသည်တို့သည် စည်းမျဉ်းများလျှော့ချရေး၊ ဖျက်သိမ်းရေး (Deregulation) လိုအပ်မှုကို ဖြစ်ပေါ်စေပြန်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများအပေါ် စည်းမျဉ်းချမှတ်အရေးယူမည့်သူများက လုပ်ငန်းများဘက်မှ ရှေ့နေပြန်လိုက်ပေးရမှု (Regulatory Capture) ဖြစ်ပေါ်တတ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ပြောင်းလဲမှုဖြစ်စဉ်များတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၊ စည်းမျဉ်းများလျှော့ချဖျက်သိမ်းခြင်း (Deregulation) တို့ ဖြစ်ပေါ်ခေတ်စားလာခဲ့သည်။ အစိုးရအသီးသီးသည် နိုင်ငံတော်ပိုင်မှ ပုဂ္ဂလိကသို့ ပိုင်ဆိုင်မှုများလွှဲပြောင်းခြင်း၊ စည်းမျဉ်းလျှော့ချခြင်း စသည့်စီးပွားရေးမူဝါဒများကို လက်ခံကျင့်သုံးလာကြသည်။ အထူးသဖြင့် ၁၉၇၀ ခုနှစ်နောက်ပိုင်းတွင် အင်္ဂလန်၊ အမေရိကန်တို့၌ စတင်ကျင့်သုံးခဲ့ပြီး ထိုမှ ဥရောပ၊ ဂျပန်၊ နယူးဇီလန်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင်ပါ ကျင့်သုံးလာခဲ့သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်ကဏ္ဍကို လျှော့ချ၍ ပုဂ္ဂလိကကဏ္ဍ (ဈေးကွက်စွမ်းအားများ) နယ်ပယ်ကို ချဲ့ထွင်မြင့်တင်ရန် (To reduce the role of the state and to enlarge the scope of market forces) ဖြစ်သည်။

နိုင်ငံတော်၏ ပါဝင်မှုကို လျှော့ခြင်း၊ ဈေးကွက်ကို ပိုမိုလွတ်လပ်စေခြင်း၊ ယှဉ်ပြိုင်မှုကို မြင့်တင်ပေးခြင်း၊ ဈေးကွက်အတွင်းဝင်ရောက်မှု (Market Entry) ကို လွယ်ကူစေခြင်းတို့ဖြင့် Deregulation ကို တိုင်းတာလေ့ရှိသည်။ စွမ်းဆောင်ရည်မြင့်တင်ရန်၊ ယှဉ်ပြိုင်မှုကို အားသစ်လောင်းရန် မူဝါဒများချမှတ်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ကို ပိုမိုထိရောက်စေနိုင်ပါသည်။ ဈေးကွက်စီးပွားရေးကျင့်သုံးသည်နှင့် ငွေကြေးစီမံခန့်ခွဲမှုစနစ်ကိုပါ ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်မှုရှိမှသာလျှင် ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားပြီး ထိရောက်သောဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာပေမည်။

## အာဆီယံနိုင်ငံများအတွင်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း

အာဆီယံနိုင်ငံအများစုတွင် အများပိုင်လုပ်ငန်းများ (Public Enterprises) သည် စွမ်းဆောင်ရည်နိမ့်ကျခြင်း၊ ဂရုစိုက်မှုအားနည်းခြင်း၊ အမြတ်အစွန်းရရှိမှုမရှိခြင်းတို့ကြောင့် အောင်မြင်မှုမရှိခဲ့ဘဲ နိုင်ငံခြားကြွေးမြီများတင်ခဲ့ပြီး တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ အစိုးရကော်ပိုရေးရှင်း၏ ဘတ်ဂျက်အသုံးစရိတ် ပီဆိုသန်းပေါင်း ၁၂,၂၈၀ ထောက်ပံ့သုံးစွဲခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပီဆိုသန်းပေါင်း ၃၁,၀၂၂ အထိ မြင့်တက်ခဲ့ပြီး ထိုငွေပမာဏသည် နိုင်ငံတော်ဘတ်ဂျက်၏ လေးပုံတစ်ပုံနှင့်ညီမျှသည်။ ထိုင်းနိုင်ငံတွင်မူ အစိုးရပိုင်လုပ်ငန်းများ၏ ဆုံးရှုံးမှုသည် ဘတ်သန်းပေါင်း ၂၄၃၄ (ဒေါ်လာသန်း ၁၀၀ နီးပါး) ရှိသည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံတော်ပိုင်လုပ်ငန်းများမှ စုစုပေါင်းနိုင်ငံခြား ကြွေးမြီဒေါ်လာသန်းထောင်ပေါင်း ၆ ဒသမ ၅၃ အထိ ရောက်ရှိခဲ့သည်။ ၎င်းပမာဏသည် နိုင်ငံခြားကြွေးမြီအရပ်ရပ်၏ ၄၀ ရာခိုင်နှုန်းရှိသည်။

စင်ကာပူနိုင်ငံရှိ အစိုးရပိုင်လုပ်ငန်းများမှာ ဖော်ပြပါနိုင်ငံများ၊ အကြောင်းအချက်များနှင့်မတူ တစ်မူကွဲပြားသည်။ လုပ်ငန်းပမာဏကြီးထွားလာခြင်း၊ ပြုလွယ်ပြင်လွယ်မရှိခြင်းတို့ကြောင့် ၁၉၈၅-၈၆ စီးပွားပျက်ကပ်နှင့်အတူ ပုဂ္ဂလိကကဏ္ဍသို့ ပြောင်းလဲခဲ့သည်။

အာဆီယံနိုင်ငံများထဲတွင် စင်ကာပူနိုင်ငံသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအားထုတ်မှုများတွင် စနစ်အကျဆုံးဟုဆိုကြသည်။ ၁၉၈၇ ခုနှစ်တွင် Public Sector Divestment Committee ဖွဲ့စည်း၍ GLCs ခေါ် အစိုးရနှင့် ချိတ်ဆက်ဖွဲ့စည်းထားသည့်ကုမ္ပဏီများကိုဖျက်သိမ်းရေး ဆောင်ရွက်သည်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာလမှ ၁၉၉၀ ခုနှစ် ဇန်နဝါရီလတွင်းတွင် နိုင်ငံပိုင်ကုမ္ပဏီလေးခုကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ပြီး အစိုးရနှင့် ဖက်စပ်ပိုင်ကုမ္ပဏီ ၁၇ ခုကို ပုဂ္ဂလိကသို့ အပြည့်အဝလွှဲပြောင်းခဲ့ကာ ကုမ္ပဏီ ၁၄ ခုကို တစ်စိတ်တစ်ပိုင်းလွှဲပြောင်းခဲ့သည်။ အိုးအိမ် နှင့်ဖွံ့ဖြိုးမှုစီမံခန့်ခွဲမှုအဖွဲ့ (HDB) ကို မြို့တော်ကောင်စီများ

www.foreverspace.com.mm

အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့ Port of Singapore Aulthority ၏ ဝန်ဆောင်မှုတစ်စိတ်တစ်ဒေသကို ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့သည်။ ဆက်သွယ်ရေးပစ္စည်းကိရိယာများကို တိုက်ရိုက်ရောင်းချပေးခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ထူးခြားမှုအဖြစ် ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်များလွှဲပြောင်းပေးသည့်နည်းတူ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များကို ပြုလုပ်သည်။ အချို့သောကုမ္ပဏီများတွင် 'Golden Shares' အဖြစ် ရှယ်ယာများထည့်ဝင်ခြင်း၊ ရှယ်ယာအများစုကို ဆုပ်ကိုင်ထားခြင်းများကို ပြုလုပ်သည်။ Rolling Privatization ဟု သုံးနှုန်းကြပါသည်။ စီးပွားရေးကဏ္ဍများအပေါ် အစိုးရ၏အခွန်ကဏ္ဍကို လျစ်လျူမရှုဘဲ နိုင်ငံတော်အစိုးရက ခြုံငုံထိန်းချုပ်ခြင်းသဘော ဖြစ်ပါသည်။

စင်ကာပူနိုင်ငံကဲ့သို့ပင် ဖိလစ်ပိုင်နိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ်သည် စနစ်ကျ၍ ရည်ရွယ်ချက်ကြီးမားသည်။ အများပိုင် (ပြည်သူပိုင်) လုပ်ငန်း ၂၉၆ ခုနှင့် ဖိလစ်ပိုင်အမျိုးသားဘဏ်နှင့် ဖွံ့ဖြိုးမှုဘဏ်များက သတ်မှတ်သည့် Non-performing Assets ၃၉၉ ခုကို ပုဂ္ဂလိကသို့ လွှဲပြောင်းခဲ့သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၏ မူလရည်ရွယ်ချက်မှာ နိုင်ငံတော်ပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်နှင့် အဆိုပါအကျိုးမဖြစ်ထွန်းသည့် လုပ်ငန်းများကို ရောင်းချပြီး နိုင်ငံဝင်ငွေများများ ရရှိရန်ဖြစ်သည်။ အခြေခံဥပဒေပြဋ္ဌာန်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကန့်သတ်ချက်အချို့ဖြင့် ပါဝင်ခွင့်ပြုခဲ့သည်။ ပြည်သူပိုင်လုပ်ငန်းသုံးပုံတစ်ပုံကျော်ကို ရောင်းချခွင့်ပြုခဲ့ပြီး ငါးပုံတစ်ပုံခန့်ကို ဖျက်သိမ်းရန် ရည်ရွယ်ခဲ့သည်။ ဖိလစ်ပိုင်ပုဂ္ဂလိပိုင်ပြုလုပ်ရေးသည် အကျိုးမဖြစ်ထွန်းသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ (Non-performing Assets) ကို ရုပ်သိမ်းရန် အလေးထားခဲ့ရာ အမှန်တကယ်ရောင်းချနိုင်မည့်တန်ဖိုးကို အမေရိကန်ဒေါ်လာ သန်းတစ်ထောင် (ရရန် ပိုင်ခွင့်တန်ဖိုး၏ ၂၂ ရာခိုင်နှုန်း) ကိုသာ ခန့်မှန်းခဲ့သည်။ ၁၉၈၇ ခုနှစ် ဇန်နဝါရီလမှ ၁၉၈၈ ခုနှစ် ဇွန်လအတွင်းတွင် အကျိုးမဖြစ်ထွန်းသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ရုပ်သိမ်းမှုမှ အမေရိကန်ဒေါ်လာသန်းနှစ်ထောင်ကျော်ရရှိခဲ့ပြီး (Recovery Rate) ပြန်လည်ကောင်းမွန်မှုနှုန်း ၄၀ ရာခိုင်နှုန်းနီး



www.foreverspace.com.mm



ပါးရှိပါသည်။

မလေးရှားနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမှာ အကန့်အသတ်အတော်လေးရှိသည်။ စီမံကိန်း ၇၁ ခု ပါဝင်သည်ဟု အစိုးရက ဆိုသည်။ လတ်တလောပုဂ္ဂလိကပိုင်ဆောင်ရွက်ပြီးသည့် အဓိကလုပ်ငန်းများမှာ အမျိုးသားလေကြောင်း (National Airline)၊ မလေးရှားလေကြောင်းစနစ် (Malaysian Airline System)၊ အမျိုးသားသင်္ဘောအလုပ်အကိုင်၊ မလေးရှားအပြည်ပြည်ဆိုင်ရာရေကြောင်းကုမ္ပဏီ (MISC)၊ အဝေးပြေးလမ်းမဆောက်လုပ်ရေးလုပ်ငန်းနှင့် Port Klang Cargo Handling စသည်တို့ပါဝင်သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမဟာစီမံချက် (Master Plan) တွင် အနာဂတ်ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမူဝါဒများကို ချမှတ်ထားပြီးဖြစ်သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဩဇာလွှမ်းမိုးသောပုဂ္ဂလိကပိုင်ပြုလုပ်ရေးနည်းနာကို မလေးရှားပုဂ္ဂလိကပိုင်ပြုလုပ်ရေးတွင် တွေ့ရသည်။ မလေးရှားလေကြောင်းစနစ် (MAS) နှင့် မလေးရှား အပြည်ပြည်ဆိုင်ရာရေကြောင်း (MISC) ကုမ္ပဏီတို့မှာ ထင်ရှားသောသာဓကဖြစ်သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရာ၌ တစ်စိတ်တစ်ပိုင်းရုပ်သိမ်းခြင်း (Partial Divestment) သည် နိုင်ငံတော်အစိုးရ၏ အဓိကရှယ်ယာအဖြစ် ဆက်လက်တည်ရှိပြီး အကျိုး ဆက်အဖြစ် ကုမ္ပဏီအပေါ်တွင် အရှိန်အဟုန် ဆက်လက်တည်နေမည်ဖြစ်သည်။ အခြားဥပမာတစ်ခုအဖြစ် Syariket Telekom Malaysia Berhand (STMB) ၏ ပုဂ္ဂလိကပြုလုပ်မှုကို တွေ့မြင်နိုင်ပါသည်။ သို့ရာတွင် အဆိုပါလုပ်ငန်းကို Malaysia's Telecommunication Service အဖြစ် ပြောင်းလဲပြီး ယခုတိုင်အောင် နိုင်ငံတော်အစိုးရမှ အပြည့်အဝဆက်လက်ပိုင်ဆိုင်သည်။ ဤတွင် မေးစရာမေးခွန်းပေါ်လာသည်။ 'မလေးရှားအစိုးရသည် စီးပွားရေးတွင် နိုင်ငံတော်၏ထိန်းချုပ်မှုကို အမှန်တကယ်လျှော့ချလို၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း ဟုတ်ပါရဲ့လား'၊ 'နိုင်ငံတော် ဝင်ငွေများ တိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ခြင်း ဟုတ်ပါလေစ'။

ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကြိုးပမ်းမှုများသည် ၁၉၈၆ တွင် စတင်သည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နိမ့်ကျခြင်း၊ ဘဏ္ဍာရေးအခက်အခဲကြောင့် ကိုယ်တိုင်ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ခြင်း၊ ပြင်ပကြွေးမြီများအပေါ်အားထားရခြင်းများကြောင့် နိုင်ငံတော်ကဏ္ဍကို လျှော့ချပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စတင် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များမှာ နှေးကွေးလေးလံသည်။ ယခုအထိ နိုင်ငံတော်ပိုင်လုပ်ငန်း ၆၇ ခုရှိသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ပြီးသော ကုမ္ပဏီများတွင် စက္ကူစက်ရုံလုပ်ငန်းများ၊ အလူမီနီယံလုပ်ငန်း၊ အစားအသောက်လုပ်ငန်းတို့ပါဝင်ပြီး အရှေ့မြောက် (Jude) စက်ရုံနှင့် သကြားစက်ရုံတို့မှာ တစ်စိတ်တစ်ပိုင်းပုဂ္ဂလိကပိုင်ပြုလုပ်ပြီး ဖြစ်သည်။ အနာဂတ်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် လျာထားသော အဓိကကုမ္ပဏီများမှာ ထိုင်းလေကြောင်း (Thai Airways International) နှင့် Electrical Generating Authority of Thailand (EGAT) တို့ ဖြစ်သည်။

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၏ မူလရည်ရွယ်ချက်မှာ နိုင်ငံတော်ပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်နှင့် အဆိုပါ အကျိုးမဖြစ်ထွန်းသည့်လုပ်ငန်းများကို ရောင်းချပြီး နိုင်ငံဝင်ငွေများများရရှိရန် ဖြစ်သည်။ အခြေခံဥပဒေပြဋ္ဌာန်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကန့်သတ်ချက်အချို့ဖြင့် ပါဝင်ခွင့်ပြုခဲ့သည်။**

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုနှင့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများ ကြောက်ခမန်းလိလိ မြင့်မားလာမှုကြောင့် အင်ဒိုနီးရှားနိုင်ငံတွင်လည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရန် ဖြစ်ပေါ်လာခဲ့သည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့် စွမ်းဆောင်ရည်မပြည့်ဝသော နိုင်ငံတော်ပိုင်လုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝပြီး ယှဉ်ပြိုင်မှုမြင့်မားစေရန် တိုက်တွန်း ပြောဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကြိုးပမ်းရာတွင် အခက်အခဲများ၊ ပြစ်တင်ဝေဖန်မှုများကြုံတွေ့ပြီး အင်ဒိုနီးရှား၏ အကြီးဆုံး ဆီအုန်းစိုက်ပျိုးမှုဖြစ်သော Tor Gamba ၁၉၈၅ သည် ထင်ရှားသောသာဓကဖြစ်သည်။ အပျက်အစီးဆုံးရှုံးမှုများ ကြုံတွေ့ရသော်လည်း အင်ဒိုနီးရှားအစိုးရသည် စွမ်းဆောင်ရည်ညံ့ဖျင်းသောလုပ်ငန်းများကို ကယ်တင်ရန် ကြိုးတင် ပြင်ဆင်ခဲ့ရသည်။ (ဥပမာ–၁၉၉၀ တွင် ဘဏ္ဍာရေးအခက်အခဲကြုံတွေ့ရပြီး ရပ်တည်ရန် အန္တရာယ်ကြီးသည့် Steel Mill PT Cold Rolling Mill) အင်ဒိုနီးရှားပုဂ္ဂလိကပိုင်ပြုလုပ်ရေးတိုးတက်မှုတွင် အကန့်အသတ်အချို့ရှိသော်လည်း အဓိကစီးပွားရေးကဏ္ဍများတွင် (အထူးသဖြင့်) နိုင်ငံခြားကုန်သွယ်မှုနှင့် ဘဏ်ကဏ္ဍတွင် စည်းမျဉ်းများ လျှော့ချနိုင်ခဲ့သည်။ ၁၉၈၇ ဒီဇင်ဘာတွင် အင်ဒိုနီးရှားအစိုးရသည် အရင်းအနှီးဈေးကွက်၌ အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများကို စတင်လျှော့ချခဲ့သည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာတွင် ဘဏ္ဍာရေးကဏ္ဍ၌ နိုင်ငံခြားဘဏ်များ ပိုမိုပါဝင်ယှဉ်ပြိုင်နိုင်ရန် ခွင့်ပြုပေးခဲ့သည်။

www.foreverspace.com.mm

၁၉၈၈ နိုဝင်ဘာတွင် အင်ဒိုနီးရှားအစိုးရသည် ပိုမိုရှင်းလင်းသော ပို့ကုန်၊ သွင်းကုန်မူဝါဒများ၊ ကိုယ်ကျိုးစီးပွားကာကွယ်မှု လျှော့ချခြင်းနှင့် ပိုမိုလွတ်လပ်သော စီးပွားရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကျယ်ပြန့်စွာ ပါဝင်နိုင်ရေးအတွက် တံခါးဖွင့်ဆောင်ရွက်ပေးခဲ့သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များနှင့် စည်းမျဉ်းလျှော့ချရေးလုပ်ငန်းစဉ်ကို အကြောင်းအချက်အမျိုးမျိုးတို့ဖြင့် အဟန့်အတားဖြစ်စေနိုင်သည်မှာ အထူးပြောဖွယ်မလိုအောင်ထင်ရှားသည်။ မန်နေဂျာနှင့် ဝန်ထမ်းတို့သည် အလုပ်အကိုင်၊ ရာထူးဌာနများ စွန့်လွှတ်ရမည်ကို စိုးရွံ့သည်။ ထို့ကြောင့် နိုင်ငံတော်ပိုင်မှ ပုဂ္ဂလိကသို့ ပိုင်ဆိုင်မှုများ လွှဲပြောင်းလုပ်ကိုင်မည်ကို လိုလားကြမည်မဟုတ်ချေ။ ဆန့်ကျင်ကန့်ကွက်လိုကြပေမည်။ Trade Union တို့သည်လည်း ထို့အတူပင်ဖြစ်ချေမည်။ ထင်ရှားသော ဥပမာတစ်ခုမှာ ၁၉၉၀ တွင် ထိုင်းနိုင်ငံ၌ ဖြစ်ပွားခဲ့သော ဆိပ်ကမ်းသမဂ္ဂခြောက်ခု၏ လေးရက်ကြာ ကန့်ကွက်ဆန္ဒပြပွဲဖြစ်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များသည် ခက်ခဲနက်နဲသောလုပ်ငန်းစဉ်များ ဖြစ်ပြီး အမျိုးသားရေးခံစားမှုများဖြင့် ဆင်ခြေကန်နိုင်မှုကြုံရလေ့ရှိသည်။ အချို့သောကိစ္စရပ်များတွင်မူ ဥပဒေရှုထောင့်မှ အတားအဆီးအမှောင့်အရှောင့်များ ဝင်ရောက်နိုင်ပေသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်သည် အဓိကအခန်းကဏ္ဍအနေ ဖြင့်ပါဝင်လျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လေလေ ရှယ်ယာများရောင်းချရန် လွယ်ကူလေဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ကောင်းမွန်ဖြစ်ထွန်းမှသာ ပိုမိုသင့်တော်သော လေလံဆွဲသူ၊ ကမ်းလှမ်းသူများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များသည် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးအသစ်များ၊ ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်လျက် ဈေးကွက်စီးပွားရေးကို ပိုမိုအားကောင်း၊ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာခြင်းဖြင့် အမြတ်အစွန်းနှင့် အခွန်တော်ငွေများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သကဲ့သို့ အမျိုးသားရေးခံစားမှုများလည်း ပြင်းထန်လာနိုင်ပေမည်။

> **ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များနှင့် စည်းမျဉ်းလျှော့ချရေးလုပ်ငန်းစဉ်ကို အကြောင်းအချက်အမျိုးမျိုးတို့ဖြင့် အဟန့်အတားဖြစ်စေနိုင်သည်မှာ အထူးပြောဖွယ်မလိုအောင် ထင်ရှားသည်။ မန်နေဂျာနှင့် ဝန်ထမ်းတို့သည် အလုပ်အကိုင်၊ ရာထူးဌာနများ စွန့်လွှတ်ရမည်ကိုစိုးရွံ့သည်။ ထို့ကြောင့် နိုင်ငံတော်ပိုင်မှ ပုဂ္ဂလိကသို့ ပိုင်ဆိုင်မှုများ လွှဲပြောင်းလုပ်ကိုင်မည်ကို လိုလားကြမည်မဟုတ်ချေ။**

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များ၏ အဆုံးအဖြတ်အပေးနိုင်ဆုံးယူဆချက်မှာ 'ယင်းလုပ်ငန်းစဉ်များသည် မည်သို့သောအတိုင်းအတာအထိ စွမ်းဆောင်ရည်ပြည့်ဝမှုကို တိုးတက်ဖြစ်ထွန်းစေပါသနည်း၊ အခြားသောစီးပွားရေးကဏ္ဍများကို မည်မျှဖွံ့ဖြိုးတိုးတက်စေပါသနည်း' ဆိုသောမေးခွန်း၏အဖြေပင်ဖြစ်သည်။ အဆိုပါ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိ အောင်မြင်စေရန် ရှေးဦးလိုအပ်ချက်နှစ်ရပ် ရှိသည်။ ပထမအချက်မှာ အစိုးရ၏ ထိန်းချုပ်မှုနှင့် ဝင်ရောက်စွက်ဖက်မှုကို ဖျက်သိမ်းရန်ဖြစ်ပြီး ဒုတိယအချက်မှာ ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများသည် ဈေးကွက်ယှဉ်ပြိုင်မှုများကို မဖြစ်မနေ တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၏ရည်ရွယ်ချက်သည် အစိုးရပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လက်ဝါးကြီးအုပ်လုပ်ကိုင်ရန် (မိုနိုပိုလီပါဝါ) လွှဲပြောင်းပေးသည်မဟုတ်။ စွမ်းဆောင်ရည်မြင့်မားပြီး ပြိုင်ဆိုင်မှုပြင်းထန်သော၊ အပေါင်းလက္ခဏာဆောင်သောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်မျှော်မှန်းလုပ်ဆောင်ခြင်း ဖြစ်သည်။ အဆိုပါ မိုနိုပြဿနာသည် လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေဖြန့်ဖြူးရေးကဲ့သို့သော (Public Utilities)ကိစ္စရပ်များတွင် အဓိကအားဖြင့်ဖြစ်ပေါ်လေ့ရှိသည်။ ထို့ပြင် အဆိုပါအန္တရာယ်သည် 'သဘာဝမိုနိုပိုလီ' ကိစ္စရပ်များတွင်သာမက အိမ်တွင်းမှုဈေးကွက်နှင့် ပုံမှန်ဈေးကွက်တွင်ဖြစ်ပေါ်လေ့ရှိပြီး မလေးရှားနှင့် ဖိလစ်ပိုင်တို့တွင် ဖြစ်ပေါ်ခဲ့ပါသည်။

မိုနိုပိုလီပါဝါသည် ခနရှင်မိသားစုလူနည်းစုနှင့် ၎င်းတို့၏အပေါင်းအပါများလက်ထဲသို့ လုံးလုံးလျားလျားရောက်ရှိခဲ့ပါလျှင် မလိုလားအပ်သောအန္တရာယ်များကျရောက်လာနိုင်သည့်အပြင် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်များကို ဆန့်ကျင်သွေဖည်ရာရောက်ပြီး ဝင်ငွေလည်ပတ်စီးဆင်းမှုနှင့် ခနဉစ္စာများ ခွဲဝေဖြန့်ဖြူးမှု မညီမျှမှုကို ပိုမိုဖြစ်ထွန်းစေနိုင်ကြောင်း ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့က မီးမောင်းထိုးပြနေသည်။

**မျိုးခန့်စံ**

Ref: Towards more effective market By Jacques Pelkmans & Norbert Wagner.

www.foreverspace.com.mm

# ပထမပုဂ္ဂလိကဘဏ်

**ပုဂ္ဂလိကဘဏ်လုပ်ငန်းများကို အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ် အနည်းငယ်အနက် ထင်ရှားသည့်အများပိုင်ဘဏ်တစ်ခု ဖြစ်သည်။**



- ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ခဲ့ပြီး ၁၉၉၂ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့။
- တည်ထောင်သူနှင့် ဥက္ကဋ္ဌမှာ ဒေါက်တာစိန်မောင်ဖြစ်။
- ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အစုရှယ်ယာရောင်းချ၍ရသည့် ငွေအပါအဝင် ဘဏ်ပိုင်မတည်ရင်းနှီးငွေ စုစုပေါင်းမှာ ကျပ် ၁၃,၂၁၄ ဒသမ ၂၇ သန်းရှိ။
- ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအထိ အစုရှယ်ယာရှင် ၅,၆၄၂ ဦးက အစုရှယ်ယာပေါင်း ၆၈၁,၁၅၀ စု၊ တန်ဖိုးငွေပေါင်း ၆,၈၁၁ ဒသမ ၅၀ သန်းကို ထည့်ဝင်ထားဟုဆို။
- လက်ရှိရန်ကုန်ဘဏ်ရုံးချုပ်အပါအဝင် ဘုရင့်နောင်၊ မန္တလေး၊ မုံရွာ၊ သိမ်ကြီးဈေး၊ ပြည်၊ ဟသ်ာတ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မကွေး၊ ထားဝယ်၊ မြိတ်၊ လသာ၊ ကော့သောင်း၊ အောင်ပန်း၊ အလုံနှင့် မော်လမြိုင်တို့တွင် ဘဏ်ခွဲများ ဖွင့်လှစ်ထားပြီး ဘဏ်ခွဲအရေအတွက် စုစုပေါင်း ၁၇ ခုရှိ။
- ငွေချေးလုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ငွေပေးအမိန့်၊ စာရင်းရှင်အပ်ငွေနှင့် ငွေစုဘဏ်လုပ်ငန်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိ။
- မကြာမီ နေပြည်တော်ဘဏ်ရုံးချုပ်နှင့် တောင်ကြီးနှင့် ကလေးမြို့ဘဏ်ခွဲတို့ကို တိုးချဲ့ဖွင့်လှစ်သွားမည်ဟု သိရ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ဘဏ်ရုံးချုပ်လိပ်စာ**

  ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ)
  ပထမပုဂ္ဂလိကဘဏ်လီမိတက်
  အမှတ်–၆၁၉/၆၂၁၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၆၇၈၆၊ ၂၅၁၇၄၈၊ ၂၅၁၇၄၇၊ ၂၅၁၇၄၉၊ ၂၅၁၇၅၀၊ ၃၈၈၅၀၂၊
  ဖက်စ်–၂၄၂၃၂၀၊ ၂၅၀၁၄၈၊ ၂၅၂၄၀၈

www.foreverspace.com.mm



# မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း

**မန္တလေးမြို့တော်၌ ရှေးအကျဆုံးနှင့် ထုထည်အင်အားအကြီးမားဆုံး စီးပွားရေးအခြေခံ ဘာသာရေးနှင့်လူမှုရေး အသင်းကြီး ဖြစ်သည်။**



- မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ကျောင်းတိုက်များတွင် သီတင်းသုံးနေတော်မူကြသော သံဃာတော်များအား နှစ်စဉ်နှစ်တိုင်း ကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများကို ခင်းကျင်းလှူဒါန်းရန်နှင့် အသင်းသားပွဲစား၊ ကုန်သည်၊ စက်ပိုင်များအချင်းချင်း သမာသမတ်မျှတစွာ အရောင်းအဝယ်ပြုနိုင်ကြရန် ရည်ရွယ်ဖွဲ့စည်းထား။
- ၁၉၃၅ ခုနှစ်တွင် ပွဲစားကုန်သည်များက တည်ထောင်ခဲ့ပြီး ကထိန်လှူဒါန်းခြင်းကို စတင်ဆောင်ရွက်ခဲ့။ ပထမဆုံးဥက္ကဋ္ဌမှာ ဦးစက်ဖေဖြစ်။
- ၁၉၄၅ ခုနှစ်တွင် ပဲဘက်ဆိုင်ရာပွဲစားကုန်သည်များအသင်းဟုလည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် ပွဲစားကုန်သည်များအသင်းဟုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ပွဲစားကုန်သည်များကထိန်တော်အသင်းဟုလည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ပွဲစားကုန်သည်စက်ပိုင်များကထိန်တော်အသင်းဟုလည်းကောင်း အမည်များပြောင်းလဲသတ်မှတ်ခဲ့။
- လက်ရှိဥက္ကဋ္ဌမှာ ဦးကျော်သိန်း (အရီးတောင်းလက်ဖက်) ဖြစ်ပြီး အလုပ်အမှုဆောင် ၁၅ ဦး၊ အသင်းသား ၂၀၃၄ ဦး၊ ကိုယ်စားလှယ် ၂၇၃၃ ဦးရှိ။
- အသင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်သုံးထပ်အဆောက်အအုံကြီးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့။
- မြန်မာတစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင်များ၏ ပထမဦးဆုံးအသင်းကြီးဖြစ်။
- အထက်မြန်မာပြည် အနယ်နယ်အရပ်ရပ်မှဝင်ရောက်လာသည့် ကောက်ပဲသီးနှံများကိုပွဲခရယူ၍ တစ်ဆင့်ရောင်းချဖလှယ်ရာ ဗဟိုချက်မဖြစ်ပြီး ကုန်ပစ္စည်းများကိုကြိုရောင်း၊ ကြိုဝယ်ပြုလုပ်ခြင်းနှင့် လေပတ်ကားရောင်းဝယ်ခြင်းတို့ကို တားမြစ်ထားဟု သိရ။
- ဆန်စပါးမပါ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် တိရစ္ဆာန်အစားအစာအပါအဝင်ကုန်ပစ္စည်းအမျိုးအမယ်ပေါင်း ၈၀ မှ ၁၀၀ ခန့်အထိနေ့စဉ် ရောင်းဝယ်လျက်ရှိ။
- နှစ်စဉ်ကထိန်ခင်းကျင်းလှူဒါန်းခြင်းသာမက သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသူများနှင့် မန္တလေးမြို့ရှိ လူမှုရေးအဖွဲ့အစည်းနှင့် ဂေဟာ ၁၂ ခုသို့ လှူဒါန်းပံ့ပိုးလျက်ရှိ။
- ကုန်စည်ဈေးနှုန်းများ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ကွန်ပျူတာ Network စနစ် တပ်ဆင်လျက်ရှိ။
- အပတ်စဉ်ဥပုသ်နေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် အသင်းလိပ်စာ**

  ဦးကျော်သွင်(သတင်းနှင့်ပြန်ကြားရေးအဖွဲ့ခေါင်းဆောင်) ၊ မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း အကွက် (၂၇၃)၊ ပဲလှော်ချောင်ရပ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
  ဖုန်း–၀၉–၂၀၀၄၁၀၁၊ ၀၂–၆၀၅၇၉၊ ဖက်စ်–၀၂–၆၃၈၆၆

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၈ ၂၀၁၀ ပြည့်နှစ်၊ မေ

## အိမ်တိုင်ရာရောက် ဆေးကုချင်လား

အသစ်အသစ်တွေ အမြဲပေါ်နေပေမယ့် အရင်နည်းဟောင်းတွေဆီကိုပဲ တစ်ဝဲလည်လည်သွားဖြစ်ကြတာ အစဉ်အလာလို့ဖြစ်နေပါတယ်။ ယခင်က သက်ကြီးရွယ်အိုတွေ နာမကျန်းဖြစ်တဲ့အခါ ဆေးဆရာကိုအိမ်ပင့်ပြီး ဆေးကုကြတာမျိုးလို ဒီနေ့ခေတ်မှာလည်း အိမ်တိုင်ရာရောက် လာရောက်ဆေးကုသတဲ့ဆေးကုခန်းတွေ ပေါ်ပေါက်လာပါပြီ။

အခုတစ်လညွှန်ပေးမှာက ကိုယ့်အိမ်ကိုယ့်ရာကနေ ဘယ်မှမသွားချင်တဲ့၊ အိမ်မှာပဲ ဆေးကုသချင်တဲ့သူတွေနဲ့ ဆေးရုံ၊ ဆေးခန်းနဲ့ အလှမ်းဝေးတဲ့သူတွေအတွက် ဖုန်းလေးတစ်ချက်ဆက်တာနဲ့ အဆင်ပြေမယ့် Service လေးပဲ ဖြစ်ပါတယ်။

ဒီဆေးကုခန်းလေးတွေမှာ ဓာတ်ခွဲခန်းကအစ၊ တစ်လတစ်ခါ Medical Checkup လုပ်ချင်ရင်ပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာရောဂါအလိုက် သက်ဆိုင်ရာဆရာဝန်နဲ့ ချိတ်ဆက်ကုသချင်ရင်ပဲဖြစ်ဖြစ် ဆောင်ရွက်ပေးပါတယ်။

လိပ်စာ- **Home Medical Service**

အမှတ်-၃၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၅၇၉၊ ၂၂၅၈၅၀

- ထူးသက်သာဦး (ဆေးကုခန်း)

အမှတ် (၁၇၂)၊ ဗိုလ်မင်းရောင်လမ်း၊ ၁၀၃ နှင့် ၁၀၄ လမ်းထိပ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၁၃၄၊ ၀၉-၅၁၉၄၅၃၇၊ ၀၉-၅၀၅၉၁၀၅

## Mobile သုံး လမ်းညွှန်ဆော့ဖ်ဝဲလ်

Mobile ဖုန်းတွေအသုံးများလာတဲ့အတွက် အသုံးတည့်မယ်ထင်တဲ့ Software လေးတစ်ခုကို လမ်းညွှန်ပေးချင်တယ်။ ရန်ကုန်လမ်းညွှန်လိုပဲ ကိုယ်သိချင်တဲ့ဖုန်းနံပါတ်တွေ၊ လုပ်ငန်းနာမည်တွေ၊ ကုန်ပစ္စည်းတွေနဲ့ လုပ်ငန်းအမျိုးအစားတွေကို A to Z အညွှန်းအက္ခရာစဉ်အလိုက်ဖော်ပြထားလို့ ကိုယ်သိချင်တဲ့အမည်ကို ဖုန်းမှာရိုက်ထည့်လိုက်ရုံနဲ့ ကိုယ်သိချင်တဲ့လိပ်စာအချက်အလက်တွေကို လျင်လျင်မြန်မြန်ရှာပေးနိုင်မယ်လို့ဆိုပါတယ်။ ဒီ Software လေးက Yellow Mobile လို့ခေါ်ပါတယ်။ Myanmar Industrial & Commercial Directory (MIDC) က ဆောင်ရွက်ပေးတာဖြစ်ပြီး ရန်ကုန်လမ်းညွှန်ကို ဖိုင်ဆိုဒ်ချုံ့ထားတဲ့ Software လေးဖြစ်လို့ ကိုယ့်ရဲ့ဖုန်းထဲကို တစ်ခါထည့်ထားရုံနဲ့ Data Updaste Free ကိုပေးမယ်လို့ဆိုပါတယ်။ ကိုယ်နောက်ထပ်ဖုန်းတစ်လုံးမလဲမချင်း အလုပ်လုပ်ပေးနေမယ့် Software လို့ သိရတယ်။ စိတ်ဝင်စားတဲ့သူတွေက ပန်းဆိုးတန်းတာဝါရဲ့ (၁၁) ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်မှာ ၇,၅၀၀ ကျပ်နဲ့ ထည့်လို့ရပြီး တခြားဖုန်းအရောင်းဆိုင်တွေမှာလည်း ထည့်လို့ရပါတယ်။

## လေဒီတို့အတွက် တစ်နေရာစာ

နယ်မြို့တွေကလာရောက်မယ့် အမျိုးသမီးတွေအတွက် ရန်ကုန်မြို့တော်ကို ရောက်လာပြီဆို အလည်အပတ်ပဲဖြစ်ဖြစ်၊ အလုပ်လုပ်ချင်လို့ပဲဖြစ်ဖြစ်၊ ကျောင်းတက်လို့ပဲဖြစ်ဖြစ်၊ နေဖို့ထိုင်ဖို့၊ ကျောတစ်ခင်းစာ ရဖို့အရေးကြီးပါတယ်။ အိမ်၊ တိုက်ခန်း မငှားချင်သူတွေ၊ မငှားနိုင်သူအမျိုးသမီးတွေအတွက် သီးသန့်ဖွင့်ထားတဲ့ ဘော်ဒါဆောင်တွေကို လက်လှမ်းမီသလောက် ဖော်ပြလိုက်တာပါ။

- **ပန်းခင်း**

  - အမှတ်-၁၀၀/၁၀၆၊ ပထမထပ်၊ ၄၁ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  - အမှတ်-၃၀၁၊ ၅-လွှာ (ယာ)၊ မဟာဗန္ဓုလလမ်းနှင့် ၄၂ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

  ဖုန်း-၀၉-၅၁၁၈၆၄၇၊ ၀၁-၇၃၀၀၉၈၆၉၊ ၀၁-၂၅၆၇၀၀၊ ၀၁-၃၈၉၈၇၂

- **Family Home**

  - အမှတ်-၂၃-၂၅၊ ၇-လွှာ၊ ရန်ကင်းလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

  ဖုန်း-၀၉-၅၄၀၄၀၂၃

www.foreverspace.com.mm



## မော်လမြိုင်မှာ မနက်စာစားမယ်




မြန်မာနိုင်ငံရဲ့တတိယမြို့တော် မော်လမြိုင်မြို့ကို ရောက်တုန်းရောက်ခိုက် မနက်စာ စားသုံးလိုသူတွေအတွက် လက်ဖက်ရည်၊ အာလူးပူရီ အရသာကောင်းမွန်ပြီး ဆိုင်နေရာထိုင်ခင်း သပ်ရပ်ကျယ်ဝန်းဆိတ်ငြိမ်အေးချမ်းတဲ့ လက်ဖက်ရည်တစ်ဆိုင်ကို လမ်းညွှန်ပါရစေ။ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံနဲ့အတူ ထမင်းကြော်၊ ထမင်းဖြူ (ဟင်းမျိုးစုံ)၊ ထမင်းဆီဆမ်း၊ ကြက်ဆီထမင်း၊ နန်းကြီးသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ နို့စိမ်းခေါက်ဆွဲ၊ ခေါက်ဆွဲသုပ်၊ မွန်ရိုးရာသင်္ကြန်ထမင်း၊ ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ်၊ အာလူးပူရီ၊ သကြားပလာတာ၊ ပဲပလာတာ၊ ကြက်ဥပလာတာ၊ နံပြားထောပတ်/ ယိုသုတ်၊ ပဲနံပြား၊ ဆိတ်စွပ်နံပြား၊ ပေါင်မုန့်ထောပတ်သုတ်၊ ပေါင်မုန့် ကြက်ဥကြော်၊ ကြေးအိုး၊ ကြေးအိုးဆီချက်၊ ကော်ရည်၊ ဆီချက်၊ ဖက်ထုပ်၊ နို့ကြက်ဥ၊ အိုဗာတင်း၊ နွားနို့၊ ပေါက်စီ၊ ပူတင်း စတဲ့ စားသောက်ဖွယ်ရာတွေ ရရှိနိုင်ပါတယ်။ 5 Movies နဲ့ ဘောလုံးဝါသနာရှင်တွေအတွက် မြင်ကွင်းကျယ် LCD ရုပ်မြင်သံကြားပြစက်နှစ်လုံးတပ်ဆင်ဖျော်ဖြေထားပြီး ခြံဝင်းထဲမှာမို့ ဆိုင်ကယ်နဲ့ ယာဉ်ရပ်နားဖို့နေရာကျယ်ကျယ်ဝန်းဝန်းရှိပါတယ်။ မနက်စောစောမှာ မော်လမြိုင်မြို့ရဲ့ကျက်သရေဆောင် တောင်ပေါ်တန်းပေါ်က ကျိုက်သလ္လာန်၊ ကျိုက်သုတ်၊ ဦးဇိနဘုရားတွေကို တက်ရောက်ဖူးမြော်ပြီး မနက်စာဝင်ရောက်စားသောက်လိုသူတွေအတွက် အသင့်လျော်ဆုံးဆိုင်တစ်ခုပါ။

လိပ်စာ– **ဆုံမှတ်** ကဖီးနှင့်အအေးမျိုးစုံ
ဦးဇိနဘုရားလမ်းနှင့် အထက်လမ်းမကြီးထောင့်၊
ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း–၀၅၂–၂၂၂၅၂

## အင်္ဂလိပ် ဗန်းစကား အသံထွက်ပါနားထောင်ပြီး လေ့လာနိုင်မယ်နေရာ

အင်္ဂလိပ်ဘာသာစကားကို နိုင်ငံတကာဆက်ဆံရေးကြားခံ ဘာသာစကားအဖြစ်သုံးပြီး ဆက်သွယ်ပြောဆိုနေကြရတဲ့ ခေတ်ဖြစ်လို့ ရုပ်ရှင်ကြည့်လည်းအင်္ဂလိပ်ဇာတ်ကား၊ အင်တာနက်လည်း အင်္ဂလိပ်စာ စသည်ဖြင့် ကြုံရင်ကြုံသလို အင်္ဂလိပ်ဘာသာကို လေ့လာနေကြရပါတယ်။

အဲလို အင်္ဂလိပ်ဘာသာ လေ့လာတဲ့နေရာမှာ Slang ဆိုတဲ့ ဗန်းစကားတွေကိုလည်း သိထားရအောင် လေ့လာကြရပါတယ်။ အဲဒီ Slang တွေကို အင်တာနက်ကနေ အခမဲ့လေ့လာနိုင်တဲ့နေရာတွေ ရှိပါတယ်။ အဲဒီတွေထဲကမှ ထူးခြားတဲ့ဝန်ဆောင်မှုအဖြစ် Slang တစ်ခုချင်းရဲ့ အသံထွက်နဲ့ပါတွဲပြီးနားထောင်နိုင်တဲ့နေရာကို လမ်းညွှန်ဖော်ပြပေးလိုက်ပါတယ်။ စာလုံးတစ်လုံးကိုမြင်ရုံသာမြင်ပြီး အသံထွက်မသိလို့ပြန်မသုံးတတ်တာမျိုး မဖြစ်တော့အောင်ပါ။ www.septicscompanion.com မှာဝင်ရောက်လေ့လာနိုင်ပါတယ်။ အဲဒါက The septicscompanion ဆိုတဲ့ British Slang Dictionary ဖြစ်ပါတယ်။ အဲဒီမှာ ဗန်းစကားတွေကို အက္ခရာစဉ်လိုက်ရှာနိုင်တဲ့အပြင်၊ အမျိုးအစားအလိုက်စုစည်းထားတာကိုပါ ရှာဖွေလေ့လာနိုင်ပါတယ်။

ပြီးရင် ဒီ Website မှာ ဖိုရမ်ပါပါလို့ ကိုယ်စိတ်ဝင်တဲ့အကြောင်းအရာတွေ့ရင်လည်း ဝင်ရောက်ဆွေးနွေးနိုင်ဦးမှာပါ။

စာအုပ်တွေစိတ်ဝင်စားတဲ့သူတွေအတွက် စာအုပ်အညွှန်းမှာပါတဲ့ စာအုပ်တွေအကြောင်းမြည်းစမ်းကြည့်နိုင်ကြမှာ ဖြစ်ပါတယ်။

■

www.foreverspace.com.mm

# နေပြည်တော်က မော်တော်ကား အငှားဝန်ဆောင်မှု

နေပြည်တော်ကို တစ်ခါမှ မရောက်ဖူးလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နေပြည်တော်မှာ လည်ပတ်စရာ နေရာတွေက တစ်နေရာနဲ့ တစ်နေရာတော်တော်အလှမ်းဝေးနေလို့ပဲဖြစ်ဖြစ် သက်သက်သာသာ ဖိမ်ကျကျသွားလိုသူတွေအတွက် မော်တော်ကားအငှားဝန်ဆောင်မှုလုပ်ငန်းတွေကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။ ကားအမျိုးအစား၊ ကျသင့်မယ့်ဈေးနှုန်းတွေကို ဖုန်းအရင်ကြိုဆက်ပြီး မေးမြန်းရင် ပိုအဆင်ပြေနိုင်ပါတယ်။

**လိပ်စာ–**

- **108 Car Rental**
  ရန်ကုန်–မန္တလေးလမ်း၊ ရွာကောက်၊
  နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၃၄၅၇
- **Goal Car Rental**
  အမှတ်(က/၃၆)၊ ဘောဂသီရိကားဝင်း၊
  နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၃၈၂၇၈
- **ထိပ်တန်း**
  လမ်းမတော်လမ်း၊ နေပြည်တော်တပ်ကုန်းမြို့။
  ဖုန်း–၀၆၇–၇၀၃၃၇
- **ပတ္တမြား**
  အမှတ် (၁/၇၅၈–အေ)၊ ရန်ကုန်–မန္တလေးလမ်း၊
  ပေါင်းလောင်းကစားကွင်းရှေ့၊ နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၃၃၂၆
- **ကောင်းမြတ်**
  အမှတ်(၆/၃၉)၊ ရန်ကုန်–မန္တလေးလမ်း၊ စိုက်ပျိုးရေးရုံးရှေ့၊
  နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၀၃၃
- **ခရေရိပ်**
  အမှတ်(၉/၁၀)၊ ၆ လမ်း၊ ရွှေချီရပ်ကွက်၊ ဘဏ်မြောက်ဘက်၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၆၅၇
- **Lwin Car Rental**
  အမှတ် (၃၁/၄၇)၊ ဗိုတာရာလမ်း၊ ချိန်တန်ပြီလက်ဖက်ရည်ဆိုင်ရှေ့၊ နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၁၂၄၇
- **Nay Pyi Taw Taxi & Car Rental Services**
  သပြေကုန်းဈေး၊ နေပြည်တော်။ ဖုန်း–၀၆၇–၄၁၄၉၉၄
- **Sky Lines**
  အမှတ်–၇၊ ၁၂ လမ်း၊ နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၈၈၀
- **သက်တံရောင်**
  အမှတ် (အေ–၁၅)၊ ဘောဂသီရိကားဝင်း၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၃၈၂၃၁
- **ထွန်း**
  အမှတ် (၈/၇၈)၊ ဘုရားလမ်း၊ ဘူတာလမ်းထောင့်၊
  နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၂၇၂



www.foreverspace.com.mm



# သွားအတွက် မပူနဲ့

သွားစိုက်ခြင်း၊ သွားပိုးစားခြင်း၊ သွားနုတ်ခြင်း၊ သွားဖာခြင်း စတဲ့ စတဲ့သွားကိစ္စအတွက် အဆင်ပြေစေဖို့ သွားဆေးခန်းတချို့ကို ဖော်ပြလိုက်ပါတယ်။

- **Capital Dental Clinic**
  ဒီရုံ၊ လေးထပ်၊ သိမ်ကြီးဈေး၊ လသာမြို့နယ်၊ရန်ကုန်။
  ဖုန်း-၀၁-၂၄၀၆၀၀၊ Ext-၄၉၈
- **T-Care**
  အင်းလျားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၈၀၅၅
- **Mr.Dentist**
  အခန်း-၂၄၅-၂၄၆၊ Summit Parkview Hotel၊ အလုံလမ်း၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၁-၂၁၁၈၈၈၊ Ext- ၂၄၅
- **KOE Dental**
  ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၃၆၉၉၊ ၅၅၁၇၇၅
- **AR RAW JAN**
  A(03-01) A (03-02)၊ လမ်းမတော်ပလာဇာ၊
  မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၁၀၇၁၇
- **ဝိုင်းသွားဆေးခန်း**
  (၂) ဈေးနှင့် ဘုန်းကြီးလမ်းကြား၊
  မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **First Care**
  ၁၇၈၊ လမ်း ၅၀(အပေါ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၂၀၁၅၂၄၊ ၀၉-၅၁၃၉၈၀၁
- **Care Dental Clinic**
  A-၂၇၊ ကွင်းကျောင်းလမ်းနှင့် ကမ်းနားလမ်းထောင့်။
  အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၈၇၇၄
- **ဖိုးမေတ္တာ**
  ၆၈၃၊ ၈၁ လမ်း (၄၂×၄၃ လမ်းကြား)၊
  မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၂၀၂၄၂၉၁
- **ကံ့ကော်အောင်**
  လမ်း ၃၀၊ ၆၂×၆၃ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၂-၃၅၁၄၅
- **ဖူးပွင့်သာ**
  ၆၂ လမ်း၊ ၄၁× ၄၂ လမ်းကြား၊ မဟာအောင်မြေ၊ မန္တလေး။
  ဖုန်း-၀၂-၆၂၂၈၃၊ ၀၉-၂၀၃၃၀၈၅
- **ပုလဲသွယ်**
  C-၆/၁၄၅၊ မနော်ဟရီလမ်း၊ ၆၂-၆၄ လမ်းကြား၊
  ချမ်းမြသာစည်၊ မန္တလေး။ ဖုန်း-၀၂-၈၀၇၆၄



www.foreverspace.com.mm

## နေရာပြောင်း ၊ လိပ်စာသစ်

- **ထွေးဦးမြန်မာ့ရိုးရာရုပ်သေးအဖွဲ့**
  အမှတ်–၁၂၊ ရာမလမ်း၊ အနောက်စောရန်ပိုင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၉၄၂၊ ၀၉–၅၁၂၇၂၇၁
- **City Mart Holding Co.,Ltd. (Head Office)**
  အမှတ်–(၁–၁၁)၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်း (အရှေ့ဘက်ခြမ်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၈၄၆၀
- **နှင်း စာပေရတနာ**
  အမှတ်–၂၁၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၄၅၃၂၂

## နေပြည်တော်မှာ ကွန်ပျူတာသင်တန်းတက်မလား

သင်္ကြန်တွင်းမှာ ရေကစားပြီး ပျော်ရွှင်ခဲ့ပြီးပြီမို့ ဒီတစ်လမှာတော့ ဘယ်အလုပ်ပဲလျှောက်လျှောက်အဆင်ပြေအောင် ကွန်ပျူတာသင်တန်းဖွင့်လှစ်ပေးတဲ့ နေရာတချို့ကို ဖော်ပြပေးလိုက်တယ်။ အခြေခံစာစီစာရိုက်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်ရုံနဲ့ တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်နိုင်တဲ့သူတွေလည်း အများကြီးပါ။ ဒါကြောင့် စာစီစာရိုက်ပဲဖြစ်ဖြစ်၊ Excel ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကွန်ပျူတာ Hardware ပိုင်း၊ Software ပိုင်းပဲဖြစ်ဖြစ် တစ်ခုခုတတ်မြောက်ထားလိုသူတွေအတွက် သင်ယူနိုင်မယ့် ဘာသာရပ်တွေ၊ ဈေးနှုန်းတွေကို အောက်ကလိပ်စာတွေကတစ်ဆင့် မေးမြန်းစုံစမ်းတက်ရောက်နိုင်ပါလိမ့်မယ်။

- **Linn**
  – အမှတ် (၁၁/၇)၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော်ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၈၈၄
  – သပြေကုန်း၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၄၁၈၈၄
- **Mam Center**
  အမှတ်–၆၊ ဗိုလ်တောက်ထိန်လမ်း၊ နေပြည်တော်။
- **MCC**
  အမှတ်(၁)၊ ပထမထပ်၊ စင်ထရယ်ဈေးခန်းမ၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၁၃၂
- **Royal Tech**
  အမှတ်(၃/၂)၊ နေပြည်တော်လမ်း၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၄၅၉

## ကလေးများအတွက် နွေရာသီအားကစားသင်တန်းများ

နွေကျောင်းပိတ်ရက်မှာ ကလေးတွေကို အိမ်မှာ ဆော့ကစားစေရုံသာမကဘဲ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ဖို့ သင်တန်းတွေ တက်ရောက်စေချင်တဲ့ မိဘတွေအတွက် ဖော်ပြပေးလိုက်တာပါ။ သင်တန်းတွေထဲမှာ ရေကူး၊ ဂူရှူး၊ ကျွမ်းဘား စတဲ့ ကိုယ်ခန္ဓာပျော့ပျောင်းဖွံ့ဖြိုးစေတဲ့ အားကစားနည်းသီးသန့်သင်ကြားပေးနေတဲ့ သင်တန်းကျောင်းတွေအပြင် တခြားအားကစားနည်းမျိုးစုံသင်ကြားပေးနေတဲ့ သင်တန်းကျောင်းတွေကို စုစည်းပေးထားပါတယ်။ ဒီသင်တန်းတွေကို ကလေးတွေ မတက်ရောက်မီ တက်ရောက်ရမယ့်အချိန်၊ နေ့ရက်နဲ့ သင်တန်းကြေးကို ဖုန်းဆက်စုံစမ်းဖို့ မမေ့နဲ့နော်။

လိပ်စာ–

- **မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်**
  အမှတ်–၁၊ ဒုတိယထပ်၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၉၃၇၁
- **Health Club**
  ကမ္ဘာအေးဘုရားလမ်း၊ မရီနာအိမ်ရာ၊ တိုက် (၁၀)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၆၅၁
- **ဆရာရန်နိုင် (Dragon King)**
  အမှတ်–၃၆၇၊ ၆ လွှာ၊ မဟာဗန္ဓုလလမ်း၊ ၃၈ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၁၇၂၄၅၊ ၀၉–၅၀၁၆၆၂၃၊ ၀၉–၅၀၀၆၄၄၃
- **Myanmar Aikido**
  အမှတ်–၃၃၀၊ ပြည်လမ်း၊ ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **အမျိုးသားရေကူးကန်**
  ဦးဝိစာရလမ်း၊ အိုလံပစ်ဟိုတယ်ဘေး၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၈၅၅၀
- **ကုက္ကိုင်းရေကူးကန်**
  အမှတ်–၃၄၊ ဆရာစံလမ်း၊ ဝွတ္တာလစ်မြောက်၊ အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၇၄၉
- **တက္ကသိုလ်များ ရေကူးကန်**
  သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၃၁၀၉ ■

www.foreverspace.com.mm



# မြန်မာပြည်အနှံ့ လျှောက်လည်မလား

ကျောင်းသားအရွယ်ကလေးငယ်များအတွက် နွေကျောင်းပိတ်ရက်မှာ မိသားစုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ခရီးထွက်ချင်တယ်ဆို ကြိုတင်စာရင်းသွင်းစုံစမ်းနိုင်အောင် ခရီးသွားလုပ်ငန်းတွေရဲ့လိပ်စာတွေကို ဖော်ပြပေးလိုက်ပါရစေ။ ကိုယ်နှစ်သက်ရာခရီးကို ကိုယ့်စိတ်တိုင်းကျ ရွေးချယ်သွားရောက်နိုင်ဖို့နဲ့ ကျသင့်မယ့်ဈေးနှုန်းကို ကြိုတင်စုံစမ်းပြီးမှ သွားမယ်ဆိုရင် ပိုအဆင်ပြေမှာပါ။

- **OD Tour Oriental Dragon Travels & Tour Co.,Ltd.**
  – အမှတ် (၅၂)အေ၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၈၀၈၊ ၅၃၆၈၅၅၊ ၅၃၇၆၇၂။
  – ၈၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၉–၆၈၀၁၅၇၃၊ ၀၉–၅၁၈၇၀၄၅
- **စိန်ဝင်းနှင့် ရောင်းရင်းများ**
  အမှတ်–၂၃၅၊ ပန်းဆိုးတန်းလမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၉၈၇၁၊ ၀၉–၅၁၃၇၂၄၅၊ ၀၉–၅၁၆၁၈၈၁
- **ရွှေအိုးစည်**
  – အမှတ်–၂၂၅၊ ပန်းဆိုးတန်း(အထက်လမ်း)၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၃၂၇၅၊ ၇၀၈၃၄၂
  – အမှတ်–၁၃၊ ရန်ကုန်–အင်းစိန်လမ်း၊ ဘာတာဈေးရှေ့၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **Hiway Ticket**
  အမှတ်–၂၃၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၉၂၂
- **ဂန္ဓဝင်ရွှေပုဂံ**
  အမှတ်(၁၀/ အေ)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၀၄၉၁၊ ၀၉–၅၁၀၄၈၅၉၊ ၅၃၅၅၈၂၊ ၅၀၅၇၂၃
- **ရွှေထိပ်တန်း**
  အမှတ်–၂၂၆၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၆၃၆၁၊ ၀၉–၅၀၂၅၂၅၀၊ ၀၉–၅၁၈၃၄၄၉၊ ၇၀၁၀၁၅
- **ရွှင်ပျော်ပျော်**
  အမှတ်–၁၄၀၊ ပါရမီလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၇၃၂၂
- **ပြည့်ချမ်းသာ**
  အမှတ်–၁၊ အခန်း(၉၊ ၁၀)၊ မြေညီထပ်၊ ရန်ကုန်–အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၆၇၀၊ ၃၈၉၇၆၁၊ ၅၀၅၀၇၇

■

# အင်တာနက် နည်းနည်းပိုမြန်အောင်လုပ်မယ်

အင်တာနက်သုံးတဲ့အခါ နှေးတယ်၊ မြန်တယ်ဆိုတာကို Connection အခြေအနေတစ်ခုတည်းကိုပဲ အားကိုးမနေဘဲ ကိုယ်သုံးတဲ့ ဘရောက်ဇာကနေ နည်းနည်းလိုတိုးပိုလျှော့လုပ်ကြည့်ရအောင်ပါ။ အဲဒါကတော့ Firefox မှာလုပ်ကြည့်ရမှာပါ။ Firefox ဘရောက်ဇာကနေ Webpage တစ်ခုတည်းပဲ ဆွဲချဖို့ကောင်းတဲ့ပုံကနေ တစ်ခါတည်းနဲ့ တစ်ခုထက်မကတောင်းတဲ့ပုံစံနဲ့ ပိုမြန်အောင်လုပ်လိုက်တဲ့နည်းနဲ့ လုပ်ကြည့်တာပါ။

၁။ ထိပ်ဆုံးက Address Bar ထဲမှာ about : config ကို ရိုက်ထည့်ပါ။ ပြီးရင် I will be careful, I promise ကိုရွေးပါ။

၂။ network. http.keep-alive ကိုရှာပါ။ သူ့ရဲ့ဘေးက Value က False ဖြစ်နေရင် အဲဒီမှာ Double Click နှိပ်ပြီး true ဖြစ်အောင်လုပ်ပါ။

၃။ network, http.version ရဲ့ဘေးမှာလည်း 1.1 ဖြစ်အောင်လုပ်ပါ။

၄။ network, http. pipelining ကိုလည်းရှာပြီး Double Click နှိပ်ပြီး true ဖြစ်အောင်လုပ်ပါ။

၅။ network, http.proxy.pipelining ကိုလည်း Double Click နှိပ်ပြီး true လုပ်ရပါမယ်။

၆။ network. http. peplining.maxrequests ကို B ဖြစ်အောင် ရိုက်ထည့်ရပါမယ်။

၇။ အဲဒါတွေပြီးရင် လွတ်တဲ့တစ်နေရာမှာ Right-Click နှိပ်၊ New ကိုရွေး၊ Integer ကိုရွေးပြီးရင် nglayout.initialpaint. delay လို့ရိုက်ထည့်၊ ပြီးရင်နောက်ထပ်ထပ်ပေါ်လာတဲ့ထဲမှာ သုည ကို ရိုက်ထည့်လိုက်ရုံပါပဲ။

# Internet Bill ဝန်ဆောင်မှု

ရန်ကုန်မြို့တော်မှာ Public Access Center (PAC) အင်တာနက်ဆိုင်တွေ ဖွင့်လှစ်မှုများပြားလာတဲ့အပြင် ကိုယ့်အိမ်တွေ၊ ရုံးတွေမှာလည်း အင်တာနက်ချိတ်ဆက်သုံးစွဲမှုများပြားလာတာလည်း တွေ့ရတယ်။ ဒါကြောင့် နည်းမျိုးစုံနဲ့ အင်တာနက်ချိတ်ဆက်သုံးစွဲနေသူတွေအတွက် လိုအပ်နိုင်တဲ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်လိုက်တယ်။ ဒီဝန်ဆောင်မှုလုပ်ငန်းက Internet Bill ဆောင်ပေးမှာပါ။ ဒါကြောင့် လုပ်အားနဲ့ အချိန်ကုန်သက်သာတဲ့ဒီ Internet Bill ဝန်ဆောင်မှုဆောင်ရွက်ချင် တယ်ဆိုရင် ဖုန်း–၀၁–၅၂၃၀၁၇ ကို ဖုန်းဆက်ပြီး အသေးစိတ်စုံစမ်းနိုင်ပါတယ်။ ■

www.foreverspace.com.mm

## ကျိုက္ကဆံလမ်းပေါ်က စားသောက်ဆိုင်သစ်

အစားအသောက်ကောင်းကောင်း၊ ဆိုင်နေရာသန့်သန့်မှာ စားသောက်ချင်သူတွေအတွက် ဖွင့်ထားတာသိပ်မကြာသေးတဲ့ စားသောက်ဆိုင်သစ်လေးကို ညွှန်ပေးချင်ပါတယ်။ ဒီဆိုင်လေးမှာ ဈေးနှုန်းသင့်ပြီး အရသာတစ်မျိုးထူးတဲ့ ကြေးအိုးအပြင်၊ တခြားတရုတ်အစားအစာမျိုးစုံလည်းရနိုင်တယ်။ မနက်စောစောကန်တော်ကြီး တစ်ပတ်လမ်းလျှောက်လေ့ကျင့်ခန်းလုပ်သူတွေလည်း မနက်ခင်းစာအဖြစ် စားသုံးနိုင်အောင်ဆန်ပြုတ်နဲ့ ခေါက်ဆွဲပေါင်းမျိုးစုံလည်းရနိုင်တယ်။

ဒီဆိုင်လေးရဲ့ထူးခြားချက်တစ်ခုကတော့ တောင်ကြီးခြံထွက်စတော်ဘယ်ရီလက်ဖျော်ကို ၁၂ ရာသီပတ်လုံးရနိုင်တာပါပဲ။ တူညီဝတ်စုံဝတ်ထားတဲ့ ဝန်ထမ်းတွေရဲ့ဧည့်ဝတ်ကျေပွန်မှုကလည်း ကျေနပ်စရာပါ။ ဒီဆိုင်လေးကို မနက် ၆ နာရီကနေ ည ၁၀း၀၀ နာရီအထိ ဖွင့်လှစ်ထားပါတယ်။

KK Food House လိပ်စာကတော့ အမှတ် (၇၈) ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်ပါ။

---

## ၂၄ နာရီ အစားအသောက်ဝန်ဆောင်မှုရရှိတဲ့ နေပြည်တော်က မြင့်မိုရ်နန်းမိုတယ်

နေပြည်တော်ကို အလုပ်ကိစ္စနဲ့သွားရင်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်ရက်တလေ လွတ်လွတ်လပ်လပ်အပြင်မှာနေချင်လို့သွားရင်ပဲဖြစ်ဖြစ် တည်းခိုအနားယူဖို့အဆင်ပြေနိုင်မယ့် နေရာလေးပါ။ သန့်ရှင်းခေတ်မီတဲ့အခန်းတွင်း ပြင်ဆင်မှု၊ ကျယ်ဝန်းတဲ့ ကားပါကင်၊ သွားလာရေးအချက်အချာကျလွယ်ကူမှု စတာတွေနဲ့ ပြည့်စုံပြီး မြန်မာကျပ်ငွေနဲ့ လက်ခံပေးတဲ့ နေပြည်တော်က မြင့်မိုရ်နန်းမိုတယ်ကို ညွှန်ပေးချင်တယ်။ ဒီမိုတယ်မှာ တစ်မူထူးခြားတာက ၂၄ နာရီ အစားအသောက်မျိုးစုံကို ဝယ်ယူစားသုံးနိုင်တာပါ။ ဒါကြောင့် ဘယ်မှာတည်းခိုရမှန်း ဝေခွဲမရဖြစ်နေသူတွေအတွက် ဈေးနှုန်းနဲ့ တည်းခိုသူရနိုင်မယ့် ဝန်ဆောင်မှုတွေကို ကြိုတင်မေးမြန်းထားလို့ရအောင် လိပ်စာဖော်ပြပေးလိုက်တယ်။

**မြင့်မိုရ်နန်းမိုတယ်**

အမှတ် (၃၃)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၃) ရပ်ကွက်၊
နေပြည်တော်၊ ပျဉ်းမနား။
ဖုန်း–(၀၆၇) ၂၃၉၁၀၊ ၂၃၉၂၀၊ ၂၃၉၃၀၊ ၂၃၉၅၀၊ ၂၃၉၆၀၊
၂၃၉၇၀၊ ၂၃၉၈၀၊ ၂၃၉၉၀၊ ၂၃၉၀၉
ဖက်စ်–(၀၆၇) ၂၃၁၇၁ ■

## သန့်ရှင်းရေးလုပ်ကြမယ်

မြန်မာနှစ်သစ်ကူးပြီးချိန်မှာ ကိုယ့်ရဲ့ရုံးခန်း၊ အိပ်ခန်း ဒါမှမဟုတ် အဆောက်အအုံတစ်ခုလုံးကို သန့်ရှင်းပစ်လိုက်မယ်ဆိုရင် နှစ်သစ်မှာ အိမ်သစ်၊ ရုံးခန်းသစ်၊ အဆောက်အအုံသစ်နဲ့ နေရသလို စိတ်ကျေနပ်မှုဖြစ်စေနိုင်မယ်ထင်တယ်။ လုပ်ငန်းရှင်တွေအနေနဲ့ မိမိရဲ့ရုံးခန်းတစ်ခုလုံးကို သန့်ရှင်းစေဖို့ ဆောင်ရွက်ပေးနိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဘယ်မှာဆက်သွယ်ရမယ်ဆိုတာ အလွယ်တကူသိနိုင်အောင် Living Color ကနေ စုစည်းဖော်ပြပေးလိုက်ပါတယ်။ အခုဖော်ပြပေးမယ့်လုပ်ငန်းတွေက နေ့စဉ်သန့်ရှင်းရေးပေးတာမျိုးနဲ့အတွက်သာမက ကော်ဇော၊ ထိုင်ခုံ၊ ကြမ်းခင်းဖယောင်းတင်၊ ချေးချွတ်ပေးတာမျိုးတွေအထိပါလုပ်ပေးတယ်လို့ ဆိုပါတယ်။

**လိပ်စာ–**

- **Call 2 Clean**
  အမှတ်–၁၇၄၊ ၃၇ လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၂၈၆၃၊ ၀၉–၅၁၃၁၀၈၀
- **Ko Ali**
  အမှတ်–၁၄၄၊ ဗိုလ်ဆွန်ပက်လမ်း (အထက်)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၃၉၂၅၊ ၃၇၄၀၅၃၊ ၀၉–၅၀၀၅၅၃၀
- **Classic Int'l Co., Ltd.**
  အခန်း–၉၀၊ အိုလံပစ်တာဝါ (၁)၊ မဟာဗန္ဓုလလမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၄၉၆၆၊ ၃၈၅၆၃၃
- **Unicom Co., Ltd.**
  တိုက်–၂၉၆/ ၂၉၈၊ အခန်း–၃၊ ကုန်ဈေးတန်းလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၅၄၀၄၊ ၅၁၀၇၃၈၊ ၀၉–၅၀၀၉၇၉၀
- **Hanse International Ltd.**
  အမှတ်–၆၀၅၊ ၆၀၆၊ ယုဇနစီးပွားရေးတာဝါ၊
  ခမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၁၄၂၉၊ ၅၂၇၇၀၅၊ ၇၀၇၈၉၈
- **GTC (Golden Taunggyi Bio Product Group)**
  အမှတ်–၄၊ ဦးဘကျော်လမ်း၊ တိုက် (၄)၊ တာမွေ၊
  ရန်ကုန်။ ဖုန်း–၅၇၈၄၂၁၊ ၀၉–၅၁၃၄၅၉၂
- **Aung Myanmar**
  အမှတ်–၂၀၁/ ၂၀၃၊ ဗိုလ်ဆွန်ပတ်လမ်း (အလယ်)၊
  ပန်းဘဲတန်း၊ ရန်ကုန်။ ဖုန်း–၂၅၀၄၈၃၊ ၂၅၄၂၇၇၊
  ၀၉–၈၀၂၄၅၀၅ ■

www.foreverspace.com.mm



## နိုင်ငံခြားဘာသာစကား သင်တန်းများ

ကလေးများ နွေရာသီကျောင်းပိတ်ရက်မှာ အချိန်တွေအလကားမကုန်သွားစေဘဲ ဘာသာစကားသင်တန်းကျောင်းတွေမှာ နိုင်ငံခြားဘာသာစကားများ သင်ယူနိုင်အောင် သင်တန်းကျောင်းတွေကို စုစည်းဖော်ပြလိုက်ပါတယ်။ ကိုရီးယား၊ ဂျပန်၊ တရုတ်စတဲ့ နိုင်ငံခြားဇာတ်လမ်းတွဲတွေထဲမှာပြောကြတဲ့ ဘာသာစကားတွေကို ခုခေတ်လူငယ်တွေအတုယူပြီး စကားပြောတဲ့အခါ တစ်လုံး၊ နှစ်လုံးစ ထည့်သွင်းပြောကြတာကို တွေ့မြင်နေရပါတယ်။ ဒါ့ကြောင့် ပြောချင်တဲ့ဘာသာစကားကို အခြေခံကျကျပြောတတ်အောင်နဲ့ နွေရာသီကျောင်းပိတ်ရက်လေးပါ အကျိုးရှိရှိ အသုံးချနိုင်အောင် လမ်းညွှန်ပေးလိုက်တာပါ။

❑ **Great Wall**

အမှတ် ၆၊ ဒုတိယထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၀၇၁၄၊ ၀၉-၅၁၈၃၆၃၆

❑ **SAM SONG**

- အမှတ် ၄၂၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်မင်းခေါင်လမ်းနှင့်ဗိုလ်ထွန်းလင်းလမ်းကြား၊ တာမွေလမ်းဆုံ(အဝိုင်း)အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၀၃၃၄၂၃
- အမှတ် ၂၆၈၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၂၉၈၇

❑ **NEW VISION**

- ဒဂုံစင်တာရှေ့၊ အမှတ် ၃၂၊ ပထမထပ်၊ ရတနာလမ်း၊ မြေနီကုန်း၊ ရန်ကုန်။
ဖုန်း-၀၉၅၁၈၄၁၅၁

❑ **ဝါကျန်း (တရုတ်စကားပြောသင်တန်း)**

- တိုက်-၁၆၉၊ အခန်း-၁၀၊ ၅လွှာ(ဝဲ) ၊ အင်းစိန်လမ်း (ဆင်ရေတွင်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၅၁၁၆

❑ **THIN MYANMAR**
**(အဆင့်မြင့်ဂျပန်ဘာသာသင်တန်း)**

- တိုက်-၁၆၄၊ အခန်း (2-Q) ၊ဗားကရာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း-၅၀၄၈၃၄၊ ၅၃၅၄၉၉

❑ **KBJ (ကိုရီးယားဘာသာ သင်တန်း)**

- တိုက်-၅၂ (B)၊ ၄လွှာ၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၆၆၂၅၈

## စောင့်ရှောက်မှုနဲ့ သင်ကြားမှုနှစ်မျိုးအတွက် ဖွင့်ထားတဲ့ ကလေးတို့ရဲ့ကျောင်း

ကလေးငယ်စောင့်ရှောက်မှုကနေစပြီး မူလတန်းကြိုသင်ကြားမှုအစီအစဉ်ရော ဘာသာစကားသင်ကြားမှုအစီအစဉ်ပါ ဖွင့်လှစ်သင်ကြားနေတဲ့ သင်တန်းကျောင်းတစ်ခုပါ။ ကလေးငယ်စောင့်ရှောက်မှုနဲ့ သင်ကြားမှုအစီအစဉ်ကိုတော့ Early Child Care Development Program (ECCD) အဖြစ်ဖွင့်လှစ်ထားပြီး အသက်တစ်နှစ်ခွဲကနေ ၂ နှစ်ခွဲအထိ စောင့်ရှောက်ပေးတဲ့ Nursery Course၊ အသက် ၂ နှစ်ခွဲကနေ သုံးနှစ်ခွဲအထိ စောင့်ရှောက်သင်ကြားပေးတဲ့ Beginner Course နဲ့ အသက်သုံးနှစ်ခွဲကနေ ငါးနှစ်အရွယ်အထိကိုတော့ Pre KG Course အဖြစ်သင်ကြားပေးပါတယ်။ အဆင့်မြင့်စာသင်ခန်းမထဲမှာ ကလေးသူငယ်ပညာရေးဆိုင်ရာလက်မှတ်ရ အတွေ့အကြုံရှိ ဆရာမတွေက စင်ကာပူမူလတန်းကြိုပညာရေးဆိုင်ရာသင်ကြားနည်းစနစ်နဲ့ ကျန်းမာထွားကျိုင်းပြီး ပညာတတ်အောင်၊ အင်္ဂလိပ်စာနဲ့တကွ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တာဝန်ယူသင်ကြားပေးတယ်လို့ ဆိုပါတယ်။

နောက်တစ်ခုက Young Learners English Program (YLE) ပါ။ နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာနဲ့ စကားတွေကို နှစ်သက်ရာရွေးချယ်ပြီးလည်း သင်ယူနိုင်မယ်။ ကျောင်းကားနဲ့မိဘတွေ မအားလပ်ဘူးဆိုရင် အစားအသောက်စီစဉ်ပေးမယ်လို့လည်း ဆိုပါတယ်။ အဆင်ပြေရာအချိန်နဲ့ အတန်းကို ရွေးချယ်တက်ရောက်နိုင်မှာမို့ အဓိကကျတဲ့ မိဘတွေအကြိုက်တွေ့နိုင်တယ်။

လိပ်စာ-

Ye' Yint Kids' School (YYKS)

- Centre 1 – အမှတ် ၄၊ ရန်ကုန်-အင်းစိန်လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉-၅၁၇၄၀၉၁၊ ဖုန်း-၇၁၂၈၃၄၊ ၇၂၁၃၁၉
- Centre 2 – အမှတ် ၂၅ ၊ R1 လက်ခုပ်ပင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

E-mail : yyksmyanmar@gmail.com

❑ **CHEON Language Centre**

- တိုက်-၁၁၀၊ အခန်း (၁၈/၁၉) ၊ ၃လွှာ၊ စမိုင်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၇၉၆၇၊ ၀၉-၅၁၇၈၇၀၅

❑ **မြတ်မင်္ဂလာ**

- မြတ်မင်္ဂလာကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်ဝင်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၉၀၄၉၉ ■

www.foreverspace.com.mm

# နာမည်ကျော်အမှတ်တံဆိပ်ဖိနပ်တွေ ဝယ်နိုင်မယ့်နေရာ

ကိုယ့်ခြေထောက်မှာဝတ်ဆင်ထားတဲ့ဖိနပ်လေးသာလှနေမယ်ဆိုရင် စိတ်လက်ပေါ့ပါးနေပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလည်း ရှိနေနိုင်တယ်။ ခြေထောက်လေးသန့်နေဖို့ကတော့လိုမှာပေါ့နော်။ ဖိနပ်ဒီဇိုင်းလှလှလေးတွေကို နှစ်သက်တဲ့သူတွေတော်တော်များများရှိတာကြောင့် ကမ္ဘာမှာဖိနပ်ကို နှစ်သက်လွန်းလို့ ဝယ်ယူစုဆောင်းတဲ့ ဖိနပ်ချစ်သူတွေလည်းရှိနေမှာပါ။ ဒါကြောင့် ဖိနပ်ဒီဇိုင်းကောင်းကောင်းလေးတွေနဲ့ Brand ကောင်းကောင်းလေးတွေရနိုင်မယ့်ဆိုင်တွေကို စုစည်းပြီး ညွှန်ပေးလိုက်တယ်။

❑ **Charles & Keith**

– A-17၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (Ext - 3100)

– ချင်းတွင်းလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

– ဂမုန်းပွင့်စင်တာ၊ မြေညီထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့။ ဖုန်း–၆၅၃၆၄၄ (Ext-9)

– ဆရာစံလမ်းနှင့် စက်မှု (၁) လမ်းထောင့်၊ ရန်ကင်းစင်တာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

❑ **Heat Wave**

– North Point Shopping Center၊ မြေညီထပ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၂၉၅၉၊ ၆၅၂၉၆၀ (Ext-128)

– ဗိုလ်ချုပ်အောင်ဆန်းဈေးမြောက်ဘက်ခြမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၃၇၂၄

– အမှတ်–၁၃၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၆၈၇၂၊ ၀၉–၈၀၃၃၈၇၈

– ဒဂုံစင်တာ၊ ပထမထပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၉၆၁၊ ၅၂၆၉၇၁၊ ၅၃၄၂၉၈ (Ex-107)

– ဆိုင်အမှတ် (၁၉၇/၁၉၈/၁၉၉)၊ အရှေ့ဘက်ခြမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၁၇၂၂

❑ **Shoe Gallary**

– တိုက် B၊ အခန်း–၁၀၂၊ သုခမွှာ (၁) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၆၆၅၇၀၊ ၅၇၁၁၅၉၊ ၅၇၉၅၁၀

– China Town Point စင်တာ၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၁၁၅၉

– Excel Shopping Mall ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၅၉၃၇၇ (Ext-6232)

– အမှတ် (၂၁၀)၊ အခန်း (၅)၊ ရန်နိုင်–(၇) လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၂၁၅၂

– ဂမုန်းပွင့်ရွှေပင်းမောလ်၊ မြေညီထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၁၁၅၉

# စားသောက်ဆိုင်သစ်

❑ **ရွှေပုစွန်အအေးနှင့်ကိတ်မျိုးစုံအရောင်းဆိုင်သစ်**

ဥတ္တရသီရိမြို့၊ အင်ကြင်းပန်းဝိုင်းအနီး၊ နေပြည်တော်။ ဖုန်း–၀၆၇–၄၁၇၁၀၀၊ ၄၁၇၂၀၀

❑ **7 PM Music & Pub**

ဘုရင့်နောင်လမ်းနှင့် ဗဟိုလမ်းမီးပွိုင့်ကြား (မှုခင်းတပ်ထိန်းဝင်း)၊ ပါရမီလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကုန်မြို့နယ်။

❑ **ရွှေခေတ် အဆင့်မြင့်စားသောက်ဆိုင်**

ရန်ကုန်–ပုသိမ်လမ်း၊ ပန်းတနော်မြို့အဝင်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း။ ဖုန်း–၀၄၆–၃၀၂၉၈၊ ၃၀၀၅၂၊ ၀၉–၈၅၁၁၇၆၁၊ ၀၉–၈၅၈၅၆၃၄

❑ **Palm Garden Food & Drink Corner**

အမှတ်–၂၂/၂၂၊ Orange Supermarket အနီး၊ မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

❑ **IB Cafe**

ကမ္ဘာအေးဘုရားလမ်းနှင့် ကုက္ကိုင်းမီးပွိုင့်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

❑ **Morning Star**

အမှတ်–S-6၊ ဦးချစ်မောင်အိမ်ရာ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

❑ **K K Food House**

အမှတ်–၇၈၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ■

www.foreverspace.com.mm



# ကိုယ့်ကလေးငယ်ကို မှူကြိုအပ်မလား

တီတီတာတာပြောတတ်နေတဲ့ ကိုယ့်ရဲ့သားသား၊ မီးမီးလေးတွေကို သွက်လက်ချက်ချာပြီး တစိမ်းတွေကို မကြောက်တတ်အောင်၊ ဒါမှမဟုတ် အလုပ်ကိုယ်စီနဲ့ မအားလပ်သူတွေ ကိုယ့်သား၊ သမီးတွေကို စိတ်ချလက်ချအပ်ထားခဲ့လို့ရအောင် ဝန်ဆောင်မှုပေးတဲ့ မူကြိုလေးပါ။ ဒီမူကြိုကို မနက် ၉ နာရီကနေ ညနေ ၃ နာရီအထိ ဖွင့်လှစ်ပေးမှာပါ။ အသက်သုံးနှစ်ကနေ ငါးနှစ်အတွင်း ကလေးတွေကို လက်ခံပေးပြီး တစ်လကို ကျပ် ၃,၀၀၀ ကျသင့်မှာပါ။

**ရင်သွေးရတနာ**

ကံ့ကော်အိမ်ရာ၊ နေပြည်တော်။

ဖုန်း–၀၆၇–၄၁၄၃၁၁

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- ❑ **Bright Star Education Center**

  အမှတ်–၇၁၁/၁၀၊ ရွာသစ်ရပ်ကွက်၊

  ပြည်ထောင်စုလမ်းမကြီး၊ အောင်ပန်းမြို့၊

  ရှမ်းပြည်နယ် (တောင်ပိုင်း)။

- ❑ **ခန့်ညားချည်ချောလုံချည်နှင့် အမျိုးသမီးဝတ်ပိုးထည်၊ ချည်ထည်အမျိုးမျိုးအရောင်းပြခန်းနှင့် ဖြန့်ချီရေး**

  အမှတ်–၁၇၉၊ ၃၅ လမ်း၊ ၇၇ × ၇၈ လမ်းကြား၊ မန္တလေး၊

- ❑ **ခေတ်ဆန်းရတနာ**

  အမှတ်–၈၇၊ အခန်း–၀၀၃၊ ၂၉ လမ်း(အောက်)၊

  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

- ❑ **Inya DAY SPA**

  အမှတ်–၁၆/၂၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

  ဖုန်း–၅၃၇၉၀၇၊ ဖက်စ်–၅၀၃၃၇၅

- ❑ **ရွှေပြည်တန်ပိုးထည်**

  အခန်းအမှတ်–A-3၊ ၇၈ လမ်း၊ ၃၁× ၃၂လမ်းကြား၊

  မန္တလေး။

  ဖုန်း–၀၂–၉၁၀၀၄၇၈၉၊ ၀၉–၂၁၁၁၁၀၀

- ❑ **Moon Princess Beauty & Spa**

  အမှတ်–၁၆၊ သုခမိန်လမ်း၊ မြေနီကုန်း၊

  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

  ဖုန်း–၅၀၁၂၃၃

- ❑ **119 Fashion Complex**

  အမှတ်–၂၆၀/၂၆၂၊ အနော်ရထာလမ်း၊

  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

  ဖုန်း–၃၈၉၇၅၃၊ ၄၄၁၁၄၅၇၊ ၀၉–၅၁၆၉၅၂၆

- ❑ **မက်စ်ဘိလပ်မြေစက်ရုံ**

  အောင်နန်းချိုကျေးရွာအနီး၊ တောင်ဖီလာဒေသ၊

  လယ်ဝေးမြို့နယ်၊ နေပြည်တော်။

- ❑ **ကမ္ဘောဇဘဏ်**

  နေပြည်တော်ရုံးချုပ်နှင့်ဘဏ်ခွဲ

  ရာဇဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

  ဖုန်း–၀၆၇–၄၁၇၁၈၅

- ❑ **သုခအလင်းစာကြည့်တိုက်**

  ၁၃/က၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂) ရပ်ကွက်၊

  ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။

  ဖုန်း–၅၈၁၃၆၃၊ ၅၈၀၁၃၃

- ❑ **မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) ရုံးသစ်**

  ရာဇဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊

  နေပြည်တော်။

# နံ့နက်ခင်းရဲ့ ကြယ်တစ်စင်း

နံနက်ခင်းမှာလက်ဖက်ရည်နဲ့ နံနက်စာအတွက် နာမည်ကျော်ဆိုင်တစ်ဆိုင်ပါ။ နံနက်ခင်းရဲ့ ကြယ်တစ်စင်းလို့ အမည်ရတဲ့ Morning Star ဆိုင်ပါ။ အခုရန်ကုန်မြို့ ဦးချစ်မောင်လမ်းမှာ ဆိုင်သစ်တစ်ဆိုင်ဖွင့်လှစ်လိုက်ပါပြီ။ ဒါက လေးဆိုင်မြောက်ပါ။ ရန်ကုန်မြို့ဆရာစံလမ်းကဆိုင်ကတော့ မကြာသေးမီက အကြောင်းအမျိုးမျိုးကြောင့် ပိတ်လိုက်ရတဲ့အတွက် ယခုဆိုင်ကို ဖွင့်လှစ်လိုက်ရကြောင်း ဆိုပါတယ်။ Morning Star မှာ လက်ဖက်ရည်ကောင်းတာအပြင် မြီးရှည်၊ နန်းကြီးသုပ်တို့ လူကြိုက်များပါတယ်။ တည်နေရာတွေကတော့–

**Morning Star**

– ၃၂ လမ်း၊ ၈၁ လမ်း× ၈၂ လမ်းကြား၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။

– ဗိုလ်မင်းခေါင်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းထောင့်၊

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကားဂိတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း–၀၉–၉၉၂၄၇၉၁

– အမှတ်–(S-6)၊ ဦးချစ်မောင်အိမ်ရာ၊

ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

■

www.foreverspace.com.mm

# ရ ရထားကြီး ပျော်ပျော်စီး

တစ်နေရာကနေ တစ်နေရာကို သွားလာကြတဲ့နေရာမှာ မီးရထားနဲ့သွားတာက စရိတ်စကသက်သာပြီး လူကို သက်သောင့်သက်သာရှိနိုင်တာကတော့ အမှန်ပါ။ ကိုယ်ပိုင်ကားနဲ့သွားတာက လွဲရင်ပေါ့။ ခရီးအတွက်အချိန်လည်းပေးနိုင်မယ့်၊ သွားလိုတဲ့နေရာက ရထားစီးလို့လည်းအဆင်ပြေတဲ့နေရာမျိုးဖြစ်တယ်ဆိုရင်တော့ မီးရထားကိုရွေးချယ်လေ့ရှိကြပါတယ်။ ခရီးစရိတ်ကိုလည်းချုံ့ပစ်နိုင်တယ်လေ။ အခုပြောပြမယ့်ခရီးစဉ်တွေကတော့ မြန်မာ့မီးရထားရဲ့ အဆင့်မြင့်ခရီးစဉ်သစ်တစ်ခုဖြစ်တဲ့ ရန်ကုန်–ပုဂံ အထူးအမြန်ခရီးစဉ်နဲ့ အချိန်ပြောင်းလဲပြေးဆွဲပေးနေတဲ့ မန္တလေး–မြစ်ကြီးနားရထားခရီးစဉ်တွေပဲ ဖြစ်ပါတယ်။ ရန်ကုန်–ပုဂံခရီးစဉ်သစ်ကို ဒီနှစ်မတ်လအတွင်းကမှစပြီး ပြေးဆွဲခဲ့တာပါ။ ထွက်ခွာချိန်တွေနဲ့ ဆိုက်ရောက်ချိန်တွေကိုအောက်က ဇယားမှာကြည့်ရှုနိုင်မှာပါ။ ရန်ကုန်–ပြည်–ကျောက်ပန်းတောင်း– ပုဂံလမ်းအတိုင်းပြေးဆွဲပေးမှာဖြစ်တဲ့အပြင် Air Con နှင့်မီးဖိုခန်းပါ အိပ်စင်တွဲနှင့် Aircon ပါ ထိုင်ခုံတွဲများ ပါရှိမှာဖြစ်လို့ မိသားစုနဲ့ အေးအေးဆေးဆေးသွားချင်သူတွေ အဆင်ပြေစေနိုင်ပါလိမ့်မယ်။ ကိုယ့်ရဲ့မိဘတွေကို သက်သောင့်သက်သာနဲ့ ပုဂံဘုရားဖူးသွားစေလိုသူတွေလည်း ဒီခရီးစဉ်ကို စဉ်းစားနိုင်ပါတယ်။ နောက်တစ်ခုကတော့ မန္တလေး–မြစ်ကြီးနားခရီးစဉ်ရဲ့ ပြောင်းလဲပြေးဆွဲပေးလိုက်တဲ့ အချိန်ဇယားပါ။ ဒီခရီးစဉ်တွေထဲမှာ မနက် ၄ နာရီကျော်ကျော်မှာ ထွက်ခွာပြီး ည ၈ နာရီဝန်းကျင်မှာဆိုက်ရောက်မယ့် ခရီးစဉ်တွေလည်း ပါဝင်တာကြောင့် နေ့ချင်းရောက်လိုသူတွေ အဆင်ပြေသွားပြီပေါ့။ ကျန်တဲ့ခရီးစဉ်တွေကို သိလိုတယ်ဆိုရင်တော့ ရန်ကုန်ဘူတာကြီးရဲ့ ဖုန်းနံပါတ်တွေဖြစ်တဲ့ ၀၁–၂၀၂၁၇၆၊ ၂၀၂၁၇၅၊ ၃၇၄၀၂၇ တို့ကို ဆက်သွယ်စုံစမ်းကြည့်နိုင်ပါတယ်။

| ခရီးစဉ် | ရထားအမှတ် | ထွက်ခွာချိန် | ရောက်ရှိချိန် (ခန့်မှန်း) | မှတ်ချက် |
|---|---|---|---|---|
| ရန်ကုန်–ပုဂံ အထူးအမြန် | ၆၁–အဆန် | ညနေ၄နာရီ | နံနက်၈နာရီ | ကြားဘူတာရုံများဖြစ်သည့် လက်ပံတန်းဘူတာနှင့် ရွှေတံခါးဘူတာ၊ ဆတ်သွားဘူတာ၊ တောင်တွင်းကြီးဘူတာနှင့် ကျောက်ပန်းတောင်းဘူတာတို့တွင် ၂ မိနစ်စီ၊ အောင်လံဘူတာတွင် ၁၀ မိနစ် ရပ်နားပေးမည်ဖြစ်သည်။ |
| ပုဂံ–ရန်ကုန် အထူးအမြန် | ၆၂–အစုန် | ညနေ၄း၃၀နာရီ | နံနက်၈း၃၀နာရီ | ကြားဘူတာရုံများဖြစ်သည့် လက်ပံတန်းဘူတာနှင့် ရွှေတံခါးဘူတာ၊ ဆတ်သွားဘူတာ၊ တောင်တွင်းကြီးဘူတာနှင့် ကျောက်ပန်းတောင်းဘူတာတို့တွင် ၂ မိနစ်စီ၊ အောင်လံဘူတာတွင် ၁၀ မိနစ် ရပ်နားပေးမည်ဖြစ်သည်။ |
| မန္တလေး–မြစ်ကြီးနား | ၃၇–အဆန် | နံနက်၄း၃၀နာရီ | ည ၈း၃၀နာရီ | ရွှေဘို၊ ကောလင်း၊ မိုးညင်းဘူတာများတွင် ရပ်တန့်ပေးမည်။ |
| ။ | ၄၁–အဆန် | ညနေ၆း၃၀နာရီ | ညနေ၆း၃၀နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |
| ။ | ၅၅–အဆန် | မွန်းတည့် ၁၂နာရီ | နံနက်၈နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |
| ။ | ၅၇–အဆန် | ညနေ၄း၁၅နာရီ | မွန်းတည့်၁၂နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |
| မြစ်ကြီးနား–မန္တလေး | ၃၈အစုန် | နံနက်၄း၃၀နာရီ | ည၈း၃၀နာရီ | ရွှေဘို၊ ကောလင်း၊ မိုးညင်း ဘူတာများတွင် ရပ်တန့်ပေးမည်။ |
| ။ | ၄၂အစုန် | နံနက်၅း၃၀နာရီ | နံနက်၄း၂၀နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |
| ။ | ၅၆အစုန် | နံနက်၉း၄၅နာရီ | နံနက်၅း၄၅နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |
| ။ | ၅၈အစုန် | မွန်းလွဲ၁း၄၅နာရီ | နံနက်၉း၃၀နာရီ | မူလရပ်တန့်နေကျဘူတာစဉ်များအတိုင်း |

www.foreverspace.com.mm



## ၂၀၁၀ ပြည့်နှစ် မတ်လနှင့် ဧပြီလထုတ်စာအုပ်များ


| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | မြန်မာလူကျော် ၁၀၀ ပထမအုပ်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၃၃၀၅၀၉ | မောင်ဇေယျာ | ၅၀၀ | ၂၅၀၀ | UNITY | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၂။ | ဖွံ့ဖြိုးမမိနှင့် အခြားစုံထောက်ဝတ္ထု<br>တိုများ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၁၁၂၀၁၁၀ | မြသန်းတင့် | ၅၀၀ | ၄၅၀၀ | SYNERGY | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | စုံထောက်ဝတ္ထု<br>တိုများ |
| ၃။ | ဗမာ့ဦးသန့်<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၇၆၀၈၀၉ | အထောက်တော်<br>လှ အောင် | ၅၀၀ | ၃၀၀၀ | ရတနာပုံ | ၂၀၁၀၊ မတ်<br>(စတုတ္ထ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၄။ | တိုက်ပွဲခေါ်သံ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၁၀၈၀၁၁၀ | ဒွေးမောင် | ၁၀၀၀ | ၂၃၀၀ | ခါကာဘို | ၂၀၁၀၊ မတ်<br>(ဒု-ကြိမ်) | ဂျပန်ခေတ်မှတ်<br>တမ်းဝတ္ထုရှည် |
| ၅။ | နှစ်တစ်ထောင်ခရီးကိုဖြတ်သန်းခဲ့<br>သော ကျွန်ုပ်တို့၏မြန်မာစာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၉၀၈၀၉ | မောင်ခင်မင်<br>(ဓနုဖြူ) | ၁၀၀၀ | ၁၀၀၀ | ပုဂံ | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | စာပဒေသာ |
| ၆။ | ချမ်းသာသောလူဆင်းရဲ<br>သောစိတ်<br>စာမူခွင့်ပြုချက်အမှတ်- | အရှင်သံဝရာ<br>လင်္ကာရဓမ္မပိယ<br>ဆရာတော် | ၁၀၀၀ | ၁၀၀၀ | ဓမ္မပိယ | ၂၀၁၀၊ မတ်လ<br>(ပ-ကြိမ်) | ဘာသာရေး |
| ၇။ | ထေရဝါဒနေပြည်တော်<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၆၁၁၀၉၀၉ | ဓမ္မစေတီ<br>ဦးကောသလ္လ | ၁၀၀၀ | ၁၀၀၀ | မိုးမြင့်ကြယ် | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၈။ | Aspect of Myanmar History & Culture<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၂၉၀၈၀၉ | U THAW KAUNG | ၅၀၀ | ၃၀၀၀ | လောကအလင်း | ၂၀၁၀၊ မတ် | သမိုင်း |
| ၉။ | မလေးရှားနိုင်ငံ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၂၉၁၁၀၇ | ဝင်းမင်းသန့် | ၅၀၀ | ၁၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀ ၊ မေ<br>(ပ-ကြိမ်) | သုတ |
| ၁၀။ | လူများအကြောင်းဟောပြောနေသူ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၄၆၁၁၀၈ | ဒေါက်တာ<br>စံတင်အောင်<br>(ရွှေဘို) | ၅၀၀ | ၃၀၀၀ | အောင်မြေ | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | ပညာပေး |
| ၁၁။ | မဟာသွေးစည်းမှုအောင်ပွဲနှင့်အာ<br>ဇာနည်တို့လားရာလမ်း<br>စာမူခွင့်ပြုချက်အမှတ်-၆၀၀၀၃၇၁၀၁၀ | ဓမ္မဘေရီ<br>အရှင်ဝီရိယ | ၃၀၀၀ | ၉၀၀ | Text River | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၂။ | နှစ်နှင့်စားခြင်းနှင့်<br>မဂ္ဂဇင်းဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၁၅၁၀၂၁၀ | သံဗျဉ်ဦး | ၇၀၀ | ၁၂၀၀ | A & S | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | မဂ္ဂဇင်းဝတ္ထု<br>တိုများ |
| ၁၃။ | နိုင်ငံ့အရေးနှင့် စီးပွားရေးပေါ်လစီ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၃၄၁၂၀၉ | ဒေါက်တာ<br>အောင်ကိုကို | ၁၀၀၀ | ၁၅၀၀ | ထက်ဝေယံ | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | စီးပွားရေး |
| ၁၄။ | အသေမဦးခင်<br>လျှုနည်းသင်<br>စာမူခွင့်ပြုချက်အမှတ်- | မိုးကုတ်ဆရာ<br>တော်ဘုရားကြီး | ၁၀၀၀ | ၇၀၀ | သစ္စာအလင်း | ၂၀၁၀၊ ဧပြီ<br>(ပ-ကြိမ်) | ဘာသာရေး |

www.foreverspace.com.mm



# New Books

'စာအုပ်စာပေလူ့မိတ်ဆွေ' ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတ ရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။




## ခေတ်ပြိုင်ကမ္ဘာ အထင်ကရပုဂ္ဂိုလ် ၁၀၀ ၂၀၀၉

**ကလောင်စုံ**


**စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၅၄၁၂၀၉**
**ထုတ်ဝေတိုက် - ဥတ္တရလမင်း**
**တန်ဖိုး - ၃၀၀၀ ကျပ်**

နာမည်ကျော်တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်ထားတဲ့ ကမ္ဘာပေါ်က ခေတ်ပြိုင် အထင်ကရပုဂ္ဂိုလ် ၁၀၀ အကြောင်း ဘာသာပြန်ဆိုဖော်ပြပေးထားတဲ့စာအုပ်ပါ။ မူရင်းရေးသားထားသူ တော်တော်များများကလည်း နာမည်ကျော်တွေချည်းပါပဲ။ တင်မောင်မြင့်၊ တင်ဇော်ထွန်းအောင်၊ ဝင်းထွဋ်ဇော်၊ တင့်ဇော်၊ တင်စိန် (ပထဝီဝင်) တို့ ဘာသာပြန်ဆိုထားတာကို မောင်ပေါ်ထွန်းက တည်းဖြတ်ပေးထားတာပါ။ ဒီစာရင်းမှာပါရှိတဲ့ ပုဂ္ဂိုလ်အတော်များများကို လူမှုရေးဆန်းသစ်တီထွင်မှု၊ တက်ကြွလှုပ်ရှားမှုနဲ့ လူသားတွေရဲ့နေထိုင်မှုဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်တဲ့အပေါ်အခြေခံပြီး ရွေးချယ်တာဖြစ်ပေမယ့် ဘာနေးမက်ဒေါ့ဖ်တို့လို ပုဂ္ဂိုလ်တွေ၊ ဂျိုကွင်းဂုဇ်မန်တို့လို ဘိန်းဘုရင်တွေပါ ဒီပုဂ္ဂိုလ်ကျော် ၁၀၀ ထဲမှာ ထည့်သွင်းထားလို့ လူတိုင်းကိုတော့ အထက်ကအချက်တွေကိုအခြေခံပြီး ရွေးချယ်ထားတာမဟုတ်ပါဘူးလို့ တိုင်းမ်မဂ္ဂဇင်းရဲ့ မန်နေဂျင်းဒါရိုက်တာ ရစ်ချဒ်စတင်းဂဲလ်က အမှာစာမှာဆိုထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အထင်ကရပုဂ္ဂိုလ်တွေအကြောင်း လေ့လာနိုင်မယ့် စာအုပ်အမျိုးအစားတစ်ခုပါ။

## မောင်ထင်ရဲ့စာတွေ မောင်ထင်ရဲ့လေ

**မောင်ကြည်သန့်**

**စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၀၂၀၁၀၉**
**ထုတ်ဝေတိုက် - ရွှေစကားဝါ**
**တန်ဖိုး - ၂၅၀၀ ကျပ်**




သတင်းစာဆရာ၊ စာရေးဆရာ မောင်ထင်ရဲ့လက်ရာစာပေတွေဖြစ်တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ဘာသာပြန်၊ ပြဇာတ်၊ ကဗျာ၊ စာညွှန့်၊ အင်္ဂလိပ်ဘာသာ ဆောင်းပါး၊ ဝတ္ထု၊ သတင်းစာ ပင်တိုင်ခန်း၊ စာပေဝေဖန်ချက် စတာတွေအပေါ် စွမ်းအားရှိသရွေ့ လေ့လာသုံးသပ်ပြီး ရေးသားထားတာဖြစ်တယ်လို့ စာရေးသူ မောင်ကြည်သန့်ရဲ့ 'ဂါရဝစကားဦး' မှာ ဆိုထားတယ်။ ဒီဂါရဝစကားဦးကို ဖတ်ရုံနဲ့တင် မောင်ထင်ရဲ့ သူတစ်ပါးအပေါ် အကောင်းမြင်တတ်ပုံလေးတွေ၊ ဆရာရဲ့စာပေလမ်းခရီး ကြိုးစားအားထုတ်ခဲ့ပုံတွေကို အကြမ်းဖျင်းလေ့လာနိုင်ပါလိမ့်မယ်။

မောင်ထင်ရဲ့ 'ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်ပိုင်းတစ်စ' ဆိုတဲ့အခန်းမှာ 'ဆရာက အတ္ထုပ္ပတ္တိရေးရင်း အချက်အလက် ကွင်းဆက်ပြတ်သွားလျှင် 'ဤသို့ဖြစ်တန်ရာ၏' မှန်းခြေဖြင့် ရမ်းမတုပ်ရန် သတိပေးသည်။ အထောက်အထား အကိုးအကားကောင်းကောင်းကိုရှာရေးပါဟု အကြံပေးသည်' စတဲ့ ဗဟုသုတရဖွယ်အချက်များ ပါဝင်တာကိုတွေ့ရတယ်။ ခေါင်းစဉ်ခွဲပေါင်း ၂၁ ခုကို သီးခြားစီပိုင်းခြား ဖော်ပြပေးထားတာမို့ ဒီစာအုပ်ကိုဖတ်ရင် ဆရာမောင်ထင်ရဲ့ စာပေကောက်ကြောင်းသာမက စာပေနဲ့ဆိုင်တဲ့ ဗဟုသုတတွေပါ ခပ်များများရနိုင်ပါလိမ့်မယ်။


## အံ့ဖွယ်ပုံပြင် ဂျပန်ဒဏ္ဍာရီများ

**မောင်ထင် မြန်မာပြန်**

**စာမူခွင့်ပြုချက်အမှတ်-၅၁၀၀၂၄၀၅၀၉**
**ထုတ်ဝေတိုက် - ရွှေစကားဝါ**
**တန်ဖိုး - ၁၅၀၀ ကျပ်**

www.foreverspace.com.mm






'လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုရာဇဝင်ကို စူးစမ်းရှာဖွေလျှင် ၎င်းတို့၏ ဒဏ္ဍာရီပုံပြင်တို့ကို ရှေးဦးစွာ လေ့လာရသည်'လို့ စာရေးသူက ဆိုတယ်။ ဆရာမောင်ထင် ဘာသာပြန်ဆိုရေးသားထားတဲ့ အံ့ဖွယ် ဂျပန်ဒဏ္ဍာရီပုံပြင်တွေကို တတိယအကြိမ် ပုံနှိပ်ထုတ်ဝေထားတာပါ။ ရိုးရာပုံပြင်တွေကို လေ့လာတဲ့အခါမှာ ရှေးသူဟောင်းတွေရဲ့ အတွေးအခေါ် အမြော်အမြင်တို့ကိုတွေ့ရတယ်။ ဒါတွေကိုအခြေခံပြီး အယူဝါဒတွေပေါ်ပေါက်တယ်။ ဒီအယူဝါဒကိုမှီပြီးမှ လူမျိုးရဲ့စရိုက်ဓလေ့၊ ထုံးစံ၊ ယဉ်ကျေးမှုတွေကိုသိရတယ်။ ဒါတွေကို သိမြင်မှ လူမျိုးချင်း၊ နိုင်ငံချင်း၊ သဘောထားတူရာတူရာဓလေ့၊ ထုံးစံ၊ ယဉ်ကျေးမှုတွေကို ပေါ်ပေါက်လာတယ်။ ဒီပုံပြင်တွေမှာပါတဲ့ ဗေဒင်၊ ကိန်းခန်း၊ ယတြာယာယီ၊ ဂါထာမန္တရား၊ စတိလုပ်ခြင်း၊ ခေါ်စာပစ်ခြင်းတွေကိုတွေ့ရင် မြန်မာ့ရိုးရာဓလေ့ကို နားလည်တဲ့သူတွေဟာ ဂျပန်ရှေးလူကြီးတွေဟာ ငါတို့ရဲ့ ရှေးလူကြီးတွေနဲ့တူလိုက်တာလို့ ဆို ကြပါလိမ့်မယ်လို့ စာရေးသူက နိဒါန်းမှာ ဆိုထားတယ်။ ကလေးတွေအတွက်သာမက ဂျပန်ရိုးရာပုံပြင်တွေကို လေ့လာလိုတဲ့သူတွေပါ ဖတ်သင့်တဲ့စာအုပ်ဖြစ်တယ်။ နား

ရွတ်ပြတ်ကြီး၊ ဟသ်ာမောင်နှံ၊ စုန်း၊ တစ္ဆေပုံပြင်၊ ငရဲအိုးဟင်းလင်းပွင့်ခြင်း စတဲ့ စိတ်ဝင်စားဖွယ်ပုံပြင်ပေါင်း ၁၈ ပုဒ်ပါတယ်။


---

## ခန္ဓာကိုယ်မှာ တရားရှာ (ဝိပဿနာရှုပွားနည်းအကျဉ်းနှင့် ဉာဏ်စဉ်)

**မုဒုံ– ဓမ္မဒူတဆရာတော်**

**စာမူခွင့်ပြုချက်အမှတ်–သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန**
**မှတ်ပုံတင်အမှတ် – ၀၃၈၄၃–၀၂–၄၀၅**
**ထုတ်ဝေတိုက် – နှင်းစာပေရတနာ**
**တန်ဖိုး – ၅၀၀ ကျပ်**

ယောဂီတွေအတွက် လိုအပ်ချက်တစ်ခုကို တွေ့ရှိခဲ့ရာမှ ဒီလိုအပ်ချက်ဖြစ်တဲ့ ဝိပဿနာရှုပွားနည်း အခြေခံတရားကို အခြေခံပြီးရေးသားခဲ့တာဖြစ်တယ်လို့ ဆရာတော်က အမှာစာမှာ ဆိုထားပါတယ်။ ဒါ့အပြင် တရားစခန်းမှာ တရားအားထုတ်ပြီး အိမ်ကိုပြန်ရောက်တဲ့အခါမှာလည်း ဆက်လက် တရားအားထုတ်တဲ့သူတွေအနေနဲ့ ရှေ့ဆက်ပြီး ဘယ်လိုအားထုတ်ရမယ် ဆိုတာမျိုးကို မသိဘဲဖြစ်တတ်လေ့ရှိတာမို့ ဝိပဿနာရှုပွားနည်း အခြေခံနဲ့ ဉာဏ်စဉ်တွေကို ရေးသားတင်ပြထားတာဖြစ်တယ်




လို့လည်း ဆရာတော်က ဆိုထားပါတယ်။ တရားစခန်းဝင်ယောဂီများ လိုက်နာရန် စည်းကမ်းချက်၊ ဝိပဿနာဆိုတာ ဘာလဲ၊ အိမ်မှုကိစ္စဟူသမျှနှင့် အားထုတ်ပုံ၊ ထိုင်ခိုက်အားထုတ်ပုံ၊ ရပ်ခိုက်အားထုတ်ပုံ၊ လုပ်မရှုနဲ့ ချုပ်မရှုနဲ့ စတဲ့ ခေါင်းစဉ်ခွဲပေါင်း ၅၅ ခုကို သီးခြားစီဖော်ပြပေးထားလို့ ဝိပဿနာရှုမှတ်သူတွေအတွက် အလွန်အသုံးတည့်နိုင်တဲ့ စာအုပ်တစ်အုပ်ပါ။

---




## ဒစ်ဂျစ်တယ်ပစ္စည်း လုပ်ဆောင်မှုများနှင့် ပြဿနာဖြေရှင်းခြင်း

**သန်းထိုက် (ရွှေရိပ်)**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၅၂၅၁၁၀၉**
**ထုတ်ဝေတိုက် – မျက်ပွင့်**
**တန်ဖိုး – ၂၀၀၀ ကျပ်**

MP3, MP4, iPod, Phone, USB Memory Stick စတဲ့ ဒစ်ဂျစ်တယ်ပစ္စည်းအတော်များများရဲ့ လုပ်ဆောင်ပုံတွေနဲ့ ဖြစ်တတ်တဲ့အခက်အခဲတွေကို ဘယ်လိုဖြေရှင်းရမယ် ဆိုတာမျိုးတွေကို စုစည်းပေးထားတဲ့ စာအုပ်ပါ။ ဒီစာအုပ်မှာ MP3, MP4 Player Guide ။ ဒီ Player တွေထဲမှာ

www.foreverspace.com.mm

အတွင်းပိုင်းတည်ရှိပုံနဲ့ တခြား File Recovery Software Installing၊ Running စတာမျိုးတွေကိုပါ အသေးစိတ် ဖော်ပြပေးထားတယ်။ ဒီနေ့လူငယ်တွေ အတော်များများသုံးစွဲနေကြတဲ့ MP3, MP4 တွေက တရုတ်လုပ် Player တွေဖြစ်တာကြောင့် ကိုယ့်စက်နဲ့လိုက်မယ့် Format ကို ရယူနိုင်အောင်လည်း စုစည်းလမ်းညွှန်ပေးထားတယ်လို့ စာရေးသူက ဆိုထားပါတယ်။ စာဖတ်သူတွေအနေနဲ့ လိုင်စင်နဲ့ရောင်းတဲ့ Program တွေ၊ VCD, DVD တွေကို ဝယ်ယူစေလိုတဲ့အပြင် ဒီစာအုပ်ကို အသုံးပြုပြီး ရလာတဲ့ ဖန်တီးမှုတွေကလည်း ကိုယ်ပိုင်အတွက်သာဖြစ်သင့်တယ်လို့ စာရေးသူရဲ့ စကားဦးမှာ ဆန္ဒပြုထားတာလည်း ဒီစာအုပ်မှာ တွေ့ရတယ်။

## သူတို့ပြောတဲ့အချစ်

**ကလောင်စုံ**

**စာမူခွင့်ပြုချက်အမှတ်–**
**ထုတ်ဝေတိုက် – ပဘာဝတီ**
**တန်ဖိုး – ၁၅၀၀ ကျပ်**

"ခင်ဗျားမှာ ပညာသတိရှိပြီး ကျန်းမာတဲ့ ဇနီးတစ်ယောက်များရရင် ခင်ဗျားလုပ်ငန်းမှာထားတဲ့ ခင်ဗျားရဲ့ဝီရိယကို သူရဲ့စီးတဲ့ရေ ဆည်တဲ့ကန်သင်း ပေါင်းလိုက်တာနဲ့ ဥစ္စာခနေ ကြွယ်ပိုး ကြွယ်ဝဖြစ်မယ်။





ကျူပ်အဆိုအတွက် အကြောင်းပြစရာ အများကြီးပါ။ ဒါပေမဲ့ ခုထိလည်းပဲ အိမ်ထောင်ဖြောင့်ဖြောင့်ပြုဖို့ပဲ ခင်ဗျားကို ကျူပ်အကြံပေးချင်တယ်" ဆိုတဲ့ စာသားတွေကို ကိုတာရဲ့ 'လူငယ်တစ်ယောက်အား ဇနီးရွေးရာ၌ အကြံပေးခြင်း' ဆိုတဲ့ ဆောင်းပါးမှာ တွေ့ရလိမ့်မယ်။ အချစ်နဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး၊ ထင်မြင်ချက်အမျိုးမျိုး၊ ဆန်းစစ်မှုအမျိုးမျိုးနဲ့ ဖြစ်တတ်ခံစားရတတ်ပုံအမျိုးမျိုးကို နိုင်ငံတကာစာပေအချို့ကို မှီငြမ်းကိုးကားပြီး ဆောင်းပါးတွေ၊ ကဗျာတွေနဲ့ စုစည်းဖော်ပြပေးထားတာပါ။ ဒီစာအုပ်မှာ အချစ်နဲ့ပတ်သက်ပြီး ဖော်ပြပေးထားတဲ့ကာတွန်းတွေကိုလည်း ပြုံးချင်စဖွယ် ဖတ်ရှုရပါလိမ့်မယ်။

## ဓမ္မဝိရ၏ ဓမ္မသံစဉ်များ

**ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ**
**ဓမ္မာစရိယ (ဘီ၊အေ)**

**စာမူခွင့်ပြုချက်အမှတ်–၃၂၀၀၈၉၀၂၀၈**
**ထုတ်ဝေတိုက် – လှိုင်ကြည်ဖြူ ဓမ္မဝိရစာပေတိုက်**
**တန်ဖိုး – ၁၂၀၀ ကျပ်**

'စားဝတ်နေရေးဟူသော လောကီရေးရာ၌လည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်၊ လောကုတ္တရာရေးရာ၌လည်းကောင်း မိမိလည်း အားမထုတ်၊ သူတစ်ပါးကိုလည်း မတိုက်တွန်းလျှင် ထိုလူမျိုးသည် ခြေရောလက်ပါ ဘာမျှမပါသူနှင့်တူသည်ဟုဆိုပါသည်။ ဤလူသည် ဤလောကဝယ် အယုတ်ညံ့ဆုံးသူသာ ဖြစ်သည်ဟုဆိုပါသည်။' ဆိုတဲ့ စာသားတွေက 'ဥတ္တမပုရိသယောကျ်ားမြတ်ဖြစ်အောင်ကြိုးစား။' ဆိုတဲ့ ဆောင်းပါးက ကောက်နုတ်ထားတာပါ။ အပတ်စဉ်ထုတ် ဓမ္မဝိရဂျာနယ်မှာ ဖော်ပြခဲ့တဲ့ 'အယ်ဒီတာ့အာဘော်' လို့ပညတ်ထားတဲ့ အမြင်တွေကို စုစည်းထားတာပါလို့ စာရေးသူတွေက ဆိုထားတယ်။ မိဘတလီရန်သူမည်ရလေအောင်၊ စိတ်စေတနာကောင်းပါ ပါစေ၊





ဂုဏ်အင်္ဂါလေးချက်ရှိသော လူသားဖြစ်အောင် ကြိုးစားပါ စတဲ့ခေါင်းစဉ်ခွဲပေါင်း ၆၀ ဝန်းကျင်ပါဝင်ပါတယ်။ ဒီစာအုပ်ထွက်ရှိတာတော်တော်ကြာပြီဖြစ်ပေမယ့် လူကြီးလူငယ်မရွေး ဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ်ဖြစ်တာရယ်၊ စာပေအလှူဒါနပြုလိုသူတွေအတွက် ဓမ္မဒါနဖြန့်ဝေပေးလို့ သင့်တင့်တဲ့ စာအုပ်အမျိုးအစားဖြစ်တာရယ်ကြောင့် ဖော်ပြပေးလိုက်ရခြင်းပါ။

## ဂေါက်ကစားခြင်း ရုပ်စုံစွယ်စုံကျမ်း

**ကေမောင်မောင်**

**စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၁၁၀၁၁၀**
**ထုတ်ဝေတိုက် – ယုံကြည်ချက်**
**တန်ဖိုး – ၃၅၀၀ ကျပ်**

ဂေါက်ကစားတဲ့သက်တမ်းနှစ်ပေါင်း ၆၀ ကျော်ရှိသူ ဂေါက်ကစားခြင်းအကြောင်း ဆောင်းပါးမျိုးစုံ ရေးသားလျက်ရှိပြီး အခုအသက် ၉၂ နှစ် ရှိပြီဖြစ်သူ ဆောင်းပါးရှင် ကေမောင်မောင်ပြုစုရေးသားတဲ့ 'ဂေါက်ကစားခြင်းရုပ်စုံစွယ်စုံကျမ်း' လို့ဆိုတဲ့




ဗဟုသုတရဖွယ် စာအုပ်တစ်အုပ်ပါ။ ဂေါက်ကစားခြင်းပေါ်ပေါက်လာတဲ့ သမိုင်းကအစ မျက်မှောက်ခေတ်အထိ သိသင့်သိထိုက်တဲ့အချက်အလက်တွေ ပါဝင်အောင် ပြုစုရေးသားထားလို့ ရာသက်ပန် အသုံးဝင်မယ့် လက်စွဲကျမ်းဖြစ်ပါတယ်လို့ စာရေးသူက နိဒါန်းမှာ ဆိုထားပါတယ်။ ဂေါက်ကစားတာ ဘယ်နိုင်ငံကစတယ်ဆိုတာကို အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ အင်္ဂလန်၊ တရုတ်တို့ကြား အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး ဂေါက်အာဏာပိုင်အဖွဲ့ရဲ့ အယူအဆအရ စကော့တလန်ကစခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာမရှိလို့ ဆိုထားတွေကိုပါ ဖတ်ရှုရလိမ့်မယ်။ ဂေါက်ကစားခြင်းသမိုင်း၊ အင်္ဂလန်နိုင်ငံနှင့် ဂေါက်ကစားခြင်း အာရှနှင့် ဂေါက်ကစားခြင်း၊ ဂေါက်တုတ်များအကြောင်း၊ ဂေါက်ဝေါဟာရများ၊ အမျိုးသားများ၏ အဓိကပွဲကြီးများ၊ အမျိုးသမီးများနှင့် ဂေါက်ကစားခြင်းစတဲ့ အခန်းပေါင်း ၁၂ ခန်းနဲ့ နောက်ဆက်တွဲ (က)(ခ) အညွှန်း စသလိုခွဲခြားဖော်ပြပေးထားတယ်။

---

## မုန့်ဖုတ်သမားရဲ့ဇာတ်လမ်းနှင့် အခြားဘာသာပြန်ဝတ္ထုတိုများ

**ညီထက်အောင်**

**စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၇၄၀၇၀၉**
**ထုတ်ဝေတိုက်** – HUMANITY
**တန်ဖိုး** – **၁၅၀၀ ကျပ်**




မြန်မာဘာသာပြန်ဆိုပြီး မဟေသီ၊ စပယ်ဖြူ၊ Beauty စတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ဖူးတဲ့ ဝတ္ထုတိုတွေကို စုစည်းထားတာပါ။ ဝတ္ထုတစ်ပုဒ်ပြီးတိုင်း မူရင်းစာရေးသူရဲ့အမည်နဲ့ ဝတ္ထုတိုအမည်လေးတွေကို ဖော်ပြထားပါတယ်။

'ဝတ္ထုတို စာရေးဆရာများသည် သူတို့မြင်တွေ့ခဲ့ရသည့် မြင်ကွင်းတစ်ခုကို စာမျက်နှာအနည်းငယ်ပေါ်တွင် စူးစူးရှရှ ဖွဲ့နွဲ့နိုင်တတ်ကြသည်။ အမှန်တရားတစ်ခုကို ပြောပြနိုင်ကြသည်။ စာနာစိတ်တစ်ခုကို မီးမောင်းထိုးပြနိုင်ကြသည်။ အဆီအငေါ်မတည့်ဖြစ်နေမှုကို သရော်တတ်ကြသည်။ ခေတ်၏ပြကွက်တိုလေးများကို ထင်ဟပ်နိုင်စွမ်းလည်းရှိကြသည်။ သုတရှိမှုသည် လောကကိုနားလည်တတ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုရေးအတွက် အရေးပါသလို ရသသည်လည်း ဘဝအတွက် ကိုယ်ကျင့်တရားနှင့်ခွန်အားကိုပေးအပ်သည်ဟု ထင်မြင်မိပါသည်' လို့ ဘာသာပြန်သူက အမှာစာမှာဆိုထားတယ်။ မြန်မာပြန်သူရဲ့အမှာကိုဖတ်ရုံနဲ့ ဝတ္ထုတိုအသီးသီးရဲ့ ကောက်ကြောင်းကိုပါ တို့ထိနိုင်ပါလိမ့်မယ်။ မုန့်ဖုတ်သမားရဲ့ဇာတ်လမ်း၊ မျော့ဖောင်၊ အမည်မဲ့၊ အင်မလီမရှိခိုက်၊ အိမ်အပြန် စတဲ့ ဘာသာပြန်ဝတ္ထုတိုပေါင်း ကိုးပုဒ် ပါဝင်ပါတယ်။

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite) ၊ အမှတ် ( ၅ ) ၊
အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်




## Incanto (Shine) ရေမွှေး

Incanto (Shine) အမှတ်တံဆိပ် အမျိုးသမီးသုံးရေမွှေးဖြစ်။ ရနံ့မှာ ပန်းရနံ့ဖြစ်။ Spray Typeဖြစ်ပြီး ၅၀ မီလီလီတာပမာဏပါရှိ။ အရွယ်အစားသုံးမျိုးရှိ။ အီတလီလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၄,၈၀၀ ကျပ်ဖြစ်။




## EURO Cyber Digital Video Camera

EURO Cyber အမှတ်တံဆိပ် DDV-850 XOP မော်ဒယ်လ်အမျိုးအစား Digital Video Camera ဖြစ်။ Mega Pixels 8.0 ရှိ။ Optical Zoom 3X ဖြစ်ပြီး SD Card ဖြင့် အသုံးပြု၍ရ။ Video, Camera, MP4, MP3, Recording, Web Cam စသည်တို့အသုံးပြုနိုင်။ Rechargeable Battery ဖြင့်အသုံးပြုနိုင်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၂၀,၀၀၀ ကျပ်ဖြစ်။

## JXD MP4 Player

JXD အမှတ်တံဆိပ် V3 မော်ဒယ်လ်အမျိုးအစား MP4 Player ဖြစ်။ Video, Camera, Game, MP4, MP3, Radio, Recording စသည်တို့ကို အသုံးပြုနိုင်။ Memory 4GB ဖြစ်။ Mega Pixels 2.0 ပါရှိ။ ဘက်ထရီမှာ Rechargeable ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၇,၃၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm



## Real MP5 Digital Video Player



Real အမှတ်တံဆိပ် MP5 Digital Video Player ဖြစ်။ MP4, MP3, FM စသည်တို့ အသုံးပြုနိုင်။ Video ကြည့်၍လည်းရ။ Memory 2GB ဖြစ်ပြီး SD Card စိုက်၍လည်းအသုံးပြုနိုင်။ Speaker ပါရှိပြီး အခြား Speaker များဖြင့်လည်းအသုံးပြုနိုင်။ Remote Control ပါရှိ။ Rechargeable Battery ဖြင့် အသုံးပြုနိုင်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၈,၀၀၀ ကျပ်ဖြစ်။



## Jia ပန်ကာမီးအိမ်

Jia အမှတ်တံဆိပ် ပန်ကာမီးအိမ်ဖြစ်။ ပန်ကာအဖြစ်အသုံးပြုနိုင်သလို မီးအိမ်အဖြစ်လည်း အသုံးပြုနိုင်။ Rechargeable Battery ဖြစ်ပြီး ၁၃ နာရီမှ ၁၅ နာရီအထိ အားသွင်းရ။ ပန်ကာခေါင်းကို ၉၀ ဒီဂရီအထိလိုသလို ရွှေ့ပေးနိုင်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉,၈၀၀ ကျပ်ဖြစ်။



## Black & Becker ခရီးဆောင် ရေနွေးအိုး

Black & Becker အမှတ်တံဆိပ် JA08 မော်ဒယ်လ်အမျိုးအစား ခရီးဆောင် ရေနွေးအိုးဖြစ်။ ရေပမာဏ ၀ ဒသမ ၄ လီတာဝင်ဆံ့။ AC ဖြင့် တိုက်ရိုက်အသုံးပြုနိုင်။ ပလတ်စတစ်ကိုယ်ထည်ဖြစ်။ ရေနွေးသောက်ရန် ခွက်နှစ်ခွက်နှင့် ဇွန်းနှစ်ချောင်းပါရှိ။ အာမခံသက်တမ်း ၂ နှစ်ဖြစ်။ အင်္ဂလန်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၃,၆၀၀ ကျပ်ဖြစ်။



## Black & Becker Food Processor

Black & Becker အမှတ်တံဆိပ် FX 1200 မော်ဒယ်လ်အမျိုးအစား Food Processor ဖြစ်။ အသားကြိတ်ခြင်း၊ အသီးဖျော်ခြင်း၊ အမှုန့်ကြိတ်ခြင်းတို့ကို အသုံးပြုနိုင်။ ဓားသွားနှစ်ခုပါရှိ။ Watt 1000 ဖြစ်ပြီး ၂ နှစ် အာမခံဖြစ်။ ဖန်သားကိုယ်ထည်ဖြစ်။ အင်္ဂလန်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၂၂,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## ELBA အဝတ်ခြောက်ခံစက်



ELBA အမှတ်တံဆိပ် EFD-563 မော်ဒယ်လ်အမျိုးအစား အဝတ်ခြောက်ခံစက်ဖြစ်။ 5KG ဖြစ်၍ အဝတ်အထည်သုံးကီလိုဂရမ်ခန့်အခြောက်ခံနိုင်။ Timer နာရီ ၂၀၀ အထိ ပေး၍ရ။ Watt 1400 ဖြစ်။ နံရံတွင် ချိတ်ဆွဲထားနိုင်။ အတွင်း၌ စတီးခံဖြစ်။ အာမခံသက်တမ်း သုံးနှစ်ဖြစ်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၇၅,၀၀၀ ကျပ်ဖြစ်။



## Mistral Digital Stand Fun

Mistral အမှတ်တံဆိပ် MFD 333 မော်ဒယ်လ်အမျိုးအစား Digital Stand Fun ဖြစ်။ ပန်ကာသုံးခုပါရှိ။ ပန်ကာအရေအတွက် လိုသလိုအသုံးပြုနိုင်။ Watt 90 ဖြစ်။ Timer ပါရှိ။ Swing 90˚ ဖြစ်။ သဘာဝလေတိုက်သလို ပန်ကာအနေးအမြန် Auto ပါရှိ။ Remote Control ပါရှိ။ မလေးရှားလုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၀,၀၀၀ ကျပ်ဖြစ်။



## Toshiba LCD TV

Toshiba အမှတ်တံဆိပ် 32AV600E မော်ဒယ်လ်အမျိုးအစား LCD TV ဖြစ်။ ၃၂ လက်မအရွယ်ရှိ။ 107 Watt ဖြစ်။ HTML နှစ်ပေါက်ပါရှိ။ RGB-PC ပါရှိ၍ ကွန်ပျူတာဖြင့် တွဲဖက်အသုံးပြုနိုင်။ အလေးချိန် ၁၃ ကီလိုဂရမ်ရှိ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅၆,၀၀၀ ကျပ်ဖြစ်။



## 5 in 1 Standard Digital Speaker

Standard အမှတ်တံဆိပ် HT 507 မော်ဒယ်လ်အမျိုးအစား 5 in 1 Digital Speaker ဖြစ်။ 45 Watt ဖြစ်။ Input ၆ ပေါက်ပါ၍ CD, VCD, DVD များဖြင့် ချိတ်ဆက်ထားနိုင်။ Woofa တစ်ခုနှင့် Speaker ငါးလုံးပါရှိ။ Remote Control ပါရှိ။ အသံကို လိုသလို ချိန်ညှိနိုင်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၆,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## AKIRA Induction Cooker



AKIRA အမှတ်တံဆိပ် IC 38P မော်ဒယ်လ်အမျိုးအစား Induction Cooker ဖြစ်။ ၂၀၀၀ Watt ဖြစ်။ အသားများကို ကြော်၊ ကင်၊ ချက်၊ ပေါင်း စသဖြင့် အသုံးပြုနိုင်။ Hot Pot လည်း ပြုလုပ်၍လည်းရ။ သံဓာတ်ပါအိုးများဖြင့်သာ အသုံးပြုနိုင်။ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်းများကို အထူးကာကွယ်ထား။ Timer ပါရှိ။ စင်ကာပူ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၈,၀၀၀ ကျပ်ဖြစ်။



## Mistral Evaporative Air Cooler

Mistral အမှတ်တံဆိပ် MAC - 200 မော်ဒယ်လ်အမျိုးအစား Evaporative Air Cooler ဖြစ်။ 230 Walt ဖြစ်။ Timer ပေးသည့်စနစ်ပါရှိ။ ၃၂ ပေအထိ အအေးဓာတ်ပေးနိုင်။ Saving System ပါရှိ။ ရေ ၂၀ လီတာထည့်၍ အသုံးပြုရခြင်းဖြစ်။ တစ်နှစ် အာမခံဖြစ်။ မလေးရှားနိုင်ငံ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇၀,၀၀၀ ကျပ်ဖြစ်။



## Panasonic အဝတ်လျှော်စက်

Panasonic အမှတ်တံဆိပ် NA-F390 x1 မော်ဒယ်လ်အမျိုးအစား အဝတ်လျှော်စက်ဖြစ်။ ရေ ၆၆ လီတာဝင်ဆံ့နိုင်။ Timer စနစ်ပါရှိ။ ဝဲကတော့ လျှော်ဖွပ်နည်း၊ ရိုက်လျှော်နည်း၊ လက်ဖြင့် လျှော်နည်းစနစ်များပါရှိ။ Invertor System ပါရှိ၍ စွမ်းအင်ကိုချွေတာပေးနိုင်။ 310 Watt ဖြစ်။ အင်္ကျီ ၃၈ ထည်လျှော်ဖွပ်နိုင်။ မလေးရှားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၇၀,၀၀၀ ကျပ်ဖြစ်။



## Sony Cyber-Shot ဒစ်ဂျစ်တယ်ကင်မရာ

Sony အမှတ်တံဆိပ် DSC-W 350 မော်ဒယ်လ်အမျိုးအစား Cyber Shot Digital Camera ဖြစ်။ Optical Zoom 4x ဖြစ်ပြီး Mega Pixels 14.1 ဖြစ်။ Video ရိုက်ကူး၍လည်းရ။ Smile Shutter ပါရှိ။ Rechargeable ဓာတ်ခဲဖြင့်အသုံးပြုရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၂၀,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# Happy Multi Use Soap

**မြန်မာနိုင်ငံတွင် အဆင့်မီထုတ်လုပ်ထားခြင်းဖြစ်ပြီး ဆပ်ပြာဈေးကွက်အတွင်း အသစ်ထပ်မံ ဝင်ရောက်လာသော ဘက်စုံသုံးဆပ်ပြာတစ်မျိုး ဖြစ်သည်။**




☆ United Pacific Co., Ltd. မှ ၂၀၁၀ ပြည့်နှစ် မတ်လ ၇ ရက်နေ့တွင် စတင်ထုတ်လုပ်။

☆ အုပ်ချုပ်မှုဒါရိုက်တာအမည်မှာ ဦးလှမြင့်ရွှေဖြစ်ပြီး ဝန်ထမ်းအင်အား ၁၂၀ ဦးခန့်ရှိ။

☆ ကုန်ကြမ်းပစ္စည်းများကို အများအားဖြင့် စင်ကာပူနိုင်ငံမှတင်သွင်း။

☆ ပြည်တွင်း၊ ပြည်ပမှပညာရှင်များနှင့် နည်းပညာဖလှယ်၍ ထုတ်လုပ်ထားဟုဆို။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ကြောင်း သိရ။

☆ အမျိုးအစားများအနေဖြင့် Happy Flora နှင့် Happy Lemon နှစ်မျိုး ထုတ်လုပ်။

☆ ကုမ္ပဏီမှ တိုက်ရိုက်ရောင်းချသော ဈေးနှုန်းမှာဆပ်ပြာတစ်ထောင့်လျှင် ၂၃၀ ကျပ်ဖြစ်။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှတိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ မော်လမြိုင်မြို့များတွင်လည်း ရုံးခွဲများဖွင့်လှစ်၍ ဖြန့်ချိလျက်ရှိ။

☆ လောလောဆယ်တွင် ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းများမှာ OKi ဆပ်ပြာကရင်မ် (ပန်းရောင်၊ အစိမ်းရောင်၊ အဖြူရောင်)၊ Paris၊ Spa၊ London နှင့် Family ကိုယ်တိုက်ဆပ်ပြာများ၊ Paris ခေါင်းလျှော်ရည် စသည်တို့ဖြစ်။

☆ ဆပ်ပြာနှင့် အသားအရေ ထိန်းသိမ်းသည့်လူသုံးကုန်ပစ္စည်းများ ထပ်မံထုတ်လုပ်သွားရန် စီစဉ်ထားဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးဝင်းထင် (Assistant Sales Manager)
အမှတ်–၂၅၊ A/8၊
တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၅၀၄၊ ၅၄၆၉၂၂၊
ဖက်စ်–၅၄၄၅၀၄

www.foreverspace.com.mm



# SPIKE အဝတ်အထည်များ

**မြန်မာနိုင်ငံ၏ အဝတ်အထည်ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာသော အမျိုးသမီးဝတ် ပြည်တွင်းထုတ် အရည်အသွေးမီ အဝတ်အထည်များ ဖြစ်သည်။**



☆ ချိုချိုဖြူကုမ္ပဏီက ၂၀၀၇ ခုနှစ် မတ်လအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဒေါ်ဖြူဖြူစိမ်းဖြစ်ပြီး ဝန်ထမ်းအင်အား ၅၀ ဦး ခန့်ရှိ။

☆ ကုန်ကြမ်းပစ္စည်းများမှာ ပြည်တွင်းမှ ချည်များကို အဓိကအသုံးပြု။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ကြောင်းသိရ။

☆ Spike အမှတ်တံဆိပ်ဖြင့် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုးကို ရာသီဥတုနှင့် ကိုက်ညီမှုရှိအောင် ထုတ်လုပ်ရောင်းချဟုဆို။

☆ Spike Collection အမျိုးသမီးဝတ်အင်္ကျီများကို ရွှေပြည်သာနှင့် လှိုင်သာယာစက်မှုစက်ရုံများတွင်ချုပ်လုပ်ပြီး ဈေးကွက်အတွင်း တိုက်ရိုက်ဖြန့်ချိရောင်းချ။

☆ ဖြန့်ချိသောဈေးနှုန်းမှာ အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ ဝန်းကျင်အထိ ရှိ။

☆ Spike အမှတ်တံဆိပ်အင်္ကျီများသီးသန့်ရောင်းချသည့် Spike Collection (Wholesale Centre) ဆိုင်ကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်။

☆ အမျိုးသမီးဝတ်အထည်ဒီဇိုင်းများ ထပ်မံထုတ်လုပ်ရန် စီစဉ်ထားဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒါရိုက်တာ ဒေါ်ဖြူဖြူစိမ်း
အမှတ် ၁၄၊ အခန်း ၂၊ စံပယ်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၃၅၈၊ ၂၉၆၈၈၈၊ ၂၀၀၇၄၇၊
(လိုင်းခွဲ-၇၁၄၂)



www.foreverspace.com.mm

# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ ဧပြီလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၈-၄-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၇) | ၄၀ |
| Dagon Jeep | | (၈၇) | ၈၀ |
| Toyota Publica | 84 | (၁က) | ၁၁၀ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၃၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၄၀ |
| Suzuki Wagon R+ | | ၁၇ | ၃၀၅ |
| Suzuki Wagon R- | | ၉ခ | ၁၂၅ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၁၉၀ |
| Toyota Corolla | CE 90 | (၃က) | ၃၁၀ |
| Corolla 1C Van ဒီဇယ် | 96 | (၉က) | ၃၈၀ |
| Toyota MarkII | 92 | (၄ခ) | ၆၀၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၈၅၀ |
| Mitsubishi Pajero V46(ဦးပိုင်) | 96 | (၃၇) | ၁၁၅၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၆ခ) | ၁,၁၅၀ |
| Land Crusier | 97 | (၉ခ) | ၂,၄၀၀ |
| Parado | 97 | (၁၇) | ၁,၇၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၉-၄-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV-205400A | 20" | ၃၉၉,၀၀၀ |
| SONY | KLV-40W550 | 40" | ၁,၆၉၀,၀၀၀ |
| SONY | KLV-32W550A | 32" | ၉၉၀,၀၀၀ |
| Panasonic(LCD) | L32X10X | 32" | ၆၀၅,၀၀၀ |
| Panasonic(LCD) | L32C10 | 32" | ၅၆၀,၀၀၀ |
| SAMSUNG (LCD) | LA40A750 | 40" | ၁,၈၃၅,၀၀၀ |
| SAMSUNG (LCD) | LA32B350 | 32" | ၅၀၀,၀၀၀ |
| SAMSUNG (LCD) | LA40B530 | 40" | ၁,၃၅၈,၀၀၀ |
| STAR | T-29068 | 29" | ၂၅၃,၅၀၀ |
| STAR | 21-T50 | 21" | ၁၂၅,၀၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၅၀၀ |
| T-HOME | SA2127 | 21" | ၁၅၅,၀၀၀ |
| T-HOME | SA2900 | 21" | ၁၃၉,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၀၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၉-၄-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-100 | ၂၂၅,၀၀၀ |
| STAR | RL-135 | ၂၂၆,၀၀၀ |
| LG | GC-151SNS | ၂၅၈,၀၀၀ |
| LG | GC-191SN | ၂၇၅,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၅,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RT-19FASS | ၁၂၅,၀၀၀ |

## DVD ပြစက်

(၂၉-၄-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၇,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၀၀၀ |
| FUJI (EVD) | F510 | ၃၃,၀၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၉-၄-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၀,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၇၅,၀၀၀ |
| STAR | T-09G | ၂၇၀,၀၀၀ |
| STAR | T-12G | ၃၁၅,၅၀၀ |
| LG | 0962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၈၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၉-၄-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၀,၀၀၀ |
| STAR | WA-95U7 | ၂၈၀,၀၀၀ |
| STAR | WT-75H2 | ၁၂၅,၀၀၀ |
| STAR | WT-105H2 | ၃၂၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၅၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၁၅၀ |
| Milo (400g) (ပုလင်း) | ၃,၈၀၀ |
| Maltova (450g) (နို) | ၃,၂၀၀ |
| Ovaltine (400g) နို | ၃,၆၀၀ |
| Ovaltine (200g) နို | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75CI) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75CI) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75CI) | ၁၁,၅၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5CI) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75CI) | ၂၃,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၅၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75CI) | ၁၁,၅၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၃,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၂၀၀ |
| Cream Crackers(Hup Seng) | ၅,၉၀၀ |
| (KHIAN GUAN) Top Choice | ၅,၅၀၀ |
| (HWA TA) Choice | ၅,၄၀၀ |
| (Munchys) Funmix | ၇,၂၀၀ |
| Lee Daily Delight | ၅,၄၅၀ |
| Every Time | ၄,၉၅၀ |
| (Julie's) Biscuit Assorties | ၄,၉၅၀ |
| (Julie's) Love letters | ၅,၀၀၀ |

## ခေါက်ဆွဲခြောက်

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၂၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၀၀ |

## သွားတိုက်ဆေး

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၀၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၃၅၀ |
| Colgate (160g) Double Cool Stripe | ၁,၈၀၀ |
| Close-Up (New)(18 g) | ၃၅၀၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၅၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| Kanebo | ၂,၅၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၉၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၇၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၈-၄-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |
| Fuji | ၃၀၀ |

www.foreverspace.com.mm

| | | | |
|---|---|---|---|
| ATAK | ၄၀၀ | ဂေါ်ဇီလာ | ၃၀၀ |
| FIGHTER | ၃၈၀ | Spider | ၂၅၀ |
| GO! | ၂၅၀ | Golden Lion | ၂၅၀ |
| ပါရမီ | ၃၅၀ | Special | ၃၀၀ |
| MOSFLY | ၂၅၀ | | |

# ကွန်ပျူတာ ဈေးနှုန်းများ



( ၂၄-၄-၂၀၁၀)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing

Price 235 US$

### ❑ Lenovo B 450 Notebook

- Intel Dual Core 2.2 GHz Processor (T4400 800 MHz FSB, 1MB L2 Cache)
- 2 G DDR 2 RAM
- 14.1" WXGA LED Back Light Display
- 250 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVIDIA GeForce G105M GS 256MB graphic
- Lenovo Wireless WiFi 802.11 b/g . LAN
- Bluetooth, 1.3 M Pixel Web Cam
- Standard Speakers, 4 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Warranty

Price 559 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2 Duo 2.93 GHz E 7500 (3MB L2 Cache, 1066 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Handle High)

Price 416,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook

- Intel Dual Core 2 Duo T65700 2.1 GHz Processor
- 14.0" HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 2GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse

Price 669 US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)

www.foreverspace.com.mm

- ASUS 512MB PCI Express Graphic
- 1GB DDR 2 RAM
- 250 GB HDD SATA
- GIGABYTE P31 DS3L Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 389 US$

### ❑ KMD Innovator Model

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel P55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston
- PICE 1 GB (N9500 GT) GIGABYTE
- DVD-RW Multi-Layer Drive (SATA)
- 320 GB HDD SATA
- 20" LCD Color Monitor (Prolink) (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 607,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်နေ့ ဈေးနှုန်း ဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (LG) SATA Light Scribe with Box | 30,000 KS |
| 24 x DVD Writer (Sony) SATA | 30,000 Ks |
| 24 x DVD Writer (ASUS) SATA | 32,000 Ks |
| 24 x DVD Writer (Samsung) SATA External | 64,000 Ks |
| Microlab M 223 Speakers with sub woofer | 26,000 Ks |
| Microlab M 900 Speakers with sub woofer | 38,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M-200 Speakers with sub woofer | 29,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 30,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 54,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 55,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 48,000 Ks |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 43,000 Ks |
| 320 GB (Seagate) SATA | 48,000 Ks |
| 500 GB (Seagate) SATA | 54,000 Ks |
| 750 GB (Seagate) SATA | 73,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 43,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 320 GB (Seagate) Notebook SATA | 56,000 Ks |

### ❑ Monitor

| | |
|---|---|
| 16" LCD Color Monitor (Prolink, Wide View) | 107,000 Ks |
| 17" LCD Color Monitor (Samsung) Square View | 118,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 159,000Ks |
| 20" LCD Color Monitor (Prolink) Wide View 2012 w with DVI | 130,00 KS |
| 18.5" LCD Color Monitor (Prolink) Wide View | 122,000 Ks |
| 18.5" LCD Color Monitor (View Sonic) Wide View | 125,000Ks |
| 18.5" LCD Color Monitor (Acer) Wide View | 119,000 Ks |
| 22" LCD Monitor (Prolink) 2211W with DVI and Speakers | 149,00 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 102,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 60,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 415,000 Ks |
| EPSON Stylus T11 Printer With Cable | 49,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 200,000 Ks |
| Star Receipt Printer | 230,000 Ks |
| HP Laserjet 1005 Printer with cable | 112,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 58,000 Ks |
| HP 1010/ 1320/ 1300 Toner | 66,000 Ks |
| HP 2015/ 1522 Toner | 73,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,500 Ks |
| Canon 1120 Toner | 53,500 Ks |
| HP 2055 Toner | 80,500 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 53,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 76,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | VIZICON သွေးအားတိုးဆေးတောင့် (ဘင်္ဂလားဒေ့ရှ်) | MODEL PHARMA CO.,LTD. အမှတ်–C-2 ၊ ၁၆/၂၀၊ နေကြာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၆၁၅၊ ၃၉၇၆၈၁ E-mail: | ဦးဖြိုးမင်းအေး (Sales Manager) | MODEL PHARMA CO., LTD. အမှတ်–၆၉/၇၀၊ ၆၈×၄၃ လမ်းထောင့်၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၄၂၇၂၊ ၀၉–၂၀၃–၇၁၅၃ |
| ၂။ | Ferro-Denk 50 သံဓာတ်အားဆေး (ဂျာမနီ) | T.T.O TRADING CO., LTD. အခန်းအမှတ်–၁၀၀၇၊ ၁၀ လွှာ၊ ယုဇန တာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၅၁၈၊ ၅၅၂၇၂၀ | Dr.မေဂျီဝင်းဝင်းရှိန် (Manager) | T.T.OTRADING CO., LTD. ၃၇ လမ်း၊ ၇၃×၇၄ လမ်းကြား၊ ထွန်းထွန်းဝင်းဓာတ်ပုံတိုက်အနီး၊ မန္တလေး။ ဖုန်း–၀၂–၃၄၃၄၂ |
| ၃။ | Caribbean သောက်ရေသန့်စက် (ကိုရီးယား) | URANUS CO.,LTD. အမှတ်–၅၃၃၊ စရည်ပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၃၀၀၈၇၄၅၊ ၂၀၅၇၈၉၊ ၂၉၆၅၁၈၊ ၀၉–၅၀၂၂၃၆၄၊ ၀၉–၉၉၂၆၅၆၇ | ဒေါ်မြတ်မင်းသူ (Marketing Executive) | မရှိ |
| ၄။ | Hasee FU525853 မြန်မာလက်ကွက်ပါ Laptop (တရုတ်) | MICRO COMPUTER CO., LTD. အမှတ်–၁၄၃၊ ၄၆ လမ်း(အထက်) ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈ | ဒေါ်အေးအေးစိုး (Sales Manager) | မရှိ |
| ၅။ | MFSL'OR Professional Hairdressing Series (တရုတ်) | EVER GLORY TRADING အမှတ်–၇၃၊ ပထမထပ်၊ ၁၄ လမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၉၂၂၃၄၊ ၂၂၄၅၄၆၊ ၀၉–၈၇၄၁၄၄၈ | ဦးပြည့်ဖြိုးအောင် (Managing Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို စျေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၁၂၆ လင်းလေပြီလား ဥတ္တရကြယ်
၁၃၀ အားလုံးကို သိစေချင်သည်
၁၃၄ တော်ရုံနဲ့မပြီး ကောင်းရန်လည်းလိုသည်
၁၃၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၁၀)
၁၄၆ UNGA၊ G 20 အရှေ့သွား အနောက်ရောက် (၆)
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၂)

# လင်းလေပြီလား ဥတ္တရကြယ်

ဂျီအောင်ဘန်း

**မှောင်မိုက်နေသော ညလယ်မှာ သူမတစ်ယောက်တည်း နိုးနေမိသည်။ တစ်လောကလုံး ပိန်းပိတ်အောင် မဲမှောင်လျက်။ တစ်နေ့လုံး အရိမ်မဲ့သံဒိတ်မြစ်ထဲမှာ ဝမ်းစာရှာဖွေ၍ မောမောပန်းပန်းနှင့် အိပ်မောကျနေသော အစ်ကိုဖြစ်သူမှာ ပင်ပန်းလွန်း၍ ဟောက်သံလေးများပင် ထွက်ပေါ်နေသည်။ တခေါခေါနှင့် အိပ်မောကျနေသော အစ်ကိုဖြစ်သူကို တစ်ချက်ကြည့်ပြီး သူမ သက်ပြင်းအချို့ ချလိုက်၏။ မလုံမလဲ အမိုးပေါက်မှတစ်ဆင့် တွေ့နေရသော မှိန်လွန်းလှသည့် ဥတ္တရကြယ်တွေက သူမအဖြစ်ကို ကရုဏာသက်သလိုနှင့် အလင်းရောင်ကို ဖျော့ထားလေကြသလားမသိ။ တစ်အိမ်လုံးမှာ လူသားဆို၍ မိခင်ဖြစ်သူရယ်၊ မသန်စွမ်းဖြစ်နေသော သူမနှင့်အရွယ်နှင့် မလိုက်အောင်ရှန်းကန်နေရသော အစ်ကိုတို့သာ။ အဖေ ဘယ်ရောက်သွားပြီလဲ။ အဖေဘယ်မှာလဲ။ ပြီးတော့ . . . ။**

တကယ်တော့ သူမ၏ဘဝလေးသည် ကိုယ်အင်္ဂါအစိတ်အပိုင်းအချို့ ချို့တဲ့သည်မှအပ လွန်ခဲ့သော ၂ နှစ်ကျော်ကာလအထိ အတော်လေးပျော်စရာကောင်းနေခဲ့သည်။ လေှတစ်စင်း၊ ပိုက်တစ်စုံနှင့် သူမတို့မိသားစုကို ဖခင်ဖြစ်သူက မပူမပင် မကြောင့်မကြ ထားနိုင်ခဲ့သည်။ ဝေးလံခေါင်သီလွန်းလှသော ဒီမြစ်ဝကျွန်းပေါ် ရေတွင်းကုန်းရွာကလေးရှိ သူမတို့ဘဝ၊ သူမတို့မိသားစုမှာ ဖခင်၊ မိခင်တို့၏ မေတ္တာဖြင့် နွေးထွေးပြည့်စုံခဲ့ရသည်။ ပညာမဲ့များပြားလွန်းလှသော ကျေးရွာခလေ့စရိုက်တို့၏ ထုံးစံအတိုင်း မွေးကတည်းက ကိုယ်လက်အင်္ဂါချို့တဲ့သည့် လူမှန်သမျှကို ဝိုင်းကြဉ်ထားလေ့ရှိသည့် အစဉ်အလာကို သူမ၏မိခင်နှင့် ဖခင် နှစ်ပါးလုံးက ကြံ့ကြံ့ခံပြီး သူမကို အတန်းပညာရအောင် သင်စေခဲ့သည်။

သိမ်ဝင်နေသောညာခြေ၊ ရေယက်သဖွယ် ပူးကပ်နေသောလက်ချောင်းလေးများနှင့် မလှပသော သူမငယ်ဘဝသည် မိခင်၊ ဖခင်တို့၏မေတ္တာတရားအောက်မှာ တည်ငြိမ်ခဲ့ရသည်။ ရက်စိတ်ကြောင့် လူတောသိပ်မတိုးခဲ့သည်မှာအပ သူ့မိသားစုတွင် သူမ၏ချို့တဲ့မှုသည် အရေးတယူ သတိပြုစရာမဖြစ်ခဲ့။ ပင်လယ်ကမ်းစပ်မြစ်ဝကျွန်းပေါ်ဒေသမို့ လှေဦးစိုနေသရွေ့ ဝမ်းကစိုနေတော့ သူမတို့မိသားစုလေးဦးသာရှိသည့် ဤကမ္ဘာလေးသည် ထာဝစဉ်တည်တံ့နေမည်ဟု သူမယုံကြည်ထားခဲ့သည်။ ထိုအတွေးသည် သူမ တွေ့လိုက်ရသည့် သဘာဝဘေးဆိုးကြီးအောက်ဝယ် ထုချေမှုန်းခြေပစ်ခံရသလို ကြေမွပျက်စီးခဲ့ရလေပြီ။ ထိုနေ့သည်ကား ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ညပင် ဖြစ်လေသည်။

အချိန်ကား ည ၁၂ နာရီခန့်။ တဝေါဝေါတိုက်ခတ်နေသော လေဒဏ်၊ မိုးဒဏ်၊ ဒီရေဒဏ်တို့ကြားမှာ သစ်ပင်များကို ဖက်တွယ်ထားရင် အမေသည် သူမတို့မောင်နှမနှစ်ယောက်ကို ဘေးလွတ်မည်ဟု ထင်ရသည့် အမြင့်တစ်နေရာကို ရွှေ့ပြောင်းပေးခဲ့သည်။ ဖခင်ဖြစ်သူမှာ တဝုန်းဝုန်းယိမ်းထိုးနေသည့်အိမ်ကို စောင့်ရှောက်ရင်း ကျန်ရစ်ခဲ့သည်။ မနက် ၃ နာရီခန့် ရေအနည်းငယ်ကျစပြုလာသည့်အခါ ရေလွတ်ရာကျေးရွာဘုန်းကြီးကျောင်းသို့ ရွာသားများနှင့်အတူ ပြောင်းရွှေ့ခဲ့သည်။ တရိပ်ရိပ်တိုးလာသော ဒီရေ၊ တဝေါဝေါမြည်နေသော လေသံ၊ မိုးသံနှင့် ကမ္ဘာပျက်မတတ် ရိုက်ချိုးဖျက်ဆီးနေသော မုန်တိုင်းကြီးအောက်မှာ ရေယက်သဖွယ်ဖြစ်နေသည့် သူမလက်တွေနှင့် မိခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူကို တွယ်ဖက်ကာ မှောင်မည်းနေသည့် ရေပြင်ထဲမှာ အားကိုးရာရှာနေရသည်တစ်ဖက်၊ အဖေ့ကို ပူပန်

www.foreverspace.com.mm



သည့်စိတ်ကတစ်ဖက်နှင့်။ ဆိုးဝါးလွန်းသည့် ဘေးဒုက္ခများအလယ်မှာ ကံကြမ္မာတူ ရွာသူရွာသားများနှင့်အတူ ကယ်ရာမဲ့၊ ကူညီရာမဲ့၊ အားကိုးရာမဲ့နှင့် ထိုညသည် သူမဘဝအဖို့သာ ပျက်သုဉ်းရသည်မဟုတ်။ သန်းနှင့်ချီသော မြန်မာလူမျိုးတို့၏ အသည်းနှလုံးတို့သည်လည်း မွမွကြေပြုန်းခဲ့ရလေ၏။ မနက် မုန်တိုင်းစဲသွားချိန်မှာ သူမတို့အိမ်နေရာကို သွားကြည့်မိတော့ အိမ်ကော၊ ဖခင်ဖြစ်သူကိုပါ မတွေ့ရတော့။ အဖေ့ကို တွေ့မိကြသလားမေးတော့ ဘယ်သူကမှမဖြေနိုင်။ ခေါင်းထဲမှာ မိုက်ခနဲ၊ ရင်ထဲမှာ ဟာခနဲ။ အဖေ ဘယ်ရောက်သွားပြီလဲ။ အဖေမရှိတော့ရင် သူမတို့ မည်သူ့ကိုသွား၍အားကိုးမည်လဲ။

ခေါင်လွန်းလှသော သူမတို့ရွာလေးသို့ မုန်တိုင်းတိုက်ခတ်ပြီး သုံးလေးရက်အကြာမှ အလှူရှင်များနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းအချို့ ရောက်လာကြ၏။ ထိုသူတို့ရောက်မလာခင်တော့ သူမတို့လို မုန်တိုင်းဘေးမှ လွတ်လာကြသူ၊ ကျန်ရစ်ခဲ့သူတို့အဖို့ လောကငရဲခန်းပင်။ မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူတို့၏ ရုပ်ခန္ဓာတွေကလည်း သူမတို့ပတ်ဝန်းကျင်အနှံ့မှာ။ ဖြစ်သလိုနေ ဖြစ်သလိုစားနှင့် မသေရုံတမယ် အသက်ဆက်ရှင်သန်နိုင်ဖို့ ကျန်ရစ်ခဲ့သူတို့ ကြိုးစားရပ်တည်ကြရင်း ပျောက်ဆုံးသူအမိအဖတို့ ပြန်လာကြနိုးဖြင့် မိဘမဲ့ကလေးငယ်တွေ မျှော်လင့်နေကြဆဲ။ မိခင်နှင့်အစ်ကိုဖြစ်သူလက်ကို မြဲမြဲမြံမြံဆုပ်ကိုင်ရင်း သူမဖခင်၏ သတင်းကို နေ့စဉ်ရက်ဆက် ပို၍ပို၍ကြီးမားလာသော စိတ်ဆန္ဒဖြင့် မျှော်လင့်နေမိ၏။

ဤသို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ ကူးလာတော့ အဖေဘယ်မှာလဲ တဖွဖွမေးနေသော သူမ၏အသံမှာ နစ်ဝင်လာ၏။ မောင်နှမနှစ်ယောက် တစ်ယောက်ကို တစ်ယောက်မပြောဘဲ နားလည်နေကြပြီ။ ဖခင်မှာ ထာဝစဉ်ပျောက်ဆုံးသွားပြီဟု။

သူမသက်ပြင်းကို လေးလံစွာ ထပ်ချလိုက်၏။ ဒါပါနှင့်ဆို ယနေ့ညသက်ပြင်းချနေမိတာ ဘယ်နှကြိမ်မှန်းလဲ မမှတ်မိတော့။ မုန်တိုင်းတိုက်ခတ်ပြီး လအနည်းငယ်လောက်သာ သက်ဆိုင်ရာအဖွဲ့အစည်းတို့၏အကူအညီကြောင့် ဝမ်းစာမရှာခဲ့ရသော်လည်း နှစ်ပေါက်လာတော့ ကိုယ်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ဖို့အတွက် ခွဲတမ်းရသော ငါးဖမ်းလှေငယ်နှင့် မိသားစုသုံးယောက် ငါးမရှိတော့သော မြစ်ငယ်ချောင်းငယ်တွေမှာ ငါးရှာရသည့်ဒုက္ခ။ ဝယ်သူမဲ့သည့် ပတ်ဝန်းကျင် ရွာတွေမှာပဲ ရသလောက် ဖြစ်သလိုနှင့် ဝမ်းကျောင်းခဲ့ရသည်။ အဖေကြံ့ကြံ့ခံပြီး ထားခဲ့သည့် အတန်းပညာကို တစ်နှစ်တော့ အခမဲ့ဆက်သင်ခွင့်ရခဲ့၏။ ပညာထူးချွန်ပြီး ဘွဲ့ရအရေအတွက်နည်းပါးလှသည့် သည်ရွာလေးမှ သူမလိုလူက ဆယ်တန်းအောင်လာခဲ့ရသည်မှာ ကံကြမ္မာ၏ ကျီစယ်မှုလေလား။ ဘာပဲဖြစ်ဖြစ် ထိုနေ့က မိခင်ဖြစ်သူကိုဖက်၍ ဖခင်ဖြစ်သူကို တမ်းတသောစိတ်ဖြင့် ငိုခဲ့ရလေပြန်သည်။ ယခုတော့ ယိုင်နဲ့နေသောအိမ်ငယ်လေးမှာ သူမတို့မိသားစုသုံးယောက်တည်း။ မုန်တိုင်းတိုက်စဉ်ကလို ကယ်သူမဲ့၊ ဆယ်သူမဲ့။ အစ်ကိုဖြစ်သူ၏ ရန်းကန်ရှာဖွေမှုဖြင့် ရပ်တည်နေကြရသည်။ ဘယ်မှာလဲ ဘဝရဲ့လုံခြုံမှု၊ ဘယ်



www.foreverspace.com.mm

မှလဲ ဘဝရဲ့အနာဂတ် . . .။

ကျွန်တော် ထိုဖြစ်ရပ်ကို စတင်ကြားသိခဲ့ရသည့်အခါ ရင်ထဲမှာ အတော်လေး ထိခိုက်မိ၏။ ထိုရွာလေးသို့ မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းနှင့် ကိုယ်အင်္ဂါမြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းတို့ နှစ်ဖွဲ့ပူးပေါင်းကာ အကူအညီပေးသည့် ဆေးကုသရေးအဖွဲ့တွင် လိုက်ပါသွားခဲ့သော ကျွန်တော်၏ မိတ်ဆွေထံမှတစ်ဆင့် ဤဖြစ်ရပ်ကို သိခဲ့ရခြင်းဖြစ်သည်။ မိတ်ဆွေဖြစ်သူ၏ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း အနေဖြင့် သူမတို့၏ရွာအပါအဝင် ပတ်ဝန်းကျင်ရွာသုံးရွာ၌ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေအတွက် အဝီစိတွင်းတူးဖော်ခြင်း၊ ကလေးငယ်များစာသင်ကြားနိုင်ရန် ဆရာ၊ ဆရာမများခန့်အပ်ပေးခြင်း၊ ဒေသခံများကို ဆေးဝါးကုသပေးခြင်း၊ မသန်စွမ်းသူများကို အထောက်အကူပြုပစ္စည်းများ ပေးအပ်ခြင်းနှင့် ပညာသင်စရိတ်ပံ့ပိုးပေးခြင်း စသည်တို့ကို အသင်းရန်ပုံငွေ၊ အလှူရှင်တို့၏ လှူဒါန်းငွေတို့ဖြင့် တတ်စွမ်းသရွေ့ လာရောက်ကူညီထောက်ပံ့ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အစိုးရက ထမ်းပိုးဆောင်ရွက်နေရသည့် ဝန်ထုပ်ဝန်ပိုးကို သက်သာလျော့နည်းအောင် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်သည်။

နာဂစ်မုန်တိုင်းကြီးကျရောက်တော့ မွေးရာပါ မသန်စွမ်းသူတို့မှာ သေဘေးမှ ကံကောင်းထောက်မစွာ လွတ်မြောက်လာကြသော်လည်း သူတို့မှီခိုအားထားရာ လူကောင်းများကတော့ မုန်တိုင်းကြီးထဲတွင် ပျက်စီးဆုံးပါးသွားကုန်ကြ၏။ နဂိုကတည်းက ရပ်ရွာက လူပိုတွေဟု သတ်မှတ်ထားရသည့်အထဲ ယခုလို သူတို့ကို ပြုစုစောင့်ရှောက်လုပ် ကိုင်ကျွေးမွေးနေကြသည့် မအေမိဘညီ အစ်ကိုမောင်နမတွေ မရှိကြတော့ . . .။

ဒီမှာပဲ လူမှုရေးပြဿနာတွေက ပေါ်ပေါက်လာ၏။ မသန်စွမ်းကလေးသူငယ်တွေကို လူငယ်မသန်စွမ်းကျောင်းတွေနှင့် ချိတ်ဆက်၍ ပို့ပေးဦး၊ ကျန်နေသေးသည့် သက်ကြီးမသန်စွမ်းတွေ၊ အောက်တစ်ပိုင်းသေနေသည့် လူရွယ်၊ လူကြီးတွေ . . . နောက်တော့ . . . ။ ထိုပြဿနာကို မသန်စွမ်းအသင်းက ကိုယ်စွမ်းနိုင်သည့် အတိုင်းအတာရှိသည့်အလျောက် မသန်စွမ်းသူများ လက်တွေ့တကယ်လိုအပ်သည့် ချိုင်းထောက်၊ ဘီတပ်ကုလားထိုင်၊ လက်တု၊ ခြေတု၊ လက်ထောက်တုတ် အစရှိသည်တို့ကို အမှန်တကယ်လိုအပ်သူတို့ လက်ဝယ်အရောက် လှူဒါန်းခဲ့၏။ ဆေးဝါးကုသပေး၏။ ပညာသင်စရိတ်ထောက်ပံ့၏။ ထိုလှူဒါန်းသည့်နေရာသို့လာကြသည့် ပတ်ဝန်းကျင်ကျေးရွာတွေက မသန်စွမ်းသူတွေမှာ ပုံစံမျိုးစုံနှင့်။ ဖင်တရွတ်တိုက်ဆွဲကာ ရွှံ့တွေပေကျံလျက်၊ အချို့က ဘေးလူများတွဲကာ။

ထိုသို့ အဖွဲ့နှစ်ဖွဲ့ပူးပေါင်း၍ အကူအညီပေးနေသည်မှာ ရှစ်လကျော်သည် အထိ သူမမှာ အရှက်အကြောက်ကြီးမားစွာဖြင့် ပတ်ဝန်းကျင်အနှိမ်ခံရမှာကို ထိတ်လန့်စိတ်ဖြင့် အကူအညီပေးနေသည့်နေရာသို့ လုံးလုံးမဆက်သွယ်ခဲ့။ လှေငယ်တစ်စီးဖြင့် အစ်ကိုဖြစ်သူ ဖမ်းဆီးလို့ရသည့် ငါးအသေးအမွှား၊ ခရု၊ ကဏန်း၊ ပုစွန် စသည်တို့ကို ရောင်းချကာ ကိုယ့်အားကိုယ်ကိုးကာ ရပ်တည်နေခဲ့၏။

မခံချင်စိတ်ဖြင့် ကြိုးစားမှုကြောင့် ယခုနှစ်တော့ သူမ ဆယ်တန်းအောင်ခဲ့လေသည်။ ဒီတော့ သူမအဖို့ ဘာလုပ်ရမယ်မှန်း မသိတော့။ ပညာရေးကို ဆက်လက်ခရီးဆက်နိုင်ဖို့ထက် မိသားစု၏ ဝမ်းရေးက ပိုခက်နေ၏။ တစ်ရွာလုံးပေါင်းမှ ဘွဲ့ရပညာတတ် လက် ၁၀ ချောင်းပင်မရှိသော ရွာကလေးမှာ သူမအဖို့က ဂုဏ်ယူစရာ။ သို့သော် သူမအဖို့က လူသူအဆက်အသွယ်မရှိသောနေရာမှာ တစ်ယောက်တည်းနေရင်း သိန်းထောင်ဆုပေါက်သည့် ထီလက်မှတ်ကောက်ရထားသလိုပင်။

နောက်တော့ ကျေးရွာတာဝန်ရှိသူတွေက စေတနာဖြင့် ခေါ်ထုတ်လာ၏။ ထိုအချိန်အထိ သူမမှာ ရှက်ရွံ့သိမ်ငယ်နေဆဲ။ ကိုယ်လက်အင်္ဂါစုံသည့် လူတွေကြားမှာ သူမဖြစ်အင်က ဝမ်းနည်းဆို့နင့်စရာ။ ခေါင်းကိုပင် မမော့မိ။ မျက်နှာကို အောက်စိုက်ကာ တွေတွေကြီးနှင့်။ တက္ကသိုလ်တောင်တက်အဖွဲ့နှင့် မသန်စွမ်းအသင်းတို့မှ တာဝန်ရှိသူများ၊ ဆရာဝန်နှင့် သူနာပြုများက တွေ့ဆုံအားပေး၏။ နောက်တော့ အဖွဲ့ထဲမှာပါလာသည့် ချောချောလှလှ အမျိုးသမီးတစ်ယောက်က သီးသန့်ခေါ်တွေ့ကာ နှစ်သိမ့်၏။ "သမီး ဘာမှ စိတ်အားငယ်စရာမလိုဘူး။ အန်တီ့ကို သမီးက



www.foreverspace.com.mm

သာမန်လူတွေလိုပဲလို့ ထင်နေသလား။ ဒီမှာကြည့်။ သမီးထက်တောင် ဆိုးသေးတယ်" ဟုဆိုကာ လုံချည်အနားကို အထက်သို့ အသာဆွဲတင်ပြ၏။ ထိုသို့ ဆွဲတင်ပြလိုက်တော့ သူမ အံ့သြသွား၏။ သူမ အံ့သြလည်း အံ့သြချင်စရာ။ သူမထင်ထားခဲ့တာက သာမန်ခြေထောက်လိုပဲ ပြည့်ပြည့်စုံစုံရှိသည်ဟု။ သို့သော် တွေ့မြင်လိုက်ရတာက . . . ခြေတု။

ဒီနောက်မှာ အရာရာအဆင်ပြေသွား၏။ သို့သော် စင်းလုံးချောတော့မဟုတ်သေး။ သူမ တက္ကသိုလ်တက်ဖို့ ကုန်ကျစရိတ်ကမသေး။ ပြီးတော့ သူမ၏ ကိုယ်အင်္ဂါချို့တဲ့မှုက ပြန်၍ ပြုပြင်ခွဲစိတ်လျှင်ရသည့်အနေအထား။ အဖွဲ့မှာ ပါလာသည့်လူတွေက ကိုယ်နိုင်ရာနိုင်ရာတာဝန်ကို ယူဖို့စီစဉ်ကြ၏။ အဖွဲ့ဝင်တွေမှာလည်း နာဂစ်ဖြစ်ပြီးကတည်းက ယခုအချိန်ထိ တောက်လျှောက်ထောက်ပံ့ကူညီလာနေဆဲဖြစ်၍ တော်တော်လေးတော့ ပင်ပန်းနေပြီ။ သို့သော် ဆန္ဒတို့က အများကြီးရှိနေဆဲ။ နောက်တော့ သူမ၏လက်ကို ခွဲစိတ်ဖို့အတွက် ခွဲစိတ်ဆရာဝန်က အခမဲ့၊ ဆေးခန်းက အခမဲ့ဆိုတာတောင် ခွဲစိတ်ခန်းသုံးဆေးဝါးဖိုးတစ်ခုတည်းကပင် သိန်း ၂၀ ကျော်။ သို့သော် အသက် ၁၇ နှစ်သာရှိသေးသော သူမ၏ ကျန်သောလူ့ဘဝသက်တမ်းတစ်လျှောက် လူရှေ့ ရဲရဲဝံ့ဝံ့ လက်ထုတ်နိုင်ဖို့က ကျပ်သိန်း ၂၀ ကျော်။

တကယ်တော့ ဒီအထိ ကျွန်တော့်စိတ်ထဲ သိပ်မထိခိုက်သေး။ နာဂစ်ဘေးမှ လွတ်လာသည့်အထဲတွင် ဒီထက်ဆိုးသည့် ကလေးငယ်တွေ၏အဖြစ်ကိုတောင် ကျွန်တော်တို့ ကြုံတွေ့သိမြင်ခဲ့ရသေးသည်ပဲ။ သို့သော် ဒီကလေးမငယ်ကျတော့ တစ်မျိုး။ မသန်ပေမယ့် စွမ်းနိုင်သည့်ကလေးမျိုး။ ထို့ကြောင့် ထူးထူးခြားခြား လူဦးရေနှစ်ထောင်ကျော်လောက်ရှိသည့်ကျေးရွာသုံးရွာကနေ ထွန်းထွန်းပေါက်ပေါက် ထွက်လာသည်။ တစ်ဦးတည်းသော ပညာရည်ချွန်သူလေးမို့ အဖွဲ့နှစ်ဖွဲ့လုံးက သူမ၏လက်ကိုခွဲစိတ်ဖို့၊ ကျောင်းစရိတ်ရဖို့။ ကလေးငယ်တစ်ဦး၏ ရှေ့အနာဂတ် အမှီခိုကင်းကင်းနှင့် ဘဝစိုပြည်ရန် လိုအပ်သည်က သိန်းနှစ်ဆယ်ဝန်းကျင်။ အလွန်ပင် ရှာရခက်လှပြီ။ အဖွဲ့နှစ်ဖွဲ့လုံးမှာလည်း အခြားအခြားသောကိစ္စတွေနှင့် ငွေကော၊ လူကော တော်တော်ပန်းနေပြီဖြစ်သောကြောင့် ထိုကလေးမကိစ္စကို ဆန္ဒရှိသလောက် ချင်ချင်းကြီးမဆောင်ရွက်ပေးနိုင်သေး။ နောက်ဆုံး နှစ်ဖွဲ့ပေါင်း၍ အဖြေထွက်လာသည်က လတ်တလောလိုအပ်နေသော သူမ၏ ပထမနှစ် တက္ကသိုလ်ပညာသင်စရိတ်ကို ထောက်ပံ့သွားမည်ဟု။ လက်ခွဲစိတ်ဖို့ကိုးကား အခြားအခြားသောသူတွေဆီမှာ အကူအညီတောင်းဖို့ ကြံရွယ်နေဆဲ။ တစ်နေ့မှာ သူမ၏ရွာနေ တောင်တက်အဖွဲ့တာဝန်ခံ ကျွန်တော့်မိတ်ဆွေဆီကို ဖုန်းလှမ်းဆက်လာ၏။

"သမီး လက်ကို မခွဲတော့ဘူးဦး။ ကျောင်းပဲ တက်တော့မယ်" ဟု။

ကျွန်တော့်တွင် ထိုကလေးမအရွယ်တူမတစ်ယောက်ရှိ၏။ ယခုနှစ်မှ တက္ကသိုလ်စတက်၏။ သူမကို တက္ကသိုလ်သို့ လိုက်ပို့ရင်း အကြောင့်ကြမဲ့စွာ ပျော်ရွှင်နေကြသော ပထမနှစ်တက္ကသိုလ်ကျောင်းသူများကို တွေ့မြင်ရသောအခါ ထိုကလေးမအတွက် သားသမီးချင်းကိုယ်ချင်းစာစိတ်ဖြင့် ရင်မှာ လှစ်ခနဲနာကျင်မိ၏။ သူများကလေးငယ် မိန်းမငယ်လေးတွေ တက္ကသိုလ်စာသင်ခန်းမှာ၊ ကျောင်းကင်တင်းမှာ၊ မိဘရင်ခွင်မှာ ပျော်ရွှင်ဆိုးနွဲ့နေချိန်မှာ သူမအတွက် လွန်ခဲ့သော ၂ နှစ်ကျော်ကာလအထိ လုပ်နိုင်ကိုင်နိုင်တဲ့လူတွေ ဒီလိုကိစ္စကိုသိသွားရင်ကောင်းမှာပဲဟု စိတ်ထဲကနေ မျှော်လင့်မိ၏။

**မသန်စွမ်းသူလေးတွေ၊ ကိုယ်အင်္ဂါချို့တဲ့သူတွေ ငါတို့တိုင်းပြည်မှာ ဘယ်လိုများ ရေရှည်ရပ်တည်နေကြသလဲဟု။ ထိုကလေးမလေးလည်း အခြားအခြားသောသူများလို လမ်းကောင်းသာလိုက်လာခဲ့ရင်ဟူသော အတွေးက ပို၍စိတ်ကို မွန်းကျပ်လာစေ၏။**

အိမ်ပြန်ရောက်တော့ အတွေးတို့ဖြင့် ရင်ထဲမွန်းကျပ်လေးလံနေဆဲ။ ထိုသို့သော မသန်စွမ်းသူလေးတွေ၊ ကိုယ်အင်္ဂါချို့တဲ့သူတွေ ငါတို့တိုင်းပြည်မှာ ဘယ်လိုများ ရေရှည်ရပ်တည်နေကြသလဲဟု။ ထိုကလေးမလေးလည်း အခြားအခြားသော သူများလို လမ်းကောင်းသာလိုက်လာခဲ့ရင်ဟူသော အတွေးက ပို၍စိတ်ကို မွန်းကျပ်လာစေ၏။ သြော် ကယ်သူကင်းတဲ့ညတွေပါလားဟု။

ဒီနေ့မနက် ကျွန်တော့်မိတ်ဆွေနှင့် ထပ်တွေ့တော့ မိတ်ဆွေက ပြောလာသည်။ ထိုကလေးမလေး သူတို့ရွာမှာ ဖွဲ့စည်းလိုက်တဲ့ မသန်စွမ်းအသင်းခွဲမှာ အတွင်းရေးမှူးအနေနဲ့ ဝင်လုပ်အားပေးနေပြီတဲ့။ အင်း ... ဥတ္တရအရပ်မှာ ကြယ်တစ်ပွင့်တော့လင်းလေပြီ။ ထိုကြယ်သာ အင်္ဂါပြည့်စုံခဲ့ရင် သူလည်း နေစကြဝဠာအဖွဲ့အစည်းတစ်ခုလို ပတ်ဝန်းကျင်တစ်ခုလုံး အလင်းတွေပေးနိုင်ဟု မျှော်လင့်မိသည်။ တစ်ချိန်ချိန်တော့ ထိုကလေးမလေး၏လက်ကို လက်ဆွဲနှုတ်ဆက်နိုင်မည်ဟု မျှော်လင့်မိသည်။ သို့သော် ထိုဆန္ဒက ပြည့်မှပြည့်ပါ့မလားဟု။

**ဂျီအောင်ဘန်း**


**(စာကြွင်း–ကျွန်တော့်အနေနှင့် ထိုဖြစ်ရပ်အပေါ် တတ်နိုင်တာထက်ပို၍ ကူညီချင်ပေသည်။ သို့သော် ယခုလက်ရှိ လိုအပ်နေတာက မေတ္တာတွေ၊ စေတနာဆိုသည့် ဒြပ်မဲ့အင်အားတွေမဟုတ်။ ကျွန်တော်တို့မုန်းတီးသော ငွေကြေးဆိုသည့် ဥစ္စာနေပင် ဖြစ်သည်။ ထို့အတွက် ကျွန်တော်လုပ်ပေးနိုင်တာ အများသိအောင် ဆိုသည့် မီဒီယာဆိုသော စတုတ္ထမဏ္ဍိုင်ပင် ဖြစ်သည်။ သို့အတွက် ကျွန်တော့်မှာ ချို့ယွင်းချက်ရှိလျှင် စေတနာလွန်ကဲမှုနှင့် အတတ်ပညာပိုင်းအားနည်းမှုဟုသာ မှတ်ယူစေလိုပါသည်။)**

www.foreverspace.com.mm

**ပုဂ္ဂလိက** ဆေးကုသရေးလုပ်ငန်းများတွင် 'ဆေးရုံ' ဟူ၍အမည်မတပ်ဘဲ ဆေးခန်း၊ အထူးကုဆေးခန်းနှင့် အထူးကုဆေးခန်းကြီးဟူ၍ အမည်ပေးကာ ဆေးကုနေခဲ့ကြသည်မှာ နှစ်ပေါင်းကြာခဲ့ပါပြီ။ ခုတော့ 'ဆေးရုံ' အဖြစ်မှတ်ပုံတင်နိုင်ပြီဟုကြေညာလိုက်သောအခါ ဝမ်းသာအားရပြင်ဆင်နေကြစဉ် ဆေးခန်းတစ်ခုမှ မမျှော်လင့်သောဖြစ်ရပ်ကြောင့် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် မီဒီယာများက ဖော်ပြလိုက်သည်။ ဤဖြစ်ရပ်သည် မမျှော်လင့်သောဖြစ်ရပ်၊ မဖြစ်ကောင်းသောဖြစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် ဤဖြစ်ရပ်ကိုအခြေခံ၍ ဟိုဟိုသည်သည် ဆေးရုံပေါင်းစုံမှဖြစ်ရပ်များ၊ အားနည်းချက်များ၊ မကျေနပ်ကြမှုများသည် ဂျာနယ်၊ သတင်းစာ၊ ရေဒီယိုများတွင် ဆက်ခါဆက်ခါကြားနေရသည်မှာ လန့်ချီ၍ကြာသွားပါသည်။ အဖြစ်မှန်များဖြစ်၍ သတင်းထွက်ပေါ်သည်မှာ မဆန်းသော်လည်း အားနည်းချက်များကိုသာ အဆက်မပြတ်ဖော်ပြနေခြင်းမှာတော့ မသင့်တော်ဟုထင်ပါသည်။ ဆေးရုံ၊ ဆေးပေးခန်းကြီး/ငယ်တို့တွင် ထူးထူးခြားခြား ကုသပျောက်ကင်း၊ အသက်ကယ်မှုတွေရှိနေသည်ကို စုံစမ်းရေးသားပေးပါက အတုယူဖွယ်၊ အားကျဖွယ်၊ စိတ်ချမ်းမြေ့ဖွယ်များရှိသည်ကို အများပြည်သူများ ခံစားသိရှိရမည် ဖြစ်ပါသည်။

# အားလုံးကို သိစေချင်သည်

မောင်မောင်တင်



လူနာအမည် 'စုမြတ်နိုးအောင်'။ အသက်က ၁၃ နှစ်၊ ရောဂါဖြစ်သည်က Acute Abdomen အူအတက်ရောင်ရောဂါ။ ခံစားရသည်က သည်းမခံနိုင်အောင် နာကျင်နေသည်ဟုပြောသည်။ ဤကလေးကို ဆေးရုံအုပ်ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များ ဝိုင်းအုံ၍လိုအပ်သည်များဆောင်ရွက်ပေးနေကြပါသည်။ ကျွန်တော် ထိုဖြစ်ရပ်ကိုသိသည်နှင့် သွားရောက်စုံစမ်းမေးမြန်းရာ ပါမောက္ခခွဲစိတ်ဆရာဝန်ကြီး၏လူနာဖြစ်ကြောင်း၊ ဆရာကြီးညွှန်ကြားသည့်အတိုင်း ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း ပြန်ပြောပါသည်။ လူနာရောက်ပြီး နှစ်နာရီခန့်ကြာသောအခါ သမားတော်ရောက်လာပြန်ပါသည်။ ဆေးရုံအုပ်ကြီးနှင့် သမားတော်တို့ ပြုစုစောင့်ရှောက်နေစဉ် ပါမောက္ခခွဲစိတ်ဆရာဝန်ကြီးရောက်လာပြီး စုပေါင်းပြုစုကုသနေသည်ကို တွေ့ရပါသည်။ ဆရာဝန်တွေအလုပ်ရှုပ်နေသည်နှင့် ကျွန်တော် ရုံးခန်းသို့ပြန်၍ အလုပ်လုပ်နေပါသည်။ ညနေပိုင်းတွင် လူနာသက်သာသွားသည်ဟုထင်ရပါ

www.foreverspace.com.mm



သည်။ အဘယ့်ကြောင့်ဆိုသော် နေ့လယ်ပိုင်းကလောက် ဆရာဝန်များ စုပေါင်းပြုစုနေသည်ကိုမတွေ့ရဘဲ လက်ထောက်ဆရာဝန်တစ်ဦး၊ ဆရာမနှစ်ဦးနှင့် လူနာ၏အိမ်သူအိမ်သားများကို အနီးတွင် တွေ့ရပါသည်။ လူနာရောဂါသက်သာသွားသည်နှင့် ကျွန်တော်လည်း အေးအေးဆေးဆေး အလုပ်လုပ်နေလိုက်ပါသည်။

တနင်္ဂနွေ တစ်ပတ်ခန့်ကြာအပြီး ဆေးရုံအုပ်ကြီးနှင့် စကားပြောမိသောအခါ ကျွန်တော်သတိထားမိသော လူနာကလေးငယ်၏အကြောင်းကိုမေးမိပါသည်။ ဆေးရုံအုပ်ဆရာဝန်ကြီးက ရောဂါအကြောင်းအတိုချုပ်ပြောပြီး အောက်ဖော်ပြပါ အစီရင်ခံစာကို ရေးသား၍ပို့ပေးပါသည်။

သို့

× × × × ×

အကြောင်းအရာ။ ။ မခံမရပ်နိုင်အောင် ရုတ်တရက်ဗိုက်နာ၊ ဗိုက်တင်းခြင်း၊ Acute Abdomen လူနာအား စနစ်တကျကုသပေးနိုင်ခဲ့သဖြင့် သွေးလွန်တုပ်ကွေး၊ သွေးလန့်သောရောဂါ (Dengue Shock Syndrome = D.S.S) လုံးဝပျောက်ကင်းပြီး ဆေးရုံမှစိတ်ချမ်းသာစွာဆေးရုံဆင်းသွားခဲ့သော လူနာ မစုမြတ်နိုးအောင်၏ ကုသမှုဖြစ်စဉ် အကျဉ်းချုပ်အား အစီရင်ခံခြင်း။

ရန်ကုန်တိုင်း× × × မြို့နယ်တွင် နေထိုင်သော အဘ × × × ၊ အမိ × × × တို့၏သမီး အသက် ၁၃ နှစ်ရှိ လူနာ မစုမြတ်နိုးအောင်သည် ကျွန်တော်တို့ဆေးခန်းသို့ ၁၄–၉–၂၀၀၉ ရက်နေ့ နံနက် ၁၀း၀၅ နာရီတွင် R/N-၁၀၅၆ ဖြင့် တာဝန်ခံဆရာဝန်ကြီး၏ နာမည်နေရာတွင် ပါမောက္ခ ဒေါက်တာ × × × ဟု ရေးသားထားပြီး တာဝန်ကျဆရာဝန် (M.O) ဒေါက်တာ × × × က လက်မှတ်ရေးထိုး၍ မခံမရပ်နိုင်အောင် ရုတ်တရက်ပြင်းထန်စွာ ဗိုက်နာ၊ ဗိုက်တင်းခြင်း (Acute Abdomen) ဖြင့် ဆေးရုံတင်ထားကြောင်း လူနာမှတ်တမ်း

**“ဆရာဝန်ကြီးများ လူနာအပေါ် အချိန်ပေးမှုနည်းပါးခြင်း၊ ဆေးရုံ ဆေးခန်းများ၏ ဆရာဝန်ကြီးများ မျက်နှာတစ်ခုတည်းကိုသာကြည့်ခြင်းကြောင့် ကြေကွဲဖွယ်ရာဖြစ်ရပ်များဖြစ်ပေါ်နေ” ဟူသောခေါင်းစီးကို ဖတ်မိသောအခါ အလွန်ပင်သိချင်သောစိတ် ဖြစ်ပေါ်လာပါသည်။**

(Chart) တွင် တွေ့ရှိရပါသည်။

တာဝန်ကျဆရာဝန် ဒေါက်တာ × × × ၏ စမ်းသပ်စစ်ဆေးချက်ကို လူနာ Chart ထဲတွင်လေ့လာရာ အောက်ပါတို့ တွေ့ရှိရပါသည်။

လူနာမှာ အလွန်အမင်းမခံနိုင်အောင် ဝမ်းဗိုက်နာကျင်နေပြီး ဝမ်းဗိုက်တစ်ခုလုံး တင်းနေကြောင်းနှင့် ဝမ်းဗိုက်၏ညာဘက်ခြမ်းအောက်ခြေနေရာအား နှိပ်လျှင်နာ၍ နှိပ်သောလက်လွှတ်လျှင် ပိုမိုနာကျင်ကြောင်း Rebound Tenderness (+) ပုံကြမ်း Sketch ရေးဆွဲ၍ မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရပါသည်။ အထက်ပါ စမ်းသပ်တွေ့ရှိချက်အရ ဆေးရုံတက်တက်ချင်းတက်စ သံသယရှိဖွယ်ရောဂါ (Provisional Diagnosis) ကို A/C appendicitis (အူအတက်ရောင်ရောဂါ) နှင့် အခြားဖြစ်နိုင်ခြေရောဂါ Differential Diagnosis - DDX) မှာ D.U Perforation (အစာအိမ်အထွက်အူသိမ်ပေါက်သည့်ရောဂါ) ဟူ၍ ရောဂါသတ်မှတ်ထားကြောင်း တွေ့ရပါသည်။

တာဝန်ကျဆရာဝန် ဒေါက်တာ × × × စမ်းသပ်စစ်ဆေး၍ ရောဂါဖြစ်စဉ် မှတ်တမ်းတင်ထားသည်ကို ဖတ်ရှုရာ အောက်ပါတို့ တွေ့ရှိပါသည်။ လွန်ခဲ့သော လေးရက်က ဖျားခဲ့ကြောင်းတွေ့ရပါသည်။ ယမန်နေ့က (၁၃–၉–၂၀၀၉) အဖျားကျပြီး ဗိုက်စနာကြောင်း ဖတ်ရှုရပါသည်။ အဆိုပါ HOPI အား ကျွန်တော် ဒေါက်တာ × × × က ဆန်းစစ်ရာ လွန်ခဲ့သော လေးရက် (၁၀–၉–၂၀၀၉) တွင် ဖျား၍ အဖျားမှာ သုံးရက်တာရှည်ပြီး မနေ့က (i.e ၁၃–၉–၂၀၀၉) (ဖျားခြင်း–Day ၄) ၌ အဖျားကျ၍ ဗိုက်စနာပြီး Fever Day 5 (စဖျားသောနေ့မှ ငါးရက်မြောက်နေ့ ၁၄–၉–၂၀၀၉) တွင် မခံမရပ်နိုင်အောင် ဝမ်းဗိုက်ပြင်းထန်စွာနာကျင်ကာ ဗိုက်တင်းလာခြင်းကြောင့် စိုးရိမ်ပြီး ကျွန်တော်တို့ဆေးခန်းသို့ လာတက်ခြင်းဖြစ်သည်ဟု ဆန်းစစ်မိပါသည်။ ယင်းလူနာနှင့်အတူ ပြုလုပ်ပြီး Ultrasound (× × × ဆေးခန်း × × × မှဟု ထင်ပါသည်) ပါလာပါသည်။ USG Result မှာ Acute Peritionitis With Free Fluid ဟု ပါရှိပါသည်။ Plain Xray Abdomen (ကျွန်တော်တို့ဆေးခန်း) တွင် No sign of obstruction, Sign of Peritonism (+) ဟူ၍ Chart ထဲမှာ ဖတ်ရှုရပါသည်။

လူနာ Chart ကို ဆက်လက်လေ့လာရာ အောက်ပါတို့ ဖတ်ရှုရပါသည်။ ပါမောက္ခ ဒေါက်တာ× × × ထံ တာဝန်ကျဆရာဝန်က Inform လုပ်ရာ ဆရာကြီး၏ဖုန်းဖြင့်ညွှန်ကြားချက်အား တွေ့ရှိရပါသည်။ I/V Line, Ryle's Tube Suction. Nothing by month, Vital sign monitor, Last meal at 7:00 Am. I/V BECEF B.D,will come & see ဟူ၍ မှတ်တမ်းရေးထားကြောင်း ဖတ်ရှုရပါသည်။ ပါမောက္ခဆရာကြီးက ၁၄–၉–၂၀၀၉ ရက်နေ့ ၁၂း၃၀ နာရီ (ဆေးရုံစတက်သောနေ့တွင်ပင်) တွင် ကိုယ်တိုင်ကိုယ်ကျ လူနာအား လာရောက်ကြည့်ရှုစမ်းသပ်စစ်ဆေးပြီး I/V Drip, I/V BECEFF, Voltaren Suppository,

www.foreverspace.com.mm

Omnion (1) Ampoule ပေးသွားကြောင်း Chart တွင် ဖတ်ရှုရပါသည်။ Vital Sign, ဆက်ပြီး Monitor လုပ်ရန် ညွှန်ကြားခဲ့ကြောင်းလည်း ဖတ်ရှုရပါသည်။ ၁၄-၉-၂၀၀၉ ရက်နေ့ မွန်းလွဲ ၁း၃၀ နာရီတွင် (ဆေးရုံစတက်သောနေ့တွင်ပင်) နှာခေါင်းပိုက်မှ ကော်ဖီနှစ်ရောင်အရည်များရ၍ တာဝန်ကျဆရာဝန်က ပါမောက္ခဆရာကြီးထံ အကြောင်းကြားရာ ဆရာကြီးက I/V SOMPRAZ ထိုးခိုင်းပြီး R/T Suction ဆက်လုပ်ရန်ညွှန်ကြားကြောင်း မှတ်တမ်းတွင် ဖတ်ရှုရပါသည်။

၁၄-၉-၂၀၀၉ ညနေ ၄း၀၅ နာရီ (ဆေးရုံစတက်သောနေ့တွင်ပင်) တွင် ကျွန်တော် ဒေါက်တာ ××× က Ward Round ပြုလုပ်စဉ် Ryle's tube suction (နှာခေါင်းပိုက်မှ) Coffee Ground Moterials များရကြောင်းတွေ့ရှိရ၍ အသေးစိတ်စမ်းသပ်ရာ နှာခေါင်းပေါက် (အခြားပေါက်)အတွင်းမှ သွေးယိုစီးသည့်လက္ခဏာကို တွေ့ရပါသည်။ တင်ပါးဆေးထိုးခဲ့သောနေရာများကိုစမ်းသပ်ရာ ဆေးထိုးအပ်ဖောက်သည့်အပေါက်ဝန်းကျင်တွင် ညိုမဲနေသောအကွက်များ တွေ့ရပါသည်။ သို့ဖြစ်ပါ၍ HESS's Test ကိုယ်တိုင်လုပ်ကြည့်ရာ Positive ဖြစ်နေကြောင်းတွေ့ရ၍ ဆက်လက်ပြီး Platelet Count နှင့် P.C.V သွေးဖောက်၍ စစ်ဆေးပါသည်။ ဓာတ်ခွဲခန်းမှ အဖြေရသောအခါ Platelet Count မှာ လွန်မင်းစွာနည်းနေပြီး PCV မှာမြင့်တက်နေကြောင်း တွေ့ရှိရပါသည်။ ယင်းတွေ့ရှိချက်တို့မှာ Dengue Fever တွင် ပုံမှန် (Normal) တွေ့ရှိချက်များနှင့် တူညီပါသည်။ သို့ပါ၍ Dengue Fever ဟူ၍ သံသယဝင်ပါသည်။ (D.H.F = Dengue Haemorrhagic Fever)။ တာဝန်ကျ ဆရာဝန် (M.O) ဒေါက်တာ ××× ကို Dengue Feverဟုထင်ကြောင်း ပါမောက္ခဆရာကြီး ဒေါက်တာ ××× ထံဖုန်းဆက် ရန် ပြောပါသည်။ ဒေါက်တာ ××× က ဆရာကြီးထံဖုန်းဖြင့်သတင်းပို့ရာ ဆရာကြီးက ချက်ချင်းပင် သမားတော်နှင့်ပြသခိုင်းပါသည်။ သို့ပါ၍ သမားတော် ဒေါက်တာ××× ထံ တစ်ဆက်တည်း ဆက်တိုက်သတင်းပို့ရာ ဒေါက်တာ××× က Fresh Blood (1) Unit, PRP (1) Unit, Dengue Antibody IgG နှင့် IgM လုပ်ရန်ညွှန်ကြားရာ ဓာတ်ခွဲခန်းမှ ပြန်လာသောအဖြေတွင် Positive ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သမားတော် ဒေါက်တာ ××× က ၁၄-၉-၂၀၀၉ ညနေ ၆း၃၀ နာရီ (ဆေးရုံစတက်သောနေ့တွင်ပင်) တွင် ကိုယ်တိုင်ကိုယ်ကျလာရောက်၍ လူနာကို အသေးစိတ် စမ်းသပ်စစ်ဆေးပြီး Dengue Shock Syndrome အားကုသသကဲ့သို့ ဆက်လက်ကုသပါသည်။



၁၄-၉-၂၀၀၉ ရက်နေ့မှ ဆေးရုံဆင်းသော ၂၁-၉-၂၀၀၉ ရက်နေ့အထိ ပါမောက္ခ ဆရာကြီးဒေါက်တာ ××× နှင့် သမားတော် ဒေါက်တာ ××× တို့နှစ်ဦး နေ့စဉ်နေ့တိုင်း မှန်မှန်ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ လူနာကို အသေးစိတ်စစ်ဆေးစမ်းသပ်ပြီး အထူးကြပ်မတ်ကုသခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးစကားများ နှစ်သိမ့်ပြောကြားခဲ့မှုတို့ကြောင့် ၂၁-၉-၂၀၀၉ ရက်နေ့တွင် လူနာမှာ ရောဂါပျောက်ကင်း၍မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆေးရုံမှဆင်းသွားကြောင်း တာဝန်ကျဝန်ထမ်းအားလုံး တွေ့မြင်ခဲ့ကြရပါသည်။

ဆေးရုံမှဆင်းလာသောအခါ အတည်ပြုသောရောဂါ (Discharge Diagnosis) မှာ Dengue Shock Syndrome D.S.S (သွေးလွန်တုပ်ကွေးရောဂါကြောင့် သွေးလန့်သည့်ရောဂါ) ဟူ၍ သမားတော်

www.foreverspace.com.mm



ဒေါက်တာ × × × က Diagnose လုပ်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာ × × ×

ဆမ – ၂၈၇၀

ဆေးရုံအုပ်ကြီးရေးသားတင်ပြလာသော စာကိုဖတ်ရသောအခါ ဆေးရုံအတွင်း စုပေါင်းဆောင်ရွက်သည့်ဝေလေ့ကို ကျေနပ်မိပါသည်။ ကျွန်တော်သည် ဆရာဝန်တစ်ဦးမဟုတ်၍ ကုသမှုအဆင့်ဆင့်တွင် နားမလည်သော်လည်း အူအတက်ရောဂါနှင့်သွေးလွန်တုပ်ကွေး၊ သွေးလန့်သောရောဂါ (Dengue Shock Syndrome = D.S.S) တို့ တူနေသလားဟု ထင်မိပါသည်။ အပြင်းအထန်ခံစားသော ဝေဒနာရှင်တစ်ယောက် ရောဂါပျောက်ကင်း၍ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆေးရုံမှဆင်းသွားကြောင်း သိရသည့်အခါ ကျေနပ်ဝမ်းသာနေပြီး ကြာလာသောအခါ မေ့ပျောက်နေပါသည်။

ကျွန်တော်သည် ဂျာနယ်များအဆက်မပြတ် ဝယ်ဖတ်သူတစ်ဦးဖြစ်ပါသည်။ ၂၅–၁၁–၂၀၀၉ ရက်နေ့တွင် ဂျာနယ်တစ်စောင်မှ သတင်းတစ်ပုဒ်တွင် ကိုယ့်လုပ်ငန်းနှင့် ဆက်နွယ်သောသတင်းကို ဖတ်မိပါသည်။ 'ဆရာဝန်ကြီးများ လူနာအပေါ် အချိန်ပေးမှုနည်းပါးခြင်း၊ ဆေးရုံ၊ ဆေးခန်းများ၏ ဆရာဝန်ကြီးများ မျက်နှာတစ်ခုတည်းကို သာကြည့်ခြင်းကြောင့် ကြေကွဲဖွယ်ရာဖြစ် ရပ်များဖြစ်ပေါ်နေ' ဟူသောခေါင်းစီးကို ဖတ်မိသောအခါ အလွန်ပင်သိချင်သောစိတ် ဖြစ်ပေါ်လာပါသည်။ သို့ဖြစ်၍ ရသမျှဂျာနယ်များ ဝယ်ယူစုဆောင်းရာ ဂျာနယ်ရှစ်စောင် ရရှိခဲ့ပါသည်။ ထိုဂျာနယ်များ၏ ရေးသားဖော်ပြချက်များတွင် ဆရာဝန်၊ ဆေးရုံ၊ ဆေးပေးခန်းများ၏ ချို့ယွင်းအားနည်းချက်များကိုသာ အလေးပေးရေးသားထားသည်ကို တွေ့ရှိရပါသည်။ အဖြစ်စုံ အသေးစိတ်ကိုတော့ မသိရပါ။

**ဤဆောင်းပါး၏ ဖြစ်ရပ်နှင့်မှတ်တမ်းများသည် အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် မည်သည့်ဆေးရုံတွင် မည်သည့်ဆရာဝန်တွေက ကုသခဲ့သည်ကို အမည်မဖော်ပြဘဲ လူနာ 'စုမြတ်နိုးအောင်' ၏ အမည်တစ်ခုကိုသာ အမှန်တကယ်ဖော်ပြခြင်းဖြစ်ပါသည်။ 'စုမြတ်နိုးအောင်' သည် ကံထူးသူ ကျောင်းသူကလေးဖြစ်ပြီး ပုဂ္ဂလိကဆေးရုံဆေးပေးခန်းများသည် လူနာများ၏အသက်ကို ကြိုးကြိုးစားစား၊ စနစ်တကျကယ်တင်နေသည်ကို လူအများသိစေလို၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါသည်။**

ကျွန်တော်သည် ထိုအကြောင်းကို သိလိုစိတ်ရှိသည်နှင့် သူငယ်ချင်းဆရာဝန်များ မှတစ်ဆင့်စုံစမ်းရာ အူအတက်ရောင်ရောဂါနှင့်သွေးလွန်တုပ်ကွေး၊ သွေးလန့်သောရောဂါ (Dengue Shock Syndrome = D.S.S) ရောဂါပင်ဖြစ်နေကြောင်း သိရှိရပါသည်။ ဤတွင် ကျွန်တော်တို့ဆေးရုံတွင် ကျန်းမာအောင် ကုသပေးလိုက်သော၊ လူနာ 'စုမြတ်နိုးအောင်' ကိုသတိရပြီး ဆေးရုံအုပ်ကြီးရေးသားတင်ပြထားသော ရောဂါဖြစ်စဉ်နှင့် ကုသမှုအဆင့်ဆင့်ကို ပြန်၍ဖတ်မိပါသည်။ "တော်လိုက်သည့်တို့အဖွဲ့တွေ" ဟု စိတ်ထဲက ကြိတ်၍ချီးကျူးနေမိပါသည်။

ကျွန်တော်ဆေးရုံအုပ်ဆရာဝန်ကြီးကို တွေ့ဆုံပြီး ဤ Case ကို သေချာစွာမှတ်တမ်းတင်ထားရန်နှင့် နောင် အခါအခွင့်သင့်လျှင် အများပြည်သူသိအောင် စာရေးမည်ဟုပြောမိပါသည်။ သို့ရာတွင် နိုဝင်ဘာလပိုင်းတွင်ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ဖြစ်ရပ်သည် ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများအတွက် ဝမ်းနည်းဖွယ်သတင်းဖြစ်နေပြီး ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပေါ်ရာ ဆေးရုံအတွက်လည်း ငဲ့ညှာရန်လိုအပ်ခြင်းများကြောင့် ကိုယ့်ဆေးရုံက သတင်းကောင်းကို မဖော်ပြခဲ့ရပါ။ ယခုအခါတွင် ပုဂ္ဂလိကဆေးရုံများ၊ ဆရာဝန်ကြီးများလည်း လူနာများအပေါ် အထူးဂရုထား ကြည့်ရှုကုသ၍ တည်ငြိမ်မှုရလာပြီဖြစ်ပါသည်။ ပုဂ္ဂလိကဆေးရုံများတွင်လည်း ခက်ခက်ခဲခဲအသက်ကယ်၍ကုသပေးနိုင်ခဲ့ပုံများစွာကို ရေးသားဖော်ပြလိုသည်ဖြစ်ရာ ယခုဆောင်းပါးသည် (Dengue Shock Syndrome=D.S.S) ဖြစ်နေသောလူနာကို အူအတက်ရောင်ထင်မှတ်၍ ခွဲစိတ်ရန်ပြင်ဆင်ပြီးမှ အဆင့်ဆင့်စစ်ဆေးစမ်းသပ်ရင်း သမားတော်ကြီးတို့ ပူးပေါင်းကုသမှုဖြင့် ခွဲစိတ်မှုမပြုရဘဲ အသက်ရှင်ချမ်းသာရပုံကို ရေးသားလိုက်ရပါသည်။

ဤဆောင်းပါး၏ ဖြစ်ရပ်နှင့်မှတ်တမ်းများသည် အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် မည်သည့်ဆေးရုံတွင် မည်သည့်ဆရာဝန်တွေက ကုသခဲ့သည်ကို အမည်မဖော်ပြဘဲ လူနာ 'စုမြတ်နိုးအောင်' ၏အမည်တစ်ခုကိုသာ အမှန်တကယ်ဖော်ပြခြင်း ဖြစ်ပါသည်။ 'စုမြတ်နိုးအောင်' သည် ကံထူးသူကျောင်းသူကလေးဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများသည် လူနာများ၏အသက်ကို ကြိုးကြိုးစားစား၊ စနစ်တကျ ကယ်တင်နေသည်ကို လူအများသိစေလို၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါသည်။

**မောင်မောင်တင်**

■

www.foreverspace.com.mm

# တော်ရုံနဲ့မပြီး ကောင်းရန်လည်း လိုသည်

မြသန်းသန်းနု

**ကလေးတိုင်း မငြီးငွေ့နိုင်ဘဲ နားထောင်တတ်တဲ့ဒဏ္ဍာရီပုံပြင်တွေ အများအပြားရှိပါတယ်။ အဲဒီပုံပြင်တွေထဲက ‘ယုန်နဲ့လိပ်အပြေးပြိုင်ပွဲ’ ဒဏ္ဍာရီပုံပြင်လေးဟာ ကလေးသူငယ်တွေအတွက်သာမကဘဲ အရွယ်ရောက်ပြီးသူတွေကိုပါ ‘Slow and Steady-Win The Race’ ဆိုပြီး အားပေးဆုံးမလိုတဲ့အခါတွေမှာပါ ကိုးကားပြောရတဲ့ပုံပြင်လေးတစ်ခုပါ။**

ပုံပြင်တွေနားထောင်တတ်စကလေးဘဝမှာတော့ ဖြည်းဖြည်းမှန်မှန်သွားရင်း အပြေးပြိုင်ပွဲမှာ ယုန်ကိုအနိုင်ရရှိလိုက်တဲ့ လိပ်ကလေးကို စိတ်ထဲကချစ်နေမိပါတယ်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး လမ်းတစ်ဝက်မှာ တစ်ရေးအိပ်ခဲ့တဲ့ ယုန်ကလေးကိုလည်း စိတ်ဆိုးသလိုလို ဖြစ်ခဲ့မိပါတယ်။ နည်းနည်းလေးကြီးပြင်းလာပြီး စဉ်းစားတတ်တဲ့အရွယ်ရောက်လာတော့ “လိပ်က ယုန်နဲ့ဘာဖြစ်လို့အပြေးပြိုင်ရတာလဲ။ လိပ်ဆိုတာ သဘာဝကိုယ်၌က ပြေးနိုင်တဲ့သတ္တဝါလည်းမဟုတ်ဘူး” လို့ အတွေးရောက်ပြီး လိပ်ကိုအပြစ်တင်ချင်သလို ဖြစ်လာပါတယ်။ စဉ်းစားဝေဖန်ပိုင်းခြားတတ်တဲ့အရွယ်ရောက်တဲ့အခါ ‘ယုန်နဲ့လိပ် အပြေးပြိုင်ပွဲ’ ဟာ ဒဏ္ဍာရီပုံပြင်ဖြစ်ပေမယ့် ‘လိပ်’ ကို စံနမူနာပြပြီး ‘ယုံကြည်မှု’ ပေါ်အခြေခံရင်း ‘ဇွဲမလျှော့’ ဖို့ တိုက်တွန်းထားတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ပါတယ်။

‘ယုန်နဲ့လိပ်အပြေးပြိုင်ပွဲ’ ဆိုပေမယ့် ယုန်ကသာပြေးပြီး လိပ်ကနှေးနှေးကွေးကွေး ဖြည်းဖြည်းလေး လမ်းလျှောက်ရုံလျှောက်နိုင်တာပါ။ တောကောင်တိရစ္ဆာန်တွေဟာ သဘာဝကပေးအပ်တဲ့ ကိုယ်ပိုင်အရည်အသွေးတွေအရ ဘယ်သတ္တဝါက အပြေးမြန်တယ်၊ နှေးတယ်၊ ဘယ်လိုအနံ့ရှိတယ်ဆိုတာကအစ သိရှိထားကြပါတယ်။ ဒါကြောင့် ‘ယုန်’ ဆိုတာ သဘာဝအားဖြင့် အပြေးမြန်တယ်ဆိုတာသိရှိပါလျက်နဲ့ ‘လိပ်’က အပြေးပြိုင်ပွဲစိန်ခေါ်မှုကို လက်ခံခဲ့တဲ့ ထူးခြားမှုလေးကိုလည်း ပုံပြင်ထဲမှာ တွေ့ရှိရပါတယ်။ ငယ်ငယ်ကတော့ တခြားကလေးတွေလို နားထောင်ပြီးရင်း နားထောင်ချင်ရင်း ဆိုသလို ထွေထွေထူးထူးမစဉ်းစားတတ်ပေမယ့် အချိန်၊ အရွယ်ပြောင်းလာတာနဲ့အမျှ ပုံပြင်လေးတွေကို လောကနိယာမနဲ့ ထပ်



www.foreverspace.com.mm

ဟပ်မြင်ကြည့်မိပါတယ်။

အခုလည်း အချိန်ကာလတွေထပ်ပြီး ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရောက်လာပြီဖြစ်ပါတယ်။ ဒီနှစ်ဟာ မြန်မာနိုင်ငံအတွက် ထူးခြားမှုရှိနိုင်တဲ့ နှစ်တစ်နှစ်လို့ဆိုနိုင်ပါတယ်။ နှစ်ပေါင်း ၂၀ ကြာပြီးနောက် ဒီနှစ်အတွင်း မြန်မာနိုင်ငံမှာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးမယ်လို့ ကြေညာထားပါတယ်။ ၂၀၀၈ ခုနှစ်က ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပါတယ်။ အခု ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကျင်းပမယ်လို့ ကြေညာတဲ့အခါ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ တချို့က ဆုံးဖြတ်ကြတယ်။ 'ယှန်နဲ့လိပ်အပြေးပြိုင်တဲ့ ဒဏ္ဍာရီထဲက 'လိပ်' လိုပဲပေါ့။ တချို့ကတော့ ၂၀၀၈ ခုနှစ်က အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြုပြီး ရွေးကောက်ပွဲကို ဆန့်ကျင်ဖို့၊ ရွေးကောက်ပွဲမှာ မပါဝင်ဖို့ ဆုံးဖြတ်ကြပါတယ်။

ဒီလိုဆုံးဖြတ်ချက် ကွဲပြားခြားနားကြပေမယ့် တစ်ထပ်တည်းတူညီနေတဲ့ 'ဆန္ဒ' ရှိနေပါတယ်။ အဲဒါကတော့ ရွေးကောက်ပွဲမှာပါဝင်လိုသူဖြစ်ဖြစ်၊ မပါဝင်ဖို့ ဆုံးဖြတ်သူပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြန်လည်ထွန်းကားစေလိုတဲ့ဆန္ဒပါ။ ရွေးကောက်ပွဲမှာ ပါဝင်လိုသူတချို့က မိမိအင်အား ရာနှုန်းပြည့်မှုမရှိပေမယ့် ရွေးကောက်ပွဲကျင်းပပြီးတဲ့နောက် ခေါ်ယူဖို့ရှိတဲ့ ပါလီမန်လွှတ်တော်မှာ ဒီမိုကရေစီအင်အားစုတွေ များနိုင်သမျှ များများပါဝင်လာမှုကို လိုလားကြပါတယ်။

ဒီနေရာမှာ မဲဆန္ဒရှင်ပြည်သူလူထုအနေနဲ့ မိမိရွေးချယ်မယ့် ကိုယ်စားလှယ် အမတ်လောင်းအကြောင်း ဂဃနဏ သိရှိထားဖို့ လိုအပ်ပါတယ်။ မဲပေးမှားကြဖို့ အထူးလိုအပ်ပါတယ်။ ပြည်သူက ရွေးချယ်ရမယ့် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ဖို့ လိုတာကြောင့် မဲပေးဖို့ဝန်မလေးကြဘဲ အင်တိုက်အားတိုက်မဲပေးရမှာ ဖြစ်ပါတယ်။

> **"ပြည်သူလူထုက အပ်နှင်းလိုက်တဲ့ အချုပ်အခြာအာဏာကို ပြည်သူလူထုအကျိုးအတွက် မည်သို့မည်ပုံ အသုံးချရမည်ကို နားလည်သဘောပေါက်သည့် လူကောင်းများကို ရွေးချယ်ကြရမည်။ လူတော်ဖြစ်ရုံတစ်ခုတည်းနှင့် မပြီးပေ။ လူကောင်းများ မရွေးချယ်နိုင်ပါက ပြည်သူလူထုအပ်နှင်းလိုက်သည့် အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏အကျိုးကိုမရှာဘဲ ကိုယ်ကျိုးရှာကြလိမ့်မည်"**

"ပြည်သူလူထုက အပ်နှင်းလိုက်တဲ့ အချုပ်အခြာအာဏာကို ပြည်သူလူထုအကျိုးအတွက် မည်သို့မည်ပုံ အသုံးချရမည်ကို နားလည်သဘောပေါက်သည့် လူကောင်းများကို ရွေးချယ်ကြရမည်။ လူတော်ဖြစ်ရုံတစ်ခုတည်းနှင့် မပြီးပေ။ လူကောင်းများ မရွေးချယ်နိုင်ပါက ပြည်သူလူထုအပ်နှင်းလိုက်သည့် အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏အကျိုးကိုမရှာဘဲ ကိုယ်ကျိုးရှာကြလိမ့်မည်" လို့ တစ်ချိန်က သန့်ရှင်းဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနုက 'ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်' ဆိုတဲ့စာအုပ်မှာ သတိပေး ရေးသားဖော်ပြခဲ့ပါတယ်။

မိမိရွေးချယ်မယ့် ကိုယ်စားလှယ်အမတ်လောင်းဟာ မိမိရဲ့မဲဆန္ဒနယ်ထဲမှာ အယုတ်၊ အလတ်၊ အမြတ်မရွေး လူတိုင်းနဲ့ ထိတွေ့ဆက်ဆံတတ်သူဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ ပြည်သူလူထုအကျိုးအတွက် ရှေ့တန်းကနေ မားမားမတ်မတ် ရပ်တည်ပေးနိုင်သူဖြစ်ဖို့လည်း အရေးတကြီးလိုအပ်ပါတယ်။ အရေးကိစ္စတိုင်းမှာ ဦးဆောင်မှုပေးနိုင်သူလည်း ဖြစ်ရပါလိမ့်မယ်။ ပြည်သူလူထုအပေါ် စာနာစိတ်နဲ့ မေတ္တာကရုဏာထားတတ်ပြီး နှိမ့်ချတဲ့စိတ်ထားတတ်သူဖြစ်ဖို့ လိုအပ်ပါတယ်။ ရည်ရွယ်ချက်အပြည့်အဝနဲ့ အဆုံးအဖြတ်ပေးနိုင်သူကို ရွေးချယ်နိုင်ဖို့လည်း လိုအပ်ပါတယ်။ ဖွဲ့ကောင်းကောင်းနဲ့ စုပေါင်းလက်တွဲဆောင်ရွက်တတ်သူမျိုးကို သာ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်နိုင်ဖို့ မဲဆန္ဒရှင်များ သတိပြုဖို့လိုအပ်ပါတယ်။

အရည်အသွေးပြည့်ဝတဲ့ ကိုယ်စားလှယ်အမတ်တွေ ပါလီမန်လွှတ်တော်ထဲရောက်ရှိမှသာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေအတွက် အဆိုပြုလွှာတွေ တင်သွင်းနိုင်မှာဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက် အတည်ပြုပေးနိုင်မှာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြင်ဆင်ချက်ပြုလုပ်ဖို့ အရေးယူဆောင်ရွက်တဲ့အခါ အလွန်ခက်ခဲပါတယ်လို့ပြောရင် လူအများစု အံ့အားသင့်ကြပါလိမ့်မယ်။ ပြည်ထောင်စုမှုနဲ့ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်လုပ်ရပ်ရဲ့ သဘာဝတရားပေါ်မူတည်ပြီး နိုင်ငံရေးသိပ္ပံပညာရှင်တွေက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဟာ သဘောတရားအရ တင်းကျပ်မှုရှိသလို မလိုအပ်ဘဲ ရှုပ်ထွေးမှုရှိစေတယ်လို့ပြောကြပါတယ်။ အလားတူပဲ ဩစတြေးလျ၊ ကနေဒါနဲ့ ဆွစ်ဇာလန်နိုင်ငံတွေရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း ပြင်ဆင်ချက်ပြုလုပ်ဖို့ခက်ခဲတာကြောင့် တစ်ခါတစ်ရံ လိုအပ်တဲ့ အချိန်မှာ ပြင်ဆင်မှုအသင့်မဖြစ်ဘဲ နောက်ကျနေတတ်တယ်လို့လည်း ဆိုကြပါတယ်။

အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူတွေကတော့ လွန်လွန်ကဲကဲ တင်းကျပ်မှုမရှိအောင် ရှောင်ရှားဖို့ ဆန္ဒပြင်းပြခဲ့ကြပါတယ်။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူတွေက အချိန်ကာလနဲ့အမျှ အပြောင်းအလဲဖြစ်နေတဲ့ လိုအပ်ချက်နဲ့ ပြောင်းလဲတိုးတက်နေတဲ့ အိန္ဒိယပြည်သူတွေရဲ့

www.foreverspace.com.mm


အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုလည်းရှိပြီး ကြီးပွားတိုးတက်နေတဲ့နိုင်ငံတော်နဲ့ ဆီလျော်မှုရှိနိုင်မယ့် ဥပဒေမှတ်တမ်းပြုစုရေးသားဖို့သာ စိတ်စောခဲ့ကြပါတယ်။

အိန္ဒိယနိုင်ငံဟာ ဗြိတိသျှအုပ်စိုးမှုအောက်ကနေ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီဆိုတာနဲ့ ကြိုးပမ်းအားထုတ်မှုတွေ အဆုံးသတ်သွားပြီလို့ အဲဒီအချိန်က အိန္ဒိယခေါင်းဆောင်တွေ မယူဆခဲ့ကြပါဘူး။ ခေါင်းဆောင်ကြီးတွေက လွတ်လပ်ရေးရရှိလိုက်ခြင်းဟာ ကြိုးပမ်းအားထုတ်ဖို့အတွက် အစပျိုးပေးခြင်းသာဖြစ်ပြီး လွတ်လပ်တဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်ရုံမက တစ်ချိန်တည်းမှာ တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်ထားရှိနိုင်မှုတို့အပေါ် အခြေခံတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ဖို့ ကြိုးပမ်းအားထုတ်ကြရမယ်လို့ ခံယူခဲ့ကြပါတယ်။

ဒီခံယူချက်တွေကို နားလည်သဘောပေါက်ဖို့အတွက် အိန္ဒိယနိုင်ငံတော်ရဲ့ အခြေခံဥပဒေကို ပုံဖော်ပေးမယ့် ဖွဲ့စည်းပုံဥပဒေသစ်ရေးဆွဲရေးဟာ အဓိကလိုအပ်ချက်ဖြစ်တယ်လို့ ဆုံးဖြတ်ခဲ့ကြပြီး လွတ်လပ်ရေးရတာနဲ့ အရေးယူဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီး မဆိုင်းမတွဆိုသလို အဲဒီနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာဒေါက်တာအမ်ဘီဒကာ (Dr.AMBEDKAR) ဦးဆောင်မှုနဲ့ အဖွဲ့ဝင်ခုနစ်ဦးပါ မူကြမ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလအတွင်း ဖွဲ့စည်းပုံဥပဒေမူကြမ်းရေးဆွဲပြီးတဲ့အခါ အိန္ဒိယပြည်သူတွေအနေနဲ့ မူကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးအဆိုပြုတင်ပြနိုင်အောင် ရှစ်လအချိန်ပေးခဲ့ပါတယ်။ အိန္ဒိယပြည်သူတွေက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ချက်တွေ ပြုလုပ်ဖို့ 'အဆိုပြုချက်ပေါင်း' ၇၆၃၅ ခု တင်ပြခဲ့တဲ့အနက် အဆိုပြုချက် ၂၄၇၃ ခုကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီအချက်ကိုကြည့်ရင် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေဟာ အိန္ဒိယသာမန်လူတန်းစားများအပါအဝင် ပြည်သူတစ်ရပ်လုံးကို အကျိုးပြုစေတဲ့အခြေခံဥပဒေဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို




၁၁၄ ရက်ကြာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ဥပဒေပြုလွှတ်တော်မှာ ၂ နှစ် ၁၁ လ ၁၈ ရက်ကြာ တင်ပြဆွေးနွေးအပြီး နောက်ဆုံး ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ အတည်ပြုပေးခဲ့ပါတယ်။ အိန္ဒိယပထမဆုံးသမ္မတကြီး ဒေါက်တာရာဂျင်ဒရာပရာဆက် (Dr. RAJENDRA PRASAD) က လက်မှတ်ရေးထိုးခဲ့ပါတယ်။

အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူတွေဟာ လိုအပ်ရင်လိုအပ်သလို ပြင်ဆင်ချက်တွေ ပြုလုပ်နိုင်ဖို့ အထူးအလေးပေးခဲ့ကြပါတယ်။ လွတ်လပ်ရေးရအပြီး အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ် ပန်ဒစ်ဂျဝါဟလာနေရူးက "ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ ခိုင်မာပြီး ထာဝရတည်တံ့မှုရှိစေလိုပေမယ့် လက်တွေ့မှာ မဖြစ်နိုင်ပါ။ တချို့တလေ ပြုပြင်ပြောင်းလဲမှုပြုလုပ်ပေးသင့်ပါတယ်။ တကယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တင်းကျပ်မှုတွေရှိပြီး ထာဝရတည်မြဲရေးအတွက် ရေးဆွဲထားမယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုရဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရပ်တန့်ပစ်ရာရောက်ပေလိမ့်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တင်းကျပ်မှုတွေများလွန်းရင် အစဉ်အမြဲပြောင်းလဲနေတဲ့အခြေအနေများ သဘာဝတဖြစ်နိုင်မှာမဟုတ်ပါ။ အပြောင်းအလဲပြုလုပ်နေတဲ့ကာလတစ်ခုမှာ ဒီကနေ့ မှန်တယ်လို့ ယူဆကောင်းယူဆနေရတဲ့ကိစ္စတစ်ခုဟာ မနက်ဖြန်အတွက် လုံးဝအသုံးဝင်ချင်မှ ဝင်မှာဖြစ်ပါတယ်" လို့ သုံးသပ်ခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အနေအထားကိုယ်၌ကလည်း ပြင်ဆင်ဖြည့်စွက်မှုတွေ ပြုလုပ်ပေးနိုင်မှ နိုင်ငံတော်သာယာဝပြောမယ်လို့ ဖော်ညွှန်းထားတာကြောင့် ဒီမိုကရေစီ ပြန်လည်ဦးမော့လာစေမယ့် လမ်းစတစ်ခုပေါ်ပေါက်နိုင်မှာ ဧကန်မလွဲပါ။

**မြသန်းသန်းနု**

■

www.foreverspace.com.mm

ပဉ္စင်လမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၁၀)

တင်ညွန့်

### ၁၉၄၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့ အထွေထွေထိုးစစ်

၁၉၄၈ ခုနှစ် နိုဝင်ဘာလတွင် စိတ်ကုန်စရာကောင်းသည့် တွေ့ဆုံဆွေးနွေးမှုများကို ဟော်လန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား မပြတ်လုပ်နေသည်။ အခြေအနေက ကျွန်တော့်ကို အတော်လေး ငြီးငွေ့စရာဖြစ်စေသည်။ ထိုအချိန်တွင် ဝမ်းနည်းစရာကောင်းသည့်သတင်းတစ်ပုဒ်ကိုကြားလိုက်ရသည်။ ဗိုလ်ချုပ် ယူရစ်ဆူမူဟာဂျို ကွယ်လွန်သွားသည့်သတင်းဖြစ်သည်။ ဗိုလ်ချုပ်ယူရစ်သည် သူ့ဘဝတစ်လျှောက်လုံးကို တပ်မတော်ထဲတွင် နှစ်မြုပ်ထားသူဖြစ်သည်။ သူ့ကို ဆီမာကီ သူရဲကောင်းဗိမာန်



www.foreverspace.com.mm



တွင် မြှုပ်နှံလိုက်သည်။

အင်ဒိုနီးရှား–ဒတ်ချ် စေ့စပ်ဆွေးနွေးပွဲများလုပ်ကြပြီးနောက် ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီး ဒီယူစတစ်ကာ ယိုဂျာသို့ရောက်လာသည်။ ကာလီရမ်းတွင် ဘန်ဟတ်တာနှင့် တွေ့ဆုံဆွေးနွေးရန်ဖြစ်သည်။

စတစ်ကာကို “အင်ဒိုနီးရှားယာယီအစိုးရ၏ ကော်မရှင်နာမင်းကြီး”အဖြစ်ခန့်အပ်လိုက်ပြီး အသွင်ကူးပြောင်းရေးကာလအတွင်း အထူးအာဏာကုန်လွှဲအပ်ထားခြင်းခံရသူဖြစ်သည်။ ဘန်ဟက်တာကို ဘန်ကာနိုနှင့် ဗိုလ်ချုပ်ဆိုဒါမင်တို့က အပြည့်အဝထောက်ခံသူဖြစ်သည်။ ဒတ်ချ်တို့အနေဖြင့် သမ္မတနိုင်ငံအရေးတွင် ဝင်ရောက်စွက်ဖက်မည်ဆိုလျှင် ငြင်းဆန်ရန်အတွက် အထူးအာဏာကုန်လွှဲအပ်ခြင်းခံထားရသည်။

ဒတ်ချ်တို့က အင်ဒိုနီးရှားတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ကြောင်း စွပ်စွဲကြသည်။ အင်ဒိုနီးရှားတို့ကလည်း ဒတ်ချ်တို့ကို သဘောတူညီချက်ကို ချိုးဖောက်ကြောင်း အပြန်အလှန် စွပ်စွဲကြသည်။ ဒတ်ချ်အဖွဲ့သည် စေ့စပ်ဆွေးနွေးမှု မဆုတ်သာ မတိုးသာဖြစ်နေချိန်တွင် ဟော်လန်သို့ပြန်သွားကြပြန်သည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်အခြေအနေက အတော်လေးတင်းမာလာသည်။ ဒတ်ချ်တို့က သုံးနိုင်ငံ ကော်မရှင်အနေဖြင့် ဆက်လက်ဆွေးနွေးရန် မတတ်နိုင်တော့ကြောင်း အစီရင်ခံကြသည်။ သူတို့က သူတို့ကိုယ်တိုင်ဖွဲ့စည်းထားသည့် ကြားဖြတ်အစိုးရကိုဖွဲ့စည်းလိုက်ကြောင်း အခိုင်အမာ ထုတ်ဖော်ပြောကြားလိုက်သည်။

နောက်ပိုင်းတွင် သံတမန်ဆိုင်ရာ အပြန်အလှန်ပေးစာများပို့ကာ စေ့စပ်ညှိနှိုင်းကြည့်ကြသေးသည်။ ထိုအချိန်တွင် အင်ဒိုနီးရှားနိုင်ငံမှ ကုလသမဂ္ဂကိုယ်စားလှယ် အယ်လ်အန် ပါလာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အင်ဒိုနီးရှား–ဒတ်ချ်အရေးကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းပေးပါရန် တိုက်တွန်းပြောဆိုခဲ့သည်။

နောက်ဆုံးတွင် စိတ်ထဲ၌ စိုးရိမ်ပူပန်နေသည့်အတိုင်းတကယ်ဖြစ်လာတော့သည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဒတ်ချ်တို့က ယိုဂျာကာတာကို မာဂူဝိုမှတစ်ဆင့် လျှပ်တစ်ပြက် ထိုးစစ်ဆင်နွှဲလာခဲ့သည်။ ဤတစ်ကြိမ်နှင့်ဆိုလျှင် ဒတ်ချ်တို့သည် နှစ်ကြိမ်မြောက် ကျူးကျော်ရန်စ တိုက်ခိုက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ဘက်မှ အနည်းငယ်သာ ပြန်ပြီးခုခံတိုက်ခိုက်နိုင်ခဲ့သည်။ စီမံချက်အရ TNI တပ်ဖွဲ့သည် တိုက်ပွဲမစမီကတည်းက မြို့ကိုစွန့်ခွာသွားရန် ဖြစ်သည်။ ကျွန်တော်တို့ ကွပ်ကဲအုပ်ချုပ်နေရသည့် ယိုဂျာရှိတပ်သည် KMK (Komando Militer Kota) တပ် ဖြစ်သည်။ တပ်အရာရှိမှာ ဒုတိယဗိုလ်မှူးကြီး လာတစ်ဟန်ဒရာနင်ဂရက်ဖြစ်သည်။ သူသည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ဂျာကာတာ၌ အင်ဒိုနီး

www.foreverspace.com.mm



ရှားနိုင်ငံ လွတ်လပ်ရေးကြေညာသည့်နေ့တွင် အထိမ်းအမှတ် အဖြူနှင့် အနီရောင် နိုင်ငံတော်အလံကို လွှင့်တင်ခဲ့သူဖြစ်သည်။

မြို့ထဲတွင် ဖြစ်ပျက်နေသမျှ ကျွန်တော် ဘာမှ အရေးယူဆောင်ရွက်နိုင်စွမ်း မရှိ။ တပ်မှူးကြီးတစ်ယောက်အနေဖြင့် ယိုဂျာကာတာမြို့ပြင်ပတွင်သာ ကာကွယ်ရေးအတွက်ဆောင်ရွက်နေရသည်။ ခြေလျင်တပ်ရင်းတစ်ခုသာ မြို့ထဲတွင် အကန့်အသတ်ဖြင့် ထားခွင့်ရှိသည်။ သမ္မတစောင့်တပ်သဘောလောက်သာ ထားခွင့်ပြုခြင်းဖြစ်သည်။ ဒတ်ချ်တွေက မာဂူပိုမှ မြို့တော်ယိုဂျာကာတာသို့ ချီတက်လာကြသည်။ ခုခံတိုက်ခိုက်မည့်တပ်ဆို၍ ကျွန်တော့်တပ်မှလွဲပြီး မရှိသလောက်ဖြစ်သည်။

တပ်မရှိဘဲ တပ်မှူးကြီးလုပ်နေရသည့်ဘဝကို စဉ်းစားမိပြီး အတော်လေးခံပြင်းနေမိသည်။ အမိန့်အရ အစိုးရသည် မြို့မှ ထွက်သွားနိုင်သည်။ ခြေလျင်တပ်ဖြင့် တိုက်မည်ဆိုလျှင် ကျွန်တော်တို့တွင် မနိုင်စရာအကြောင်းမရှိ။ နယ်မြေက ကျွန်တော်တို့ ကျွမ်းကျင်ပြီးဖြစ်သည်။

သို့သော် ပတ်ဒါမန်းသည် မြို့တော်မှ ဘေးကင်းရာသို့ စွန့်ခွာသွားရန် ဆန္ဒရှိနေသည်။ သူက ကျန်းမာရေးမကောင်း။ အဆုတ်တွင် ဝေဒနာခံစားနေရသည်။ ဘန်ကာနိုနှင့် ဘန်ဟတ်တာတို့က မြို့တော်တွင် ဆက်နေရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့နှစ်ယောက်ကို နောက်ပိုင်းတွင် ဖမ်းမိသွားပြီး ဆုမားတြားကျွန်းရှိ ပရာပတ်သို့ ပို့လိုက်သည်။ တိုက်ခိုက်ရန် နှစ်နေရာသာကျန်တော့သည်။ ကီဝပ်တံတားအနီးရှိ ထောက်လှမ်းရေးတပ်ဖြစ်သည့် KP–၅ နှင့် ကျွန်တော့်တပ်ရင်းဌာနချုပ်နေရာတို့ကို ဖြစ်သည်။

ပတ်ဒါမန်း၏တပ်သည် သူ့ကို အကာအကွယ်ပေးထားရန် လိုအပ်သည်။ စစ်ရဲတွေကို နှစ်ဖွဲ့ခွဲလိုက်သည်။ တစ်ဖွဲ့က ပတ်ဒါမန်းကို ကာကွယ်ပေးရန်ဖြစ်ပြီး နောက်တစ်ဖွဲ့က သမ္မတနှင့် ဒုသမ္မတကို အကာအကွယ်ပေးရန် ဖြစ်သည်။ စစ်တက္ကသိုလ်တွင် တပ်ရင်းတစ်ခုကျန်သေးသည်။ သို့သော် သင်တန်းသားသစ်လေးတွေဖြစ်နေသဖြင့် တိုက်ပွဲလွှတ်ရန် မဖြစ်နိုင်ပေ။

ကျွန်တော်တို့က ဆန်တူးတောင်ပိုင်းတွင်ရောက်နေသည့် ဒတ်ချ်တပ်နှင့် အပြန်အလှန်ပစ်ခတ်ကြရလျှင် ညနေ ၂ နာရီ ၃ နာရီလောက်အထိ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သေးသည်။ ယိုဂျာရှိပြည်သူတို့အနေဖြင့် ရန်သူတပ်များ မြို့တွင်းသို့ အလွယ်တကူ ဝင်ရောက်လာနိုင်သည်ကိုကြည့်ပြီး စိတ်ပျက်အားငယ်မှုတွေ ဖြစ်မသွားစေရန် အရေးကြီးသည်။ သူတို့က ကျွန်တော်တို့တွင် တပ်အင်အားမရှိမှန်းမသိ။ သို့ဖြစ်ရာ ပါဝိုဂျိုမှ အနောက်ပိုင်းသို့ပြောင်းရွှေ့ကုန်ကြသည်။ ဖြစ်နိုင်လျှင် ကျွန်တော်တို့က ရန်သူကို ချက်ချင်း လက်တုံ့ပြန်တိုက်ခိုက်လိုသည်။

ယိုဂျာသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏မြို့တော် ဖြစ်သည်။ မြို့တော်အတွင်း တစ်ခုခုဖြစ်လိုက်ပြီဆိုသည်နှင့် ထိုသတင်းက တော်လှန်ရေးအတွက် တိုက်ပွဲဝင်နေကြသည့် အခြားနယ်မြေများသို့ ရောက်ပြီး စိတ်ဓာတ်ကျသွားနိုင်သည်။ ထိုသတင်းသည် ကမ္ဘာသို့လည်း ပျံ့သွားနိုင်သေးသည်။

မြို့တော်၏ အရှေ့တောင်ပိုင်း ချူထရန် ဆင်ခြေဖုံးအရပ်တွင် ဒတ်ချ်တွေနှင့် အပြန်အလှန်စတင်ပစ်ကုန်ပြီဟု သတင်းကြားလိုက်ရသည်။ ကျွန်တော် ပါဝိုဂျိုရှိ စစ်မြေပြင်အုပ်ချုပ်ရေးအရာရှိ ဗိုလ်ကြီး ဝီဒိုဒို

www.foreverspace.com.mm



နှင့်သွားတွေ့သည်။ ယိုဂျာကို ရန်သူတပ်တွေဝင်ရောက်နေပြီဖြစ်ကြောင်း သူ့တပ်ရင်းမှူးထံ ချက်ချင်း သတင်းပို့ခိုင်းလိုက်သည်။

“တပ်တွေအားလုံး ယိုဂျာကိုလာစုပါ။ မြို့တောင်ပိုင်းမှာ တပ်စွဲမယ်။ မြို့တော်ကို ကာကွယ်ဖို့ အထွေထွေထိုးစစ်တွေ လုပ်မယ်ဆိုရင် ငါ့အမိန့်ကိုစောင့်” ဟု ကျွန်တော်က သူ့ကို ပြောလိုက်သည်။ သေချာစေရန် “ငါ့အမိန့်ကိုစောင့်ပါ” ဟု ထပ်ပြောလိုက်ရသေးသည်။

ဝီဒိုဒိုထွက်သွားသည့်အခါတွင် ညိုသိုသို့ ကျွန်တော်ထွက်သွားသည်။ ဆီဂိုရိုယိုဆို ကျေးရွာအနီးရှိ ညိုသိုတပ်ကို အိုပတ်မြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ရန် အမိန့်ပေးလိုက်သည်။ ယိုဂျာမြို့ပတ်လည်တွင် တပ်တွေကို အချိန်မရွေး စုစည်းနိုင်ရန် ဖြန့်ထားလိုက်ခြင်းဖြစ်သည်။

ထိုနေ့ညတွင် အနောက်ဘက်ရှိ တပ်တွေကို သွားပြီးစုစည်းရပြန်သည်။ ဗိုလ်မှူးဗန်ဂျီစုမူရယ်က ထိုအရပ်တွင် တာဝန်ကျနေသည်။ သူ့ကို အနောက်ပိုင်းရှိတပ်များကိုအုပ်ချုပ်ရန် တာဝန်ပေးလိုက်သည်။ ထိုဒေသအတွင်းရှိတပ်များကို စုစည်းထားရန် သူ့တာဝန်ဖြစ်သည်။ အနောက်ဘက်တွင် ထောက်လှမ်းရေးတပ်က မြေပြင်အနေအထားကို လေ့လာနေသည်။ ရန်သူကို ပြောက်ကျားစစ်ဖြင့်တိုက်ရန် ဖြစ်သည်။ ချုံခိုတိုက်ခိုက်ရန်အတွက်ပါ တပ်တွေကို ပြင်ဆင်ပေးထားသည်။ အားလုံးကို ကျွန်တော့်အမိန့်ဖြင့် လိုက်လုပ်နေခြင်းဖြစ်သည်။ ဝီဒိုဒိုကဲ့သို့ပင် စုမူရယ်ကိုလည်း ကျွန်တော့်အမိန့်ကိုစောင့်ရန် သေသေချာချာပြောခဲ့ရသည်။

ပြီးလျှင် မြောက်ပိုင်းသို့ ကျွန်တော်ဆက်ထွက်ခဲ့ပြန်သည်။ ဗိုလ်မှူးကြီး ဂျာတီကူဆူမိုလက်အောက်တွင် စစ်တက္ကသိုလ်တပ်ရင်းကရှိနေသည်။ သူက ကျွန်တော့်ထက် ရာထူးအားဖြင့်ပိုမြင့်သည်။ သို့ဖြစ်ရာ မြောက်ပိုင်းရှိ သူ့လက်ထောက်တပ်ရင်းမှူး ဗိုလ်မှူးကာစ်နိုထံသွားကာ တပ်များကို စုစည်းထားရန် အမိန့်ပေးရသည်။ သူက တပ်များကို စုစည်းနိုင်ရန် မြောက်ပိုင်းသို့ ဆုတ်လိုက်သည်။

မြောက်ပိုင်းတွင် သာမန်တိုက်ပွဲလေးတွေ စတင်ဖြစ်ပွားခဲ့သည်။ တပ်များအားလုံး မြေပြင်အနေအထားနှင့် အကျွမ်းဝင်သွားပြီး အထွေထွေထိုးစစ်ကြီးကို ဆင်နွှဲနိုင်ရန်အတွက် အသင့်အနေအထားကိုဖြစ်စေသည်။

ကျွန်တော် အရှေ့ဘက်သို့ ထွက်ခဲ့ပြန်သည်။ ဗိုလ်မှူး ဆိုဂျိုနိုကို ကျွန်တော့်တပ်၏ အုပ်ချုပ်သူအရာရှိအဖြစ် ခန့်အပ်လိုက်ပြီး အရှေ့ပိုင်းကို ကြီးကြပ်ကွပ်ကဲစေသည်။ သူ့ကိုလည်း ကျွန်တော့်အမိန့်ကို စောင့်ရန်ပြောခဲ့ပြီး တောင်ပိုင်းသို့ ပြန်ခဲ့သည်။



www.foreverspace.com.mm



ဆိုဂျိုနို၏တပ်ရင်း ပူဝိုဂျိုမှအရောက်တွင် ကျွန်တော့် စီစဉ်မှုတွေအားလုံး ပြီးဆုံးသွားပြီဟုဆိုနိုင်သည်။ ကျွန်တော်တို့တပ်မရှိသည့်နေရာဆို၍ မြို့တော်အတွင်း၌သာ ရှိတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်တပ်လည်း မြို့တွင်း၌ မရှိတော့သောကြောင့် ဖြစ်သည်။ ကျွန်တော်က ယိုဂျာမြို့ကို ဗိုလ်ကြီးမာဆူဒီနှင့် သူ့လက်ထောက်အဖြစ် ဗိုလ်ကြီးအမီမာတိုနိုတို့လက်အောက်တွင်ထားရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်က ချက်ချင်း အားသွန်ပြီးတိုက်ခိုက်ရန် စီမံလိုက်သည်။ ကျွန်တော့်ရည်ရွယ်ချက်က မြို့တော်ကို သိမ်းပိုက်ရန်မဟုတ်ပေ။ မြို့သူမြို့သားများနှင့် ဒတ်ချ်တို့ကို TNI တပ်ကြီးသည် အားကိုးအားထားပြုစရာအဖြစ် မြင်သွားစေရန်ဖြစ်သည်။ ၃၀ ရက်နေ့ ဒီဇင်ဘာညတွင် ကျွန်တော်တို့ ထိုးစစ်ဖြင့်စတင်လိုက်သည်။ အချို့က ကျွန်တော်တို့ရှုံးမည်ဟု ထင်နေကြသည်။ အဖြစ်မှန်ကို သူတို့မသိသဖြင့် ပြောခြင်းဖြစ်မည်။

ဒတ်ချ်တို့က ကြားဖြတ်တိုက်ခိုက်မှုကို ကျွန်တော်တို့ခံလိုက်ရသေးသည်။ ထိုနေ့တွင် ရန်သူတပ်က ယိုဂျာမှ အနောက်ဘက်တို့ တပ်ပြောင်းနေချိန်နှင့် ကြုံကြိုက်နေသည်။ နောက်တစ်နေ့တွင် ဒတ်ချ်တပ်သည် မြောက်ပိုင်း ဘန်တူးမှ ပြောင်းရွှေ့သွားပြန်သည်။ ကျွန်တော် ထောင်ချောက်အတွင်း ကျလုလု ဖြစ်သွားသည်။ သို့သော် ဘုရားကျေးဇူးဖြင့် လွတ်မြောက်သွားခဲ့ရသည်။

ကျွန်တော်က တပ်အားလုံးကို မိမိတို့နယ်မြေအတွင်း ဝင်ရောက်စီးနင်း တိုက်ခိုက်သိမ်းပိုက်ထားရန် အမိန့်ပေးလိုက်သည်။ ပြောက်ကျားစစ်နှင့် ချုံခိုတိုက်ခိုက်မှုများသည် ကျွန်တော်တို့တိုက်ပွဲစဉ်အတွင်း များစွာ လိုအပ်နေသည်။

ပြောက်ကျားတိုက်ပွဲများတွင် ရှုံး၍မဖြစ်။ သူတို့ဦးတည်ချက်က မြို့သိမ်းရန်မဟုတ်။ မြို့သိမ်းရေးအတွက် အထောက်အကူပေးရန်သာဖြစ်သည်။ ရန်သူကို အားနည်းသွားစေရန် ဝင်ရောက်တိုက်ခိုက်ပေးရမည် ဖြစ်သည်။

နောက်ထပ် တိုက်ပွဲကြီးတစ်ပွဲ ၁၀ ရက်အကြာတွင် ထပ်မံဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလလယ်တွင် တတိယတစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် စတုတ္ထတစ်ကြိမ်ထပ်မံဖြစ်ပွားခဲ့သည်။ တတိယမြောက်တိုက်ပွဲတွင် မြို့စောင့်တပ်ကို ဖွဲ့စည်းပေးပြီး ဗိုလ်ကြီး မာဆူဒီကို တပ်မှူးအဖြစ်ခန့်အပ်ပေးလိုက်သည်။ တိုက်ပွဲဝင်တပ်အားလုံးသည် ပြောက်ကျားစစ်ဖြင့် ညဘက်တွင်သာ ဝင်ရောက်တိုက်ခိုက်စီးနင်းကြသည်။

ထိုစဉ်တွင် နိုင်ငံရပ်ခြား ရေဒီယိုများမှ ဘာတွေအသံလွှင့်နေသနည်းဆိုသည်ကို ဆက်သွယ်ရေးအရာရှိထံမှတစ်ဆင့် ပြန်ပြီးသတင်းပို့ခိုင်းရသေးသည်။ ကုလသမဂ္ဂတွင် အင်ဒိုနီးရှားအကြောင်း အချေအတင်ဆွေးနွေးနေကြပြီဟုဆိုသည်။ ဒတ်ချ်တွေက သူတို့အခေါ် ‘ရဲအရေးယူမှု’ များသည် အောင်မြင်နေပြီဖြစ်ကြောင်း ပြောကြသည်။ ယိုဂျာကို သိမ်းပိုက်ထားပြီး ဒတ်ချ်တို့၏စီမံအုပ်ချုပ်မှုအောက်တွင် အားလုံး အဆင်ပြေချောမွေ့နေပြီဟုဆိုသည်။ TNI တပ်သည် ရပ်တည်နိုင်စွမ်းမရှိတော့ကြောင်း၊ အစွန်းရောက်ဝါဒီများ မြို့တော်ကို အပြီးတိုင် စွန့်ခွာသွားကြပြီဖြစ်ကြောင်း သူတို့က ထုတ်လွှင့်နေကြသည်။ ကျွန်တော်က ထိုပြောဆိုချက်များကိုကြားပြီး အတော်လေး ဒေါသထွက်သွားမိသည်။ မြို့တော်ကို ကျွန်တော်တို့ လေးကြိမ်တိုင်အောင် တိုက်ခိုက်ခဲ့ကြရသည်။ သို့တိုင်အောင် အရှက်မရှိသူတို့ပြောင်ကျကျ လိမ်လည်ပြောဆိုဝံ့ကြသည်။

www.foreverspace.com.mm

ကျွန်တော့်အတွေးထဲတွင် မေးခွန်းတစ်ခု ဖြတ်ခနဲဝင်လာသည်။ "ပါလာကို ကျွန်တော်တို့ မည်သို့ကူညီကြမည်နည်း။ သူ့ကို ကျွန်တော်တို့က ကုလသမဂ္ဂသို့ လွှတ်ထားသည်။ ဒတ်ချ်တို့ မဟုတ်မမှန် လုပ်ကြံပြောဆိုနေမှုများကို မည်သို့ချေဖျက်နိုင်မည်နည်း"။ နောက်တစ်ဆင့်တက်သည့် အနေဖြင့် မြို့တော်အတွင်း နေ့ခင်းအချိန် ဖြောင်ကျကျတိုက်ခိုက်ပြရန်သာဖြစ်သည်။ သို့မှသာ ဒတ်ချ်တို့၏ လိမ်လည်မှုကို လူသိရှင်ကြားဖြစ်စေနိုင်လိမ့်မည်။

TNI တပ်အတွင်း တပ်မှူးကြီးများ အချင်းချင်း အဆက်အသွယ်တွေလည်း မရှိ။ ပတ်ဒါမန်းက အရှေ့ဂျာဗားတွင် ရောက်နေသည်။ ပါစီတန် သို့မဟုတ် ဆိုဘိုရွာတွင် ဖြစ်မည်။ ကျွန်တော်တို့အားလုံး ဆုံတွေ့ရန် လိုနေသည်။

Wehrkreise စနစ်ကို ကျွန်တော်တို့ လက်ခံသဘောတူခဲ့ပြီးဖြစ်သဖြင့် တပ်မှူးများသည် အခြေအနေအချိန်အခါအရ သင့်လျော်မည်ထင်လျှင် လုပ်ပိုင်ခွင့်များကို ပေးထားပြီးဖြစ်သည်။ ကျွန်တော်က လက်ဦးစီးနင်းတိုက်ခိုက်မှုများကို ဖေဖော်ဝါရီလယ်တွင်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ဒတ်ချ်တွေကို မြို့ပြင်သို့ ထွက်သွားစေချင်၍ဖြစ်သည်။ သို့ဖြစ်ရာ မြို့တော်ကို ကျွန်တော်တို့ မတိုက်ခိုက်ဟူသည့်သဘောမျိုးဖြင့် သူတို့ကို လမ်းကြောင်းလွှဲပေးရန် လိုသည်။

ကျွန်တော်က အထွေထွေထိုးစစ်ကို ဆင်နွှဲရန်အတွက် တပ်အားလုံးပြင်ဆင်ထားရန် အမိန့်ပေးလိုက်သည်။ သတ်မှတ်ရက်က မတ်လ ၁ ရက်နေ့နံနက်ခင်း ဖြစ်သည်။ တပ်အားလုံးကို သက်သေခံအထိမ်းအမှတ်အဖြစ် အဝါရောင်အုန်းရွက်များကို ထိုးလာရန် ညွှန်ကြားထားသည်။ မြို့ကို တိုက်ခိုက်သိမ်းပိုက်ရန်မဟုတ်၊ မြို့ကိုကာကွယ်ပေးရန်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပြောက်ကျားစစ်ဆင်ရေးဖြင့် တိုက်ခိုက်ရန် အမိန့်ပေးထားရသည်။ ခံစစ်ဖြင့်တိုက်ခိုက်ရမည်ဖြစ်သဖြင့် အသက်ပေါင်းများစွာ ရင်းရမလို ဖြစ်နေသည်။ ရန်သူတပ်ကလည်း ပစ်ခတ်အား သာလွန်ကောင်းမွန်သည်။ ကျွန်တော်တို့တိုက်ခိုက်မှုက နိုင်ငံရေးအရလည်း အမြတ်ထွက်ရန် ဖြစ်သည်။ TNI တပ်မတော်သည် ခုခံချေမှုန်းရေးတိုက်ပွဲများကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ကမ္ဘာသို့ ပြချင်တာလည်း ပါသည်။

ထိုစဉ်တွင် အငိုက်ဖမ်းတိုက်ခိုက်နိုင်ရန် အရေးကြီးသည်။ အောင်ပွဲတစ်ခုခုရရှိရန်မှာ ကျွန်တော်တို့အတွက် သေရေးရှင်ရေးဖြစ်နေသည်။ ကျွန်တော်တို့ စီမံချက်တွေ အခိုင်အမာချကာ ကြိုတင်ပြင်ဆင်ပြီး စနစ်တကျတိုက်ခိုက်ရန်လိုသည်။

ကျွန်တော်က အနောက်ပိုင်းတပ်ကို ဦးဆောင်လိုက်သည်။ မြို့တွင်းသို့ ကွန်ဆန်မှတစ်ဆင့်ဝင်ပြီး ပါသွတ်သို့ချီတက်ရန် ဖြစ်သည်။ ဤစီမံချက်သည် လျှို့ဝှက်အဆင့်ဖြစ်သည်။ အမှားအယွင်း အတိမ်းအစောင်းမခံ၊ မပေါက်ကြားရန် စီစဉ်ထားရသည်။

စိတ်ဖိစီးမှုပေါင်းများစွာနှင့် ကြုံတွေ့နေရချိန်တွင် သတင်းကောင်းတစ်ခုကြားလိုက်ရသည်။ မြို့တော်အတွင်း နေထိုင်နေသည့် ကျွန်တော့်ဇနီးက ပထမဦးဆုံးသမီးလေးကို ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ သမီးလေးကို စီတီဟာဒီဂျန်တီဟာ့စ်တူတီ (တူတွတ်) ဟု အမည်ပေးလိုက်သည်။ သမီးဦးလေးက ကျွန်တော့်တိုက်ခိုက်ရေးစိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သည်။ သို့သော် သမီးကို သွားမကြည့်နိုင်သေး။ အချိန်တော့ သည်းခံစောင့်ရလိမ့်ဦးမည်။

**ပတ်ဒါမန်း၏တပ်သည် သူ့ကို အကာအကွယ်ပေးထားရန် လိုအပ်သည်။ စစ်ရဲတွေကို နှစ်ဖွဲ့ခွဲလိုက်သည်။ တစ်ဖွဲ့က ပတ်ဒါမန်းကို ကာကွယ်ပေးရန်ဖြစ်ပြီးနောက် တစ်ဖွဲ့က သမ္မတနှင့် ဒုသမ္မတကိုအကာအကွယ်ပေးရန် ဖြစ်သည်။ စစ်တက္ကသိုလ်တွင် တပ်ရင်းတစ်ခု ကျန်သေးသည်။ သို့သော် သင်တန်းသားသစ်လေးတွေဖြစ်နေသဖြင့် တိုက်ပွဲလွှတ်ရန် မဖြစ်နိုင်ပေ။**

အချက်ပေးဥသြသံက ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နေဝင်မီးငြိမ်းအမိန့် (ကာဖျူးအမိန့်) အချိန် ကျော်လွန်သွားပြီဖြစ်ကြောင်းဖော်ပြနေသည်။ ကျွန်တော်တို့ တစ်ပြိုင်တည်း သေနတ်တွေပစ်ခတ်ပြီး တိုက်ပွဲကို စတင်လိုက်ကြသည်။ မည်သူမျှ ထိတ်လန့်တုန်လှုပ်ခြင်းမရှိကြ။ မတ်လ ၁ ရက်နေ့ကတည်းက တိုက်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သည်။ ကာဖျူးဥသြသံဆုံးသည်နှင့် တိုက်ပွဲကိုစတင်ရန် ကျွန်တော်တို့ စီစဉ်ခဲ့ပြီး ဖြစ်သည်။

နောက်ပိုင်းမှ သိရသည်မှာ ဗိုလ်ကြီးကိုမာရူဒင်သည် အတွက်မှားသွားသည်။ ဒတ်ချ်တို့က ကျွန်တော်တို့ အထွေထွေထိုးစစ်ကြီးကို ဖေဖော်ဝါရီ ၂၈ ရက်နေ့ကျော်လောက်မှ တိုက်ခိုက်လိမ့်မည်ဟု ထင်ထားကြသည်။ ကျွန်တော်စိုးရိမ်သည်မှာ ဒတ်ချ်တို့က လက်တုံ့ပြန်သည့်အနေဖြင့် လူနေအိမ်များကို ဒတ်ချ်တို့ ပစ်ခတ်လိုက်မှာဖြစ်သည်။ ဒတ်ချ်တွေက မြို့ထဲတွင်ဝင်ရှာပြီး အပြစ်မဲ့ပြည်သူတွေကို သတ်နိုင်သည်။ ထိုပြဿနာတွေကင်းပြီး အဆုံးသတ်သွားစေချင်သည်။

အထွေထွေထိုးစစ်ကြီးသည် အမြန်ပြီးဆုံးသွားသည်။ ကျေးရွာများဘက်သို့ ဒတ်ချ်တပ်အာရုံစိုက်စေရန် လမ်းကြောင်းပြောင်းပေးပြီးသားဖြစ်နေသဖြင့် ကျေးရွာများမှ ပြည်သူတို့ကို နှိပ်စက်မည်သာ စိုးရိမ်စရာ ရှိသည်။ ကျွန်တော့်အစီအမံတွေ အောင်မြင်သွားပြီဟု ဆိုရမည်။

အတိအကျဆိုရလျှင် ၁၉၄၉ ခုနှစ် မတ်လ ၁ ရက်နေ့ နံနက် ၆ နာရီတိတိတွင် ဥသြသံကြားလိုက်ရပြီးနောက် တစ်ဦးချင်း ထွက်ကာ တစ်မြို့လုံး သေနတ်သံများကြား

www.foreverspace.com.mm



ရန်ပစ်ခတ်ကြရမည်ဖြစ်သည်။ ဘက်ပေါင်းစုံမှ မြို့တွင်းသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်စီးနင်းရမည်ဖြစ်သည်။ ညနေမတိုင်မီ ယိုဂျာကို စီးနင်းသိမ်းပိုက်ပြီး ဖြစ်နေရမည်။

ဒတ်ချ်တွေ အတော်လေးတုန်လှုပ်သွားကြသည်။ ဗိုလ်မှူးကြီး ဗန်လန်ဂျန်သည် ဘက်ပေါင်းစုံမှ တပ်တွေဝင်ရောက်တိုက်ခိုက်သံကြားမှနိုးလာသည်ဟု ဆိုသည်။ အချိန်အနည်းငယ်အတွင်း ကျွန်တော်တို့ တစ်မြို့လုံးကို သိမ်းပိုက်မိသည်။ တစ်မြို့လုံး အဖြူနှင့်အနီရောင်အလံတွေ လွှမ်းသွားသည်။ မြို့သူမြို့သားတွေအားလုံး စိတ်ဓာတ်တွေတက်ကြွပြီး 'မာဒေးကား' 'လွတ်လပ်ပြီ' ဟူ၍ ကြွေးကြော်အော်ဟစ်ကြသည်။

ယိုဂျာကို နေ့ခင်းပိုင်းလောက်အထိသာ သိမ်းပိုက်ထားရန်ဖြစ်ပြီး မြို့ထဲတွင် တပ်စွဲထားရန် မရည်ရွယ်ထားပေ။ စုစုပေါင်း မြို့ကိုထိန်းသိမ်းထားချိန် ၆ နာရီသာကြာခဲ့သည်။ မြို့ကို သိမ်းပိုက်ထားနိုင်ခဲ့သည်ဆိုခြင်းက ကျွန်တော်တို့ စစ်ဆင်ရေးပြီးဆုံးပြီဟု ဆိုရမည်။

ရန်သူတပ်က ဆီမာရန်းမှ အပြင်းချီတက်ပြီးပြန်ရောက်လာချိန်တွင် ကျွန်တော့်တပ်တွေကို ပြန်ဆုတ်ပြီးသားဖြစ်နေသည်။ မြို့ကိုခေတ္တထိန်းသိမ်းလိုက်ခြင်းဖြင့် ပွဲကပြီးသွားသည်။

ကျွန်တော်တို့ အထွေထွေထိုးစစ်ကြီးဆင်နွှဲခဲ့ကြောင်းကို မတ်လ ၁ ရက်နေ့တွင် ဆုမာတြားကျွန်းမှတစ်ဆင့် နိုင်ငံရပ်ခြားအသံလွှင့်ဌာနများသို့ပို့ကာ အသံလွှင့်ကြေညာနိုင်ခဲ့သည်။ ထိုသတင်းကို မြန်မာနိုင်ငံနယ်ခြားမှတစ်ဆင့်လည်း ဒေလီသို့တစ်ဆင့်ပို့ကာ ကမ္ဘာသို့ကြေညာနိုင်ခဲ့သည်။ ထိုသတင်းသည် ကုလသမဂ္ဂဆွေးနွေးခန်းအတွင်းသို့ပါ ရောက်သွားခဲ့သည်။

ဒတ်ချ်တို့က ကျွန်တော်တို့သတင်းကို မည်သည့်နေရာကထုတ်လွှင့်သွားသည်၊ သတင်းမည်သို့ပေါက်ကြားသွားသည်ကို သိလိုသဖြင့် မတ်လ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် ဝိုနိုဆာရီကို အပြင်းအထန် ထိုးစစ်ဆင်ကြသည်။ ကျွန်တော်က အတော်လေး ရယ်ချင်မိသည်။ ကျွန်တော့်ပရိယာယ်တွင် သူတို့ အမိခံလိုက်ကြရသည်။ သူတို့ဝင်ရောက်တိုက်ခိုက်သည်ဆိုသော်လည်း ပြည်သူတွေကို ကျွန်တော်တို့က လွတ်ရာသို့ ပြောင်းရွှေ့ပေးပြီးသား ဖြစ်နေသည်။

ဒတ်ချ်တို့ကို အမြဲခေါင်းရှုပ်စေရန် လုပ်ရမည်ဆိုသော စီမံချက်ဖြင့် ကျွန်တော်က ဝီဒိုဒိုနှင့် ဒါဆိုနိုတပ်များတွင် ဦးဆောင်လိုက်သည်။ ဘန်တာ၊ ဆေမန်၊ ကာလီရမ်၊ ဝိုနိုဆရီမြို့များကို သိမ်းပိုက်နိုင်ရေးအတွက် ကျွန်တော်တို့ အနောက်ပိုင်းသို့ တပ်များကို ရွှေ့သွားကြသည်။ ဧပြီလ ၅ ရက်နေ့တွင် အီမိုဂီရီနှင့် ဆီဂိုရိုယိုဆိုသို့ပြန်လာကြသည်။ ဧပြီလ ၉ ရက်နေ့တွင် မြို့တော်အနီးရှိ ဘာဘီစ်သို့ ပြန်ရောက်လာကြသည်။

ဒုတိယအကြိမ် ဒတ်ချ်တို့၏ ကျူးကျော်မှုနှင့် ကျွန်တော်တို့ အထွေထွေထိုးစစ်ကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် ဒတ်ချ်တို့သည် ချက်ချင်းလက်တုံ့ပြန်တိုက်သည်ဆိုစေ အင်ဒိုနီးရှားသမ္မတနိုင်ငံအဖို့ အကျိုးအမြတ်တွေရခဲ့သည်သာ ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ရမ်ဗီးလ်သဘောတူညီချက်အရ အင်ဒိုနီးရှားခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲစရာတွေ ဖြစ်လာခဲ့သည်။ အထူးသဖြင့် PKI တို့က မာဒီယမ်တွင် ပုန်ကန်ကြခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အခြားအရေးပါသည့်အချက်မှာ တပ်မတော်၏ခန်းကဏ္ဍဖြစ်သည်။ ပြည်သူတို့ တပ်မတော်ကို အသိအမှတ်ပြုလာကြရသည်။ ဂျာဗားကိုဗဟိုပြု၍ တိုင်းလေးတိုင်းခွဲခြားထားသည်ကို ဒီပုံဂိုရိုတိုင်းတစ်ခုတည်းသာ ယိုဂျာကာထဲတွင်ထည့်ပြီး တစ်တိုင်းတည်းပေါင်းစည်းနိုင်ခဲ့သည်။ တပ်မကြီးလေးခုကို တစ်တပ်တည်းပေါင်းစည်းလိုက်နိုင်ခြင်းလည်း ဖြစ်သည်။

အခြားအချက်တစ်ချက်မှာ အင်ဒိုနီးရှားနှင့်ဒတ်ချ်တို့ ဆွေးနွေးနေကြမှုတွင် အဖြေရှာမရ အချိန်ဆွဲနေကြသည်ကို မီးထိုးပေးလိုက်သလိုဖြစ်သွားစေသည်။ အင်ဒိုနီးရှားခေါင်းဆောင်များသည် ဒတ်ချ်တို့က သမ္မတနိုင်ငံကို မတိုက်ခိုက်နိုင်ဟု အကောင်းမြင်နေကြဆဲ ဖြစ်သည်။ သို့ဖြစ်ရာ စေ့စပ်ဆွေးနွေးမှုများကိုသာ အရှိန်မြှင့်လုပ်ဆောင်နေချင်ကြသည်။

အခြားတစ်ဖက်ကကြည့်လျှင် တပ်မတော်ခေါင်းဆောင်ပိုင်းက တွေ့ဆုံဆွေးနွေးခြင်းဆိုသည်မှာ ဒတ်ချ်တို့၏ နည်းဗျူဟာတစ်ရပ်ဖြစ်ပြီး သူတို့တပ်အင်အား တိုးချဲ့ခွင့်ရရန် အချိန်ဆွဲခြင်းဖြစ်သည်ဟု လက်ခံထားခဲ့ကြသည်။ သူတို့တွင် အင်အားတောင့်တင်းလာလျှင် နိုင်ငံတော်ကို ပြန်လည်ချေမှုန်းမည်သာဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်ခေါင်းဆောင်ပိုင်းအနေဖြင့် ပြောက်ကျားစစ်ဖြင့် ဒတ်ချ်တို့ကို ပြန်လည်ခုခံတိုက်ခိုက်ရန် ညွှန်ကြားခဲ့ကြခြင်းဖြစ်သည်။

၁၉၄၉ ခုနှစ် မတ်လ ၁ ရက်နေ့ အထွေထွေထိုးစစ်ကြီးသည် အင်ဒိုနီးရှားအမျိုးသားဆန့်ကျင်ရေး၏ ဗျူဟာမြောက်ကဏ္ဍတစ်ရပ်ဖြစ်သည်။ ဒတ်ချ်တို့ကို တိုင်းပြည်အတွင်းမှ မောင်းထုတ်ရန် စည်းလုံးညီညွတ်မိခြင်း Wehrkreise တတိယအဆင့်လည်းဖြစ်သည်။ ယခုအချိန်တွင် ထိုသမိုင်းဝင် သူရဲကောင်းမှတ်တမ်းကို ဖျောက်ဖျက်ရန်လည်း မဖြစ်နိုင်တော့ပေ။

အထွေထွေထိုးစစ်ကြီးသည် နိုင်ငံရေး၊ စစ်ရေးတို့ကိုသာမက စိတ်ဓာတ်ရေးရာအပိုင်းကိုပါ မြှင့်တင်ပေးလိုက်သလို ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ယိုဂျာကာတာသည် ထိုစဉ်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏မြို့တော်ဖြစ်နေပြီး ဗျူဟာမြောက်အရေးပါသည့် နေရာတစ်နေရာဖြစ်နေသောကြောင့်ဖြစ်သည်။

**တင်ညွန့်**

■

www.foreverspace.com.mm

ယခင်လမှအဆက်



ချီကာဂိုလေဆိပ်တွင်းရှိ Terminal တစ်ခု၏ အတွင်းပိုင်းမြင်ကွင်း

# UNGA ၊ G 20

# အရှေ့သွား အနောက်ရောက် (၇)

ရဲမင်းဦး

လေဆိပ်ကြီးအတွင်း လေယာဉ်များ ဆင်းသက်ရပ်နားရာ Terminal တစ်ခုနှင့် တစ်ခုကို မြေအောက်လူသွားလမ်းကြီးများနှင့် ဆက်သွယ်ထားသော ချီကာဂိုမြို့ အိုဟာရီနိုင်ငံတကာလေဆိပ်ကြီးကို ပုံစံဒီဇိုင်းတစ်မျိုးဖြင့် ခမ်းနားကြီးကျယ်စွာတည်ဆောက်ထားပုံမှာ အိပ်ချင်စိတ်မပြယ်ဖြစ်နေသည့် စာရေးသူကို မျက်ဝန်းကျယ်လာစေသည်။ ချီကာဂိုလေဆိပ်ရောက်မှ အမေရိကသို့ရောက်ကတည်းက မကြုံစဖူးအဖြစ် ကြုံရခြင်းကား ဤသို့။ လေဆိပ်တွင်းရှိ စတိုးဆိုင်တစ်ဆိုင်တွင် စာရေးသူသတင်းစာဝယ်သည်။ Chicago Tribune သတင်းစာ။ ကမ္ဘာသိသတင်းစာတစ်စောင် ဖြစ်သည်။ တန်ဖိုးနှစ်ဒေါ်လာ။ သတင်းစာ၏ အလေးချိန်မှာ ၆ဝ ကျပ်သားကျော် ရှိသည်။ ဆိုင်က ပစ္စည်းစုံရောင်းသည့်ဆိုင်။ ဆိုင်၏ ဝဲဘက်ခြမ်းငွေချေကောင်တာကို ထောင်ထောင်မောင်းမောင်း ခန့်ခန့်ထည်ထည် Black အမျိုးသားလူလတ်ပိုင်းတစ်ဦးက တာဝန်ယူသည်။ ညာဘက်ခြမ်းကောင်တာတွင် ထွားထွားကျိုင်းကျိုင်း White အမျိုးသမီးတစ်ဦးရှိ၏။ ဈေးဝယ်သူများသည် မိမိဝယ်သည့်ပစ္စည်းထားရာနေရာနှင့် နီးစပ်ရာကောင်တာတွင် ပစ္စည်းတန်ဖိုးပေးချေရန် ဈေးဝယ်သူများ တန်းစီကြရသည်။ သတင်းစာများ၊ စာအုပ်များထားရှိရာ နေရာနှင့်

www.foreverspace.com.mm

နေသည့် အမျိုးသမီးတာဝန်ယူရာ ကောင်တာ၌ ငွေရှင်းရန်စာရေးသူဝင်တန်းစီသည်။ အတိုအထွာဝယ်ကြခြင်းသာဖြစ်၍ တန်းစီရချိန်သိပ်မကြာ၊ စာရေးသူအလှည့်ရောက်လာသည်။

သတင်းစာတန်ဖိုးနှစ်ဒေါ်လာ။ စာရေးသူ ငါးဒေါ်လာတန်တစ်ရွက် ပေးလိုက်သည်။ ဝယ်ယူပစ္စည်းကိုပါပြလိုက်သည်။ အမျိုးသမီးဘာလုပ်သည်ထင်ပါသနည်း။ စာရေးသူကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ငါးဒေါ်လာတန်ကို ဖင်ပြန်ခေါင်းပြန်စစ်ဆေးတော့သည်။ ကျကျနနစစ်ဆေးနေခြင်းဖြစ်၍ စာရေးသူ အံ့အားသင့်သွားသည်။ စာရေးသူပေးသည့်ငွေစက္ကူကို အတုဖြစ်နေမည်လောဟု သံသယရှိပုံရသည်။ စာရေးသူရှေ့က ဈေးဝယ်သူများ ပေးသွားသည့်ငွေစက္ကူများကို သံသယမရှိလက်ခံယူခဲ့ပြီး ငါးဒေါ်လာတန်တစ်ရွက်ကို ပယ်ပယ်နယ်နယ်စစ်ဆေးနေခြင်းကို ကြည့်၍ စာရေးသူ 'ရယ်' ချင်သလိုဖြစ်သွားပြီး 'Don't Worry about that' ဟု လှမ်းပြောလိုက်သည်။ မချောကြီးကိုကြည့်၍ စာရေးသူ၏နောက်တွင်ရပ်နေသော အမျိုးသမီးကြီးတစ်ဦးက 'ခွီ' ခနဲ တစ်ချက်ရယ်သည်။ မချောကြီးက စာရေးသူကို တစ်ဒေါ်လာတန် အကြွေစေ့သုံးစေ့ ပြန်အမ်းသည်။ စာရေးသူ၏နောက်တွင်ရပ်နေသောအမျိုးသမီးကြီးက အကြွေစေ့များကို မေးငေါ့ပြရင်း စာရေးသူကို Keep it ဟု ပြောသည်။ Thank you ဟု ပြန်ပြောလိုက်ပြီး စာရေးသူလည်းစောင့်နေသော ခရီးဖော်နှစ်ဦးနှင့်အတူ Terminal 1 အတွင်း ဟိုငေးသည်ငေးလျှောက်သည်။ ချီကာဂိုလေဆိပ်မှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်သို့ ၁၃ နာရီကြာ လေယာဉ်ဆက်စီးရမည့် စာရေးသူတို့မှာ ချီကာဂိုလေဆိပ်၌ နောက်ထပ်ငါးနာရီကြာ စောင့်ဆိုင်းကြရဦးမည်ဖြစ်၍ လေဆိပ်အပြင်သို့ ခဏထွက်ကြည့်လေ့လာရန်စာရေးသူဆုံး ဖြတ်လိုက်သည်။ ဆေးလိပ်အရမ်းသောက်ချင်နေ၍လည်းဖြစ်သည်။ ခရီးသွားဖော်နှစ်ဦးထံ ခွင့်ပန်ပြီးနောက် စာရေးသူ လေဆိပ်အပြင်ဘက်ရောက်လာသည်။ လေဆိပ်အပြင်ဘက်ရောက်လျှင်ရောက်ချင်း အနီးဆုံးအုတ်တိုင်ကြီးတစ်လုံးနောက်ကွယ်သို့ စာရေးသူပြေးကပ်လိုက်ရသည်။ ချီကာဂို 'လေ' ကြောင့်ပင်တည်း။ နွေဦးတဟုပင်ဆိုသော်ငြားတိုက်နေသည့်လေနအေးများက ကျောစိမ့်အောင်အေးနေသည်။ ပတ်ဝန်းကျင်ရှိလူများမှာလည်း 'အေး' ကြပုံပေါ်သည်။ Yellow Cab တက္ကစီကားများမှ ဆရာများက တိုင်ကွယ်ပြီး တစ်ပတ်လည်ချောင်းကြည့်နေသော စာရေးသူကို လှမ်းအကဲခတ်သည်။ စာရေးသူနာရီကြည့်လိုက်သည်။ အချိန်ရသေး၍ လေဆိပ်အပြင်ဘက်ဝန်းကျင်တွင် 'အေးစိမ့်နေမှု' ကို အလေးမထားဘဲ နာရီဝက်ခန့် လမ်းသလားသည်။ အမှန်က တက္ကစီတစ်စင်းပေါ်တက်ပြီး ချီကာဂိုမြို့ဝန်းကျင်ကို ကားပေါ်မှ လေ့



ပစ္စဘတ်မြို့ရှိ အမေရိကန်အကြမ်းဖက်နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်အချို့



United Airlines မှ လေယာဉ်တစ်စင်း နာရီတာလေဆိပ်၌ ရပ်နားထားစဉ်

www.foreverspace.com.mm

လာလိုသည်။ 'အိတ်ထဲရှိသမျှ လျှော့နည်းကုန်လျှင် မခက်လော'၊ 'ယာဉ်ကြောပိတ်ဆို့မှုကြုံနေလျှင် မခက်လော'၊ 'လေဆိပ်တွင်းရှိ ခရီးဖော်နှစ်ဦး စိတ်ပူနေလျှင် မခက်လော' စသည်ဖြင့် ချိန်ဆမိပြီး ခြေလှမ်းမကျဲခဲ့မိခြင်းဖြစ်၏။ လေဆိပ်တွင်းပြန်ဝင်သည်။ ခရီးဖော်နှစ်ဦးထံ ပြန်သွားသည်။

လူ့သဘာဝက အချိန်အခါ အခြေအနေအရ 'ယောင်' နေရပြီဆိုလျှင် 'ရေဆာသည်၊ ဗိုက်နာသည်၊ ဇက်ကြောတက်သည်' စသည့်ကိစ္စများပိုကြုံလာတတ်သည်။ ယခုလည်း ဟိုလျှောက်သည်လျှောက်ဖြင့် စာရေးသူ ရေဆာလာသည်။ သတင်းစာဝယ်ခဲ့ရာဆိုင်သို့ စာရေးသူ ရောက်သွားပြန်သည်။ ရေတစ်ပုလင်းဝယ်သည်။ မချောကြီးတာဝန်ယူနေရာကောင်တာ၌ပင် ငွေရှင်းရန် တန်းစီသည်။ စာရေးသူအလှည့်ရောက်တော့ တစ်ရာတန်တစ်ရွက်ပေးလိုက်သည်။ စာရေးသူ၏ပေးငွေကို ဖင်ပြန်ခေါင်းပြန်စစ်ပြန်သည်။ စာရေးသူအနည်းငယ် 'တင်း' သွားသည်။ ဘာမှတော့မပြောဖြစ်။ သို့သော် ပြောစရာကားဖြစ်လာလေသည်။ မချောကြီးက စာရေးသူကို အလွန်နွမ်းသည့် ပြန်အမ်းငွေစက္ကူများပေး၍ ဖြစ်၏။ စာရေးသူ စိတ်ထိန်းလိုက်သည်။ ယင်းစတိုးဆိုင်နှင့် မျက်စောင်းထိုးနေရာတွင်ရှိသော ငွေလဲကောင်တာသို့ စာရေးသူ လျှောက်သွားသည်။ ငွေလဲကောင်တာတွင် ထိုင်နေသည့်အမျိုးသမီးကြီးထံ ချဉ်းကပ်ပြီး "အန်တီ။ ကျွန်တော့်လက်ထဲမှာ ဒီငွေစက္ကူအနွမ်းတွေရှိနေတယ်။ နည်းနည်းကောင်းတဲ့ငွေစက္ကူနဲ့ လဲပေးလို့ရရင် လဲပေးပါလား" ဟု မေတ္တာရပ်ခံကြည့်လိုက်သည်။ "မင်းက ဘယ်ကလာတာလဲ" ဟု ထိုအန်တီကမေးသည်။ "မြန်မာနိုင်ငံကပါ။ ကျွန်တော့်နိုင်ငံကို ပြန်တော့မှာမို့လို့ပါ" ဟု စာရေးသူဖြေလိုက်သည်။ "ကိုယ်က ဒိုမေနီကန်ဇာတိပါ" ဟု အမျိုးသမီးကြီးကပြောပြီး နှစ်ဆယ်တန်နှစ်ရွက် လဲပေးလိုက်သည်။ "အကုန်တော့ မရဘူးကွာ။ မင်းကို တတ်နိုင်သလောက်ကူညီတာ" ဟုဆိုသော် "ကျေးဇူးပါပဲဗျာ" ဟု ပြော၍ စာရေးသူ စတိုးဆိုင်ထဲ ပြန်ဝင်သည်။ စတိုးဆိုင်မှ မချောကြီးကို ၎င်းထိုးထည့်လိုက်သည့်ဆူးတစ်ချောင်း ၎င်းကိုယ်တိုင် ပြန်နုတ်ပေးရေး ပြောဆိုရန်ဖြစ်၏။ မချောကြီးကို စာရေးသူက "ဟယ်လို ကျွန်တော် ခင်ဗျားကို ပြောစရာရှိတယ်" ဟု နိဒါန်းပျိုးလိုက်သည်။ မချောကြီးက စာရေးသူကို အရေးမစိုက်။ သူ့ပုံစံက စာရေးသူတို့ကို 'အနုပ်' ဟု သဘောထားပုံပေါ်နေ၍ စတိုးဆိုင်အတွင်း စာရေးသူ၏အသံ 'ကျယ်' ပေပြီ။ "ဟေ့ ဒီမှာ။ ခင်ဗျားကို ပြောစရာရှိတယ်။ မသိဟန်ဆောင်မနေနဲ့။ ကျုပ်ပြောတာ နားထောင်။ ကျုပ် ခင်ဗျားဆိုင်မှာ ဈေးဝယ်တယ်။ ခင်ဗျားကို ငါးကျပ်တန်ပေးလည်း ခင်ဗျားစစ်တယ်။ တစ်ရာတန်ပေးလည်း ခင်ဗျားစစ်တယ်။ ကျန်တဲ့လူတွေကျတော့ ခင်ဗျားမစစ်ဘူး။ ရတယ်။ ဒါပေမဲ့ စောစောက ကျုပ်ပေးတဲ့ တစ်ရာတန်ကအသစ်၊ အကောင်း။ ခင်ဗျားပြန်ပေးတဲ့ငွေစက္ကူတွေက အနွမ်းတွေ။ ဟောဒီမှာကြည့်။ ခင်ဗျားပေးတဲ့ပိုက်ဆံတွေ။ ဒါတွေကို ကျုပ်လက်မခံနိုင်ဘူး။ ကောင်းတဲ့ငွေစက္ကူတွေနဲ့ အခု ချက်ချင်းပြန်လဲပေး။ လဲပေးမလား။ မလဲပေးဘူးလား ပြော" မချောကြီး ခွန်းတုံ့မပြန်။ စာရေးသူ ဆက်ပြောသည်။ "ခင်ဗျား ကျုပ်ကို ဘယ်လိုဆက်ဆံတယ်ဆိုတာ ခင်ဗျားအသိဆုံးပဲ။ ခင်ဗျား အခုဒီငွေတွေ ပြန်လဲပေးပါ။ အခုချက်ချင်း လဲပေးပါ" စာရေးသူအသံက 'စွာ' နေ၍ ဆိုင်တွင်းရှိလူများ စာရေးသူကိုကြည့်ကြသည်။ မဆိုင်သူများကိုအားနာသော်ငြား မတတ်နိုင်တော့။ မချောကြီးလုပ်ပေါက်က 'ခွဲခြားဆက်ဆံလိုက်ခြင်း' ဖြစ်နေသည်။ မချောကြီးက ငြိမ်မနေ။ စာရေးသူကိုပြန်ပြောသည်။ သူပြောသည့် ကရားရေလွှတ်စကားလုံးများက မြန်သည်၊ ကျယ်သည်။ စာရေးသူကလည်း အရေးဆိုမှုကို ရပ်စဲခြင်းမရှိ။

**ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ် Terminal တစ်ခု**





အခြေအနေကိုစောင့်ကြည့်သည့် တစ်ဖက်ကောင်တာမှ အမျိုးသားကြီးက စာရေးသူကို "ခင်ဗျား ကျွန်တော့်ကို အကျိုးအကြောင်းပြောပြနိုင်မလား" ဟုဆိုသည်။ စာရေးသူ ရှင်းပြလိုက်သည်။ "ဒါမျိုးဖြစ်သင့်သလား။ ကျွန်တော့်နေရာမှာ ခင်ဗျားဆိုရင်ရော ဘယ်လိုသဘောထားမလဲ" ဟု ကွန့်လိုက်သည်။ ထိုပုဂ္ဂိုလ်က "ကျွန်တော်ရှင်းပေးမယ်" ဟုဆိုကာ စာရေးသူပေးသည့် 'အနွမ်း' များကိုပြန်ယူပြီး 'မနွမ်း' ငွေစက္ကူ ကမ်းပေးသည်။ ယင်းဆိုင်မှပြန်ထွက်လာရင်း 'ချီကာဂိုရောက်မှပဲ၊ ငါ့နယ်နော်' ဟု တွေးမိပြီး ပြုံးဖြစ်သွားသည်။ G 20 ထိပ်သီးဆွေးနွေးပွဲ ပစ္စဘတ်မြို့ တည်းခိုရာ ဟိုတယ်မှပြန်ထွက်ရန် အခန်းအပ်ကြစဉ်

www.foreverspace.com.mm



ကလည်း 'ပြေစာ' မပေးနိုင်ဆို၍ ဟိုတယ်တာဝန်ရှိသူအချို့နှင့် 'ပြောဆိုမှု' လုပ်ခဲ့ရသေးသည်။ ချီကာဂိုလေဆိပ်တွင် ကြုံခဲ့ရသည့်အဖြစ်က အမေရိကတွင် Discrimination ခေါ် နှိမ့်ချခွဲခြားဆက်ဆံမှု ရာနှုန်းပြည့်မရှိဟုထင်ထားမှုကို ပုံသဏ္ဍာန်အနည်းငယ်ပြောင်းသွားစေသည်။ 'ရေသန့်ဆိုတိုင်းမကောင်းနိုင်' ဆိုသည့်သဘောတရားမှန်သည်ဟု ကောက်ချက်ချလိုက်သည်။ 'မချောကြီး'သည် စာရေးသူတို့သုံးဦးအပေါ် တစ်မျိုးမြင်ခြင်းမှာ သူ၏အမြင်မကျယ်မှုနှင့် 'အညို' ဆို 'တို' လေမလား သံသယကြောင့် ဖြစ်မည်။ လော့ဇင်းဂျလိစ်၊ နယူးယောက်၊ ဝါရှင်တန်နှင့် ပစ္စဘတ်တွင် စာရေးသူတို့ကြုံဆုံခဲ့ရသူများကဲ့သို့ အမြင်၊ အတွေ့၊ အသိ အားမကောင်းခြင်းကြောင့်ဖြစ်နိုင်သည်။ 'ခွဲခြားဆက်ဆံခြင်း'ကို ကြိမ်ဖန်များစွာ ကြုံခဲ့ဖူးသည့်စာရေးသူမှာ 'ချီကာဂို'၌ စွာခဲ့မိခြင်းအတွက် ယခုတိုင် ပြန်တွေးမိတိုင်း စိတ်မကောင်းမဖြစ်မိ။ ဆက်ပါမည်။

ချီကာဂိုလေဆိပ်မှ United Airline ၏ ခရီးစဉ်အမှတ် UA 881, Boeing 747-400 လေယာဉ်ကြီးဖြင့် စာရေးသူတို့ စတင်ထွက်ခွာလာချိန်မှာ စက်တင်ဘာလ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ း ၀၅ နာရီ။ နေရောင်ခြည်အောက်တွင် ကြီးမားလှပသည့်ချီကာဂိုမြို့ကြီးကို တွေ့ရသည်။ သမ္မတအိုဘားမားနေထိုင်ရာမြို့။ အမေရိကာ၏ အနောက်ဘက်သို့ ဦးတည်ပျံသန်းခြင်း။ ဂျပန်သို့၊ တစ်နည်းအားဖြင့် စာရေးသူတို့နေထိုင်ရာ နိုင်ငံ၏ အရှေ့ဘက်။ အရှေ့သွားရာအနောက်သို့ရောက်၏။ အနောက်မှ အရှေ့သို့ ပြန်လာသည်ဟုဆိုနိုင်သကဲ့သို့ အနောက်မှအရှေ့သို့ ဦးတည်နေခြင်းဟုလည်းဆိုနိုင်သည်။ မည်သို့ပင်ဆိုဆို ချီကာဂို–တိုကျိုခရီးစဉ်တွင်မူ နေရောင်ခြည်မပျောက်တော့။ လေယာဉ်ပြတင်းတံခါးများအားလုံးနီးပါး ပိတ်ထားသည်။ အမှောင်ရလိုသည့်သဘော။ စာရေးသူကား အိပ်တစ်ဝက်၊ နိုးတစ်ဝက်။ နေရောင်ကြောင့် ပြတင်းတံခါးလေးမတင်ပြီး လေယာဉ်အောက်မြင်ကွင်းများကို ငုံ့ငုံ့ကြည့်မိသည်။ လေယာဉ်ကြီးက အလက်စကာဒေသကို ဖြတ်ပျံသည်။ အလက်စကာရေခဲပြင်ကြီးမှာ နေရောင်အောက်တွင် ကြည့်မဆုံးနိုင်။ No green, only white။ အပူရှိန် တိုးသည်ထက်တိုးလာခြင်းကြောင့် ထိုရေခဲပြင်၊ ရေခဲတောင်ကြီးများ အရည်ပျော်လာလျှင် . . .။ ဂျပန်နယ်နိမိတ်အနီးရောက်တော့ ရှုခင်းပုံစံပြောင်းသွားသည်။ 'အစိမ်းရောင်' ကို ပြန်မြင်လာရသည်။ နာရီတာလေဆိပ်နှင့် နီးသည်ထက်နီးလာသည်နှင့်အမျှ ဂျပန်ရှုခင်းက ပိုလှလာသည်။ တိုကျိုမြို့ကြီးကိုလည်း ဝေဟင်မှ မြင်ရသည်။

"နာရီတာလေဆိပ်ကို လေယာဉ်ဆင်းသက်ချိန်မှာ စက်တင်ဘာလ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ။ ကမ္ဘာကြီးလည်နေသဖြင့် ထွက်ခွာချိန် စက်တင်ဘာ ၂၆၊ မွန်းလွဲ ၁၂း၀၅ နာရီဖြစ်သော်လည်း ဆိုက်ရောက်ချိန် စက်တင်ဘာလ

**G 20 ဆွေးနွေးပွဲ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူအချို့**



www.foreverspace.com.mm

၁၂ မွန်းလွဲ ၃ နာရီဖြစ်သွားခြင်း။ လေယာဉ်စီးရချိန်ကား ၁၃ နာရီမျှသာ။ အစီအစဉ်အရ စာရေးသူတို့သုံးဦး ဒေသစံတော်ချိန် ညနေ ၆ နာရီ ၃၀ မိနစ်တွင် ဘန်ကောက်မြို့သို့ ဆက်ထွက်ခွာရမည်။ ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် G20 ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လေ့လာခွင့်ရခဲ့သည့် စာရေးသူတို့ မြန်မာသတင်းစာဆရာများ အသွားလေးဦး၊ အပြန်သုံးဦး ဖြစ်ရခြင်းမှာ အမေရိကတွင် တစ်ဦးကျန်ခဲ့၍ ဖြစ်သည်။ ကျန်ခဲ့မည့်အကြောင်းကို စာရေးသူတို့ စိုးစဉ်းမျှကြိုတင်မသိခဲ့။ ယခုတော့ နာရီတာလေဆိပ်တွင် သုံးဦးသား ငေးကြ၊ ဝယ်ကြ။ နာရီတာလေဆိပ် Duty Free ဆိုင်များမှ ဂျပန်အမျိုးသား၊ အမျိုးသမီး လူငယ်အရောင်းဝန်ထမ်းများ၏ ဆက်ဆံရေး အနေအထားမှာ အလွန်ကျေနပ်ဖွယ်ကောင်းသော ဝန်ဆောင်မှုများဖြစ်နေသည်ကို သတိပြုမိသည်။ အသွားခရီးတုန်းက လုံခြုံရေးစစ်ဆေးမှုကောင်တာတစ်ခုတွင် နာရီမေ့ကျန်သော စာရေးသူကို မတွေ့တွေ့အောင်ရှာပြီး နာရီပြန်ပေးခဲ့သည့် ဂျပန်လူငယ်ကို တွေ့လေဦးမလားဟု ကျီးကန်းတောင်မျှောက် လိုက်ရှာကြည့်ခဲ့မိသည်။ မတွေ့။ အပြန်လက်ဆောင်များဝယ်ပြီးနောက် ဆေးလိပ်ဖွာချင်လာ၍ စာရေးသူ Smoking Room အတွင်းဝင်လိုက်ရာ ကြံကြံဖန်ဖန် ဖြစ်စဉ်တစ်ခုနှင့် ဆုံ၏။

ဆေးလိပ်ခန်းအတွင်း စာရေးသူ ရောက်ပြီး မကြာခင် အမျိုးသမီးတစ်ဦးဝင်လာသည်။ စာရေးသူ၏ရှေ့တွင်ကျောခိုင်း၍ ထိုင်သည်။ သူမဆေးလိပ်ဘူးထုတ်ပြီး မီးခြစ်ရှာနေခိုက် သူမရှေ့သို့ မီးခြစ်ပေးမည့်သူရောက်လာသည်။ အင်္ဂလန်မှာနေတာဟု ထုတ်ပြောလာသည့်ဘောင်းဘီတိုဝတ်လူရွယ်တစ်ဦး။ ခဏအကြာ ၎င်းတို့နှစ်ဦးမိတ်ဆွေများဖြစ်သွားသည်ကို တွေ့သည်။ အမျိုးသမီးက နီပေါသူ။ နေရာနီးကပ်နေ၍ အဆိုပါနိုင်ငံမတူ၊ လူမျိုးကွဲ၊ လိင်မတူ ကမ္ဘာသားနှစ်ဦးပြောစကားများကို စာရေးသူအပါအဝင် အခြားသူများလည်း ကြားရသည်။ "နီပေါသူတွေ ချောတယ်ဆိုတာ ကိုယ်တော့ယုံသွားပြီ" ဟု သကောင့်သားက ဆိုသည်။ နှစ်ဦးသား ဆေးလိပ်ငွေ့များ အပြိုင်ထုတ်ရင်း စကားဖောင်ဖွဲ့နေ၏။ စာရေးသူအပြင်ပြန်ထွက်ပြီး Terminal အတွင်း ဟိုလျှောက်သည်လျှောက်လုပ်သည်။ လေယာဉ်ထွက်ချိန်နီးမှ Boarding လုပ်ရမည့်နေရာသို့ ပြန်ရောက်သည်။ ရောက်ရောက်ချင်း ခရီးသွားဖော်နှစ်ဦးကို နှုတ်ဆက်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ရာ ခရီးသည်များအကြား တစ်ဦးကို တစ်ဦးဖက်ထားသော အင်္ဂလန်သားနှင့် နီပေါသူကို တွေ့လိုက်၏။ 'အင်း၊ ထင်လိုက်ရင် လွဲခဲသား' ဟု စာရေးသူတွေးလိုက်မိ၏။ 'ခရီးသွားဟန်လွှဲ' ဆိုတာ ဒါမျိုးဖြစ်ပေမည်။

နာရီတာမှ ဘန်ကောက် သုဝဏ္ဏဘူမိလေဆိပ်သို့ ၆ နာရီ ၄၀ မိနစ်ကြာ ပျံသန်းမည့်လေယာဉ်ကြီးပေါ်သို့ စာရေးသူတို့ တက်ပြီးနောက် လေယာဉ်ကြီးစတင်ဘီးလိမ့်သည်။ ပြေးလမ်းပေါ်သို့ မရောက်ခင် လေယာဉ်ကြီး ရပ်လိုက်သည်။ 'ဘာဖြစ်လို့ပါလိမ့်' ဟု တွေးနေစဉ် လေယာဉ်အတွင်း၌ 'ယခုလေယာဉ်သည် ခရီးစဉ်အခက်အခဲတစ်ခုကြုံနေရကြောင်း၊ ဖိလစ်ပိုင်နိုင်ငံဝန်းကျင်တွင် ဖြစ်ပေါ်နေသော အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်လုံးကြောင့် လေယာဉ်ပျံသန်းရေးလမ်းကြောင်း ပြောင်းလဲရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာလေ

**လော့ဇင်းဂျလိစ်လေဆိပ်တစ်နေရာကို ဝေဟင်ထဲမှတွေ့ရစဉ်**



www.foreverspace.com.mm



ကြောင်းလိုင်း၊ ထိုင်းနိုင်ငံအာဏာပိုင်များနှင့် တရုတ်နိုင်ငံအာဏာပိုင်များ ညှိနှိုင်းလျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းစွာ ပျံသန်းနိုင်ရန် စီစဉ်နေခြင်းဖြစ်၍ သည်းခံစောင့်ဆိုင်းနေသောခရီးသည်များကို ကျေးဇူးတင်ကြောင်း' ကြေညာသံထွက်လာသည်။ ဤသို့ဖြင့် နာရီတာလေယာဉ်ကွင်းပေါ်တွင် စာရေးသူတို့ နှစ်နာရီကြာ ငုတ်တုတ်ငိုက်နေကြရ၏။ လေယာဉ်ကြီးပျံသန်းသောအခါ မုန်တိုင်း နှင့်မဆုံတွေ့စေရန် တရုတ်ဝေဟင်ပိုင်နက်အတွင်းမှ ဖြတ်သန်းသည့်တိုင် မုန်တိုင်းအရှိန်ကြောင့် တစ်ခါတစ်ရံ အပြင်းအထန် လှုပ်ယမ်းတုန်ခါသည်။ တစ်ချက် 'တုန်' တိုင်း တစ်ကြိမ် 'ထိတ်' ရ၏။ ဤသို့ဖြင့် စာရေးသူတို့ သုဝဏ္ဏဘူမိလေဆိပ်ရောက်တော့ ဒေသစံတော်ချိန် စက်တင်ဘာလ ၂၈ ရက် နံနက် ၁း၃၀ နာရီရှိသွားပြီဖြစ်သည်။ ပုံမှန်အတိုင်းသာ ပျံသန်းလျှင် စက်တင်ဘာ ၂၇ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်ပေမည်။ ဘန်ကောက်လေဆိပ်အတွင်း လူသွားလူလာပင် အတော်ကျဲနေပေပြီ။

သုဝဏ္ဏဘူမိလေဆိပ်အတွင်း ထုံးစံအတိုင်း လုံခြုံရေးစစ်ဆေးမှုခံရသည်။ လုံခြုံရေးဝန်ထမ်းများအနက် အမျိုးသမီးနှစ်ဦးက ခပ်ပြုံးပြုံးဖြင့် "မုန့်မပါဘူးလား" ဟု မေးသည်။ "ပါတယ်။ ဒါပေမဲ့ မကောင်းတော့ဘူး။ ရက်စွဲကန့်သတ်ချက်လွန်နေပြီ။ နောက်တစ်ခေါက်ကျမှ စားပေတော့" ဟု စာရေးသူက ပြန်ပြောလိုက်ရာ ၎င်းတို့က "နောက်တာပါရှင်။ သွားလို့ရပါပြီ" ဟု ဆိုသည်။ လေဆိပ်အတွင်း စာရေးသူတို့ တည်းခိုမည့် Daytimes ဟိုတယ်သို့မသွားခင် စာရေးသူ၏ဇနီးနှင့် သူငယ်ချင်းတစ်ဦးမှာလိုက်သည့်အလှကုန်ပစ္စည်းများကို ဆိုင်တစ်ဆိုင်၌ ဝင်ဝယ်သည်။ စာရေးသူတို့အနီးသို့ဆိုင်ဝန်ထမ်းများ မယုံသလို မျက်နှာပေးဖြင့်ရောက်လာသည်။ မှာကြားပစ္စည်းများကို မှာကြားအရေအတွက်အတိုင်း ဆွဲယူလိုက်သောအခါ ထိုဝန်ထမ်းများ မျက်နှာအချို့ပြောင်းသွားသည်။ ထိုအခါမှ




**G 20 ဆွေးနွေးပွဲကျင်းပရာ ပစ္စဘတ်မြို့မှ ဒေသခံများ**

၎င်းတို့၏ပါးစပ်မှ 'ဆဝါဒီခပ်' ဆိုသည့် အသံ ထွက်လာသည်။ ဩော် ဒုက္ခ။

တည်းခိုမည့်ဟိုတယ် ဧည့်ကြိုကောင်တာရောက်တော့ နာရီတာလေဆိပ်တွင်တွေ့ခဲ့သည့် နီပေါသူနှင့်ဆုံသည်။ ယခုတော့ နာရီတာဆေးလိပ်ခန်းအတွင်း ဝင်လာခဲ့စဉ်ကအတိုင်း တစ်ကိုယ်တော်။ အင်္ဂလန်သားကတော့ ဘန်ကောက်မြို့တွင်းဝင်သွားဟန်တူသည်။ ပါမလာတော့။ သံယောဇဉ်အကန့်အသတ်သာ ထားလိုက်ကြပုံရသည်။ စာရေးသူတို့သုံးဦးလုံး ဆိုင်ရာအခန်းကိုယ်စီအတွင်းဝင်၍ နားသည်။ စာရေးသူခဏနားပြီး ဆာနေသည့်ဝမ်းကို ဖြည့်တင်းရန် အခန်းပြင်အထွက် အခန်းတံခါးပိတ်ကာ ဆေးလိပ်ဘူးကိုင်ပြီး လျှောက်လာသည့် နီပေါသူကို တွေ့သည်။ ဒီတစ်ခါတော့ မီးခြစ်ဆောင်ထားပြီး ဖြစ်ပုံရ၏။ လေဆိပ်တွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ စာရေးသူလျှောက်သွားပြီး ဆာနေသောဝမ်းကို ခေါက်ဆွဲကြော်တစ်ပွဲဖြင့် ဖြည့်တင်းလိုက်သည်။ ကျသင့်တန်ဖိုးရှင်းမည် လုပ်သောအခါ ဆိုင်ဝန်ထမ်း ထိုင်းသူက "ဘယ်နိုင်ငံသားလဲ၊ ဘယ်ကပြန်လာတာလဲ" ဟု စပ်စုသည်။ "ငွေရှိလျှင် ဘန်ကောက်မြို့

**နယူးယောက်မြို့ရှုခင်းတစ်ရပ်**



www.foreverspace.com.mm

တွင်း ဝင်လည်စေလိုကြောင်း၊ ဘန်ကောက်တွင် ပျော်ရွှင်စရာများစွာရှိကြောင်း၊ ဘန်ကောက်၌ အနားယူပြီးမှ အိမ်ပြန်သင့်ကြောင်း” တိုက်တွန်းသည်။ သူ့နိုင်ငံအတွက် သူ့အသိဖြင့် Tourism Promotion လုပ်ခြင်း။ စာရေးသူစိတ်ထဲက ချီးကျူးလိုက်မိသည်။ ဒါမျိုး လိုအပ်သည်။

စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်စောစောထပြီး အိမ်ပြန်ရန်စီစဉ်သည်။ သုဝဏ္ဏဘူမိမှ မင်္ဂလာဒုံလေဆိပ်သို့ထွက်ခွာမည့် ထိုင်းလေကြောင်းပိုင်လေယာဉ်ကို ကွင်းအတွင်းတစ်နေရာ၌ သီးသန့်ရပ်ထား၍ စာရေးသူတို့ ဘတ်စ်ကားစီးသွားရသည်။ ဘတ်စ်ကားပေါ်တွင် တစ်ဦးကိုတစ်ဦး အကဲခတ်နေသော မျက်ဝန်းအစုံများစွာကို တွေ့ရသည်။ ‘ဘယ်သူဘာဖြစ်နိုင်မလဲ’ ပုစ္ဆာပါ အကြည့်များ။ မှန်ရာဆိုရလျှင် အမေရိကတွင်စီးခဲ့ရသည့် MRT ရထားများ၊ ကားများပေါ်မှအကြည့်များနှင့် ကွာခြားသည်။ လေယာဉ်များပေါ်တွင် ဆုံခဲ့ရသောအကြည့်များနှင့်လည်းမတူ။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဖြစ်စေ တစ်ချိန်ချိန်တွင်တော့ ‘ထိုသို့သောအကြည့်များ’ ပြောင်းလဲလာမည်၊ ပပျောက်သွားမည်ဟု မျှော်လင့်မိသည်။

ခြုံ၍ဆိုရလျှင် စာရေးသူတို့ မြန်မာသတင်းစာဆရာလေးဦး (သုံးဦး) အတွက် UNGA၊ G 20 ခရီးစဉ်မှာ အလွန်ပင်အကျိုးရှိသော သတင်းခရီးစဉ် ဖြစ်သည်။ သင်၍ တတ်သည်။ ယူတတ်၍ရသည်။ ကြည့်တတ်၍မြင်သည်။ ပွားတတ်၍အကျိုးများသောခရီး။ စပွန်ဆာပေးသည့် အဖွဲ့အစည်းမှာ အမေရိကန်ပြည်ထောင်စုအစိုးရ။ စီစဉ်ပံ့ပိုးပေးသည်မှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ နယ်ပယ်ကဏ္ဍစုံမှ လူပုဂ္ဂိုလ်များအတွက် ဆိုင်ရာနယ်ပယ်အလိုက် အတွေ့အကြုံဖွံ့ဖြိုးရေးအစီအစဉ်များ စီမံဖန်တီးပေးလေ့ရှိသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ‘လူသားအရင်းအမြစ်များ အတွေးအမြင်ရေပြင်ညီဖြစ်ရေး’ အကျင့်အကြံတစ်ရပ်။ အမေရိကသွားရ၍ အမေရိကရဲ့လူဖြစ်သွားပြီ၊ ဖြစ်သွားနိုင်သည်ဟုဆိုလျှင် ယင်းမှတ်ချက်မှာ စာရေးသူတို့၏မျိုးချစ်စိတ်ကို အထင်သေးစော်ကားခြင်းသာဖြစ်ပေမည်။ ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ပေါင်းစည်းလှုပ်ရှားမှုတိုင်းတွင် မြန်မာနိုင်ငံသားများ တက်ကြွစွာပါဝင်လေ့လာခွင့်ရရေးသည် တစ်နေ့တခြား ပို၍အရေးပါလာပြီဟု ဆိုချင်ပါသည်။ ယခုခရီးစဉ်ကြောင့် ကမ္ဘာ့ဇာတ်ခုံပေါ်မှာ စာရေးသူတို့နိုင်ငံ ပိုမိုထင်ရှားစွာရပ်တည်နိုင်ရေး အားစိုက်ကြိုးပမ်းရဦးမည်ကို ပို၍နားလည်သဘောပေါက်ရသည်။ မီဒီယာအခန်းကဏ္ဍကို မြှင့်တင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအနက်မှ အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်။

**နယူးယောက်မြို့ Times Square အရပ်**




အသွားအပြန်လေယာဉ် ၁၀ စင်း စီးရသည်။ စုစုပေါင်း ၅၆ နာရီခန့် ဝေဟင်တွင်နေခဲ့ရသည်။ နိုင်ငံတကာအဆင့် မီဒီယာများ၊ မီဒီယာသမားများ မည်သို့ချဉ်းကပ် ရပ်တည်လှုပ်ရှားကြသည်ကိုလည်းကောင်း၊ ကုလသမဂ္ဂ၏အခန်းကဏ္ဍကိုလည်းကောင်း၊ G20 အဖွဲ့ဝင်နိုင်ငံများ၏ ရပ်တည်ဆောင်ရွက်လိုမှုများကိုလည်းကောင်း၊ အမေရိကန်ပြည်ထောင်စုလူ့အဖွဲ့အစည်း၏ စီးပွားရေးဖွံ့ဖြိုးမှုတုံ့ဆိုင်းကာလအခင်းအကျင်းများကိုလည်းကောင်း၊ နိုင်ငံတကာမှခရီးသွားများနှင့် လေကြောင်းခရီးလုံခြုံရေးအစီအမံမျိုးစုံကိုလည်းကောင်း၊ အချိန်တိုတောင်းသော်ငြား တစ်ဖြတ်စီတစ်ရစ်စီလေ့လာ အကဲခတ်ခွင့်ရသည်။ စာရေးသူအတွက် အလွန်အဖိုးတန်သည့်ခရီး။ ကိုယ်က သွားသည်။ ပြဿနာမရှိ။ ကိုယ့်ဆီလာမည်။ ပြဿနာမရှိစေလို။ အခက်မကြုံစေလို။ ဘာတွေလိုအပ်နေသေးသည်ကို ပိုပြီးသိလာရခဲ့ရသည့်ခရီး။ အရီဇိုးနားပြည်နယ်ရှိ ဂရင်းကင်ညွန်ချောက်ကြီးများကို လေယာဉ်ပေါ်က တွေ့ခဲ့ရစဉ်ပေါ်လာခဲ့သော အတွေးတစ်ခုကို ပြန်သတိရမိသည်။ အခြားမဟုတ် တောင်တွေမြင့်မြင့်တွေမြင်တော့ လှလိုက်တာဟု စာရေးသူတို့ခံစားခဲ့ကြသည်။ ချောက်ကမ်းပါးအနက်ကြီးတွေတွေ့လျှင်လည်း လှလိုက်တာဟုပြောကြသည်။ အမြင့်လည်းလှ၊ အနိမ့်လည်းလှလျှင် ရေပြင်ညီ၊ မြေပြင်ညီအနေအထားများတွင်လည်း အလှတရား ရှိကိုရှိပေမည်ဆိုသော အတွေးပင်။ အရှေ့သွားရာ အနောက်သို့ရောက်၏။ တောင်သို့သွားလျှင် မြောက်သို့ရောက်နိုင်မည်လော။

**(ပြီးပါပြီ)**

**ရဲမင်းဦး**

www.foreverspace.com.mm

ယခင်လမှအဆက်




အိန္ဒိယသူဌေးကြီး ဂျေအာဒီတာတာ

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၂

ဦးလှဝင်း(လေသူရဲတစ်ဦး)

အိန္ဒိယသူဌေးကြီး တာတာဟာ လေယာဉ်ပျံမောင်းနှင်ရတဲ့အလုပ်ကို အလွန်ဝါသနာကြီးပါတယ်။

သူဟာ အိန္ဒိယလေကြောင်းသမိုင်းမှာ ပထမဆုံးလေသူရဲ၊ ပထမဆုံး လေယာဉ်မောင်းလိုင်စင်ရသူ။

လေယာဉ်ပျံမောင်းတဲ့အလုပ်ကို စောစောပိုင်းက ဝါသနာအရလုပ်ခဲ့ပေမယ့် နောက်ပိုင်းမှာ ဒီအလုပ်ကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲလုပ်နိုင်တဲ့ အခွင့်အလမ်းတွေကို သူမြင်ပါတယ်။

ဒါကြောင့် သူ လေယာဉ်မောင်းလိုင်စင်ရပြီး သုံးနှစ်အကြာ ၁၉၃၂ ခုနှစ်မှာ တာတာလေကြောင်းကုမ္ပဏီ Tata Aviation Services ကို တည်ထောင်ခဲ့ပါတယ်။

ဒီလေကြောင်းကုမ္ပဏီဟာ နောင်အခါ အိန္ဒိယနိုင်ငံမှာ ကမ္ဘာကျော်လေကြောင်းကုမ္ပဏီကြီးဖြစ်လာမယ့် Air India ရဲ့ မျိုးစေ့ပါ။

သူဌေးကြီးတာတာဟာ ကံလည်းအလွန်ကောင်းသူလို့ သတ်မှတ်ရပါမယ်။ သူ့အသက် ၃၄ နှစ်၊ ၁၉၃၈ ခုနှစ်မှာ တာတာစီးပွားရေးအုပ်စု Tata Economic Group ရဲ့ ဥက္ကဋ္ဌကြီးအဖြစ် ရွေးချယ်ခံရပါတယ်။

၁၈၅၉ ခုနှစ်ကတည်းက စတင်တည်ထောင်ထားတဲ့ Tata Group မှာ သူဌေးကြီး တီအာဒီတာတာက စတုတ္ထမြောက်ဖြစ်လာတဲ့ ဥက္ကဋ္ဌကြီးခင်ဗျာ။

တကယ်တော့ တာတာကုမ္ပဏီအုပ်စုက သူဌေးကြီး ဂျေအာဒီတာတာ ဥက္ကဋ္ဌမဖြစ်လာခင်ကတည်းက အိန္ဒိယနိုင်ငံမှာ အကြီးဆုံးစီးပွားရေးအုပ်စုပါ။ သူတို့အုပ်စုမှာ အဲဒီအချိန်ကတည်းက အင်တာပရိုက် Enterprises ၁၄ ခုပါဝင်တဲ့ အုပ်စုခင်ဗျာ။

ဒါပေမဲ့ သူဌေးကြီးတာတာကလည်း အလွန်တော်တဲ့ဥက္ကဋ္ဌလို့ သတ်မှတ်ရပါမယ်။ အတော်ဆုံးလို့တောင်သတ်မှတ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူနောက်နှစ်ပေါင်းငါးဆယ်လောက် ဆက်လက်ဦးဆောင်လုပ်ကိုင်ပြီး ၁၉၈၈ ခုနှစ်အတွင်းမှာ ဥက္ကဋ္ဌကြီးဘဝက သူအနားယူလိုက်တဲ့အချိန်မှာ တာတာစီးပွားရေးအုပ်စုအောက်မှာ အင်တာပရိုက်စ် ၉၅ ခု အထိကို တိုးလာပါတယ်။ အဲဒီအထဲက အင်တာပရိုက်အများစုက သူနှင့် သူ့သားတွေကိုယ်တိုင်စလုပ်ခဲ့တဲ့အလုပ်တွေ၊ နောက် ကျန်တာတွေကလည်း သူ့ရဲ့လမ်းပြမှု၊ သူ့ရဲ့ အရင်းအနှီးစိုက်ထုတ်ပေးမှုတွေကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လုပ်ငန်းတွေပါ။

www.foreverspace.com.mm





**တာတာတည်ထောင်သည့် Tata Institute of Fundametaac Research**

တာတာစီးပွားအုပ်စုရဲ့ ထူးခြားတာက သူတို့ရဲ့ ပိုင်ဆိုင်မှုငွေကြေးနဲ့ လုပ်ငန်းအားလုံးကို ဥပဒေနဲ့အညီ Trust တစ်ခုဖွင့်ပြီးထိန်းထားပါတယ်။ တစ်ဦးတည်းပိုင်၊ ပုဂ္ဂလိကပိုင်တစ်ခုအဖြစ် မထားဘူး။

နောက် သူတို့ရဲ့ Trustက ပြည်သူ့ရန်ပုံငွေကြီးတစ်ခုနဲ့လည်း တူနေပါတယ်။ စီးပွားရေးလောကဆီကရတဲ့ အမြတ်အစွန်းအားလုံးကို အဲဒီရန်ပုံငွေအထဲထည့်ထားပြီး Tata မိသားစုအတွက် သုံးစရာငွေကိုလည်း ဒီရန်ပုံငွေထဲကပဲ ယူသုံးတယ်။ ဒါပေမဲ့ ယူသုံးတာ အလွန်နည်းတယ်ခင်ဗျာ။

အမြတ်ငွေ အများစုကို အိန္ဒိယပြည်သူတွေအတွက် ပြန်သုံးတယ်။ ၁၉၄၁ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ The Tata Memorial Center for Cancer Research and Treatment, Bonbay ဆေးရုံကြီးဟာ ဒီ Trust ရန်ပုံငွေက ငွေတွေနဲ့ တည်ဆောက်ပေးခဲ့တာပဲ။ အဲဒီဆေးရုံကြီးဟာ အာရှတိုက်မှာ ပထမဆုံးဖွင့်လှစ်တဲ့ ကင်ဆာရောဂါကုဆေးရုံ။ Cancer Hospital ခင်ဗျာ။ ၁၉၃၆ ခုနှစ်မှာ ဖွင့်လှစ်တဲ့ The Tata Institute of Social Sciences ဆိုတဲ့ ကျောင်းတော်ကြီး။ ၁၉၄၅ ခုနှစ်မှာ ဖွင့်လှစ်တဲ့ The Tata Institute of Fundamentaac Research ဆိုတဲ့ သုတေသနသိပ္ပံ။ ၁၉၄၈ ခုနှစ်မှာ ဖွင့်လှစ်တဲ့ The National Center for Performing Arts ဆိုတဲ့ အနုပညာစင်တာ။ ဒါတွေအားလုံးဟာ အိန္ဒိယပြည်သူတွေအတွက် Tata Trust ကငွေတွေနဲ့ တည်ဆောက်ခဲ့တာပါ။

ဒါ့ကြောင့် တာတာစီးပွားအုပ်စုက ပုဂ္ဂိုလ်တွေက ဒီနေ့အိန္ဒိယမှာ အမြဲထုတ်ဖော်ကြွားဝါလေ့ရှိပါတယ်။

"ကျွန်တော်တို့အုပ်စု ငွေရှာတာ ပြည်သူတွေအတွက်ပါ။ ပြည်သူတွေဆီကရတဲ့အမြတ်ဝင်ငွေကို ကျွန်တော်တို့ ရန်ပုံငွေ Trust တစ်ခုအဖြစ် အကုန်စုထားတယ်။

အဲဒီငွေတွေအထဲက ကျွန်တော်တို့ နေဖို့၊ စားဖို့ နည်းနည်းပဲသုံးတယ်။ ကျန်ငွေအားလုံးကို ပြည်သူတွေအတွက် ပြန်သုံးတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူဆီက ငွေကိုယူတယ်။ နောက် ပြည်သူကို အကုန်ပြန်ပေးတယ်"

မှန်တယ်ခင်ဗျာ။

တာတာစီးပွားအုပ်စုက အိန္ဒိယပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ပေးခဲ့တာတွေ ဒီနေ့အများကြီးရှိပါတယ်။

သူဌေးကြီး ဂျေအာဒီတာတာက သူ ဥက္ကဋ္ဌကြီးဖြစ်လာတဲ့ ၁၉၃၈ ခုနှစ်ကစပြီး တာတာရန်ပုံငွေ Tata Trust ရဲ့ အာဏာပိုင် Trustee ဖြစ်လာပါတယ်။

၁၉၃၂ ခုနှစ်မှာ သူတည်ထောင်ခဲ့တဲ့

www.foreverspace.com.mm

တာတာလေကြောင်း Tata Aviation Service ကို ၁၉၄၈ ခုနှစ်ကစပြီး ပြည်တွင်းခရီးစဉ်တွေကိုသာ ပျံသန်းနေရာမှ ပြည်ပခရီးစဉ်တွေကိုစပြီး ပျံသန်းပါတယ်။

Air India International လို့အမည်ပြောင်းလိုက်ပါတယ်။

ဒါ့ကြောင့် အိန္ဒိယနိုင်ငံရဲ့ ပထမဆုံး ကမ္ဘာ့လေကြောင်းလိုင်းကို တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကလည်း သူဌေးကြီး ဂျေအာဒီတာတာပါပဲ။

၁၉၅၈ ခုနှစ်မှာ အိန္ဒိယအစိုးရက သူဌေးကြီး ဂျေအာဒီတာတာကို နိုင်ငံပိုင်ဖြစ်တဲ့ Air India ကုမ္ပဏီကြီးမှာ ဥက္ကဋ္ဌအဖြစ်ခန့်ပြီး တာဝန်ယူခိုင်းပါတယ်။

တစ်နည်းအားဖြင့်တော့ သူ့ရဲ့ ပုဂ္ဂလိက ပိုင်လေကြောင်းကုမ္ပဏီကို ဖျက်ခိုင်းပြီး နိုင်ငံပိုင်ကုမ္ပဏီအဖြစ် လုပ်ခိုင်းတာပါ ခင်ဗျာ။

သူဌေးကြီးတာတာက ဝမ်းမြောက်စွာ ဥက္ကဋ္ဌရာထူးကို လက်ခံလိုက်တယ်။ သူဟာ နိုင်ငံပိုင် Air India ကုမ္ပဏီရဲ့ ဒါရိုက်တာလူကြီးအဖြစ် ၂၅ နှစ်တာဝန်ထမ်းဆောင်ခဲ့တယ်။ Air Inida ကို ကမ္ဘာမှာ အောင်မြင်တဲ့လေကြောင်းလိုင်းကြီးဖြစ်လာအောင် သူကြိုးပမ်းလာခဲ့တာပါ။

သူလုပ်ပေးခဲ့တာပါ။

အံ့သြဖို့ မကောင်းဘူးလားခင်ဗျာ။

အလွန်ချမ်းသာတဲ့ ပုဂ္ဂလိကသူဌေးကြီးက နိုင်ငံပိုင်၊ ပြည်သူပိုင်လေကြောင်း အလုပ်တွေကို သွားကူလုပ်ပေးခဲ့တာပါ။

ဒါကြောင့်လည်း အိန္ဒိယအစိုးရက သူဌေးကြီး ဂျေအာဒီတာတာကို အိန္ဒိယလေတပ်မတော်ရဲ့ ဂုဏ်ထူးဆောင် ဗိုလ်မှူးချုပ် (Honorary Air Commodore) ရာထူးကို ခန့်အပ်ပေးခဲ့ပါတယ်။

ဒီလိုရာထူးမျိုး ဒီလိုဆုမျိုးကို ဘယ်ကုလားသူဌေးကြီးတွေမှ မရခဲ့ဖူးပါဘူး။

သူဌေးကြီးဂျေအာဒီတာတာက ၁၉၅၆ ခုနှစ်အတွင်းမှာ အလုပ်သမားတွေရဲ့အခွင့်အရေးကို တိုးမြှင့်ပေးဖို့အတွက် အစီအစဉ် (Program) တစ်ခုကို စဖန်တီးပေးခဲ့ပါတယ်။

အဲဒီအစီအစဉ်ရဲ့ နာမည်က A program of closer employee association with mangement .

သူရည်ရွယ်တာကတော့ အလုပ်သမားတွေရဲ့ အခြေခံအခွင့်အရေးကို ပိုပြီး တိုးမြှင့်ပေးဖို့ပါပဲ။ မှန်တယ်ခင်ဗျာ။

သူဌေးကြီး ဂျေအာဒီတာတာဟာ အလုပ်သမားတွေအပေါ်မှာ တကယ်စေတနာကောင်းထားတဲ့သူပါ။

အိန္ဒိယအစိုးရ ချမှတ်ပေးထားတဲ့ အလုပ်သမားအခွင့်အရေးတွေဆိုတာလည်း တကယ်ပေးသင့်တဲ့ အခွင့်အရေးတွေလို့ သူယုံကြည်တယ်။

တစ်နေ့အလုပ်ချိန် ရှစ်နာရီထက်ပိုမခိုင်းဖို့၊ အခမဲ့ ဆေးဝါးကုသခွင့်ပေးဖို့၊ အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရသူတွေကို လျော်ကြေးပေးဖို့၊ ဥရောပနိုင်ငံတွေမှာ သတ်မှတ်ထားတဲ့ အလုပ်သမားအခွင့်အရေးတွေကို အိန္ဒိယအလုပ်သမားတွေလည်း ရရှိခံစားနိုင်ဖို့ သူလိုလားပါတယ်။

အိန္ဒိယအစိုးရကိုလည်း ဥပဒေတွေ သတ်မှတ်ပေးဖို့ တင်ပြခဲ့ပါတယ်။

ကုလားသူဌေးကြီးတွေအထဲမှာ သူဌေးကြီး ဂျေအာဒီတာတာဟာ အလုပ်သမားတွေအပေါ်မှာ အကာအကွယ်အပေးခဲ့ဆုံးပုဂ္ဂိုလ်ပါ။

၁၉၇၉ ခုနှစ်အတွင်းမှာ သူဌေးကြီးတာတာက သူ့အလုပ်သမားအားလုံးကို အိမ်ကအလုပ်ခွင်ထွက်လာပြီး အလုပ်ခွင်မှ အိမ်ပြန်ရောက်တဲ့ အချိန်အထိကို အလုပ်ခွင်မှာ အလုပ်လုပ်နေတဲ့အချိန်အဖြစ် သတ်မှတ်ပေးတယ်။ လမ်းခရီးမှာ မတော်တဆ ထိခိုက်ဒဏ်ရာရမှုအားလုံးအတွက် အခမဲ့ ဆေးကုသခွင့်ပေးတယ်။ လျော်ကြေးပေးတယ်။

သူ့ရဲ့ သံမဏိစက်ရုံကြီးတွေရှိတဲ့ မြို့တွေကိုသံမဏိမြို့ပြ Tata Steel Township တွေအဖြစ် တည်ဆောက်ပေးတယ်။

အဲဒီမြို့တွေမှာ အလုပ်သမားတွေအတွက်ဆောက်ပေးထားတဲ့ အိမ်တွေ၊ လမ်းတွေ၊ သန့်ရှင်းရေးစီမံချက်တွေက အလွန်ကောင်းလွန်းတဲ့အတွက် ကုလသမဂ္ဂကတောင် စံပြအလုပ်သမားမြို့တွေအဖြစ် သတ်မှတ်ပေးခဲ့ရတယ်။

သူဌေးကြီးတာတာဟာ အလုပ်သမားတွေအပေါ်မှာလည်း ကောင်းတယ်။

အစိုးရအပေါ်မှာလည်း ကောင်းတယ်။

သူ့ရဲ့ ဘယ်လုပ်ငန်းအပေါ်မှာမှ နိုင်ငံရေးဩဇာကို သုံးပြီး အထူးအခွင့်အရေးတောင်းခဲ့တာတွေမရှိဘူး။

**Air India International ပိုင် လေယာဉ်တစ်စင်း**



www.foreverspace.com.mm

အစိုးရအာဏာပိုင်တွေကို အကျင့်ပျက်အောင် မဖျက်ဆီးဘူး။

ဒါကြောင့် သူ့ဘဝမှာ တခြားကုလားသူဌေးကြီးတွေမရဖူးတဲ့ ဆုကြီးအမျိုးမျိုးကို ချီးမြှင့်တာ ခံခဲ့ရဖူးပါတယ်။

ပြင်သစ်တပ်မတော်မှာ သူစွန့်စွန့်စားစားအမှုထမ်းခဲ့တဲ့အတွက် ပြင်သစ်အစိုးရက ၁၉၅၄ ခုနှစ်မှာ သူ့ကို Legion d'honneur ဘွဲ့ကို ချီးမြှင့်ခဲ့တယ်။ နိုင်ငံပိုင် Air India လေကြောင်းကုမ္ပဏီနဲ့ပတ်သက်ပြီး သူ့ရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေအတွက် (Tony Jannus Award) ဆုနဲ့ (Guggenheim Medel) ဆုကို ရခဲ့တယ်။ အိန္ဒိယနိုင်ငံမှာ အရပ်သူအရပ်သားတစ်ယောက်ကို ချီးမြှင့်တဲ့ ဘွဲ့တွေအထဲမှာ (Bharat Ratna) ဆိုတဲ့ဘွဲ့ဟာ အမြင့်ဆုံးဘွဲ့ပါ။ ဒီဆုရဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။

အဲဒီဘွဲ့ကို ၁၉၉၂ ခုနှစ်မှာ သူ အချီးမြှင့်ခံခဲ့ရပါတယ်။

ကုလသမဂ္ဂကတော့ သူ့ကို United Nation Population Award ကို ချီးမြှင့်ပါတယ်။ ဘာအတွက် ချီးမြှင့်တာလဲဆိုတော့ Family Planning နဲ့ပတ်သက်ပြီး သူ တက်ကြွစွာ ပါဝင်ခဲ့မှုတွေအတွက်ပါ။

၁၉၉၃ ခုနှစ် အသက် ၈၉ နှစ်မှာ သူဌေးကြီး ဂျေအာဒီတာတာဟာ ကွယ်လွန်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာ ကွယ်လွန်တာပါ။

သူကွယ်လွန်တဲ့သတင်းထွက်လာတဲ့အခါမှာ သူ့ကိုဂုဏ်ပြုပြီး အစည်းအဝေးကျင်းပနေတဲ့ အိန္ဒိယလွှတ်တော်စည်းဝေးပွဲကို ခေတ္တရပ်ဆိုင်းပေးခဲ့ပါတယ်။

ကုလားသူဌေးကြီးဂျေအာဒီ တာတာရဲ့ဘဝကို ပြန်လေ့လာကြည့်ရင် အတုယူချင်စရာတွေ အလွန်များပါတယ်။

အပြစ်ပြောစရာဆိုလို့ မရှိသလောက်ကို နည်းပါတယ်။

သူပိုက်ဆံရှာခဲ့တာ၊ သူစီးပွားလုပ်ခဲ့တာ၊ သူ့အကျိုး၊ သူ့ကုမ္ပဏီအကျိုးအတွက် ပြုလုပ်ခဲ့တာတွေနဲ့ မတူပါဘူး။




**အိန္ဒိယ၏ အမြင့်ဆုံးဆု**
**Bharat Ratna Award**

သူ့နိုင်ငံအတွက် ပြုလုပ်ခဲ့တာတွေနဲ့ တူနေပါတယ်။

သူကုမ္ပဏီဥက္ကဋ္ဌကြီးဖြစ်လာပြီး ပထမနှစ် ၂၀ အတွင်းမှာ စီးပွားလုပ်ငန်းအသစ်တွေ အများကြီးတိုးချဲ့ခဲ့ပါတယ်။

လေကြောင်းလိုင်းလုပ်ငန်းကစပြီး ဟိုတယ်လုပ်ငန်းအထိ။

နောက် ကုန်တင်ကား အဲ . . . Truck ကားထုတ်လုပ်တာကစပြီး မီးရထားစက်ခေါင်းထုတ်လုပ်တဲ့အလုပ်အထိ။

နောက် ဆိုဒါမှုန့် (Soda ash) ထုတ်တဲ့စက်ရုံကစပြီး အကြီးစားဓာတုဗေဒပစ္စည်းအမျိုးမျိုးထုတ်လုပ်တဲ့စက်ရုံတွေ တည်ဆောက်ခဲ့တယ်။

ဆေးဝါးစက်ရုံတွေ ဆောက်ခဲ့တယ်။

ဘဏ်တွေ တည်ထောင်ခဲ့တယ်။

နောက် လက်ဖက်ခြောက်ကစပြီး နှုတ်ခမ်းဆိုးဆေးတို့၊ ရေမွှေးတို့ထုတ်လုပ်တဲ့လုပ်ငန်းတွေအထိ သူတိုးချဲ့လုပ်ခဲ့တယ်။

သူ့စီးပွားရေးလုပ်ငန်းတွေကို လေ့လာကြည့်ရင် အိန္ဒိယတစ်နိုင်ငံလုံးမှာ သူလက်လှမ်းမမီတဲ့လုပ်ငန်းမရှိသလောက်ပါပဲ။

သူရှာဖွေတဲ့ စီးပွားရေးလုပ်ငန်းက အမြတ်အားလုံးဟာ ပြည်သူလူထုအတွက် ပြန်သုံးဖို့ဆိုတာ မျှော်မှန်းထားသလို သူ့တိုင်းပြည်အတွက် တကယ်လိုအပ်နေတဲ့ စက်ရုံလုပ်ငန်းအကုန်လုံးကို သူအရှုံးခံပြီး လုပ်ခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ သူက လူတော်စီးပွားရေးသမားဆိုတော့ သူကိုင်လိုက်တဲ့လုပ်ငန်းသစ်တိုင်းဟာ အမြတ်ကျန်တာ အမြတ်ထွက်တာများပါတယ်။

Tata Group ရဲ့ ပင်မစီးပွားရေးလုပ်ငန်းကတော့ သုံးခုပဲရှိပါတယ်။

သံမဏိလုပ်ငန်း။

ဓာတ်အား (Power) ထုတ်လုပ်တဲ့လုပ်ငန်း။

ဟိုတယ်လုပ်ငန်း။

ဒီလုပ်ငန်းသုံးခုအပေါ်မှာ အဓိကအားပြုပါတယ်။

နောက် သူဌေးကြီးဂျေအာဒီတာတာရဲ့ ထူးခြားတဲ့စွမ်းအားက ပြိုင်ဘက်ကုမ္ပဏီတွေကို စုစည်းနိုင်မှုရှိတဲ့ စွမ်းအားပါပဲ။ ဥပမာ–သူဘိလပ်မြေစက်ရုံလုပ်ငန်းကြီးကို တည်ထောင်တယ်။ သူတည်ထောင်တဲ့အချိန်မှာ ပြိုင်ဘက်ဘိလပ်မြေကုမ္ပဏီက ၁၀ ခုရှိနေတယ်။ ဒါပေမဲ့ အချိန်တိုအတွင်းမှာ ဒီစက်ရုံ ၁၀ ခုလုံးကို သူ့ရဲ့ တာတာအုပ်စုအောက်ကို ဝင်လာချင်အောင် စည်းရုံးနိုင်ပြီး တာတာဘိလပ်မြေလုပ်ငန်းကြီးအဖြစ် အသွင်ပြောင်းနိုင်တယ်။ စုစည်းနိုင်တယ်။ အကျိုးစီးပွားပိုရှိကြအောင် ဦးဆောင်နိုင်တယ်။

သူ မယှဉ်ပြိုင်ဘူး။

စုစည်းဖြစ်တယ်။

ဒီနေ့ ဥရောပဈေးကွက်မှာ လုပ်နေကြသလို Merge လုပ်ပစ်နိုင်တယ်။

အဲဒီလိုလုပ်နိုင်စွမ်းရှိတဲ့အတွက် သူ့ကို လူမုန်းနည်းတယ်။

သူဌေးကြီး ဒီရပ်ပေးတို့လို ရန်သူမများဘူး။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■